www.burmeseclassic.com

# ဂန္ထဝင်စာဆိုပညာရှိလေးဦး

တိုက်စိုး

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၁၀၂၂ / ၂၀၀၂ (၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၉ / ၂၀၀၃ (၁)

❖

**စီစဉ်သူ**
ကိုမြင့်ထွန်း

❖

**ပုံနှိပ်ခြင်း**
ပထမအကြိမ် - (၂၀၀၃၊ မတ်၊ ၁)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - မော်မောင်
ကာလာခွဲ - ***Alpha***
ကွန်ပျူတာစာစီ - ***Quality***
အတွင်းဖလင် - ***Quality***

❖

**ပုံနှိပ်သူ**
ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**
ဦးသန်းဆွေ (စစ်သည်တော်စာပေတိုက်) (၀၁၄၇၃)
အမှတ် (၁၁၃၁/က)၊ ဉယျာဉ်လမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊
ရန်ကုန်မြို့။

❖

တန်ဖိုး - **၁၀၀၀** ကျပ်

www.burmeseclassic.com

# မာတိကာ


- ဂန္ထဝင်စာဆို ပညာရှိလေးဦး အထူးပြုတွဲ ပုံနှိပ်ထုတ်ဝေခြင်း ၁
- ဆရာတိုက်စိုး၏ အမှာ ၃
- မောင်ပီဆရာသိန်း ၄
- ပီမိုးနင်း ၅၈
- ဦးဖိုးကျား ၁၅၉
- ဒီးဒုတ်ဦးဘချို ၂၃၉

www.burmeseclassic.com

ဂန္ထဝင်စာဆိုပညာရှိလေးဦးအတ္ထုပ္ပတ္တိ
ပုံနှိပ်ထုတ်ဝေခြင်း

ဆရာတိုက်စိုးသည် စကားပြေဆရာဖြစ်သည်။ ဆရာရေးသားသော စာများတွင် အတ္ထုပ္ပတ္တိစာများသည် ထင်ရှား၏။ ဆရာသည် ပီမိုးနင်း၊ ဦးဖိုးကျား၊ မော်ပီဆရာသိန်း၊ မင်းတုန်းမင်း၊ ဇေယျတို့၏ အတ္ထုပ္ပတ္တိများကိုရေးသားခဲ့၏။ မော်ပီဆရာသိန်း၊ ဦးဖိုးကျားနှင့် ဇေယျတို့၏ အတ္ထုပ္ပတ္တိများကို စာအုပ်အဖြစ် မရေးမီ ဆောင်းပါးအဖြစ် ဦးစွာ ရေးခဲ့သည်ကို တွေ့ရသည်။ ဆောင်းပါးရေးပြီးမှ အချက်အလက်များပြည့်စုံအောင် စုစည်းပြီး စာအုပ်တစ်အုပ်အဖြစ် ထပ်မံရေးသားခြင်းဖြစ်သည်။ ဆောင်းပါးအဖြစ်ရေးခဲ့သော အတ္ထုပ္ပတ္တိများလည်း ရှိသေးသည်။

ဆရာ၏ ဧရာဝတီ နှင့် ဂျူဗလီဟောမြင်ကွင်း သည်လည်း အတ္ထုပ္ပတ္တိစာပေဖြစ်သည်ဟု ဆိုနိုင်သည်။ ဧရာဝတီသည် နှစ်ပေါင်းထောင်ကျော် စီးဆင်းလာခဲ့သော ဧရာဝတီမြစ်၏ အတ္ထုပ္ပတ္တိဖြစ်ပြီး၊ ဂျူဗလီဟောမြင်ကွင်းသည် ဂျူဗလီဟောကြုံခဲ့ရသော အတ္ထုပ္ပတ္တိဖြစ်သည်။ မြစ်တစ်စင်း၏ အတ္ထုပ္ပတ္တိနှင့် အဆောက်အအုံတစ်ခု၏ အတ္ထုပ္ပတ္တိပင်။

ဆရာ၏ အတ္ထုပ္ပတ္တိရေးပုံကို လေ့လာကြည့်သော် အတ္ထုပ္ပတ္တိရှင် ကြုံတွေ့ရသော ခေတ်ကို ထင်ဟက်နိုင်သမျှ ထင်ဟက်ဖော်ပြထားခြင်းဖြစ်သည်။ ဆရာသည် အတ္ထုပ္ပတ္တိကို ရှည်လျားစွာ ဖွဲ့နွဲ့ရေးသားခြင်းမရှိဘဲ တိုတိုနှင့်လိုရင်းမျှသာ ရေးဖွဲ့သည်ကို တွေ့ရသည်။ ထို့ပြင် အတ္ထုပ္ပတ္တိရှင်

www.burmeseclassic.com



၏ စရိုက်ကို ပေါ်လွင်စေရန်ဟူ၍ စိတ်ကူးပြီး ဝတ္ထုဆန်ဆန် ဇာတ်ကွက်များ ထည့်သွင်းထားခြင်းလည်း မရှိချေ။ အတ္ထုပ္ပတ္တိများ၏ နောက်တွင် ကျမ်းကိုးစာရင်း၊ မှတ်စုစာရင်း စသည်ဖြင့် တွေ့ရလေရာ၊ ထိုကျမ်းများ၊ ဆောင်းပါးများကို ဆက်လက်လေ့လာလျှင်လည်း ပိုမိုကျယ်ပြန့်သည့် အသိသစ်များကို ရနိုင်လေသည်။

ဆရာ၏ အတ္ထုပ္ပတ္တိများတွင် အားကိုးဖွယ်ရာ အချက်တစ်ရပ် ရနိုင်သည်။ ထိုအချက်မှာ အကြောင်းအရာ အချက်အလက်များ ခိုင်မာသည်ဟူသော အချက်ဖြစ်သည်။ ဆရာသည် အတ္ထုပ္ပတ္တိများကို ရေးသားရင်း အတ္ထုပ္ပတ္တိစာပေရေးသားနည်းကိုလည်း ညွှန်ပြပေးနေသည်ဟု ခံစားယုံကြည်မိသည်။ ဆရာ့ကို မျက်မှောက်ခေတ် မြန်မာစာပေနယ်၌ ထင်ရှားအတုယူဖွယ်ကောင်းသော အတ္ထုပ္ပတ္တိစာရေးဆရာတစ်ဦးအဖြစ် အသိအမှတ်ပြုရပေမည်။

ယခု စုပေါင်းထုတ်ဝေသော ဂန္ထဝင်စာဆိုပညာရှိလေးဦး အတ္ထုပ္ပတ္တိစာပေများ၏ ပုံနှိပ်သမိုင်းကို ဖော်ပြရန် လိုပေသည်ယူဆ၍ ဖော်ပြပါမည်။ မော်ပီဆရာသိန်းအတ္ထုပ္ပတ္တိကို ရန်ကုန်မြို့ စာပေဗိမာန်က ၁၉၇၄ ခုနှစ်တွင် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပီမိုးနင်း၏ အတ္ထုပ္ပတ္တိကို ၁၉၇၃ ခုနှစ်တွင် ဂန္ဓဂေါ်မြိုင်စာပေမှ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ဦးဖိုးကျား၏ အတ္ထုပ္ပတ္တိကို ၁၉၇၂ ခုနှစ်က အမျိုးသားပညာဝန်ဦးဖိုးကျားအမည်ဖြင့် ပြည့်သူ့စာအုပ်တိုက်မှ ပထမအကြိမ် ထုတ်ဝေခဲ့သည်။ ဦးဖိုးကျားနှင့် ပီမိုးနင်း နှစ်အုပ်ကို ပေါင်းပြီး စပယ်ဦးစာပေတိုက်မှ ၁၉၇၄ ခုနှစ်တွင် ထုတ်ဝေခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ရှင်သန်ခြင်းစာပေတိုက်မှ ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့သည်။ ဒီးဒုတ်ဦးဘချိုမှာမူ ၁၉၆၈ ခုနှစ် ဇူလိုင်လထုတ် ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၉၇ နှင့်၊ ဩဂုတ်လထုတ် အမှတ် ၉၈ တို့၌သာ ပုံနှိပ်ဖော်ပြခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သော ဆရာ၏ မင်းနှင့်စာဆိုတွင်လည်း ပါဝင်ခြင်းမရှိခဲ့သဖြင့် မဂ္ဂဇင်းထဲ၌ မြုပ်နေသော အတ္ထုပ္ပတ္တိတစ်ပုဒ်ဖြစ်သည်။

မော်ပီဆရာသိန်း၊ ပီမိုးနင်း၊ ဦးဖိုးကျားနှင့် ဒီးဒုတ်ဦးဘချိုဟူသည့် ဂန္ထဝင်စာဆို ပညာရှိလေးဦးပေါင်း၏ အတ္ထုပ္ပတ္တိစာအုပ်ကို စီစဉ်သူ ဦးမြင့်ထွန်း က ပထမအကြိမ် ပုံနှိပ်ခြင်းဟု ပုံနှိပ်သမိုင်းတွင် ဖော်ပြချင်သည်ပြောသည်။ ယင်းသို့ ဖော်ပြမှသာ သင့်လျော်မည်ဟု ထင်ပါသည်။

ဦးအေးချို (မဟာဝိဇ္ဇာ)

www.burmeseclassic.com

ဂန္ထဝင်စာဆိုပညာရှိလေးဦး
အမှာစာ

မော်ပီဆရာသိန်း၊ ပီမိုးနင်း၊ အမျိုးသားပညာဝန်ဦးဖိုးကျား၊ ဒီးဒုတ်ဦးဘချိုတို့သည်ပညာရည် ပြည့်ဝကြသည့်အပြင် နိုင်ငံချစ်စိတ်ဓာတ်လည်း ထက်သန်ကြပါသည်။

ထိုပုဂ္ဂိုလ်တို့၏ စာအသီးသီးကို ကျွန်တော် ငယ်စဉ်ကတည်းက ဖတ်ရှုနှစ်သက်ခဲ့ရ၍ သက်ဆိုင်ရာ ဘဝဖြစ်စဉ်ကိုလည်း စိတ်ဝင်တစား ရှာဖွေစုဆောင်းခဲ့ပါသည်။

ဤတွင် ကျွန်တော့်နည်းတူ စာဖတ်သူများ နှစ်သက် စိတ်ဝင်စားနိုင်လေအောင်ဟု ၁၉၆၈ – ၁၉၇၄ ခုနှစ်များအတွင်း သူတို့စာ၊ သူတို့အကြောင်းကို ရေးသားထုတ်ဝေခဲ့ပါသည်။ ယခုအခါ ထုတ်ဝေခဲ့သည့် နှစ်ကာလသည် အတန်ကြာပြီဖြစ်ရာ ထိုစာများကို ပြန်လည်စိစစ်၍ ဂန္ထဝင်စာဆိုပညာရှိလေးဦးအမည်ဖြင့် တစ်စုတစ်ပေါင်းတည်း ထုတ်ဝေရန် အကြံဖြစ်ပေါ်လာပါသည်။

ကံအားလျော်စွာ ဦးမြင့်ထွန်း ( Quality Publishing House ) က ကျွန်တော့်ဆန္ဒကို ဖြည့်ဆည်းပေးပေသဖြင့် ကျေးဇူးတင်ရပါသည်။ ထိုစာများကို ပြန်လည်ထုတ်ဝေရာတွင် စာမူစိစစ်ပေးသော ဦးအေးချို (မဟာဝိဇ္ဇာ) နှင့် စေတနာထားသော သူရဇော်တို့ကိုလည်း လေးစားမိကြောင်း ဖော်ပြအပ်ပါသည်။

တိုက်စိုး

Quality Publishing House

# မော်ပီဆရာသိန်း

www.burmeseclassic.com



[ ၁ ]

## ကိုရင်ဖိုးသိန်း

၁၈၅၂ – ခုနှစ်တွင် (ဒုတိယမြန်မာ – အင်္ဂလိပ်စစ်ပွဲကိုအကြောင်းပြု၍) မြန်မာနိုင်ငံသည် မြန်မာဘုရင် အုပ်စိုးနေသေးသော အထက်မြန်မာနိုင်ငံနှင့် အင်္ဂလိပ်ဝန်ရှင်တော်မင်းကြီး အုပ်စိုးစပြုသော၊ ဗြိတိသျှ(အောက်) မြန်မာနိုင်ငံဟူ၍ နှစ်ပိုင်းကွဲခဲ့လေသည်။

ထိုအခါကာလတွင် ဗြိတိသျှ(အောက်) မြန်မာနိုင်ငံအတွင်း ဟံသာဝတီ စီရင်စုအပိုင် (မော်ပီမြို့အနီးရှိ) မင်းရွာ၌ ဦးရွှေကြူနှင့် ဒေါ်ငွေအမည်ရှိ ဆင်းရဲသား အိမ်ထောင်စုတစ်ခု ရှိခဲ့လေသည်။ ထိုအိမ်ထောင်မှ ဖိုးငြိမ်း၊ ဖိုးသိန်း၊ ပန်းဦး၊ မအုန်းပွင့်ဟူ၍ သားသုံးယောက်၊ သမီးတစ်ယောက် မွေးဖွားလာခဲ့လေသည်။

ဦးရွှေကြူးတို့မှာ ကျေးရွာသားအများနည်းတူ အညတြတောင်သူလယ်သမားများ ဖြစ်ကြသည်။ သူများလယ်တွင် သူရင်းငှားလုပ်ကြသူများသာ ဖြစ်ကြသည်။ သူတို့မှာ သားသမီးတွေကို ရပ်ရွာရှိ ဘုန်းကြီးကျောင်းသို့ မှန်မှန်ပို့ဖို့ပင်မလွယ်။

ဖြစ်တတ်သည်မှာ ဘုန်းကြီးကျောင်းကလည်း ရွာတိုင်းတွင် ရှိချင်မှ ရှိသည်။ ရှိပြန်ပါလည်း ကိုယ့်သားသမီးကို စာပေါက်ပေါက်ရောက်ရောက် တတ်အောင် နှစ်ချင်းဆက်၍ ကျောင်းထားနိုင်ခဲ့သည်။ ယေဘုယျဆိုရပါမူ

www.burmeseclassic.com



သားသမီးကို တစ်နေ့တစ်မိုးလောက်သာ ကျောင်းထားပြီးနောက်၊ အိမ်မှုကိစ္စတွင် ခိုင်းစေကြသည်သာ များလေသည်။

ဤတွင် ဖိုးသိန်းမှာ ဤစာအုပ်ငယ်နှင့် သက်ဆိုင်သဖြင့်၊ သူ့အကြောင်းကို အဓိက ဖော်ပြဖို့လိုပေလိမ့်မည်။ သူသည် ခရစ် ၁၈၆၂ – ခုနှစ်(မြန်မာ ၁၂၂၃ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ – ရက် တနင်းလာနေ့)တွင် ဖွားမြင်လေသည်။ သို့သော် သူအရွယ်မရောက်မီ၊ ကိုးနှစ်၊ ၁၀နှစ်သားလောက်ကပင် သူ့အစ်ကို ဖိုးငြိမ်းနှင့်အတူ အဖေဖြစ်သူ ဦးရွှေကြူ၏ လုပ်ငန်းတွင် တစိုးတစိပါလာရလေသည်။

ဖိုးသိန်းသည် အနီးအနားက ပေါက်တောရွာနေ ကရင်ကိုသာဖြူအိမ်၊ ထိုနောက် ကိုရွှေလန်းအိမ်များတွင် မိုးအကုန်မှ ဆောင်းအထိ ကျွဲကျောင်း ထမင်းပို့ ကူလီလုပ်ရလေသည်။ မင်းရွာနေ လှေသူကြီး ဒေါ်ပို့အိမ်နှင့် ကိုရွှေမိတ်၊ မသူတို့အိမ်များတွင် နွားကျောင်းဆီဆုံလှည့် လုပ်ရလေသည်။ ရံဖန်ရံခါ စပါးကြိတ်၊ မောင်းထောင်း၊ ဆန်ဖွတ်စသည်ဖြင့် အဖေကိုကူ၍ လုပ်ရသည့်အခါလည်း ရှိလေသည်။ ရံဖန်ရံခါလည်း အမေဈေးရောင်းသွားသည့်အခါ အဖော်လိုက်တန် လိုက်ရသေးသည်။

သို့သော် သူတို့အဖေက ဖိုးငြိမ်း၊ ဖိုးသိန်းတို့၏ ပညာရေးကို အမှတ်တမဲ့ မထားခဲ့ပါ။ ဖိုးသိန်းထက် ငါးနှစ်ကြီးသော ဖိုးငြိမ်းကိုလည်း ဆရာ့ထံ အပ်ပြုသင်ကြားပေးခဲ့လေသည်။ ဖိုးသိန်းအတွက်လည်း အစီအစဉ်တစ်မျိုး လုပ်ပေးခဲ့လေသည်။

အမှန်စင်စစ် ရွာတွင် ဘုန်းကြီးကျောင်း ကောင်းကောင်းမရှိ။ ထိုကြောင့် ဖိုးသိန်းကို ကိုရွှေမိတ်တို့အိမ်တွင် နွားကျောင်းဖို့ထားရင်း စာသင်ခိုင်းရလေသည်။ ကိုရွှေမိတ်က သင်ပေးသဖြင့် သူ့မှာ သင်ပုန်းကြီးကုန်ခဲ့သည်။

ထို့နောက် အဖေလုပ်သူက ရွာထဲက ဦးဝိုက်ထံထင်ရဲ၊ စာတစ်မိုးတွင်း တက်ခိုင်းပြန်သည်။ ဦးဝိုက်က သူ့ကို မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာရွှေချိုင့်စသော ဘာသာရေး သင်ရိုးစာတွေကို ချပေးလေသည်။ တစ်ဖန် အဖေလုပ်သူက မင်းရွာနှင့်ခရီးတစ်မိုင်ကွာရှိ နတ်ရဲကွင်းရွာကျောင်းဘုန်းကြီးကိုပင့်၍ ဖိုးသိန်းအား ရှင်ပြုပေးလေသည်။ ကိုရင်အဖြစ် ခုနစ်ရက်နေခဲ့ရပါ၏။

ကိုရင်အဖြစ် တစ်မိုးတစ်ဝါကြာအောင် ဖိုးသိန်နေခဲ့ရသည်မှာ မင်းရွာကန်ကုန်းဘက်တွင် ကျောင်းသစ်တည်သည့်အခါ ဖြစ်လေသည်။

www.burmeseclassic.com



ဘုန်းကြီးမှာ ဦးဝဏ္ဏဖြစ်လေသည်။ ထိုဘုန်းကြီးနှင့်အတူနေရင်း ပရိတ်ကြီးနှင့် ဇာတ်အဋ္ဌကထာနိသျများကို ကျက်မှတ်လာရလေသည်။

တစ်ခုတော့ရှိသည်။ အထက်ကဆိုခဲ့သည့်အတိုင်း ကိုရင်ဖိုးသိန်းမှာ တစ်ရာသီနှစ်ရာသီဆက်၍ စာလိုက်နိုင်သည်မဟုတ်။ သူတို့အိမ်ထောင်မှာ ရှားပါးသည်။ သူကပါ ဝိုင်း၍လုပ်ကိုင်ပေးရမည်။ သူကိုယ်တိုင် လွတ်လွတ်ကျွတ်ကျွတ် ဝမ်းကျောင်းနိုင်အောင် ကြိုးစားရမည်။

ကိုရင်ဖိုးသိန်းသည် ဝါအကျွတ်တွင် ရှင်လိင်ပြန်၍ ဝမ်းစာစပါးရိတ်ပေးရသည်။ တို့နောက် ဝါသနာကလေး ရှိနေသည်နှင့် ဆိုင်းနောက်ထိုင်ဝါးလက်ခုပ်တီး၊ စည်းတီးလိုက်၍ သင်လေသည်။ မြေဝိုင်းပန်းပင်လှည့်ဇာတ်ထဲတွင်ပင် လူပြက်လိုလို လုပ်ရသေးသည်။

သည်လိုနှင့် ဖိုးသိန်း ၁၆–နှစ်သားအရွယ် ရောက်လာခဲ့လေသည်။ ထိုအခါ သူ့အဖို့ တိုးတက်ရေးလမ်းစ ပေါ်လာခဲ့တော့သည်။ ပေါ်လာပုံဆိုရဦးမည်။ ထိုအခါကာလ အောက်(ဗြိတိသျှ) မြန်မာနိုင်ငံတွင် အရေးပိုင်ရုံး၊ နယ်ပိုင်ရုံး၊ မြို့အုပ်ရုံး၊ ရာဇဝတ်ရုံးတွေနှင့် အုပ်ချုပ်ရေး တော်တော်ကလေးကျယ်ပြန့်လာသည်။ (စူးအက်တူးမြောင်းဖွင့်ပြီးနောက်) စပါးဈေးကလည်း တင်းတစ်ရာ ၅ဝ–ဈေးမှ၊ ၇ဝ–၈ဝ–ဈေးအထိ တက်လာရာ၊ လူသူအများသည် လယ်လုပ်ခွင့် ပတ္တာတို့ ဂရန်တို့ လျှောက်လာသည်။

သို့ဖြင့် အစိုးရက ကြေးတိုင်စိုက်၍ မြေအမျိုးအစား သတ်မှတ်ရေး၊ အခွန်ခန့်ခွဲရေး စသည့် လုပ်ငန်းတွေကို ပိုမိုလုပ်ခဲ့သည်။ ထိုလုပ်ငန်းတွေ လုပ်လာသည်နှင့်အမျှ မြေတိုင်းစာရေး၊ လျှောက်လွှာစာရေး၊ စာရင်းစစ်စာရေး၊ မြို့အုပ်စာရေးစသည့် အောက်တန်းလခစား အလုပ်များလည်းပေါ်ပေါက် လာခဲ့သည်။

ဖိုးသိန်း၏အစ်ကို ဖိုးငြိမ်းမှာလည်း ပညာခံလေး အနည်းငယ်မျှဖြင့် သံလျင်နေ ဦးလေးတော်တစ်ဦးကိုအကြောင်းပြု၍ သံလျင် –ကျောက်တန်းဘက်တွင် မြို့အုပ်စာရေး ဖြစ်နေသည်။ ထိုအခါ ဦးရွှေကြူ တို့မှာလည်း သားအကြီး အလုပ်လက်ကိုင်ရှိနေသဖြင့် ဝမ်းရေး ချောင်ချိလာလေမည်လား မဆိုနိုင်။ ဘယ်လိုပဲဖြစ်စေ ဖိုးသိန်းသည် ဦးလေးနှင့် အစ်ကိုဖိုးငြိမ်းက ခေါ်သဖြင့် သံလျင်သို့ ရောက်သွားလေသည်။ သူတို့က သူ့ကို ညောင်ဝိုင်းကျောင်း(သိမ်ကျောင်း)ဘုန်းကြီးဦးနန္ဒမာလာထံ အပ်ပေးလေသည်။

နေရာကျလှပေ၏။ ထိုကျောင်းတွင် ပေထုပ်တွေ၊ ပုရပိုက်ဆူရေတွေက စာတိုက်နှင့် အပြည့်ချည်းပင်။ ဖိုးသိန်းမှာ လောကနီတိနိသျနှင့်

www.burmeseclassic.com



ဟိတောပဒေသလို ဆုံးမစာခြောက်ခြောက်သွေ့သွေ့တွေကို ဖတ်ရသည်သာ မဟုတ်သေး။ မြန်မာကဗျာလင်္ကာတွေနှင့် တဖြည်းဖြည်း တွေ့ထိစပြုလေပြီ။ ဆုံးမစာနီတိကို ကာရန်ထပ်ထားသော ကန်တော်မင်းကျောင်း မေတ္တာစာမျိုးကို သူတွေ့လာရသည်။ ခေတ်သရော်စရာ ကြည်နူးစရာတွေကို နဘေချိတ်ထားသော ဦးပုညမေတ္တာစာမျိုးကိုသူတွေ့လာရသည်။ ထို့ပြင် ဦးပုညပင်ရေးသော ယုန်မင်းဝတ္ထုတရားစာ၊ သိဝိမင်းကြီး ဝတ္ထုတရားစာ၊ ဆဒ္ဒန်ဆင်မင်း ဝတ္ထုတရားစာ စသည်များကို သာယာနာပျော်ဖွယ် ဖတ်လာရပြန်သည်။

ကိုရင်ဖိုးသိန်းသည် ဦးပုညတရားစာတွေကို နှစ်သက်လာသဖြင့် အလွတ်ကျက်လေသည်။ ထိုနောက် သတင်းနေ့များတွင် လူသူပရိတ်သတ်ရှေ့၌ သံနေသံထားဖြင့် တရားဟောကြည့်ရာနာမည်ရလာလေသည်။ သို့ဖြင့် ဗိုလ်ချုပ်ရွာ၊ သဲဖြူစမ်းရွာ၊ ပျဉ်ထောင်ကျောင်းရွာမှအစ ကျိုက်ခေါက်ဘုရားဘက်အထိ အနီးအနားရွာများ၊ ကျောင်းများသို့ ကိုရင်ဖိုးသိန်း တရားဟောကောင်းကြောင်း သတင်းပြန့်နှံ့ခဲ့လေသည်။ ဆရာဘုန်းကြီးအခွင့်ဖြင့် ဟိုရွာသည်ရွာများလိုက်၍ တရားဟောရသည်မှာလည်း သတင်းနေ့တိုင်းလိုလိုပင်ဖြစ်တော့သည်။

က ပါသေးရိုးလား။ တန်ဆောင်မုန်းလ (နိုဝင်ဘာလ) ဆွမ်းကြီးလောင်းအလှူများတွင် သူဌေးကွင်း၊ ချောင်းစောက်၊ ပက်လက်ရွာတွေဘက်က ကိုရင်ကိုပင့်၍ တရားနာကြလေသေးသည်။ တရားပွဲအပြီး ပိုးသင်္ကန်း၊ ဖဲသင်္ကန်းတွေကိုလည်း လှူလိုက်ကြသေးသည်။ ကိုရင်ဖိုးသိန်းသည်လည်း တရားလိုကဟောနေရသည့်အကြားမှ ဘုန်းကြီးဆန္ဒအရ ဝိဂူရပျို့၊ နရစိုးပျို့များ၊ ဓမ္မသတ်များကို တဆင့်တက်၍ လေ့လာရပြန်သည်။

သို့သော် ကျောင်းတွင် ကိုရင်ဖိုးသိန်း ပညာဆက်လက်သင်ရန် အရှိန်ပျက်ခဲ့ရလေသည်။ အကြောင်းမှာ ကိုရင်ဖိုးသိန်း ဤမျှပညာသင်နေခြင်းသည် သူ့ရင်ထဲတွင် မြန်မာစာ၊ မြန်မာမှုကို လိုလားစိတ် စိမ့်ဝင်နေ၍လည်းဖြစ်သည်။ အထက်မြန်မာနိုင်ငံတွင် မြန်မာ့ဦးစီး ဦးကိုင်ဖြစ်သော ဘုရင် စိုးစံနေသေးသည်မှာလည်း ကိုရင့်အဖို့ တစ်အင်အားပေပင်။ အခြေအနေကောင်းလျှင် ဗြိတိသျှမြန်မာနိုင်ငံပင် မြန်မာဘုရင့်လက်ထဲသို့ ပြန်ရောက်ချင်ရောက်မည်မဟုတ်လား။

ဘယ်လိုပဲဖြစ်စေ၊ အထက်မန္တလေးတွင် သာသနာ့ဒါယကမင်း ရှိသေး၏ဟု အောက်သားတွေက ဂုဏ်ယူနိုင်သေးသည်။ ယခုမူ မင်းတုန်း

မင်းလွန်၍ သီပေါမင်းနန်းတက်လာခဲ့ပြီး မင်းသားတွေဖမ်း ထောင်ချနေ သည်။ ပြည်ရွာမငြိမ်မသက်ရှိနေသည်။ အင်္ဂလိပ်နှင့်ဆက်ဆံရေးကလည်း မကောင်း၊ မန္တလေးနန်းတော်သည် ယိမ်းယိုင်နေလေပြီ။

ကိုရင်ဖိုးသိန်းသည် သံလျင်မှ မန္တလေးတက်၍ စာလိုက်မည်ဟု စိတ်ကူးထားခဲ့လေသည်။ မန္တလေးရှိ ဘကြီးတော်သူတစ်ဦးထံသို့ပင် အကြောင်း ကြားခဲ့ဘူးသည်။ သို့သော်ထိုဘကြီးထံမှ–

'မန္တလေးကို တက်လာမည့်စိတ်ကို ဖြတ်လိုက်တော့၊ နေရာမကျ ဘူး၊ အင်္ဂလိပ်မင်း အမှုတော်ကို ထမ်းပေတော့။'

ဟူသော အကြောင်းကြားစာကို ရလေသည်။ ထိုစာကို ဆရာဘုန်း ကြီးအား ကိုရင်ဖိုးသိန်းပြကြည့်သည်။ ဘုန်းကြီး ဦးနန္ဒမာလာသည်လည်း–

'အင်း ငါလည်း စိတ်ပျက်ပြီ၊ သည်ကျောင်းမှာ ငါမနေလို၊ တော်ရာကို သွားတော့မည်၊ မင်းလည်း သင့်သလို အမှုထမ်းပေတော့' ဟု မိန့်ကြားပြီး ကျောင်းမှ ခွာသွားလေသည်။

ကိုရင်ဖိုးသိန်းအတွက် ညွှန်ကြားပေးမည့် ဆရာမရှိတော့။

♦

[၂]

## ရုံးစာရေးကလေး မောင်ဖိုးသိန်း

ကိုရင်ဖိုးသိန်း ရှင်လိင်ပြန်ခဲ့ရလေပြီ။ ဝမ်းရေးအတွက်နည်းလမ်း ရှာစပြုလေသည်။ ဝမ်းကျောင်းမည်ဆိုလျှင်လည်း ရုံးပြင်ကန္နားနှင့် ပတ်သက်ရာ အလုပ်အကိုင်တွေက ကောင်းမည်ဟု ထင်လေသည်။ သူသည် ပတ္တာတိုင်း စာရးဦးကံကို သိသည်။ စောစောက ဦးကံနှင့်လိုက်၍ ခဏ တဖြုတ် ပေကြိုးဆွဲခဲ့ဖူးသေးသည်။ ယခုလောလောဆယ်တွင်ကား ဦးကံက သူ့ကို ဟံသာဝတီ အရေးပိုင်အယ်လင့်ထံ အပ်ပေး၍ ဘဏ္ဍာစိုး ဖြစ်ခဲ့ရလေသည်။ သူ့မှာ စားရေးသောက်ရေး မပူရတော့ပြီ။ မစားစဖူး နံနက်လက်ဖက်ရည်အချိုနှင့် ပေါင်မုန့်ထောပတ်သုတ်ကို ထမင်းချက်ကုလားက ပေးသဖြင့် စားရဖူးသည်ကို အလွန်ဝမ်းသာမိလေသည်။ အရေးပိုင်နှင့် တောသို့လိုက်ရသည့်အခါ တောကလူများက ဘဏ္ဍာစိုးကလေးဟု ခေါ်သည်ကိုပင် ကျေနပ်မိသည်။

သို့သော် ဘိလပ်သို့ အရေးပိုင်ပြန်သွားလေ၍ မောင်ဖိုးသိန်းမှာ သူ့အစ်ကိုဆီ ခဏပြန်နေလိုက်ရသေးသည်။ ဤတွင် ကြေးတိုင်စာရေးကြီး ဦးတူက သူ့ကို မျက်မှန်းတန်းမိကာ အိမ်တွင်ခေါ်ထားလေသည်။ အိမ်တွင် ရုံးကိစ္စ လက်ရေးစာတွေကိုလည်း ကူးခိုင်းသည်။ တစ်ဘက်ကလည်း အပေါင်းအနှုတ်၊ အမြှောက်အစား၊ ဒသမခေါ်ပုံ၊ တွက်ပုံစသည်ဖြင့် ခေတ်

သစ်ဂဏန်း သချ်ာကို သင်ပေးလေသည်။ ဦးတူက စောင်မသဖြင့် ကြေးတိုင် ဝန်ပဲရှော့ဆီ သူရောက်လာခဲ့တော့သည်။ ပဲရှော့ထံတွင် မနက်နှင့်ည စားပွဲ ထိုးလုပ်ရသည်။ ပဲရှော့က သဘောကျ၍ ၁၈၈၀–ပြည့်နှစ်၊ ဧပြီလ ၁၅– ရက်နေ့တွင် လျှောက်လွှာစာရေးအဖြစ် ခန့်အပ်ခံရလေသည်။

အသက် ၁၈–နှစ်အရွယ်တွင်၊ လခမှန်မှန်နှင့် အလုပ်တစ်ခုကိုသူရ လာခဲ့ပြီ။ ဦးတူ၏ ကျေးဇူးကြီးလေစွ။ မောင်ဖိုးသိန်းသည် ဦးတူနှင့်အတူ မကွာနေရင်း ထမင်းချက်ကျွေးမြဲ ကျွေးလေသည်။ ဦးတူသာ မဟုတ်သေး၊ သူ့ထက် အသက်အား ဂုဏ်အားဖြင့် ကြီးမြင့်သူတို့ကိုလည်း လေးလေးစား စားပြုစုဖို့ သူ့မှာ ဝန်မလေးခဲ့။

ထို့ကြောင့် အိပ်ရာဝင်ချိန်တွင် သူ့ထက်ကြီးသော စာရေးတွေကို သူနင်းနှိပ်ပေးလေသည်။ သူတို့က သူဝါသနာပါရာသီချင်းဆိုခိုင်း၊ ကခိုင်း လျှင်လည်း သူတတ်အားသမျှ ဆိုပေး၊ ကပေးလေသည်သာဖြစ်သည်။ သူ သည် စာရေးအများ၏ အချစ်အခင်ခံရကာ လခထုတ်ရက်တွင် ဆေးလိပ်ဖိုး တို့၊မျက်နှာသုတ်ပဝါ၊ စွပ်ကျယ်၊ အင်္ကျီ၊ ချည်လုံချည်တို့ကို လက်ဆောင် အဖြစ် ရတတ်သည်။ ဘုရားပွဲ၊ အလှူပွဲများသို့ သူတို့နှင့်အတူ သွားသည့် အခါ၌လည်း မိမိအိတ်ထဲက ထုတ်စရာမလို။ သူတို့ ဝယ်ကျွေးသည်နှင့် ပြည့်စုံနေလေသည်။

သို့ဖြစ် မောင်ဖိုးသိန်းမှာ ရုံးလောကတွင် အနေအစား ချောင်နေပါ ၏။ အချိန်အားတွင် ပညာရှာမှီးဖို့ကိုကား သူမမေ့ပါလေ။ ကရင်ကိုရွှေလန်း အိမ်မှာ နေတုန်းကတည်းက ကရင်တွေပြောလေ့ရှိသော လင်ကောင်ပိုးငှက် အကြောင်းကိုလည်း သူကောင်းကောင်းမှတ်ထားသည်။ အယ်လင့်အိမ်တွင် ဘဏ္ဍာစိုးလုပ်တုန်းကလည်း စာအလေ့အလာမပြတ်။ အယ်လင်ရုံးတက်၍ အလုပ်အားသည့်အခါ ဟိတောပဒေသကိုဖတ် ဖတ်နေလေ့ရှိသည်။ ယခုလို ကြေးတိုင်ဘက် ရုံးဘက်တွင် သူစာရေးဖြစ်လာသောအခါ စာပေလိုက်စားခွင့် ပို၍ များလာလေသည်။

လက်ငင်းတွင် သူ့ရုံးနှင့် တိုက်ရိုက်ဆက်သွယ်နေသူများအထဲမှ စာပေသမားများကို သူ ဦးဦးဖျားဖျား ဆက်သွယ်မိတော့သည်။ ထိုအထဲတွင် ရုံးရှေ့ဖတ်စာရေးဦးဆိုင်၊ ဘီလစ်စာရေးကြီး ဦးခင်၊ ရှေ့နေဦးစံသူ၊ ရှေ့နေ ဦးပုတ်နီတို့ ပါလေသည်။ သူတို့အားလုံးသည် မြန်မာစာ လိုက်စားသူများ

---

၁။ B.A.N.Parrott

Settlement Office Hanthawaddy

Order

No. 48

Moung Hpo Thein is appointed as Clerk in the Settlement Office rom the 15th instant

Sd/ B. A. N. Parrott
Settlement Officer
Hanthawaddy

5/4/00

True copy,

Settlement Officer
Hanthawaddy
5/4/02

ဟံသာဝတီကြေးတိုင်းရုံး၌ စာရေးအဖြစ် အလုပ်ခန့်စာ

ဖြစ်ကြသည်။ စာအရေးအသား ကျွမ်းကျင်ကြသည်ချည်း။ အရွယ်မှာလည်း ၃၀–တဝိုက်ဖြစ်ကြရာ၊ အသောက်အစားလေးများလည်းမကင်း၊ သူတို့ အသိုက်အဝန်းတွင် မောင်ဖိုးသိန်းပါလာသည်မှာ ပညာတိုးဖို့ပင် ဖြစ်လေသည်။

တစ်ခါသော် သူတို့အရက်သောက်ရင်း စိတ်ကူးရလာသည်နှင့် (အရက်သမား၊ဘိန်းသမားကို ဇာတ်ဝင်အဖြစ်ထည့်ထားသော)"ဘိန်းပုံရာဇာ၊ ကွမ်းပုံကုမ္မာ"ဆိုသည့် ပြဇာတ်တစ်ခုကို ဝိုင်းရေးကြလေသည်။ ပြီးသောအခါ ဦးပုတ်နီ၏ ကျောက်တံတားရပ်ကွက် တိုက်အိမ်သို့ လူသူဖိတ်၍ အတီး အမှုတ်နှင့်တကွ ဇာတ်ခင်းလေသည်။

ထိုအခါ သူတို့ထဲမှ ဘိန်းသမားလုပ်သူက ဘိန်းသံနှင့် ဆိုရသည်။ အရက်သမားက အရက်သံပါပါနှင့် ခပ်ကြမ်းကြမ်း ဆိုရသည်။ တေးသီချင်း ဋ္ဌချင်းများကို အသံကောင်းသော တပည့်များက ဆိုကြရသည်။ မောင်ဖိုး သိန်းသည် တေးသီချင်းဋ္ဌချင်းများကို ဆိုသည့်အထဲတွင် ပါခဲ့လေသည်။

တစ်ဖန် မောင်ဖိုးသိန်းသည် ဦးပုတ်နီ၏ ဆရာဖြစ်သော ရန်ကုန် မကျည်းတန်းနေ ဦးသံမှိုကို သိရပြန်ပါ၏။ ဦးသံမှိုမှာလည်း(မင်းတုန်းမင်း ၏သား)မလွန်မင်းသားကြီး၏ အကြီးတော် ဖြစ်ခဲ့ဘူးလေသည်။ သို့သော် မြင်ကွန်းမြင်ခုန်တုန်အရေးတွင် မလွန်မင်းသား အသက်ခံရပြီးနောက် ရန်ကုန် သို့ပြောင်းလာခဲ့လေသည်။ ရှေ့နေ ဦးပုတ်နီ၊ တိုက်သူကြီး ဦးဆိုင်စသော တပည့်တပန်းများကို သဒ္ဒါ သင်္ဂြိုဟ်ပို့ချသင်ပေးနေခဲ့လေသည်။ ကျမ်းစာ အမျိုးမျိုးလည်း ပြုစုခဲ့လေသည်။ ထိုဦးသံမှိုထံမှ နန်းတွင်းရေး ဗဟုသုတ ရာဇဝင်ဗဟုသုတများကို မောင်ဖိုးသိန်း ကြားနာရလေသည်။

ထပ်ဆိုရဦးမည်။ မောင်ဖိုးသိန်း၏ ပညာရှာရေးသည် ကြေးတိုင် အလုပ်နှင့် တစ်နည်းအားဖြင့် စပ်ဟက်မိနေလေသည်။ အကြောင်းမှာ ကြေး တိုင်အလုပ်သည် တစ်နေရာထဲတွင် အမြဲတမ်းမနေရတတ်။ ပတ္တာမြေ၊ ဂရန် မြေလျှောက်သည်အတိုင်း စီရင်စုတစ်နေရာသို့ ရွှေ့ပြောင်းကြေးတိုင် စိုက်ရ လေသည်။

ပမာအားဖြင့် ကျောက်တန်းဘက်သို့ ကြေးတိုင်ရုံး ပြောင်းသွား သည့်အခါ မောင်ဖိုးသိမ်းလည်း ပါသွားလေသည်။ ကျောက်တန်းရုံးတွင် ကိုဖိုးလူလို ဗဟုသုတ ကြွယ်ဝသော စာရေးမျိုးရှိလေသည်။ ကိုဖိုးလူမှာလည်း ခေသူမဟုတ်၊ မန္တလေးမြောက်ပြင် သစ်စိမ့်တိုက်တွင် ရဟန်းဝတ်ခဲ့သူဖြစ်၍ စာတော်တော်ကလေး ခေါက်မိသည်။ မောင်ဖိုးသိန်းမှာ ကိုဖိုးလူနှင့် ရင်းနှီး

လာကာ သတ်ပုံသတ်ညွှန်း သင်ရသည်။ ကဗျာအစပ်အပြု သင်ရသည်။ ကဗျာစပ်ရင်း တေးထပ်က ၎င်းချင်းဖြစ်၊ ၎င်းချင်းကတေးထပ်ဖြစ်နှင့် ကပေါက်ချည့်ကပေါက်ချာ ဖြစ်နေလျှင် ကိုဖိုးလူက စိတ်ရှည်လက်ရှည် ပြုပြင်ပေးတတ်လေသည်။ ထို့ပြင် ကာလသားအကြိုက်ဖြစ်သော မောင်စံသူမှာတမ်းတို့ ဘိုးဝဇီရဆောင်းပါးတို့ကိုလည်း မောင်ဖိုးသိန်းကျက်ရတတ်သည်။ ည,ည ကျလျှင် ခေတ်ပေါ်လူဝံမောင်နှစ်မပြဇာတ်တို့၊ စောဖေစောမေပြဇာတ်တို့ကိုလည်း ဖတ်ရသည်။ သို့ဖြင့် ထိုပြဇာတ်တွေမှ စိတ်ကူးရလာပြန်။ ဆရာဖြစ်သူ ကြေးတိုင်မြို့အုပ်ဦးသာကင်းကလည်း တိုက်တွန်းပြန်သည်နှင့် မောင်ဖိုးသိန်းသည် ပဲခူးသို့ ကြေးတိုင်ရုံးအပြောင်းတွင်"ထွန်းဖေ ဂွန်းမေ"အမည်ရှိ ပြဇာတ်တိုတစ်ပုဒ်ကိုပင် စမ်းရေးကြည့်ဘူးလေသည်။

♥

[၃]

## စာပေသမား အသိုက်အဝန်းများ အကြားတွင်

၁၈၈၄–ခုနှစ်တွင်ကြေးတိုင်အလုပ် ပြီးသွားလေသည်။ ကြေးတိုင်မြို့အုပ် ဦးသာကင်းသည် အင်္ဂပူသို့၊ တရားမ မြို့အုပ်အဖြစ် ပြောင်းရွှေ့ရလေသည်။ မောင်ဖိုးသိန်းလည်း ဦးသာကင်းနှင့်အတူ အင်္ဂပူသို့ ပါသွားပြီး တံဆိပ်ခေါင်း ရောင်းသည့်အလုပ်ကို လုပ်ရလေသည်။

အင်္ဂပူသို့ ရောက်လာခဲ့သည်မှာလည်း သူ့အဖို့ကံကောင်းပေ၏။ စာပေသမားတွေနှင့် ကြုံရဆုံရပြန်လေသည်။ ထိုခေတ်တွင် အင်္ဂလိပ်အုပ်ချုပ်ရေးမှာ အခြေစိုက်စဖြစ်လေရာ သူတို့အလေ့အလာ၊ သူတို့စာပေသည် မြန်မာ့ရေမြေထဲသို့ ထိထိရောက်ရောက် မဝင်သေး။ ရုံးများတွင် အင်္ဂလိပ်အုပ်ချုပ်ရေးပုံစံ အစိုးရကျောင်းနှင့် အစိုးရအထောက်ပံ့ခံ ကျောင်းများတွင် အင်္ဂလိပ်ပညာရေး စနစ်ဝင်လာသည့်တိုင်အောင် အရပ်ထဲတွင်ကား မြန်မာ ဓလေ့ထုံးစံ စာပေသည် အထိုက်အလျောက် ရှင်သန်လျက်ပင် ရှိလေသေးသည်။

ဆိုပါတော့။ ရှေ့နေဦးရေးလိုလူမျိုးသည် ရုံးပြင်ကန္တာရဆိုင်ရာ ရာဇသတ်ဥပဒေ၊ တရားမဥပဒေတို့ကို လုံးပန်းသည်သာမဟုတ်သေး၊ ဦးပုည၏ ဝိဇယပြဇာတ်၊ ပဒုမပြဇာတ်၊ မုံရွေးဆရာတော်၏ ရာဇောဝါဒကျမ်း၊ အရှင်စန္ဒလင်္ကာ၏ မဏိရတနာပုံကျမ်း စသည်တို့ကိုလည်း လေ့ကျက်သူဖြစ်

# Settlement Department



## PEGU AND HANTHAWADDY.

This is to certify that [illegible]
has been employed in this office as [illegible]
[illegible]
and is discharged owing to the close of Settlement operations in these districts.

[illegible signature] Captain,
Settlement Officer, Pegu

The [illegible] 18[illegible]

[illegible]

[illegible]

အလုပ်မှရပ်စဲကြောင်း လက်မှတ်စာ

သည်။ သူ့အိမ်သို့ စာဝါသနာ ပါသူများကို ညညပင့်ဖိတ်၍ ဆွေးနွေးတတ်လေသည်။ မောင်ဖိုးသိန်းသည်လည်း ဦးရေးနှင့် သိကျွမ်းလာ၍ ဆွေးနွေးပွဲတွင် ပါဝင်ရလေသည်။

ထိုအခါ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာကို ပြောဆိုကြရင်း အချို့က ဆီလျော်သလို တောဘွဲ့တောင်ဘွဲ့ကို ကိုးကားတတ်ကြသည်။ အချို့က အီနောင်ဇာတ်၊ ရာမဇာတ်ထဲမှ ဇာတ်စကားတွေကို ရွတ်ဆိုပြတတ်ကြသည်။ အချို့က ပျို့မော်ကွန်းထဲမှ ဆိုင်ရာစာပိုဒ်ကို ထုတ်နှုတ်ပြတတ်ကြသည်။

မောင်ဖိုးသိန်းသည်လည်း သူရခဲ့သော အဋ္ဌရာသီ ဓမ္မသတ်ထဲမှစာ၊ ဝိဓူရပျို့ထဲမှစာတို့ကို သူများနည်းတူ တုတ်နုတ်ရွတ်ဆိုပြရလေသည်။

ဤမျှဖြင့် မပြီးသေး။ ရုံဖန်ရံခါ တေးထပ်ဒွေးချိုး၊ တြိချိုးစသည်တို့ကို ရှေ့နေစာရေး ကိုဟန်ဆိုသူနှင့် အပြိုင်စပ်ဆိုရေးသားပြီး ညဘက်လက်ဖက်ရည်ကြမ်းဝိုင်းတွင် ဦးရေးထံ အပ်ရလေသည်။ ဦးရေးက အများရှေ့ဖတ်ပြပြီးသောအခါ စာနားလည်ကျွမ်းကျင်သူတို့၏ ကောက်ချက်ချခံရလေသည်။ အများသဘောကျလျှင် ပိုးပဝါ၊ ပိုးပုဆိုး စသည်ဖြင့် ချီးမြှောက်ခံရလေသည်။

မောင်ဖိုးသိန်းသည် ညညတွင် ဦးရေးတို့ လက်ဖက်ရည်ကြမ်းဝိုင်းသို့ ရောက်နေတတ်သည်သာများလေသည်။ မရောက်၍လည်း မဖြစ်၊ ဦးရေးတို့ တစ်အိမ်လုံးက သူ့ကိုခင်သည်။ မောင်ဖိုးသိန်း မလာဖြစ်လျှင် သူလာသည့်ညများတွင် ငါးခြောက်ဖိုးဒဏ်တပ်လေ့ရှိသည်။ တနင်္ဂနွေနေ့များတွင်ကား မောင်ဖိုးသိန်းသည် ဟင်္သာတဘက်သို့ ရောက်သွားလေ့ရှိသည်။ ဟင်္သာတတွင် သူ့အသိတွေရှိသည်။ အထူးသဖြင့် အထည်ကုန်သည်လုပ်နေသူ နာမည်ကျော် ဆရာမှဲ့ ရှိနေသည်မဟုတ်လား။ ဆရာမှဲ့သည် ဝမ်းရေးအတွက်သာ ကုန်သည်လုပ်နေရသည်။ လူက ကဗျာသမားဖြစ်သည်။

ညနေဇရီတခို
သပြေခိုင်ပန်းညို့နှင့်
ကိုဖိုးချိုမာပါစေ
တစ်နာရီရက် မဆိုင်းပါဘု
မနက်တိုင်း ညောင်ရေနှင့်
စိန္တေမှာ ညွတ်ပြောင်း
မယ်စံသည့်အိုင် သပြုကြ၊ မေတ္တာဆုတောင်းပါသည်။

စသော မစိန်မင်းပေး မေတ္တာစာမျိုး၊ မီးရထား နတ်လမ်းညွှန်စာမျိုးကို ရေးခဲ့သူဖြစ်သည်။ ဆရာမှဲ့ထံ ကဗျာလင်္ကာအကြောင်း မေးရမြန်းရသည်မှာ ဗဟုသုတ တိုးလှပေသည်။

ထို့အတူ မြို့အုပ် ဦးသာကင်းနှင့်အတူ သူနယ်လှည့်သွားရင်း အမှတ်မထင် ဗဟုသုတကလေးများလည်း တိုးတတ်သေးသည်ပင်။ တစ်ခါက သဲပြင်ရွာဖက်သို့ သူတို့ရောက်ကြလေသည်။ ထိုရွာ၌ စခန်းချ၍ တိုက်သူကြီးအိမ်တွင် တည်းခိုကြလေသည်။ ညအချိန်တွင် တိုက်သူကြီးက ပရိတ်ယိမ်းကို ကြည့်ရှု့နားထောင်လိုက စီစဉ်ပေးပါမည်ဟု မြို့အုပ်ကိုပြောလေသည်။

ဤတွင် ပရိတ်ယိမ်းဆိုသည်မှာ ဘာသာတရားနှင့် စပ်ဆိုင်ရာအကြောင်းချင်းရာကို သာယာနာပျော်ဖွယ် သီဆို၍ ယိမ်းကပြသော အမှုဖြစ်လေသည်။ ထိုယိမ်းမျိုးကို မြို့အုပ်မင်းကြည့်ရှု့နားထောင်လို မလို သူကြီးက မေးမြန်းခဲ့ခြင်းဖြစ်ရာ မြို့အုပ်ကလည်း ကြည့်ချင်ကြောင်း ပြန်ပြောလေသည်။

ထိုအခါ သူကြီးအိမ်ရှေ့က မဏ္ဍပ်၌ ပရိတ်ယိမ်းထွက်ဖို့ အစီအစဉ်လုပ်ရလေသည်။ ယိမ်းသမကလေးများလည်း ရောက်လာ၍ ဖီးလိမ်းပြင်ဆင်နေကြလေသည်။ ပြီးလုဆဲတွင် ယိမ်းသင် ဦးပဥ္စင်းက–

“ပရိတ်မကလေးတွေ မပြီးကြသေးဘူးလား”ဟု မေးလိုက်ရာ ပရိတ်မကလေးများက –

“ကိုယ် .... တော် .....ရေ ......နေပါအုံး ...... အုံး

အပြီးမသတ်၊ ဘီဆံပတ်ကယ်နဲ့

ပုတီးနားကပ်ကလေးကို ပြင်ရဆင်ရတုန်း“ဟု တစ်ပြိုင်တည်းဆို၍ နေရာယူကြလေသည်။

ထို့နောက် သူတို့သည် ဘုရားပင့် ငုံးမင်းပရိတ်မန်းစသည်ကို မေးဝဲသံ၊ မေးရိုက်သံ၊ ချူချပ်သံဖြင့် ဆိုကြသည်တွင် မောင်းဖိုးသိန်းမှာ နားထောင်၍မငြီး ဖြစ်ရလေသည်။

တဖန် သူတို့သည် ကေသာ လောမာ နခါလေ–တစာဟု ၃၂–ကောဋ္ဌာသကို အညီအညွတ်သီဆို၍ ကိန္နရာပျံနည်းမျိုး ဟန်ချီကြသည်တွင် သူ့မှာ ကြည့်၍မဝ ဖြစ်ရပြန်လေသည်။

သို့သော် နားထောင်၍ကောင်း၊ ကြည့်၍ကောင်းရုံနှင့် သူမကျေနပ်သေး။ တစ်ခုခုကို သူဘဝင်တွေ့သည်ဆိုအံ့။ ကြီးကြီးသေးသေးမဟူ

မှတ်စုစာအုပ်ထဲ ရေးမှတ်ထားလိုက်မှ ကိစ္စပြီးတော့သည်။ ယခု ပရိတ်ယိမ်း အတွေ့အကြုံကိုလည်း သူ့မှတ်စု၌ ရေးထားလိုက်သည်သာ ဖြစ်လေသည်။ ရံဖန်ရံခါလည်း မြို့နယ်အတွင်း ကျေးရွာတို့အကြောင်း၊ ရှေးဟောင်း အဆောက်အအုံတို့ အကြောင်းများကို သူစုံစမ်း၍ မှတ်စုထဲတွင် ထည့်ထား တတ်လေသည်။

သို့ဖြင့် အင်္ဂပူတွင် မောင်ဖိုးသိန်း ရုံးအလုပ်လုပ်ရင်း ဗဟုသုတ လိုက်စားခဲ့သည်မှာ တစ်နှစ်ကြာလေသည်။

♦

[ ၄ ]

## အကြောင်းမလှချိန်

၁၈၈၅–ခုနှစ်တွင်ကား စစ်တွေကြေးတိုင်ဝန်မစ်ချယ် ထံမှ စာတစ်စောင်ကို မောင်ဖိုးသိန်းရလေသည်။ သဘောမှာ စစ်တွေဖက်တွင် ကြေးတိုင်စိုက်မည်၊ အလုပ်လာလုပ်ပါဟူ၍ဖြစ်သည်။ ထို့ကြောင့် မောင်ဖိုးသိန်းသည် အင်္ဂပူမှ ခွာရလေတော့သည်။

သူခွာမည်ဆို မိတ်ဆွေသင်္ဂဟအပေါင်းက ဝမ်းနည်းကြလေသည်။ သတိတရနှင့် လက်ဆောင်များလည်းပေးလိုက်ကြသည်။ ထိုအထဲတွင် ဦးရေး၏ သမက်ကိုသက်ရှည်နှင့် သမီးမရွှေခင်တို့ကပေးသော"အေးမယ်ဆင်"ပုဝါတစ်ပိုင်း၊ ဦးရေး၏သမီးမလေးကြီးကပေးသော ပြောင်းဖူးဖက်ဆေးလိပ် ၅၀၊ မျက်နှာသုတ်ပုဝါတစ်ထည်ပါလေသည်။ အထူးသဖြင့် မျက်နှာသုတ်ပုဝါထည့်ပေးလိုက်ခြင်းမှာ မောင်ဖိုးသိန်း မနက်အိပ်ရာထ၍ မျက်နှာသစ်သည့်အခါတိုင်း သတိရပါစေဟူ၍ မလေးကြီးက ကန်တော့လိုက်သည့်သဘောဖြစ်လေသည်။ ဟင်္သာတမှအသိထဲကလည်း သင်္ဘောပေါ်၌ စားသွားရလေအောင်ဟု ငကြင်းကြော်၊ ငါးသလောက်ဥကြော်၊ ငပိကောင်ကြော်၊ ထမင်းတို့ကို ဆွဲခြင်းတစ်ခု၊ ရေတံခါင်းတစ်ခုထည့်၍ ပေးလိုက်ပြန်သေးသည်။

———————————————————

၂. T.C. Mitchell



ရန်ကုန်စီရင်စု အရေးပိုင်ရုံး၌ ဒုတိယစာရေးခန့်အပ်ကြောင်း အမိန့်စာ

ရန်ကုန်သို့ သင်္ဘောဆိုက်သောအခါ ကျောက်တံတားရပ်က ဆရာဦးပုတ်နီ၏ တိုက်တွင် မောင်ဖိုးသိန်း တည်းခိုလေသည်။ နောက်တစ်နေ့ အထက်အရာရှိဖြစ်ခဲ့သူ ကြေးတိုင်ဝန်(ဟောင်း) ပဲရှော့အိမ်ကိုမေး၍ သွားလေသည်။ ဤတွင် ပဲရှော့က ရခိုင်ပြည်တွင် အလုပ်မလုပ်ပဲ မိမိထံလုပ်ပါ၊ မော်ပီရုံးတွင် ဒု–စာရေး တစ်နေရာ လွတ်နေသည်ဟု ဆိုလေသည်။

အမှတ်စင်စစ် ရခိုင်ဘက်သွား၍ အလုပ်လုပ်လျှင်၊ နွေအခါ လခ တစ်လ ၄၀/–၊ မိုးအခါ လခတစ်လ ၂၀/–ရနိုင်လေသည်။ မော်ပီမှာက လခထက် များပေသည်။ သို့သော် မော်ပီတွင် မိဖနှင့်နီးနီးနေနိုင်သဖြင့် မော်ပီအလုပ်ကိုပင် မောင်ဖိုးသိန်း လက်ခံလိုက်လေသည်။ ထို့ကြောင့် ၁၈၈၅–ခုနှစ်၊ မတ်လ ၁၈–ရက်နေ့တွင် မော်ပီအုပ်ရုံးတွင် ဒု–စာရေးအလုပ်ကို သူစလုပ်လေသည်။

မြို့အုပ်ရုံးစာရေးအဖြစ်ဖြင့် သူ့လုပ်သက်သည် ၁၁–နှစ်ရှိခဲ့လေသည်။ ၁၁–နှစ်အတွင်း အထူးအထွေ ရေးစရာမရှိ။ မောင်ဖိုးသိန်း ဘဝမှာ ကိုဖိုးသိန်းဘဝသို့ ဝိသေသပြောင်းလာခြင်းသာရှိလေသည်။ လခမှာမူ တစ်လ ၂၅/–ဖြစ်လေသည်။ ထိုငွေမှာ သူ့ခေတ် သူ့အခါနှင့်ဆိုလျှင်မနည်း။ လူငါးယောက် အိမ်ထောင်စာအတွက် တစ်နေ့ငါးမူးနှင့်စားလောက်သော ထိုခေတ်တွင် သူ့မှာ ချောင်ချောင်လည်လည်လည်း ရှိလေသည်။ တစ်ဖြည်းဖြည်းနှင့် အင်္ဂလိပ်အုပ်ချုပ်ရေးက မြန်မာတစ်နိုင်ငံလုံးကို လွှမ်းခြုံမိလာပြန်သည်ဖြစ်ရာ စာရေးစာချီ အလုပ်သည် အတော်ဂုဏ်ရှိလေသည်။ တစ်ခါတစ်ရံ ပထမစာရေး ခွင့်ယူသွားသည်တွင် သူ့နေရာသို့ တက်၍ လုပ်ရသေးသည်။

သူသည် မြို့အုပ်နှင့်နယ်လှည့်သွားသည့်အခါ၌လည်း မျက်နှာပွင့်လေသည်။ ထို့ကြောင့်လည်း ဘောလယ်ကျွန်း ကျွန်းဦးဘက်သို့ နယ်လှည့်သွားရင်း တိုက်သူကြီး ဦးသိုင်း၊ ဒေါ်လင်းတို့၏ သမီး မငွေနှစ်နှင့် ခင်မင်အကြောင်းပါခဲ့ဟန် တူလေသည်။ ထိုစဉ်က အသက် ၃၀–ခန့် ရှိပြီ။

သို့သော် ထိုအိမ်ထောင်ရေးသည် အဆင်မပြေလှ။ ကိုဖိုးသိန်းက စာပေဘက်တွင် အာရုံများလေသည်။ သူသည် ပေပုရပိုက်တွေ ဝယ်ဝယ်စုတတ်သည်။ ထို့ပြင် မှတ်သားထားသည့်အထဲမှ ကဗျာလင်္ကာများ စကားဖိုစကားမများ၊ ကျောက်စာသမိုင်းများ၊ စကားပုံများ စသည်ကို တစ်စုတစ်ပေါင်းလုပ်၍ ပေါရာဏဒီပနီအမည်တပ်ပြီး စာအုပ်ထုတ်ရန်ကိုလည်း စိုင်းပြင်းနေသည်။



ဒုတိယစာရေးအလုပ်မှ နုတ်သိမ်းကြောင်း အမိန့်စာ

ဤသည်ကို မငွေနှစ်က သဘောမကျ။ ပေပုရပိုကဖိုး ငွေကုန်သည်ကို နမြောလေသည်။ ပေပုရပိုက် စုမည့်အစား ခြေစောင့်လက်စောင့် ရွှေကလေး ဘာလေး စုထားသည်က ပို၍အကျိုးရှိမည်ဟု မိန်းမတွက် တွက်လေသည်။ သို့ဖြင့် လင်မယားချင်း အသွင်မတူပဲ ဖြစ်နေလေသည်။

ထိုအခြေအနေတွင် ကိုဖိုးသိန်း၌ အလုပ်ထိခိုက်စရာအကြောင်း ပေါ်ပေါက်လာသည်။ ထိုနှစ်သည် ခရစ် ၁၈၉၆–ခုနှစ်၊ (မြန်မာ ၁၂၅၇ခုနှစ်) ဖြစ်လေသည်။ ထိုနှစ်တွင် သူသည် ကွမ်းခြံကုန်းမြို့အုပ်ရုံးသို့ ပြောင်းရွှေ့၍ စာရေးလုပ်နေလေသည်။ သူကြိုးပမ်းတကုတ် ပြုစုခဲ့သော ပေါရာဏဒီပနီ ကျမ်းကြီးကိုကား အပြီးသတ်နိုင်သည်။ သို့သော် သူမော်ပီတွင် စာရေးလုပ်စဉ်က ပတ္တာမြေချသည့်ကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ ထုချေလွှာအတောင်းခံရလေသည်။ မော်ပီမြို့မ အင်းတန်ကွင်းတွင် မူလက ရှမ်းတွေတောင်ယာ ခုတ်နေကြရာမှ သူက သူ့ဦးလေးတော်သူ ကိုစံရကို ဥယျဉ်လုပ်ခွင့် ပတ္တာ ချပေးဖို့ စီစဉ်သည်ဟူ၍ အထက်အစိုးရက ထင်လေသည်။ သူသည် ဖြေရှင်းပါ၏။ သို့သော် မပြေလည်ပဲ ဧပြီလ ၁၃–ရက်နေ့တွင် အလုပ်မှ နှုတ်သိမ်းခြင်းခံရလေသည်။

ဤသည် စိတ်ထိခိုက်စရာ ဖြစ်တော့သည်။ ကိုဖိုးသိန်းလည်း အရပ်တစ်ပါးသို့ သွားလိုစိတ် ပြင်းပြလာလေသည်။ ထို့ကြောင့် စိတ်ပြေပျောက်အောင် ဒေသန္တရ ဗဟုသုတလည်း ရှာရအောင်ဟု ရခိုင်ဘက်၊ ရေး၊ မြိတ်၊ ထားဝယ်ဘက်သို့ ဖာတစ်လုံးကုတ်ကာ လျှောက်သွားလေတော့သည်။ လမ်းစရိတ်ကလေးခုမိအောင် သုံးဖို့ပေလားမသိ။ သူနှင့်အတူ စည်းတစ်လုံး၊ ဂျပ်တစ်ခုလည်း ပါသွားလေသေးသည်။ ထိုနောက် ရေး၊ မြိတ်၊ ထားဝယ်မှ တဆင့် ယိုးဒယားဘက်သို့ပင် ခရီးဆက်ပြန်ပါ၏။ ဆက်ရခြင်းအကြောင်းမှာ သာသနာ လင်္ကာရစာတမ်းတွင် မိလိန္ဒမင်းကြီးစံနေသော သာဂလပြည်သည် ဇင်းမယ်မြို့ဟူ၍ ဆိုထားသည်ကို မှန်မမှန် သိလိုသောကြောင့် ဖြစ်လေသည်။

၁၈၉၇–ခုနှစ်ထဲတွင်ကား မော်ပီသို့ သူပြန်ရောက်လာလေသည်။ ထိုအခါ စိတ်ညစ်စရာ ထပ်ကြုံရပြန်လေသည်။ ဖြစ်ပုံမှာ ထိုနှစ် ဒီဇင်ဘာလ ထဲတွင် အသက် ၇၅–နှစ်ရှိ သူ့အဖေ ဦးရွှေကြူသည် အနိစ္စရောက်ပါလေသည်။ အဖေ့အလောင်းကို ဝိုင်းဝန်းသင်္ဂြိုဟ်ရန် သူ့မှာ ငွေတစ်ပြားမှမရှိ။ မယားကလည်း ငွေမထုတ်။ လက်ဝတ်လက်စားကလေးများကို ပေါင်နှံ၍ ငွေရှာမည်ဟုပင်မပြော။ သူသည် အတော်စိတ်မချမ်းမသာ ဖြစ်ရလေသည်။

ဤအဖြစ်ကို သူသည် ဝမ်းထဲတွင် မထားနိုင်။ မှတ်တမ်းထဲတွင် သူရေးမှတ်ထားလေသည်။ မှတ်ထားပုံမှာ–

"ကျုပ်တို့ငွေမရှိ ချေးငှားလို့ မရလျှင်၊ လက်ဝတ်လက်စား လက်ကောက်၊ နားကပ်တို့ကို ပေါင်၍ သင်္ကြိုဟ်မည်။ စပါးပေါ်လို့ ရောင်းချပြီးသောအခါ ပေါင်ထားသည်ကိုရွေးယူမည်ဟု ဤစကားမျိုးကို မထွက်မဆို။ ကြောင်တောင်ကြည့်နေသဖြင့် မိမိစိတ်ထဲ၌ အခဲမကြေရှိသောကြောင့် မောင်ပန်းဦးကို ဦးစီးဆောင်ရွက်ရန် လွှဲအပ်ရပေသည်။ မိမိက တစ်ပြားတစ်ချပ်မှ မထည့်နိုင်ပေ။ လူပန်းခံရလေသည်။

အဖေသည် သတိကောင်းသည်။ သေမည့်နံနက်၊ ခေါ်၍ ငါ့ကိုကျောင်းဘက်သို့ ဦးခေါင်းထားပေးပါ။ ပုတီးပေးပါဆို၍ တောင်းသည်။ မျက်နှာကို တောင်ဘက်ပြုလျက် နံနက် ၈–နာရီတွင် ထားရာ နံနက် ၁၁–နာရီအချိန်တွင် သိပ်၍ထားသည့်အတိုင်း။ အသေကောင်းပေ၏"

ဟူ၍ ဖြစ်လေသည်။

တော်ပါသေး၏။ အသုဘအတွက အင်းတန်၊ တိုက်ကြီးကုန်း၊ ချောင်းဝ၊ ကဝ၊ သဲဖြူ၊ ထောက်ကြံ့၊ တွံတေး၊ ဝါးနက်ချောင်း စသောအနီးအနားမြို့ရွာရှိ ဆွေမျိုးမိတ်သင်္ဂဟတို့က ဝိုင်း၍ကူကြရာ ငွေ ၁၆၈–၁၂ပဲ ရလေသည်။ ဝန်ထောက်အဖြစ် အငြိမ်းစားယူခဲ့သော သူ့ဆရာဟောင်း ဦးတူတို့လင်မယားကလည်း ငွေ ၅/– ကူလေသည်။

ဤတွင် မငွေနှစ်နှင့်မူ၊ သူကွဲခဲ့လေပြီ။ မငွေနှစ်သည်လည်း သမီးနှစ်ယောက်နှင့်အတူ မိဘချက်မြှုပ်ဖြစ်သော တက်သစ်ရွာသို့ ပြောင်းရွှေ့နေထိုင်လေသည်။ ကျန်သားတစ်ယောက်နှင့် သမီးတစ်ယောက်မှာကား ကိုဖိုးသိန်းထံ လာရောက်နေထိုင်ကြလေသည်။

♦

[ ၅ ]

## မြန်မာမှု မြန်မာစာ ပညာရှာ

ကိုဖိုးသိန်းသည် သူ့ဝမ်းရေး၊ သားသမီးဝမ်းရေးကို တတ်သည့် ပညာဖြင့် ရှာရတော့မည်။ သူတကယ်တတ်သည့် ပညာမှာလည်း မြန်မာစာ၊ မြန်မာ့သမိုင်းသာဖြစ်သည်။ ဟံသာဝတီပုံနှိပ်တိုက်တွင် ခဏတဖြုတ် ဆိုသလို စာပြင်ဝင်လုပ်ရလေသည်။

အစိုးရက ရှေးဟောင်းကျောက်စာများ ကို သန့်စင်တည်းဖြတ်စ ပြုလာပြီဖြစ်ရာ သူက ဝင်ကူရင်း ငွေရှာရသည်။ အိမ်တွင်လည်း ဇာတ်ရုပ် သေးပညာသည်တွေနှင့် ဆက်သွယ်ကာ ဇာတ်ထုတ်၊ ဇာတ်လမ်း၊ သီးချင်းတွေ ကို ရေးပေးရသေးသည်။

၁၉၀၀–ပြည့်နှစ်ရောက်သည့်အခါတွင်ကား သဌေးတစ်ယောက် နှင့် ဆက်မိ၍ ပျဉ်းမနားသို့ရောက်သွားလေသည်။ သူသည် သူဌေးကိုယ်စား လှယ်အဖြစ်ဖြင့် လွှစက်တည်ရေး၊ သစ်ပင်ခုတ်ယူရေးကိစ္စတွေကို သစ်တော ဘက်က လူများနှင့် တွေ့ဆုံပြောဆိုနေရသည်။

ကံကောင်းလေသည်မှာ တောအုပ်ကြီးဦးပန်းဒွေးဆိုသူသည်မြန်မာ မင်းများလက်ထက်ကတည်းက သစ်ဖက်က အမှုထမ်းခဲ့သူ ဖြစ်ကြောင်းကို တွေ့ရခြင်းပင်။ မြန်မာမင်းများလက်ထက်က အမှုထမ်းဖြစ်၍ မြန်မာစာ အထောက်ခံ ရှိလေသည်။ စာပေစုဆောင်း ဝါသနာရှိလေသည်။ ကိုဖိုးသိန်း

သည် ဦးပန်းဒွေး၏ပုရပိုက်မှ ရကန်ဖျက်ဦးလန်း၏ကဗျာများကို ရှားရှား ပါးပါး ကူးယူရရှိလေသည်။

သူဆက်လက်၍ ပညာရှာလိုလှတော့သည်။ စစ်ကိုင်း မန္တလေးမှစ၍ အထက်အညာဘက် ခရီးထွက်ဖို့ သူစိတ်ကူးမိလေသည်။ အထကအညာတွင် နန်းတွင်းရေး ကိုယ်တွေ့မျက်မြင် ဖြစ်ခဲ့သော ဝန်ဟောင်း၊ မှူးဟောင်းတွေ၊ အဲအန်၊ လူးတား၊ ရကန်မှန်မှန်ကန်ကန် ဆိုတတ်သူတွေ အသက်ရှင်လျက်ရှိသေးသည်။ ရှေးဟောင်း ဘုရားပုထိုးကျောင်းကန်တွေကလည်း တစ်ပုံချည်းပင်။ ကိုဖိုးသိန်းသည် သူဋ္ဌေးကိုယ်စားလှယ်အလုပ်ကို မခင်တွယ်ချင်တော့။ လမ်းခရီး တည်းခိုဖို့လည်း သူ့မှာမပူပင်။ ဘုန်းကြီးကျောင်းရှိလျှင် တည်းစရာရှိသည်မဟုတ်လား။ ထို့ပြင် သံလျင်တွင် သူအလုပ်လုပ်တုန်းက သိကျွမ်းခဲ့သော ရှေ့နေဦးထွန်းဦးကလည်း စစ်ကိုင်းတွင် ယခုရှေ့နေလိုက်နေသည်။ သို့ဖြင့် သူအညာသို့ ရောက်သွားပြန်လေသည်။

ထိုအခါ စစ်ကိုင်းတွင် ညောင်ပင်သာ ဦးပုညကို သူတွေ့ခွင့်ရလေသည်။ ဦးပုညမှာ လင်းဇင်းရပ် ဥယျာဉ်ထဲတွင် ဆင်းဆင်းရဲရဲ နေထိုင်ရရှာသည်။ အသက် ၇၀–ကျော်နေပြီ။ လူက ကောင်းကောင်းမမာ။ သို့သော် သူ့ကို မေး၍မြန်း၍ရသဖြင့် တော်ပါသေး၏။ ထိုဦးပုညထံမှ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ အပြိုင်အဆိုင် စာချိုးကြပုံများ၊ ဘိုးတော်မင်းတရားနှင့် ငယ်သူငယ်ချင်းများ ဖြစ်ကြသူ ဦးမှော၊ ဒေါ်တုတ်တို့ ဆက်သွယ်ကြပုံများကို ပြည့်ပြည့်စုံစုံ ကိုဖိုးသိန်း မှတ်သားရလေသည်။

တဖန် မန္တလေးတွင် ကင်းဝန်မင်းကြီး ဦးကောင်းထံမှ ဦးကြင်ဥနှင့် ဦးပုညပြဇာတ်တွေကို နန်းတွင်းနန်းပြင် ကပြကြပုံ ကြားနာရပြန်လေသည်။ ရကန်ဆိုနည်းကိုကား ကင်းဝန်မင်းကြီးက ညွှန်လေသဖြင့် မြေတူးဝန်ဦးမောင်မောင်ကြီးနှင့်အတူ စာတော်ဖတ် ဦးအုံထံသို့ ကိုဖိုးသိန်းသွားရလေသည်။ ဦးအံကက မဆိုင်းမတွပင် –

"စာရေးကြီးဆီ ကျွန်တော်လာသင်ရမလား၊ စာရေးကြီးက ကျွန်တော့်အိမ် လာသင်မလား"ဟု မေးလေသည်။ ကိုဖိုးသိန်းတို့က ဦးအုံဆီလာသင်ပါမည်အကြောင်းပြောဆို၍ ရကန်၊ သာချင်း၊ မော်ကွန်း၊ ပို့၊ ရတု၊ ရေစက်ချ ဆုတောင်းစာ စသည်တို့ ဆိုပုံကို ၁၀ရက်တိုင်တိုင် သင်ကြားရလေသည်။ ကျေးဇူးကြီးပေစွ။ နည်းစနစ်အမှန်ကို ခုမှရပေသည်။ သူသည် ငွေလွယ်လှသည်မဟုတ်သော်လည်း ငွေ ၃၀/– ကန်တော့လေသည်။ ဦးအုံကလည်း ကျေးဇူးပြန်တင်ကာ –

[illegible]

[illegible]

[illegible]

[illegible]

၂ - [illegible]

[illegible]

ဆရာသိန်းကြီး

ဆရာသိန်းကြီး၏ လက်ရေးနှင့် ဆရာသိန်းကြီးရေးစပ်သော တေးထပ်တင်ပုံ။

"သာခုမောင်ရယ်၊ သာခု၊ မောင်က သည်ငွေဥဝိ/–ကန်တော့ရတာနည်းသည်ဟု ထင်ပေလိမ့်မည်။၁၂၄၇–ခုနှစ်(၁၈၈၅ခုနှစ်)ကစ၍ ယခုနှစ်တိုင် ကျုပ်လုပ်စာသည် မောင်ကန်တော့သော ငွေဥဝိ/–ပဲရသေးသည်။ ကျုပ်စိတ်မှာ သုံးသောင်းလောက် ရသည်လို့ ဝမ်းမြောက်ပါသည်မောင်။ ဟောသည် ပုရပိုက်နှင့် မှတ်သားထားတာတွေ အများပဲရှိပါတယ်။ မောင်အလိုရှိရာကို ရှာဖွေကူးယူပါ" ဟု အခွင့်ပေးလေသည်။ ကိုဖိုးသိန်းလည်း ထိုပုရပိုက်ထဲမှ ယောအတွင်းဝန်ဦးလှိုင်အကြောင်းမှတ်စု၊ ဘိုးတော်မင်းတရားအကြောင်း၊ ဆရာတော်ဦးပုတ်နှင့် စပ်သော ဘုံကျော်ဆရာတော်၏ မှတ်စုစသည်ဖြင့် တဝကြီး ကူးယူရရှိလေသည်။

သည်လိုနှင့် အလုံ၊ မုံရွာ၊ မောင်းထောင်စသည်ဖြင့် နေရာအနှံ့ ကိုဖိုးသိန်းရောက်ခဲ့လေသည်။ သို့သော် ဆက်တိုက်ကားမဟုတ်။ သူက ဝမ်းရေးအတွက် ဖြတ်၍ဖြတ်၍ ဝင်ငွေရှာရပေသေးသည်။ သူသည် မဟာဗောဓိသတင်းစာတိုက်၊ ဇေယျာဝတီပုံနှိပ်တိုက်၊ အင်္ဂလိပ် – မြန်မာပုံနှိပ်တိုက်စသည်တို့တွင် ကြိုကြားကြိုကြားဝင်လုပ်ရသည်။ ထို့ပြင် ရပ်မှူရွာရေးတွင် ဝင်ဆောင်ရွက်ရင်း ဝမ်းမီးကိစ္စကလေး အေးအောင်ကြံရပေသေးသည်။ဆိုပါတော့မော်ပီမြို့က ရွှေမော်တင်ဂေါပကအဖွဲ့တွင် စာရင်းဝင်ကိုင်ပေးရသည်။ အလှူအတန်း မင်္ဂလာဆောင်စသည်တို့တွင် လိုက်၍ရတု၊ ဩဘာစာရွတ်ဖတ်ပေးရတတ်သည်။ သိမ်အောင်စာ၊ ဘုရားတည်ကျောက်စာ၊ သမိုင်းမော်ကွန်းများကို ရေးပေးတန် ရေးပေးရလေသည်။

ဝမ်းရေးဆောင်ရွက်ရာက အခွင့်သင့်သလို အထက်အညာသို့ သူပြန်ပြန်တက်၍ လိုရာရှာရလေသည်။ ၁၉၀၅–ခုနှစ်တွင် တွင်းသင်းမင်းကြီးဦးထွန်းညို၏ တူတော်သူ ဦးပေါဆယ်နှင့် သံချိုဆရာ ဦးကျော်လှတို့ကို တွေ့ဆုံလိုသဖြင့် မောင်းထောင်းကြီးရွာသို့ သူရောက်လေသည်။ ရွာတွင် ဦးပေါဆယ်ကို တွေ့ရ၍ စိန္တကျော်သူ ဦးဩ၏ ဗဒုံမြို့နယ်နိမိတ် အကြောင်းရတုကို သူဖတ်ရလေသည်။ သို့သော် ဦးကျော်လှကိုကားသူမတွေ့။ထိုရွာနှင့်ခြောက်မိုင်အကွာရှိ ကျောင်းရွာသို့ လိုက်သွားသည့်အခါမှ တွေ့ရလေတော့သည်။ ဦးကျော်လှကလည်း ကိုဖိုးသိန်း တကူးတကန့် လာရောက်သည်ကို သဘောကျသဖြင့်–

"တော်ပေ့ကိုရင်၊ ကိုရင်တစ်ယောက်ပဲ ထူးထူးခြားခြား ကျုပ်ထံရောက်အောင် လာနိုင်ပေတာအံ့ဩပါရဲ့၊ ကျေးဇူးတင်ပါရဲ့" ဟုကျောကို လက်ဖြင့် သပ်လေသည်။ သံချိုပုဒ်ရေ ၆၀–ကျော်ကိုလည်းကူးယူခွင့်ပေး

လေသည်။ အပြန်တွင်လည်း ကိုဖိုးသိန်းကို အလုံမြို့တိုင်အောင် မိမိ၏ နွားလှည်းဖြင့် လိုက်၍ပို့လိုက်လေသေးသည်။ ထို့အတူ နောင်နှစ် နောင်နှစ် များတွင်လည်း မုံရွာဘက်၊ ကြေးမှုံဘက်၊ သူရောက်ပြန်ကာ လူကြီးသူကြီး များထံမှ နန်းမတော်မယ်နုဆိုင်ရာ အချက်အလက်များကို ရခဲ့လေသည်။

ရန်ကုန်သို့ သူပြန်ရောက်သည့်အခါတွင်ကား သူဆည်းကပ်စရာ မေးမြန်းစရာဆို၍ ဘုန်းကြီး ဦးနာရဒနှင့် ရကန်ဆရာကြွေတို့ ရှိကြသည်။ ဦးနာရဒသည် အင်းစိန်ရွာမကျောင်း ဘုန်းကြီးဖြစ်၍ လောကီလောကုတ္တရာ၊ ဗဟုသုတအရာ၌ ကြွယ်ဝလေသည်။ ရကန်ဆရာကြွေမှာမူ အထက်မြန်မာ နိုင်ငံကို အင်္ဂလိပ်အသိမ်းတွင် မန္တလေးမှရန်ကုန်သို့ ဆင်းကာ နေထိုင်သူ ဖြစ်သည်။ ရတု ရကန် လေးချိုးကြီးအဆိုအပြုတွင် ကျွမ်းကျင်လှပေသည်။ ထိုပုဂ္ဂိုလ်များကို အရင်းခံထား၍ သူမေးရတော့သည်။ အကြောင်းမှာသူ့ဆရာ ဦးပုတ်နီ၊ အကြီးတော်ဦးသံမှိုတို့ မရှိကြလေတော့ပြီ။ ဦးပုတ်နီက ၁၈၉၅– ခုနှစ်တွင် ဆုံး၍ ဦးသံမှိုက ၁၉၀၄–ခုနှစ်တွင် ဆုံးခဲ့လေသည်။ စပ်မိ၍ ဆိုရလျှင် ဦးပုတ်နီအသက်ရှင်စဉ်က ခေတ်အလိုက် ရှေ့နေလိုက်ရ၍ပြောင် ပြောင်ရောင်ရောင် ရှိခဲ့ပါသေး၏။ ဦးသံမှိုမှာမူ မြန်မာပညာသက်သက်ဖြင့် အသက်မွေးရသူဖြစ်၍ အနည်းငယ် နွမ်းပါးခဲ့ဟန်တူလေသည်။ သူကွယ်လွန် သည့်အခါတွင်မှ ဘေးဘီက ဝိုင်းဝန်းကြသောကြောင့် အသုဘ သိုက်သိုက် မြိုက်မြိုက်ဖြစ်ခဲ့ရပေသည်။

❖

[ ၆ ]


## မျက်နှာဖြူအရာရှိကြီးများ၏ မြန်မာစာဆရာ

ကိုဖိုးသိန်းသည် ဦးသံမှိုလိုပင် မြန်မာပညာဖြင့် အသက်မွေးသူဖြစ်လေသည်။ ထို့ကြောင့် သူ့မှာလည်း ချောင်လည်ချည်တစ်ခါ။ ပြတ်ချည်တစ်လှည့် နေခဲ့ရပေလိမ့်မည်။ သို့သော် ၁၉၀၈–ခုနှစ်မှစ၍ သူ့အဖို့ စားရေးသောက်ရေး အဆင်ပြေစရာ ဖြစ်လာခဲ့လေသည်။ ထိုနှစ်တွင် သူ့မိတ်ဆွေဖြစ်သူ အင်းစိန်ရှေ့နေ ဦးသူတော်က နယ်ပိုင်ဝန်ထောက် စတူးဝပ်[၃]နှင့် သူ့ကိုဆက်သွယ်ပေးခဲ့လေသည်။

စတူးဝပ်သည် အိုင်စီအက် ဝန်ထမ်းထဲမှ ဖြစ်လေသည်။ အိုင်စီအက်အပါအဝင် ထိပ်တန်းအရာရှိများသည် (ထိုအချိန်အထိ) အင်္ဂလိပ်တွေသာဖြစ်ကြသည်။ အုပ်ချုပ်ရေးစနစ်အရ သူတို့တစ်တွေမှာ မြန်မာစကား၊ မြန်မာစာတတ်ဖို့ လိုလေသည်။ ထို့ကြောင့် မြန်မာစာ စာမေးပွဲကို ဖြေကြရမြဲ ဖြစ်သည်။ စတူးဝပ်မှာမူ ဝတ္တရားရှိ၍သာ မြန်မာစာသင်သည်မဟုတ်။ အာဗာဒိန်း–တက္ကသိုလ်မှာ နေစဉ်ကတည်းက ဂရိနှင့်လက်တင်လို ရှေးဟောင်း

---

၃. J.A.Stewart နောင် လန်ဒန်တက္ကသိုလ် မြန်မာစာပါမောက္ခ။



မြန်မာစာသင်တပည့်ကြီး ဂျေ အေ စတီးဝပ်ထံက
ဆရာသိန်းထံပေးစာ

စာပေတို့တွင် သူဝါသနာထုံခဲ့လေသည်။ ယခုလည်း မွန်မြန်မာကျောက်စာ၊ မြန်မာစာပေ၊ မွန်မြန်မာသမိုင်းတို့ကို လေ့ကျက်ချင်လေသည်။ ကိုဖိုးသိန်းသည် စတူးဝပ်ကို စာပေဗဟုသုတ သင်ပေးရင်း၊ စတူးဝပ်၏အိမ်တွင် သွားနေလေသည်။ စတူးဝပ်နယ်ပြောင်းသွားသည့်အခါမှ အခြား အင်္ဂလိပ်အရာရှိများကို ဆက်သင်ရလေသည်။

သူ သင်ပေးရသူများမှာလည်း အိုင်စီအက်ထဲမှ၊ ပိတ်[၄]၊ ဖာနီဗယ်[၅]၊ ဒန်း[၆]၊ ဆွီသင်းဗင့်[၇]၊ ပုလိပ်ဝန်ထမ်းထဲမှ ဂျိမ်း[၈]၊ ပညာရေးဝန်ထမ်းထဲမှ ဖရေဇာ[၉]၊ဒူရွာဇယ်[၁၀]၊ စသည်ဖြင့် တစ်သီချည်းဖြစ်သည်။ သူ့မှာ ဗဟုသုတကလည်းကြွယ်ဝ၊ ဟာသကလေးနှော၍လည်း သင်တတ်ပြတတ်သဖြင့် ဆရာသိန်း–ဆရာသိန်းနှင့် အင်္ဂလိပ်များက သူ့ကိုခင်ကြခေါ်ကြသည်။ တစ်ယောက်သင်ပြီးလျှင် နောက်တစ်ယောက်ထံ ဆက်၍ ပို့ပေးတတ်လေသည်။ အောက်ပါစာကိုကြည့်ပါလေ။

ဧပြီလ ၁၁–ရက်နေ့

ကျွန်ုပ်ပိတ်သခင် ဆရာသိန်းထံသို့ စာရေးလိုက်သည်။ အကြောင်းမှာ တစ်နေ့က သရက်မြို့မှာရှိသည့် ကြေးတိုင်ဝန်မင်း မယ်ခင်ဇီသခင် စာတစ်စောင်ပေးပါသည်။ ၎င်းစာအတိုင်း ဆရာသိန်း သရက်မြို့သို့ ဧပြီလ ၁၅–ရက်နေ့လာလျှင် ၎င်းရနေ့စ၍ ဆရာသိန်းဟိုမှာထား၍ စာသင်လိမ့်မည်ဟု ရေးပါသည်။ သို့အတွက် သည်စာရောက်လျှင်ရောက်ခြင်း ဆရာသိန်း သရက်မြို့သို့ သွားလျှင် ကောင်းမည်ဟု ထင်ပါသည်။

ဘုရားများ၏ ဓာတ်ပုံကို တစ်ခုမှမရိုက်ရသေးပါ။ အချိန်ရှိလျှင် ရိုက်မည်။

ကြေးတိုင်ဝန်ပိတ်က မယ်ခင်ဇီဆိုသူနှင့် ဆက်သွယ်ပေးခြင်း ဖြစ်လေသည်။

---

၄။ A.J.Page, နောင် တရားလွှတ်တော်ဝန်ကြီးချုပ်။
၅။ J.S.Furnivall. နောင် မြန်မာအစိုးရအတိုင်ပင်ခံ။
၆။ C.W.Dunn နောင် သမဝါယမမင်းကြီး။
၇။ B.W.Swithinbank နောင် မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီး၏ အတိုင်ပင်ခံ။
၈။ C.A.James. နောင် ရာဇဝတ်ဝန်ကြီး။
၉။ G Fraser. နောင် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပါမောက္ခ။
၁၀။ Duroiselle နောင် ကျောက်စာဝန်။

Education Department—No. [illegible]

From

The Hon'ble Mr. C. M. WEBB, I.C.S.,
Secretary to the Government of Burma

To

Saya Thein,
No.1, Church Road, Rangoon.

Maymyo, the [illegible] September 1919.

Sir,

In reply to your letter dated the 28th August 1919, I am directed to say that there are no rules for the study of Burmese History, Buddhism, and poetry in the Government High School, Rangoon, and that [illegible] no appointment for the teaching of these subjects exists. The Director of Public Instruction, Burma, who was consulted in the matter, has advised that it is not possible at present to create such an appointment in the Government High School, Rangoon. I am to say that if such an appointment is created in future your candidature will be considered.

I have the honour to be,
Sir,
Your most obedient servant,

Secretary.

ပညာရေးဌာနအတွင်းဝန် စီအမ်ဝက်ဘ က ဆရာသိန်းအတွက်
ရန်ကုန်ဟိုက်စကူး၌ အလုပ်မပေါ်သေးကြောင်း ပြန်ကြားစာ

နောက်စာကြောင်းသဘောကို အနည်းငယ်ရှင်းပြရဦးတော့မည်။ သူ့ကိုလည်း ဆရာသိန်းဟူ၍ စခေါ်လိုက်တော့မည်။ ဆရာသိန်း စာသင်ပေးခဲ့သော အင်္ဂလိပ်အရာရှိများသည် တာဝန်အလျောက် မြို့ရွာအနှံ့ ရောက်ကြလေသည်။ ဤတွင် ဆရာသိန်းက သူစိတ်ဝင်စားသော ရှေးဟောင်းပစ္စည်း၊ ရှေးဟောင်းအချက်အလက်နှင့်စပ်၍ (နယ်ကမိတ်ဆွေသာမက) အင်္ဂလိပ်အရာရှိထံ စာရေးစုံစမ်းတတ်လေသည်။ နယ်ခံလူခံထံမှ ဘုရားဓာတ်ပုံများလိုလိုရာပစ္စည်းများကိုရတတ်သဖြင့် သူ့မှာ အချိန်ကုန် ငွေကုန်သက်သာလေသည်။ အထူးသဖြင့် (တည်ထောင်စဖြစ်သော) မြန်မာနိုင်ငံသုတေသနအသင်းအတွက် အချက်အလက် ကူညီပေးပို့နိုင်သောကြောင့် ကျေးဇူးများပေသည်။

မြန်မာနိုင်ငံ သုတေသနအသင်းကို အဘိဓာန်ဆရာ ဦးထွန်းငြိမ်း၊ အိုင်ဒီအက်စတူးဝပ်၊ အိုင်စီအက်ဖာနီဗယ်၊ ဝတ်လုံဦးမေအောင်တို့က ၁၉၁၀–ခုနှစ်ကပင် တည်ထောင်ခဲ့လေသည်။ တည်ထောင်ရန်စိတ်ကူးကိုကားဂျိုးဒယားပြည် ဗန်ကောက်မြို့နေ မြန်မာလူမျိုးဖြစ်သူ ဦးအောင်သိန်းထံမှ ရလေသည်။ ထိုစဉ်က ဦးအောင်သိန်းသည် ယိုးဒယားအစိုးရ၏ သစ်တောဝန်ထမ်းဖြစ်လေသည်။ ယိုးဒယား(သုတေသန)အသင်းတွင်လည်း ပါဝင်ဆောင်ရွက်နေသူဖြစ်သည်။

ထိုဦးအောင်သိန်းက သူ့ဆရာဟောင်း ဖြစ်ခဲ့သူ ဦးထွန်းငြိမ်းထံသို့ ယိုးဒယားအသင်း ဂျာနယ်တစ်စောင်ကိုပို့လိုက်ပါ၏။ ထိုဂျာနယ်သည်လည်း ဦးထွန်းငြိမ်းထံမှတဆင့် ဖာနီဗယ်လက်ထဲသို့ ရောက်ရှိသွားလေသည်။ ထိုအခါ ဖာနီဗယ်တို့တစတွေက အကြံရကာ မြန်မာနိုင်ငံ သုတေသနအသင်းကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။

ဆရာသိန်းမှာလည်း စတူးဝပ်မျက်နှာနှင့်ထင်ရဲ့၊ အသင်းအတွက် စာဟောင်းပေဟောင်း စုဆောင်းရသော အလုပ်ရခဲ့ပြန်သည်။ စတူးဝပ်က တိုက်တွန်းသဖြင့် မွန်ရာဇဝင်ဆိုင်ရာ ပေပုရပိုက်များကို ပဲခူးဘက် ကတိုးကော့နပ်ဘက်သို့ အရှာထွက်ခဲ့ရသေးသည်။ အသင်းဂျာနယ်တွင်လည်း ရှင်စောပုအကြောင်း၊ ရှေးခေတ်ရန်ကုန်အကြောင်း ဆောင်းပါးများကို ဝင်ရေးလေသည်။

အမှန်ဆိုရလျှင်သူသည် သုတေသနအသင်း ဂျာနယ်လောက်သာမက၊ သူရိယ၊ မြန်မာ့အလင်း စသော ခေတ်ပေါ်ဂျာနယ်၊ မဂ္ဂဇင်းများတွင်လည်း မကြာမကြာ ဆောင်းပါးရေးသားလေသည်သာဖြစ်သည်။ မဟာဂီတ

ဦးပြုံးချို၊ စပယ်ပင်ဝတ္ထုရေးဆရာ၊ ဦးလတ်စသော စာပေသမားများနှင့်လည်း ဂျာနယ်မဂ္ဂဇင်းထဲမှနေ၍ မကြာခဏ စာပေရေးရာ ဆွေးနွေးလေ့ ငြင်းခုံလေ့ ရှိသည်။ ပေါရာဏဒီပနီကိုလည်း ပထမတွဲ၊ ဒုတိယတွဲခွဲ၍ သူ ထုတ်ဝေထား သည်။ ထို့ကြောင့် တစ်နေ့ တစ်နေ့ မှတ်စုထုတ်၊ ဆောင်းပါးရေးနှင့် အလုပ် များနေတတ်လေသည်။

ခက်သည်မှာ သူ့အရွယ်က ၅၀–ကျော်လာပြီ။ အိမ်မှုကိစ္စအရာရာ ကို ကိုယ်တိုင်လိုက်ကြည့်ဖို့ စိတ်ပန်းစရာ ဖြစ်နေသည်။ သို့ဖြစ် ထိုနှစ်များ အတောအတွင်း ဆရာသိန်းသည် မော်ပီမြို့ ဆိုင်းဆရာကြီး ဆရာချိန်၏ အစ်မ ဒေါ်စိုးကြွယ်ဆိုသူနှင့် အိမ်ထောင်ပြုခဲ့ရလေသည်။

❖

[ ၇ ]

## မြန်မာမှု မြန်မာစာပေပြုစုရေးသို့

ဆရာသိန်းမှာ စားအိုး ကြီးလာသော်လည်း အိန္ဒြေမပျက်လှ။ အင်္ဂလိပ်အရာရှိတွေကို မကြာမကြာ စာသင်ပေးနေရသည်။ အစိုးရထံမှ လည်း ကြားပေါက်အလုပ်များ ရတတ်လေသည်။

၁၉၁၆–ခုနှစ်(ပထမကမ္ဘာစစ်ကြီးအတွင်း)တွင် ပညာရေးဌာနက မြန်မာစာညွှန့်ပေါင်း စုဆောင်းရေး အကြံပေးဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ လေသည်။ ရည်ရွယ်ချက်မှာ ဗြိတိသျှအင်ပိုင်ရာ (လက်နက်နိုင်ငံတော်) အပေါ် ကျောင်းသားများ သစ္စာစောင့်သိစိတ်ပွားများစေရန်အတွက် သင့် လျော်သော မြန်မာစာကို စုဆောင်းပြဋ္ဌာန်းပေးရန်းဖြစ်သည်။

စုဆောင်းတည်းဖြတ်ရန် တာဝန်ခံအယ်ဒီတာမှာ အငြိမ်းစား အရေးပိုင် ဦးကျော်ဒွန်းဖြစ်လေသည်။ သို့သော် ဦးကျော်ဒွန်းတစ်ဦးတည်းနှင့် အလုပ်ကဖြစ်။ ဤတွင် ဆရာသိန်းအကူအညီလိုလာလေသည်။ ဆရာသိန်းမှာ စာဟောင်းပေဟောင်း အစုဆောင်းတွင် ပထမတန်းမဟုတ်လော။ တစ်ဖန် အထက်မြန်မာနိုင်ငံဘက်မှ စာပေနှံ့စပ်သူ တစ်ယောက်လည်း လိုသေးသည်။ မန္တလေးက ဆရာဦးသန့်စင်ကိုလည်း ခန့်ဦးမှဖြစ်မည်။ ဦးကျောင်ဒွန်းသည် ဆရာသိန်းနှင့် ဆရာဦးသန့်စင်တို့ကို လက်ထောက်အယ်ဒီတာများအဖြစ် ခန့်အပ်ခဲ့လေသည်။

41, Park Road.
Rangoon.
29/4/10.

I have known Saya Thein for over a year. He has been teaching me Burmese and introducing me to the history and archaeology of Burma. He is an excellent teacher, and has a great store of information which is extremely useful for anyone who wishes to study Burma and the Burmese. He has written many valuable articles for the Burma Research Society's Journal. His pawrana dictionary is, I believe, a standard work. His keenness and enthusiasm in research are entirely admirable. He is preserved from many of the futilities of other Burmese Scholars by his keen sense of humour, which also makes his lessons very entertaining. He has some curious whims and fancies which are simply evidences of an attractive personality.

I recommend him heartily to anyone who wishes the help of a Burmese Scholar in studying the language, literature, history, or archaeology of the country.

Sd/- W. G. Fraser, I. C. S.

---

တပည့်ကြီး ဒဗျူ ဂျီ ဖရေဇာ၏ ဆရာသိန်းအတွက် ထောက်ခံစာ

သို့ဖြင့် ဘုတ်အဖွဲ့သည် ပထမငါးလအတွင်း ရည်ရွယ်ချက်အတိုင်း စာစုဆောင်းခဲ့ပါ၏။ ထိုစာများမှာ ဘုန်းတော်ဘွဲ့စာမျိုး၊ မင်းတို့ကြီးကျယ် မြင့်မြတ်ပုံပြစာမျိုး၊ သစ္စာစောင့်သိပုံပြစာမျိုးများသာ ဖြစ်နေရာ၊ နယ်ကျဉ်းနေလေသည်။ ကျောင်းသားများ၏အကြိုက်တွေ့ချင်မှလည်းတွေ့လိမ့်မည်။ ထိုအခါ စာစုခြင်းစု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ပုဂံခေတ်မှ ရတနာပုံနောက်ပိုင်းခေတ်အထိ အပိုင်းငါးပိုင်းခွဲ၍ ကျောက်စာ၊ ပြဇာတ်၊ ကဗျာ၊ လင်္ကာ၊ ရာဇဝင်၊ စကားပြေ၊ ဝတ္ထုတို့မှစာညွှန့်မှန်သမျှကို ရွေးထုတ်ပြုစုရန် ဘုတ်အဖွဲ့က ဆုံးဖြတ်လေသည်။

တစ်ဖန်စာမူကို လက်ရှိပုံနှိပ်စာ၊ ပေစာတို့သာမက၊ ဘုန်းကြီးကျောင်းများတွင်လည်းကောင်း၊ ကိုယ်ပိုင်စုဆောင်းထားသူများထံမှလည်းကောင်း၊ ရှာဖွေစုဆောင်းရန်လည်းစီမံရပြန်လေသည်။ ထိုအခါ ဆရာသိန်းတို့မှာ ပညာမင်းကြီးရုံးတွင်ထိုင်၍စာတည်းဖြတ်နေကြရသည်သာမကသေးနယ်သို့ထွက်၍ထွက်၍၊ စာစုဆောင်းကြလေသေးသည်။

ထိုအလုပ်သည် ၁၉၁၇–ခုနှစ်ကုန်အထိကြာလေသည်။ ထိုအလုပ်ရပ်သိမ်းအသွားတွင် ဒုတိယပညာမင်းကြီး မစ္စတာဝှိုက်က[၁၁] ပညာရေးဌာနစာစစ်စာပြင်ဘက်တွင် တလဂဝိစားပါဠိဆရာ တစ်နေရာရှိသည်။ ထိုနေရာဝင်လုပ်ပါဟု ဆရာသိန်းကိုပြောလေသည်။

ဝှိုက်နှင့်ဆရာသိန်း ဆက်သွယ်မိခဲ့ပုံမှာ ဤသို့ဖြစ်လေသည်။ ဝှိုက်သည် နေ့လယ်အားလပ်ချိန်တွင် ဆရာသိန်းတို့ အခန်းသို့လာ၍ စကားပြောတတ်သည်။ စာနှင့်ပတ်သက်၍ မသိသည်ကိုလည်း မေးတတ်လေသည်။ ရေးပြီးသား မြန်မာပါဠိစာတွေကိုလည်း အဓိပ္ပာယ်ကောင်းအောင် ပြင်ခိုင်းတတ်လေသည်။ တစ်စတစ်စနှင့် သူသည် ဆရာသိန်းကိုခင်လာ၊ အထင်ကြီးလာသောကြောင့် ပါဠိဆရာအလုပ်ကို ပေးခဲ့ခြင်းဖြစ်သည်။

တလ ၈၀ စား ပါဠိဆရာအလုပ်သည် မဆိုး။ လူပြန်တော်များသွားရည်ယိုစရာ အလုပ်ဖြစ်လေသည်။ သို့သော် ဆရာသိန်းက ထိုအလုပ်ကိုလက်မခံခဲ့။ အလုပ်ကိုဖြစ်အောင် လုပ်နိုင်ပါသော်လည်း သူ့မှာ ငယ်ငယ်ကပါဠိစနစ်တကျ မသင်ခဲ့ရ၍ မလုပ်လိုပါ။ မြန်မာဘာသာဘက်က အလုပ်မျိုးကိုသာ လိုချင်ပါသည်ဟု ဆရာသိန်းက ပြန်ပြောလေသည်။ ပညာရေးဌာနတွင် ဆရာသိန်းလိုချင်သော မြန်မာဘက်က အလုပ်မျိုးကား မရှိပါလေ။

---

၁၁. O.M.B. White

Office of the Director of
Agriculture.

Rangoon, the 20th March 1923.

Jaya Thein is a very worthy old gentleman who has a reputation for teaching Burmese. As an Akyosaung he has done good work I understand in Cooperation: I came across some of his work while I was Joint Registrar in 1919-20. He is a very pleasant man to deal with.

Sd/- J. Clague.

Office of the
Registrar, Co-operative Societies,
Burma,

Rangoon, the 18th May 1923.

Jaya Thein has been known to me for several years. He is a well known Burmese writer who contributes articles to the Burma Research Journal. He has travelled as an unofficial organiser of Cooperative Societies and has had his travelling expenses paid by the Cooperative Societies Department.

I believe him to be a man of good character and industry.

Sd/- C. B. Dun,
18-5-23.

တပည့်ကြီးများဖြစ်ကြသော ဂျေကာလော့နှင့် စီဘျူဒန်းတို့၏
ဆရာသိန်းအတွက် ထောက်ခံစာနှစ်စောင်။

ကျောင်းများတွင်လည်း မြန်မာဘာသာ သက်သက်ကို သင်ပြရန် ဆရာအလုပ်ဟူ၍မရှိ။

ကိစ္စမရှိပါ။ များမကြာမီ သူ့အတွက် နေရာကျလာသည်မှာ သူစာသင်ပေးခဲ့ဘူးသော ဒန်းနှင့်ကလပ်၁၂ဆိုသူတို့သည် သမဝါယမဘက်တွင် မင်းကြီးနှင့်တွဲဘက်မင်းကြီးဟူ၍ ဖြစ်လာခဲ့ခြင်းပင်။ အစိုးရက သမဝါယမလုပ်ငန်း ငွေစုငွေချေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်လေသည်။ သို့ဖြင့် ဆရာသိန်းကို အင်းစိန်နှင့် ဟံသာဝတီစီရင်စုများအတွက် ဝါဒဖြန့်ချိရန် အကျိုးဆောင်တရားဟောဆရာ ခန့်လေသည်။ ခရီးစရိတ်ကို ဌာနကထုတ်ပေးလေသည်။ သည်လိုအလုပ်မျိုးလုပ်လိုက်၊ အင်္ဂလိပ်စာတွေ သင်ပေးလိုက၊ ရပ်ရေးရွာမှု ဆောင်ရွက်လိုက်နှင့် ဆရာသိန်းသည် နှစ်အတော်ကြာလုပ်နေခဲ့ဟန်တူလေသည်။ သို့သော် ထိုနှစ်များတွင် သူခိုင်ခိုင်မာမာ စာအုပ်များထုတ်ဖြစ်လာသည်။ ၁၉၂၃–ခုနှစ်တွင် “ဒွန်းစဏ္ဍားနှင့် မင်းသမီးညားပုံ” ကို လည်းကောင်း၊ ၁၉၂၆–ခုနှစ်တွင် “ပါးစပ်ရာဇဝင်”၊ ပထမတွဲ စာအုပ်ကိုလည်းကောင်း၊ သူထုတ်လေသည်။

ထိုစာနှစ်အုပ်စလုံးသည် ယခင်ကထုတ်ခဲ့သော ပေါရာဏဒီပနီနှင့်မတူ။ ပုံဝတ္ထုများ ဖြစ်ကြလေသည်။ “ဒွန်းစဏ္ဍားနှင့် မင်းသမီးညားပုံ” ဝတ္ထုဇာတ်လမ်းသည် ပြစ်မှုတစ်ခုကြောင့် ပညာရှိ ယောကျ်ားပျိုတစ်ဦးမှာ “ဒွန်းစဏ္ဍား ယာယီလုပ်နေရပုံ၊ ထိုဒွန်းစဏ္ဍား၏ စကားလေးလုံးကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ဘဝတွင် အကျိုးကျေးဇူးများခဲ့ရပုံအကြောင်းဖြစ်လေသည်။ ဇာတ်လမ်းသည် ရှေးလူကြီးသူမများ ပြောလေ့ရှိကြသော ရှောင်စရာ၊ ဆောင်စရာ၊ နီတိပုံပြင်အမျိုးအစားမျိုးပင်ဖြစ်သည်။ သို့သော် ရေးပုံမှာ ရှင်းလင်း၍ မြန်မာပီသလှသည်။ စာလုံးပေါင်းကိုလည်း ရှေးမူအတိုင်းထားလေသည်။

“ပါးစပ်ရာဇဝင် ပထမတွဲ”မှာမူ ဘိုးတော်မင်းတရားနှင့် ဝန်ကြီးအတွင်းဝန်များ၊ ရှောင်းရင်းဖက်များအကြောင်းကို ဖော်ပြသော စာအုပ်ဖြစ်လေသည်။ စာအုပ်ပါအကြောင်းအရာကို ညောင်ပင်သာဦးပုည၏ နှုတ်ပြောစကား၊ ဘုံကျော်ဆရာတော်၏ မှတ်စုစသည်တို့ဖြင့် ဆရာသိန်းက အခြေတည်၍ ရေးသားခဲ့ခြင်းဖြစ်သည်။ ရေးပုံမှာ သွက်လည်းသွက်၍ ဟာသလည်းရှိသည်။ အကြောင်းအရာ မှန်သည်၊ မမှန်သည်အပထား ဖတ်ရကွင်းကွင်းကွက်ကွက် ရှိလေသည်။

---

၁၂. J.Clague

ဤတွင် ကျမ်းပြုဆရာ ဆရာသိန်းကိုယ်တိုင်က

"ပညာရှိတို့ မိန့်ဆိုသည်ကို နာခံမှတ်သားရဖူးသည်ကား –

၁။ ကမ္ဘည်းကျောက်စာ ရာဇဝင်ကား ရှေးရှေးကြီးက သုံးသော စကားအတိုင်း ကရိယာ အပိုနည်းလျက် ရှေးသုံးအက္ခရာတို့နှင့်သာ တိတိကျကျ ရေးသားကြရပေကြောင်း။

၂။ မင်း၏မိန့်တော်နှင့် ရေးသားရသော ရာဇဝင်ကား အမှန်နည်းသည်။ အကြွားများသည်။ အချီးအမွှောက်များသည်။ မင်း၏အလိုတော်ကျအတိုင်း ရေးသားကြရပေကြောင်း။

၃။ ဇာတ်ရာဇဝင်ကား အလွမ်းအဆွေးများပေကြောင်း။

၄။ ပါးစပ်ရာဇဝင်ကား ရာဇဝင်၌ပါသည်ထက် အကားအားကြီးပေကြောင်း။

ဟူ၍ ပညာရှိကြီးတို့ မိန့်ဆိုသည်ကို နာခံမှတ်သားရဘူးသည်"။ ဟူ၍စကားပျိုးခဲ့လေသည်။ "ပါးစပ်ရာဇဝင်" စာအုပ်ကို ဖတ်ရသော သူရိယသတင်းစာ တိုက်အယ်ဒီတာ (နောင်သူကြီး ဂေဇက်အယ်ဒီတာ) ဦးခင်မောင်ကလည်း ဤစာအုပ်တွင် မင်းမိန့်နှင့်ရေးသော ရာဇဝင်အဖြစ်အပျက်မျိုးမပါ၊ ရာဇဝင်တွင်မထည့်သော လူကြီးသူမများ အစဉ်အလာအရ ပြောဆိုခဲ့ကြသောအဖြစ်အပျက်တွေပါသည်။ စာအုပ်လာ ဘိုးတော်မင်းတရားနှင့်သူ့ဝန်များ၊ သူ့ရောင်းရင်းဘက်များ ပြောဆိုပြုမူပုံမှာ သူတို့အသက်ရှိစဉ်ကအတိုင်း ပြောဆိုပြုမူပုံတွေပါသည်။ သဘာဝယုတ္တိရှိသည်ဟူ၍ ချီးကျူးခဲ့လေသည်။ (နောက်ဆက်တွဲတွင်ရှု)

"ပါးစပ်ရာဇဝင်"စာအုပ်တွင်လည်း အစိုးရကျောင်းသုံး ဖြစ်လာခဲ့လေသည်။ ဤသည်ကောင်းသောလက္ခဏာတစ်ရပ်ပင်။ အင်္ဂလိပ်အုပ်စိုးစအခါက မြန်မာစာ၊ မြန်မာမှုသည် ပညာရေးဌာန၏ ထိထိရောက်ရောက် အားပေးခြင်းမခံခဲ့ရ။ လောင်းရိပ်မိနေခဲ့လေသည်။ ထို့နောက် ၁၉၂၀–ပြည့်နှစ်တွင် ကောလိပ်သပိတ်မှောက် ကိစ္စကြီးဖြစ်ပြီး၊ အမျိုးသားကျောင်းများ ပေါ်လာသည်။ (တည်စ) တက္ကသိုလ်တွင် မြန်မာစာဂုဏ်ထူးတန်း ဖွင့်လာခဲ့ရာ မြန်မာစာပေ၊ မြန်မာမှုလေ့လာရေးသည် အရှိန်ရလာခဲ့လေသည်။ ဆရာသိန်း၏ "ပါးစပ်ရာဇဝင် ပထမတွဲ"သည်လည်း ထိုအချိန်တွင် ပါခဲ့လေတော့သည်။

❖

[ ၈ ]

## ဆရာသိန်း၏ရုပ်သွင်နှင့် သူ့ဓလေ့

ထိုအခါ ဆရာသိန်းအားတက်မိလေသည်။ စာကိုလည်းဆက်ရေးပါ၏။ "ပါးစပ်ရာဇဝင် ဒုတိယတွဲ" ထုတ်ဝေပြန်ပါသည်။

ထိုစာအုပ်သည် နန်းမတော်မယ်နုနှင့် သူ့ခေတ် အကြောင်းကို ရေးပြသော စာအုပ်ဖြစ်လေသည်။ ပထမတွဲလောက် မကောင်း။ ဆောင်းပါး ရှည်လည်းမက၊ ဇာတ်လမ်းသဘောလည်း မကျဖြစ်နေသည်။ သို့သော် ဆရာသိန်းသည် မြန်မာနိုင်ငံ သုတေသနအသင်း လုပ်ထုံးနှင့် နီးစပ်လာ၍ ထင်ရဲ့ နန်းမတော်မယ်နုအကြောင်းကို စိစစ်ဝေဖန်ပုံမှာ နည်းစနစ်ကျလေသည်။ သူသည် သူ့စာအုပ်ကို ပါးစပ်ရာဇဝင်ဟုသာ လွယ်လွယ်အမည်မှည့်ထားသည်။

တကယ်ဆိုလျှင် လူကြီးသူမတွေထံမှ ရောက်တတ်ရာရာ ကြားသမျှကို ကျောက်စာတွက်၊ ကျမ်းဂန်ထွက် အချက်အလက်တွေနှင့်ရော၊အခြား သုတေသီများ၏ တင်ပြချက်တွေနှင့်ပါ နှိုင်းယှဉ်ထားသည်ဖြစ်ရာ အားရလောက်ပေသည်။

ဆရာသိန်း၏ဩဇာသည် စာဖတ်ပရိသတ်ထဲတွင် တစ်စတစ်စ ပြန့်နှံ့လာခဲ့သည်။ သူ့စာကိုဖတ်ရင်း သူ့ကိုကြည်ညိုလာကြသူများလည်း အပုံပင်ဖြစ်သည်။ သူ့ကို တွေ့လိုသိလိုသူများလည်း လူကြီးသာမက၊လူငယ်

တွေလည်း ပါဝင်လေသည်။ ကိုယ်တိုင် တွေ့ကြုံသူများကလည်းသူ၏ထူး ခြားသော စရိုက်သဘာဝကို တစိုးတစိ မြင်တွေ့ကြရသည်။

ပမာအားဖြင့် စာရေးဆရာ ဇေယျ၏ ကိုယ်တွေ့ကို ပြန်ပြောရင်း ရေးရဦးမည်။ ဇေယျသည် ပြည်–ဇီးကုန်းဘက်မှ ရန်ကုန်သို့ရောက်လာက တည်းက ဆရာသိန်း၏ စာများကို သတင်းစာဂျာနယ်များတွင် ဖတ်လာခဲ့ သူဖြစ်လေသည်။ အထူးသဖြင့် သူစာသင်ခဲ့ရာ ပြည်–သရေခေတ္တရာဆိုင်ရာ အတိုင်းအတာ ရှေးဟောင်းအမှတ်အသားများအကြောင်းကို ဆရာသိန်း၏ ဆောင်းပါးတစ်ပုဒ်တွင် ဖတ်ရသောအခါ ပို၍စိတ်ဝင်စားလာလေသည်။

သူသည် သူရိယသတင်းစာတိုက်မှ ဦးခင်မောင်နှင့် ရံဖန်ရံခါ တွေ့ တွေ့နေရသည်။တစ်နေ့သ၌ ဆောင်းပါးတစ်ပုဒ်ပေးရန်ဟု ဦးခင်မောင် ၏ အခန်းသို့ သူဝင်သွားလေသည်။ အခန်းထဲတွင် ဦးခင်မောင်ကိုသာ မဟုတ်၊ အခြားပုဂ္ဂိုလ်တစ်ယောက်ကိုလည်း သူမြင်ရပါလေသည်။ သူမြင် ရပုံမှာလည်း ထူးလှပေသည်။

လူပုံပန်းမှာ ပိန်ပိန်ရှည်ရှည်၊ မျက်နှာပေါက်ပေါ်ပေါ်၊ ပါးချိုင့်ချိုင့် ဖြစ်လေသည်။ ခေါင်းတွင် ကွမ်းသီးလုံးခန့်သျှောင်ကလေးကို ပတ်၍၊နှစ်စ ထောင်ခေါင်းပေါင်းဖြူဖော့လုံး ပေါင်းထားသည်။ အင်္ကျီမှာ ပိတ်ဖြူတိုကျပ် ကျပ် ကြယ်သီးစုံတပ်ထားသည်။ ပုဆိုးမှာ ချည်ထည်၊ အနက်စင်းအဖြူခံ ဖြစ်လေသည်။ မြန်မာဆန်လှသော ပုံသဏ္ဌာန်ပါပေ။

ဇေယျသည် ထိုပုဂ္ဂိုလ်ကို မြင်လျှင်မြင်ချင်း၊ မော်ပီဆရာသိန်းဟူ၍ စိတ်ထဲကထင်မိလေသည်။ ခုလို ဦးခင်မောင်က မိတ်ဆက်ပေးသည့်အခါ၌ ကား သေချာသွားလေသည်။

သူသည် အားရဝမ်းသာနှင့် –

"ဆရာကြီးခင်ဗျာ၊ ဆရာကြီးရဲ့ စာတွေကိုဖတ်ရကတည်းက ကျွန် တော် အင်မတန်မှ ကြည်ညိုပြီးဖြစ်ပါတယ်" ဟုပြောရင်း လက်အုပ်ချီ ကန်တော့လေသည်။

ဇေယျမြင်တွေ့ရသည့် ဆရာသိန်း ပုံသဏ္ဌာန်သည် ပရိတ်သတ်က သူ့ကိုမြင်တွေ့စေချင်သော ပုံသဏ္ဌာန်ဖြစ်လေသည်။ သူ့မှာ ရှေးမူရှေးဟန်ကို အစွဲကြီးလှသည်။ ဇာတ်ရုပ်သေးတွေ ညလုံးပေါက် ကပြနေကြသည်ကို ပြုပြင်ဖို့ အမျိုးသား(ကျောင်း)ပညာဝန် ဦးဖိုးကျားတို့တစ်တွေက ရေးကြ ပြောကြလျှင်သူက ညလုံးပေါက်ပြခြင်းမှာ အရိုးအစဉ်အရ ဖြစ်သည်။ညလုံး ပေါက်ပွဲကြည့်၍ မကျန်းမမာဖြစ်ပြီး သေကျေပျက်စီးသည်ဟု မကြားရဘူး

ကြောင်းပြန်ချေတတ်လေသည်။ ထို့အတူ ရှေးရိုးဓလေ့အတိုင်း နေထိုင်စားသောက်မှုကို သူက စုံစုံမက်မက် ရှိလှသည်။

ကြည့်ပါ။ ဆရာသိန်းသည် အိမ်တွင်နေသည့်အခါ ချည်ဖြူနုံငယ်ဝတ်နေတတ်လေသည်။ စားသောက်သည့်အခါတွင်လည်း ယွန်းဒေါင်းလန်းကြီးတွင် ဟင်းခွက်များကိုထည့်၊ ဒေါင်းလန်းငယ်တွင် ထမင်းထည့်၍စားတတ်လေသည်။ ရေသောက်ရန်အတွက်မူ အုန်းမှုတ်ကို အချောပြုလုပ်၍ လက်ကိုင်ကြေးကွင်း တပ်ထားသော ရေသောက်ခွက်သုံးလေသည်။

သူအပြင်သို့ သွားသည့်အခါ၌လည်း ဖေယျမြင်ခဲ့သည့်အတိုင်း ဝတ်စားဆင်ယင်၍ လွယ်အိတ်တစ်လုံးလွယ်ကာ ထွက်တတ်သည်သာများလေသည်။

အပြင်သွားသည့်ကိစ္စတွင် ဦးခင်မောင်လို ရန်ကုန်နေ စာပေသမားတွေ၊ တပည့်တပန်းတွေနှင့်တွေ့ဆုံဖို့အရေးလည်းပါလေသည်။ ရန်ကုန်မြို့ထဲတွင် (အယ်ဒီတာ) ဦးခင်မောင်၊ ပဲခူးတိုင်းမင်းကြီးဆွိသင်းဗင့်၊ သူရိယမဂ္ဂဇင်းအယ်ဒီတာ ဦးသိမ်းမောင်၊ အမျိုးသားပညာဝန် ဦးဖိုးကျားစသူများရှိကြသည်။ ထိုသူများမှာ ကိုယ့်ဂုဏ်နှင့်ကိုယ် ထူးခြားကြသူချည်းပင်။

ရန်ကုန်တိုင်း သတင်းစာတွင် “တောသား” ကလောင်အမည်ဖြင့် အင်္ဂလိပ်လို ကြွကြွရွရွကလေး ဆောင်းပါးရေးတတ်သူမှာ ဦးခင်မောင်ပင် မဟုတ်လား။

ဆွိသင်ဗင့်မှာမူ အိုက်စီအက်အုပ်ချုပ်ရေး ဝန်ထမ်းတွင် (မျက်စိလည်၍) ရောက်နေရသော်လည်း မူလက စာဘက်တွင် အချွန်အမွန်ဖြစ်ခဲ့ဘူးလေသည်။ ဗိလတ်က နာမည်ကျော် အတ္ထုပတ္တိရေးဆရာ လစ်တန်စတရယ်ချီ[၁၃]တို့၏ အသိုင်းအဝိုင်းတွင် ပါဝင်ခဲ့ဘူးသူလည်း ဖြစ်သည်။

တစ်ဖန် သူရိယဦးသိမ်းမောင်လို အယ်ဒီတာမျိုးသည် စာပေအရေးအသားအစွမ်းအစရှိသူများကို သိမ်းသွင်းတတ်သည့်နေရာတွင် ပထမတန်းဟုဆိုလောက်သည်။

ယခုခေတ်တွင် စာတိုတိုရှင်းရှင်းနှင့် လူစွဲအောင် ရေးတတ်သူ၊ လေအေးအေးကလေးနှင့် လူကျအောင် ပြောတတ်သူကို ပြပါဆိုလျှင်ကားနာမည်ကျော်အမျိုးသား ပညာဝန်ဦးဖိုးကျားကိုပင် လက်ညှိုးညွှန်ရပေလိမ့်မည်။

---

၁၃. Lytton Strachey.

သည်လိုပုဂ္ဂိုလ်များထံသို့ တစ်လတစ်ကြိမ်လောက် ဆရာသိန်း သွားတတ်လေသည်။ သူရောက်မည့်ရက်ကိုလည်း ကြိုတင်၍ အကြောင်း ကြားတတ်လေသည်။ အကြောင်းကြားပုံမှာ အိမ်ကသူငယ်တစ်ယောက်ကို ရန်ကုန်သို့လွှတ်၍ သူသွားတွေ့မည့်လူများထံသို့ မြန်မာထုံးစံနှင့် အညီ လက်ဖက်တစ်ထုပ်စီ ကမ်းစေခြင်းပင်ဖြစ်လေသည်။

လက်ဖက်ထုပ်ကမ်း၍ သုံးရက်အကြာတွင်၊ ဖေယျာမြင်ဘူးသည့် အတိုင်းသူဝတ်စား၍ မော်ပီမှရန်ကုန်သို့ ရထားစီးလာလေသည်။ လက်ဖက် ထုပ်ကမ်းထားပြီးသား လူများထံသို့ (အိမ်ဖြစ်စေ၊ရုံးဖြစ်စေ) လှည့်စေအောင် ဝင်လေသည်။ ထိုသူများကလည်း သူ့ကိုမျှော်လင့်တောင့်တကြလေသည်။ ဆရာသိန်းထံတွင် သူတို့မေးချင်တာတွေ အများကြီးရှိသည်။သို့ဖြင့် တပည့် တွေကမေး၊ သူကဖြေနှင့် အချိန်ကုန်လေသည်။ ထမင်းဟင်းကို ကြုံရာလူက ကျွေးမွေးရလေသည်။ ထို့နောက်တွင်မူကား တပည့်တွေက စေတနာရှိသမျှဝတ္ထု ပစ္စည်း ကန်တော့လိုက်ကြရမြဲ ဖြစ်သည်။

❖

[ ၉ ]

## ဆရာသိန်းကြီး၏ စာပေလက်ရာများ

တပည့်တွေကကန်တော့ကြသည်ဆိုလျှင်လည်း ကန်တော့စရာပင်။ ဆရာသိန်းမှာ အသက်အရွယ်က အတော်ထောက်လာပြီ။ စာဘက်တွင်လည်း သမ္ဘာရင့်နေပြီ။ သူ၏ အခြားစာ အမျိုးအစားတွေကို ကြည့်ပါလေ။ထိုစာတွေမှာ–

၁။ သူရိယမဂ္ဂဇင်းတွင် ဆက်တိုက်ရေးနေသော ဇာတ်သဘင်အကြောင်း၊ ပြဇာတ်စာပေအကြောင်း ဆောင်းပါးများ။

၂။ တိုးတက်ရေးမဂ္ဂဇင်းနှင့် ဆယ်သန်းဂျာနယ်များတွင် ရေးနေသော ကြီးပွားရေးလမ်းပြ ဆောင်းပါးများ။

၃။ ရန်ကုန်အနီးတဝိုက်ရှိ ကျိုက်ခေါက်၊ ကျိုက်ကျဆံ၊ ကျောက်ဝိုင်းလိုဘုရားသမိုင်းများ။

၄။ "အရှုးလွယ်အိတ်"စာအုပ်မျိုးတွင်ပါသော မတော်မတဲ့ ကဗျာအချိုးများ၊ ဥာဏ်စွမ်းပြအဖွဲ့အနွဲ့များ၊ ပြဇာတ်စကားများ

၅။ "ရှေးဖြစ်စာတန်း"နှင့်"ရှေးဟောင်းရှေးဖြစ်စာတန်း"လိုစာအုပ်များတွင် ပါသောမောင်းထောင်၊ ကျော်အောင်စံထား၊ သဲအင်း၊ မင်းအို၊ ဆုံထား၊ ဘားမဲ့စသော ဆရာတော် တေရုပ္ပတ္တိများ။

၆။"နှောင်းဖြစ်စာတန်း" စာအုပ်မျိုးတွင် ပါသောမိဖုရား မမြလေး

အကြောင်း၊ မော်ကွန်းအကြောင်း စသော တိုလီမိုလီအကြောင်းအရာများ။

၇။ "ဝန်ကြီး မှူးကြီးများ"၊ "ပညာရှိကြီးများ"လိုစာအုပ်များတွင် ပါသော ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ပခန်းမင်းကြီး ဦးရန်ဝေး၊ ဖိုးသူတော် ဦးမင်း၊ လူဦးမင်း၊ ပိဋကတ်တော်အုပ် ဦးယံစသော မှူးမတ်ပညာရှိအတ္ထုပ္ပတ္တိများ။

၈။ "ဟင်းလေးအိုး"စာအုပ်မျိုးတွင် ပါသော ဆရာသိန်းကိုယ်တိုင်သိ ရှေ့နေထူးအကြောင်း အတ္ထုပ္ပတ္တိများ၊ ဆရာသိန်း တစ်ဆင့်ကြားစေးနဲသော ဘုန်းကြီးအကြောင်း၊ ကြွားတတ်သော ကြေးထမ်းကြီးအကြောင်း အတ္ထုပ္ပတ္တိဆောင်းပါးများ။

၉။ ၁၉၃၆–ခုနှစ်ထုတ် "ဘိန်းရာဇာကွမ်းပုံကုမ္ပဏီ" ပြဇာတ်တွင် ပါသော မှတ်ချက်စာ စသည့်ဖြစ်လေသည်။

ထိုစာများတွင် ဗဟုသုတဖြစ်ဖွယ်လည်းပါ၏။ ကမောက်ကမ ရယ်ဖွယ်သက်သက်လည်းပါ၏။ လောကသဘာဝ၊ လူ့သဘာဝ ဆင်ခြင်စရာ တွေလည်း ပါ၏။

"အရှုးလွယ်အိတ်" ဆိုသည့် သူ့စာအုပ်တစ်အုပ်၏ အမည်အတိုင်း စာမျိုးစုံနေလေသည်။

ထိုစာမျိုးအနက်" ဟင်းလေးအိုး" စာအုပ်ကို သီးခြားထုတ်ဖော်ရေးရဦးမည်။ ဆရာသိန်းသည် ထိုစာအုပ်မှ ရှေ့နေများကို ကိုယ်တိုင်သိလေသည်။ အချို့သူများ အကြောင်းကိုကား၊ တဆင့်ကြားဘူးလေသည်။ ထိုသူများ၏ စရိုက်သဘာဝကို သူဖော်ပုံမှာ အံ့သြစရာဖြစ်လေသည်။ မယားငယ်နေတတ်သော ရှေ့နေဦးထွန်းဦး၊ ပျော်ပျော်နေတတ်သော ရှေ့နေဦးပုတ်နီ၊ သူများအလိုက်အထိုက်ပြောတတ်သော ရှေ့နေဦးကြင်ဥ၊ အတင်အစီးမခံတတ်သော ရှေ့နေဦးသာကြွယ်၊ မယားအပေါ်နှုတ်ချိုသော ရှေ့နေဦးတူ၊ သားသမီးအိမ်ထောင်အချကောင်းသော ရှေ့နေဦးရေး၊ ကြွားဝါတတ်သော ဘုန်းကြီး၊ မိန်းမနှင့်ရောရောနှောနှောနေတတ်သော ကြာလင်ပန်းကိုယ်တော်၊ ဟိတ်ထုတ်တတ်သော ကြေးထမ်းကြီးဦးထူး၊ ပဋ္ဌာစာရီဝတ္ထုနားထောင်ချင်သော ဗိုလ်တစ်ယောက် စသည်ဖြင့် သူတို့၏စိတ်နေစိတ်ထား၊ သူတို့၏ လူမှုရေးရာဆောင်ရွက်ပုံ၊ သူတို့၏အားနည်းချက်တို့ကို သူမျှမျှတတကြည့်၍ပုံပေါ်အောင် ရေးခဲ့လေသည်။ ယောနိသောမနသိကာရနှင့် ရေးသည်ဟု ဆိုနိုင်ပါပေ၏။ အရေးအသားမှာလည်း ဟာသကလေးရောစွက်လျက် အရပ်သံပါလှသည်။

ထိုအချက်ကလေးကို ရှေ့နေဦးကြင်ဥ အကြောင်းစာမှ ထုတ်နှုတ်ပြရလျှင် ပို၍ပေါ်လွင်လိမ့်မည်။

(ဟံသာဝတီအရေးပိုင်ရုံးမှရှေ့နေ)ဦးကြင်ဥသည် ညောင်တုန်း၌ အမှုလိုက်ရန်အတွက် စာရေးများ၊ စာဇင်များနှင့်အတူ စက်လှေတစ်ခုထဲ စီးရတတ်လေသည်။ ထိုအခါ စာရေးများနှင့်သူ စကားလက်ဆုံကျလေသည်။ ကျုပ်ကိုရေးဖွဲ့ထားသည်မှာ၊

အမိန့်တော်ရမင်း

မောင်

ဖိုးတုတ်ကြံဟာ တယ်ပီးချိုတယ်လို့ကျော်ပါတယ်၊ အဟုတ်လား ခင်ဗျာ။

မောင် စာရေးတော်မင်း–ဖိုးတုတ်ကြံကျော်တာ ချိုလို့ ကျော်တာ ပေါ့မောင်၊ ၎င်းကြံကို စုတ်လိုက်လျှင် သကာကျနေတယ်မောင်၊ ဒါ့ကြောင့် ကျော်ပေတာပဲ စာရေးတော်မင်း။

ဒါ့ဖြင့် ကြံခင်းရှိသောဆိပ်ကို လှေကပ်၍ ကြံဝယ်စုတ်ရအောင်။ ကောင်းပမောင်–မောင်လိုသလောက်ဝယ်သွားတာပ၊ ဆို၍ ကြံဝယ်ပီး လှေပေါ်တွင် ကြံစုတ်သွားကြလေသည်။

တည်းခိုရုံးထိုင်ရန် ရွာစန်းသို့ရောက်ကြသော်၊ ဘုန်းကြီးကျောင်းစရပ်မှာ အခွင့်ပန်၍ ရုံးပြုလုပ်တည်းခိုကြလေသည်။ အိပ်ခါနီးသော်၊

အမိန့်တော်ရမင်း။

မောင်–စာရေးတော်မင်း။

ဖိုးတုတ်ကြံကကျော်သာကျော်၊ စုတ်လိုက်တော့ ငန်ညှိညှိနဲ့ပါကလားဗျ။

အလားကားကျော်ချင်လို့ ကျော်နေတာမောင်–ရေငန်ထဲပေါက်နေတဲ့ကြံကဘဲ၊ ဘယ်ချိုနိုင်ပါ့မလဲမောင်ရဲ့။

ဟူ၍ ဖြစ်လေသည်။

❖

[ ၁၀ ]


## ခရမ်းသီးပိန်၊ ဓားတုံးချိန်

ဤသည် ဆရာသိန်းကွယ်လွန်သည့် အချိန်အထိ ရေးသားထုတ်ဝေခဲ့သော စာအုပ်နှင့်ဆောင်းပါးအချို့အဝက်ဖြစ်သည်။ သူဤမျှ ထုတ်ဖြစ်လေသည်မှာလည်း ပဲရော့ဦးဆံနီလို လူမျိုး၏ အားပေးကူညီမှုကြောင့်ဟု ဆိုရလိမ့်မည်။

ဦးဆံနီမှာ ပဲရော့ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်လည်းဖြစ်၊ စာအုပ်ထုတ်ဝေသူလည်းဖြစ်လေသည်။ သို့သော် သူကား ထုတ်ဝေသူမည်ကာမတ္တမဟုတ်၊ တိုင်းပြည်၌ အကျိုးရှိမည်ထင်သော စာအုပ်ဆိုလျှင် အရှုံးအမြတ်မကြည့်ပဲ ထုတ်ဝေသူဖြစ်လေသည်။ သူထုတ်သမျှ စာအုပ်များကိုလည်း စာကြည့်ခန်းများသို့ မကြာခဏလှူဒါန်းတတ်လေသည်။ ဆရာသိန်းသည်လည်း သူ့နောက်ပိုင်းစာအုပ်များကို ဦးဆံနီ၏တိုက်မှ အများဆုံးထုတ်ဖြစ်ခဲ့လေသည်။

သို့ဖြင့် ဆရာသိန်းသည် စာပေလောက၌ တစ်သက်ပတ်လုံးကျင်လည်ခဲ့လေသည်။ ဆရာသိန်း၏ ဘဝကိုလည်း ငြိမ်သက်အေးချမ်းသောဘဝဟူ၍ ယေဘုယျဆိုရပေလိမ့်မည်။ သို့သော် ဆရာသိန်းသည် တစ်ခါတစ်ရံ စိတ်ထိခိုက်စရာကလေးများ ကြုံခဲ့ရပေသေးသည်။

၁၉၃၃–ခုနှစ်ထဲတွင် သူ့အစ်ကို ဦးဖိုးငြိမ်းသည် ကွယ်လွန်ခဲ့လေသည်။ သူတို့ညီအစ်ကိုအကြောင်းကို နည်းနည်းဆိုရဦးမည်။ သူတို့ညီအစ်ကို


MANNING HOUSE,
MELDRETH, CAMBS.
by ROYSTON, HERTS.

၃၁ - ၁ - ၁၉၃၇

= £1

C. W. Dunn

စီဒဗျူဒန်းက ယင်း၏မြန်မာစာဆရာ၊ ဆရာသိန်းထံ ဗိလတ်မှ ရေးလိုက်သောစာ။

တစ်တွေသည် သူ့နည်းနှင့်သူ အစွမ်းအစရှိကြပါပေသည်။ ဦးဖိုးငြိမ်းနှင့် ညီဖြစ်သူ ဦးပန်းဦးတို့နှစ်ဦးစလုံးသည် အောက်ခြေမှ ကြိုးစားခဲ့ကြရာ နောက်ဆုံးတွင် ရှေ့နေရှေ့ရပ်များ ဖြစ်လာခဲ့ကြသည်။

ဦးဖိုးငြိမ်းသည် တွံတွေးတွင် နေထိုင်၍ ရှေ့နေလိုက်လေသည်။ ရှေ့နေလိုက်ရာမှ အသက်၇၆–နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်လေသည်။ ထိုအသုဘတွင် မိုးအလွန်ရွာ၍ လိုက်ပို့သူမများလှ။ ဆရာသိန်းလို အရင်းအချာ ဆွေမျိုးများအဖို့ စိတ်အနှောင့်အယှက်ဖြစ်စရာကိစ္စပေ။

နောက်ကိစ္စတစ်ခုကား အရေးကြီးလေသည်။ ဆရာသိန်းသည် မယားဖြစ်သူ ဒေါ်စိုးကြွယ်နှင့် ကွဲခဲ့ရပြန်သည်။ သူသည် ဒေါ်စိုးကြွယ်နှင့် သားနှစ်ယောက် သမီးတစ်ယောက် ရခဲ့ပါ၏။ ထိုသားသမီးများသည် အမေ့ဘက်မှ သဘင်အဆက်အနွယ်ဖြစ်ခဲ့ရာ ဇာတ်သဘင်ကို အထုံဝါသနာကြီးလေသည်။ ဤတွင် ကိစ္စပေါ်လာပုံမှာ ဆရာသိန်းသဘောမတူပဲ သူတို့အားလုံး သဘင်ထဲရောက်သွားကြခြင်းဖြစ်လေသည်။ ထိုကိစ္စကြောင့် အိမ်တွင် အဆင်မပြေဖြစ်နေရသည်။ ထိုအချိန်အခါတွင် ဆရာသိန်းသည် သူ့အိမ်သားတွေကို ယုံကြည်ကိုးစားခြင်း မရှိတော့ဘဲ အိမ်တွင် ကျွေးမွေးထားသည့် တစ်စိမ်းတစ်ရံဆံကို အားကိုးလာခဲ့လေသည်။ ထိုသူ၏ ပယောဂကြောင့် ဆရာသိန်းတို့ အိမ်ထောင်ပြိုကွဲခဲ့ရသည်ဟု အဆိုရှိလေသည်။

ဆရာသိန်းသည်လည်း အိမ်သူမယားမရှိသည့်နောက်တွင် (မော်ပီ၊ ရွာမရပ်)၊ ပိန္နဲကျောင်းရှေ့က နေအိမ်၌ပင် ဆက်လက်နေထိုင်ခဲ့ပါ၏။ ညီဖြစ်သူ ဦးပန်းဦးတို့ လင်မယား၏ အပြုအစုကိုလည်း ခံ၍နေခဲ့လေသည်။ သူ့မှာ အရင်တုန်းကလို အထိုင်အထ မပေါ့ပါးတော့။ထို့ပြင် ၁၉၃၇–ခုနှစ်လောက်မှစ၍ စာကိုဖတ်ရ ရေးရခက်လောက်အောင် မျက်စိမှုန်မွဲလာခဲ့သည်။ အသက်က ၇၅–နှစ်ရှိလာပြီမဟုတ်လား။ သူစာဖတ်လိုလျှင် ဘေးလူကိုဖတ်ခိုင်းရသည်။ သူစာရေးလိုလျှင် နှုတ်မှရွတ်ပြပြီး ဘေးလူကိုရေးစေရသည်။ သူတစ်ဦးတည်း လုပ်နိုင်သော အလုပ်တစ်ခုသာရှိလေသည်။ ထိုအလုပ်ကား ညနေညနေတွင် ပုတီးစိပ်ခြင်းပင်။ ဆရာသိန်းသည် နေ့ ၁–နာရီနှင့် ညနေ ၆–နာရီအတွင်း ပုတီးစိပ်တတ်လေရာ ပုတီးပတ် ၁၂၅–၁၅၀ရမှ တန်လေသည်။

ဆရာသိန်းမှာ မျက်စိမှုန်မွဲလာပါသော်လည်း စာအလျဉ်ကား မပြတ်ပါပေ။ အထက်တွင် ဆိုခဲ့သည့်အတိုင်း ဆောင်းပါးတွေ၊ စာအုပ်တွေက ကြိုကြားကြိုကြား ထွက်နေသည်။ စာပေမိတ်ဆွေ စာပေတပည့်တပန်းတွေ

နှင့်လည်း အဆက်အသွယ်ရှိသည်။ သူတို့ကို လက်ခံဆွေးနွေးရန် နံနက်၁၁–နာရီမှ နေ့၁–နာရီအထိ အချိန်အား လုပ်ထားသည်။ ရန်ကုန်ထဲကိုပင် သူ ရံဖန်ရံခါ ရောက်လာပါလေသည်။ ရန်ကုန်လို နီးနီးနားနားက လူတွေကို မဆိုထားနှင့်၊ ဘီလပ်ပြန်ရောက်နေကြသော ဒန်း၊ ဖာနီဗယ်လို တပည့်တွေ နှင့်လည်း သူဆက်သွယ်နေလေသည်သာဖြစ်သည်။ ဤသို့ စာပေမိတ်ဆွေ၊ စာပေ တပည့် တပန်းတွေနှင့် သူကူးလူးဆက်နွယ် နေခဲ့သည်မှာလည်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ကာစအထိပင်။ ဤသည်ကို ဆရာသိန်းကသဘော မကျ။ စစ်ကြောင်းရှေ့မပြေးရန် ဦးဖိုးကျားကို တားပါလေ၏။ ဦးဖိုးကျား လည်း ဆရာသိန်း၏စကားအတိုင်း မော်ပီတွင် ရပ်နေလေသည်။

သို့သော် ဆရာသိန်းမှာ ဦးဖိုးကျားနှင့်တွေ့ဆုံပြောဆို၍ တစ်ပတ် ပင်မကြာသေး ၁၉၄၂–ခုနှစ်၊ ဇန်နဝါရီလ ၁–ရက် (မြန်မာ ၁၃၀၃–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁–ရက်) ညအချိန်တွင် ရုတ်တရက် ကွယ်လွန်ပါတော့ သည်။ တိုင်းပြည် ဘရုတ်ဘရက်ကြားတွင် ဆရာသိန်းကွယ်လွန်သည့် သတင်းသည် ဝေးဝေးမရောက်။ တစ်စတစ်စနှင့် ဂျပန်ခေတ်အုပ်ချုပ်ရေး ထူထောင်၍ မြို့ထဲရွာထဲတွင် အရောင်းအဝယ်၊ အသွားအလာရှိတော့မှ၊ ကြားတန်သိတန်သူများ ကြားသိလာကြသည်။ ၁၉၄၂–ခုနှစ်၊ စက်တင်ဘာ လ ၆–ရက်တွင်မူကား သူရိယမဂ္ဂဇင်းအယ်ဒီတာဟောင်း ဦးသိမ်းမောင်အမှူး ပြုသော စာရေးဆရာအသင်းက သင်းလုံးကျွတ်အစည်းအဝေး ပြုလုပ်ပြီး လျှင် ဆရာသိန်းကွယ်လွန်သည်ကို ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခဲ့လေ သည်။

❖

# BY-WAYS OF BURMESE HISTORY
## INTRODUCTION
## BY
## U Khin Maung, B.A., M.L.A.,
## CORRESPONDING MEMBER OF THE INDIAN HISTORICAL RECORDS COMMISSION

No more appropriate title than this - THE BY-WAYS OF BURMESE HISTORY -can be given to the present work which in Burmese is entitled (translated literally) ORAL HISTORY. Burmese History had always been, in the past written by command of the King, and the historian had to exercise the greatest caution and bestow the most meticulous care, so as not to offend the royal persoange. Hence, Burmese History is more or less a patch-work of fact and fiction, true at times tale-like on occasions but subservient to the main purpose "to delight the King". In order, there - fore, to get at the real truth, which underlie events that hap-

pened in times now called historical, we must not only rely on records which in Burma are a rarity, but, peep into the past, through oral traditions and through what fathers tell their sons down the ages, in low whisopers of events, that dare not show themselves up in writing that dare not be heard abroad.

The events related in the present work refer to the period of the reign of King Bodawpaya, the Sixth King of the Alaung-paya Dyanstry. As is well known, his life as a prince was spent in poor obscurity at Sagaing. The author has lifted a corner of the veil and has shown us the prince and his family, their servants and friends how they lived, moved and had their being. When, however, the prince waded practically through slaughter to the throne, his ride to power lifted his servants among whom the most famous was U Paw U, whose name was destined to become a household word in Burma. In sharpness of retort, quick and ready wit, and a wealth of repartee there are few to equal him.

We see in the present work, King Bodawpaya stripped off the glamour of royalty, a very much human and humane person. We see him as he is, not as he has been painted. And being led as we are through "the By-Ways of Burmese History" the feeling comes upon one that here is not a place to linger by the wayside, but move onward and oberve things as they are and see thinbgs as they should be seen. An interesting and important contribution to Burmese History and one need say no further.

**Khin Maung.**

**1926.**

(ပါးစပ်ရာဇဝင်၊ ပထမတွဲ၊ ပထမနှိပ်ခြင်းတွင် ပါသည်။)

ရွေးထုတ်စာ–စာရင်း

ဇေယျ။ "စာပေအရှုးလွယ်အိတ်"။ စာတွေ့ငါတွေ့။
စာပေပေါင်းကူးစာစဉ်။ ၁၉၆၇။ စာ ၂၀၉–၂၁၉။
ဇော်ဝင်းကျား။ "ကျွန်တော် သိသော ကျွန်တော့အဖေဦးဖိုးကျား။"
ဦးဖိုးကျား၏မှတ်စုများ။ ရန်ကုန်၊ စာနိုပ်ဝေ၊ ၁၉၆၈။ စာ ၁၀–၁၈။
"မှော်ဘီဆရာသိန်းကြီး"။ စာဆိုတော်မဂ္ဂဇင်း။
တွဲ ၁။ မှတ် ၂ (ဒီဇင်ဘာ ၁၉၃၅) စာ ၅။
တွဲ ၁။ မှတ် ၃ (မတ် ၁၉၃၆) စာ ၁၃–၁၆။
တွဲ ၁။ မှတ် ၄ (စက်တင်ဘာ ၁၉၃၆) စာ ၄၆။
တွဲ ၁။ မှတ် ၅ (အောက်တိုဘာ ၁၉၃၆) စာ ၃၄–၃၆။
တွဲ ၁။ မှတ် ၆ (နိုဝင်ဘာ ၁၉၃၆) စာ ၁၉–၂၀။
တွဲ ၁။ မှတ် ၇ (ဒီဇင်ဘာ ၁၉၃၆) စာ ၁၉–၂၂။
တွဲ ၁။ မှတ် ၈ (ဇန်နဝါရီ ၁၉၃၇) စာ ၂၁–၂၃။
ရန်အောင်။ "မော်ပီဆရာသိန်းကြီး"။ သွေးသောက်။ မှတ် ၅၁
(ဧပြီ၁၉၅၀) စာ ၅–၈။ ၁၈၉–၁၉၀။
လှဖေ(ဦး)။ "ဦးသူစကား ယုံမှားတတ်တဲ့ စာရေးဆရာကြီး"။
မဏ္ဍိုင်။ (၁၅ ဒီဇင်ဘာ ၁၉၅၅) စာ ၅။

သိန်း(မော်ပီဆရာ)။"ခေတ် ခေတ် ခေတ်"။ ဒီးဒုတ်။ တွဲ ၆၂၊ မှတ် ၄၀။
(၂၇ ဇွန် ၁၉၃၆)စာ ၂၈–၂၉။
သိန်း(မော်ပီဆရာ)။ နှောင်းဖြစ်စာတန်း။ ရန်ကုန်၊ အေးအေးစာပေ။ ၁၉၆၇။
သိန်း(မော်ပီဆရာ)။ ပါးစပ်ရာဇဝင်။ ပတွဲနှင့်ဒုတွဲ။ ရန်ကုန်၊ အေးအေးစာ
ပေ။၁၉၆၇။
သိန်း(မော်ပီဆရာ)။ ပေါရာဏဒီပနီ။ စတုတ္ထအကြိမ်။ ပတွဲ။ ရန်ကုန်၊
ဟံသာဝတီ။ ၁၉၆၁။
သိန်း(မော်ပီဆရာ)။ ပေါရာဏဒီပနီ။ ဒုတွဲ။ ရန်ကုန်၊ မြန်မာဝတီ၊ ၁၉၁၃။
သိန်း(မော်ပီဆရာ)။ "မှတ်သားချက်"။ ဘိန်းပုံရာဇကွမ်းပုံကုမ္ပဏီဇာတ်။
ရန်ကုန်၊ စာရေးဆရာကလပ်၊ ၁၉၃၆၊ စာ ၃–၈။
သိန်း(မော်ပီဆရာ)။ "ရှေးခေတ်ဟောင်း အောက်မေ့ဘွယ်"။ တိုးတက်ရေး။
မှတ် ၇၂ (စက်တင်ဘာ ၁၉၃၉) စာ ၆၀–၆၂။

❖ ❖ ❖

# ပီမိုးနင်း

Quality Publishing House

# ပီမိုးနင်းအမှာစာ

ဤစာအုပ်ကို ကျွန်တော်ရေးသားရာတွင် အချက်အလက်များကို ဆိုင်ရာစာအုပ်စာတမ်းများမှလည်းကောင်း၊ ပုဂ္ဂိုလ်အချို့၏ နှုတ်ပြောစကားမှလည်းကောင်း ယူပါသည်။

ငင်းတို့အနက်

(က) ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်
(ဂျာနယ်ကျော်ဦးချစ်မောင်၏ တည်းဖြတ်သည့်မူ)

(ခ) ပီမိုးနင်း၏ ဘာကြောင့် ပီမိုးနင်းဖြစ်ရသနည်းဆောင်းပါး

(ဂ) ပီမိုးနင်း၏ ညီဖြစ်သူ ဦးလူကား၏ စကား

(ဃ) ပီမိုးနင်း၏ တူဖြစ်သူ ဦးအုန်းခင်၏ စကား

တို့ကို အရင်းခံထား၍ သုံးပါသည်။ အရင်ခံထား၍ သုံးသော အချက်အလက်များအတွက် စာအုပ်ထဲတွင် တမင်အကိုးအကားမပြပါ။

ကျန်ရှိသော စာအုပ်စာတမ်းများ၊ နှုတ်ပြောစကားများကို အဖြည့်အစွက် သဘောအဖြစ် သုံးပါသည်။ ထိုအချက်အလက်များအတွက် စာအုပ်ထဲတွင် အကိုးအကားပြထားပါသည်။ စာဖတ်သူများ မျက်စိမနောက်ရအောင် အကိုးအကား နေရာအတိအကျကို မှတ်စုကဏ္ဍတွင် ပထမ ပြထားပါသည်။ ကျမ်းကိုးစာရင်းကို ဒုတိယပြထားပါသည်။

ပီမိုးနင်းနှင့် တိုက်ရိုက်ကြီး မပတ်သက်သော အချက်အလက်တို့ကိုမူ တမင် အကိုးအကားမပြတော့ပါ။

ဤစာအုပ်တွင် ပါသည့် အချက်အလက်အချို့သည် ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်ပါ အချက်အလက်နှင့် မတူ ကွဲပြားနေသည်ကို တွေ့ရပါလိမ့်မည်။

ပမာအားဖြင့် ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်တွင် ပီနန်မှ သူ ပြန်ရောက်လာသည့်အခါ သူ့အမေ ဒေါ်စိန်နုသည် နောက်အိမ်ထောင်ပြုပြီး ဖြစ်နေသလိုလို ရေးထားပါသည်။ ထိုအချက်ကို သူ့ညီ၊ သူ့တူနှင့်ညှို၍ ကျွန်တော် တစ်မျိုးရေးထားပါသည်။ ထို့အတူ ပီမိုးနင်းက မစိန်တင့်ကို တွေ့သည့်အခါ ရွယ်တူချင်းလိုလိုဖြစ်ပုံ ရေးထားပါသည်။ ထိုအချက်ကိုလည်း ပို၍တိကျသည်ထင်ရသော အခြားစာအုပ်ဖြင့် ညှို၍ ပြန်ရေးထားပါသည်။

ပီမိုးနင်းနှင့်စပ်၍ အချို့စာအုပ် စာတန်းများကို စာကြည့်တိုက်တွင် ရှာ၍မရ။ အပြင်အပ ပုဂ္ဂိုလ်အချို့ထံတွင် ရှာရပါသည်။ သို့ဖြင့်...

(က) ပီမိုးနင်းအကြောင်းကို ပြောပြကြသော ဦးလူကား၊ ဦးအုန်းခင်၊ မြန်မာ့အလင်းဦးတင်၊ ကာယဗလဦးရှိန်၊ ဆရာဇဝန၊ ဆရာဦးအုန်းလွင်၊ ရှုမဝဦးကျော်တို့ကိုလည်းကောင်း၊

(ခ) ဗရင်ဂျီစာပေဆိုင်ရာ စာကို ရှာပေးသော ဖာသာဗရူနိုစိန်ဝင်းကိုလည်းကောင်း၊

(ဂ) မာရီကော်ရယ်လီ၏ အင့်နိုးစင့်ဝတ္ထုကို ရှပေးသော မင်းကျော်ကိုလည်းကောင်း၊

(ဃ) သနားဖွယ်ဝတ္ထုနှင့် လွမ်းဆွတ်သူဝတ္ထု ရှာပေးသော တက္ကသိုလ်ဝင်းမွန်ကိုလည်းကောင်း၊

(င) ကျွန်တော့်ကို သုံးဆယ်သို့လိုက်ပို့သော ပါရဂူကိုလည်းကောင်း၊

(စ) စာကြည့်တိုက်မှ စာအထောက်အထား ရှာပေးကြသော (တက္ကသိုလ်များဗဟိုစာကြည့်တိုက်) ဒေါ်ကျော့ကျော့နှင့် (အမျိုးသားစာကြည့်တိုက်) ဦးကြိုင်လှိုင်တို့ကိုလည်းကောင်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

# အပိုင်း [ ၁ ]

## ကျောင်းသားဘဝ

သုံးဆယ်ဒေသသည် ဗုဒ္ဓဘာသာဝင်အများစုထဲတွင် ခရစ်ယာန်အနည်းစု ထိုးဖောက်ရောနှောနေသော အရပ်ဒေသဖြစ်လေသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအဖို့ ကံနှင့် ဒွါရဘုန်းကြီးကျောင်းများ၊ ဘုရားစေတီများရှိသလို ခရစ်ယာန်များအဖို့ ဗရင်ဂျီ (ရေဖြန်း) ဘုရားရှိခိုးကျောင်းနှင့် ရေနှစ်ဘုရားရှစ်ခိုးကျောင်းများ အရံသင့်ရှိနေလေသည်။ တစ်ဖန် ခရစ်ယာန်များကပင် ခေတ်ပညာရေးအတွက် အာစီအမ် (ဗရင်ဂျီ / Roman Catholic Mission )စာသင်ကျောင်းနှင့် အေဘီအမ် (ရေနှစ် / American Baptist Mission ) စာသင်ကျောင်းများကိုလည်း ထူထောင်ထားလေသေးသည်။

သုံးဆယ်မြို့ ရွာမရပ်နေ ဦးရွှေခင်၏ မိသားစုသည် ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဦးသိုက်၏ မိသားစုသည် ဗရင်ဂျီခရစ်ယာန်ဖြစ်လေသည်။ တစ်ဖန် ဦးရွှေခင်၏သား ကိုရွှေခမ်းနှင့် ဦးသိုက်၏ သမီး မစိန်နုတို့သည် အကြင်လင်မယားဖြစ်ကြပြန်သည်။ ကိုရွှေခမ်းနှင့် မစိန်နုတို့၏ သားဦးကား မိုးနှင်းဖြစ်လေသည်။ သူ့ကို ၁၈၈၃ ခု။ နိုဝင်ဘာလ ၆ ရက်၊ တနင်္လာနေ့တွင် မွေးဖွားခဲ့လေသည်။ ဇာတာအမည်မှာမူ မောင်ကျော်ညွန့်ဖြစ်သည်။ သို့သော် သူမွေးသည့် နံနက် ၉ နာရီအချိန်တွင် သူတို့အရပ်၌ မိုးနှင်းများပိန်းနေအောင်ကျခဲ့သည်ကို အစွဲပြု၍ မိုးနှင်းဟူ၍သာ သူ့ကို အခေါ်များလေသည်။

မိုးနှင်းသည် အခြားကလေးများနည်းတူ ကျောင်းသွားချင်သူ ဖြစ်လေသည်။ ကျောင်းသွားချင်သောလည်း ၁၀ နှစ်သားအရွယ်အထိ သူကျောင်းမရောက်၊ အမှန်ဆိုလျှင် ညီဖြစ်သူ မောင်လူကား (Luas) ပင် သူ့ထက်ဦး၍ ကျောင်းရောက်ခဲ့လေသည်။ သူတို့အဖိုးဖြစ်သူ ဦးသိုက်သည် ရွာမမှ အာစီအမ်ကျောင်းရှိရာ (သုံဆယ်မြို့) မကျည်းကုန်းအရပ်သို့ ပြောင်းရွှေ့ခဲ့ပြီးနောက် မြေးလူကားကို ခေါ်ယူ၍ အာစီအမ်ကျောင်းတွင် ထားခဲ့လေသည်။ မိုးနှင်းမှာမူ သူ့အမေနှင့်အတူ အိမ်မှုကိစ္စတွေကို ဝိုင်းဝန်းလုပ်ကိုင်ရင်း အိမ်တွင် နေရလေသည်။

ဖြစ်ပုံမှာ ကိုရွှေခမ်းသည် အိမ်တွင် မရှိတတ်။ သူသည် တပည့်တပန်းတို့ကို ခေါ်၍ တစ်ရွာပြီးတစ်ရွာပြောင်းကာ ပန်းတိမ်လုပ်သည်။ ကွမ်းညှပ်လုပ်သည်။ အလုပ်ကျွမ်းကျင်သဖြင့် ရောက်ရာအရပ်တွင် စားရေးသောက်ရေး ပြေလည်ပါ၏။ သို့သော် တစ်ခုရှိသည်။ ကိုရွှေခမ်းတွင် လူပုံက ခပ်နွဲ့နွဲ့ရင်ဘက်ဆေးမင်နီထိုးနှင့် ထိုးကွင်းဒူးကျနှင့် အင်္ကျီချွတ်ပြီး ပုဆိုးအောက်ပိုင်း ကျိုက်လိုက်သည့်အခါ အလွန်ကြည့်၍လှသူဖြစ်သည်။ အကအခုန် အပျော်အပါးကြိုက်သူဖြစ်သည်။ ရောက်ရာအရပ်တွင် ယောကျ်ားမိန်းမ အသိအကျွမ်း ပေါများသူဖြစ်သည်။

သို့ဖြစ်ရာ အရပ်တစ်ပါးသို့ သွားလာနေထိုင်တတ်ပြီး မေ့သလောက်ရှိမှ မယားထံသို့ ပြန်လာတတ်သည်မှာ သူ့ဝတီပင်ဖြစ်ဟန်တူလေသည်။ တစ်ခါက ဆပ်သွားတော ရွာဘက်သို့ သွား၍ အလုပ်လုပ်ခဲ့ရာ တစ်နှစ်ကျော်ကျော်လောက်ရှိမှ အိမ်ပြန်ရောက်ခဲ့လေသည်။ ထိုအခါ မစိန်နုအဖို့ စိတ်ဆင်းရဲရုံမျှမက ကိုယ်လည်း ဆင်းရဲရလေသည်။ ထိုဆင်းရဲဒဏ်သည် သားသမီးများအပေါ်သို့ ကျရောက်ပြန်တော့သည်။

မစိန်နုတို့မှာ ရှေးအထက်ကာရီက အိမ်ကြီးရခိုင်နှင့် ငှက်ပျောခြံကြီးထဲတွင် ပျော်ပျော်ကြီး နေခဲ့ကြသည်။ ကိုရွှေခမ်းက ခပ်နွဲ့နွဲ့၊ မျက်နှာသွယ်သွယ်၊ မစိန်နုက ခပ်ပျက်ပျက်၊ မျက်နှာဝိုင်းဝိုင်း၊ ရှမ်းစပ်တွေမို့ အသားခပ်ဖြူဖြူနှင့် နှစ်ယောက်တွဲသွားကြသည့်အခါ အိမ်နီးနားချင်းတွေက အိမ်ရှေ့ထွက်ကြည့်ရလောက်အောင် လိုက်လေသည်။ သားသမီးရလာပြန်သောအခါ ငွေကလည်း ချောင်လည်၊ အဘိုးအဖွားတွေကလည်း ဂရုစိုက်ကြ၍ စိတ်ချမ်းသာစရာပင်။

သို့သော် နောက်ပိုင်း၌ သူတို့ ကံဆိုးလေသည်မှာ ဓားပြဒဏ်၊ မီးဘေးဒဏ် ခံခဲ့ရခြင်းဖြစ်သည်။ ယခုတစ်ဖန် ကိုရွှေခမ်းထံမှ အထောက်အပံ့

မမှန် ဖြစ်နေပြန်ရာ မစိန်နုသည် တတ်သည့်ပညာဖြင့် ဝင်ငွေ ထပ်ရှာရလေသည်။

သူ့မှာ သိုးမွှေးခေါင်းစွပ်တို့၊ ခြေအိတ်တို့ ထိုးရသည့်အခါလည်းရှိသည်။ တစ်ထည် ၅ မူး နှုန်းဖြင့် ဘင်္ဂလီ အင်္ကျီချုပ်တန် ချုပ်ရသေးသည်။ ဆီ၊ ကြက်သွန် စသည့် ကုန်သေးများကို ခေါင်းရွက်၍ အရောင်းထွက်ရပေါင်းလည်း များလှပြီ။ မိုးနှင်းသည်လည်း သူ့အမေကို တစ်ဖက်တစ်လမ်းမှ ကူညီရလေသည်။

ဘယ်လို ကူရလေသနည်း။ မိုးနှင်းက ၁၀ နှစ်သား၊ သူ့အောက် မောင်လူကား၊ မ(မေ)ရီ၊ မမေစီ၊ ပြုံးမောင်တို့က ၂ နှစ်ကြီး ၂ နှစ်ငယ်များ ဖြစ်ကြလေသည်။ မောင်လူကားမှာ ၅ နှစ်အရွယ်ကတည်းက သူ့အဖိုး ဦးသိုက်ရှိရာသို့ ရောက်နေသည်။ ကျန်ကလေးများကိုမူ မိုးနှင်းက ထိန်းရကျောင်းရလေသည်။ ကလေးအနှီးကိုလည်း သူပင် သုံးဆယ်ချောင်းဘေးသွား၍ လျှော်ရဖွပ်ရသည်။ ထို့ပြင် မနက်နှင့်ညစာကို ချက်ဖို့ရန် သူ့တာဝန်ပင်ဖြစ်သည်။ အဖိုးအဖွားတို့သည် ရံဖန်ရံခါ အိမ်သို့ လာကြသော်လည်းသူတို့ အသက်ကြီးကြပြီ။ ထို့ကြောင့် အိမ်မှုကိစ္စတွေကို သူကပင် ဒိုင်ခံ၍လုပ်ရလေသည်။

အိမ်မှုကိစ္စတွေကို လုပ်ရင်းက အိမ်ခေါင်းရင်းရှိ သူကြီးအိမ်သို့ လာတတ်ကြသော ဟန်ကောင်းကောင်းနှင့် လူတွေကို သူပြေး ပြေးမြင်မိလေသည်။ ထိုသူတွေမှာ မြို့အုပ်နှင့် စာရေးစာချီများဖြစ်ကြသည်။ ဝတ်ကောင်းစားလှနှင့် ဖြစ်ကြသည်။ ထိုသူတွေ အထက်သံ၊ အာဏာသံနှင့် စကားပြောသည်ကိုလည်း သူကြားရတတ်သည်။ ထိုလူသိုက်ကို သူ အားကျမိတော့သည်။ သူတို့တတွေမှာ ခေတ်ပညာတတ်တွေမို့ ဟန်ကျပန်ကျရှိပေသည်ဟု သူ တွေးမိသည်။ ကျောင်းသားဘဝကို သူ ပို၍ တောင့်တမိတော့သည်။ သို့သော် သူ့မှာ ကျောင်းမနေရ။ ကျောင်းနေချင်စိတ်ကို အဖော်အပေါင်းနှင့် ရံဖန်ရံခါ ကစား၍ သူ့အမေထံမှ ပုံတိုပတ်စ နားထောင်၍ ဖြေရလေသည်။

သူသည် အိမ်နီးချင်းဖြစ်သော မဟန်ကို ခေါ်၍ ကစားတတ်လေသည်။ မဟန်သည် သူ့ထက် တစ်နှစ်သာ ကြီးလေရာ ကစား၍ ဘက်ညီလှသည်။ သူတို့သည် ငှက်ပျောခြံထဲတွင်သာ ကစားပျော်ရွှင်ကြသည် မဟုတ်သေး။ ဟိုခြံသည်ခြံလည်၍ ထန်းသီးကောက်၊ မှို့နှုတ်နှင့် ပျော်ကြသည်။ မိုးတွင်းအခါ၌ဆိုလျှင် လက်ပုဇွန်လုံးနှိုက်၊ ငါးဖမ်းနှင့် ပျော်ကြသည်။ ထို့

အတူ ညညအချိန်၌ သူ့အမေထံမှ ပုံတိုပတ်စများကို ကြား ကြားနေရသည်မှာလည်း ရင်ဖိုစရာ၊ ပျော်စရာပင်။

ဤတွင် ကစားရ၍ ပုံဝတ္ထုနားထောင်ရ၍ ပျော်သည်က တစ်မျိုး စိတ်ဆန္ဒတစ်ခု ရှိနေသည်က တစ်ဖုံဖြစ်လေသည်။ မိုးနှင်းသည် မဟန်နှင့် ကစားသည့်အခါ အိမ်အလုပ် ပင်ပန်းခြင်းဒုက္ခကို မေ့ပျောက်လေသည်။ အမေ့ထံမှ ပုံဝတ္ထုကြားရသည်အခါ စိတ်ကူးယဉ်လောကသို့ စိတ်ရောက်လေသည်။ သို့သော် ကျောင်းနေချင်စိတ်ကား ဤကြားမှ ပေါ်လာတတ်သည် အမှန်ပင်။ သူသည် သူ့အမေ မစိန်နုကို ကျောင်းနေချင်ကြောင်း ပူဆာလေတော့သည်။ သူ့အမေထံမှ အဖြေချက်ချင်းမရ၊ ၁၀ ရက်လောက်ကြာမှ ကျောင်းထားပါမည်ဟူသော အဖြေကိုရလေသည်။ ဘယ်တော့ ကျောင်းအပ်မည်လဲ။ သူသည် ကျောင်းတက်ရမည့်နေ့ကို စောင့်မျှော်လေသည်။

သို့စောင်းရင်း တစ်နေ့တွင် ချောင်းဘက်သို့ မိုးနှင်းသွား၍ အနီးလျှော်လေသည်။ လျှော်အပြီး ရေချိုးရန် ချောင်းထဲ သူခုန်ချသည်။ အခုန်မှား၍ ရေနက်ပိုင်းရောက်ကာ ရေနစ်လေတော့သည်။ ထိုအခါ သူ့ခေါင်းတွင်းသို့ အတွေးတစ်ခု ရုတ်ချည်းဝင်လာလေသည်။ ထိုအတွေးမှာ အခြားမဟုတ်၊ ရေနစ်လျှင် သူ ကျောင်းနေရတော့မည်မဟုတ်ဟူသော အတွေးပင်ဖြစ်လေသည်။

သူသည် ရေပေါ်ရောက်အောင် တအားခုန်ပါလေ၏။ ကိုယ်ပေါ်လာသည့်အခါ အသက်ပြင်းပြင်းရှူလေသည်။ တစ်ဖန် ရေပြန်နစ်၍ တအားခုန်ပြန်သည်။ ဤသို့ ခဏခဏခုန်၊ ခဏခဏ အသက်ပြင်းပြင်းရှူနေရာက ကံအားလျော်စွာ ရေတိမ်ရာသို့ ခြေထောက်မိလေသည်။ သူသည် ကလေးအနီးတွေကိုပိုက်၍ အိမ်သို့ပြေးလေသည်။ အနီးတွေကို တန်းတွင် လှမ်းလေသည်။ ရေနစ်သည်ကို အမေသိမှာကိုကား သူ စိုးရိမ်နေသည်။ အမေသိလျှင် အစိုးရိမ်လွန်ပြီး ဒေါသဖြစ်ဖြစ်ချင့် သူ့ကိုရိုက်ချင် ရိုက်နေဦးမည်။ သူသည် အာစီအမ်ကျောင်းကို သတိရလေသည်။ ထိုကျောင်းနှင့် တစ်ဝင်းထဲရှိ အာစီအမ် ဆေးပေးရုံ၌ ဆေးပေးဆရာမ လုပ်နေသူ မဆင်သည် သူ့အစ်မဝမ်းကွဲဖြစ်လေသည်။ မိုးနှင်းသည် အိမ်မှ တိတ်တိတ်ထွက်၍ မဆင်ဆီ သွားလေသည်။ မဆင်က သူ့ကို အာစီအမ် ကျောင်းအုပ်ကြီးဖြစ်သူ ဘုန်းကြီး ပဲရဝါး (Father Felix Perroy) ထံ အပ်လေသည်။

❖

[ ၂ ]

ကျောင်းအုပ်ဘုန်းကြီး ပဲရဝါးထံသို့ မိုးနှင်းရောက်ခဲ့သည်မှာ ကံကောင်း၏။ ဘုန်းကြီးပဲရဝါးသည် ပြင်သစ်လူမျိုးဖြစ်လေသည်။ အသက်အရွယ်မှာ မကြီးလှသေး။ ၂၇ နှစ်၊ ၂၈ နှစ်လောက်သာ ရှိလေသည်။ သို့သော် သုံးဆယ်ရှိ အာစီယမ် ယောကျ်ားကလေးကျောင်း၊ မိန်းကလေးကျောင်း၊ ဆေးပေးရုံ စသည်များကို ကိုယ်တိုင် ထူထောင်ခဲ့သူဖြစ်ရာ ကျောင်းကြီးပွားရေးကို အလွန်ဂရုစိုက်လေသည်။

ကျောင်းသားကျောင်းသူများ၏ ပညာရေးကို ကြပ်–ကြပ်၊ မ–မပြုလေသည်။ မိမိဝါသနာရှိသော ပန်းစိုက်သည့်အလုပ်တွင်လည်း မလစ်ဟင်း [၁]။

မိုးနှင်းသည် (Phillip) ဖိလစ်ဟူသော ခရစ်ယာန်အမည်ယူကာ ဗရင်ဂျီသာသနာ၏ အစောင့်အရှောက်ကို ခံခဲ့လေသည်။ သူသည် ကျောင်းတွင် ၃ နှစ်ကြာ၏။ ၃ နှစ်အတွင်း ယခင်ကကဲ့သို့ ကလေးထိန်းရ၍ ပင်ပန်းခြင်းမျိုးလည်း မရှိခဲ့။ ကျောင်းအားချိန်တွင် ပန်းပင်ရေလောင်း၊ သစ်ပင်စိုက်အလုပ်သာ လုပ်ရသည်။

ထို့ကြောင့် သူ ၄ တန်းအောင်သည့်အခါ ၅ တန်း၊ ၆ တန်းသို့ အတန်းဆက်တက်ရန်ကိုလည်း သူကကြံရွယ်။ ကျောင်းထွက်၍ အပြင်အပ၌ လုပ်ကိုင်စားသောက်ရန်ကိုလည်း သူစိတ်မကူး။ ဗရင်ဂျီသာသနာဘောင်

သို့ ဝင်ရန်သာ ဆန္ဒရှိလေသည်။ မိုးနှင်းသည် သူ့ဆန္ဒကို ဘုန်းကြီးပဲရဝါး အား ပြောလေသည်။

ဘုန်းကြီးပဲရဝါးသည်လည်း မိုးနှင်း၏ အလိုဆန္ဒအတိုင်း (သူ့ကို) မော်လမြိုင်ရှိ ရဟန်းဖြစ်သင်ကျောင်း (ငယ်) သို့ ပို့ပေးလေသည်။ မော်လမြိုင်ကျောင်းတွင် အခြေခံသင်တန်းပြီးသည့်အခါ (မလေးကျွန်းဆွယ်) ပီနန်ရှိ ရဟန်းဖြစ်သင်ကျောင်း(ကြီး) (General College) တွင် ဆက်လက် ပညာဆည်းပူးနိုင်လေသည်။

မော်လမြိုင်ရှိ ရဟန်းဖြစ်သင်ကျောင်းသည် (မရမ်းကုန်း) တောင်ခြေ၌ တည်ရှိလေသည်။ ထိုတောင်ခြေ၌ပင် အမေရိကန်နှစ်ခြင်း ခရစ်ယာန်များက အေဘီအမ် ယောက်ျားလေးနှင့် မိန်းကလေးကျောင်းတစ်ကျောင်း ဖွင့်ထားလေသည် [၂]။ တောင်ရိုးတစ်လျှောက်တွင်မူ ဗိုလ်အိမ်များ ဝင်းနှင့်ခြံနှင့် သိုက်သိုက်မြိုက်မြိုက်ရှိလေသည်။ ပန်းသစ်ပင်လည်း ပေါလှသည်။ မရမ်းကုန်းမှ လှမ်းမျှော်ကြည့်မည်ဆိုသော် အရှေ့ဘက်တစ်ခွင်တွင် ညို့ညို့မှိုင်းမှိုင်းနှင့် လွမ်းချင့်စရာ တောင်တန်းကြီးများကို မြင်နိုင်လေသည်။

မိုးနှင်းသည် ကျောင်းတွင် တစ်နေကုန် တစ်နေခန်း လက်တင်သဒ္ဒါကို သင်ယူရ၏။ ခရစ်ယာန် သူတော်စင်များ၏ အတ္ထုပ္ပတ္တိကို လက်တင်လို ကောင်းကောင်းဖတ်နိုင်လာသည့်အထိ ကြိုးပမ်းရလေသည်။ သူသည် စာဘက်တွင် အလွန်စူးစိုက်လေသည်။ မစူးစိုက်၍လည်း မဖြစ်။ လက်တင်သဒ္ဒါက ယောဂတွေ၊ ဧကဝုစ် ဗဟုဝုစ်တွေ၊ လိင်တွေနှင့် အလွန် သင်ရခက်သည်။ စပ်မိ၍ ရေးရမည်ဆိုလျှင် မော်လမြိုင်တွင် မိုးနှင်းရှိတုန်း သူ့အဖေဆုံးကြောင်း သတင်းရခဲ့လေသည်။ သို့သော် စာကြည့်ပျက်ရလောက်အောင် သူ့မှာ စိတ်ထိခိုက်ခြင်း မဖြစ်။

တစ်ခုရှိသည်မှာ ကျောင်းစည်းကမ်းက ကြီးသည့်အဖြစ်ပင်။ ဆရာဘုန်းကြီးမသိဘဲ ကျောင်းအပြင်သို့ ကျောင်းသားများ လွယ်လွယ်ထွက်၍မရ။ ထို့ကြောင့် မိုးနှင်းတို့မှာ အနေရ ကျဉ်းကြပ်သည်ဟု ဆိုရလိမ့်မည်။ တစ်ခါတစ်ရံ မိုးနှင်းနှင့် အခြားကျောင်းသားများကို အနီးအနားရှိ ဗိုလ်အိမ်များက ထမင်းဖိတ်ကျွေးသည့် အခါမျိုးတွင် သူတို့ လွတ်လပ်ပျော်ပါးနိုင်ကြသည် [၃]။

ထို့အတူ ညနေ ညနေတွင် အေဘီအမ်ကျောင်းမှ အသိမိန်းကလေးနှင့် ဆီးဖြူသီးလျှောက်ခူးပြီး မဆလာနှင့် စားရသည့်အခါမျိုးတွင် မိုးနှင်းအဖို့ စိတ်လက် ပေါ့ပေါ့ပါးပါး ရှိရပေသည် [၄]။ ထို့ကြောင့် မိုးနှင်း

သည် စာကြည့်စားပွဲမှ ညို့ညို့မှိုင်းမှိုင်းနှင့် တောင်တန်းတွေဘက် မျှော်ကြည့်ရင်း မိုးကောင်းကင်က ငှက်ကလေးများလို လွတ်လပ်ချင်ပါဘိဟု တစ်ကိုယ်တည်း ဆိုမိလေသည် [၅]။ ရံဖန်ရံခါလည်း ရပ်ရွာဘက်သို့ စိတ်ရောက်ကာ သူ လွမ်းဆွတ်မိလေသည်။ အထူးသဖြင့် မဟန်ကို သူ သတိရသည်။

တစ်နေ့တွင် ဘုရားရှစ်ခိုးကျောင်း၌ အသက် ၃၀ ရွယ် မိန်းမတစ်ယောက်ကို သူမြင်ရလေသည်။ ထိုမိန်းမသည် မဟန်နှင့် အရွယ်ချင်းသာကွာသည်။ ရုပ်ချင်းမူ ဆင်လှပေသည်။ နောက်ရက်များတွင် သူ့ကို မိုးနှင်းသတိတရဖြစ်နေတော့သည်။ တနင်္ဂနွေနေ့များတွင် ဘုရားရှစ်ခိုးကျောင်းတက်တိုင်း ထိုမိန်းမကို မြင်ရနိုးနိုး သူ ရှာမိကြည့်မိလေသည်။

သို့ဖြင့် အီစတာ ပွဲတော်နေ့ (ယေရှုရှင်ပြန်ထမြောက်ခြင်း အထိမ်းအမှတ်ပွဲတော်နေ့) တွင် မိုးနှင်းသည် ဘုရားရှိခိုးကျောင်း၌ စာဖတ်နေပေ၏။

ထိုစဉ် သူ့အနား တစ်ဦးတစ်ယောက် ဖြတ်လျှောက်သွားသံကိုလည်း ကြားလိုက်ရသည်။ ကာနင်ဂါရေမွှေးနံ့ကိုလည်း ရလိုက်လေသည်။ သူ မော်အကြည့်တွင် ထိုမိန်းမဖြစ်နေသည်ကို တွေ့ရလေသည်။ ပီတိအဟုန်သည်လည်း မိုးနှင်းတစ်ကိုယ်လုံး ပျံ့နှံ့သွားလေသည် [၆]။

ဤတွင် မိုးနှင်းအဖို့ စိတ်လှုပ်ရှားမှုသည် ထူးခြားဆန်းပြားသော အသွင်မပေါ်သေး။ မော်လမြိုင်မှ ၃ နှစ်သင်တန်းအပြီး ပီနန်တွင် ကျောင်းဆက်နေသည့် အခါတွင်မှ ထူးခြားထင်ပေါ်လာလေသည်။ ခံယူနေသော ဘာသာတရားနှင့် ပဋိပက္ခဖြစ်လာလေသည်။ ပီနန်ရောက်နေသည့် အခါကာလသည် မိုးနှင်း အသက် ၁၆ နှစ်မှ ၁၉ နှစ် ၂၀ အရွယ်အထိ ကာလဖြစ်လေသည်။ ကိုရင်များဝတ်သော သင်တိုင်းအရှည်ကိုလည်း သူ ဝတ်ဆင်နေရပြီ။

ကျောင်းသင်ဘာသာရပ်များမှာလည်း များလှပေသည်။ လောဂျစ် (ယုတ္တိဗေဒ)၊ ဖီလော်ဆိုဖီ (ဒဿနိကဗေဒ)၊ ဆိုက်ကော်လော်ဂျီ (စိတ်ပညာ) သာသနာရေး ဥပဒေ၊ သိပ္ပံပညာ စသည်ဖြင့် အမျိုးမျိုးဖြစ်လေသည်။ ထိုစာများကို အလေးအနက် သင်နေရသည့်အကြားမှ မ–အာရုံသည် ဝင်ဝင်လာတော့သည်။ ခက်လေစွ။ မိန်းမများကို မနောကံဖြင့်ပင် မပြစ်မှားရဟု ဘာသာတရားက ဟောထားသည်။ ပြစ်မှားမိလျှင် ဗရင်ဂျီဂိုဏ်းဝင်များသည် ဘုန်းကြီးတစ်ပါးပါးရှေ့တွင် ဝန်ခံ၍ အာပတ်ဖြေရသည်။ မဖြေမိလျှင် ထာဝရဘုရားသခင်သည် ငရဲသို့ပို့၍ အပြစ်ဒဏ်ခတ်တော့မည်။

ဘုန်းကြီး ရဟန်းလောင်းအဖို့ မ–အာရုံအစား အခြားအာရုံများရှိမှ တင့်တယ်ပေလိမ့်မည်။ မိုးနှင်းသည် ဘုရားအာရုံပြု၏။ ထို့ပြင် လက်တင်တေးကဗျာများကို တစ်ပုဒ်ပြီးတစ်ပုဒ် စပ်၏။ တေးကဗျာစပ်ဖို့ ဟက်ဖို့လည်း သူ ဝါသနာကြီးလေသည်။ ကိုယ့်အတွေး ကိုယ့်စိတ်ကူးကို တေးကဗျာစာလုံးကလေးများဖြစ်အောင် သီကုံးနေရလျှင် အခြားကိစ္စများကို သူ သတိမရတတ်။

တစ်ဖန်။ တေးကဗျာများကို လက်တင်လို စပ်ရုံသာမဟုတ်။ ပုံဝတ္ထုများကို လက်တင်ဘာသာဖြင့် သိုင်းဝိုင်းဖွဲ့နွဲ့၍ သူပြောတတ်လေသည်။ ညည အားလပ်ချိန်တွင် သူ့ထက်ငယ်သော ကျောင်းသားများကို လက်တင်လို ပုံပြောခဲ့ရသည်မှာ အခါခါပင်ဖြစ်လေသည်။

သို့သော် မိုးနှင်းအဖို့ အခြေအနေ ပိုကောင်းမလာ။ ဘုရားရှိခိုးကျောင်းတက်ရင်း၊ မြို့ထဲသွားရင်း မိန်းမပျိုအိုတွေကို သူ မြင်တွေ့နေရသည်။ ရောလမုန်ဘုရင်၏ ဂီတမေဒဏီတွင် ပါသော ချိုးမျက်စိနှင့် ပျိုကညာအဖွဲ့မျိုးသည် သူ့အာရုံထဲသို့ ဝင်လာသည်။ သူဖတ်ခဲ့သော လက်တင်တေးကဗျာများမှ . . .

> ပျားရည်ထက်ချိုသော ခွက်များသည်
> အဘယ်မှာနည်း
> ရန့်ဖြစ်ပြီးနောက် အေးချမ်းလျက်
> မျက်နှာနီမြန်း၍နေသော
> မိန်းကလေးကို နမ်းရခြင်းသည်
> ပျားရည်ထက် ချိုပါသည် . . .

ဟူ၍ အဓိပ္ပာယ်ရှိသော စာကြောင်းမျိုးသည် သူ့အာရုံထဲသို့ ဝင်လာသည် ⁷။ ထိုအရာများကို သူ ထုတ်ပယ်ပစ်၍မရ။ သူ့အပါးတွင် တရစ်ဝဲဝဲသာ ရှိလေတော့သည်။ အာပတ်ဖြေရပြန်လေပြီ။ မိုးနှင်းသည် ရဟန်းသိက္ခာ ခံယူ၍ မဖြစ်နိုင်မှန်း တဖြည်းဖြည်း သဘောပေါက်လာလေသည်။ သူသည် အမေ့ထံသို့ စာရေးလေသည်။ ဘုန်းကြီးပဲရဝါးထံသို့ စာရေးလေသည်။ ထို့နောက် ပညာတစ်ပိုင်းတပြတ်နှင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့လေသည်။

❖

အပိုင်း [ ၂ ]

ယောင်သုံးဆယ်

Quality Publishing House

[ ၁ ]

မြန်မာနိုင်ငံသို့ မိုးနှင်းပြန်ရောက်သောနှစ်သည် ၁၉၃၀ ခုနှစ်ပင် ဖြစ်လေသည်။

ဘုန်းကြီးပဲရဝါးသည် သူ့အပေါ် သံယောဇဉ်ကြီးပါ၏။ သူ့ကို အာစီအမ်ကျောင်းတွင် ဆရာခန့်လေသည်။ ထို့နောက် ကြို့ပင်ကောက်ရှိ အာစီအမ်ကျောင်းတွင် ဆရာလုပ်ရန် သူ့ကို ပို့လေသည်။ သို့သော် ထို ကျောင်းမှ ဆရာကြီးနှင့် သူမတည့်သဖြင့် သုံးဆယ်သို့ ပြန်လာသည်။ သူ သည် ဘာအလုပ်ကိုမှ မယ်မယ်ရရ မလုပ်တော့။ လူက ဝန်ပေါ့စိတ်ပေါ့ ဖြစ်နေသည်။ သူအလုပ်ရှိတုန်းကပဲဖြစ်စေ၊ ယခုလို အလုပ်မရှိသည့်အခါပဲ ဖြစ်စေ သူ့အမေဆီနေလိုက်၊ အာစီအမ်ကျောင်းတွင် အိပ်လိုက်နှင့် အေးအေး သက်သာရှိလေသည်။

အာစီအမ်ကျောင်းတွင် သူ့ညီ ကိုလူကားသည် ဆရာဖြစ်လာ သည်။ ဘုန်းကြီးပဲရဝါးသည် သူ့ကို ကျောင်းမြောက်ဘက် အဆောင်အပေါ် ထပ်တွင် ကိုလူကားနှင့် အတူနေဖို့ ခွင့်ပြုထားလေသည်။ ဤသည် မိုးနှင်း ၏အကြိုက်ဖြစ်လေသည်။ ကျောင်းဆောင်၌ အေးးအေးဆေးဆေး စာဖတ် နိုင်မည်မဟုတ်လား။ သူသိချင်ဖတ်ချင်သော အကြောင်းအရာတွေကလည်း တစ်ပုံချည်းပင်။ ရှေးအခါက သူသည် ခရစ်ယာန်ဘာသာစာ စသည်ဖြင့် သာ အကျွမ်းတဝင်ရှိခဲ့ရသည်။ လူ့လောကအကြောင်းလည်း ကောင်းကောင်း

မသိ။ ယခု ဟိုဘာသာ အယူဝါဒ၊ သည်ဘာသာ အယူဝါဒ စသည်ဖြင့် တို့တို့တိတိဖတ်သည်။ အင်္ဂလိပ်ဝတ္ထုတွေ၊ တေးကဗျာတွေလည်း လှိုင်လှိုင်ကြီးဖတ်သည်။

ဖတ်ရုံသာ မဟုတ်သေး။ မိုးနှင်းက မြန်မာလို စာရေးချင်လာသည်။ စာရေးနိုင်အောင် အတွေးရှိရုံနှင့်မပြီး၊ မြန်မာဝေါဟာရ အသုံးအနှုန်းတွေနှင့် ယဉ်ပါးနေဖို့လိုလေသည်။ ရိုးရာမြန်မာစာပေနယ်ပယ်သည် ကျဉ်းမြောင်းသည်မှန်စေဦး။ ဣန္ဒာဝံသဇာတ် စာအုပ်လို၊ ဦးပုညတရားစာအုပ်လို၊ စောဘေစောမေ ပြဇာတ်စာအုပ်လို အဆင့်တန်းမီစာမျိုးကို ဖတ်ထားဖူးလျှင် ပို၍ကောင်းသည်။ သို့သော် မိုးနှင်းတွင် မြန်မာစာအခြေခံက နည်းနေသေးသည်။ သူ့မြန်မာစာ အခြေခံသည် သုံးဆယ်အာစီအမ်ကျောင်းတုန်းက ရခဲ့သည့် အခြေခံသာဖြစ်ပေသည်။ မော်လမြိုင်နှင့် ပီနန်တွင် နေပြန်သောအခါ မြန်မာစာနှင့် တွေ့ထိခဲ့ခြင်းမရှိ။ ထိုအခါကာလတွင် လက်တင်ဘာသာဖြင့်သာ တေးကဗျာများကို သူ ရေးခဲ့ဖူးလေသည်။

သူသည် နည်းပေးလမ်းပြ လုပ်နိုင်မည့်ဆရာကို ရှာလေသည်။ ကံအားလျော်စွာ သူနေသော အာစီအမ်ကျောင်းတွင် ဆရာလုပ်နေသူ ဦးမြို့ကို တွေ့ခဲ့လေသည်။ ဦးမြို့သည် ရပ်ရွာအလိုက် ဗဟုသုတများသူ ဖြစ်ပါ၏။ ထိုဦးမြို့ထံတွင် လောကုတ္တရာကျမ်းဂန်စာပေမှအစ၊ ကဗျာလင်္ကာအလယ်၊ ဆေးဝါးပညာအဆုံး သူ မေးမြန်းမှတ်သားရတော့သည်။ ဟုတ်သည်။ ဦးမြို့သည် ဆေးဝါးဘက်၌လည်း ခေါက်မိသူဖြစ်သည်။

ဤအတွင်း မိုးနှင်းအဖို့ ဦးမြို့နှင့် ပို၍ အဆင်ပြေစရာ အကြောင်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ မိုးနှင်း၏ အမေ မစိန်နုသည် သားမိုးနှင်းနှင့် လူကားတို့ကို အကြောင်းပြု၍ ကျောင်းလာရင်း ဦးမြို့နှင့် တစ်တစ်စရင်းနှီးခဲ့လေသည်။ ထို့နောက် ဦးမြို့နှင့် အိမ်ထောင်ပြုလေသည်။ ဦးမြို့သည်လည်း မစိန်နုနှင့်အတူ မကျည်းကုန်းအရပ်တွင် ပြောင်းရွှေ့နေထိုင်လေသည်။ နောင်အခါ ကျောင်းဆရာအလုပ်မှထွက်၍ သာယာဝတီမြို့ပိုင်ရုံးတွင်လည်း ဝင်လုပ်သည်။

သို့ဖြင့် မိုးနှင်းသည် ဦးမြို့၏နှုတ်မှ ထွေထွေရာရာ ကြားရသည်သာမဟုတ်သေး၊ ဦးမြို့ စုဆောင်းထားသော စာပေကျမ်းဂန်များကိုလည်း အိမ်တွင် အလွယ်တကူ ဖတ်နိုင်လာသည်။ သူ့အမေထံမှ ထုံးနည်းပုံပြင်များကိုလည်း အဆက်မပြတ် ကြားရပြန်သည်။ မိုးနှင်းအဖို့ လာဘ်ဆိုက်သည်ဟု ဆိုရတော့မည်။

သူသည် ကြို့ပင်ကောက်မှ ပြန်လာကတည်းက အလုပ်လုပ်ရန် စိတ်မကူးတော့ပေ။ လတ်တလောတွင် စားရေးသောက်ရေး ပူပင်စရာမရှိ။ မစိန်နုတို့လည်း ချောင်လည်နေသည်။ ကိုလူကားကလည်း သူ့ကို ကျွေးနိုင်သည်။ မိုးနှင်းသည် စာရေးလိုက်၊ စာဖတ်လိုက်နှင့် အချိန်ကုန်နေလေသည်။ စာဖတ်ပုံကလည်း သဲသဲမဲမဲ ရှိလေသည်။ ကျောင်းဆောင်တွင် ကိုလူကား အိပ်ရာဝင်သော်လည်း သူ မဝင်သေး။ ပက်လက်ကုလားထိုင်တစ်လုံးတွင်ထိုင်ကာ နာရီပြန် ၂ ချက်၊ ၃ ချက်အထိ စာဖတ်တတ်လေသည်။ မနက်မိုးလင်း၍ သူ့ကိုကြည့်လိုက်လျှင် အိပ်ရာထဲတွင် မဟုတ်ဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေသည်ကိုသာ တွေ့ရလိမ့်မည်။

စာမဖတ်သည့် အချိန်အားတွင်မူ သူသည် သူငယ်ချင်းအပေါင်းအသင်းတွေဆီ လည်စရာရှိလေသည်။ လည်စရာ သူငယ်ချင်းများတွင် ပန်းပုဆရာ ကိုစပယ်တို့အိမ်၊ မဟန်တိုပအိမ်ပါတတ်သည်။ အမှန်စင်စစ် ထိုအိမ်များအပြင် မိုးနှင်းတွင် လည်စရာအိမ်တွေ ပေါလှပေသည်။ လူကလည်း လည်၍ကောင်းသည့် အသက် ၂၀ နှစ်ကျော် အရွယ်မဟုတ်လား။

တစ်ခါက အဖော်ကောင်း၍ ဇလွန် ဒေါင့်ကြီးရွာဘက်သို့ ရောက်သွားခဲ့လေသည်။ ဒေါင့်ကြီးရွာအသွား လူချည်းသက်သက်တော့မဟုတ်။ သူချစ်သည့် စာအုပ်များလည်း သေတ္တာလေးတစ်လုံးနှင့် အပြည့်ပါလေသည်ပင်။ ဒေါင့်ကြီးရွာတွင် စတည်းချရင်း ဦးရွှေတောင်ဆိုသူနှင့် အသိဖြစ်ရပြန်သည်။ ဦးရွှေတောင်မှာ အပျော်သမား။ အပေါင်းအသင်းတွေနှင့် အရက်ချက်သောက်သည်။ အရပ်ဇာတ်ထောင်သည်။

ရွာအစွန် စပါးကျီထဲတွင် ဇာတ်တိုက်သည့်အခါ မိုးနှင်း ဝင်၍ ပါတတ်လေသည်။ ပါချင်စရာအကြောင်းကလည်း ရှိပေသည်။ ဇာတ်မင်းသမီးကလေးက ခပ်ချောချောဖြစ်သည်။ မိုးနှင်းသည် အဖော်တွေနှင့်အတူ အရက်ကလေး တမြမြနှင့် သီချင်းဆိုလိုက်၊ ကလိုက်နှင့် ဒေါင့်ကြီးရွာတွင် အတော်ကြာ ပျော်နေလေသည်။ နောက်မှ အဒေါ်တစ်ယောက်က လာခေါ်သဖြင့် သုံးဆယ်သို့ ပြန်ရောက်လေသည်။

ထိုအခါ မဟန်အိမ်သို့ မိုးနှင်း စက်ကျပြန်လေသည်။ မဟန်အပေါ်၌ သူ မေတ္တာသက်ဝင်ခဲ့လေပြီ။ ကျောင်းနေစဉ်က ဂါဝန်ဝတ်မိန်းကလေးများကိုသာ သူ စုံစုံမက်မက် ကြည့်ခဲ့ဖူးလေသည်။ သူတို့ ဝတ်စားပုံ သပ်ရပ်သည်ကို သူ နှစ်သက်ခဲ့လေသည်။ တစ်ဖက်တွင်လည်း သမရိုးကျ မြန်မာမိန်းကလေးများ ဝတ်ဆင်ပုံမှာ ကိုးရိုးကားယားနိုင်သည်။ လက်မြှောက်လိုက်

၍ ခါးပေါ်နေသည်မှာ အရုပ်ဆိုးသည်။ အသားအရေကလည်း ခြောက်ကပ်ကပ်နိုင်လှသည်ဟု သူထင်လေသည်။

ယခုမူ သူ့အထင်အမြင် ပြောင်းရမလိုဖြစ်နေသည်။ မဟန်သည် စိုပြေတောင့်တင်းသည့် အရွယ်ရောက်နေပြီ။ ဝတ်ပုံစားပုံမှာလည်း နှစ်သက်စရာ သူမြင်နေရသည်။ သူသည် မဟန်ကို လက်ထက်ချင်လေသည်။ မဟန်ကလည်း သူ့ကို စိတ်ထဲက ချစ်နေသည်ဟု သူယုံကြည်သည်။

သို့သော် သူတို့နှစ်ဦးအကြားတွင် အတားအဆီးရှိလေသည်။ မဟန်သည် ဗုဒ္ဓဘာသာဝင်ဖြစ်လေသည်။ ဘာသာတူချင်းကိုသာ လက်ထပ်ချင်ဟန်တူလေသည်။ တဖန် မိုးနှင်းမှာ အလုပ်လက်မဲ့ဖြစ်လေရာ အဘယ်မိန်းမသည် သူ့လို အလုပ်လက်မဲ့ကို လင်ယေကျ်ားတော်ချင်ပါမည်နည်း။

မိုးနှင်းသည် ဘာသာပြောင်းရန် စိတ်ကူးမိလေသည်။ သူ့မှာ စာဝါရင့်သလောက် ရင့်လာပြီ။ စာဖတ်ရာမှ လူသတ္တဝါမည်သည် ထာဝရဘုရားသခင် အလိုကျဖြစ်ရသည်ဟူသော အဆိုအမိန့်ကို သံသယဝင် ဝင်နေသည်။ ထာဝရဘုရားဆိုတာ ရှိမှရှိရဲ့လားဟူ၍ သူ့ဘာသာ မေးခွန်းထုတ်နေမိသည်။

ယခုမူ မဟန်ကို စွဲမက်သည့်စိတ်က ဘာသာကိုခွာ၍ လွယ်အောင် တိုက်တွန်းနေလေပြီ။ သူသည် မဟန်အကြိုက် ကျအောင် ဖန်တီးလိုလေသည်။ မဟန်၏ အသိတစ်ယောက်မှတဆင့် ရှင်ပြုရန် အစီအစဉ်လုပ်လေသည်။ ထိုအခါ မဟန်ကပင် ရွာမရပ်ရှိ ဒွါရကျောင်းဘုန်းကြီး ဦးအာလောကထံသို့ ပို့ပေးလေသည်။

သူ ကိုရင်ဝတ်ခဲ့လေပြီ။ ကိုရင်ဝတ်၍ တစ်လလောက်အကြာတွင် 'မိုးနှင်းလုပ်ပုံများ အသည်းနှလုံး တုန်လိုက်ပါဘိ' ဆိုသော စကားသံသည် ဇရင်ဂျီဘက်မှ ထွက်လာလေသည်။ ထိုစကားသံသည် ဘာသာအယူ မခိုင်မြဲသေးသူအဖို့ ထိတ်လန့်စရာပင်။ ကိုရင်လုပ်သူလည်း မကြာခင် ရှင်လိင်ပြန်လေသည်။

မိုးနှင်း ရှေ့ဘာလုပ်မည်နည်း။ အရပ်ထဲတွင် သူ့ကို လူလေလူလွင့်ဟု ပြောဆိုနေကြသည်။ သူမခံချင်။ သူ အလုပ်ရှာလေသည်။ သူ့လို အင်္ဂလိပ်စာတတ်အတွက် တောမြို့တွင် အလုပ်လုပ်ရန် လွယ်ပါ၏။ သူသည် လမ်းဘက်ဌာန (Public Works Dept.) တွင် စာရေးအလုပ်ရလေသည်။ ခက်သည်မှာ အလုပ်က တစ်နေကုန် စာရင်းရေးမှတ်နေရသည်။ လူကြီးသူကြီးတွေရှေ့တွင် ကျိုးကျိုးနွံနွံ နေရသည်။ တစ်လမပြည့်မိ သူ ငြီးငွေ့လာလေသည်။ မဟန်နှင့် ရဖို့အရေးမှာလည်း တွက်ခြေမကိုက်။

မိုးဦးကျတစ်မနက်တွင် သူသည် ရုံးသို့ သွားလေသည်။ လမ်း တွင် သီချင်းတကျော်ကျော်နှင့် ပိတောက်ပန်းခူးနေကြသူများကို တွေ့ရလေ သည်။ အားကျစရာပင်။ ပန်းခူးနေကြသူများမှာ လွတ်လွတ်လပ်လပ် ရှိကြ ပါပေသည်။ မိုးနှင်းသည် ထိုနေ့အဖို့ ရုံးမသွားတော့ဘဲ သူတို့တတွေနှင့် ပန်းဝင်ခူးလေသည်။ နောက်နေ့များတွင် သူ ရုံးမတက်။ အပေါင်းအသင်း တွေနှင့် လည်၍သာ နေလေသည်။

ကြုံကြိုက်သဖြင့် ပြည်မြို့မှ အလည်လာသော ဒေါ်သန့်ဆိုသူ အသိတစ်ယောက်ကို အကြောင်းပြုကာ ပြည်သို့ သူလိုက်သွားလေသည်။ ပွဲစားတန်းရှိ ဒေါ်သန့်အိမ်၌ပင် နေထိုင်စားသောက်နေပြန်လေသည်။ ကြာ သော် ကိုယ်ပိုင်ဝင်ငွေကလေး ရှိလျှင် ပိုကောင်းမည်ဟု တွေးမိဟန်တူ၏။ ပြည်ဆေးရုံကြီး၌ စာရေးအလုပ်ကို သူ ဝင်လုပ်လေသည်။

လူဆိုသည်မှာ မကြံသော်လည်း ဖြစ်တတ်၏ဟူ၍ ဆိုရိုးရှိလေ သည်။ မိုးနှင်းသည်လည်း ဤကိန်းမျိုး ခုအခါ ဆိုက်နေလေသည်။

ဖြစ်ပုံမှာ ဒေါ်သန့်အိမ် မျက်စောင်းထိုးတွင် မေမေဆိုသည့် မိန်း ကလေးတစ်ဦး နေထိုင်လေသည်။ ရုပ်ရည်မှာ ရွက်ကြမ်းရေချိုဖြစ်ပါ၏။ ဒေါ်သန့်သည် ထိုမိန်းကလေးနှင့် ရင်းနှီးလေသည်။ ဒေါ်သန့်သည် မိုးနှင်း ကိုလည်း ခင်နေသည်။ သို့ဖြစ်ရာ မေမေနှင့်မိုးနှင်းကို အောင်သွယ်ပေးချင် လေသည်။

ဒေါ်သန့်သည် မေမေ့ကို မိုးနှင်းအကြောင်းပြောလေသည်။ မိုးနှင်း မပြောဘဲနှင့် အပြောလုပ်၍ နားသွင်းလေသည်။ မေမေသည် မိုးနှင်းနှင့် တကယ်တမ်း စကားမပြောဘူးသေး။ သို့သော် နေ့စဉ် သူ့မျက်နှာကို မြင်ရ သည်။ ကိုယ်လုံးပြည့်ပြည့်၊ မျက်နှာဝိုင်းဝိုင်း၊ အသားလတ်လတ်နှင့် အေး ဆေးပုံ အသွင်လက္ခဏာကို အကဲခတ်မိလေသည်။ ဒေါ်သန့်မှတဆင့် ကြား ရသောစကားတို့မှာလည်း ကရုဏာရှိလောက်သည်။ မေမေသည် မိုးနှင်း ကိုချစ်တုံ့ပြန်လေသည်။

ဖြစ်မှဖြစ်ရပလေ။ ဤအကြောင်းကို စောစောက မိုးနှင်းမသိခဲ့။ ဒေါ်သန့်ပြောပြမှ သိရလေသည်။ သူသည် မေမေ့ကို မချစ်နိုင်။ ထို့ကြောင့် မေမေနှင့်စကားဆက်ပြတ်ရအောင် လုပ်ဖို့လိုလာသည်။ မိန်းကလေးဘက် မှ မလိုက်လျောနိုင်သည့်စကားမျိုး ရေးပို့မှ ဖြစ်တော့မည်။

'ကျုပ်နဲ့ အခုညပဲ ခိုးရာလိုက်ပါ၊ မလိုက်ရင် နောက်နောင်ကို ကျုပ် အကြောင်းနဲ့ပတ်သက်ပြီး စကားတောင်မပြောပါနဲ့'

ဤသဘောပါသောစာကို မေမေ့ထံသို့ သူ ရေးပို့လေသည်။

ဒုက္ခရောက်ချင်၍လား မသိ။ ထိုညတွင် မေမေသည် မိုးနှင်းဆီ လိုက်လာသည်။ မိုးနှင်းမှာလည်း မထွေးနိုင် မအံနိုင်ဖြစ်လေသည်။ များ မကြာမီ လူကြီးများက ပြန်လက်ခံ၍ ယောက္ခမအိမ်တွင် အခန့်သား နေထိုင်ရလေသည်။ မိုးနှင်းမှာ မပျော်၊ မေမေသည် သူ့အပေါ် ချစ်ပါ၏။ သူက ပြန်ချစ်၍မရ၊ သနားသည့်စိတ်သာ ရှိနေသည်။ သူသည် အချိန်အားတွင် အိမ်၌မနေဘဲ လျှောက်၍သာ လည်လေသည်။ ဒေါ်သန့်အိမ်၌လည်း အနေများလေသည်။

❖

၁၉၀၆ ခုနှစ်ထဲ ဝင်လာခဲ့ပြီ။

ထိုနှစ်အစတွင် 'လယ်တီဆရာတော် (ဦးဉာဏ)' သည် ပြည်မြို့သို့ တရားဟောကြွရောက်လေသည်။ ဆရာတော်သည် ကျမ်းလည်း ပြုသည်။ တရားအဟောလည်း သန်သည်။ ဆရာတော်နည်းတူ တပည့်ဦးပဉ္ဇင်းဖြစ်ကြသော ဦးဝါယမ၊ ဦးဝဏ္ဏတို့ကလည်း အဟောအပြော ဝါသနာရှိကြသည်။

သို့ဖြင့် ဆရာတော်သည် တပည့်တပန်းများ ခြံရံလျက် အမြို့မြို့အရွာရွာ လှည့်၍ အဘိဓမ္မာတရား ဟောခဲ့လေသည်။ လူကြီးလူငယ်မရွေး ကျက်မှတ်ရလွယ်ကူအောင် ပရမတ္ထတံခိပ်ကျမ်းတစ်ကျမ်းကို ရေး၍ သံခိပ်အသင်းများကို ဖွဲ့စည်းခဲ့လေသည်။

ယခု ပြည်မြို့သို့ ရောက်လာခြင်းမှာ ရှင်လူအများကို အဘိဓမ္မာတရား ဟောရုံသာ မဟုတ်သေး။ ရှင်လူအများ၏ ဆန္ဒအရ ပြည်မြို့၌ တစ်ဝါဆိုရန်ဖြစ်လေသည်။

စပ်မိ၍ ရေးရမည်ဆိုလျှင် ဗုဒ္ဓသာသနာ ပြန့်ပွားရေးလုပ်ငန်းသည် ခေတ်၏ လက္ခဏာတစ်ရပ်ပင်ဖြစ်သည်။ အင်္ဂလိပ် အုပ်စိုးမှုအောက်တွင် ဗုဒ္ဓသာသနာ မှေးမှိန်သွားမည်ကို ဗုဒ္ဓဘာသာဝင်အများစုက စိုးရိမ်ကြသည်။ ထို့ကြောင့် တရားဟောကြ၊ ကျမ်းပြုကြ၊ ဟံသာဝတီသတင်းစာ၊ သံတော်

ဆင့်သတင်းစာများတွင် တရားအငြင်းအခုံပြုကြနှင့် ထထကြွကြွ ရှိကြလေသည်။

(ဗုဒ္ဓဘာသာကလျာဏယုဝအသင်းခေါ်) ဝိုင်အမ်ဘီအေအသင်းမျိုးကလည်း အမျိုးဘာသာ သာသနာ ပညာ မြင့်တင်ရန် ဆောင်ပုဒ်ဖြင့် လှုံ့ဆော်စပြုသည်။ တဖန် နိုင်ငံခြားသို့ သာသနာပြန့်ပွားစေချင်သူများကလည်း အသင်းအပင်းအဖွဲ့ကာ ဟောပြောခြင်း၊ စာအုပ်စာတမ်းထုတ်ခြင်းအမှုများကို ပြုလုပ်ရှိကြသည်။

လယ်တီဆရာတော်သည်ကား နိုင်ငံတွင်း၌ တရားဟော၊ ကျမ်းပြုသည့်လုပ်ငန်းကို ပို၍ အားစိုက်လေသည်။ ဆရာတော်၏ တရားကို နာလိုသူများသည် ထောင်နှင့်သောင်းနှင့် ရှိသည်။ ထိုအထဲတွင် မိုးနှင်းပါလေသည်။

မိုးနှင်းသည် အိမ်ထောင်ရေးစိတ်ဒုက္ခကို မေ့ပျောက်လို သူဖြစ်သည်။ ထို့ကြောင့် သူ့ယေက္ခမနှင့် သူ့မိန်းမဘက်က ကျေနပ်သည် မကျေနပ်သည်ကို ဂရုမထားချင်တော့။ အလုပ်မှထွက်၍ လယ်တီဆရာတော်ထံတွင် ရဟန်းခံလေသည်။ ထို့နောက် မြို့အနီးရှိ ဝိပဿနာကုန်းတွင် တောရဆောက်တည်လေသည်။

တနေ့သ၌ ဦးပဥ္စင်းမိုးနှင်းသည် တဲကျောင်းအတွင်း ရှိနေစဉ် အပြင်မှမိန်းမများ စကားပြောသွားသံကို ကြားလိုက်ရလေသည်။ အမှန်စင်စစ် ဦးပဥ္စင်းကြားအောင် မိန်းမအချင်းချင်း ပြောသွားကြခြင်းဖြစ်သည်။ ကြားစေချင်သော သတင်းမှာလည်း အခြားမဟုတ်။ မေမေတစ်ယောက် ပုလိပ်ရောဂါဖြင့် ရုတ်တရက်သေဆုံးသွားသည့် သတင်းပင်ဖြစ်လေသည်။ ဦးပဥ္စင်းမိုးနှင်းသည် မေမေ့ကို မယားအဖြစ် မချစ်ခင်ခဲ့သည်မှာ မှန်၏။သို့သော် ယခုလို သေဆုံးခဲ့ခြင်းကိုမူ ဝမ်းနည်းမိလေသည်။ မေမေနှင့်သူသည် ၂လတာမျှ ပေါင်းလိုက်ရသည်။ မေမေဆုံးသည့် အရေးတွင် သူ့ပယောဂ မပါပါစေနှင့် ဆုတောင်းရင်း မျက်ရည်ကျမိရှာလေသည်။

ဖြစ်သမျှအကြောင်း အကောင်းချည်းမှတ်ရပေတော့မည်။ ဦးပဥ္စင်းမိုးနှင်းသည် ယောက္ခမအိမ်နှင့်လည်း ပြန်၍ မဆက်ဆံလိုတော့ပြီ။ ထို့ကြောင့် သီတင်းဝါလအကျွတ် ရန်ကုန်သို့ လယ်တီဆရာတော်အဆင်းတွင် နောက်မှ တစ်ပါတည်း လိုက်ပါလာခဲ့သည်။ ရန်ကုန်တွင် ဦးပဥ္စင်းမိုးနှင်း အခက်အခဲတစ်ခုနှင့် ကြုံတွေ့ရပေ၏။ ရဟန်းတိုင်းသိရ အလွတ်ရသော ပါတိမောက်ကို ဦးပဥ္စင်းမိုးနှင်း အလွတ်မရ။ ပါတိမောက်မရသော ဘုန်းကြီးကို ဘုန်း

ကြီးကျောင်းများကလည်း လက်မခံလိုကြ။ ဦးပဥ္ဇင်းမိုးနှင်းသည် တစ်ကျောင်းပြီးတစ်ကျောင်း ပြောင်းနေရသည်။ နောက်ဆုံး၌ ဦးပဥ္ဇင်းကို အမြဲလက်ခံနိုင်မည့် ဘိက္ခုအာနန္ဒာမေတ္တယျကို တွေ့ရလေတော့သည်။

ဘိက္ခုအာနန္ဒာမေတ္တယျသည် အင်္ဂလိပ်လူမျိုးဖြစ်၍ ဓာတုဗေဒဆရာလုပ်ကိုင်ခဲ့ဖူးလေသည်။ ထို့နောက် ဗုဒ္ဓဘာသာ တွင်သက်ဝင်ယုံကြည်ကာ သီဟိုဠ်(သီရိလင်္ကာ)၌ လေ့လာခဲ့လေသည်။ တဖန် မြန်မာနိုင်ငံသို့လာ၍ ရဟန်းဘောင်သို့ဝင်ခဲ့လေသည်။ သို့သော် ထိုမျှဖြင့် ထိုပုဂ္ဂိုလ်သည် အလိုမပြည့်။ ဗုဒ္ဓသာသနာကို နိုင်ငံခြားသို့ ဖြန့်ချိနိုင်ရန် ကြိုးပမ်းလေသည်။ မင်းကြီးကတော် ဒေါ်မြမေ အုပ်ချုပ်ရေးဝန်ထမ်း ဦးရွှေဇံအောင်၊ ဆရာဝန်ဒေါက်တာရော့ **E.Rost** စသော အင်္ဂလိပ်ပညာတတ်ပိုင်းကို စုစည်း၍ 'ဗုဒ္ဓသာသန သမာဂမ'ခေါ် **Interantional Buddhist Society** ကိုတည်ထောင်လေသည်။ အင်္ဂလိပ်ဘာသာဖြင့် **Buddhism**(ဗုဒ္ဓဘာသာ)ဟူသော မဂ္ဂဇင်းတစ်ခုကို ဟံသာဝတီပုံနှိပ်တိုက်တွင် အပ်၍ ထုတ်ဝေသည်။ မိမိသတင်းသုံးနေသော ဦးပြားတောရ ကျောင်းအောက်ထပ်၌ ဓာတ်ခွဲခန်းတစ်ခုထားကာ အဘိဓမ္မာလာ ဝီထိကျပုံကို အနောက်တိုင်းသားတို့အား သိပ္ပံနည်းဖြင့် ပြသနိုင်ရန် ကြံစည်လျက်ရှိသည်။

အာနန္ဒမေတ္တယျ ကိုယ်တော်သည် ဦးပဥ္ဇင်းမိုးနှင်းနှင့် အဆင်ပြေနေလေသည်။ ဦးပဥ္ဇင်းမိုးနှင်းက အင်္ဂလိပ်စာ ကောင်းကောင်းတတ်သည်။ ကောင်းကောင်း ဘာသာပြန်နိုင်သည်။ အာနန္ဒမေတ္တယျ ကိုယ်တော် ၏ စာပေးစာယူ ကိစ္စများတွင်လည်း စာကြမ်းရေးပေးရလေ့ရှိသည်။ တဖန်အာနန္ဒမေတ္တယျကိုယ်တော်က ဦးပဥ္ဇင်းမိုးနှင်းကို ဓာတုဗေဒ အခြေခံသင်ပေးလေသည်။

ရံဖန်ရံခါလည်း အာနန္ဒမေတ္တယျကိုယ်တော်သည် နယ်သို့တရားဟောကြွတတ်လေသည်။ ရှင်မြူးစရာအဖြစ်ကလေးများလည်း ကြုံရတတ်သေးသည်ပင်။ ရန်ကုန်နှင့်မန္တလေး မီးရထားလမ်းပေါ်ရှိ မြို့တစ်မြို့မှ ဆင်ပွဲစားတစ်ဦးက အာနန္ဒမေတ္တယျကိုယ်တော်ကို တရားဟောပင့်၏။ ထိုအခါဦးပဥ္ဇင်းမိုးနှင်းအပြင် ဦးဝါယမနှင့် ဒေါက်တာရော့တို့လည်း ပါလာကြလေသည်။ အာနန္ဒမေတ္တယျကိုယ်တော်က တရားစဟောသည်။ ဦးပဥ္ဇင်းမိုးနှင်းသည်လည်းတရားဟောရန် ပြင်ထားလေသည်။

ဦးပဥ္ဇင်းသည် လယ်တီဆရာတော်ထံတွင် တစ်ဝါနေခဲ့ဖူးသည်ဖြစ်ရာ ဆရာတော်ဟောဖူးသော သရဏဂုံ ၃ပါးအကြောင်းကိုလည်း ကြေကြေလည်

လည် သိနေလေသည်။ ထိုအကြောင်းကိုပင် ဟောမည်ဟု စိတ်ကူးထားလေသည်။ ဤတွင် အာနန္ဒမေတ္တာယျကိုယ်တော်၏ တရားပွဲပြီးသည့်နောက် ဟောပြောသူမှာ ဦးဝါယမဖြစ်လေသည်။ ဦးဝါယမ၏ တရားသည်လည်း သရဏဂုံ ၃ပါးတရားပင်ဖြစ်လေရာ ဦးပဥ္စင်းမိုးနှင်း၏ အလှည့်တွင် ဟောစရာတရားမရှိ ဖြစ်ခဲ့ရလေသည်။

သို့ဖြင့် ဦးပဥ္စင်းမိုးနှင်းသည် ဦးပြားတောရကျောင်းတွင် နေသားတကျဖြစ်ကာ တစ်နှစ်ကြာခဲ့လေသည်။ ထိုတစ်နှစ်နောက်ပိုင်းတွင်ကားကျောင်းသို့ ဘုန်းကြီးတစ်ပါး လာရောက်တည်းခိုလေသည်။ ထိုဘုန်းကြီးသည် ကြည့်မြင်တိုင် တစ်ဖက်ကမ်း ဈောင်ဝိုင်းရွာမှဖြစ်၍ သဒ္ဒါကျမ်းဂန်နိုင်လှသည်ဟု နာမည်ကြီးသူ ဖြစ်လေသည်။ ထိုဘုန်းကြီးကပင် မိမိကိုအင်္ဂလိပ်စာ သင်ပေးပါ၊ မိမိက မြန်မာသဒ္ဒါ သင်ပေးပါမည်ဟူ၍ ဦးပဥ္စင်းမိုးနှင်းကို ပြောလေသည်။

ဘုန်းကြီးပြောသော မြန်မာသဒ္ဒါဆိုသည်မှာ အရင်းခံအားဖြင့် ပါဠိသဒ္ဒါပင်ဖြစ်လေသည်။ မြန်မာသဒ္ဒါအစစ်သည် စာဖြင့် ရေးသားထားပြီးမရှိ။ တဖန် ပါဠိဝေါဟာရများသည်လည်းကောင်း၊ ပါဠိဝါကျဖွဲ့ထုံးသည်လည်းကောင်း၊ မြန်မာစာ အရေးအဖွဲ့တွင် ပါဝင်သြဇာညောင်းလျက်ရှိရာ ပါဠိသဒ္ဒါကိုပင် ရှေးရိုးကျမ်းတတ်များအကြားတွင် မြန်မာသဒ္ဒါဟူ၍ ပြောမှားဆိုမှား ဖြစ်နေကြသည်။

ဦးပဥ္စင်းမိုးနှင်းသည် မြန်မာသဒ္ဒါ၊ မြန်မာစကား၏ ရုပ်မပြောင်းတတ်သော သဘော၊ စကားလုံးအနက် တစ်ချက် ထွက်တတ်သောသဘော၊ ရုပ်ပြောင်းတတ်သော ပါဠိသဒ္ဒါနှင့် အခြေခံကွာခြားသော သဘောကိုဖြင့် တစွန်းတစ သိပါ၏[၁၀]။ သို့သော ပါဠိတတ်လျှင် မြန်မာပိဋကတ်ကျမ်းဂန်စသည်ကို ဖတ်ရလွယ်လေသဖြင့် ထိုသဒ္ဒါကို သင်ချင်စိတ် ရှိဟန်တူလေသည်။

ဦးပဥ္စင်းမိုးနှင်းသည် အာနန္ဒမေတ္တာယျ ကိုယ်တော်ကို နှုတ်ဆက်စာတစ်စောင်ရေးခဲ့ပြီး ထိုဘုန်းကြီးနှင့် ဈောင်ဝိုင်းကျောင်းသို့ လိုက်သွားလေသည်။ ဈောင်ဝိုင်းတွင် သဒ္ဒါသင်ရပါသည်။ သို့သော် မကြာချေ။ ဈောင်ဝိုင်းကျောင်းဘုန်းကြီးသည် ဆွမ်းဒကာမတစ်ယောက်နှင့် လူထွက်သွားသဖြင့်စာသင်ရပ်လိုက်ရသည်။ ဦးပဥ္စင်းမိုးနှင်းသည် ထိုကျောင်း၌ ကျောင်းထိုင်၍ မဖြစ်။ ကျောင်းထိုင်နိုင်သောအရည်အချင်းလည်း မိမိတွင်မရှိ။ မကြာမီ အနီးအနားမှ ဘုန်းကြီးတစ်ပါးထံ သွား၍ သိက္ခာချရလေတော့သည်။

သူသည် ရွာထဲမှ လယ်သမား အဖိုးကြီးတစ်ဦးထံသွား၍ မှီခိုနေလေသည်။ အဖွားကြီးကလည်း သူ့ကို ချစ်လေသည်။ သူသည် ထင်းပေါက်၊ ဆန်ဖွပ်၊ နွားကျောင်း၊ လယ်ထွန် စသည်ဖြင့် အိမ်အလုပ်ကို ကူလုပ်ရလေသည်။ အားလပ်သည့်အခါတွင်ကား ဘုန်းကြီးကျောင်းတုန်းက ရေးလက်စရှိခဲ့သော လောဂျစ်ကျမ်းကို ဆက်ရေးလေသည်။ ကဗျာတေး ကလေးများကိုလည်း ရပ်ရွာအောက်မေ့သည်အခါ စပ်တတ်လေသည်။ ရံဖန်ရံခါလည်း လယ်သမားကြီး၏ အိမ်တွင် တွေ့သမျှ စာတိုစာစတွေကို ဖတ်ပစ်သည်။ အိမ်နီးနားချင်း အသိတွေထံမှလည်း ငှား၍ ရတတ်သမျှ ဖတ်သည်။

သူသည် ရန်ကုန်ဘက်သို့ပင် မကူး။ ရန်ကုန်တွင် လခစားလုပ်ဖို့ရန် သူ့အဖို့ မခက်လှ။ သို့သော် တောဓလေ့ ဘာသာအလိုက်နေသည်ကို သူပျော်ပိုက်လှလေသည်။ အလုပ်ကြမ်းလုပ်ရသဖြင့် သူ ပင်ပန်းသည် မှန်ပါ၏။ ကိစ္စမရှိပါ။ စိတ်က လွတ်လွတ်လပ်လပ်နေရသည် မဟုတ်လား။

ဂျောင်ဝိုင်း၌ မိုးနှင်းနေ၍ တစ်နှစ်အကြာတွင် အိမ်ရှင်အဖွားကြီး ကွယ်လွန်ခဲ့သည်။ ထိုအဖွားကြီးကို မိုးနှင်းက အလွန်ခင်သည်။ ယခုမူ ထိုအိမ်၌ သူ ဆက်လက်နေလိုစိတ် မရှိတော့။ သူသည် အသိတစ်ယောက်နှင့် ဘော့သပြေကန်ရွာဘက်သို့ လိုက်သွားလေသည်။

ထိုရွာရှိ မြေပိုင်ရှင်တစ်ဦးနှင့် အဆက်ရကာ သူ့အိမ်၌ သောင်တင်နေပြန်၏။ မြေပိုင်ရှင့်သားကို သူက အင်္ဂလိပ်စာ သင်ပေးရလေသည်။မြေပိုင်ရှင့်သမီး လုံးကြီးပေါက်လှ မိန်းကလေးနှင့်လည်း နီးစပ်လာတော့မယောင်ရှိနေသည်။ သို့သော် ထိုအိမ်၌နေရင်း အိမ်သားတွေ၏ အပြုအမူကို သူ သတိပြုမိခဲ့လေသည်။ ထိုအိမ်သားတွေမှာ ထမင်းဟင်းကို ၃–၄ရက်ထား၍ စားတတ်ကြသည်။ ပန်းကန်အပြင်ဘက်ကိုလည်း ရေဖြင့် စင်စင်ဆေးလေ့မရှိ။ နောက်ဆုံး၌ ကယ်ပါအိမ်မှန်း သူသိလာသည်။ သူသည် ထိုအိမ်ကို ခွာ၍ ရန်ကုန်ဘက်သို့ ကူးလာခဲ့လေသည်။

❖

# [ ၃ ]

ဤတွင် မိုးနှင်းနှင့်အတူ စာမူကလေးတစ်ခုနှင့် ငွေအနည်းငယ်သာ ပါလာခဲ့လေသည်။

စာမူကလေးမှာ ကျောင်ဝိုင်း၌ ရေးခဲ့သော လောဂျစ်ကျမ်းဖြစ်လေသည်။ ထိုကျမ်းကို သူ ပုံနှိပ်ထုတ်ဝေချင်လေသည်။ ဟံသာဝတီ ပုံနှိပ်တိုက်ကို သူသိသည်။ ထိုပုံနှိပ်တိုက်သည် ဟံသာဝတီ ရက်ခြားသတင်းစာကိုလည်း ထုတ်ဝေသည်။ ပိဋကတ်တော်များကိုလည်း ရိုက်နှိပ်သည်။ အင်္ဂလိပ်သတင်းစာတွေကိုလည်း အငှားရိုက်ပေးသည်။ ထို့ကြောင့် ဆူးလေဘုရားလမ်းရှိ ဟံသာဝတီပုံနှိပ်တိုက်သို့ သွား၍ သူ အကျိုးအကြောင်းပြောပြလေသည်။

တိုက်ရှင် ဖိလစ်ရစ်ပလေ (**Philip H.Ripley**) သည်လည်း တိုက်ရှိ စာပြင်ဆရာကြီးများကို စာမူပြလေသည်။ ဆာပြင်ဆရာကြီးများအဖို့ကား လောဂျစ်ကျမ်းသည် အထူးအဆန်းပေပင်။

သူတို့အတွက် ယဉ်ပါးနေသည်မှာ ပိဋကတ်စာပေဖြစ်သည်။ ပျို့မော်ကွန်းစာပေဖြစ်သည်။ ကာလပေါ်ထဲကဆိုလျှင် ဦးပေါ်ဦး လျှောက်ထုံးတို့၊ သင်္ဂဇာ ဆရာတော် စကားပုံတို့။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းတို့လို မျိုးသာဖြစ်ကြသည်။ သူတို့လို သမားရိုးကျ စာသမားများအဖို့ လောဂျစ်စာမူသည် ဆင်ခြင်တုံတရား တိုးနိုင်သည်ဟုမမြင်။ ဘုရားဟောနှင့် ဗီလာ

ပင် ကျနိုင်သည်ဟု သူတို့ ထင်မိကြဟန်ရှိလေသည်။ ထို့ကြောင့် စာမူကို စာအုပ်ဖြစ်ရန် သူတို့မလိုလား။

မိုးနှင်းသည် ဟံသာဝတီတိုက်သို့ စာမူအကြောင်းနှင့် စပ်၍ နှစ်ခါ သုံးခါ သွား၍မေးပါ၏။ အကြောင်းမထူး။ ခတ်ရထားဖိုး၊ မြင်းရထားဖိုး ကုန်သည်သာ အဖတ်တင်လေသည်။

သူ့မှာ စားရေးသောက်ရေးက ကြပ်၍ကြပ်၍ လာလေသည်။ ရန်ကုန်ရောက်စက 'ကြာပွန်း' 'ကြာပွန်း' (ထမင်း) အော်၍ လမ်းထဲသို့ အထမ်းနှင့် လှည့်ရောင်းသော တရုတ်ထံမှ ထမင်း ၂ ပြားဖိုး၊ ဝက်အူချောင်း ၂ ပြားဖိုးနှင့် နပ်ပြည့်အောင် စားနိုင်ပါသေး၏။ ထို့နောက်မူကား ထမင်းတစ်နပ် ၄ ပြားဖိုးပင်ပြည့်အောင် မစားနိုင်တော့ချေ။ တစ်နေ့ ကန်ဇွန်းဥကလေး၊ တစ်နေ့ ပြောင်းဖူးပြုတ်ကလေး၊ တစ်နေ့ ကုလားပဲပြုတ်ကလေး စသည်ဖြင့် တင်းတိမ်ရတော့သည် [၁၁]။ သူသည် အရဲစွန့်၍ ဟံသာဝတီတိုက်ရှင် ရစ်ပလေထံတွင် အလုပ်သွားတောင်းလေသည်။

သူ့ပုံပန်းကို ကြည့်ပါလေဦး၊ ခေါင်းက ဆံပင်တိုနှင့် ဖြစ်လေသည်။ စွပ်ကျယ်အင်္ကျီကို အပေါ်က ပုဒုမ္မာရင်ဖုံး ထပ်ဝတ်ထားသည်။ လုံချည်က အချိတ်ခပ်နွမ်းနွမ်း။ ခြေထောက်တွင် ခြေအိတ်အနီနှင့် အဝတ်ဖိနပ်ကို စီးထားပြန်သည်။ ရစ်ပလေသည် သူ့အပေါ် သနားသွားဟန်တူ၏။ ချက်ချင်းပင် ဘာသာပြန်အလုပ်ခိုင်းလေသည်။ ချက်ချင်းပင် အလုပ်ခန့်လေသည်။

ရစ်ပလေသည် တာမွေရှိ ခြံထဲတွင် နေလေသည်။ မိုးနှင်းကိုလည်း ထိုခြံထဲရှိ မြင်းဇောင်း အပေါ်ထပ်တွင် အိပ်ရန် အခန်းပေးလေသည်။ ထမင်းဟင်းကိုလည်း အိမ်ခေါ်၍ ကျွေးလေသည်။ မိုးနှင်းရသည့် လခကား တစ်လ ၃၀ ဖြစ်လေသည်။ ထို့ကြောင့် သူ့အဖို့ မနည်းလှ။ အဝတ်အစားဖိုး၊ သူဖတ်ချင်သော မာရီကော်ရယ်လီ (Marie Corelli) တို့၊ ရေးနိုး (G.W.N. Reynolds) တို့၊ ချားဂါးဗစ် (Charles Garvice) တို့၏ ဝတ္ထုစာအုပ်ဖိုးကို ကောင်းကောင်းသုံးစွဲနိုင်လေသည်။

သို့သော် သူသည် ဟံသာဝတီတိုက်တွင် ဖလ ကျော်ကျော်သာ အလုပ်လုပ်နိုင်ခဲ့လေသည်။ သူ့မှာ နေကောင်းလှသည် မဟုတ်။ အဖျားရောဂါသည် ဂျောင်ဝိုင်းမှ ပါလာခဲ့ဟန်တူလေသည်။ မိုးနှင်းသည် တာမွေအခန်းနှင့် ဆူးလေဘုရားလမ်းမရှိ အလုပ်တိုက်အကြား နေ့စဉ် အလုပ်သွားအလုပ်ပြန်ရင် အဖျားတက်ချင် တက်တတ်လေသည်။

တစ်နေ့သော် အလုပ်မှပြန်ရင်း အဖျားတက်ပြန်သည်။ ကံအားလျော်စွာ သုံးဆယ်မှ အသိ မိန်းမတစ်ယောက်သည် ရထားထဲတွင် ပါလေသည်။ ထိုမိန်းမက တည်းအိမ်သို့ သူ့ကိုခေါ်၍ ဆေးတိုက်ပြုစုလေသည်။ မိုးနှင်းလည်း သုံးဆယ်သို့ ထိုမိန်းမအပြန်တွင် ပါသွားလေတော့သည်။ ထိုလအတွက် လခရဖို့ပင် နောက်ဆံငင်ခြင်းမရှိတော့။

သူသည် ဘုန်းကြီး ပဲရဝါးကျောင်းတွင် ဆရာပြန်လုပ်လေသည်။ ကျောင်းတွင်လည်း အိပ်လေသည်။ ကျောင်းတွင် လုပ်၍မှ ခဏရှိသေးသည်။ အဆောင်သို့ အပြင်မှ ခဲပေါက်သည့်အမှုဖြစ်လေသည်။ အမှုမှာ အပြင်လူတစ်ယောက်က သူနှင့်ပတ်သက်နေသော မိန်းမတစ်ယောက်ကို ဆရာတစ်ယောက်နှင့် မသင်္ကာသောကြောင့် ဆရာဆောင်ကို ရန်စသည့်အမှုဖြစ်လေသည်။

မိုးနှင်းလည်းမခံနိုင်။ ဆရာတစ်ယောက်နှင့်အတူ ခဲပေါက်သူကို မြို့ထဲတွင် လိုက်၍ရှာလေသည်။ တွေ့လည်း တွေ့လေသည်။ တွေ့သည်ဆိုရန်ပွဲလည်း စတော့သည်။ သူသည် ပါလာသော ရင်းတိုက်နှစ်တုတ်နှင့်တစ်ဖက်လူကို ဆင့်ကာဆင့်ကာ ရိုက်လေသည်။ ပါလာသည့်ဆရာက'တော်ပါ၊ တော်ပါ' ဟု အတင်းတွန်းပစ်မှ ကျောင်းသို့ ပြန်၍အိပ်လေသည်။

ထိုကိစ္စအား ဘုန်းကြီးပဲရဝါးအဖို့ စိတ်မအေးစရာ ဖြစ်လာလေသည်။ မိုးနှင်း၏ အရိုက်ခံရသူသည် ဒဏ်ရာအတန်အသင့် ရခဲ့လေသည်။ ထိုအတွက် လူကြီးချင်း တောင်းပန်ကြေအေးကြဖို့မှာကား မခဲယဉ်း။ ဂတ်မတိုင်ရအောင်လည်း ဖန်တီးနိုင်လေသည်။ ဘုန်းကြီး ပဲရဝါးသည် မင်းပိုင်းစိုးပိုင်းတွင် သြဇာရှိသူပါပေ။

သို့သော် တစ်ခုခက်သည်မှာ အရိုက်ခံရသူ၏ အပေါင်းအသင်းတွေက အခဲမကြေဘဲ မိုးနှင်းကို ချောင်း၍ပြန်ရိုက်မှာ စိုးရသည်။ ဘုန်းကြီးပဲရဝါးသည် မိုးနှင်းကို သုံးဆယ်တွင် မထားလို၊ အဝေးသို့လွှတ်ချင်သည်။ နောက်တစ်နေ့တွင် မိုးနှင်းကို အိပ်ရာမှ နှိုး၍ ဓမ္မိတွင် ဆရာလုပ်ရန် လွှတ်လိုက်လေသည်။

❖

[ ၄ ]

ခက်ပဲခက်သေးတော့သည်။ မိုးနှင်း၏ ဘဝသည် ယခုထက်တိုင် ဣန္ဒြေမရ။ ဤအတွက် သူ့စရိုက်သဘာဝကိုပင် ရိုးစွပ်ရပေတော့မည်။ ရှေ့အဖို့ဆိုလျှင်လည်း အလားတူ အတွေ့အကြုံမျိုးသာ ကြုံတွေ့ဖို့များလေသည်။

တွေ့ရပါလေပြီ။ ဟသ်ာတမှ ကြံခင်းသို့သွားသော မီးရထားတွဲတစ်တွဲပေါ်တွင် မိုးနှင်းအပြင် တောခပ်ကျကျ မိန်းကလေးတစ်သိုက် ပါလာလေသည်။ ထိုထဲမှ မိန်းကလေးတစ်ယောက်ကို မိုးနှင်းသတိထားမိလေသည်။ မိန်းကလေးမှာ ၁၅နှစ်အရွယ်လောက်ရှိသည် [၁၂]။ မျက်နှာသွယ်သွယ်၊ အသားလတ်လတ်၊ အရပ်ပျပ်ပျပ်နှင့် တောင့်တောင့် တင်းတင်းဖြစ်လေသည်။ သူတို့အချင်းချင်းကြားတွင် စကားပြောဆိုနေပုံမှာလည်း ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်းရှိလေသည်။

ဤအမူအရာမျိုးကို မိုးနှင်း သဘောကျလေသည်။ သဘောကျပုံမှာ ဂါဝန်ဝတ် မိန်းကလေးများကို သဘောကျပုံနှင့် တစ်နည်းအားဖြင့် တူလေသည်။ ဂါဝန်ဝတ်မိန်းကလေးများမှာ ကျန်းမာဖြတ်လတ်ကြသည်။ စကားပြောရဲတင်း၍ ဒဲ့ဒိုးကျလေသည်။ ယခုမိန်းကလေးမှာလည်း အင်္ဂလိပ်စာသာ မတတ်သည်၊ ဂါဝန်သာမဝတ်သည်၊ အမူအရာမှာ ဂါဝန်ဝတ်နှင့်ဆင်နေသည်မဟုတ်လား[၁၃]။

သူသည် ထိုမိန်းကလေး၏အမည်ကို မစိန်တင့်ဟူ၍ သိရလေသည်။ သူ့ကိုကြည့်ရင်း သူစကားပြောသည်ကို နားထောင်ရင်း သူ့အပေါ် ချစ်ချင်သလို ဖြစ်လေသည်။ ကံအားလျော်စွာ မစိန်တင့်သည် ဓမ္မိဘူတာတွင် ဆင်းလေသည်။ မိုးနှင်းလည်း နောက်ရောင်ခံ၍လိုက်သွားရာ ဘုရားတန်းထဲမှ အိမ်တစ်အိမ်သို့ ဝင်သွားသည်ကို မြင်ရလေသည်။

မိုးနှင်းသည် ထိုအိမ်နှင့် မျက်စောင်းထိုးတွင် ကရင်ရှပ်ဆိုင်တစ်ခုကို တွေ့လေသည်။ ထိုရှပ်ဆိုင်၌ပင် တည်းခိုလေသည်။ နောက်တစ်နေ့၌ သူသည် အာစီအမ်ကျောင်းသို့ သွားလေသည်။ ထိုကျောင်းသည်လည်း မြို့နှင့် တစ်မိုင်လောက် ဝေးလေသည်။ ကျောင်းတွင် ဆရာကြီးနှင့် အဆင်သင့်တွေ့ရသည်။ ဆရာကြီးက ကျောင်းတွင်နေရန် အဆောင်ရှိကြောင်း ပြောလေသည်။ သူက မနေ။ မစိန်တင့်အိမ်နှင့်နီးသော ရှပ်ဆိုင်၌သာ နေမြဲနေလေသည်။

သူသည် ဓမ္မိ၌ အတော် ပျော်ပိုက်လေသည်။ တောအရပ်တွင် တစ်လ လခ ၄၀ရသည်မှာ သူ့အတွက် ပိုလျှံ၍ပင် နေပေသည်။ ထို့ကြောင့် ကာလသား အပေါင်းအသင်းတွေနှင့် ထန်းရည်တို့ အရက်တို့ကို ဖောဖောသီသီ သောက်နိုင်လေသည်။ မစိန်တင့်တို့အိမ်ကိုလည်း မှန်မှန်သွားလည်လေသည်။

မစိန်တင့် မိဘတွေကလည်း မိုးနှင်းဝင်ထွက်သွားလာသည်ကို မကန့်ကွက်။ သူတို့မှာ လူရိုးကြီးတွေဖြစ်ကြသည်။ မိုးနှင်းလို သနားကမားရုပ်မျိုးနှင့် အင်္ဂလိပ်ပညာတတ်တစ်ယောက်ကို အဘယ်မှာ မခင်မင် အထင်မကြီးဘဲ ရှိပါမည်နည်း။

တစ်စတစ်စနှင့် သူသည် မစိန်တင့်နှင့် သမီးရည်းစားဖြစ်လာခဲ့လေသည်။ ဖြစ်ရုံသာမက ရှပ်ဆိုင်မှ ပြောင်းရွှေ့၍ သူတို့အိမ်ပေါ်သို့ပင် ရောက်လာလေသည်။ ကျောင်းအလုပ်နှင့်လည်း ဝေးပြီ။

မိုးနှင်းမှာ ကျောင်းအလုပ်မရှိ၍လည်း မစိန်တင့်၏ မိဘများက မငြိုငြင်ပါလေ။ သူတို့က ဆင်းဆင်းရဲရဲမဟုတ်။ သူတို့တွင် လယ်ကလေးချောင်းကလေးရှိလေသည်။ အိမ်ဆိုင်ကလေး ရှိလေသည်။ ထို့ကြောင့် သူတို့က မငြိုငြင်။ ပညာတတ် သားမက်ရရလျှင် ကျေနပ်ပါလေသည်။ ငြိုငြင်ကြသည်မှာ အရပ်ထဲက ကာလသားတွေ ဖြစ်ကြသည်။ သူတို့အရပ်က ကွမ်းတောင်ကိုင် တစ်ယောက်ကို တစ်ရွာသား အိမ်တိုင်ယာရောက် လာချိုင်နေသည်မှာ မလွန်လွန်းပေဘူးလား။

မိုးနှင်းသည် အချိန်မလွန်မီ ဟသ်ာတမှ အသိ အဖိုးကြီးတစ်ဦး ထံ သွားရ၏။ ဆွေမျိုးဦးကြီးအဖြစ်ဖြင့် မစိန်တင့်၏ မိဘများထံသို့ လိုက် လံတောင်းရမ်းပေးရန် တောင်းပန်ရလေသည်။ ထိုဦးကြီး၏ ဆောင်ရွက်ပေး မှုကြောင့် မိုးနှင်းနှင့် မစိန်တင့်တို့သည် အကြင်လင်မယားဘဝသို့ ရောက် ကြရတော့သည်။

ဤတွင် ပညာတတ်လျှင် အလုပ်အမြဲရှိသည်ဟူ၍ မစိန်တင့်၏ မိဘများက နှလုံးပိုက်ခဲ့လျှင်လည်း နှလုံးပိုက်ထိုက်ပေသည်။ မိုးနှင်းသည် အင်္ဂပူ၌ အလုပ်ရလေသည်။ အလုပ်မှာ အစိုးရ ဘိန်းကုမ္ပဏီဆိုင်၌ စာရေး လုပ်ရန် ဖြစ်လေသည်။ ထိုကုမ္ပဏီတွင် ဘိန်းဆိုင်၊ ထန်းရည်ဆိုင်၊ ကဇော် ဆိုင် ဟူ၍ ဖိုခနောက်ဆိုင် ၃ ခုရှိလေသည်။ မိုးနှင်းမှာလည်း အကြိုက်တွေ့ နေလေသည်။ သူသည် သူ့စကားအရ 'ဘိန်းဆိုင်၌ အလုပ်လုပ်။ ကဇော် ဆိုင်၌ ထမင်းစား၍ ထန်းရည်ဆိုင်၌ အိပ်လေသည်။'

သူသည် ဘိန်း၊ ထန်းရည်နှင့် အရက်တို့ကို စွဲမှန်းမသိ စွဲခဲ့လေ သည်။ အထူးသဖြင့် ထန်းရည်ကို ပို၍ စွဲစရာဖြစ်လာသည်။ သူ့အိပ်ရာခြေ ရင်းတွင် ထန်းရည်စဥ့်အိုးကြီး ၂ လုံး အမြဲရှိလေသည်။ မနက်အိပ်ရာမှ နိုး သည့်အခါ ထန်းရည်အိုး ၂ အိုးမှ သောက်ချင်စရာ အမြှုပ်တွေ ဖွေးဖွေးဖြူ အောင် တက်နေသည်ကိုသာ တွေ့ရတတ်လေသည်။

သူသည် ထန်းရည်နှင့် အရက်သောက်လိုက်၊ ဘိန်းဆိုင်၌ အလုပ် လုပ်လိုက်နှင့် တစ်နေ့တစ်နေ့ အချိန်ကုန်လေသည်။ သို့သော် တနင်္ဂနွေနေ့ ကျလျှင်ကား ဝမ်းသာအားရနှင့် ဓမ္မိသို့ ရထားစီးပြန်တတ်လေသည်။ ထို နေ့တွင် မိုးနှင်းပြန်အလာကို မယားက မျှော်မြဲဖြစ်သည်။

သူသည် တစ်ပတ်လျှင် တစ်ရက်ထဲ အိမ်ပြန်ရသည်ကို စိတ်ပျက် ခဲ့လေသည်။ ဝမ်းရေးဖြစ်၍သာ အောင့်အည်းပြီး အင်္ဂပူတွင် အလုပ်လုပ်နေရ သည်။ သူသည် မစိန်တင့်ကို လွမ်းသည်။ မယားကို ခေါ်နေကျအတိုင်း ဟော့ကောင်၊ ဟော့ကောင်' ဟု ခေါ်၍ စကားပြောချင်လှသည်။ မစိန်တင့် သည် သားဦးကလေး ဖွားမြင်သည့်အခါမှုကား သူသည် အလုပ်မှထွက်၍ အိမ်တွင် ပြန်၍ နေခဲ့လေသည်။

မယားနှင့် ကလေးကို ချစ်၍ အိမ်ပြန်၍နေခဲ့သော်လည်း ပေချင်၊ တေချင်သောစိတ်မှာ သူ့တွင် အမြစ်စွဲခဲ့လေပြီ။ သူသည် အိမ်တွင် ဖင်မြဲ အောင် မနေနိုင်တော့။ ရံဖန်ရံခါ သူငယ်ချင်းအပေါင်းအသင်းများနှင့် အပြင် ထွက်၍ သောက်စားနေရသည်ကို အရသာ တွေ့ခဲ့လေသည်။

ခမ္တီသို့ ပြန်နေရင်းမှ အသိများနှင့် ကြုံကြိုက်၍ ကနောင်မြို့သို့ သူလိုက်သွားလေသည်။ တစ်လလောက် သောင်တင်နေပြန်၏။ ယောက္ခမကြီးက ကနောင်သို့ လိုက်ခေါ်၍သာ ခမ္တီသို့ သူ ပြန်ရောက်လေသည်။ ကနောင်တွင် သူရှိနေစဉ် ကာလသားဘဝ သောက်စားမူးရစ်ပြီး ကြုံကြိုက်ခဲ့ရပုံ သာဓကတစ်ခုကို ဖော်ပြရဦးမည်။ ထိုအတွက် (နောင်အခါတွင်) သူရေးထားခဲ့သော မှတ်တမ်းပင်လျှင် လုံလောက်၏။ ထိုမှတ်တမ်းတွင် ပါလေသည်မှာ . . .

'ကနောက်မြို့သို့ ရောက်၍ များမကြာမီ ကျွန်ုပ်သည် ကာလသားအပေါင်းဖော်များအပေါ်၌ ခေါင်းတည်၍ မြစ်တစ်ဖက်ကမ်းသို့ ပျော်ပွဲစားရန် လှေအိုလှေပေါက်ကြီးတစ်စင်းနှင့် ခေါ်ဆောင်၍ သွားလေသည်။ ၎င်းလှေပေါက်ကြီးမှာ နေရာတကာတွင် အပေါက်များဖြစ်နေလေရာ ဝင်လာသောရေများကို မကြာမကြာ ပက်ထုတ်နေရသည်သာမက တစ်ပေါက်ပြီး တစ်ပေါက် ရွှံ့နှင့် ဖာထေးကာ လှော်ခတ်လာရလေသည်။

မြစ်တစ်ဖက်၌ ချက်ပြုတ်စားသောက်ကြပြီး တစ်နေကုန် နေပြီးနောက် ညနေစောင်းကျမှ ပြန်ခဲ့ကြရာ မြစ်လယ်သို့ ရောက်လတ်သော် ဧရာဝတီ မီးသင်္ဘောတစ်စင်း ဆန်တက်လာသည်ကို တွေ့ရသဖြင့် သင်္ဘောနားကို အတင်းကပ်ကာ နောက်မီးသံတိုင်ကိုင်လျက် လိုက်ပါသွားကြလေသည်။

သင်္ဘောသည် တဖြည်းဖြည်းမြန်လာရာ ကျွန်ုပ်တိုပကား သံတိုင်ကိုလည်း လက်မလွှတ်ရဲတော့ချေ။ လက်လွှတ်လိုက်ပါက သင်္ဘောနောက်၌ လှုပ်ရှားထကြွနေသော လှိုင်းများစုပ်သဖြင့် လှေရော လူပါ ငုပ်လျက် သင်္ဘောအောက်သို့ ပါသွားမည်ကား မလွဲတော့ပေ။ ကျွန်ုပ်တို့လူစုကား လွှတ်ရမည်လည်း အခက်၊ တွယ်၍လိုက်သွားရမည်ကလည်း မဖြစ်နိုင်။ မချိမဆန့်နှင့် ရေထဲတွင် သေရတော့မည်ကဲ့သို့ ဖြစ်နေလေသည်။

ကျွန်ုပ်လည်း လှေဦးမှ သံတိုင်ကို ဆွဲကိုင်ထားသူအား လှေကို သင်္ဘောဘေးသို့ရောက်အောင် ဆွဲယူပြီးနောက် တအားကန်ထုတ်ရန် ပြောရတော့လေသည်။ ထိုသူလည်း ကျွန်ုပ် ပြောသကဲ့သို့ ကန်ထုတ်ပြီးနောက် ထိုသူကား သံတိုင်ကို ဆွဲခိုကာ သင်္ဘောပေါ်သို့ အမြီးမှ တက်ရောက်လိုက်ပါသွားလေသည်။ ကျွန်ုပ်တို့လှေမှာကား မမှောက်ပင် မမှောက်သော်လည်း ရေများဖြင့် ပြည့်နေလေရာ လှေပေါ်မှ အားလုံးဆင်းကြရကာ ရေများ မကုန်မခြင်း လှေကို တွန်းလိုက် ဆွဲလိုက်လုပ်နေရလေသည်။

ထိုအခါ ကမ်းပေါ်မှ ကြည့်နေသူများမှာ ကမ်းညွှတ်လုမခန်းပင် ဖြစ်လေသည်။ လှေထဲ၌ ရေများ ကုန်လုခမန်းရှိမှ ကျွန်ုပ်တို့လူတစ်စုလည်း ကမ်းပေါ်သို့ လှော်ခတ်ခဲ့ကြလေသည်။ သင်္ဘောပေါ်၌ ပါသွားသူကား အဘယ်နေရာက သင်္ဘောပေါ်က ခုန်ချခဲ့သည်မသိ၊ ကမ်းသို့ ကျွန်ုပ်တို့အရင် ရောက်နှင့်နေသည်ကို တွေ့ရလေသည်' ဟူ၍ဖြစ်လေသည်။

ဇာတ်ကြောင်းပြန်ကောက်ရဦးမည်။ ခမ္မီသို့ ပြန်ရောက်ပြီး နောက်ပိုင်းတွင်ကား မိုးနှင်းသည် ဝမ်းရေးကို ကြံသလို ရှာခဲ့ပါ၏။ သူသည် အင်္ဂလိပ်ကျောင်းဆရာအလုပ်၊ စာတည်းအလုပ်၊ ပုံနှိပ်ထုတ်ဝေသည့်အလုပ် စသည်ဖြင့် လုပ်သည်။

အင်္ဂလိပ်ကျောင်းဆရာအလုပ်ကို မင်းလှတွင် သူလုပ်ခဲ့သည်။ ထိုအခါ ကာလတွင် သူ့ပထွေး ဦးမြို့နှင့် ဒေါ်စိန်တို့သည် မင်းလှသို့ အလုပ်ပြောင်းရွှေ့လုပ်ကိုင်နေကြသည်။ အမေနှင့် ပထွေးကို အကြောင်းပြု၍ မိုးနှင်းတို့တတွေသည် မင်းလှသို့ ပြောင်းရွှေ့နေထိုင်ကာ အချိန်အတန်ကြာအောင် အင်္ဂလိပ်ကျောင်း ဖွင့်ခဲ့သည်။

တဖန် သုံးဆယ်သို့ သူတို့ပြန်ပြောင်းပြီးနောက် မိုးနှင်းက စကြာဝဋ္ဋာပုံနှိပ်တိုက်တွင် စာတည်း၊ စာပြင် ဝင်လုပ်လေသည်။ ထိုပုံနှိပ်တိုက်မှ ထုတ်ဝေသော မဂ္ဂဇင်းစာစောင်များမှာ 'သိပ္ပံဘဏ်တိုက်ကြီး' မဂ္ဂဇင်းနှင့် ဗရင်ဂျီဘာသာနှင့်ဆိုင်သော 'မျိုးကြဲသူ' မဂ္ဂဇင်းများဖြစ်ကြသည်။ တဖန် မိုးနှင်းကိုယ်တိုင်ပင် 'မြန်မာ့မိတ်ဆွေ' ဆိုသည့် မဂ္ဂဇင်းကိုလည်း ထုတ်ဝေလေသည်။

ဤအလုပ်များမှာ ပထမကမ္ဘာစစ်ကြီးအစတွင် ရပ်ဆိုင်းသွားလေသည်။ ထိုအခါ၌ စက္ကူဈေးတွေက အကြီးအကျယ်တက်လာသည်။ စက္ကူလုံလုံလောက်လောက်လည်းမရ။ ခုမှ ဒုက္ခဖြစ်တော့သည်။ သူသည် စာရေးစာပြင်သည့် အလုပ်ကိုသာ လုပ်ချင်နေလေသည်။ မိုးနှင်းသည် ၆ နှစ်အရွယ်သားငယ်နှင့် မယားမစိန်တင့်ကို ထားခဲ့ကာ ရန်ကုန်ဆင်း၍ အလုပ်ရှာလေသည်။

❖

# အပိုင်း [ ၃ ]

## သူရိယနှင့် မြန်မာ့အလင်းခေတ်

Quality Publishing House

[ ၁ ]

ရန်ကုန်သတင်းစာများသည် စစ်ကို အကြောင်းပြု၍ အခြေအနေ ပြောင်းလာလေသည်။ စစ်သတင်းကြားလိုသော လူအများသည် သတင်းစာ ကို ပို၍ အာရုံစိုက်လာကြသည်။ ဂျာမနီနှင့် ဩစတြီးယားနိုင်ငံများက တစ် ဖက်၊ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများကတစ်ဖက် စစ်ခင်းလာပုံသတင်းတွေ ကို နေ့စဉ်နှင့်အမျှ တိုး၍သိချင်လာကြသည်။

ဤတွင် ရန်ကုန်၌ သတင်းစာဟောင်းများအပြင် ၁၉၁၁ ခုနှစ်၌ သူရိယလို ရက်ခြားသတင်းစာတစ်စောင် တိုးလာခဲ့သည်။ တစ်လ ၂ ကြိမ် ထုတ် မြန်မာ့အလင်းမဂ္ဂဇင်းကလည်း ရှိခဲ့ပြန်သည်။

သူရိယကို တည်ထောင်သူများမှာ ဝိုင်အမ်ဘီအေအသင်းကို တည် ထောင်ခဲ့ကြသော ဦးဘဖေ၊ ဦးဘရင်၊ ဦးမောင်ကြီး၊ ဦးဘကလေး စသူများ ဖြစ်ကြသည်။

သူတို့က လာဘ်မြင်သည်။ ခေတ်မှီသည်။ သူတို့သတင်းစာတွင် ဘာသာရေး ဆွေးနွေးချက်မျိုးထက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးသတင်း တွေ ပို၍ထည့်ပေးသည်။ စစ်ဖြစ်လာပြန်သောအခါ စစ်သတင်းကို အချပ်ပို ရိုက်၍ပေးသည်။

မိုးနှင်းသည် သူရိယ၌ ပထမ အလုပ်ရလေသည်။ စစ်သတင်း ကို ဘာသာပြန်ရသည်။ သို့သော် အားမလို အားမရ ရှိသည်နှင့် အလုပ်မှ

ထွက်၍ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) ရှိ မြန်မာ့အလင်းမဂ္ဂဇင်းပိုင်ရှင် ဦးရွှေကြူးနှင့် သွားရောက်ဆွေးနွေးလေသည်။

ဦးရွှေကြူးမှာလည်း နည်းနည်းနောနောလူမဟုတ်။ ရိုးကုမ္ပဏီ၊ ဝပ်ဆင်ကုမ္ပဏီတို့လို အင်္ဂလိပ်ကုန်ပဒေသာတိုက်တွေကို အားကျမခံ ပြည်တွင်းပြည်ပ ခေတ်မီကုန်များကို တင်သွင်းရောင်းချနေသော ရွှေကြူးကုမ္ပဏီ ပိုင်ရှင် ဖြစ်လေသည်။ စပ်မိ၍ ပြောရမည်ဆိုလျှင် မြန်မာထဲမှ သူ့လိုလိုက်၍ လုပ်နေသည့် ကုမ္ပဏီတစ်ခုမှာ မြန်မာအဆွေကုမ္ပဏီသာဖြစ်တော့သည်။

တစ်ဖန် မြန်မာ့အလင်း မဂ္ဂဇင်းတွင်လည်း လယ်တီဆရာတော်တပည့် လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ခင်မြင့်ကြီးဝတ္ထု၊ ဦးရွှေဇံအောင်၏ ဝိဇ္ဇာမယိဒ္ဓိ ဒီပနီကျမ်း ဆောင်းပါး၊ ရွှေပေလွှာ မယုံသင့်ကြောင်း ဆောင်းပါး၊ ကောက်ပဲသီးနှံစွမ်းသန်ဖြစ်ထွန်းရန် စိုက်ပျိုးရေးဆောင်းပါး၊ ကောက်ပဲသီးနှံစွမ်းသန်ဖြစ်ထွန်းရန် စိုက်ပျိုးရေးဆောင်ပါး၊ လယ်တီဆရာတော်၏ ပေးစာ၊ စစ်သတင်းဆောင်းပါး စသည်ဖြင့် ဝေဆာအောင်၊ ခေတ်မီအောင် ထည့်သွင်းပေးလေ့ရှိသည်။

ယခုမူ ဦးရွှေကြူးအား မိုးနှင်းက စစ်သတင်း သပ်သပ်ကိုအဆာများများနှင့် ထုတ်ပေးရန် နှိုးဆော်လေသည်။ ဦးရွှေကြူးက သဘောကျပါ၏။ မိုးနှင်းကိုလည်း အလုပ်ပေးလေသည်။ သို့ဖြင့် မဂ္ဂဇင်းသက်သက်ကို လယ်တီပဏ္ဍိတ ဦးမောင်ကြီးအား ဦးစီးစေသည်။ စစ်ကြေးနန်းသတင်းစာအတွက် မိုးနှင်းအား တာဝန်ပေးသည်။ (မိုးနှင်းကိုကူဖို့ ဆရာသင်ဆိုသူကိုလည်းခန့်ပေးသည်။)

မကြာမီ ဂျာမနီ (ဂျာမန်) စစ်တပ်တွင် လေယာဉ်ပျံဘယ်လောက်ရှိသည့်အကြောင်း၊ ကိုင်ဇာဘုရင်၌ အလွန်တရာထင်ရှားလိုသော မာနစိတ်ရှိသည့်အကြောင်း၊ ရုရှားစစ်သားများသည် ပရပ်ရှားနယ်အရှေ့ပိုင်းကို ဝင်ကြသည့်အကြောင်း၊ အင်မဒင် ( EMDEN )ခေါ် ဂျာမန် ကရူဇာစစ်သင်္ဘောသည် ဘင်္ဂလားပင်လယ်အော်ထဲတွင် သွားလာနေရာမှ မနေ့ညနေ ၆ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်မြစ်ဝနားသို့ လာကပ်သည့်အကြောင်း စသည်ဖြင့် စစ်သတင်း တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်ထွက်လာလေသည်။ ၁၉၁၅ ခုနှစ်၌ စစ်သတင်းညွန့်ပေါင်း စာတစ်အုပ်ကိုပင် ရုပ်ပုံတွေ ဝေဝေဆာဆာနှင့် ထုတ်ဝေနိုင်ခဲ့လေသည်။

ထိုအခါ တွင်တွင်ကြီး ဘာသာပြန်ချင်နေသော၊ တွင်တွင်ကြီးဘာသာပြန်နေရသော မိုးနှင်းအဖို့ ကျေနပ်စရာဖြစ်လာလေသည်။ သူ့ကို'ဆရာ

လေး' ဟု ခေါ်ကာ (ပညာတတ်ယောက်ျားတစ်ဆူဟူ၍) အားကိုးလာခဲ့သော မိန်းမရိုးလေး မစိန်တင့်မှာလည်း အလားတူ ကျေနပ်မည် မုချပင်။

မိုးနှင်းတို့အဖို့ ကျေနပ်စရာရှိသလောက် အစိုးရအဖို့ မကျေနပ်စရာ ဖြစ်လာခဲ့သည်။ မြန်မာအလင်း သတင်းစာ၏ ထောင့်နားတွင် 'မတ်လ ၁၅ ရက်နေ့ သတိပြု' ဟူသော စာတိုကလေးပါလာလေသည်။ ထိုစာသည် အင်္ဂလိပ်အစိုးရအဖို့ မျက်လုံးပြူးစရာ ဖြစ်လေသည်။

ထိုစာကြောင်းကို အင်္ဂလိပ်လို စဉ်းစားကြည့်ပါလေ။ Beware of The Ides of March ဟူသော ဆိုရိုးနှင့်သဘောသွားအတူတူဖြစ်သည်။ ထိုဆိုရိုးသည်လည်း ရောမဘုရင် ဧကရာဇ်ဖြစ်သူ ဂျူလီယက်ဆီဇာတို့ခေတ်တွင် အထူးထင်ရှားခဲ့လေသည်။ ထိုဆိုရိုးပေါ်လာပြီးသည့်နောက် မတ်လ ၁၅ ရက်နေ့တွင် ဂျူလီယက်ဆီဇာသည် အသက်ခံခဲ့ရသည်။ သို့ဖြင့် မတ်လ ၁၅ ရက်နေ့သည် ကြောက်စရာနေ့ဟူ၍ အဓိပ္ပာယ်ရှိလာသည်။

လက်ရှိအခြေအနေတွင် အင်မဒင် စစ်သင်္ဘောသည် အင်္ဂလိပ်ကုန်သင်္ဘောတွေကို လိုက်လံဖျက်ဆီးလျက် ရှိလေသည်။ ထိုသင်္ဘောရန်ကို ကာကွယ်ရန် မြန်မာနိုင်ငံမှ စစ်တပ်အချို့ကို ကပ္ပလီကျွန်းသို့ အစိုးရက မတ်လ ၁၅ ရက်နေ့တွင် ပို့မည်ဟူ၍ သတင်းထွက်နေလေသည်။ တဖန် စစ်တပ်က အပို့မခံ၊ ပုန်ကန်လိမ့်မည်ဟူ၍ လည်းသတင်းထွက်နေပြန်သည်။

အစိုးရသည် ဦးရွှေကြူးနှင့် သူ့ညီကို စစ်ပြီး အကျယ်ချုပ်ထားလေသည်။ မတ်လ ၁၅ ရက်နေ့တွင် ကိုးရိုးကားယား ဘာမှ မဖြစ်မှ ပြန်လွှတ်လေသည်။ သို့သော် အာမခံငွေ ၅၀၀၀ တောင်းလေသည်။ ထိုအခါ မိုးနှင်းက မိမိ၏ စာအုပ်ထွက်မည့်ရက်ကို လူစိတ်ဝင်စားအောင် ကြော်ငြာခြင်းဖြစ်ပါသည်ဟု ထုချေလေသည်။ ထုချေချက်ကို အစိုးရက လက်မခံ။ ဦးရွှေကြူးကလည်း အာမခံ မတင်။

မြန်မာ့အလင်း မဂ္ဂဇင်းနှင့် သတင်းစာလည်း ပြိုကွဲလေသည်။ ဦးရွှေကြူးလည်း ၁၉၁၅ ခုနှစ် ဇွန်လထဲတွင် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားတော့သည်။

❖

[ ၂ ]

ဤတွင် မိုးနှင်းတစ်ယောက် ဝတ္ထုရေးဆရာဖြစ်ရန် အခြေအနေပေါ်လာခဲ့တော့သည်။ သူသည် အင်္ဂလိပ်ဝတ္ထုစာအုပ်တွေကို အများကြီးဖတ်ထားဖူး၏။ ကိုယ်တွေ့ဗဟုသုတလည်း ရှိသည်။ မြန်မာစာအဖွဲ့အနွဲ့လည်း သူ တတ်နေပြီ။ သူသည် 'ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်' အမည်ဖြင့် ဝတ္ထုတစ်ပုဒ်ကို ထုတ်ဝေနိုင်ခဲ့လေသည်။

ထိုဝတ္ထုမှာ မောင်တင့်နှင့် မယ်မြင့်တို့ တွေ့ဆုံရပုံ၊ ကွဲရပုံဖွဲ့ရာ၌ ဇတ်မနာ နာအောင် ဆင်ကွက်တွေပါသလောက် ပါနေပါ၏။ သို့သော် ရှေးရှေးက ရေးသားခဲ့သော စကားတောင်စားဝတ္ထုတို့လို ပုံပြင်မဆန်တော့။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု၊ ခင်မြင့်ကြီးဝတ္ထုတို့လို တေးသီးချင်းတွေ၊ ဆုံးမစာတွေ၊ ဇတ်စကားတွေ အလျှံပယ်မပါတော့။ လူပျိုလှည့်ဇတ်ထုပ်မျိုး မဟုတ်တော့။ ဇတ်လမ်း အခြေခံတွင် ဇတ်ဆောင်များ ကံအားလျော်စွာ ပြုမူဆက်ဆံလာချင်သောအသွင် တွေ့လာရသည်။ သဘာဝယုတ္တိဘက်ကို အားယူလာချင်သော လက္ခဏာတွေ့လာရသည်။ 'ကာလပေါ်' ဝတ္ထုဟူ၍ ကင်ပွန်းတပ်နိုင်လာပြီ။

သို့သော် ကာလပေါ် ဝတ္ထုလုံးချင်းရေး၍ ထမင်းဝအောင် မစားနိုင်သေး၍လား မသိ၊ သူသည် သူ့ရိယတွင် ပြန်ခိုရလေသည်။ သူသည် ဦးဘကလေး၏ လက်အောက်တွင် လက်ထောက်အယ်ဒီတာအဖြစ်၊ ခေါင်း

ကြီးများကို ရေးရလေသည်။ ထိုအခါ သူ့အဖို့ မိတ်ဆွေသစ်တစ်ယောက် တိုးလာခဲ့ပါ၏။

မိုးနှင်းအလုပ်ပြန်ဝင်၍ ၃လအကြာတွင် အရပ်ရှည်ရှည်နှင့် လူတစ်ယောက်သည် သူနှင့်တစ်စားပွဲထဲလာ၍ အလုပ်လုပ်လေသည်။ ထိုသူမှာ ရွှေဥဒေါင်းကလောင်အမည်ခံ ကိုဖေသိန်းဖြစ်လေသည်။ ကိုဖေသိန်းသည် သူရိယသတင်းစာ၌ တစ်ရက်ခြားပါနေသော 'ရတနာပုံ' ဝတ္ထုကို မူလအင်္ဂလိပ်စာမှ မှီးခဲ့သူဖြစ်သည်။ ရန်ကြီးအောင်ဝတ္ထုကိုလည်း ရေးခဲ့ဖူးသည်။ သူရိယတိုက်က သူ့စာအရည်အသွေးကို သိသည်။ မဂ္ဂဇင်းသစ်တစ်ခုကိုလည်းထုတ်မည်ဟု ရည်ရွယ်ခဲ့လေသည်။ ထိုမဂ္ဂဇင်းအတွက် သူ့ကိုအယ်ဒီတာခန့်လိုက်သဖြင့် မိုးနှင်းနှင့် တစ်စားပွဲထဲ အလုပ်လုပ်ရန် ရောက်လာခြင်းဖြစ်လေသည်။

မိုးနှင်းနှင့် ကိုဖေသိန်းသည် တွေ့တွေ့ချင်းဆိုသလို အင်္ဂလိပ်ဝတ္ထုများအကြောင်းကို စကားစပ်မိလေသည်။ တွေ့ရသည်မှာလည်း အလုပ်စားပွဲ၌သာမဟုတ်၊ မိုးနှင်း၏ အိမ်၌လည်း တစ်ခါမက ဖြစ်သည်။ သူတို့နှစ်ဦးစလုံးပင် အင်္ဂလိပ်စာပေကို နားပါလည်ကြသဖြင့် အမြင်တွင် တူသလောက်တူနေလေသည်။

မတူသောအချက်တစ်ချက်သာရှိလေသည်။မိုးနှင်းသည် ကိုဖေသိန်းနှင့်သော်လည်းကောင်း၊ သူရိယတိုက်သားတွေနှင့်သော်လည်းကောင်း ဝတ်စားပုံခြင်းကား မတူ။ တစ်တိုက်လုံးလိုလိုက ခေါင်းပေါင်းအုပ်ပေါင်းပေါင်း၍ ဟန်ကျပန်ကျ ဝတ်စားနေကြသောအချိန်၌ မိုးနှင်းက ခေါင်းတွင် ရိုးရိုးကလေး ပုဝါပတ်၍၊ ချိုင်းခြားတွင် ပုသိမ်ထီးညှပ်၍၊ ဂွင်းထိုးဖိနပ်၊ လျှို၍၊ ဆေးလိပ်ခဲ၍ အလုပ်တက်လေသည်။ ဘေးဘီ၏ အချီးမွမ်း အကဲ့ရဲ့ကို မသိကျိုးကျွံ နေတတ်လေသည်။ ငယ်စဉ်က ဝတ်ကောင်းစားလှတပ်မက်၍ ပညာသင်ချင်သည့်စိတ်မျိုးနှင့် ယခုစိတ်သည် ကွာခြားခဲ့ပြီ။

တောမှ တက်လာခါစဖြစ်သော ကိုဖေသိန်းသည် မိုးနှင်းသွားလာပြုမူပုံကို သဘောကျမိလေသည်။ မိုးနှင်းကလည်း ယခုမှ တွေ့ရသော်လည်း ကိုဖေသိန်းကို ခင်ခင်မင်မင် ရှိလေသည်။ သူသည် တိုက်က ဦးဘကလေးတို့၊ ဦးလှဖေတို့နှင့် အကျွမ်းဝင်သလောက် ဝင်ပါ၏။ သို့သော် ထိုသူများမှာ အုပ်ချုပ်ရေးဘက်က ဖြစ်ချေသည်။ အုပ်ချုပ်ရေးဘက်က လူမည်သည် စာပေအရေးထက် ကိန်းဂဏန်းနှင့် အရှုံးအမြတ်ကို ပို၍ အရေးပေးတတ်သော သဘောရှိသည်[၁၄]။ တိုက်လုပ်သားထဲမှ မစ္စတာ မောင်မှိုင်း

ကလောင်အမည်ဖြင့် စာပြင် ဆရာလွန်းလို လူမျိုးကိုလည်း သူကရိုသေချင်ပါ၏။ ဆရာလွန်းမှာ ပင်ကိုယ်ကဗျာဉာဏ်ရှိသလောက် ရှိလေသည်။သို့ သော် မျက်မြင်ကိုယ်တွေ့ စာဆိုမှုထက်၊ ရာဇဝင် ကျမ်းဂန်ကိုးကားမှုဘက် ကိုပို၍ အရေးပေးလိုပုံရသည်[၁၅]။ သို့ဖြင့် ကိုဖေသိန်းကိုသာ မိုးနှင်းသည် ရင်ဖွင့်ခဲ့ဟန်တူလေသည်။

သူသည် သူ့ရိယမှ ခွာရန် အကြောင်းတစ်ခု ကြုံမိလေသည်။ ၁၉၁၇ ခုနှစ် ကျောင်းပိတ်ရက်ထဲတွင် အလုံရပ်ရှိ နှစ်ခြင်း သာသနာပြု ကျောင်း ကြော်ငြာတစ်ခုကို တွေ့ရလေသည်။ ထိုကြော်ငြာမှာ လက်တင် ဘာသာပြဆရာ လိုချင်ကြောင်း ကြော်ငြာပင်ဖြစ်သည်။ မိုးနှင်းလည်းအလုပ် ပြောင်းရန် စိတ်ကစားမိတော့သည်။ ကျောင်းသို့ မောင်ကျော်ညွန့် အမည် လက်မှတ်ထိုး၍ လျှောက်လွှာတင်လိုက်သည်။ လက်တင်ဆရာ အတွက် မြန်မာလူမျိုးကို ခန့်၍မဖြစ်၊ ခန့်လျှင် ပညာရေးဌာနက ကန့်ကွက်လိမ့်မည် ဟု ကျောင်းမှ ပြန်စာလည်း မကြာမီရောက်လာတော့သည်။

ထိုအခါ မိုးနှင်းသည် ငယ်ငယ်က မှည့်ခဲ့သော ဖိလစ်အမည်မှ အတိုကောက် စာလုံးယူ၊ မိုးနှင်းကို မိုးနင်းဟု နိုင်ငံခြားသံပါအောင်ပြင်၊ နှစ်ခုပေါင်း ပီမိုးနင်း (P.Monin) ဟူသော အမည်ဖြင့် လျှောက်လွှာထပ် တင်လေသည်။ ကျောင်းအုပ်ကြီး ဒေါက်တာဂီးလမိုး (D.Gilmore) ကို တွေ့ဆုံရန် ရက်ချိန်းလည်း ရလေတော့သည်။

မိုးနှင်းသည် ဘောင်းဘီရှည်နှင့် အင်္ဂလိပ်အင်္ကျီဝတ်၍ဒေါက်တာ ဂီးလမိုးကို တွေ့ဆုံလေသည်။ ဒေါက်တာဂီးလမိုးက မူလ လျှောက်လွှာ မောင်ကျော်ညွန့်နှင့် ပီမိုးနင်းကို တစ်ဦးတည်းဖြစ်မှန်း မသိ။ မိုးနှင်းက အဖြစ်မှန်ကို ဖွင့်ပြောမှ သိရလေသည်။ ကိစ္စမရှိပါ။ ဒေါက်တာ ဂီးလမိုး သည် သူ့ကို သဘောကျလေသည်။

'မင်းပြောတဲ့ အင်္ဂလိပ်စကားလောက် မင်း လက်တင်စာ ပြောတတ် ရင်တော့ မြန်မာပြည်မှာ မင်းဟာ အကောင်းဆုံးလက်တင်ဆရာတစ်ဦးဖြစ်မှာ ပဲ' ဟု ပြောလေသည်။ မိုးနှင်းလည်း အလုပ်ရပါလေ၏။ သူသည်နှစ်ခြင်း သာသနာပြုကျောင်းတွင် လေးတန်းမှ ၁၀တန်းအထိ လက်တင်ဘာသာ သင်ပြရလေသည်။

သူသည် လက်တင်ကို ကောင်းကောင်းတတ်၍သာ စိတ်ဆော့ပြီး အလုပ်လျှောက်လိုက်သည်။ လက်တင်ဆရာ လုပ်၍ ဘယ်ကလောက်ပျော် နိုင်ပါမည်နည်း။ သူသည်စစ်သတင်းတွေ ဘာသာပြန်ခဲ့ဖူးပြီ။ သူသည်

ခေါင်းကြီးပိုင်း ကျကျနနရေးခဲ့ဖူးပြီ။ ဝတ္ထုရေးရသည့် အရသာလည်းတွေ့ခဲ့ဖူးပြီ။ သူသည် စာဆက်ရေးမှ ဖြစ်တော့မည်။ မဦးမချွတ်နှင့် အင်္ဂလိပ်စာသင်နည်းစာအုပ်တစ်အုပ်ပင် ရေးသားထားခဲ့သည်။ သူသည် နွေရာသီကျောင်းပိတ်လိုက်သောအခါ ပို၍အား၊ ပို၍ လက်ယားနေလေသည်။

လောလောဆယ်တွင်ကား ပညာအလင်း မဂ္ဂဇင်းဟူ၍ ထွက်ပေါ်နေလေသည်။ ထိုမဂ္ဂဇင်းတွင် ဦးစီးလုပ်ကိုင်နေသူမှာ သူ့အသိအကျွမ်းဟောင်း လယ်တီပဏ္ဍိတဦးမောင်ကြီးဖြစ်လေသည်။ ဦးမောင်ကြီးကို အကြောင်းပြု၍ တိုက်ရှင် ဦးတင်ဆိုသူနှင့်လည်း သိကျွမ်းရလေသည်။

သူသည် ပညာအလင်းမဂ္ဂဇင်းတွင် ဝင်ရောက်၍ ဝတ္ထုတိုများ၊ ဆောင်းပါးများ ရေးပါတော့သည်။

❖

# အပိုင်း [ ၄ ]

## ပညာအလင်းခေတ်

ယခုမှစ၍ မိုးနှင်းကို ပီမိုးနှင်းဟု ပြင်ခေါ်ရတော့မည်။

အကြောင်းကား ဤသို့ဖြစ်သည်။ ပညာအလင်းမဂ္ဂဇင်းတွင် သူ တိုတိုထွာထွာရေးနေစဉ် သူ ပြုစုသည့် အင်္ဂလိပ်စကားပြောသင် စာအုပ် ကြော်ငြာသည် လစဉ် ဆက်၍ ပါလာလေသည်။ ထိုကြော်ငြာအောက်တွင်

Mr.P.Monin (မစ္စတာ ပီမိုးနှင်း)
Latin Master (လက်တင် ဆရာ)
C/O This Magazine (ဤမဂ္ဂဇင်းမှတစ်ဆင့်)

ဟူ၍ လိပ်စာထည့်ထားလေသည်။ နောင်အခါ သူထုတ်ဝေမည့် စာအုပ်များ တွင်လည်း ဤအမည်သာ အပါများလေသည် ဖြစ်သည်။ ထို့ကြောင့် ဤ အမည်ကို စ,သုံးလျှင် အသင့်လျော်ဆုံး ဖြစ်လိမ့်မည်။

ပညာအလင်းတိုက်သည် ဖလ အကြာတွင် တစ်ဆင့် တိုး၍ သတင်းစာတစ်စောင် ထပ်မံ ထုတ်ဝေပြန်သည်။ ပီမိုးနှင်းသည် ကျောင်း ထက် မဂ္ဂဇင်း၊ သတင်းစာဘက်သို့ ပို၍ စိတ်ညွှတ်လာတော့သည်။ သူသည် လက်တင်ဆရာအလုပ်မှထွက်ပါလေ၏။ သူသည် ပညာအလင်း သတင်း စာသို့ အလုပ်ပါ ကူးပါလေ၏။

အလုပ်ကူးရသည်မှာလည်း လွယ်လွယ်ကလေးပင်။ ပညာအလင်း တိုက်နေရာသည် ရန်ကုန်အရှေ့ပိုင်း၊ ၅၁လမ်း၊ အမှတ် ၅၆ ဖြစ်သည်။

ပီမိုးနင်း၏ တိုက်ခန်းနေရာသည် ၅၁လမ်း၊ အမှတ် ၅၇ဖြစ်လေသည်[၁၆]။ တိုက်ချင်း နီးနီးကလေး မဟုတ်လား။

ပီမိုးနင်းသည် အိမ်မှဆင်းလျှင် အလုပ်ရောက် ရတော့မည်သာ။ အလုပ်မှ ဆင်းလျှင် အိမ်ရောက်ရတော့မည်သာ။ သူတေချင်မှန်း ပေချင်မှန်း အစင်းသိဖြစ်သော မစိန်တင့်အဖို့ ပီမိုးနင်း အလုပ်သစ် ပြောင်းခြင်းသည် ဝမ်းသာစရာဖြစ်လေသည်။ သူ့ယောကျ်ားမှာ အိမ်မှ ရှည်ရှည်ဝေးဝေး မသွားရလျှင် ကောင်းသည်။ သူ့မှာလည်း စိတ်လွတ်ကိုယ်လွတ် မဟုတ်တော့။ ဘကြီးဘမောင်သည် စိန်ပေါကျောင်းသို့ ရောက်နေခဲ့ပြီ။ သားနို့စို့တစ်ယောက်လည်း ထပ်တိုးပြန်လေပြီ။

ပီမိုးနင်းသည် ပညာအလင်း သတင်းစာတွင် ကော်လံတစ်ခု မှန်မှန်ရေးလေသည်။ ထိုတိုက်မှလည်း ဝတ္ထုလုံးချင်း ထုတ်လေသည်။

သတင်းစာကော်လံ၌ ပီမိုးနင်းအမည်ကိုမသုံး။ ‘ပိုက်ဆံ’ဟူသော အမည်ကိုသာသုံးသည်။ ထိုကော်လံတွင်လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး ကိစ္စတွေကို သူရေးလေသည်။ သူ့ကော်လံကဏ္ဍတွင် ရေးပုံမှာ ဒိုးဒိုးဒေါက်ဒေါက်လည်းကျ၊ အရေးကြီးသော စကားလုံးများအတွက် ဂရိတ်ပရိုင်မာအကြားမှ တူးလိုင်းစာလုံးကြီးတွေ ညှပ်၍ ပါသည်ဖြစ်ရာ လူအများသဘောကျလေသည်[၁၇]။

သို့သော် နိုင်ငံရေးတွင်မူ သူလွတ်လွတ်လပ်လပ် ရေး၍မရ။ တိုက်ရှင် ဦးတင်၏ အာဘော်ကို လိုက်ရလေသည်။ ဦးတင်မှာလည်း ပွဲစားကြီး ဦးဘိုးသာ၏ ကျေးဇူးနှင့် မကင်းသူဖြစ်ရာ ဦးဘိုးသာ၏ နိုင်ငံရေးကို ထောက်ခံလေသည်[၁၈]။

ဤတွင် ဝန်ထောက်ဟောင်း ဦးဘတူ၊ ပွဲစားကြီးဦးဘိုးသာ၊ ဝတ်လုံဦးသင်းတို့သည် နိုင်ငံရေးသဘောတစ်ခုထဲဖြစ်၍ အတိုကောက်အားဖြင့် ‘တူသာသင်း’ အုပ်စုဟူ၍အမည်တွင်လေသည်။ ထိုသူများသည် ရှေးအခါက ဝိုင်အမ်ဘီအေ၏ လူမှုရေးလုပ်ငန်းကို အားပေးကြပါ၏။ သို့သော်လည်း ဝိုင်အမ်ဘီအေက ဘုရားရှေ့တွင် ဥရောပတိုက်သားတွေ ဖိနပ်ချွတ်ရေး၊ ဘိလပ်အစိုးရထံသို့ တာဝန်အုပ်ချုပ်ရေး တောင်းခံရန်အတွက် ကိုယ်စားလှယ်လွှတ်ရေး စသည်ဖြင့် နိုင်ငံရေး ဖက်လာသောအခါ ဝိုင်အမ်ဘီအေမှ ခွာလေသည်။ ဒုတိယ ဘုရင်ခံနှင့် လက်စွဲဖြစ်သူ ဂျေအေမောင်ကြီးတို့၏ ရုပ်သေးဥပဒေပြု လွှတ်တော်တွင် အစိုးရလုပ်ငန်းတို့ကို ထောက်ခံကြလေသည်။

ပီမိုးနင်း အပါအဝင် တိုက်သားများပင်လျှင် ဂျေအေမောင်ကြီး တို့လူသိုက်က တည်ခင်းကျွေးမွေးသော ထမင်းစားပွဲများသို့ ရံဖန်ရံခါ သွားရောက်အားပေးရလေသည်[၁၉]။ ထိုပြင် ပညာအလင်းသတင်းစာမှနေ၍ ဝိုင်အမ်ဘီအေ၏ လက်ကိုင်ဖြစ်သော သူရိယသတင်းစာနှင့် (အသစ်ပြန်လည်ထုတ်လာသော) မြန်မာ့အလင်းသတင်းစာ (သစ်) တို့ကို တိုက်ခိုက်ရလေသည်။ အများပြည်သူ တို့မှာမူ စစ်သတင်းခေတ်မှစ၍ တစ်စတစ်စ နိုးကြားလာကြသည်ဖြစ်ရာ ဝိုင်အမ်ဘီအေ၏ လုပ်ငန်းတို့ကို ထောက်ခံခဲ့ကြသည်။ မျှားမကြာမီ ပီမိုးနင်းနှင့် တိုက်သားအချို့အတွက် နိုင်ငံရေးတွင် အများဆန္ဒနှင့် တစ်သားတည်းဖြစ်ဖို့ အခွင့်အခါသည် ပေါ်လာလေသည်။ ပေါ်လာပုံမှာ ပုဂ္ဂိုလ်ရေးမှ စလေသည်။ မြန်မာ့အလင်း အယ်ဒီတာ ဆရာသင်သည် သတင်းစာထဲမှနေ၍ ပညာ့အလင်း မဂ္ဂဇင်းအယ်ဒီတာ လယ်တီပဏ္ဍိတဦးမောင်ကြီးကို တိုက်ခိုက်လေသည်။

ဆရာသင်မှာလည်း အခြားသူမဟုတ်၊ ရှေးဦး ပထမ မြန်မာ့အလင်းသတင်းစာ၌ ပီမိုးနင်းကို ကူခဲ့ရသူဖြစ်သည်။ ဆရာဦးမောင်ကြီးနှင့် သိကျွမ်းလေသည်။ ယခုမူ ဘယ်လိုမကျေနပ်မှု ရှိလေသည်မသိ။ ဦးမောင်ကြီး၏ အိမ်တွင်းရေးကိစ္စကို စောင်း၍ရေးသော ဝတ္ထုတစ်ပုဒ်ကို မြန်မာ့အလင်းသတင်းစာတွင် အခန်းဆက်ထည့်လေသည်။ ဦးမောင်ကြီးမှာ မခံနိုင်။ ဦးတင်ကို တိုင်ရလေသည်။ ဦးတင်ကလည်း သူတပည့် လူဆိုးငမိုးကိုခေါ်၍ ဆရာသင်အား ဆုံးမခိုင်းလေသည်။

၁၉၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ ည ၉ နာရီအချိန်တွင် ဆရာသင်သည် တိုက်အုပ်ဦးစိန်နှင့်အတူ ပန်းဆိုးတန်းရှိ မြန်မာ့အလင်းတိုက်မှ အလုပ်ဆင်းကာ အိမ်ပြန်ရန် ကွမ်းခြံဘူတာဘက်သို့ သွားလေသည်။ သို့သော် အိမ်မရောက်မီ လမ်းထဲတွင် ငမိုး၏ အသတ်ခံရလေသည်။ ထိုလူသတ်မှုသည် ပုဂ္ဂိုလ်ရေးအရလည်းဖြစ်၊ နိုင်ငံရေး လုပ်ကြံမှု ပုံသဏ္ဍာန်လည်း ပေါ်နေသောကြောင့် တိုင်းပြည်၌ ဟိုးလေးတကျော် ဖြစ်ခဲ့လေသည်။ ငမိုးမှာ ထောင်တစ်သက်တစ်ကျွန်း ကျသွားလေသည်။ ဦးတင်မှာမူ နာမည်ပျက်ကာ ကိုဘိုးသာတို့နှင့် နိုင်ငံရေးလမ်းခွဲ လိုက်လေသည်။ ပြည်သူဘက်မှ ရပ်တည်လာလေသည်။ သို့ဖြင့် ပီမိုးနင်းနှင့် တိုက်သားအချို့မှာ အများဆန္ဒနှင့်ညီသော သတင်းစာအရေးအသားကို ကျင့်သုံးနိုင်သည့် အခြေအနေသို့ ရောက်ရလေသည်။

❖

[ ၂ ]

ဝတ္ထုအရေးတွင်မူ ပီမိုးနင်းသည် စောစောကတည်းက စိတ်တိုင်းကျ လုပ်နိုင်ခဲ့ပုံရလေသည်။ သူသည် ပိုက်ဆံ (ကြီး) အမည်ဖြင့် ပညာအလင်းတိုက်မှလည်းကောင်း၊ ပီမိုးနင်းအမည်ဖြင့် မြန်မာ့ကြက်သရေပုံနှိပ်တိုက်၊ ဗုဒ္ဓသာသနာပြုပုံနှိပ်တိုက်တို့မှလည်းကောင်း ဝတ္ထုထုတ်လေသည်။

ပိုက်ဆံကြီးအမည်ဖြင့် ပညာအလင်းတိုက်မှ ထုတ်ခဲ့သော ဝတ္ထုသည် 'ပွဲစားကြီးသားအဖနှင့်မြမြ' ဝတ္ထုဖြစ်လေသည်။ ထိုဝတ္ထုသည် ၁၉၁၉ ခု၊ ဇူလိုင်လထဲတွင် ထွက်ခဲ့လေသည်။ မြန်မာစာအုပ်ဆိုင် တစ်ဆိုင်စ နှစ်ဆိုင်စသာ မယ်မယ်ရရ ရှိသေးသော ထိုခေတ် ရန်ကုန်၌ ကွမ်းခြံဘုရားကျောင်းတော်နား သည်ဘက်ရှိ မဟုတ်ပါ။ ကွမ်းခြံဘူတာရုံနာရီစင်အနီးရှိ ဦးထွန်းလူ၏ စာအုပ်ဆိုင်သည် စာအုပ်အရောင်းသွက်ခဲ့ဟန်ရှိလေသည်[၂၀]။ နယ်၌လည်း ကျောင်းသားပိုင်းက အတန်အသင့် ဝယ်ဖတ်ကြဟန်တူ၏။ သို့ဖြင့် ကာလသားတို့ အကြိုက်တွေ့သော စာအုပ်ဖြစ်ကာ ပီမိုးနင်းသည်လည်း နာမည်ရခဲ့လေသည်။

နောက်ထုတ်သည့် ဝတ္ထုများကား 'သနားဖွယ်'၊ 'ထင်မိယောင်မှား'၊ 'ဟေမဝန်တွေ'၊ 'နေညိုညို'၊ 'နေရီရီ'၊ 'ဘားမားဒေး'၊ 'မယ်ယက္ခ'၊ 'လွမ်းဆွတ်သူ' စသည်ဖြင့် ဖြစ်လေသည်း။

အမျိုးအစားအားဖြင့် 'နေညိုညို' လို စာပေအယူအဆပါသောဝတ္ထု၊ 'နေရီရီ' လို မေတ္တာဘွဲ့ဇာတ်လမ်းဝတ္ထု၊ 'လွမ်းဆွတ်သူ' လို ဘာသာရေး

ဝိပါဒပါသော ဝတ္ထုဟူ၍ ကွဲလေသည်။ ထိုအထဲမှ 'နေညိုညို'နှင့် 'နေရီရီ' ဝတ္ထု ၂အုပ်သည် ပီမိုးနင်းကို အောင်မြင်သော ဝတ္ထုရေးဆရာအဖြစ်သို့ ရောက်အောင် ပို့ဆောင်ခဲ့လေသည်။

ထိုဝတ္ထုနှစ်ပုဒ်စလုံးပင် ဇာတ်လမ်းကို အားပြုကြသည်ချည်း။ဤတွင် 'နေညိုညို'၏ ကြောရိုးသည် အင်္ဂလိပ်စာရေးဆရာမ မာရီကော်ရယ်လီ၏ အင်နိုးစင့်(Innocence by Marie Corelli)ဝတ္ထုပင်ဖြစ်ပါ၏။ဇာတ်လမ်းမှာ မိဘအမျိုးအမည်မသိရ၍ စိတ်အားငယ်နေသော ညိုညိုသည်ရန်ကုန်တက်ကာ စာပေအစွမ်းပြသည့်အကြောင်း ဖြစ်လေသည်။ တဖန် 'နေရီရီ'သည် စာရေးဆရာ၏ မူရင်းဟုတ်မဟုတ်ကိုဖြင့် မဆိုနိုင်။ ဇာတ်လမ်းမှာမူ မောင်နေဝင်းနှင့် ရီရီတို့ ၂ဦးငယ်စဉ်က ကွဲကွာသွားကြရာမှ အရွယ်ရောက်သော် မောင်နေဝင်းက တံငါသည်အဖြစ်၊ ရီရီက သူဌေးမအဖြစ်ပြန်လည် တွေ့ဆုံပြီး မေတ္တာစစ်၊ မေတ္တာမှန်ကြောင့် ပေါင်းသင်း ကြရပုံအကြောင်းဖြစ်လေသည်။

ထိုဝတ္ထု ၂ပုဒ်သည် ရှေးက ပီမိုးနင်း၏ ဝတ္ထုများလိုပင် ဆင်ကွက်တွေနှင့်မကင်း၊ စကားပြောပုံမှာလည်း ဗိုလ်ခပ်ဆန်ဆန်ဖြစ်နေသည်။ သို့သော် နောက်ခံရှုခင်းအဖွဲ့တွေ၊ ဇာတ်လမ်းဇာတ်ကွက် အကူးအပြောင်းတွေ၊ ဇာတ်ဆောင်များ အမူအရာတွေမှာ ပို၍ ပီပြင်လာသည်။ ရေးပုံကလည်း ရိုးရိုးရှင်းရှင်းနှင့် ခန့်သည်ဟု ဆိုနိုင်လေသည်။

အထူးသဖြင့် 'နေညိုညို'ထက် 'နေရီရီ'က ဇာတ်ကြောင်းလည်းချော၊ စကားအသွားအလာလည်း ပို၍ပြေလေသည်။ 'နေညိုညို'တွင် စကားအသုံးအနှုန်းမှာ ကဗျာဆန်သော်လည်း ထစ်ငေါ့ငေါ့ဖြစ်နေသည်။ ထို့ပြင် ဇာတ်ဆောင်၏ အမူအရာသည် ဝတ္ထုဇာတ်လမ်းနှင့် မဟပ်မိချင်သလို ရှိနေသည်။

ဘယ်လိုပင်ဖြစ်စေကာမူ ထိုဝတ္ထု ၂ခုကို အပျော်ဖတ် အကောင်းစား၊ (ဝါ) လူငယ်ကြိုက် အကောင်းစားဟု သတ်မှတ်ရပေမည်။

ထူးခြားချက်တစ်ခုမှာကား 'နေညိုညို'ဝတ္ထုထဲတွင် စာပေအယူအဆပါလာခြင်းပင်။ ထိုအယူအဆသည် မူလဝတ္ထုတွင် ဟုတ္တိပတ္တိမပါ။ဤသည် ပီမိုးနင်းကိုယ်ပိုင် အယူအဆဖြစ်လေသည်။ ပီမိုးနင်းသည် သူ့ဘဝတစ်လျှောက်တွင် စာပေရှေးရိုးသမားများကို မကြာခဏ တွေ့ကြုံခဲ့ဖူးလေသည်။ မြန်မာ့အလင်း၊ သူရိယ၊ ဟံသာဝတီ၊ ပညာအလင်း စသည့်အလုပ်ဌာနများ၌လည်း အတူတွဲ၍ လုပ်ကိုင်ခဲ့ဖူးသည်။

ထိုသူများက ဘယ်စာမဆို ဘုရားစကားပါမှ၊ အကိုးအကားပါမှ အဖွဲ့အနွဲ့ ကြီးကြီးကျယ်ကျယ်ပါမှ စာကောင်းခေါ်အပ်သည်ဟု ဆိုလေ့ရှိကြသည်။

တဖန် ဝတ္ထုလို ကိုယ်ပိုင်စိတ်ကူးနှင့်ရေးသော စာမျိုးသည် စာလေး စာပေါ့ဖြစ်ရမည်မလွဲဟု ဆိုလေ့ရှိကြပြန်သည်။ ပီမိုးနင်းသည် (ဗဟုသုတပေး) စာပေ ကျမ်းဂန်၏ နေရာကို နားလည်ပါ၏။ တန်ဖိုးထားသလောက်လည်း ထားပါ၏။ သို့သော် ဝတ္ထုလို ဖန်တီးသည့် စာမျိုး၏ သဘောသဘာဝကို သူတို့ နားမလည်ဘဲ အရမ်းပြောနေကြသည်ကား မခံနိုင်။ မိမိအယူအဆကို 'နေညိုညို'ဝတ္ထုတွင် ဘန်းတင်လေသည်။

ပမာအားဖြင့် . . .

'ညိုညိုသည် ရှေးပညာရှိတို့၏ စကားဥပမာ ထုံးပုံတို့ကို အတုမခိုးချေ။

ဘယ်အခါမှ မပေါ်ဘူးသေးသော၊ ဆန်းသစ်သော တွေးလုံးတောလုံးတို့ကို ပုလဲကုံးသီသကဲ့သို့ စီအရီတန်းကာ ပြလေ၏။

၎င်းရေးသောစာသည် အထူးသဖြင့် လင်္ကာပြောင်သော စာမဟုတ်သော်လည်း ပြောလိုသောအရာကို စကားအပိုမပါစေဘဲ ကွင်းကွင်းကွက်ကွက် ထင်ရှားအောင် ပေါ်စေသဖြင့် ဖတ်ရှု၍ မငြီးဖြစ်လေသည်။

ထိုကျမ်း၌ ပါဠိုပါဠ်သား အတိုအစမပါသော်လည်း ထိုပါဠိုဂါထာတို့ထက် ခက်ခဲသော ကြံလုံးများ ပါရှိလေ၏။

အကြောင်းမူကား ဂါထာတို့ကို ရှေးပညာရှိတို့ကို ရေးသောစာများနှင့် ဘုရားဟော ပါဠိုများတွင် လွယ်လင့်တကူ ရှာ၍ရနိုင်သည်။

ကိုယ်ပိုင် တွေးကြံ၍ရေးသော ကြံလုံးစီလုံးများသည်ကားပိဋကတ်တိုက်၌ မွှေနှောက်ရှာဖွေ၍ မရနိုင်သောအရာများ ဖြစ်သည်။

စင်စစ်အားဖြင့် ညိုညိုသည် စာကို ရေးသည်မဟုတ်၊ စိတ်ကိုလည်းကောင်း၊ အဖြစ်အပျက် အကြောင်းအရာတို့ကိုလည်းကောင်း၊ ရေးလိုက်လေ၏။ စာလှသည်၊ စာပြင်သည်၊ စကားလုံးကြီးသည်၊ စကားလုံးသေးသည်ကို ညိုညိုသည် အလေးဂရုမပြု။

လွမ်းစေလိုသော နေရာ၌ လွမ်းအောင်ရေး၏။ ပျော်စေလိုသော နေရာ၌ တကယ်ပျော်လောက်အောင် ချယ်လှယ်၍ အံ့ဩစေလိုသော နေရာနှင့် ကြောက်ရွံ့စေလိုသော နေရာတို့၌ အံ့ဩအောင် ကြောက်အောင် ပြလေ၏။

အကြောင်းကိုဆိုသော် စာရေးဆရာသည် အဘယ်မျှပင် လက်ာ ပြောင်စေကာမူ လွမ်းစေ၊ ကြောက်စေ၊ လန့်စေ၊ သနားစေ၊ ချစ်စေ၊ မုန်းစေဟူသော 'စေ'ကို ပိုင်အောင် မရေးနိုင်လျှင် ရေးသမျှသော စာတို့သည် ပတ်စာမပါသော ဗုံကဲ့သို့ ဖြစ်တတ်သည့် အခြင်းအရာကို ညိုညို သည် ကောင်းစွာသိလေ၏' ဟူ၍ ဖြစ်လေသည်[၂၁]။

❖

[ ၃ ]

သို့ဖြင့် ပီမိုးနင်းသည် မိမိ၏ စာပေအယူအဆကို ထည့်သွင်း၍လည်း ဝတ္ထုရေး၏။ အချစ်ဝတ္ထု၊ နိုင်ငံရေးသဘောပါသောဝတ္ထု၊ ခရစ်ယာန်ဘာသာရေး ဆွေးနွေးခန်း ဝတ္ထု စသည်ဖြင့်လည်း ဝတ္ထုရေး၏။ ၃ – ၄ နှစ်အတွင်း သူရေးခဲ့သော ဝတ္ထုများမှာ မနည်းတော့ပြီ။ ပညာအလင်းတိုက်နှင့် မြန်မာ့ကြက်သရေ ပုံနှိပ်တိုက်မှာသာမက အသစ်အသစ် ပေါ်လာသော မဂ္ဂဇင်းတို့တွင်လည်း သူပါဝင်ရေးသားခဲ့သည်သာ ဖြစ်သည်။

ပမာဆိုသော် မြန်မာအဆွေတိုက်က တိုးချဲ့၍ ဒဂုန်မဂ္ဂဇင်းဟူ၍ ထုတ်၏။ ထိုမဂ္ဂဇင်းတွင်လည်း သူဝင်ရေးလေသည်။ ထိုခေတ်တွင် လူကြိုက်များလှသော 'ချစ်ပန်းနွယ်'ဝတ္ထုသည် ဒဂုန်မဂ္ဂဇင်းတွင် လစဉ်ဆက်၍ ပါခဲ့သော ဝတ္ထုဖြစ်လေသည်။

တဖန် ဆူးလေဘုရားလမ်းရှိ မြန်မာ့ကြက်သရေ ပုံနှိပ်တိုက်အပေါ်၌ သူသြဇာညောင်းပုံရလေသည်။ သာမန်အတိုင်းဆိုလျှင် ခေါင်းဘုတ်သိုက်နှင့် ရှပ်အင်္ကျီခပ်နွမ်းနွမ်းကို တဒေါင်ဆစ်ထိအောင် ရှော့ယိရှော့ယဲ လက်ပင့်ထား၍၊ ချည်ပုဆိုးကို တစ်ဖက်စောင်း တစ်ဖက်ရွဲ့နှင့် ဝတ်၍ တိုက်ထဲဝင်လာတတ်သော ပီမိုးနင်း၏ ဟန်သည် အထင်သေးစရာပင်။

သို့သော် ပီမိုးနင်း၏ဉာဏ်ပညာကို တိုက်ရှင် ဒေါ်မြမေက လေးစားသည်။ ပုံနှိပ်လုပ်ငန်း အစစ အရာရာတွင် ပီမိုးနင်းကို တိုင်ပင်တတ်လေ

သည်။ ပီမိုးနင်းနှင့်တွဲ၍ အောင်တော်မူ စာစဉ်အမည်တပ်ကာ ၄ပဲတန် ဝတ္ထုစာအုပ်ကလေးများသည် ထုတ်ဝေခဲ့လေသည်။

ထိုဝတ္ထုကလေးများမှာ –

(က) ပွဲစားကြီး ဂရာရွှတ်ကို မြာရွှတ်သော ချစ်ချစ်
(ခ) ကြုံလေဘုံဘွေ
(ဂ) နဖူးစာ
(ဃ) အုံ့သြဖွယ်
(င) ရေနတ်သူ
(စ) မျိုးချစ်
(ဆ) မျိုးချစ်လကျာ
(ဇ) စိုးပါနဲ့မေ
(ဈ) ကျုပ်အသက်ကလေး
(ည) ဝါသနာ
(ဋ) သွေးဆောင်ခြင်း
(ဌ) မိတ်ဆွေနှင့်ရည်းစား
(ဍ) စိတ်ပြောင်းလွှဲခြင်း
(ဎ) ဝါရမ်းပြေး

ဟူ၍ ၁၄ခု ဖြစ်လေသည်။

ပီမိုးနင်းသည် ထိုဝတ္ထုကလေးများအကြားမှပင် အင်္ဂလိပ်သတင်းစာရေးနည်း ဖတ်နည်းကျမ်းတို့ကိုလည်း ထုတ်ဖြစ်အောင် ထုတ်လိုက်သေးသည်။

ရေးလည်းရေး၊ ထုတ်လည်းထုတ်ဝေနိုင်သော ပုဂ္ဂိုလ်ပါပေ။ ဟုတ်သည်။ သူ့မှာ ဘာပဲရေးရေး၊ သိပ်ကြာကြာကြီး စဉ်းစားမနေရ။ အရေးအလွန်မြန်သည်။ မြန်သာမြန်သည်။ သူ့လေ သူ့ဟန်ကိုဖြင့် ဂရုစိုက်၍ ရေးသူဖြစ်သည်။

တစ်ခါက ဒဂုန်မဂ္ဂဇင်းတိုက်သို့ သူ ‘ဆိုးပေ’ဆိုသည့် ဝတ္ထုတစ်ပုဒ် ပို့လိုက်လေသည်။ ထိုဝတ္ထုကို အယ်ဒီတာက ဖတ်ကြည့်ရာ ‘ပညတ်ရာ ဓာတ်ပါသည် ဆိုသကဲ့သို့’ ဟူသော စာကြောင်းကိုတွေ့ရလေသည်။ အယ်ဒီတာက စာကျကျန်ခဲ့သည်ထင်ကာ ‘ဓာတ်သက်ပါသည်’ဟုဖြည့်၍ ထည့်လိုက်လေသည်။ မဂ္ဂဇင်းထုတ်ပြီး ၃ – ၄ရက် အကြာတွင် ပီမိုးနင်းသည် တိုက်သို့လာ၍ စာပြင်သည့်ကိစ္စကို မေးတော့သည်။ ထိုအခါ တိုက်တွင်

အယ်ဒီတာကလည်း မရှိ၊ တိုက်တွင်ရှိသော လက်ထောက်အယ်ဒီတာဖြစ်သူ ဖေယျက . . .

'ဘာဖြစ်လို့လဲ ဆရာ၊ ပြင်ထားတာ မှန်သားပဲ . . .'ဟုပြောရာ

'သူတို့ ပြင်ပေးမှလားကွ၊ ငါအသိသားပေါ့၊ တမင်သက်သက် စကားကျဉ်းအောင် ရေးလိုက်တာ၊ ခုတော့ ပျက်သွားတာပေါ့'ဟုညည်းညူခဲ့လေသည်ဖြစ်၏[၂၂]။

ပြန်ကောက်ရဦးမည်။ ပီမိုးနင်းသည် အရေးလည်း မြန်သည်။ အဆက်မပြတ်လည်း စာရေး၏။ ဤတွင် အိမ်ကလူတွေထဲမှ အကူအညီရသဖြင့် လက်ညောင်းနည်းနည်းသက်သာလေသည်။ အိမ်ကလူဆိုသည်မှာ သူ့မယား မစိန်တင့်သာ မဟုတ်။ အိမ်တွင် သူ့ညီမ မမေရီတို့သားအမိက လာနေကြသည်။ တပည့်ကလေးတစ်ယောက် နှစ်ယောက်ကလည်း ရှိသေးသည်။ ထို့ကြောင့် ရံဖန်ရံခါ လက်ဖြင့် ရေးနေစရာ မလို။ 'နေရီရီ'လို ဝတ္ထုရှည်မျိုးကိုပင် သူသည် နှုတ်တိုက်ပြောလေသည်[၂၃]။အိမ်က တူသားတွေက လက်ဖြင့်လိုက်ရေးကြသည်။

ထိုအချိန်ကာလတွင် ပီမိုးနင်းသည် သူ ကိုယ်ပိုင်ထုတ်စာအုပ်တွေမှရော ပညာအလင်းတိုက်ကပါ ဝင်ငွေ အတန်အသင့်ရနိုင်စရာ ရှိလေသည်။ သို့သော် သူက အသောက်သမားဖြစ်၍ ဝင်ငွေရှိသလောက် ကုန်စရာတွေလည်းရှိနေလိမ့်မည်။ သူသည် အလုပ်လည်း တော်တော်ကလေးလုပ်ပါ၏။ ကြည့်ပါ၊ စာအုပ်တွေက ဆက်တိုက်ထွက်နေသည်။ သူ့အိမ်မှလည်း 'စရက' အမည်ဖြင့် ဆေးဖော်စပ်၍ ရောင်းချလေသည်။

စရက ဆေးဆိုသည်မှာ ပွေး၊ညှင်း၊ နင်းခူ စသော ယားနာအတွက် လိမ်းဆေးနှင့် ဝမ်းကိုက် ဝမ်းနာ သံကျစသော ကလေးဆေးတို့ပင်ဖြစ်သည်[၂၄]။ ပီမိုးနင်းသည် ထိုဆေးနည်းကို သူ့ပထွေး ဦးမြို့ထံမှရလေသလား၊ သို့မဟုတ် အင်္ဂလိပ်စာအုပ်တွေဖတ်ပြီး နည်းရလေသလား မဆိုနိုင်။ ဆေးတစ်ဗူး တစ်ကျပ်နှင့် အတော်ရောင်းရလေသည်။ အိမ်က လူများကလည်း ထိုအလုပ်တွင် ဝိုင်း၍ ကူကြရလေသည်။

ဤအတွင်း သူသည် ရုပ်ရှင်ဘက်သို့ စိတ်ဝင်စားစ ပြုလာလေသည်။ မြန်မာရုပ်ရှင်လုပ်နေ်းသည်လည်း ၁၉၁၉ခုနှစ်တွင် စခဲ့လေသည်။

စပုံမှာ ဝိုင်အမ်ဘီအေအသင်းမှ ဘိလပ်သို့ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် စေလွှတ်ခဲ့သော ဦးထွန်းရှိန်သည် ဘိလပ်မှအပြန် လပိုင်းအတွင်းဖျား၍ သေဆုံးခဲ့လေသည်။ ဦးထွန်းရှိန် ကွယ်လွန်သည်ကို လူ

အများက စိတ်လည်း ဝင်စား၊ နှမြောလည်း နှမြောကြလေသည်။ ထိုအခါ ဦးထွန်းရှိန်၏ အသုဘသတင်းကားကို လန်ဒန်အတ်ဓာတ်ပုံတိုက်ရှင် ဦးအုန်းမောင်က ပထမအကြိမ် ရုပ်ရှင်ရိုက်ကူးပြသရာ အတော် အောင်မြင်လေသည်။

ခုတစ်ဖန် ဇာတ်ထုပ်တစ်ထုပ်ရိုက်ကူးမည်ဟု ဦးအုန်းမောင်က ကြံစည်ပြန်သည်တွင် ပညာအလင်းတိုက်သားများနှင့် မြန်မာအဆွေ တိုက်သားများ၏ အကူအညီကို ရယူလေသည်။

ဤတွင် ပီမိုးနင်းက 'မေတ္တာနှင့်သူရာ'ဟု ခေါင်းစဉ်တပ်၍ ဇာတ်လမ်းတစ်ပုဒ် ရေးပေးရလေသည်။ ထို့နောက် ပညာအလင်းတိုက်အုပ် ဦးပု (ကြီး)က ဒါရိုက်တာလုပ်သည်။ ပညာအလင်းတိုက်မှ ဦးပါ၊ မြန်မာအဆွေတိုက် သူဌေးသား ကိုညီပု၊ သူဌေးသမက်ဖြစ်၊ ကာတွန်းဆရာလည်းဖြစ်သော ကိုဘကလေး၊ ကြည့်မြင်တိုင်သူ မရီစသည်တို့က ဇာတ်ဆောင်များအဖြစ် ပါဝင်ကြလေသည်။

'မေတ္တာနှင့်သူရာ' ဇာတ်ထုပ်ကို ပီမိုးနင်းရေးပေးရပြီးနောက် ရုပ်ရှင်နှင့် သူအဆက်သိပ်မရှိလှသေး။ ပညာအလင်းတိုက်မှ ထွက်၍ ဗန္ဓုလဂျာနယ်တွင် ပါဝင်ရေးသည့်အခါတွင်မှ ရုပ်ရှင်လုပ်ငန်းကို သူ ပြန်ကိုင်မိလေသည်။

❖

အပိုင်း [ ၅ ]
ဗန္ဓုလခေတ်

Quality Publishing House

[ ၁ ]

ဗန္ဓုလဂျာနယ်နှင့် ပီမိုးနင်းဆက်မိသည်မှာ ၁၉၂၂ခုနှစ်တွင် ဖြစ်လေသည်။ သူသည် ဗန္ဓုလဂျာနယ်သို့ 'ပင်တိုင်' စာရေးဆရာအဖြစ် ရောက်လာခြင်းပင်။ ထို ၁၉၂၂ခုနှစ်တွင် ဗန္ဓုလတိုက်မှ 'ရန်သူနှင့်ရင်သွေး'ဆိုသည့် ဝတ္ထုကို သူ စထုတ်သည်။

ဤတွင် ပညာအလင်းတိုက်မှ ဗန္ဓုလတိုက်သို့ ပီမိုးနင်းရောက်လာသည့်အကြောင်းရင်းသည် မထင်ရှား။ ပီမိုးနင်းမှာ တစ်နေရာတွင် ကြာကြာမလုပ်တတ်၍ဘဲလား၊ အချုပ်အချယ်မခံနိုင်၍ဘဲလား၊ ပညာအလင်းတိုက်မှာ စီးပွားရေး ယိုင်နဲ့နဲ့ဖြစ်လေ၍လား အမှန်မပြောနိုင်။

ဘယ်လိုပင်ဖြစ်စေ ၁၉၂၂ခုနှစ်တွင် ပီမိုးနင်းကိုယ်တိုင် ၅၁လမ်းမှ ၅၂လမ်းသို့ပင် ပြောင်းရွှေ့နေထိုင်ခဲ့လေပြီ။ ဗန္ဓုလတိုက်တွင် သူ အလုပ်လုပ်ပြန်လေသောအခါ ပီမိုးနင်းဟူသော အမည်ကိုသာ သီးသီးသန့်သန့် သုံးလေသည်။ ပိုက်ဆံ (ကြီး)ဟူသော အမည်ကိုကား တိုက်ပိုင်ဖြစ်သည်ဟူ၍ ပညာအလင်းဦးတင်က ယူထားလိုက်လေသည်။ ဤသည်ကို သူမကျေနပ်။ မြန်မာအလင်းတိုက်အုပ် ဦးစိန်းနှင့် တွေ့သည့်အခါ ပြောပြလေသည်။ ဦးစိန်းကလည်း စဉ်းစား၍ . . .

'ကလောင်နာမည်ဟာ အရေးမကြီးပါဘူးဗျာ၊ လူသာ အရေးကြီးပါတယ်။ လူမှာ ပညာအရည်အချင်း မရှိဘဲနဲ့ဆိုရင် ပိုက်ဆံကြီးမကပါဘူး။

ရွှေဒင်္ဂါးကြီးလို့ နာမည်တပ်ပြီး ရေးရေး၊ စိန်ဒင်္ဂါးကြီးလို့ နာမည်တပ်ပြီး ရေးရေး မကောင်းရင်ဘယ်သူမှ ဖတ်မှာ မဟုတ်ပါဘူး။ စာရေးကောင်းရင် ပိုင်စိဆိုတဲ့ အမည်နဲ့ရေးရေး၊ ရွှေးစိဆိုတဲ့ အမည်နဲ့ရေးရေး လူကြိုက်များ မှာပါပဲ။ ခင်ဗျား အရည်အချင်းပေါ်မှာ တည်ပါတယ်'

ဟု သူ့ကို ပြန်ပြောလေသည်။ ပီမိုးနင်းလည်ရေးကြီးခွင်ကျယ် မလုပ်တော့ပဲ ဗန္ဓုလဂျာနယ်တွင် လုပ်လေတော့သည်။

ဗန္ဓုလတိုက်တွင် လုပ်ရသည်မှာလည်း အဆင်ပြေပါပေသည်။ တိုက်က ရေကျော်တွင်ရှိသည်။ သူ့အိမ်နှင့်မဝေး။ အိမ်တွင် စာရေး၍ လည်းဖြစ်သည်။ တိုက်ကို သွားဖို့မှာလည်းလွယ်သည်။ တစ်ဖန် တိုက်တွင် စီမံထားပုံမှာလည်း အားရစရာပင်။ တိုက်ရှင်ဦးစိန်သည် စောစောက မြန်မာ့ အလင်း သတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင် ဖြစ်ခဲ့ဖူး၏။

ခုတဖန် သူပိုင်ဂျာနယ်ကို ထုတ်ဝေသည့်အခါ သူ့အတွေ့အကြုံကို အမှီပြု၍ ခေတ်နှင့်တစ်သားတည်းကျအောင် ကြိုးစားနေခဲ့ပေသည်။ သူသည် ဂျာနယ်ထုတ်စက 'နှစ်ပါးကြည်' ဟူ၍ အမည်ပေးခဲ့ပြီးမှ နိုင်ငံရေး နှင့် ကိုက်ညီအောင် ဗန္ဓုလဂျာနယ်ဟူ၍ အမည်ပြောင်းခဲ့လေသည်။ အဖုံးတွင်လည်း ဗန္ဓုလစစ်သူကြီးဓားကိုင်၍ ဘေးစောင်းရပ်နေပုံကို ထည့်ပေးလေသည်။ နောင်အခါ ကာလတွင်လည်း လူအများ ကြည်ညိုကြသော သီပေါမင်းအရှင်နှစ်ပါးဓာတ်ပုံများ၊ မြင်ကွန်းမင်းသားနှင့် သားတော်နှစ်ပါး ဓာတ်ပုံများကို တိုက်မှ သပ်သပ် ရိုက်နှိပ်ရောင်းချခဲ့သည်ဖြစ်လေသည်။

မြန်မာ့နိုင်ငံရေးကလည်း လူးလွန့်လှုပ်ရှားလာသည်မှာ သိသာပါပေ၏။ ရေးက ဝိုင်အမ်ဘီအေသည် ဘိလပ်သို့ ကိုယ်စားလှယ်လွှတ်၍ ဒိုင်အာခီ အုပ်ချုပ်ရေးအတွက် အရေးဆိုခဲ့သည်။ ထို့နောက် အလားတူ အသင်းတွေနှင့် ပူးပေါင်း၍ ဂျီစီဘီအေ (မြန်မာအသင်းချုပ်ကြီး) ဟူ၍ ထူထောင်လာသည်။ အမျိုးသားချင်း ယိုင်းပင်းဖို့ ပို၍လှုံ့ဆော်လာသည်။

ထို့နောက် ကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့ပြန်သည်။ ထို့နောက် ဂျီစီဘီအေသည် အင်္ဂလိပ် အာဏာပိုင်များကပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကို သပိတ်မှောက်ကာ ဟုမ်းရူးခေါ်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် တစ်ဆင့်တက်ပြီး အရေးဆိုပါတော့သည်။ ထိုအခါ ဦးဘဖေ၊ ဦးသိမ်းမောင်၊ ဦးမောင်ကြီး စသော ပုဂ္ဂိုလ် ၂၁ ဦးက ဂျီစီဘီအေမှထွက်ကာ ၂၁ ဦး အဖွဲ့ထောင်၍ ရွေးကောက်ပွဲဝင်ကြလေသည်။ မူလ ဂျီစီဘီအေကြီးကား အများပြည်သူတို့၏ လိုအင်နှင့်အတူ အစိုးရနှင့် မပူးပေါင်းရေးမူကို လိုက်

လျက်ရှိလေသည်။ ဗန္ဓုလဂျာနယ်သည်လည်း ဂျီစီဘီအေကို ထောက်ခံလေသည်။

ဗန္ဓုလဂျာနယ်သည် ပြည်သူတို့ကို ခေတ်မီသော နိုင်ငံရေး၊ လူမှုရေး အသိအမြင် ပေးနိုင်အောင် ကြိုးစားရလေသည်။ ဂျာနယ်တွင် ခေါင်းကြီးပိုင်းအခန်း၊ ဖြုတ်စဖြင်းတောင်းအခန်း၊ ငလက်တိုနှင့် ငညိုအခန်း။ ရာဇဝင် ညွှန့်ပေါင်းအခန်း၊ သတင်းပေါင်းချုပ်အခန်း၊ စိန်ကလောင်အခန်း၊ ကမ္ဘာ့အရုပ်တော်ပုံအခန်း၊ မစ္စတာ တင်းဘုတ်အခန်း၊ ဝတ္ထုရှည်အခန်း၊ ကမ္ဘာ့မင်တန်အခန်း စသည်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ထည့်ပေးလေသည်။

ထိုအခါ စိန်ကလောင်အမည်ခံ ဦးစိန်တို့၊ ရသေ့ကြီးအမည်ခံ အယ်ဒီတာဦးဘိုးမင်းတို့ပက နိုင်ငံခြားဗဟုသုတ၊ ဘာသာခြား ဗဟုသုတမရှိ၍ ပြည်တွင်းရေးကိစ္စများကို ရေးကြရသည်။ ပီမိုးနင်းမှာမူ 'ဥက္ကလာပ' လို၊ 'မယ့်တကိုယ်ထဲ' လို၊ 'ငါဘယ်သူလဲ' လို အခန်းဆက် ဝတ္ထုများသာမက ရံဖန်ရံခါ ခေါင်းကြီးပိုင်းလည်း ဝင်ရေးရလေသည်။ ကမ္ဘာ့အရုပ်တော်ပုံအခန်းမှလည်း ပြည်တွင်းပြည်ပ နိုင်ငံရေးတို့ကို မှတ်ချက်ချရသေးသည်။ ကမ္ဘာ့မင်တန်အခန်းမှလည်း မြန်မာများအဖို့ အတုခိုးစရာ နိုင်ငံခြား လူရည်ချွန်များအကြောင်းကို ထုတ်နုတ်သာဓကေ ဆောင်ရသေးသည်။ နိုင်ငံခြားသတင်း အတိုအထွာတွေကိုလည်း ဘာသာပြန်ရသေးသည်။ 'ပင်တိုင်' စာရေးဆရာအဖြစ် သူရေးသော ကဏ္ဍတွေမှာ များလှပေသည် [၂၅]။

တဖန် သူသည် ဗန္ဓုလိုက်မှလည်း နိုင်ငံရေးစာအုပ်များကို သီးခြားထုတ်သည်။ အပြင်မှလည်း ကြီးပွားရေးစာအုပ်လို ထူးထူးခြားခြား ထုတ်စပြုလာသည်။

ဗန္ဓုလတိုက်မှ ထုတ်ဝေသော စာအုပ်များမှာ (နိုင်ငံရေးဟောနည်းပြောနည်း ကဏ္ဍနှင့် ပူးတွဲထားသော) နိုင်ငံရေး အခြေပြုကျမ်းနှင့် နိုင်ငံရေး ၄ စောင်တွဲကျမ်းများ ဖြစ်လေသည်။ နိုင်ငံရေး အခြေပြုကျမ်းမှာ နိုင်ငံရေးသဘောတရားနှင့် အင်္ဂလန်၊ အမေရိကန်စသော နိုင်ငံအသီးသီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံသရုပ်ကို အကျဉ်းပြဆိုသော ကျမ်းဖြစ်လေသည်။

အနောက်တိုင်းနိုင်ငံရေးပညာနှင့်စပ်၍ မြန်မာနိုင်ငံတွင် အဦးဆုံးပေါ်ခဲ့သော ကျမ်းတစ်ကျမ်းဟု ဆိုရလိမ့်မည်။ နိုင်ငံရေးလေးစောင်တွဲမှာမူ ပေါ်လစ်တစ်ယပ်လှဲကျမ်း၊ လွတ်မြောက်ရေးစကားပုံကျမ်း၊ ဒိုမီနီယံ ဟုမ္မရူးဒကျမ်း၊ အစိုးရနှင့် မဆက်ဆံရေး နည်းပေးလမ်းပြကျမ်း ၄ အုပ်ဖြစ်လေသည်။

ထို ၄ စောင်တွဲအဖုံးတွင်လည်း –

'မြန်မာခပင်း၊ ကျွန်စာရင်းမှ၊ လွတ်ကင်းထွက်မြောက၍၊ သခင်ဘဝသို့ရောက်ရန်၊ ရည်သန်ရိုးရင်း၊ နှလုံးသွင်းဖြင့်၊ ပီမိုးနင်း ရေးပြုစီမံသည်'

ဟူသော ရည်ရွယ်ချက်သည် ပါခဲ့လေသည်ဖြစ်သည်။

ကြီးပွားရေးစာအုပ်ကား ဘယ်လိုနည်း။ ကြီးပွားရေးစာအုပ်သည် လောကနီတိလို၊ ပုတ္တောဝါဒလို စာအုပ်မျိုးမဟုတ်။ နိုင်ငံခြားသားတို့၏ ယဉ်ကျေးသောအမူအကျင့်၊ သူတို့၏ ဝီရိယ၊ သူတို့၏ဖွဲ့၊ သူတို့၏ စွမ်းဆောင်ချက်တို့ကို သာဓက တစ်ခုစီ တစ်ခုစီပြကာ မြန်မာများ နည်းယူနိုင်အောင် ရေးပြသောကျမ်းဖြစ်လေသည်။ ဗန္ဓုလဂျာနယ်၌ ကမ္ဘာ့မင်တန်အခန်းကို ကိုင်ဆဲအခါ၌ပင် သူသည် ထိုကျမ်းငယ်ကို သတ်သတ် ထုတ်ဝေခဲ့လေသည်။

ထိုသို့သော ကျမ်းကို ထုတ်ဝေရန် စိတ်ကူးကိုလည်း သူသည် ဝီလျန်ဂျက်ကုမ္ပဏီ (William Jacks Co.,) ၌ အလုပ်လုပ်နေသော သူ့မိတ်ဆွေ ဦးရှိန်ထံမှ ရလေသည်။

ဖြစ်ပုံမှာ ဦးရှိန်သည် ဝီလျန်ဂျက်ကုမ္ပဏီ၌ စာရေးသာ လုပ်နေရသည်။ အကြံကြီးသူဖြစ်သည်။ သူသည် ကာယပညာကို လိုက်စားလေ့ကျင့်သည်။

ထို့ပြင် အိုရီစင်စွက်မာဒင် (Orison Swett Marden) တို့၊ ဆင်မူရယ်စမိုင်း (Samuel Smiles) တို့၏ ကြီးပွားရေးလမ်းပြစာအုပ်တွေကိုလည်း ဖတ်သည်။ ထိုစာအုပ်တွေ၌ ပါသော အကြောင်းအရာကို မြန်မာအများအား သိစေချင်သော စေတနာသည် သူ့တွင်ရှိနေသည်။ ထိုစာအုပ်မျိုးကို ဘာသာပြန်၍သော်လည်းကောင်း၊ မှီး၍သော်လည်းကောင်း ထုတ်ရလျှင်ကောင်းမည်ဟု သူသဘောရလေသည်။

သို့သော် သူစာမရေးတတ်။ မကြာပါလေ။ သူက ငွေစိုက်၍၊ ပီမိုးနင်းက ဉာဏ်စိုက်၍ 'ကမ္ဘာ့အလင်း' ဆိုသည့် မြန်မာအမည် Lumen (အလင်းရောင်) ဆိုသည့် လက်တင်အမည်တပ်ထားသော စာအုပ်ကလေး ထွက်လာခဲ့လေသည် [၂၆]။ ဗန္ဓုလဂျာနယ်၌ ပီမိုးနင်းရေးခဲ့သော ကမ္ဘာ့မင်တန်ပါ စာများသည် ကမ္ဘာ့အလင်းပါ စာများနှင့် သဘောချင်းအတူတူပင် ဖြစ်တော့သည်။

အတိုချုပ်လိုက်ရသော် 'ကမ္ဘာ့မင်တန်' လို စာကိုပဲဖြစ်စေ၊ အခြားဆောင်းပါးကိုပဲဖြစ်စေ၊ ဝတ္ထုကိုပဲဖြစ်စေ၊ ပီမိုးနင်း ကိုင်လိုက်လျှင် သမရိုးကျစာတွေနှင့်မတူ၊ ရှင်းရှင်းလင်းလင်း ရှိလေသည်သာများသည်။ အမြင်သစ်၊

အတွေးသစ် ပါတတ်သည်။ ထို့ကြောင့် သူ့စာကို လူအများကြိုက်ကြသည်မှာ မဆန်း ဗန္ဓုလတိုက်ကလည်း သူ့ကို အရေးပေးခဲ့လေသည်။

ပြောစရာတစ်ခုတော့ ရှိသည်။ ပီမိုးနင်းသည် အရက်မပါဘဲ စာကောင်းကောင်းမရေးနိုင်တော့ချေ။ စာရေးမည်ဆိုလျှင် အရက်ကလေးသောက်လိုက်ရမှ ဉာဏ်ထွက်လေသည်။ သူသည် အရက်ပုလင်းဖိုး တစ်ခါတည်းထည့်၍ ဗန္ဓုလတိုက်သို့ လာတတ်ပါ၏။ တိုက်ရောက်မှ တစ်ယောက်ယောက်ကို အရက်ဝယ်ခိုင်းရလေသည်။

ပုလင်းဖိုး အလွယ်မရှိလျှင်လည်း တိုက်တွင် ရှိနေသော ဦးစိန်ဘက်သို့ လှည့်၍ –

'ဆရာစိန် ကျုပ်ဒီနေ့ ဉာဏ်မထွက်ဘူးဗျာ၊ ပုလင်းလိုနေတယ်' ဟု ပြောတတ်လေသည်။ ထိုအခါ ဦးစိန်က သူ့လက်ထဲသို့ ပုလင်းဖိုး ထည့်ရလေသည်။ ပုလင်းရလေတော့မှ သောက်လိုက် စာရေးလိုက်နှင့် စာ ချောချောမောမော ထွက်လေသည်။

တစ်ခါတစ်ရံ ဖြစ်တတ်သည်မှာ ဦးစိန်ကို တိုက်တွင် သူမတွေ့။ ငွေချေးမည့်သူလည်း လက်ငင်းတွင်မရှိ၊ သူသည် ရေချိုးခန်းထဲတွင်ဝင်၊ ထို့နောက် ရေချိုးခန်းထဲမှ လုံချည်ဟောင်းတစ်ထည်ကို ဝတ်ထွက်လာကာ ပါလာသော လုံချည်ကို စာစီသမားတစ်ယောက်အား အပေါင်ခိုင်းပြီး အရက်ဝယ်သောက်တော့သည်။ အိမ်ကိုလည်း ထိုလုံချည်ဟောင်းဝတ်၍ ပြန်သည်။ နောက်တစ်နေ့ကျမှ သူ့လုံချည်ကို ရွေးယူပါလေသည်။

ဤအဖြစ်ကို တိုက်မှ အယ်ဒီတာဦးဘိုးမင်းက မကြိုက်ပေ။ ဦးဘိုးမင်းက သူ့ကိုခင်သည်။ သူ့ကို ဘုရားလက်ထက်၌ သာဂရမထေရ် အရက်သောက်၍ မှားပုံ၊ မြတ်စွာဘုရားက ပါစိတ်အာပတ်သင့်စေဟု သိက္ခာပုဒ်ပညတ်တော်မူရပုံပြော၍ တရားပြလေသည်။

ထိုအခါ ပီမိုးနင်းက ဆင်ခြေဆင်လက် ရှာလိုလေသည်။ ရှာလို၍ ဦးဘိုးမင်းကို –

'မြတ်စွာဘုရားက ဒီလောက် အရမ်းကာရော သောက်တာကို မြင်တော်မူ၍ သိက္ခာပုဒ် ပညာတော်မူတာ မဟုတ်လား။ ကျုပ်က ခင်ဗျားတို့နဲ့ ပေါင်းသင်းလာတာ ဘယ်နှစ်ခါများ အရမ်းကာရောသောက်တာ မြင်ဖူးသလဲ။ အရက်ကို ကျုပ်ကကြိုက်လို့ သောက်တာမဟုတ်ဘူး။ ဆေးအဖြစ်နဲ့ သောက်တာ။ ဆေးအဖြစ်နဲ့ နည်းနည်းပါးပါး ခင်ဗျားတို့တောင် သောက်ဖို့ကောင်းတယ်။ ကျုပ်ဟာ အရက်ကို အရင်ကလဲ လွန်လွန်ကျူးကျူး

မသောက်ဘူး၊ နောင်လဲ လွန်လွန်ကျူးကျူး သောက်လိမ့်မယ်မထင်နဲ့၊ ကဲ ဆေးတစ်ပုလင်းဖိုးလောက် ပေးစမ်းဗျာ'

ဟု ပြောကာ ပိုက်ဆံတောင်းလေသည်။ သူသည် ဦးဘိုးမင်း ပေါင် ပေါ်လှဲအိပ်၍ မထတမ်း တောင်းခြင်းဖြစ်လေသည်။ ဦးဘိုးမင်းလည်း သူ့ အလိုကို လိုက်ရလေသည် ၂၇။

❖

[ ၂ ]

ပီမိုးနင်းပြောသည့်အတိုင်း အရက်မှာ ဆေးသဖွယ်ဖြစ်နေ၍လား မသိ၊ သူသည် ရေးကထက် တိုး၍ အလုပ်တွင်ခဲ့ဟန် ရှိလေသည်။ ရုပ်ရှင်ဘက်သို့ပင် ဦးလှည့်နိုင်လေသည်။

ပထမဆုံး သူ့စာနှင့် စပ်၍ ဆိုရလျှင် သူ့စာကို လိုချင်သည့် တိုက်တွေက များသည်။ သို့သော် ထိုတိုက်တွေက တစ်ခုကို ပြင်ဆင်ထားရတတ်လေသည်။ သူ့လက်ရေးက အတော်ညံ့သည်။ ရေးထားသည့် စာရွက်များကလည်း တချို့ ရှည်ရှည်၊ တချို့ သုံးထောင့်ချွန်တွေဖြစ်ပြီး ဘယ်စာရွက်မှ ဘယ်စာရွက်သို့ ဆက်သည်ကို ရှာရခက်သည်။

သူကိုယ်တိုင်ကပင်

'စာရေးဆရာ ဆိုတာ စာကိုရေးတာ မဟုတ်ပါဘူး။ စိတ်ကို ရေးတာဖြစ်လို့ လက်ရေးကိုလှဖို့ ဂရုမစိုက်နိုင်တော့ဘူး၊ စိတ်ကိုမီအောင် လိုက်ရေးရတော့ လက်ရေးမကောင်းတော့ဘူးပေါ့'

ဟူ၍ ပြောခဲ့ဖူးသည် မဟုတ်လား။

ထို့ကြောင့် သူ့စာကို ဖတ်နိုင်သည့်လူကို တိုက်တွေက ရှာထားရလေသည်။ သူ့စာကို ရိုက်နေကျဖြစ်သော မြန်မာ့ကြက်သရေ ပုံနှိပ်တိုက်ပင်လျှင် တစ်ခါတစ်ရံ သူ့စာဖတ်နေကျ လူမရှိဖြန်ပြန်၍ အခက်တွေ့ရသည်။ အခက်ကို မြန်မြန်ဖြေရှင်းနိုင်ရအောင် သူကပင် ရှာပေးရသေးသည်။

ဆိုပါစို့။ မောင်ရန်အောင်လို လူစားမျိုးသည် ငယ်စဉ်ကတည်းက သူ့ဝတ္ထု၊ သူ့ကြီးပွားရေး ကျမ်းတွေကို မြတ်မြတ်နိုးနိုး ဖတ်ခဲ့၍ သူ့ဟန်ကို သိသူဖြစ်သည်။ ကိုယ်တိုင်လည်း စာတစ်ပုဒ်စ နှစ်ပုဒ်စ ရေးခဲ့ဖူးသည်။ ထို့ပြင် ဆင်ပေါင်ဝဲမှ တက်လာခါစ ဖြစ်၍ အလုပ်ကြိုးစားလုပ်ချင်စိတ်ရှိလေသည်။ မောင်ရန်အာင်ကိုပင် အလေ့အကျင့်ပေးကာ မြန်မာ့ကြက်သရေပုံနှိပ်တိုက်တွင် စာပြင်ခန့်စေရသည် [၂၈]။

သူရေးနေကျ မဂ္ဂဇင်းဂျာနယ်တိုက်တွေကလည်း အပုံပင်။ ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းတို့အပြင် နောက်ထွက်သော ဖေယျဂျာနယ်၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမား (ရုပ်ရှင်) မဂ္ဂဇင်း၊ ရှုဝံမဂ္ဂဇင်း စသည်ဖြင့် တသီတတန်းချည်းဖြစ်သည်။

တစ်ခုခက်လေသည်မှာ သူသည် အလုပ်လုပ်နိုင်သလောက် အရက်ပါနေခြင်းပင်ဖြစ်သည်။ အရက်ပါရုံမျှ မကသေး၊ မိန်းမပေါ့တွေနှင့်လည်း အဆက်အဆ့မကင်းခြင်း ဖြစ်သည်။ ပီမိုးနင်းသည် မယားမစိန်တင့်ကို သူ့ပမာဏနှင့်သူ ချစ်ပုံရပါ၏။ မစိန်တင့်တွင် မျက်စိရောဂါ ကြာရှည်ဖြစ်နေခဲ့၍ သူ့မှာ အလွန်ပူပင်ကာ ဟိုလူပြောဟုတ်နိုး၊ သည်လူပြော လက်ခံရနိုးနှင့် ဆေးတစ်ခုပြီးတစ်ခု ရှာနေခဲ့လေသည်။ ထို့နောက် မစိန်တင့်တွင် မျက်လုံးတစ်ဖက် ကွယ်သွားခဲ့ရာ သူ့ပယောဂမကင်းဟု နောင်တရခဲ့လေသည်။ မိန်းမကိုပို၍ အလိုလိုက်ခဲ့လေသည် [၂၉]။

သို့သော် သူ၏ အပျော်အပါးကိုကား မဖြတ်နိုင်။ မစိန်တင့်မှာမူ လင်ကို 'ဆရာလေး' ဟူ၍ တရိုတသေ သဘောထားခဲ့သူဖြစ်သည်။ ထို့ပြင် လင်တေပုံကိုလည်း ညားကတည်းက သိခဲ့ရသဖြင့် သည်းညည်းခံနိုင်ပါပေသည်။ ထိုအခါ ရန်ကုန်သို့ ရောက်လာတတ်သော ဦးလူကားက သူ့အစ်ကိုကို မကျေနပ်။ မရီးဖြစ်သူ မစိန်တင့်ကိုလည်း သနားမိသည်။

ပီမိုးနင်းကား ပီမိုးနင်း စရိုက်သဘာဝအတိုင်း ရှိလေမည်သာ။ ငယ်စဉ်ကတည်းကပင် သူကြိုက်ရာ လုပ်ခဲ့သည်မဟုတ်လား။ ငယ်စဉ်ကတည်းက အမေဖြစ်သူ ဒေါ်စိန်နုက သူ့သားကြီးကိုမနိုင်။ တစ်ခွန်းစ နှစ်ခွန်းစသာ ပြောနိုင်ခဲ့လေသည်။ ယခုမူ ဒေါ်စိန်နုလည်း ကွယ်လွန်ခဲ့လေပြီ။ ၁၉၂၄ ခုနှစ်ကပင် ကွယ်လွန်ခဲ့ပြီ။ ပီမိုးနင်းသည် သုံးဆယ်သို့ပြန်ကာ အမေ့အသုဘတွင် ရှိုက်ကြီးတငင် ငိုခဲ့ပါသေး၏။ သူသည် သူ့အမေကိုလည်း သူ့နည်းနှင့်သူ ချစ်သည်မှာ အမှန်ပင်။ သူလုပ်ချင်ရာကိုလည်း မရမက လုပ်ခဲ့သည်ချည်းဖြစ်သည်။

ကိုယ်ချင်းစာစိတ်ကြောင့်ပဲ ဆိုရတော့မည်။ ပီမိုးနင်းသည် သားဖြစ်သူ ဘမောင် တေပေသည်ကို အခြားမိဘများလောက် မပြော။ ဘမောင်သည် ၁၂ နှစ် အရွယ်လောက်က ကျောင်းမနေတော့ဘဲ ဆက်ကပ်ပွဲထဲသို့ စွပ်စွပ်ရွတ်ရွတ် လိုက်သွားသည်။ ၂ နှစ်ကြာမှ အိမ်ပြန်ရောက်သည် [၃၀]။

တောပါသေး၏။ ယခုလို ပီမိုးနင်း ရုပ်ရှင်ရိုက်သည့်အခါ သူစိတ်ပါလက်ပါ လိုက်၍ကြည့်လေသည်။ ပီမိုးနင်းအဖို့မှာလည်း ရုပ်ရှင်လုပ်ငန်းသည် အာရုံသစ်တစ်ခု ဖြစ်နေလေသည်။ သူသည် 'မေတ္တာနှင့်သူရာ' ဇာတ်ထုပ်ကို ရေးပေးပြီးကတည်းက ရုပ်ရှင်နယ်ကို စ၍ နင်းမိခဲ့သည်။

ထို့နောက မြန်မာအဆွေတိုက်က ရုပ်ရှင်ကုမ္ပဏီထူထောင်၍ ကုမ္ပဏီသားမက်ဖြစ်သူ ဦးဘကလေးက သူ၏ 'ပွဲစားကြီးသားအဖနှင့် မြမြ' ဝတ္ထုဇာတ်လမ်းကို 'အဘရေ' အမည်ပေးပြီး ရုပ်ရှင်ရိုက်ပြန်သောအခါ သူ့မှာ ထိုလုပ်ငန်းကို သဘောကျလာခဲ့ရသည်။

၁၉၂၄ ခုနှစ်တွင်ကား သီတာမြ ဖလင်ကုမ္ပဏီက ထုတ်လုပ်သော 'နဖူးစာရွာလည်' ဇာတ်ကားတွင် သူ ဒါရိုက်တာ စလုပ်ကြည့်လေပြီ။ ဇာတ်ကားတွင် သူ့မိတ်ဆွေ ဦးရှိန်နှင့် ညီဖြစ်သူ ဦးစိန်တို့ ပါလာကြသဖြင့် ပို၍ ပျော်စရာကောင်းတော့သည်။ သူတို့ ညီအစ်ကိုက 'စတန့်' မင်းသားတွေ လုပ်ကြသည်။ ဦးရှိန်က အရှိန်နှင့်မောင်းလာသော မော်တော်ကား အကြိတ်ခံပြသည်။ ဦးစိန်က အိမ်ပြတင်းပေါက်မှ မကျည်းပင်အကိုင်းကို ခုန်ဆင်းပြသည် [၃၁]။

ပီမိုးနင်းသည် ရုပ်ရှင်ရိုက်ရသည်ကို ကျေနပ်ပါ၏။ ထိုထက် သားဖြစ်သူ ဘမောင်က စတန့်မင်းသားအခန်းတွင် စိတ်ဝင်စားလာလေသဖြင့် ပို၍ ကျေနပ်မိလေသည်။ ဘမောင်ကို လူရာသွင်း၍ ရတန်ကောင်းပြီ။ ကံကောင်းချင်၍ ထင်ရဲ့။ သူ့ကို သုံးစရာ အခွင့်ကြုံလာရလေသည်။ မြန်မာအဆွေတိုက်မှ ဦးဘကလေးက 'ရွှေမင်းဝံ' ဇာတ်ထုပ်ကို ရိုက်လေသည်။ ထိုဇာတ်ထုပ်တွင် ဦးဘကလေးက ဇာတ်လိုက်လုပ်၍ မြင်းစီးရသည့်အခန်း ပါလေသည်။

သို့သော် သူက မြင်းမစီးတတ်။ ဘမောင်က ဆပ်ကပ်ပွဲထဲမှ မြင်းစီးတတ်လာသည်။ ဦးဘကလေးနှင့် ကိုယ်ထည်ချင်းလည်း တူသည်။ ထိုအခါ ဘမောင်က ဦးဘကလေ့းနေရာဝင်၍ မြင်းစီးပေးရလေသည်။ သည်လိုနှင့် မြန်မာအဆွေကုမ္ပဏီက ရိုက်သည့် ဇာတ်ကားတွေထဲတွင် ဘမောင်သည် ပါလာရလေသည်။

ကောင်းလေစွ။ ပီမိုးနင်းကလည်း ရုပ်ရှင်ထဲ ခြေတစ်ဖက်ဝင်နေ ပြီ။ ဘမောင်လည်း ရုပ်ရှင်အရုံဖြစ်လာပြီ။ ဤအတွင်း ဗန္ဓုလဂျာနယ်တိုက် ကလည်း ရုပ်ရှင်ဘက်တွင် စိတ်ဝင်စားလာလေသည်။ ဖြစ်ပုံမှာ ဗန္ဓုလဂျာ နယ်သည် နိုင်ငံရေးဒီရေလိုက်၍ တရိပ်ရိပ် တက်လာခဲ့လေသည်။ ဥပဒေ ပြုလွှတ်တော်ကို သပိတ်မှောက်သည့် ဂျီစီဘီအေဘက်မှ ရပ်တည်သည်။ ထို့ပြင် စံဖဲကိစ္စပေါ်လာသည့်အခါ စံဖဲသတင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးပေးသည်။ စံဖဲမှာ သာစည်၊ ဇီးတောရွာသား။ သူကြီးနှင့်မတည့်သဖြင့် ထောင်ချခံရ၊ ထို့နောက် မိမိမယားကို ပုလိပ်က အဓမ္မသိမ်းပြန်၍ လူသတ်မှုဖြစ်ပြီး တော ပုန်းကြီးဘဝသို့ ရောက်ရသူဖြစ်လေရာ ပြည်သူတို့က သူ့ကို သနားကြသည်။ အင်္ဂလိပ်အာဏာပိုင်ကို ဆန့်ကျင်သူဟူ၍လည်း မြင်နေကြသည်။ ဗန္ဓုလ ဂျာနယ်လည်း စောင်ရေအတော်ပင် တက်ခဲ့လေသည်။

ထိုအခါ ဦးစိန်သည် စိတ်ကူးရကာ ဗန္ဓုလတိုက်ကို ရေကျော်မှ ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) သို့ ရွှေ့လာခဲ့လေသည်။ သတင်းစာ တစ်စောင်ကိုလည်း ၁၉၂၇ ခု၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ထုတ်ဝေလေ တော့သည်။ ပီမိုးနင်းမှာလည်း ဗန္ဓုလတိုက်နှင့် တစ်ပါတည်း ဘားလမ်း (မဟာဗန္ဓုလပန်းခြံလမ်း) သို့ ပြောင်းကာ အခန်းတစ်ခန်းယူ၍ နေခဲ့လေ သည်။ သတင်းစာတိုက်တွင်လည်း လခစား ဝင်လုပ်လေသည်။

ဤတွင် ဗန္ဓုလတိုက်သည် သတင်းစာလုပ်ငန်းသာမက ရုပ်ရှင် လုပ်ငန်းကိုပါ တိုးချဲ့လုပ်ကိုင်လေတော့သည်။ ရုပ်ရှင်လုပ်ငန်းအတွက် အခန့် သင့် သုံးနိုင်သူမှာလည်း ပီမိုးနင်းဖြစ်တော့သည်။ သို့ဖြင့် 'ချစ်တဲ့သူရယ်' ဇာတ်ထုပ်ကို သူကိုယ်တိုင်ရေး၍ သူကိုယ်တိုင် ဒါရိုက်တာ လုပ်လေသည်။ မင်းသားမှာ သားဖြစ်သူဘမောင်ပင်။

စပ်မိ၍ပြောရလျှင် တစ်ကားထဲတွင် အဖေက ဒါရိုက်တာ၊ သားက ရုပ်ရှင်ဇာတ်လိုက်ဖြစ်နေ၍ ရယ်စရာ အဖြစ်ကလေးပင် ကြုံရပေသေးသည်။ မင်းသားနှင့် မင်းသမီးတွေ့ခန်းတွင် မင်းသားလုပ်သူ ဘမောင်က မင်းသမီး ရှေ့တွင် ရွံ့တွန့်တွန့် ဖြစ်နေ၏။

ဒါရိုက်တာကလည်း မင်းသား၏ 'အက်တင်' ကို ဘဝင်မကျ သဖြင့် ဘယ်လိုပြောရသည်၊ ဘယ်လိုကိုင်ရသည်၊ ဘယ်လိုဖက်ရသည် စ သည်ဖြင့် ကိုယ်တိုင်သရုပ်ဆောင်ပြလေသည်။ ထိုအဖြစ်ကို ကြားရသော ကာတွန်းဆရာ ဦးဘကလေးက ဗန္ဓုလဂျာနယ်ထဲတွင် ကာတွန်းတစ်ပုဒ် ရေး၍လည်းကောင်း၊ အယ်ဒီတာ ဦးဘိုးမင်းက –

'ကားအတွက် အရေမက်အောင်လို့၊ သားဖတ်တာ မကြေတဲ့ အချက်ကယ်ကြောင့်၊ အဖေထွက်ပါလို့ ဖက်ပြပါလျှင် (အို) မက်စရာ့ဟာ တွေမို့၊ ကြိုက်ကြမှာမလွဲ'

စသည်ဖြင့် လေးဆစ်ရေး၍လည်းကောင်း နောက်ခဲ့လေသည်။ ထိုဇာတ်ကားမှာလည်း အော်လံပီယာနှင့် စတားရုံနှစ်ခုတွင် ပြသခဲ့ရာ' ရုံလျှံလောက်အောင် ဝင်ငွေကောင်းခဲ့လေသည် [၃၂]။

ထိုအချိန်သည် ပီမိုးနင်းအဖို့ ဝင်ငွေအကောင်းဆုံးအချိန်ဟု ဆိုရလိမ့်မည်။ ဗန္ဓုလဂျာနယ်၊ ဗန္ဓုလ သတင်းစာ၊ ဗန္ဓုလရုပ်ရှင်များမှ ဝင်ငွေမှာ မနည်း။ အပြင်မဂ္ဂဇင်းများတွင်လည်း သူ့စာတွေ ပါနေသည်။ စရိကဆေးကလည်း အရောင်းလိုက်လေသည်။ သို့ဖြင့် သူတို့သားအဖနှစ်ယောက် ငွေပေါင်း၍ ၄၀၀၀ တန် တစ်ပတ်ရစ် ကားတစ်စင်းကိုပင် ဝယ်စီးလိုက်ကြသေးသည်။ [၃၃]။ ကြာကြာမခံပါလေ။ သူတို့ မစီမံတတ်မှုကြောင့် မကြာမီ ကားသည် သူတို့လက်ထဲမှ ပြန်၍ထွက်သွားခဲ့လေသည်။

❖

# [ ၃ ]

ဘယ်လိုပဲဖြစ်စေ ပီမိုးနင်းသည် သူ့သားကြီး ဘမောင်ကို အားကိုးလာခဲ့လေသည်။ ဘမောင်အောက် ဘကျော်မှာ ကျောင်း ကောင်းကောင်းထား၍မရ။ ဉာဏ်က ထံထိုင်းထိုင်း ဖြစ်နေသည်။ ကျန်သားနှစ်ယောက်မှာလည်း ငယ်ကြသေးသည်။ ဘမောင်မှာမူ စောစောကနှင့်မတူ၊ ပီမိုးနင်းတို့လင်မယားသည် ဘမောင်တစ်ယောက် ကျောင်းပြေးစဉ်က ကောင်းပါဦးတော့မလားဟု အောက်မေ့မိခဲ့ကြသည်။

ယခုမူ ဘမောင်မှာ ရုပ်ရှင်နှင့် လမိုင်း ကပ်ခဲ့ဟန်ရှိလေသည်။ လူက ပိန်ပိန်ရှည်ရှည်၊ မျက်နှာသွယ်သွယ်၊ ဆံပင်ကောက်ကောက်နှင့် ကြည့်ရမဆိုး။ ထို့ပြင် စတန့်မင်းသားအခန်းနှင့် သူနှင့် လိုက်လေသည်။ တံတားပေါ်က တစ်ပတ်ကျွမ်းပစ်၍ ဒိုင်ဗင်ထိုးချပြရမလား၊ မော်တော်ဆိုင်ကယ်အပေါ် မတ်တပ်ရပ်၍ စီးပြရမလား၊ မြင်းကို ဒုန်းစိုင်း၍ စီးပြရမလား၊ လက်ဝှေ့ထိုးပြရမလား သူ အကုန်လုပ်နိုင်သည်။

သူတို့ နောက်ထပ် ပြောင်းလာသော လွစ္စလမ်း (ဆိပ်ကမ်းသာလမ်း) အိမ်တွင်လည်း တဒုန်းဒုန်း တဒိုင်းဒိုင်းနှင့် ကာယဗလ လေ့ကျင့်ခန်းများ ယူခဲ့သည်မှာ နေ့စဉ်နှင့်အမျှဖြစ်သည်။

သားဘမောင် ခုန်ပျံကျော်လွှားပုံကို တွေး၍ အမေဖြစ်သူ မစိန်တင့်မှာ ရင်ဖိုမိမည်မလွဲ။ သူ့ခမြာ ကောင်းသည့် မျက်စိပင် ပျက်ခဲ့ပြီ။ ခုအခါ

လုံးဝမမြင်ရတော့ပြီ။ မျက်စိတစ်ဖက်ကောင်းစဉ်ကမူ အိမ်တွင် ဘမောင် နေပုံထိုင်ပုံကို အနည်းဆုံးမြင်ရသေး၍ ဖြေစရာ ရှိလေသေးသည်။ ရှိပါစေ တော့။ ဘမောင်မှာ လူလားမြောက်၍ စိတ်လွတ်ကိုယ်လွတ်ဖြစ်နေသည် မဟုတ်လား။

ပီမိုးနင်းသည် သူ့သားကို အလွန်အားရလေသည်။ ရုပ်ရှင်ထဲတွင် စွန့်စွန့်စားစားလုပ်ပုံ၊ ခွဲကောင်းပုံတို့ကို ကြိုက်သည်။ ဘမောင်ကို အကြောင်း ပြု၍ စိတ်ကူးတစ်မျိုးပင် ပေါ်နေလေသည်။ သူသည် ဗြိတိသျှ ဘားမား ရုပ်ရှင်မဂ္ဂဇင်းတွင် ဝတ္ထုရေးရသည်မှာ အခြားမဂ္ဂဇင်းတိုက်များမှာ ရေးရ သည်ထက် ငွေပို၍ရသည်။ ရုပ်ရှင်ဇာတ်လမ်းတွေကို ဘာသာပြန်ပေးရသည် မှာလည်း မကြာခဏ ဖြစ်သည်။ ထို့ပြင် ဇေယျ၊ ဉာဏ၊ မြမျိုးလွင်တို့လို ဇာတ်ညွှန်းရေးဆရာ၊ ဝတ္ထုရေးဆရာတွေနှင့် ရုပ်ရှင်ကုမ္ပဏီတွင် ရောရော နှောနှောနေရသည်မှာလည်း ပျော်စရာပင်။

သားဘမောင်မှာလည်း မြန်မာအဆွေတိုက်တွင် လူစားဝင်ရိုက် နေရာမှ သတ်သတ်ရိုက်နိုင်သော အခြေရောက်လာသည်။ ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီနှင့်လည်း ဆက်မိပြီး 'တစ်ကိုယ်တော်' ဆိုသည့် ဇာတ်ထုပ် ကိုပင် ရိုက်ခဲ့သည်။ 'ကျော်စိုး' ဆိုသည့် ဇာတ်လိုက်အမည် သီးသီးသန့်သန့် ယူလာသည် [၃၄]။

၁၉၃၀ ပြည့်နှစ်တွင်မူ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီနှင့်ပင် 'ဆယ် နာရီ' ဇာတ်ကားကို ရိုက်နေရပြန်ပြီ။ ပီမိုးနင်းသည် အလွန် ကျေနပ်မိလေ သည်။

သူသည် သတင်းစာဂျာနယ်အလုပ်မှ ကူး၍ သူ့သားပါဝင်သည့် ရုပ်ရှင်တွင် ဇာတ်ညွှန်းရေး၊ ဒါရိုက်တာလုပ်ပါတော့မည်ဟု စိတ်ကူးမိလေ သည်။ သို့သော် မကြုံစဖူး ကိစ္စတစ်ခုနှင့် ကြုံတွေ့ရလေတော့သည်။

ဖြစ်ပုံမှာ ဘမောင်သည် မြန်မာအဆွေတိုက်တွင် လုပ်ကိုင်ခဲ့စဉ် က မြန်မာအဆွေတိုက်ရှင် မိသားစုနှင့် ရင်းနှီးခဲ့လေသည်။ ထိုအထဲတွင် တိုက်ရှင်၏ သမီးဖြစ်သူ မခင်ခင်ပါလေသည်။ မခင်ခင်သည် မူလက ကာ တွန်းဦးဘကလေး၏ ဇနီးဖြစ်ခဲ့လေသည်။ သို့သော် ဦးဘကလေးနှင့် မခင် ခင်တို့သည် 'ရွှေမင်းဝံ' ဇာတ်ကားရိုက်ကူးပြီးသည့်နောက်တွင် လင်ခန်း မယားခန်း ပြတ်စဲခဲ့လေသည်။ ဘမောင်သည်လည်း မြန်မာအဆွေတိုက် တွင် အဝင်အထွက်များကာ တစ်စတစ်စနှင့် မခင်ခင်အပေါ် မေတ္တာရှိလာ ခဲ့လေသည်။

ဘမောင်၏အခြေအနေမှာ ခက်နေလေသည်။ သူသည် မြန်မာအဆွေတိုက်မှ ခွာ၍ ဗြိတိသျှဘားမား ကုမ္ပဏီနှင့် ရုပ်ရှင်ရိုက်နေခဲ့သည်။ နာမည်လည်း ရလာသည်။ ဤသည် မြန်မာအဆွေတိုက်ဖက်မှ နာစရာဖြစ်လာနိုင်လေသည်။ သူ့ဘက်မှလည်း မျက်နှာပူစရာပင်။ ထို့ကြောင့် မခင်ခင်ဆီ ဝင်ထွက်ဖို့မှာ မလွယ်။

လက်ငင်းတွင် ခက်နေသည်မှာ မခင်ခင်ကို ကြံနေသူရှိကြောင်း သတင်းတစ်စွန်းတစ်စ ကြားလာရခြင်းပင်။ သူ့တွင် မသင်္ကာစရာလူလည်း ရှိနေလေသည်။ တစ်ညနေတွင် သူသည် မခင်ခင်ကို ဆူးလေဘုရားလမ်းရှိ မြန်မာအဆွေတိုက်ရှေ့ ပန်းခြံဘက်မှ သွားစောင့်လေသည်။ သူနှင့်အတူ အဖော်နည်းနည်းပါလေသည်။

မခင်ခင်လည်း ရုပ်ရှင်ကြည့်ရန်ဟု တိုက်အပြင်သို့ ထွက်လာလေသည်။ ထိုစဉ် လူတစ်စုက အဝတ်နှင့်အုပ်၍ အသင့်ရှိနေသော ကားပေါ်သို့ တင်ပြေးလေတော့သည်။ ဘမောင်နှင့် အဖော်များလည်း ကားတစ်စီးနှင့် နောက်မှလိုက်လေသည်။ ထောက်ကြံ့အနီးတွင် မီလာကာ နှစ်ဖက်သား ထိုးလားကြိတ်လား ဖြစ်ကြတော့သည်။ ထိုရန်ပွဲတွင် ဘမောင်မှာ ဓားထိုးခံရပြီး ပွဲချင်းပြီး သေဆုံးခဲ့လေသည်။ ထိုအမှုသည် ရုံးရောက်ခဲ့သော်လည်း သတ်သူ မပေါ်ခဲ့။

ဘမောင်သေခဲ့သော ရက်သည် ၁၉၃၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့ပင် ဖြစ်လေသည် [၃၅]။

❖

# [ ၄ ]

ဒုက္ခတွေ့လာလျှင် တသီတတန်းချည်း တွေ့ရတတ်သည်ဆိုသော အင်္ဂလိပ်စကားပုံများ မှန်နေလေမလား။ ပီမိုးနင်းသည် ဘမောင်သေဆုံးပြီးကတည်းက ၁ နှစ် ၂ နှစ်ဆက်၍ တစ်ဒုက္ခပြီး တစ်ဒုက္ခ တွေ့နေရလေသည်။

သူသည် သားကို အကြောင်းပြု၍ ရပ်ရှင်ဘက်တွင် ခြေချနိုင်တော့မည်ဟု မျှော်လင့်ခဲ့မိသည်။ ယခုမူ ထိုမျှော်လင့်ချက်သည် ပျက်ခဲ့လေပြီ။ သည်ထက်ဆိုးသည်မှာ မစိန်တင့်နှင့် ပတ်သက်၍ စိတ်အလွန်ထိခိုက်ရခြင်းဖြစ်သည်။

မစိန်တင့်သည် မျက်လုံးနှစ်ဖက် ကွယ်သွားရာမှ တစ်ကိုယ်တည်းကြိတ်၍ ဆွေးဆွေးနေခဲ့သည်။ ဤအဖြစ်ကို ပီမိုးနင်းသိလေသည်။ စိတ်ချမ်းသာအောင် ထားသည်။ သို့သော် ဘမောင်ကိစ္စတွင် မစိန်တင့်ကို စိတ်သက်သာအောင်၊ စိတ်ချမ်းသာလာအောင် လုပ်၍မရတော့ချေ။

သားဖြစ်သူ ဘမောင်သည် သူတစ်ပါးလက်ချက်ဖြင့် သေခဲ့ရသည်မဟုတ်လား။ သားအဖြစ်ကို မစိန်တင့် တမြံ့မြံ့တွေးကာ မစားနိုင်မသောက်နိုင် ဖြစ်ခဲ့ရပါ၏။ သည်လိုဖြင့် ၃၇ နှစ် အရွယ်ကောင်းတုန်းအချိန်တွင် မစိန်တင့်သည် လုံးပါးပါးကာ ၃ လအတွင်း ကွယ်လွန်ပါလေသည်။

ပထမ သား၊ ယခု မယားဟူ၍ ရှေ့ဆင့်နောက်ဆင့် ဆုံးခဲ့ရသော ပီမိုးနင်းမှာ ဘယ်လိုဖြေရပါမည်နည်း။ သူသည် မိတ်ဆွေ ကိုညာဏရှေ့တွင် သားနှင့်မယားအကြောင်းကို ပြောကာ ပြောကာ မရှက်နိုင် မကြောက်နိုင် ငိုမိလေတော့သည် [၃၆]။

အိမ်က ကလေးတွေကိုလည်း ဓမ္မိရှိ မစိန်တင့်၏ ဆွေမျိုးတွေဆီ ခဏဖြစ်ဖြစ်ဆိုသလို ပို့ပြီး ရန်ကုန်တွင် စားချိန်သောက်ချိန်မှန်း မသိလောက်အောင် လေလွင့်နေပြန်လေသည်။ သုံးရန်ငွေမရှိလာသည့်အခါ ဘာကိုမှ စဉ်းစား၊ စရက ဆေးနည်းနှင့် ဆေးအမည်ကိုပင် ငွေ ၁၀၀ နှင့် ရောင်း၍ သုံးပစ်လေသည်။

သို့သော် သည်အတိုင်း သူကြာကြာ စခန်းသွား၍ မဖြစ်။ သူနှင့် သူ့အိမ်သားတွေအတွက် မှန်မှန်ငွေရအောင် တဖြည်းဖြည်းတော့ လုပ်ရလိမ့်မည်။ လုပ်လည်းလုပ်လာလေသည်။ ဤတွင် အလုပ်ကလည်း ရှေ့ပိုင်းက ကဲ့သို့ မဟုတ်။ ဗန္ဓုလသတင်းစာသည် စောင်ရေနည်း၍လည်းလာ၊ အစိုးရက အာမခံငွေလည်း အတောင်းခံရ၍ ပိတ်ပစ်ခဲ့ရသည်။ ဗန္ဓုလ ရုပ်ရှင်လည်း မရှိပြီ။ ဂျာနယ်သာလျှင် ကျန်နေတော့၏။ ပီမိုးနင်းသည် ဂျာနယ်မှ ဝင်ငွေနှင့် မစားလောက်။

သူသည် ထိုခေတ်တွင် တွင်ကျယ်နေသော ဒီးဒုတ်ဂျာနယ်၌ 'သဲမြည့ာ' အခန်းဆက် ဝတ္ထုရှည်ကြီးကို ရေးခဲ့ရလေသည်။ လွမ်းလွမ်းနှင့် ရေးရ၍လားမသိ။ ဇတ်ဆောင်ခင်မောင်သည် ယောက္ခမလောင်းအိမ်မှ နှင်အချခံရ၍ မြမြနှင့်ကွဲရပုံအဖွဲ့သည် ဖတ်၍ အတော်ထိလေသည်။ ယုတ္တိနည်းသည့် အခန်းတွေကိုပင် လျစ်လျူရှုသွားနိုင်အောင် ဇတ်လမ်းသယ်သွားနိုင်လေသည်။

ပြန်ကောက်ရသော် သူသည် ဒီးဒုတ်ဂျာနယ်တွင် 'သဲမြည့ာ' အခန်းဆက်ဝတ္ထုရှည်ကိုတလွမ်းတဆွေး ရေးခဲ့ရလေသည်။ ရေးနေကျ သူရိယမဂ္ဂဇင်းအပြင်၊ တစ်ပတ်တစ်ကြိမ်ထုတ် သူရိယရုပ်စုံတွင် ဝတ္ထုတို တစ်ပုဒ်မှန်မှန် ပို့နိုင်ဖို့ ကြိုးစားရလေသည်။ တစ်မူးတန် ဝတ္ထုကလေးများနှင့် ကာမသိဒ္ဓိကျမ်းလို၊ အရပ်သုံးအင်္ဂလိပ်စကားပြောသင်စာအုပ်လို ဗဟုသုတ စာအုပ်များလည်း ရံဖန်ရံခါ ထုတ်နေရသည်။

ထိုမျှဖြင့်လည်း သူ့အဖို့ တွက်ခြေမကိုက်သေး။ သူ့မှာ တိုက်ခန်းခပင် မှန်မှန်မပေးနိုင်။ တစ်ခန်းပြီးတစ်ခန်း၊ တစ်လမ်းပြီးတစ်လမ်း ပြောင်း နေခဲ့ရာ နောက်ဆုံးတွင် ကရိလမ်း (ဗိုလ်မြတ်ထွန်းလမ်း) နှင့် မောင်ဂိုမာရီ လမ်း

(ဗိုလ်ချုပ်အောင်ဆန်းလမ်း) ထိပ် တိုက်တန်းလျားသို့ ရောက်နေလေ သည်။ သူသည် စာရေးဆရာဝင်ငွေအပြင် အခြားဘက်မှ ဝင်ငွေရဖို့ကိုလည်း ကြံကြံဖန်ဖန် စဉ်းစားရတော့သည်။

ကံအားလျော်စွာ တိုက်ခန်းတွင် မ(မေ)ရီ၏ သား မောင်အုန်းခင်က အင်္ဂရိတ်ထိုးထိုးနေသည်။ ထိုအခါ ပီမိုးနင်းလည်း အင်္ဂရိတ်ဝင်ထိုးကာ သတ္တုချောင်းကြီးကို မီးချစ်ဆံတစ်လုံးသာသာ သတ္တုချောင်းကလေးများဖြစ်အောင် လုပ်သည်။ ထို့နောက် သတ္တုချောင်းထိပ်တွင် အဖုကလေးဖြစ်အောင် ငွေရည်လောင်းပေးသည်။ သူသည် ဓာတ်ကြပ်တောင်ဟု အမည်ပေး၍၊ နားရောဂါ ပျောက်ကင်းနိုင်ကြောင်း ကြော်ငြာလေသည်။ ကြော်ငြာကောင်း၍လားမသိ။ နယ်မှ မန်နီအော်ဒါ (ငွေလွှဲစာ) စာတွေနှင့်အတူ အမှာစာ အတော်ရောက်သည်။ ရန်ကုန်တွင်လည်း အတော်ရောင်းရလေသည် [၃၇]။

ဗန္ဓုလဦးဘိုးမင်းသည် ပီမိုးနင်း၏ ဗဟုသုတကို အထင်ကြီးသူဖြစ်လေသည်။ ဓာတ်ကြပ်တောင်ထဲတွင် ဘာဓာတ်တွေထည့်ထားသည်ကို သိချင်လေသည်။ သို့ဖြစ်၍ ပီမိုးနင်းနှင့် တွေ့သည့်အခါ မေးကြည့်လေသည်။ ထိုအခါ ပီမိုးနင်းက ပြုံး၍ . . .

'ဘာဓာတ်မှ မပါပါဘူး၊ လူတွေဟာ နားယားရင် စက္ကူကို လိပ်ပြီး ကလိတတ်တယ်။ . . .မီးခြစ်ဆံနဲ့ ထိုးတတ်တယ်။ အကယ်၍ မီးခြစ်ဆံနဲ့ထိုးလို့ မီးခြစ်ဆံနားထဲ ကျိုးကျန်ရစ်ရင် မခက်ပါလား။ ဒါ့ကြောင့် လွယ်လွယ်ကူကူ နားကို အယားပြေ ကလိရအောင် အရိုးကလေးနဲ့ အဖု လုပ်ထားတာပဲ . . .' ဟူ၍ ပြောပြလေသည် [၃၈]။

ထိုဓာတ်ကြပ်တောင်နှင့် တစ်ဆက်တည်း ရွှေရည်စိမ် နုရင်ဘတ် **(NUREMBERG)** ဓာတ်ရွှေလက်ကောက်၊ ခြေကျင်း၊ ခြင်အန္တရာယ် ကာကွယ်သည့် 'ချင်နိုင်နိုင်' မျက်နှာသုတ်ရေ စသည်တို့ကိုလည်း သူ ပြုလုပ်ရောင်းချလေသေးသည်။ ထိုပစ္စည်းများရောင်းသည်ကို သိရအောင်လည်း အခန်းဝတွင် ဖော့ဝပ် **(Forward Co.,)** ကုမ္ပဏီဟု ဆိုင်းဘုတ်ချိတ်ထားလေသည်။

❖

[ ၅ ]

ဤအခြေအနေတွင် ပဲရော့ဦးဆန်နီက သူ၏ 'လမ်းညွှန်ဂျာနယ်' တွင် လုပ်ရန် ပီမိုးနင်းကို လာခေါ်လေသည်။ ပဲရော့ဦးဆန်နီဆိုသူမှာ ကိုယ့်ဒူး ကိုယ်ချွန် ကြီးပွားလာသူပါပေ။ မူလက သူသည် မြင်းပွဲ စွပ်ဒိုင်စာရေး ဖြစ်သည်။ ထို့နောက် ထင်းကုန်သည် လုပ်၊ ထို့နောက် မေဂျာ (ဗိုလ်မှူး) ပဲရော့ထောင်ထားသော ပဲရော့တက္ကစီ (အငှားကား) ကုမ္ပဏီတွင် စာရေးဖြစ် လာသည်။ တစ်စတစ်စနှင့် စီးပွားရေးလာဘ်မြင်လာကာ ထိုကုမ္ပဏီကိုပင် ဝယ်ယူနိုင်သောအခြေအနေသို့ ရောက်ရှိခဲ့လေသည်။

ယခုမူ ဦးဆန်နီသည် ရုပ်ရှင်ကုမ္ပဏီကိုလည်း ထောင်ထားသည်။ ရုပ်ရှင်အတွက် ကြော်ငြာသဘောရအောင် ရုပ်ရှင်လမ်းညွှန်အမည်ဖြင့် ဂျာ နယ်တစ်စောင်လည်း စထုတ်သည်။ ထိုဂျာနယ်ကိုပင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် စုံစုံလင်လင်ပါအောင်ဟု လမ်းညွှန်ဂျာနယ်ဟု အမည် ပြောင်းခဲ့ပြန်သည်။ လူတစ်ယောက်တည်း အကြောင်းအရာစုံအောင် ရေး နိုင်သူမှာလည်း ပီမိုးနင်းလိုလူမျိုးသာရှိသည်။ သို့ဖြင့် ပီမိုးနင်းမှာ ဦးဆန်နီ နှင့် အပေးအယူတည့်ကာ ဂျာနယ်တွင် ဒိုင်ခံ၍ ရေးပေးရလေသည်။

ဦးဆန်နီနှင့် အပေးအယူတည့်သည်ဆိုရာတွင် ဤသို့ ဖြစ်လေ သည်။ သူသည် အလုပ်မှန်မှန် တက်နေစရာမလို။ ဗြိတိသျှဘားမားရုပ်ရှင် တွင် ဝင်လုပ်တုန်းကဆိုလျှင် မှန်မှန် လက်မှတ်ထိုး၍ အလုပ်တက်နေရ

သည်။ ထို့ကြောင့် ကြာကြာမလုပ်နိုင်ဘဲ **This is not my place.** (ဒါ ဟာ ကျုပ်နေရာမဟုတ်ဘူး) ဟု ပြုံးပြုံးကလေးဆိုကာ အလုပ်ထွက်သွားခဲ့ ဖူးသည် [၃၉]။ ယခု လမ်းညွှန်ဂျာနယ်မှာမူ လက်မှတ်မှန်မှန်ထိုး၍ အလုပ်မှန် မှန်တက်မနေရ။ အိမ်က ရေးလာသည်ပဲဖြစ်စေ၊ အလုပ်ခွင်မှာ ရေးသည်ပဲ ဖြစ်စေ၊ ရေးပြီးဖို့သာ အရေးကြီးလေသည်။

သူရေးပေးသည့် အခန်းကဏ္ဍတွေ ကြည့်လိုက်ပါဦး . . .

ခေါင်းကြီးပိုင်း

ဝတ္ထုတိုတစ်ပုဒ်

မသိသူကျော်သွား သိသူဖော်စား

အပျိုလမ်းညွှန်

လူပျိုလမ်းညွှန်

ဆိုင်ကိုလိုဂျီ စိတ်ပညာ

ကျန်းကျန်းမာမာနေ

ကုန်သည်လမ်းညွှန်

ဟူ၍ တွေ့ရလိမ့်မည်။

ထိုစာအများသည်လည်း နောင်အခါတွင် ပဲရှော့တိုက်ထုတ်စာအုပ်များ ဖြစ်လာကြလေသည်။ ထိုမျှမကသေး။ ပဲရှော့တိုက်ကပင် ပီမိုးနင်းသီးသန့်ရေးသော 'သမီးဂုဏ်ရည်' 'သားဂုဏ်ရည်' 'ထူးချွန်ရေး' 'လောကီလမ်းညွှန်' စာအုပ်တို့ကိုလည်း ထုတ်ပေးခဲ့လေသည်။

အထက်ကအတိုင်း ပီမိုးနင်းရေးသည့်စာတွေမှာ အမျိုးစုံပါပေ၏။ အကြောင်းသိပြီးသား ဦးဆန်နီကိုယ်တိုင်ကပင်

'ဆရာပီမိုးနင်းတို့များ ဘာစာမျိုးပဲ ရေးခိုင်း ရေးခိုင်း အလွတ်ကျက်ထားသလိုပဲ၊ တစ်ခါထဲကို ဒေါက်ဒေါက်ပြေးရေးချတာပဲ။ စဉ်းစားနေတယ်လို့ကို မရှိဘူး'

ဟု တအံ့တသြ မှတ်ချက်ချခဲ့ရလေသည် [၄၀]။ သူစုံအောင်ရေးနေသည်မှာ လမ်းညွှန်ဂျာနယ်မှာသာ မဟုတ်။ ထိုဂျာနယ်နှင့် မရှေးမနှောင်းထွက်လာသော 'ဆယ်သန်းဂျာနယ်' နှင့် ကာယဗလဦးရှိန်၏ညီ ဦးစိန်ထောင်သော 'တိုးတက်ရေးမဂ္ဂဇင်း' တို့တွင်လည်း ထိုနည်းလည်းကောင်း ဖြစ်သည်။

အကြောင်းစုံနေရာစုံ ရေးဖို့အခါကလည်း ဆိုက်နေပါလေသည်။ ရေးစရာတွေကို မျက်စိအောက်တွင် မြင်နေရသည်။ ပီမိုးနင်း၏ တိုက်

အောက် စကြံပေါ်တွင် တရုတ်ဆိုင်၊ ကုလားဆိုင်၊ မြန်မာဆိုင် စသည်ဖြင့် စားစရာဆိုင်အမျိုးမျိုးရှိကြသည်။ တရုတ်ကုလားများသည် ညနေ ၄ နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် ညဈေးအတွက် ဆိုင်ခင်းပြီးသား ဖြစ်နေလေ သည်။ သို့သော် အနီးရှိ မြန်မာထမင်းဆိုင်ရှင် မိန်းမမှာကား တော်တော် နှင့်ပေါ်မလာ။ လူမျိုးခြားတွေ ဆိုင်ခင်းပြီး နာရီဝက်ကျော်ကျော်ကြာမှ သူ အဆင်သင့်ဖြစ်လေသည်။ ထိုအခါ မြန်မာအချင်းချင်း ဝံသာမနုနိုင်တော့ဘဲ တရုတ်၊ ကုလားဆိုင်ဘက် ရောက်ကုန်ကြသည်သာ များလေသည် [၄၁]။

ဤအဖြစ်မျိုးကို ပီမိုးနင်းသည် ဘဝင်မကျ။ မိမိတို့ မြန်မာများ သည် အလုပ်လုပ်ရာတွင် အလွန်ပေ့သည်။ ထို့အတူ ရန်ကုန်တွင် အလုပ် ကြီးကြီးကျယ်ကျယ်ကို မဆိုထားနှင့် သစ်သီးရောင်း၊ စာအုပ်ချုပ်၊ ဆေးသုတ်၊ ဖိနပ်ချုပ်၊ ကြိမ်ဝါးထိုး၊ ကဘတ်စမူစာကြော်၊ ပုလင်းဟောင်းဝယ်သည့်လုပ် ငန်း အလတ် အသေးတို့တွင်လည်း တရုတ်၊ ကုလားတွေကသာ ဖိ၍ လုပ် ကိုင်နေကြသည်။

မြန်မာများမှာ လက်ကြောတင်းအောင် ဘာကမှ မလုပ်ချင်။ ပညာ တတ်ဆိုသူတွေကလည်း ရောင်းရေးဝယ်ရေးကို စိတ်မဝင်စား။ မြန်မာမင်း လက်ထက်မှ အစဉ်အလာအတိုင်း အုပ်ချုပ်ရေးရာထူးများကိုသာ မက်မော နေခဲ့ကြသည်။ ယခုလို ဒိုင်အာခီခေတ် နောက်ပိုင်းတွင် မြန်မာများမှ အရေး ပိုင်၊ ဝန်ထောက် စသည်ဖြင့် ရာထူး အသင့်အတင့်ရသည် မှန်ပါ၏။ သို့ သော် ရာထူးရလာသည်နှင့်အမျှ ပညာတတ် အလုပ်လက်မဲ့ဦးရေလည်း တိုး လာခဲ့လေပြီ။

စီးပွားရေးလုပ်ငန်းတို့ကား အများအားဖြင့် တရုတ် ကုလားလက် ထဲတွင် ရှိနေသည်။ ထို့ကြောင့် မြန်မာများ စီးပွားရေး အမြင်ပေါက်အောင် ပီမိုးနင်းက လမ်းညွှန်ဂျာနယ်၊ ဆယ်သန်းဂျာနယ်၊ တိုးတက်ရေး မဂ္ဂဇင်း တွေ၌ ဖွဲ့နပဲနှင့် ရေးနေရခြင်းဖြစ်သည်။

ဤတွင် ပီမိုးနင်းသည် လက်တွေ့စီးပွားရေးကိစ္စ ကျဉ်းကျဉ်း မြောင်းမြောင်းကိုသာ ကြည့်၍ ရေးနေသည် မဟုတ်ချေ။ မြန်မာများ ရှေး က အယူအဆမှားတွေ စွန့်ဖို့၊ အမြင်ကျယ်ဖို့၊ လူတော်လူကောင်းဖြစ်ဖို့၊ ၂၀ ရာစုနှင့် အညီ လောကတွင် ထိုက်ထိုက်တန်တန် နေတတ်ဖို့ သူ အဓိက ထားသည်။

ပမာအားဖြင့် မိန်းမများ ခွေးထီးလောက်မှမမြတ် ဟူသော ဆိုရိုး စကားကို ငယ်ငယ်ကတည်းကပင် ကြားနေရသည်။ သူကြီးလာသောအခါ

ယောကျ်ားထက် မိန်းမက ကာမဆန္ဒ ဘယ်နှစ်ဆပိုသည် ဆိုသည့်အကြောင်းကို လောကနီတိတွင် ဖတ်ရပြန်သည်။ မိန်းမဟူဘိ ထိုက္ကတ္တိနှင့် မရှိမကောင်းရှိမကောင်းဆိုသည့် စာမျိုးကိုလည်း မဃဒဝတွင် ဖတ်ရပြန်သည်။ မိန်းမကို အထင်သေးသောလူမျိုးသည် လောကအလယ်မှာ ဘယ်လို ထူထူထောင်ထောင် ဖြစ်လာနိုင်ပါမည်နည်း။ ပီမိုးနင်း ညည်းမိသည်။

ယောကျ်ားနှင့် မိန်းမတို့၏ မြင့်မြတ်သောဘဝကို သူ တင်ပြလိုလေသည်။ ထို့ကြောင့် လူငယ်လူရွယ်များ၊ မိန်းမပျိုများအား သူတို့၏ ကာမသတ္တိကို အကောင်းဘက်လှည့်၍ သုံးဖို့၊ ဟုတ်ပါ့ မှန်ပါ့ ဆိုသည့် အပေါ်ယံအပြောတို့၊ လူကြီးသူကြီးရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့လုပ်သည့် အပေါ်ယံအမူအရာတို့နှင့် ဆိုင်ရာယဉ်ကျေးမှုမျိုးသာမက လူအချင်းချင်း အလိုက်သိ၊ ကိုယ်ချင်းစာတတ်သည့် ယဉ်ကျေးမှုမျိုးကို ကျင့်ကြံတတ်ဖို့၊ လောကကို ညည်းတွားပျော့ညံ့စိတ်ဖြင့် မကြည့်ဘဲ ရွှင်လန်းရဲရင့်သည့်စိတ်ဖြင့် ကြည့်ဖို့ စသည်ဖြင့် ဆောင်းပါးအမျိုးမျိုး၊ စာအုပ်အထွေထွေတွင် ရေးပြပါလေသည်။

တစ်ခု ထပ်ပြောရပေဦးမည်။ ထိုတစ်ခုသည် ပီမိုးနင်း၏ စာပေအယူအဆဖြစ်လေသည်။ သူသည် သူ၏ စာပေ အယူအဆကို ‘နေညိုညို’ တို့ ခေတ်ကတည်းက ထုတ်ဖော်ခဲ့လေသည်။ နောင် အခွင့်အခါကြုံကြိုက်တိုင်းလည်း ထိုအယူအဆကို ထပ်မံတင်ပြဖို့ သူ မမေ့။ ယခုလည်း မြန်မာပြည် ပညာပြန့်ပွားရေးအသင်းက ခေတ်ဆန်းပုံပြင်များ စာအုပ်နှင့် ခေတ်စမ်းကဗျာများ စာအုပ်တွေ စထုတ်ခဲ့လေပြီ။ ထိုစာအုပ်တွေကို သူ ဖတ်ကြည့်၏။

ထိုစာအုပ်များတွင်ပါသော ကဗျာများ၊ ဝတ္ထုဆောင်းပါးများသည် အပြစ်လုံးဝကင်းစင်သည်ကား မဆိုနိုင်။ သို့သော် ခေတ်စမ်း စာရေးဆရာအချို့က သူတို့၏ ကဗျာများ၊ ဝတ္ထုဆောင်းပါးများတွင် နေ့စဉ်ကြုံနေကျအရေးကိစ္စတွေကို ကိုယ်ပိုင်အတွေး ကိုယ်ပိုင်အဖွဲ့ဖြင့် နှစ်သက်စရာ၊ လွမ်းစရာဖြစ်အောင် အားထုတ်ထားသည်ကို သူ တွေ့လာရလေသည်။

ထိုစာများတွင် စာသံပေသံ၊ သင်္ကြိဟ်သံ၊ ဂါထာသံ မပါ၊ ရင်ခုန်သံသာ ပါသည်ကို သူ တွေ့လာရလေသည်။ အထူးသဖြင့် သိပ္ပံမောင်ဝ၏ ‘လေလံပွဲ’ ကို သူ သဘောကျမိသည်။ မင်းသုဝဏ်ကို ထွင်ရဲသူဟု သူ ထင်မိသည်။

သူသည် ခေတ်စမ်းသမားများ၏ ကြိုးပမ်းမှုကို ဆီးကြိုရင်း ဂန္ထလောကမဂ္ဂဇင်းတွင် သူ့အယူအဆကို တင်ပြလေသည် [၆၂]။

ထိုအတွင်း မိုးညွင်းဆရာတော်က တရားပွဲတွင် တစ်မူးတန်ဝတ္ထု များကို ရှုတ်ချပြန်သည်တွင် သူသည် ပြန်လည်ချေပခဲ့လေသည်။ မိုးညွင်း ဆရာတော်က . . .

‘ကိလေသာ ကာမဂုဏ် ပွားစေတတ်တဲ့ဝတ္ထုတွေ၊ မဂ္ဂဇင်းတွေရေး တဲ့ အကောင်တွေက မင်းတို့ကို အဝီစိချချင်လို့ ရေးတာမဟုတ်ဘူးကွဲ့၊ သူ တို့ကိုယ်၌ကိုက အဝီစိကောင်တွေကွဲ့’ စသည်ဖြင့် ဝတ္ထုမဖတ်ရန် ပရိသတ် ကို ဟောခဲ့လေသည်။ မီးလည်း ရှို့စေလေသည် [၆၃]။ ဤသည်ကို ပီမိုးနင်း က ဗန္ဓုလဂျာနယ်ထဲမှ နေ၍ . . .

‘မည်သည့်ဝတ္ထုရေးဆရာမှ မကောင်းမှုကို အားပေးကာ ကောင်းမှု ကို ရှုတ်ချသည်မဟုတ်ပေ။ အလင်းနှင့် အမှောင်ကို ယှဉ်ပြပြီး ထိုက်သင့် သလို စီရင်မြဲဖြစ်လေသည်။

ကာလပေါ် ဝတ္ထုရေးခြင်းသည်လည်း အတတ်ခေါ် ပညာတစ်မျိုးဖြစ် လေရာ ဝတ္ထုအချို့ကို အပြစ်ဆိုလိုက ဆိုနိုင်၏။ ဝတ္ထုရေးခြင်း အတတ်ပညာ ကို ထိခိုက်အောင် အပြစ်ဆိုချေက လွန်ကျူးရာ ကျပေလိမ့်မည်။

မြတ်စွာဘုရားကိုယ်တော်တိုင် ကုသဇာတ်၊ ပဒုမဇာတ်၊ မျောက်မ ထား ဇာတ်များကို ဟောတော်မူခဲ့၏။ အဖြစ်တော်မို့ ဟောသည်ဖြစ်စေ၊ ဖန်တီး၍ ဟောသည်ဖြစ်စေ မထူးပေ။ ဟောခြင်းသာ ပဓာနဖြစ်လေသည်။ သို့သော်လည်း ထိုဇာတ်ကို ဖတ်သော မိန်းမတွေ လင်ငယ်နေကြမည် မဟုတ် ပေ။ ထို့အတူ ကျွန်ုပ်တို့ ကာလပေါ်ဝတ္ထုများ၌ အဆိုးနှင့်အကောင်းကို ပြ ခြင်းမှာ အဆိုးကို တုပကြဖို့မဟုတ်’ စသည်ဖြင့် ရေးခဲ့လေသည် [၆၆]။

သို့ဖြင့် ပီမိုးနင်းသည် စီးပွားရေး၊ လူမှုရေး၊ စာပေရေး မှန်သမျှ ကို သူမြင်သလို ရေးပြပါလေသည်။ ထိုအရေးတို့ကို ခြုံငုံနေသော သူ၏ လူ့လောကအမြင်ကိုလည်း နောက်ဆုံးဖော်ပြရပေဦးမည်။ ထိုလောကအမြင် သည် ထူးခြားလှသည်။ သမရိုးကျသမားများက ဤကမ္ဘာလောကသည် အနှစ်မရှိ၊ အကာသာဖြစ်သည်ဟု ဆိုလေ့ရှိကြသည်။ နောင်တမလွန်အဖို့ ပါအောင် ကြိုးစားဟု သူတစ်ပါးကို နှိုးဆော်တတ်ကြသည်။ ပီမိုးနင်း၏ အမြင်သည် ထိုအမြင်နှင့်မတူ။ သူသည် လူလော၏ မွန်မြတ်ဖွယ်အချင်း အရာကို ယုံကြည်သူဖြစ်သည်။ ဤကမ္ဘာလောကသား ယောကျ်ား၊ မိန်းမတို့ က ကောင်းစွာအားထုတ်ကြလျှင် သာယာချမ်းမြေ့သော အိမ်ထောင်စုများ လူ့အဖွဲ့အစည်းများ ဖြစ်လာနိုင်သည်ဟု (အကောင်းဘက်လှည့်၍) မြင်လေ သည်။

ဤတွင် သတိပြုရန် အချက်တစ်ချက် ရှိလေသည်။ သူသည် တိုးတက်ရေးမဂ္ဂဇင်းတွင် ဂျာမန်၊ ဒဿနဆရာနစ်ရှေး **(F. Nietzsche)** ၏ မဟာလူသားဝါဒကို ချီးကျူးမိသည့် ချွတ်ချော်မှုမျိုး တစ်ခါတစ်ရံ ရှိပါ၏။ ထိုဝါဒသည် လူလူချင်းကို သခင်မျိုး ကျွန်မျိုးခွဲခြားသော ဝါဒဖြစ်သည်။ လူအများ၏ ကောင်းကျိုးထက် မိမိတစ်ကိုယ်တည်း အထွတ်အထိပ် ရောက်ရှိရေးကို ရှေ့ရှုသော ဝါဒဖြစ်သည်။ ပီမိုးနင်းတွင် နစ်ရှေး၏ စာမျိုးရေးမိ၍ မူလ လောကအမြင်မှ တိမ်းပါးသွားတတ်သော အလေ့ရှိပါ၏။ ယေဘုယျအားဖြင့်ကား သူသည် သမားရိုးကျ လောကဆန့်ကျင်ရေး အမြင်မှ ခွာ၍ လောကနှင့် သဟဇာတဖြစ်သော အမြင်ကိုသာ တင်ပြမြဲဖြစ်လေသည်။

❖

## [ ၆ ]

ဤသို့သော အယူအဆတွေ၊ စိတ်ကူး စိတ်သန်းတွေသည်လည်း ဗိုလ်မြတ်ထွန်းလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ်၊ တိုက်အပေါ်ထပ် အခန်းကျဉ်းကျဉ်းကလေးမှ ထွက်လာခဲ့ခြင်းဖြစ်တော့သည်။ ထိုအခန်းသည် မှောင်တောင်တောင်ရှိ၏။ ဖုံအမှိုက်တွေက မစင်။ ခေါင်းရင်းဘက်ရှိ ဘုရား စင်ညောင်ရေအိုးမှ ပန်းများသည် ညှိုးနေလေသည်။ ဘုရားစင်ဘေးနားမှ အဝတ်တန်းတွင် မဲညစ်ညစ်မျက်နှာသုတ်ပုဝါတစ်ထည် ဖြန့်လျက်ရှိသည်[၄၅]။ ထိုအခန်းပေါက်နှင့် ခပ်စောင်းစောင်းတွင်မူ စားပွဲတစ်လုံး၊ ချေးထူထူ ပက်လက်ကုလားထိုင်တစ်လုံး၊ ရိုးရိုးကုလားထိုင်တစ်လုံး ရှိကြသည်။

ပီမိုးနင်းသည် ပက်လက်ကုလားထိုင်တွင်ထိုင်ကာ စက္ကူကို ရိုးရိုး ကုလားထိုင်အပေါ်တင်၍ ဖော်ပြပါ စာမျိုးတွေကို တစ်ရေးထဲ ရေးနေသည် သာဖြစ်လေသည်။ သူမငယ်တော့ပြီ။ အသက် ၅၀ ကျော်ပြီ။ မျက်နှာမှာ ပွယောင်းယောင်းနှင့် မျက်မှန်ကို အမြဲတမ်း တပ်ထားရသည်။ သူ နား နည်းနည်းလေးလာသည်။ ခါးကလည်း တုတ်ခိုင်ခိုင်ဖြစ်လာ၍ ဝတ်နေကျ လုံချည်အနီနှင့် အစိမ်းကွက်တုံးကြီးကို ခါးပတ်စိမ်းကြီး ပတ်ပတ်ထားရလေ သည်။ ကိုယ်ပေါ်တွင်ကား ကော်လာရှပ်လက်တို ခပ်ပွပွ၊ ခပ်ညစ်ညစ်ကို ဝတ်ထားတတ်လေသည်။ သူ့မှာ ပိုက်ဆံပေါသည်ဖြစ်စေ၊ ကျပ်သည်ဖြစ် စေ သည်ပုံအတိုင်းသာ ရှိတတ်သည်။

ယခုအခါ သူသည် နောက်မိန်းမကိုပင် ရနေလေပြီ။ ခက်သည် မှာ နောက်မိန်းမ ဒေါ်သီသည် သူ့လိုပင် အသုံးအစွဲလက်ဖွာတတ်သည့်အဖြစ် ပင်။ ဒေါ်သီသည် ရှေးက တရုတ်သူဌေးမယား၊ အထည်ကြီးပျက်ဖြစ်လေ သည်။

တစ်ခါက ဦးဖေသိန်း (ရွှေဥဒေါင်း) တို့၏ လင်မယားသည် ပီမိုး နင်းတို့အိမ်တွင် လာရောက်နေထိုင်လေသည်။ ဦးဖေသိန်းသည် သူရိယ မဂ္ဂဇင်းတွင် နှစ်အနည်းငယ် လုပ်ပြီးသည့်နောက် ရပ်ရွာတွင် ပြန်၍ နေခဲ့ လေသည်။ ခုတစ်ဖန် သူရိယတိုက်နှင့် ပြန်ဆက်၍ ရန်ကုန်တွင် အလုပ်လုပ် ရန် ဆင်းအလာ အိမ်ခန်းမရသေး၍ ပီမိုးနင်း၏တိုက်တွင် ခေတ္တနေရခြင်း ဖြစ်သည်။

ဦးဖေသိန်းသည် အပျော်အပါးတွင် 'စုံ'သူတစ်ယောက် ဖြစ်လေ သည်။ စားကောင်းသောက်ကောင်းလည်း ကြိုက်တတ်သည်။ နဂိုရ်ကလည်း စာဝါသနာချင်း တူခဲ့သည်ဖြစ်ရာ ပီမိုးနင်းနှင့် ဖက်မိနေပြန်သည်။

ဤတွင် ပီမိုးနင်းသည် ဦးဖေသိန်းထက် ပို၍ တေချင်လေသည်။ ထိုအချိန်တွင် ဦးဖေသိန်းထက် ဝင်ငွေပို၍လည်း ရနေသည်။ သူသည် ဦး ဖေသိန်းကို အပြင်သို့ မကြာခဏ ဖိတ်၍ အပျော်စုံလိုက်စားတတ်စေသည်။ အပျော်စုံတွင် အရက်သောက်တာလည်း ပါ၏။

အိမ်တွင်လည်း ငွေပေါလျှင် ပေါသလောက် ပီမိုးနင်း၏ မယား ဒေါ်သီသည် ချက်လိုက်ပြုတ်လိုက်၊ လင်နှင့်အတူ 'ရှူ'လိုက်နှင့် ရှိနေတတ် လေသည်။ ထို့ကြောင့် သူတို့ မကြာခဏ ငွေပြတ်သည်မှာ မဆန်း။ တစ် နေ့တွင် ဒေါ်သီသည် ထမင်းအိုးတစ်လုံးကို ချက်ပြီးသည့်နောက် ဘာမှ မလုပ်ဘဲ ထိုင်နေလေသည်။ ဦးဖေသိန်း၏မယားက အကျိုးအကြောင်းကို မေးကြည့်ရာ လက်ထဲတွင် ငွေမရှိတော့ကြောင်း သိရလေသည်။ ကိစ္စမရှိ၊ ပီမိုးနင်းတို့လင်မယားသည် မပူပင်။ ကလေးတွေမှာမူ ဘရာကြော် ၂ ပြား ဖိုးစီနှင့် ထမင်းစားနေကြရသည်။ သို့ဖြင့် ဦးဖေသိန်းတို့ကပင် မရှိမဲ့ ရှိမဲ့နှင့် သူတို့ကို ငွေ ၁၀ ဖဲ့၍ ချေးလိုက်ရလေသည် [၄၆]။

တစ်ခါတစ်ရံလည်း ပီမိုးနင်းတို့ လင်မယားသည် ဆူကြပူကြနှင့် စိတ်ညစ်စရာ ဖြစ်လေသည်။ ဤအကြောင်းကို စာရေးဆရာ သိန်းဖေမြင့် သည် မျက်မြင်ကိုယ်တွေ့ မှတ်တမ်းတင်ထားခဲ့ဖူးလေသည်။ ထိုအခါကာလ တွင် သိန်းဖေမြင့်သည် စာရေးဆရာဘဝကို မျှော်မှန်းကြိုးစားရင်း ပီမိုးနင်း နှင့် တခန်းခြား နေထိုင်လျက်ရှိလေသည်။ ပီမိုးနင်းကိုလည်း များစွာ စိတ်

ဝင်စားသည်။ သို့ဖြင့် ကြုံရသည့်အတိုင်း သူရေးခဲ့သည်မှာ အောက်ပါ အတိုင်းပင်။

တစ်နေ့သော် ပီမိုးနင်းနှင့် သူ့ဇနီး လန်ခြားစီးပြီး ဘုရားသွား အတူတူ ကျောင်းသွားအတူတူ ဝါဒဖြင့် ပျော်ပါးစွာ ပြန်လာသည်ကို ကျွန် တော် အခန်းရှေ့ ကပြင်ကလေးမှ မြင်လိုက်ရလေသည်။ သူတို့ အိမ်ပေါ် တက်သွား၍ မကြာမီ အသက်ငယ်ငယ် ဝဝဖြိုးဖြိုး မိန်းမတစ်ယောက်သည် အောက်ကနေ၍ 'ဆရာကျော် ဆရာကျော်' ဟု ခေါ်လေသည်။ ပီမိုးနင်းကို အများက ဆရာကျော်ဟုသာ ခေါ်ကြသည်။

မကြာမီ ဆရာကြီးသည် ခါးပတ်စိမ်းကြီးပတ်လျက် ဆင်းလာလေ သည်။ ထိုမိန်းမနှင့် ရယ်ကာ ပြောဆိုပြီး လန်ခြားနှင့် ထွက်သွားကြလေ သည်။

ညကိုးနာရီတိုင်သောအခါ တစ်ဖက်ခန်းက ဆူသံပူသံကို ကြားရ လေသည်။

'မလာနဲ့ . . . ရှင့်မယားငယ်နဲ့ ရှင်နေချည်'

'ဟေ့ ကောင်မ တိတ်၊ သိပ်စကားမများနဲ့'

'မတော်ဘူး အသေကောင်ကြီးရဲ့ မတော်ဘူး၊ တဏှာရူးကြီးရဲ့ မတော်ဘူး . . . သွားမလာနဲ့'

ယောကျ်ားအသံမှာ ဆရာပီမိုးနင်းအသံဖြစ်သောကြောင့် ကျွန် တော်လည်း ထသွား၏။ သူတို့ဘက်ဆီသို့ လှမ်းကြည့်နေ၏။ ဆရာ့အသံက မှုမမှန်။ မူးသံကြီးပေါ်လျက်နေ၏။

'မယားငယ် သွားနေပါ၊ သွား၊ ဖာတွေနဲ့သာ ရှင်နဲ့ တော်တယ်'

'ကဲဗျာ' ခွပ်ခွပ်နှင့် အသံကြားရ၏။ ဆရာကြီးသည် ဖြုန်းဒိုင်းနှင့် ဆောင့်အောင့်ကာ ဆင်းလာလေ၏။ နောက် လန်ခြားပေါ်တက်၏။

အိမ်ပေါ်ကား မိန်းမကငိုလျက် နောက်က ရန်ထောင်လိုက်၏။

'ဂျောင်း . . . ဂျောင်း' ဟု လန်ခြားကိုနှင့်ကာ ဆရာသည် ထွက် သွားလေ၏။ သူ့မိန်းမထိပ်တွင် သွေးရဲ၍ ကျန်ရစ်ခဲ့လေ၏။

ပီမိုးနင်းသည် ဂျာနယ်တိုက်တစ်တိုက်သို့ သွားပြီး ရက်များစွာ နေ၏။ ထိုတိုက်တွင်ပင် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ကာ စာမှန်မှန်ရေးနေလေသည် [၄၇]။

ဤသည် ပီမိုးနင်း၏ ကမောက်ကမဘဝဖြစ်တော့သည်။ ထိုဘဝ ကို သူ့စာချစ်သူများက ကျေနပ်ကြမည်မဟုတ်။ သို့သော် သူ့ဘဝနှင့် သူ့

စာကို ကတ္တားခြားကြည့်ကြလေသည်။ သူ့ကိုလည်း မြင်ချင်၊ သိချင်၊ မေးစမ်းချင် ကြလေသည်။ ကြီးပွားရေးမဂ္ဂဇင်းအယ်ဒီတာ ဦးလှ၊ တက်တိုး၊ ကြီးမောင် (နောင် ငွေဥဒေါင်း) စသော လူငယ်စာပေသမားများသည် သူ့ဆီလာလည်ကာ စာပေကိစ္စ ဆွေးနွေးတတ်ကြလေသည်။ ထိုအခါမျိုးတွင် ပီမိုးနင်းက အသံခပ်တိုးတိုးဖြင့် ‘ဦးလေးတော့ နောင်ဘဝကျရင်လဲ စာရေးဆရာဖြစ်ဦးမယ် ထင်တာပဲ၊ ဒီဘဝအစပေါ့’ ဟု ပြောတတ်လေသည် [၄၈]။

❖

အပိုင်း [ ၆ ]

# နောက်ဆုံးနေ့ရက်များ

[ ၁ ]

ပီမိုးနင်းသည် သူ့လုပ်ငန်းတွင် စွဲမြဲလှပေသည်။ ဘယ်လိုပင်ပေပေ၊ ဘယ်လိုပင် ဆင်းရဲ ဆင်းရဲ၊ စာရေးသည့်လုပ်ငန်းကိုကား သူ ဘယ်အခါမှ မစွန့်။ ၁၉၃၅ ခုနှစ် နောက်ပိုင်းကာလသည် သူ့အဖို့ ကြံုလှီသောကာလဟု ဆိုရပေမည်။ သူသည် လမ်းညွှန်ဂျာနယ်မှ ဝင်ငွေအဓိက ရခဲ့ပါ၏။ သို့သော် ကံဆိုးလေသည်မှာ ထိုနှစ်တွင် ထိုဂျာနယ်သည် အရေးအသားတစ်ခုအတွက် အစိုးရအာမခံငွေ အတောင်းခံရပြီး ပိတ်ခဲ့ရခြင်း ဖြစ်လေသည်။

သူသည် ပဲရော့တိုက်မှ 'ကိုယ်ဒူးကိုယ်ချွန်' နှင့် 'အချစ်လမ်းညွှန်' စသော စာအုပ်တစ်အုပ်စ နှစ်အုပ်စ ဆက်ထုတ်လေသည်။ ဝတ္ထုနှင့် ဆောင်းပါးကိုလည်း ရေးနိုင်သလောက် ရေးခဲ့လေသည်။ တစ်ခါတစ်ရံ ကိုယ်ပိုင်စိတ်ကူးခေါင်းပါးနေလျှင် ဆမ်းမားဆက်မွန် **(Somerset Maugham)** တို့၏စာမျိုးကို မြန်မာမှုပြုကာ မဂ္ဂဇင်းဂျာနယ်တိုက်များသို့ မနားမနေ ပို့ပေးခဲ့သည်။

ဗန္ဓုလ၊ သူရိယ၊ ဆယ်သန်း၊ တိုးတက်ရေး တိုက်များကလည်း သူ့စာများကို ကြံုသလို သုံးစွဲခဲ့ပါ၏။ သို့သော် သူ့မှာ တိုးတက်ရေးတိုက်ရှေ့ရောက်လျှင် တိုက်က လန်ခြားခ ဆီးပေးရသည့် ဘဝမျိုးတွင်သာ ကျင်လည်နေရသည် [၄၉]။

သူသည် မြန်မာ့အလင်းသတင်းစာတွင် 'လေပွေ' အမည်ဖြင့် ကော်လံဝင်ရေးကာ ဝင်ငွေ ထပ်ရှာရလေသည်။ ကြားပေါက်အဖြစ် ဒူးမား၏ 'သူရဲကောင်းသုံးယောက်' ဝတ္ထုကိုလည်း ဘာသာပြန်ရလေသည်။ သို့ပင်လည်း သူ့မှာ အခြေမကျ။ ကရိလမ်းထိပ်က တိုက်ခန်းခကိုပင် မှန်မှန်မပေးနိုင်။ သူသည် ဈေးပေါ၊ ကုလားပေါသည့် ပါတာနီကုန်း ၁၂၆ လမ်းရှိ အိမ်ခန်းတစ်ခုသို့ ပြောင်းရွှေ့နေထိုင်ရလေသည်။

ဤတွင် ပီမိုးနင်း ဆင်းရဲရခြင်းမှာ သူ အပျော်အပါးလိုက်စား၍ ချည်းမဟုတ်ချေ။ မြန်မာနိုင်ငံတွင် စာဖတ်သူဦးရေ အလွန်နည်းခြင်းသည်လည်း အကြောင်းတစ်ကြောင်းဖြစ်ချေသည်။ ယေဘုယျအားဖြင့် စာတစ်အုပ်ကို ၂၀၀၀ ထက် ပိုထုတ်၍မရ။ တစ်ဖန် စာရေးဆရာရသည့် စာမူခမှာလည်း အလွန်နည်းလှပေသည်။ ထုတ်ဝေသူများက စာရေးဆရာကို ထိုက်သင့်သလို ပမေးချင်ကြ။ စာရေးဆရာကို ထိုက်သင့်သလို ပေးဖို့ထက် သူတို့ချမ်းသာဖို့လောက်သာ တွေးကြသည်။

သို့ဖြစ်လျှင် ပီမိုးနင်းလို လူစားမျိုးက ဘာကြောင့် ဆက်၍ စာရေးနေပါသလဲဟူ၍ အမေးပုစ္ဆာ ရှိလာပါ၏။ အဖြေမှာ ပီမိုးနင်းအဖို့ စာရေးဆရာ ညာဉ်ကလည်း ပါလာ၊ အောက်တန်းကျလှသော မြန်မာနိုင်ငံတွင် အမျိုးသားရေးအတွက် ရေးစရာတွေ တစ်ပုံချည်း တွေ့နေရသဖြင့်လည်း စာရေးနေရခြင်းဖြစ်သည်။

စာရေးနေရခြင်းကိစ္စနှင့် စပ်၍ ဆရာလွန်းကို သူပြောခဲ့သော စကားတစ်ခုသည်လည်း မှတ်သားလောက်ပေသည်။ တစ်နေ့တွင် တိုးတက်ရေးမဂ္ဂဇင်း အယ်ဒီတာဦးစိန်က စာရေးဆရာများကို သစ်ပင်ရိပ်ပေါသော ခြံတစ်ခြံသို့ ထမင်းဖိတ်၍ ကျွေးလေသည်။ ထိုပွဲတွင် ဆရာလွန်းနှင့် ပီမိုးနင်းသည် ယှဉ်ထိုင်မိလျက်သားဖြစ်လေသည်။ ဆရာလွန်းသည် ကွမ်းဝါးရာက ပီမိုးနင်းကိုကြည့်၍ –

'ကိုယ်လူမလဲ အရက်ဆီတွေလား၊ အမွဲဆီတွေလား တက်နေလို့ ထင်ပါ့၊ ဝလိုက်တာ ဖီးလို့၊ တစ်နေ့တခြား ဝနေပါပကော' ဟု ပြောလေသည်။ ထိုအခါ ပီမိုးနင်းက ပြန်ဖြေလိုက်သည်မှာ –

'မွဲတာကတော့ မပြောနဲ့ဆရာ၊ လူများတွေ ဘယ်လိုလုပ် ချမ်းသာကြပါ့မလဲဆိုတာ အချိန်ရှိတိုင်း စဉ်းစား၊ စဉ်းစားရတိုင်း ရေးနေလို့ ကိုယ်တိုင်ချမ်းသာအောင်လုပ်ဖို့ စဉ်းစားချိန်လဲ မရှိဘူး၊ လုပ်ချိန်လဲမရှိဘူး' ဟူ၍ဖြစ်လေသည် [၅၀]။

သူ့အဖြေအတိုင်း သူသည် ဆင်းရဲမွဲတေလှပေသည်။ ထိုအခြေအနေတွင် သူ့စာအုပ်များ၊ သူ့ဝတ္ထုကလေးများ အရောင်းမလိုက်သည့်အခါနှင့်လည်း ကြုံကြိုက်ရပြန်လေသည်။ အိမ်လခကိုပင် တစ်လနှင့်တစ်လ အလျဉ်မီအောင် ပေးနိုင်ဖို့ သူ့မှာ ခဲယဉ်းနေသည်။ ထို့ပြင် လေဖြတ်ခံရ၊ မမာမကျန်းဖြစ်ရနှင့် စိတ်ဓာတ်ကျလာခဲ့လေသည်။ ပီမိုးနင်းသည် ရန်ကုန်တွင် နေချင်စိတ် မရှိတော့ဘဲ နေရပ်ပြန်ဖို့ အတွေးပေါ်ခဲ့လေသည်။

သို့ဖြင့် လမ်းတွင် စာရေးဆရာ ဇေယျကို အခန့်သင့်တွေ့ရသည့်အခါ သုံးဆယ်သို့ ပြောင်းတော့မည့်အကြောင်းကို ပြောလည်းပြော၍ စာကော်ပီလိုပါက သုံးဆယ်သို့ လှမ်းတောင်းရန်ကို မှာလည်း မှာလေသည်။ ဇေယျမှာ အံ့အားသင့်ပြီး အကျိုးအကြောင်း မေးရလေသည်။

'ရန်ကုန်မှာ မနေနိုင်တော့ဘူး။ ရန်ကုန်မှာနေရင် ဆရာလည်း ကောင်းကောင်းမမာဘူး။ ကောင်းကောင်းလဲ မရေးနိုင်ဘူး။ ခုဆိုရင် တစ်လအစိတ်မဝင်ဘူး။ ဒီတော့ ထမင်းလဲ မဝဘူး။ အိမ်လခလဲ မပေးနိုင်ဘူး။ သုံးဆယ်ဆွေတော မျိုးတောဆိုတော့ ဝင်ငွေမရှိနဲ့ဦး မပူရဘူး' [၅၁]။ ဤသည် ပီမိုးနင်း၏ အားလျော့သံပင်။

ဇေယျအဖို့ ဤစကား ကြားရသည်မှာ နားမချမ်းသာ။ ပီမိုးနင်းသည် နာမည်ကျော် စာရေးဆရာဖြစ်သည်။ 'ပီမိုးနင်းဟာ မင်းစက်ကျရာမှာ စာကောင်းဖြစ်တာပဲ' ဟု စာရေးဆရာ သိပ္ပံမောင်ဝကိုယ်တိုင်က ချီးကျူးခဲ့ရသူမဟုတ်လား [၅၂]။ ယခုမူ သူ့လို လူမျိုးပင်လျှင် ရန်ကုန်တွင် မစားလောက်၍ ဇာတိချက်မြှုပ်ကို ပြန်ရပေတော့မည်။

ဇေယျသည် ဘဝင်မကျ။ မိမိသည် စာရေးဆရာဖြစ်သော်လည်း ဗြိတိသျှဘားမား (ရုပ်ရှင်) မဂ္ဂဇင်း၊ ရူပံမဂ္ဂဇင်းတို့မှ ခွာပြီးနောက် အစိုးရထုတ် သူကြီး ဂေဇက်သတင်းစာတွင် အလုပ်လုပ်နေရ၍ စားရေးသောက်ရေးမပူရ။ ပီမိုးနင်းမှာမူ လွတ်လပ်သော ကလောင်ရှင်ဖြစ်ပေသည်။ ထိပ်တန်းကလောင်ရှင်လည်း မှန်ပေသည်။ မြန်မာနိုင်ငံတွင် ပီမိုးနင်းလို ပုဂ္ဂိုလ်မျိုး ပင်ပန်းကြီးစွာ ရုန်းကန်နေရသည်မှာ ရင်နင့်စရာ ကောင်းလှသည်။

ဇေယျသည် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာဖြစ်သူ ဦးချစ်မောင်ကို ပီမိုးနင်းသတင်း ပါးလေသည်။ ထိုအခါ ဦးချစ်မောင်သည် ရန်ကုန်တွင် ပီမိုးနင်းနေဖြစ်အောင် ကြံစည်ကြည့်လေသည်။ ပီမိုးနင်းကို အချိန်မီ တားထားရအောင်လည်း ဇေယျကို တောင်းပန်သည်။ ဇေယျသည်လည်း ပီမိုးနင်းကို တားထားပါ၏။

ထိုအတွင်း ပီမိုးနင်းကိုယ်တိုင် မြန်မာ့အလင်းတိုက်သို့ ရောက်၍ ဦးချစ်မောင်နှင့် ဆုံမိပြန်သည်။ ဦးချစ်မောင်ကိုလည်း ဖေယျနည်းတူ ပြော ပြန်လေသည်။ ဦးချစ်မောင်လည်း စဉ်းစား၍ –

'ဆရာ ရန်ကုန်မှာ ငွေမှန်မှန် ဘယ်လောက်ရရင် နေနိုင်မလဲ' ဟု မေးကြည့်ရာ ပီမိုးနင်းက . . .

'အိမ်လခအတွက် ၃၀ မှန်မှန်ရရင် နေနိုင်ပါတယ်။ စားဖို့သောက် ဖို့အတွက်တော့ မရတစ်ချက် ရတစ်ချက်နဲ့ ဟိုရေးဒီရေးရင်း သူ့ဟာနဲ့သူ ဖြစ်လာမှာပဲ။ ဒီအရွယ်ကြီးကျမှ ဆွေမျိုးတွေ အပေါ်မှာ ပြန်ပြီး မှီခိုမနေချင် ဘူး' ဟု ပြန်ဖြေလေသည်။

နောက်တစ်နေ့တွင် ဦးချစ်မောင်သည် သတင်းစာတိုက်အုပ် ဦး တင်နှင့်တိုင်ပင်ပြီး ပါတာနီကုန်းရှိ ပီမိုးနင်း၏အိမ်သို့ သွားကြလေသည်။ သူတို့ ရောက်သွားချိန်၌ ထိုအိမ်တွင် အထုပ်အပိုးတွေ ပြင်ဆင်၍ပင် ပြီးနေ လေပြီ။ ပီမိုးနင်းကိုယ်တိုင်မှာမူ အာယုဒီဃ ဆေးတိုက်သို့ နှုတ်ဆက်ရန် သွားနေလေသည်။

ထိုအခါ ဒေါ်သီက လူလွှတ်ခေါ်သဖြင့် ပီမိုးနင်းလည်း မကြာမီ အိမ်ပြန်ရောက်လေသည်။ ပြန်ရောက်ရောက်ချင်းဆိုသလို သုံးဆယ်သို့ သူ တို့တတွေ ပြန်ဖို့မလိုအောင် မြန်မာ့အလင်းတိုက်က ငွေရေးကြေးရေး စီစဉ် ပေးမည့်အကြောင်းကို သိကြရလေတော့သည်။ ဤသည် စာပေသမားချင်း အရေးကြုံလျှင် ကြုံသလို ကူပံ့ပုံ သာဓကပေ။ သို့ဖြင့် ပီမိုးနင်းသည် ချောင် ချောင်လည်ကြီး မဟုတ်သည့်တိုင် ရန်ကုန်တွင် နေနိုင်လောက်သော အခြေ အနေသို့ ရောက်ရလေသည်။

❖

[ ၂ ]

မြန်မာ့အလင်း သတင်းစာက အသက်ဆက်ပေးလိုက်သဖြင့် ပီမိုးနင်းမှာ စာကို ဣန္ဒြေရရ ရေးနိုင်လေတော့သည်။ သူသည် နိုင်ငံရေး၊ လူမှုရေး စသည်တို့ကို လေပွေအခန်းမှသာမက ဆောင်းပါးရှိုးရှိုးအဖြစ်ဖြင့်လည်း ရေးသားပေးပို့ပါလေ၏။ ထိုစာများသည် သတင်းစာတွင် ပါလေသည်သာ များသည်။

သို့သော် အချို့အချို့ကိုမူ အယ်ဒီတာဦးချစ်မောင်က မထည့်ခဲ့။ မထည့်ခဲ့ရခြင်းမှာ မလွတ်လပ်သော တိုင်းပြည်အခြေအနေနှင့် အမြင်ကျဉ်းနေသေးသော ရှင်လူတချို့၏ အခြေအနေကို သတိပြုရသောကြောင့်ဖြစ်လေသည်။ တိုင်းရေးပြည်ရေးကို ထိခိုက်လာလျှင် အစိုးရက အာမခံငွေတောင်းမှာ စိုးရသည်။ ဘာသာရေးလိုကိစ္စမျိုးတွင် အခန့်မသင့်ပါက လွတ်လွတ်လပ်လပ် ဆွေးနွေးမှုသဘောမရောက်ဘဲ အဓိကရုဏ်းဖြစ်မှာ ကြောက်ရသည်။ အချုပ်ဆိုရသော် ပီမိုးနင်းသည် အယ်ဒီတာဦးချစ်မောင်၏ အစောင့်အရှောက်ဖြင့် မြန်မာ့အလင်း သတင်းစာဆောင်းပါးများကို အန္တရာယ်ကင်းကင်းနှင့် ရေးနိုင်ခဲ့သည်ဟု ဆိုရပေမည်။

ထိုစာများအပြင် မြန်မာ့အလင်း သတင်းစာ၌ပင် ' မော်ဘုရင်' 'တို့ဘာသာ' စသော အခန်းဆက်ဝတ္ထုများလည်း ပါလာလေသည်။ တစ်ဖန် မြန်မာ့အလင်းတိုက်ကပင် မဂ္ဂဇင်းထုတ်ဝေပြန်ရာ ထိုမဂ္ဂဇင်းတွင် သူ၏

'ဒလဘက်သီး ၃ လုံး' စသော ဝတ္ထုတိုများကို ကြိုကြားကြိုကြား မြင်လာရလေသည်။ အပြင်တိုက်များမှလည်း အင်္ဂလိပ်စာလေ့ကျင့်ရေး **Knowledge** (ပညာ) မဂ္ဂဇင်းနှင့် 'မိန်းမစိတ်ကျမ်း' 'ငွေကလောင်ကျမ်း' စသော ကျမ်းငယ်များ ထွက်ခဲ့လေသည်။

'မိန်းမစိတ်ကျမ်း' မှာ ကိုယ်တွေ့စာတွေ့ကို ပေါင်း၍ မိန်းမတို့၏ သဘောသဘာဝ၊ ထို့ပြင် မိန်းမနှင့် ယောကျာ်းဆက်ဆံရေး နည်းနိဿ စသည်ကို ပွင့်ပွင့်လင်းလင်း ရေးပြသော ကျမ်းဖြစ်လေသည်။ ပီမိုးနင်းသည် ထိုကျမ်းတွင် ယောကျာ်းနှင့်မိန်းမကိစ္စကို ညစ်ညမ်းသည်ဟု မမြင်။ မိန်းကလေးများအဖို့လည်း လိင်ကိစ္စနှင့် ပတ်သက်၍ သိသင့်သိထိုက်စရာများရှိသည်ဟု သူယုံကြည်လေသည်။ သို့ဖြင့် သူသည် သူ့အတွေ့အကြုံနှင့် သူ့အယူအဆကို ရဲရဲတင်ပြခဲ့လေသည်။

'ငွေကလောင်ကျမ်း' မှာမူ 'နေညိုညို' ဝတ္ထုမှ အယူအဆကို ဆက်လက်တင်ပြသော ကျမ်းငယ်ပင်ဖြစ်သည်။ ထိုကျမ်းငယ်တွင် စာပေအနုပညာ ဖန်တီးမှုသဘောအကြောင်းသာမက အယ်ဒီတာတို့၏ တာဝန်ဝတ္တရားနှင့် ဝတ္ထုရေးနည်းနိဒါန်းကိုပါ ထည့်ထားလေရာ စာပေလိုက်စားသူများအဖို့ အလွန်အသုံးဝင်လေသည်။

ဤသည် အသုံးဝင်၍ ထူးခြားသော စာအုပ်များကို ရွေးပြောရခြင်းဖြစ်လေသည်။ အမှန်စင်စစ် မထူးခြားသော စာအုပ်များ အတန်ပင်ရှိပါလေ၏။

သူသည် ငယ်ငယ်တုန်းကလို အားရပါးရ မရေးနိုင်တော့ချေ။ သူ့ကျန်းမာရေးက တစ်နေ့ရွှေ တစ်နေ့ငွေဆိုသလို ဖြစ်နေတော့ရာ အိမ်ကဒေါ်သီ၏ တူကလေးကို ရေးခိုင်းရလေသည်။ ထိုတူကလေးကို နှုတ်မှ ပြော၍လည်း ရေးခိုင်း၊ ရေးပြီးသားကို ပြန်ကြည့်ဟန်လည်း မတူသောကြောင့် နောက်ရေးစာများသည် စာအစီအကုံးမချော။ စိတ်ကူးလည်း အဆီအငေါ်မတည့် ဖြစ်လေသည်။

သူသည် တစ်နေ့တစ်နေ့ စိတ်ငယ်နေတတ်လေသည်။ သူ့ကို ကြည်ညိုသော စာရေးဆရာ သခ်ါတို့လင်မယား ရောက်လာသည့်အခါမှ အများအားဖြင့် ရွှင်ရွှင်ပျပျ ဖြစ်လာလေ့ရှိသည်။ သူသည် အိမ်တွင် အရက်ကို လက်ဖက်ရည်အိုးထဲတွင် ထည့်ထားကာ ထိုအိုးထဲမှ မကြာမကြာ ငှဲ့၍ သောက်ရလေသည်။ သို့မဟုတ်ပါက လက်တွေလည်းတုန်၊ လူကလည်း ဘာလိုလိုဖြစ်နေတတ်လေသည်။

အခြား ကြီးကြီးကျယ်ကျယ်ကိစ္စကို မကြည့်လေနှင့်။ အိမ်ရှေ့လမ်းပေါ်တွင် မြေပဲလှော်၊ စိမ်းစားဥ၊ ဘိန်းမုန့် စသော သားရေစာမုန့်များကို ဈေးသည်ကလေးများ အော်ရောင်းသံကို ကြားလိုက်ရလျှင် သူ့မှာ မနေတတ်။

'လာဦးဟေ့' ခေါ်ကာ . . .

'အားလုံး ဘယ်လောက်ဖိုးရှိသလဲ၊ အားလုံးထားခဲ့၊ ရော့ ပိုက်ဆံ' ဟူ၍ ခေါ်ဝယ်တတ်လေသည်။ အမှန်မှာ ထိုအစာတွေကို သူလည်း ကုန်အောင် မစား။ ရှေးအခါကလည်း ဈေးသည်ကလေးတွေ၏ အော်သံကြားရ၍ စိတ်ထဲမှာ ထူးထူးခြားခြား မဖြစ်။ သို့သော် ယခုလို အခါမျိုးတွင်ကား မိမိ၏ သားသမီးတွေ၏ ရှေ့ရေးကိုလည်း တွေးမိ၊ ဆင်းရဲသော ဈေးသည်ကလေးများအတွက် ကိုယ်ချင်းစာစိတ်လည်း ပေါ်လာကာ ငိုချင်သလိုလို ဖြစ်နေခြင်းပင်။

ထို့အတူ အိမ်တစ်အိမ်သို့ သူအလည်သွားစဉ် အိမ်ရှင်က သူ့ရှေ့တွင် လက်ဖက်ရည်နှင့် ၂ ထပ် ဘီစကွတ်မုန့်ကို လာချလေသည်။ သူသည် မုန့်အပေါ်ချပ်နှင့် အောက်ချပ်အကြား ရှိနေသော မလိုင်နေရာကိုကြည့်ပြီး စိတ်ထဲတွင် ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်လာခဲ့လေသည်။

ရှေးအခါကမူ အစားအသောက်နှင့် ပတ်သက်၍ သည်လို ထူးထူးဆန်းဆန်း စိတ်မျိုးမပေါ်။ ပမာအားဖြင့် သူသည် အုန်းသီးဆံနှင့် ထန်းလျက်လို သရေစာမျိုးကို အလွန်ကြိုက်ပါ၏။ လမ်းထဲသွားလာရင်း အုန်းသီးဆံနှင့် ထန်းလျက်ကို တွေ့သည့်အခါ သူသည် ဝယ်ဖြစ်အောင် ဝယ်လေ့ရှိသည်။ ထို့နောက် ဗန္ဓုလတိုက်သို့ရောက်လျှင် အားရပါးရ စားတတ်လေသည်။ သို့ဖြင့် ဘာကိုပဲစားစား အရသာ တွေ့သည်၊ မတွေ့သည်ဆိုသည့် ခံစားမှုမျိုးအပြင် သူ့မှာ ထိုထိုအီအီ အတွေးမိ။

ယခုမူ ဈေးသည်ကလေးများ၏အသံကို ကြားရလျှင် ရင်ထဲမှာ ဖိုတိုတိုဖြစ်မိသည်။ ၂ ထပ် ဘီစကွတ်မုန့်ကိုမြင်လျှင် အသက်ရှုရကျပ်သလို ဖြစ်မိသည် [၅၃]။ သူစိတ်ငယ်နေသည်မှာ ခက်လှပေသည်။ ထိုအချိန်အခါတွင် သင်္ခါတို့လင်မယား လာလည်ကြသည်မှာ အလွန်အခန့်သင့်လေသည်။ မနက်ဘက်ဆိုလျှင် သူတို့က သူ့ကို တိုက်တိုက်တွန်းတွန်းလုပ်ကာ ကန်တော်ကြီးဘက်သို့ လမ်းလျှောက်ခေါ်သွားတတ်လေသည်။ ကန်တော်ကြီးပုရွက်ဆိတ်ကျွန်းတစ်ဝိုက် တဖြည်းဖြည်းလျှောက်ရင်း၊ စာအကြောင်း ပေအကြောင်းကို သူတို့ စကားစပ်မိကြသည်။ သင်္ခါကပင် အသက်ကြီးမှ ရေး

သော စာအုပ်များမှာ ပို၍ကောင်း ပို၍ရင့်ကျက်သည်ဟု သူဖတ်ရဖူးကြောင်း စသည်ဖြင့် ပီမိုးနင်းအားရှိအောင် စကားခင်းပေးတတ်လေသည်။

ဤတွင် ပီမိုးနင်းလည်း စိတ်အားတက်ကြွလာ၍ထင်ရဲ့။

'အခု နာမည်ကြီးနေတဲ့ ရောဘင်ဆင်ကရူးဆိုး **(Robinson Crusoe)** ဝတ္ထုကို ဒင်နီရယ်ဒီဖိုး **(Daniel Defoe)** ဟာ သူ့အသက် ၆၀ နီးမှ ရေးခဲ့တာပေါ့ကွာ။ ဒွန်ကွဲ့ဇုတ် **(Don Quixote)** ဆိုတဲ့ ကမ္ဘာကျော် ဝတ္ထုကိုလဲ ဆာဗင်တီး **(Cervantes)** ဟာ သူ့အသက် ၆၀ မှာပဲ ရေးခဲ့တာပဲ' စသည်ဖြင့် ပြန်ဖြေလေသည် [၅၄]။

သခ်ါတို့ လင်မယား လာလာနေသည်မှာ ပီမိုးနင်းအဖို့ အလွန်ကောင်းပေ၏။ သူ့မှာ ရွှင်လန်း၍သာ ရှိလေသည်။ သူတို့ အိမ်မပြန်ခင်လည်း လက်ဖက်ရည် တိုက်လိုက်ရဦးမှ သူ ကျေနပ်လေသည်။ အိမ်သို့ သခ်ါတို့လင်မယား မရောက်သည့်နေ့များတွင်မူ သူ့မှာ အေးအေးမနေနိုင်။ တုတ်ကောက်တစ်ချောင်းဆွဲ၍ ဒေါ်သီနှင့်အတူ သခ်ါတို့နေထိုင်သော တောင်ညွန့်ကျောင်းလမ်းအိမ်သို့ ရောက်လာတတ်လေသည်။

'မင်းတို့က မနေ့က မလာတော့ ငါ လွမ်းနေတာပေါ့ကွာ၊ ဒါကြောင့် ငါ ဒီနေ့ လာခဲ့ရတယ်'။ ဤသည် တွေ့တွေ့ချင်း သူပြောနေကျ စကားပင် [၅၅]။

❖

[ ၃ ]

ထပ်၍ ဆိုရဦးမည်။ ပီမိုးနင်းအဖို့ သခ်ါတို့လင်မယားနှင့် မှန်မှန်တွေ့နေရသည်မှာ ကောင်းပေသည်။ စာရေးဆရာတွေ ငတ်နေပြတ်နေပုံကိုပဲ ပြောရပြောရ၊ ကျန်းမာရေးအကြောင်းကိုပဲ ပြောရပြောရ၊ စိတ်လက် ပေါ့ပေါ့ပါးပါးရှိရပေသည်။

သူ့တွင် အချိန်တွေ ပိုနေသည်။ ယခုအခါ သူသည် အလုပ်ကိစ္စမှ တစ်ပါး၊ အပြင်သို့ သိပ်မထွက်တတ်။ ဆောင်းပါးပေးဖို့အတွက် တိုးတက်ရေးတိုက်၊ ဆယ်သန်းတိုက်သို့သာ အသွားများလေသည်။

ဤတွင် ဆယ်သန်းတိုက်ရှင် မြို့မမောင်က တိုက်တွန်း၍ သူသည် သူ့အတ္ထုပ္ပတ္တိကို ရေးဖြစ်လေတော့သည်။ မြို့မမောင်ကို ပီမိုးနင်းသိခဲ့သည်မှာ ကြာပြီ။ ဗန္ဓုလဂျာနယ်ထုတ်ပြီး အတန်ကြာသောအခါ မြို့မမောင်က ဝင်ရေးလာခဲ့သည်။ ထို့နောက် ပီမိုးနင်းရေးသည့် စာတွေကို လေ့လာ၊ ပီမိုးနင်းရေးသည့် 'အောင်စိတ်' လို ကြီးပွားရေးကျမ်းကိုလည်း အမှားစင်အောင် ကြည့်ပေးခဲ့ဖူးလေသည်။

ယခု ၁၉၃၉ ခုနှစ်တွင်မူ မြို့မမောင်က ပီမိုးနင်းကို ကိုယ်ရေးအတ္ထုပ္ပတ္တိ ရေးစေချင်လေသည်။ ပီမိုးနင်းမှာ အသက်ကြီးလာပြီ။ ၅၆ နှစ်ရှိလာပြီ။ ကျန်းမာရေးက မဟန်လှ။ ရေးနိုင်တုန်း ရေးထားလျှင် ကောင်းသည်။ သို့ဖြင့် ပီမိုးနင်းသည် ဆယ်သန်းတိုက်သို့ မှန်မှန်သွား၍ ကိုယ်ရေး

အတ္ထုပ္ပတ္တိကို ရေးခဲ့လေသည်။ ထိုအတ္ထုပ္ပတ္တိသည် ယခုအရွယ်အထိ ဖြစ်စဉ်မပါ။ သူ့မယား မစိန်တင့် သေဆုံးသည့် ကာလအထိသာ ပါလေသည်။

ထို့အပြင် သူအသက်ရှိစဉ်အတွင်းလည်း စာအုပ်အဖြစ် မရောက်ခဲ့။ သူကွယ်လွန်ပြီးသည့်နောက်မှ ဦးချစ်မောင်၏ လုံ့လကြောင့် စာအုပ်အဖြစ် ရောက်ခဲ့ပါ၏။ ထိုအချိန်အခါတွင် ဦးချစ်မောင်ပင်လျှင် မြန်မာ့အလင်းသတင်းစာမှ အလုပ်ထွက်၍ 'ဂျာနယ်ကျော်' အမည်ဖြင့် ဂျာနယ်တစ်စောင်ကို ကိုယ်ပိုင်ထုတ်ဝေခဲ့လေပြီ။ စာအုပ်ကိုလည်း ဂျာနယ်ကျော်တိုက်က ထုတ်ခဲ့လေသည်။ ပီမိုးနင်းအဖို့ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်နောက် အခြားစာအုပ်များ ထပ်ရေးရန် အခွင့်မကြုံတော့ချေ။ အကြောင်းကား ဤသို့ဖြစ်လေသည်။ ထိုနှစ် (၁၉၃၉) အတွက် (ကောလိပ်သပိတ်နှစ်ပတ်လည်) အမျိုးသားနေ့ (တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) သည် ဒီဇင်ဘာလ ၅ ရက်တွင် ကျ၏။ ထိုနေ့တွင် မြန်မာ့အလင်းတိုက်က တိုက်သားများကို ထမင်းဖိတ်ကျွေး၍ တစ်ဦးလျှင် ဆုငွေ ၂၀ စီ ချီးမြှင့်ရန် အစီအစဉ်ရှိလေသည်။ ပီမိုးနင်းကိုလည်း ထိုပွဲသို့တက်ရောက်ရန် တိုက်ကာတွန်းဆရာ ဦးဟိန်စွန်းမှတစ်ဆင့် ဖိတ်လေသည်။

ဦးဟိန်စွန်းသည်လည်း ထိုနေ့နံနက်တွင် ၁၂၆ လမ်းအိမ်သို့ သွားလေသည်။ သူရောက်သည့်အချိန်တွင် ပီမိုးနင်းမှာ အိမ်ရှေ့ခန်း ပက်လက်ကုလားထိုင်၌ ထိုင်လျက်ရှိလေသည်။ ထိုအခါ ဦးဟိန်စွန်းက အကျိုးအကြောင်းပြောပြရာ ပီမိုးနင်းလည်း တိုက်သို့လိုက်ရန် ပြင်ဆင်လေသည်။

သူသည် ပထမဆုံး သိုးမွှေးခေါင်းစွပ်ကို ဆောင်း၍ ဆွယ်တာအင်္ကျီစွပ်ကာ ချည်လုံချည် အသစ်ကလေးကို ဝတ်၏။ ထို့နောက် စိတ်ပြောင်းကာ ဆွယ်တာအင်္ကျီကို ချွတ်ပစ်ပြီး . . .

'အပေါ်အင်္ကျီအဖြူတစ်ထည်ပေး' ဟူ၍ တောင်းလေသည်။ ထိုအခါ အိမ်သားထဲက တစ်ယောက်က . . .

'အဖိုးကြီးကလဲ ခက်လိုက်တာ၊ ချမ်းလို့ ဆွယ်တာဝတ်ခိုင်းတာမဝတ်ဘူး။ သိပ်ခက်တာပဲ' ဟု ပြောလိုက်လေသည်။ သို့သော် ပီမိုးနင်းသည် ဆွယ်တာအင်္ကျီကို ပြန်မဝတ်။ အပေါ်အင်္ကျီအဖြူကိုပင် ဝတ်ပြီး ကုတ်ရှူးဖိနပ် အသစ်ကလေးကိုစီး၍ ဦးဟိန်စွန်းနှင့်အတူ ထွက်လေသည်။

ဤတွင် ဒေါ်သီမှာ ပီမိုးနင်းကိုကြည့်ပြီး စိတ်ကောင်းကောင်းမဖြောင့်။ ပီမိုးနင်းသည် လေငန်းဖြတ်ပြီးကတည်းက သန်သန်စွမ်းစွမ်းမရှိ။ ဦးဟိန်စွန်းသည် ဒေါ်သီ၏ သဘောကို သိလေသည်။ ထို့ကြောင့် လမ်း

အထွက်တွင် . . .

'ဆရာကတော် စိတ်သာချပါ၊ ကျွန်တော်ပဲ ပြန်ပို့ပါမယ်' ဟု ပြော ခဲ့ရလေသည်။

မြန်မာ့အလင်းတိုက်သို့ ပီမိုးနင်းကို ခေါ်သွားရသည်မှာ အခက် အခဲမရှိပေ။ ၁၂၆ လမ်းထိပ်ကထွက်၍ ထရော်လီကားကိုစီးပြီး ကုန်သည် လမ်းထောင့်နှင့် ဆူးလေဘုရားလမ်းထောင့်တွင်ဆင်း၊ ထို့နောက် နည်းနည်း လျှောက်လိုက်လျှင် တိုက်ကို ရောက်လေသည်။ မြန်မာ့အလင်း တိုက်(သစ်) မှာလည်း ဆူးလေဘုရားလမ်း မြန်မာဆွေ တိုက်အနီးတွင် ရှိလေသည်။

တိုက်သို့ ပီမိုးနင်းတို့နှစ်ဦး ရောက်ချိန်၌ လူပင် အတော်စုံနေလေ ပြီ။ တီးဝိုင်းတစ်ခုကလည်း ဧည့်ခံနေလေသည်။ သူသည် တိုက်က တည် ခင်းကျွေးသော ဒန်ပေါက်ထမင်းကို ကောင်းကောင်းစားနိုင်လေသည်။

ထို့နောက် အယ်ဒီတာတွေ ထိုင်နေရာသို့ ရွှေ့ထိုင်ကာ အနီးရှိ ဆယ်သန်းသတင်းစာကို ဖတ်လေသည်။ ထိုသတင်းစာ မျက်နှာဖုံးတွင် ပါတော်မူနေ့ (ဒီဇင်ဘာလ ၃ ရက်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်) နှင့် စပ်၍ 'ဒို့အရှင် ဒို့သခင် ယနေ့တိုင်၊ မမေ့နိုင်ပါတော့သည်' ဟူသော သီချင်း ကောက်နုတ်ချက်ကို သူမြင်မိ၏။ သူပြုံးလေသည်။ သူသည် မြန်မာတွေ ခေတ်မီရေးကို မျှော်မှန်းသူဖြစ်သည်။ ယခုတိုင် သီပေါဘုရင်ကိုပင် ဦးတည် ကာ သတင်းစာတွင် နိုင်ငံရေး လှုံ့ဆော်နေသည်မှာ ခေတ်မမီတော့ဟု ယူဆ ၍ သူပြုံးလေသလား အတပ်ကား မပြောနိုင်။

ထားပါတော့။ ဆယ်သန်းကို ပီမိုးနင်းဖတ်နေစဉ် ဦးဟိန်စွန်းသည် ချက်ချင်း ပြန်လာခဲ့မည့်အကြောင်းကို ပီမိုးနင်းအား ပြောကာ အင်္ဂလိပ် သတင်းစာတစ်စောင်ကို ဝယ်ရန် အပြင်သို့ ထွက်သွားလေသည်။ မကြာမီ ပီမိုးနင်းလည်း အပေါ့သွားလိုသည်နှင့် အောက်ဆင်း၍ ဘုရင်မပန်းခြံထောင့် ရှိ အိမ်သာသို့ သွားလေသည်။ အိမ်သာအသွား လမ်းအကူးတွင် ထောင်ပြော တာကုလားစီးလာသော စက်ဘီးအတိုက်ခံရလေသည်။ သူမထနိုင်။ အမျိုး သား သူနာပြုတပ်ဖွဲ့က သူ့ကို ဆေးရုံပို့ပေးလေသည်။

ဦးဟိန်စွန်းသည် ၁၂၆ လမ်းအိမ်သို့ သွားရလေသည်။ ဒေါ်သီမှာ လည်း အိမ်ပေါက်ဝသို့ ထွက်မျှော်နေလေသည်။ မျက်နှာမှာ မကောင်း။ ဦးဟိန်စွန်းလည်း ဘယ်လိုမှ မတတ်နိုင်။ ပီမိုးနင်း စက်ဘီးတိုက်ခံရ၍ ပေါင် ကျိုးသည့်အကြောင်းကို ပြောပြပြီး ဆုငွေ ၂၀ ကို ပေးခဲ့ရလေသည်။

❖

## [၄]

ပီမိုးနင်း၏ ဒဏ်ရာမှာ မသေး။ ဒူးဆစ်အဆက် ဂုညင်းအထက် နားဆီမှ ကပ်၍ ကျိုးသွားခြင်းဖြစ်လေသည်။ အဆက်နားတွင် ကျိုးခြင်းဖြစ်လေ၍ အဆက်ရခက်သည်။ ထို့ကြောင့် ဆေးရုံမှ ပီမိုးနင်း မြန်မြန်ဆင်း၍ မရ။

သခ်ၤါ၊ ဂျာနယ်ကျော်ဦးချစ်မောင်၊ မြန်မာ့အလင်းဦးတင်၊ မြို့မ မောင် စသူများလည်း ဆေးရုံသို့ မကြာမကြာ လာရောက်အားပေးကြလေသည်။ အထူးသဖြင့် သခ်ၤါတို့လင်မယားသည် အရောက်များလေသည်။

ရောက်လျှင် ပီမိုးနင်းအားရှိအောင်ဟု စပ်မိစပ်ရာ ပြောရလေသည်။ ထိုအခါက သခ်ၤါအပါအဝင် စာရေးဆရာများသည် အလွမ်းဝတ္ထု ရေးခြင်းသည် ဟာသဝတ္ထု ရေးခြင်းထက် ပို၍ အကျိုးရှိသည်ဆိုသော အကြောင်းအရာကို တက္ကသိုလ်ကျောင်းတွင် စကားအခြေအတင် ပြောရန် အစီအစဉ်ရှိလေသည်။

သခ်ၤါလည်း ကြုံကြိုက်သဖြင့် ပီမိုးနင်းကို အကျိုးအကြောင်း ပြောပြရာ ပီမိုးနင်းက . . .

'လွမ်းတာ မကောင်းပါဘူးကွာ၊ မလွမ်းချင်ပါနဲ့။ လွမ်းတာဟာ စိတ်ကို အမှောင်ချတာနဲ့ အတူတူပဲ [၁၆]။ ဟူ၍ ပြောလေသည်။ ဟုတ်သည်။ သူ့အယူအဆမှာ လောကတွင် ရွှင်လန်းကြံ့ခိုင်စွာ နေတတ်ဖို့ပင် ဖြစ်လေ

သည်။ စာအုပ်များတွင်လည်း ဤသဘောမျိုး အခါခါရေးခဲ့သည်မဟုတ်လား၊ သို့သော် ယခုဆေးရုံတွင် ခန္ဓာကိုယ်က တစ်စတစ်စ ယွင်းယိုလာသည့်အခါ၌ကား သူသည် သူ့စာအတိုင်း စိတ်မထားနိုင်တော့ချေ။ တစ်နည်းဆိုရသော် သူ့ဒဏ်ရာက မသက်သာ။ ဓာတ်မှန်ရိုက်၍ ကုထုံး သုံးခါပြောင်းသော်လည်း အရိုးမှာ အဆက်ဘဲ ဖြစ်နေလေသည်။ လူမှာလည်း တဖြည်းဖြည်းအားနည်းလာ၊ စိတ်မှာလည်း ပို၍ငယ်လာလေသည်။ သနှံက သူ့အကဲရိပ်မိ၍ အားပေးစကားပြောလျှင် မျက်နှာခပ်ညှိုးညှိုးနှင့် –

'မင်းတို့ကတော့ ပြောတာပေ့ါကွယ်' ဟုသာ ပြန်ပြောတတ်လေသည်။ အခြေအနေကလည်း ဆိုးပါ၏။ သူ့တွင် ဆီးချိုရောဂါရှိမှန်း ဆေးရုံက ထပ်မံတွေ့ရလေသည်။ ဆီးချိုရောဂါကြောင့် အနာကုမရဘဲဖြစ်နေသည်။ အန္တရာယ်လည်း ကြီးနေသည်။ ခြေဖြတ်ပစ်ပါမှ အသက်ရှင်စရာ အကြောင်းရှိလေသည်။ သူ ဆေးရုံတက်၍ တစ်လ ရှိလေပြီ။ နောက်တစ်နေ့နံနက် ၇ နာရီတွင် ခြေဖြတ်ပစ်မှ ဖြစ်လေတော့မည်။

သို့သော် ညပိုင်းတွင် အခြေအနေ ပြောင်းလာပြန်လေသည်။ အဆုပ်ရောင်ရောဂါဝင်လာသည်။ မနက်လင်းအားကြီးအချိန်တွင် သူသည် အချွဲဖောက်လာလေသည်။ ဒေါ်သီတို့အိမ်သားများလည်း သိသိချင်းပင် ဆေးရုံသို့ လိုက်လာကြသည်။ သနှံ၊ ဂျာနယ်ကျော် ဦးချစ်မောင် စသူများလည်း မကြာမီ ရောက်လာကြသည်။ ပီမိုးနင်းမှာ မျှော်လင့်စရာမရှိတော့။ သို့ဖြင့် ဦးချစ်မောင်တို့က လူနာအခန်းတစ်ခန်းမှ ဦးပဥ္စင်းတစ်ပါးကို လူနာအနီးသို့ပင့်ကာ သုတ်ကမ္မဋ္ဌာန်းစာ ရွတ်ဖတ်စေရလေသည်။ ပီမိုးနင်းသည်လည်း ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၆ ရက်၊ နံနက် ၉ နာရီ ၁၉ မိနစ် အချိန်တွင် ကွယ်လွန်ပါတော့သည်။

ဤတွင် စာပေမိတ်ဆွေများ၊ တပည့်တပန်းများက ဒေါ်သီ၏ သဘောတူချက်အရ သူ့အလောင်းကို သရက်တောကျောင်းတိုက်၊ ခလုတ်ကျောင်းထဲသို့ ပြောင်းရွှေ့ယူကြလေသည်။ ထို့နောက် ပီမိုးနင်းနှင့် မကင်းသော သတင်းစာ၊ ဂျာနယ်မဂ္ဂဇင်းတိုက်များ၊ စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ရောင်းသူများ၊ စာရေးဆရာများ၏ အကူအညီအထောက်အပံ့ကို ယူကာ (ရျပန) ကို ၁၀ ရက်တိတိထား၍ ညစဉ် တရားပွဲလည်း ကျင်းပပေးလေသည်။ ၁၀ ရက်အပြီးတွင်လည်း လှလှပပ သင်္ဂြိုဟ်နိုင်ခဲ့ပါသတည်း [၅၇]။

၃၀.၆.၇၃

မှတ်စုများ

၁။ (က) The Voice, (May 1931) P.134-141 & P.144.45
(ခ) ကာတိုလိပ်အသင်းတော် ရာဇဝင်အကျဉ်းချုပ် ၃၄၇–၃၄၈။

၂။ ဖာသာဘရူနိုစိန်ဝင်း၏ ပေးစာမှယူသည်။

၃။ မသိသူကျော်သွား ၃၄။

၄။ ဝတ္ထုပဒေသာ ၂၈–၂၉။
ဤစာအုပ်မှ အဖြစ်အပျက်ကို အမှန်ယူဆ၍ ကူးထည့်လိုက်သည်။

၅။ လွမ်းဆွတ်သူ ဝတ္ထု ၃။
ဤစာအုပ်မှ အဖြစ်အပျက်ကို အမှန်ယူဆ၍ ကူးထည့်လိုက်သည်။

၆။ အချစ်လမ်းညွှန် ၁၂၄–၁၂၅။

၇။ မိန်းမစိတ်ကျမ်း ၆၃။
ဤတေးကဗျာမျိုးကို ပီမိုးနင်းသတိရမည်ထင်မိ၍ ကူးထည့်လိုက်သည်။

၈။ ၁၉၆၆ ခု၊ ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်း ၁၀၅–၁၀၆ စာဆိုကို ဦးလူကားက ထောက်ခံသည်။

၉။ စကားပြောဟောနည်း ၉။

၁၀။ စာတိုပေစ ၁၀၁–၁၀၂။

၁၁။ မသိသူကျော်သွား ၄၂–၄၃။

၁၂။ အချစ်လမ်းညွှန်နှင့် အချစ်သျှတ္တရ ၁၇၂။

ပီမိုးနင်း၏ ပီမိုးနင်းစာအုပ်တွင် မစိန်တင့်ကို သူနှင့်ရွယ်တူဟူ၍ ပီမိုးနင်းက ခပ်လွယ်လွယ်ရေးထားသည်။ အချစ်လမ်းညွှန်စာအုပ်ပါ အချက်နှင့် မတူဘဲဖြစ်နေသည်။ အချစ်လမ်းညွှန်စာအုပ်မှ အချက်က ပို၍တိကျသဖြင့် ထည့်သုံးလိုက်သည်။

၁၃။ (က) သမီးဂုဏ်ရည် ၃၉။

(ခ) တကယ့်လူ ၈၃-၈၄။

(ဂ) ၁၉၂၆ ခု၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်း။

အထက်ပါစာအုပ်များမှ အချက်အလက်ကို အရင်းခံ စာအုပ်နှင့်ညှိ၍ ရေးထည့်သည်။

၁၄။ (က) တစ်သက်တာမှတ်တမ်း၊ ပ-တွဲ။ ၃၄၈-၃၅၃။

(ခ) ကျွန်တော်သတင်းထောက် ၃၃။

၁၅။ ၁၉၃၄ ခု၊ ဇူလိုက်လထုတ် တိုးတက်ရေးမဂ္ဂဇင်း၊ ၁၅-၁၉။

၁၆။ (က) သနားဖွယ်ဝတ္ထု၊ ကျောဘက်အဖုံး။

(ခ) ၁၉၁၇ ခု၊ နိုဝင်ဘာလထုတ် ပညာ့အလင်းမဂ္ဂဇင်း။

၁၇။ ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း၊ ၁၅-၁၉။

၁၈။ ၁၉၂၄ ခု၊ ဧပြီလ ၂ ရက်နေ့ထုတ် ပညာ့အလင်းသတင်းစာ ၆-၇ အချပ်ပို။

၁၉။ ကိုယ့်ဒူးကိုယ်ချွန် ၅၅။

၂၀။ ဦးအုန်းမောင် ၅။

၂၁။ နေညိုညိုဝတ္ထု ၁၅၉-၁၆၁။

၂၂။ (က) ၁၉၅၁ ခု၊ နိုဝင်ဘာလထုတ် စာဆိုတော်မဂ္ဂဇင်း ၄၉-၅၂။

(ခ) မြန်မာ့မျက်ပွင့် ၂၉၅။

၂၃။ ၁၉၃၆ ခု၊ နိုဝင်ဘာလထုတ် စာဆိုတော်မဂ္ဂဇင်း ၄၉-၅၂။

၂၄။ သနားဖွယ်ဝတ္ထု၊ ကြော်ငြာနေရာ။

၂၅။ ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၃၅-၄၃။ ဗန္ဓုလဂျာနယ်ခေတ်နောက်ပိုင်းတွင် ကမ္ဘာ့အရုပ်တော်ပုံအခန်းကို စိန်ဒိုးကလောင်အမည်ခံသူက ဝင်ရေးသည်။

၂၆။ (က) ငွေဥဒေါင်း ၂၂၇။

(ခ) ၁၉၇၃ ခု၊ ဧပြီလ ၁၆ ရက်နေ့တွင် ကာယဗလဦးရှိန်က ပြောဆိုချက်။

၂၇။ ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၃၅-၄၃။

၂၈။ ရန်အောင့်စာ၊ ရန်အောင့်ဘဝ ၄၅–၈၀ နှင့် ၁၀၆–၁၂၃။

၂၉။ (က) အောင်စိတ် ၄၈–၄၉။

(ခ) အချမ်းလမ်းညွှန် ၁၇၂–၁၇၃။

၃၀။ (က) ၁၉၆၇ ခု၊ မေလထုတ် သွေးသောက်မဂ္ဂဇင်း ၁၂၄။

(ခ) ဒေါ်အမာ ၃၉၆။

၃၁။ ဒဂုန်ပ ဦးဘတင် ၅၂–၅၃။

၃၂။ (က) ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ထုတ် ဂျာနယ်ကျော် ၁၁ နှင့် ၂၁–၂၂။

(ခ) ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၃၉။

(ဂ) ဒေါ်အမာ ၄၃၈။

၃၃။ ၁၉၇၁ ခု၊ ဧပြီလထုတ် သွေးသောက်မဂ္ဂဇင်း ၁၅–၁၆။

၃၄။ သူရိယ (နှစ်ပတ်လည်သတင်းစာ) ၄၈။

၃၅။ (က) ဒေါ်အမာ ၁၆၁။

(ခ) ကျော်စိုးသေရပုံနှင့်စပ်၍ ၁၉၇၃ ခု၊ မတ်လ ၂၇ ရက်နေ့တွင် ဦးအုန်းခင်ကလည်းကောင်း၊ ၁၉၇၃ ခု၊ ဇွန်လ ၁၄ ရက်နေ့တွင် ပန်းချီဦးအုန်းလွင်ကလည်းကောင်း ပြောပြသည်။

၃၆။ ၁၉၅၉ ခု၊ ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်း ၉၂။

၃၇။ (က) ၁၉၆၇ ခု၊ မေလထုတ် မြဝတီမဂ္ဂဇင်း ၁၂၀–၁၂၂။

(ခ) ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၄၀–၄၁။

(ဂ) ၁၉၃၁ ခု၊ ဇူလိုင်လ ၂၂ ရက်၊ ဗန္ဓုလဂျာနယ်ကြော်ငြာ။

၃၈။ ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၄၁။

၃၉။ (က) စာပေစာတမ်းများ ၁၃၂၈။ ၃၁၉။

(ခ) ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ထုတ် ဂျာနယ်ကျော် ၂၁။

၄၀။ သဒ်ါ ၁၆။

၄၁။ မသိသူကျော်သွား ၂၁။

၄၂။ (က) ၁၉၅၃ ခု၊ ဇူလိုင်လထုတ် ဂန္ထလောကမဂ္ဂဇင်း ၂၉၆။

(ခ) ၁၉၅၃ ခု၊ ဩဂုတ်လထုတ် ဂန္ထလောကမဂ္ဂဇင်း ၃၃၉။

၄၃။ ဉာဏ ၁၉၃–၁၉၆။

၄၄။ ၁၉၃၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် ဗန္ဓုလဂျာနယ်၊ မြန်မာ့တစ်ဘစ်အခန်း။

၄၅။ ငွေဥဒေါင်း ၁၈၇။
၄၆။ တစ်သက်တာမှတ်တမ်း ဒု–တွဲ၊ ၂၆၇–၂၇၀။
၄၇။ သိန်းဖေမြင့် ၇၁–၇၃။
၄၈။ ၁၉၃၆ ခု၊ နိုဝင်ဘာလထုတ်စာဆိုတော်မဂ္ဂဇင်း ၄၉–၅၂။
၄၉။ ဦးဘရင် ၁၄၀။
၅၀။ (က) ၁၉၃၆ ခု၊ ဇန်နဝါရီလထုတ် တိုးတက်ရေးမဂ္ဂဇင်း ၆။
(ခ) သိန်းဖေမြင့် ၇၆။
၅၁။ ၁၉၅၁ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၁၁၈။
၅၂။ သူ့စာတွေကပြောခဲ့တဲ့ သိပ္ပံမောင်ဝ ၄၆၄။
၅၃။ သခ်္ဂါ ၃၀–၃၂။
၅၄။ သခ်္ဂါ ၄၇။
၅၅။ သခ်္ဂါ ၂၉။
၅၆။ (က) သခ်္ဂါ ၂၄။
(ခ) မန်းတင် ၃၂၉။
၅၇။ ၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်း ၄၃။

## ကျမ်းကိုးစာရင်း

ကာတိုလိပ်အသင်းတော်အကျဉ်းချုပ် ၁၉၆၂ ခု။
ငွေဥဒေါင်း၏ စာဝက်ပါ ဒုတိယတွဲ ၁၉၆၃ ခု။
ဇေယျ၏ စာတိုပေစ (ရက်စွဲမပါ)။
 ။ ဆရာပီမိုးနင်း (၁၉၅၁ ခု၊ ဒီဇင်ဘာ လထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါသည်။)
 ။ မြန်မာ့မျက်ပွင့် ၁၉၆၁ ခု။
ဦးဉာဏ၏ ကြင်ဖော်မဲ့သူတို့ (၁၉၅၉ ခု၊ ဒီဇင်ဘာလထုတ် မြဝတီမဂ္ဂဇင်း တွင်ပါသည်။)
 ။ ပီယဆေးဝတ္ထုနိဒါန်း (ဤသုံးဦး စာအုပ်တွင် ပါသည်)။
တိုးတက်ရေးမဂ္ဂဇင်း၊ ဇန်နဝါရီလ ၁၉၃၆ ခု။
တက်တိုး၏ ဆရာပီမိုးနင်းနှင့်တွေ့စဉ်က (၁၉၃၆ ခု၊ နိုဝင်ဘာလထုတ် စာဆိုတော်မဂ္ဂဇင်းတွင် ပါသည်။)
ဒဂုန်ပ ဦးဘတင်၏ ကျွန်ုပ်နှင့် မြန်မာရုပ်ရှင် ၁၉၆၆။
ပီမိုးနင်း၏ ကိုယ်ဒူးကိုယ်ချွန် ၁၉၅၄ ခု။
 ။ ခေတ်စမ်းကဗျာ ဝေဖန်စာ။(၁၉၃၅ ခု၊ ဇူလိုင်လထုတ်၊ ဂန္ထလောက မဂ္ဂဇင်းတွင်ပါသည်။)
 ။ ခေတ်စမ်းပုံပြင် ဝေဖန်စာ။(၁၉၃၅ ခု၊ ဩဂုတ်လထုတ် ဂန္ထလောက မဂ္ဂဇင်းတွင်ပါသည်။)

ပီမိုးနင်း၏ စကားပြောဟောနည်း ၁၉၆၁ ခု။
  ။ စာအကြောင်း။ (၁၉၃၄ ခု၊ ဇူလိုင်လထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင်ပါသည်။)
  ။ တကယ့်လူ။ ၁၉၆၉ ခု။
  ။ နေညိုညိုဝတ္ထု။ ၁၉၆၅ ခု။
  ။ ပီမိုးနင်း။ ၁၉၆၀ ပြည့်။
  ။ ဘာကြောင့် ပီမိုးနင်းဖြစ်ရသနည်း။ (၁၉၃၆ ခု မြန်မာ့အလင်းနှစ်သစ်မင်္ဂလာ သတင်းစာတွင်ပါသည်။)
  ။ မသိသူကျော်သွား။ ၁၉၃၆ ခု။
  ။ မိုးညှင်းတရားနှင့် ကာလပေါ်ဝတ္ထုများ။ (၁၉၃၅ ခု၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် ဗန္ဓုလဂျာနယ်တွင်ပါသည်။)
  ။ မိန်းမစိတ်ကျမ်း။ ၁၉၆၈ ခု။
  ။ လောကကြီး။ (၁၉၃၆ ခု၊ ဖေဖော်ဝါရီလထုတ် ဒဂုန်မဂ္ဂဇင်းတွင်ပါသည်။)
  ။ လွမ်းဆွတ်သူ ဝတ္ထု။ ၁၉၂၂ ခု။
  ။ ဝတ္ထုပဒေသာ အမှတ် ၁။ ၁၉၆၂ ခု။
  ။ သနားဖွယ်ဝတ္ထု (ရက်စွဲမတွေ့)။
  ။ သမီးဂုဏ်ရည်။ ၁၉၆၀ ခု။
  ။ အချစ်လမ်းညွှန်နှင့် အချစ်သျှုတ္တရ (၁၉၇၀ ပြည်)။
  ။ အောင်စိတ်။ ၁၉၆၃ ခု။

ဗန္ဓုလဂျာနယ်၊ ၂၂–၆–၁၉၃၁ ။
ဦးဘရင်၏ ဦးဘရင်။ ၁၉၇၃ ခု။
ဦးဘိုးမင်း၏ ကိုယ်ပိုင်ကားနှင့် ပီမိုးနင်း။ (၁၉၅၆ ခု စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင်ပါသည်။)
  ။ ကျွန်တော်သိသမျှ ပီမိုးနင်း။ (၁၉၆၄ ခု၊ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင်ပါသည်။)
မန်းတင်၏ ပထမအရွယ်။ ၁၉၇၀ ပြည့်။
မြမျိုးလွင်၏ သွားလေသူ ဆရာကြီးပီမိုးနင်း။
(၁၉၄၀ ပြည့်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ထုတ် ဂျာနယ်ကျော်တွင်ပါသည်)
ရန်အောင်၏ ရန်အောင့်စာ၊ ရန်အောင့်ဘဝ။ ၁၉၆၈ ခု။
ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း ပထမတွဲ၊ ၁၉၆၁ ခု။

ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း ဒုတိယတွဲ၊ ၁၉၆၁ ခု။
လမ်းညွှန်ဂျာနယ်။ ၁၄–၁၂–၁၀၉၄ ခု။
ဦးလှ၏ ကျွန်တော်သတင်းထောက်။ ၁၉၇၁ ခု။
။ သူ့စာတွေက ပြောခဲ့တဲ့ သိပ္ပံမောင်ဝ။ ၁၉၇၀ ပြည့်။
သူရိယ (နှစ်ပတ်လည်) သတင်းစာ။ ၁၉၃၆ ခု။
သခင်၏ ကျွန်တော့်ဆရာပီမိုးနင်း။ ၁၉၆၃ ခု။
သုံးဆယ် ထိဋ္ဌတင်မြင့်၏ ပီမိုးနင်း၏ ဘဝဓလေ့များ။
(၁၉၆၆ ခု၊ ဖေဖော်ဝါရီလထုတ် သွေးသောက်မဂ္ဂဇင်းတွင်ပါသည်)
။ ပီမိုးနင်း၏ ဘဝဓလေ့များ။ (၁၉၆၇ ခု၊ မေလထုတ် သွေးသောက် မဂ္ဂဇင်းတွင်ပါသည်။)
။ ပီမိုးနင်း၏ ဘဝဓလေ့များ။ (၁၉၇၁ ခု၊ ဧပြီလထုတ် သွေးသောက် မဂ္ဂဇင်းတွင်ပါသည်။)
သိန်းဖေမြင့်၏ မြန်မာစာပေ အထွေထွေပြဿနာများ။ ၁၉၆၆ ခု။
ဦးဟိန်စွန်း၏ ဆရာကြီးပီမိုးနင်း ပေါင်ကျိုးသည့်နေ့။
(၁၉၄၀ ပြည့်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ထုတ် ဂျာနယ်ကျော်တွင်ပါသည်။)
အထက်ဗမာနိုင်ငံ စာရေးဆရာအသင်း၏ စာပေစာတမ်းများ၊ ၁၃၂၈ ခု။
၁၉၆၇ ခု။
ဒေါ်အမာ၏ ရွှေရိုး၊ ပထမနှင့် ဒုတိယတွဲ။ ၁၉၆၉။
ဦးအုန်းမောင်၏ မြန်မာ့ဝတ္ထုလောက၏ ပထမခေတ်။ (၁၉၅၇ ခု၊ ဇူလိုင်လ ၁၆ ရက်နေ့ထုတ်၊ လင်းယုန်ဂျာနယ်တွင်ပါသည်။)
THE VOICE: a. monthly record of mission work in Burma (Myanmar) in particular & of Catholic news in general. vol 20. no. 3. May, 3. 1931.

❖ ❖ ❖

# ဦးဖိုးကျား

Quality Publishing House

ဦးဖိုးကျားအမှာစာ

စာဖတ်သူကို ကျွန်တော် ကြိုတင်ပြောရဦးမည်။ ကျွန်တော်သည် ဦးဖိုးကျား၏ဘဝ၊ ဦးဖိုးကျား၏ စာအကြောင်းကို ရှေးက ရေးခဲ့ဖူးသည်။ ယခုလည်း ရေးရပြန်လေပြီ။ ယခုစာတွင် ရှေးက ရေးပြီးသားအကြောင်းလည်း ပါပါ၏။ အသစ်ကိစ္စများကိုလည်း ဖြည့်ထားသည်။

ထားပါတော့။ ကျွန်တော် ပြန်ရေး၊ ချဲ့ရေးရသည့် အကြောင်းရင်းမှာ ဦးဖိုးကျားသည် ပြည်သူများအဖို့ မမေ့ထိုက်သူဖြစ်နေသောကြောင့်ပါတည်း။ ဟုတ်သည်။ ဦးဖိုးကျား လုပ်ဆောင်သရွေ့ကို စာဖတ်သူ စိတ်သန္တာန်ထဲတွင် စွဲမြဲစေချင်သော ဆန္ဒသည် ကျွန်တော့်တွင် ရှိနေခဲ့သည်။

ဤသို့ဦးဖိုးကျား၏ ကြောင်းရာထုပ္ပတ်ကို စာဖွဲ့ရာတွင် မှန်နိုင်သမျှ မှန်အောင် ကျွန်တော် ကြိုးစားခဲ့ပါသည်။ ပမာအားဖြင့် စာအုပ်ထဲရှိ ဦးဖိုးကျား၏ ပြောစကားများမှာ ကျွန်တော်၏ တီထွင်ဖန်တီးချက်များ မဟုတ်။ အကြောင်းအားလျော်စွာ ဦးဖိုးကျား ပြောဆိုခဲ့သည်ကို ဆိုင်ရာပုဂ္ဂိုလ်များက မှတ်တမ်းတင်ထားရာမှ ကျွန်တော်က ကောက်နှုတ်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုစကားထွေထွေရာရာသည်လည်း အရင်းခံအားဖြင့် မှန်သင့်သလောက် မှန်ပေလိမ့်မည်။ သို့သော် ပုဂ္ဂိုလ်အသီးသီးက မိမိတို့ တတ်စွမ်းသလို မှတ်ခဲ့ခြင်းသာဖြစ်ရာ ဦးဖိုးကျား၏ တကယ့် 'လေ'အတိုင်း ကျလိမ့်မည်ဟူ၍ ကျွန်တော် မပြောချင်ပါ။

တဖန် အချို့သော အချက်အလက်များကို ရင်းနှီးသူများထံမှ ကြားရသည့်တိုင်အောင် ကျွန်တော် မသုံးခဲ့သောအခါလည်း ရှိခဲ့ပါသည်။ ရင်းနှီးသူတချို့က 'အခမဲ့ ကူလီထမ်းခြင်း၏အကျိုး'မှ အဖြစ်အပျက်သည် တကယ့်အဖြစ်အပျက် ဖြစ်ပါသည်။ မဲဇလီကုန်းသို့ ဦးဖိုးကျား ကျောင်းစစ်သွားရင်း ကြုံခဲ့ပါသည်။ ဝတ္ထုထဲမှ ကောလိပ်ကျောင်းသားသည်လည်း ယခုတိုင် အသက်ရှင်လျက် ရှိပါသေးသည်။ ဟင်္သာတ၌ ရှေ့နေလုပ်နေပါသည် စသည်ဖြင့် ကျွန်တော့်ကို ပြောခဲ့ဖူးသည်။

ကျွန်တော်သည် သေချာရလေအောင် ထိုပုဂ္ဂိုလ်ထံသို့ စာရေး၍ မေးမြန်းစေခဲ့ရာ ထိုပုဂ္ဂိုလ်က ဝတ္ထုထဲမှ ကာယကံရှင်မှာ သူမဟုတ်ဟူ၍ ငြင်းဆိုခဲ့ပါသည်။ အမှန်မှာ ထိုဝတ္ထု၏ မူလသည် ဦးဖိုးကျားတို့ခေတ်၌ သုံးသော မစ္စတာတစ်ပင်၏ အင်္ဂလိပ်ဖတ်စာအုပ်မှ ကာလကတ္တားမြို့ တက္ကသိုလ်ကောလိပ်ကျောင်းအုပ်ကြီးဖြစ်သူ ပဏ္ဍိတ်အစ်စွာ ချန်ဒြာဗစ်ဒီယာ ဆာဂါ၏ ကိုယ်တွေ့အဖြစ်အပျက်သာ ဖြစ်တန်ပါသည်။

ဦးဖိုးကျား၏အကြောင်းကို ကျွန်တော်ရေးရာ၌ တက္ကသိုလ်ဝင်းမွန်၏ မှတ်စုကိုလည်း အထူးအားကိုးခဲ့ရကြောင်း ဝန်ခံလိုပါသည်။ တက္ကသိုလ်ဝင်းမွန်သည် ဟင်္သာတနယ် နိဗ္ဗာန် ရွာဘက်သို့ သွား၍ ဦးဖိုးကျား၏ အကြောင်းကို စုံစမ်းခဲ့ဖူးသည်။

ထိုအခါ ရွာခံများလည်းဖြစ်၊ ဦးဖိုးကျား၏ ငယ်ပေါင်းများလည်း ဖြစ်သော ဦးဖိုးဆောင်၊ ဦးရွှဲ၊ ဦးစံဘော်၊ ဒေါ်ဖော့ စသူများနှင့် တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ခဲ့ဖူးသည်။ ထိုမှတ်တမ်းသည် ကျွန်တော့်အတွက် များစွာ အထောက်အကူဖြစ်ခဲ့ပါသည်။

ဤတွင် စာတစ်အုပ် ပေတစ်ဖွဲ့ ပြုစုဖို့အတွက်မူ ကျွန်တော့်မှာ အခက်အခဲ ကြုံသလောက် ကြုံခဲ့ရပါ၏။ ဦးဖိုးကျားနှင့် အတွင်းကျကျ သိရှိသူများမှာ ကွယ်လွန်ကုန်ကြပြီ။ ဦးဖိုးကျား၏ ကိုယ်ရေးမှတ်တမ်း စသည်မှာလည်း မရှိသလောက် ဖြစ်ခဲ့သည်။ ထို့ကြောင့် ဦးဖိုးကျားဘဝဖြစ်စဉ်တွင် ဟာကွက်၊ လိုကွက်တွေ ရှိနေရသည်။ ထိုဟာကွက်၊ လိုကွက်များ မရှိရအောင်၊ စာချောအောင် ကျွန်တော်သည် 'ထိုးဇာတ်'ထည့်ပေး၍လည်း မဖြစ်ပါ။

ကျွန်တော်သည် တိုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ အတ္ထုပ္ပတ္တိတစ်ပုဒ်ရေးဖို့ ကြိုးစားနေပါ၏။ အတ္ထုပ္ပတ္တိမည်သည် အဓိကအချက်များ၌ မှန်ရမည်။ သို့တည်းမဟုတ် အထောက်အထားရှိရမည်ဟူသော သဘောကို မေ့

၍မရပါ။ ကျွန်တော့်စာဖတ်သူသည် စာအုပ်ထဲက အဖြစ်အပျက်အပေါ် မယုံသင်္ကာစိတ် မပေါ်ရအောင် ကြိုးပမ်းရန်မှာ ကျွန်တော့်တာဝန်ပင်ဖြစ်သည်။

သို့ဖြင့် ရသမျှသော အကြောင်းအရာ အချက်အလက်များမှ ဆီလျော်အောင်၊ ဇာတ်ကြောင်းပေါ်အောင် ရွေးထုတ်ယူရပါသည်။ ဟိုတစ်နေရာ သည်တစ်နေရာဆိုသလို နေရာချကြည့်ရပါသည်။ အကွက်ချင်း ဆက်ယူရပါသည်။ ထို့နောက် အစ၊ အလယ်၊ အဆုံး စည်းရုံး၍ ပုံသဏ္ဌာန်ဖော်ခဲ့ရပါသည်။ ကျွန်တော် အောင်မြင်သည် မအောင်မြင်သည်ကိုကား စာဖတ်သူသာလျှင် အသိဆုံးဖြစ်ပါလိမ့်မည်။

# [ ၁ ]

ဆယ့်ကိုးရာစု နောက်ပိုင်းကာလ၌ မြန်မာကျေးလက်တောရွာ အချို့တွင် လောကဓာတ်ကျောင်းများ အလျှိုအလျှို ပေါ်ပေါက်ခဲ့ကြသည်။ ထိုကျေးရွာများတွင် ဟသ်ာတနယ်ရှိ နိဗ္ဗာန်ရွာလည်း ပါဝင်လေသည်။

လောကဓာတ်ကျောင်းဆိုသည်မှာ အရပ်ခေါ်အမည်ဖြစ်လေသည်။ ထိုကျောင်းသည် ရိုးရိုးဘုန်းကြီးကျောင်းနှင့် သင်ခန်းစာချင်း မတူ။ ဘုန်းကြီးကျောင်းတွင် အစဉ်အလာအားဖြင့် သင်ပုန်းကြီး၊ နမက္ကာရ၊ လောကနီတိ၊ မင်္ဂလသုတ် တို့ကို စသင်သည်။ ထို့နောက် (ပါဠိ) သဒ္ဒါ သင်္ဂြိုဟ် တို့ကို သင်သည်။ ရှေးရိုးဂဏန်းသင်္ချာနှင့် ဗေဒင်ပညာကိုလည်း သင်သည်။ ထိုပညာရေးသည် ရှေးခေတ်မြန်မာနိုင်ငံအတွက် လုံလောက်သော်လည်း လက်ရှိအင်္ဂလိပ်အစိုးရအတွက် မလုံလောက်။

အင်္ဂလိပ်အစိုးရသည် အလယ်ဆင့်၊ အောက်ဆင့် အုပ်ချုပ်ရေးအတွက် လက်အောက်ခံမြန်မာနှင့် ကုလားများကို အများဆုံးသုံးရန် ရည်ရွယ်ခဲ့လေသည်။

ထိုအတွက် ခေတ်ပညာတတ်များကို လိုလေသည်။ မြို့အုပ်၊ ဝန်ထောက်၊ ဆရာဝန် စသော အလုပ်မျိုးကို မဆိုထားနှင့် ကျောက်ထိုးဆရာ အလုပ်၊ မြေတိုင်းစာရေးအလုပ်၊ မူလတန်းကျောင်းဆရာအလုပ်လို အောက်တန်းလခစားအလုပ်မျိုးအတွက်ပင် ခေတ်ပညာတတ်မှ ဖြစ်လိမ့်မည်။

အင်္ဂလိပ်အစိုးရသည် ပညာရေးစနစ်သစ်ကို စတင်ဖော်ထုတ်လေသည်။ ရန်ကုန်တွင် ကောလိပ်ကျောင်း ထောင်၍ ထိုကောလိပ်ကို ကာလကတ္တားတက္ကသိုလ် လက်အောက်ခံအဖြစ်ထားလေသည်။ မြို့ကြီးများတွင် အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင် အထက်တန်းကျောင်း၊ အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင် အလယ်တန်းကျောင်းများကို ထူထောင်လေသည်။

သို့သော် အစိုးရသည် ပညာရေးဘက်တွင် ငွေများများ လျာမထား။ မိမိအလိုလည်း ပြည့်၊ အသုံးစရိတ်လည်း သက်သာသောနည်းကို သုံးလေသည်။ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့လို ခရစ်ယာန်သာသနာပြုအဖွဲ့အသင်းများသည် ပြည်တွင်းပြည်ပ ခရစ်ယာနများ၏ လှူဒါန်းငွေဖြင့် မြို့ရွာများတွင် ကျောင်းတည်ထောင်ခဲ့ကြသည်။ ထိုအခါ အစိုးရစည်းမျဉ်းတွင် အကျုံးဝင်သော ကျောင်းများကို အစိုးရက စစ်ဆေး၍ ငွေကြေးအတန်အသင့် ထောက်ပံ့လေသည်။

တစ်ဖန် ကျေးရွာများတွင် အစဉ်အလာအားဖြင့် ဘုန်းကြီးကျောင်းများ ရှိနှင့်လေသည်။ ထိုကျောင်းများသည် ကျောင်းသားအရံသင့်၊ အဆောက်အအုံ အပြည့်အစုံနှင့် ဖြစ်လေသည်။ ထိုကျောင်းများကိုလည်း အစိုးရသင်ရိုးမာတိကာနှင့်အညီ သင်ရန်၊ ယုတ်စွအဆုံး (မြန်မာဘာသာကို သုံးသော မူလတန်းအဆင့်ရှိ) လောကဓာတ်ကျောင်း အသွင်ပြောင်းရန် အစိုးရက တိုက်တွန်းလေသည်။ အချို့နေရာတွင်မူ အရပ်သူ အရက်သားများ ထူထောင်သော 'လူ' ကျောင်းများကို လောကဓာတ်ကျောင်းအဖြစ် ပြောင်းရန် တိုက်တွန်းလေသည်။

ထိုလောကဓာတ်ကျောင်းတွင် သင်ရသော ဘာသာရပ်(ပညာရပ်) များမှာမြန်မာစာအပြင် ခေတ်ဂဏန်းသင်္ချာ၊ ကျန်းမာရေးပညာ၊ ပထဝီဝင်၊ မြေတိုင်းပညာ၊ ရာဇဝင် စသည် ဖြစ်လေသည်။ ထိုပညာရေးသည် မြို့ရှိ အင်္ဂလိပ်နှင့် တိုင်းရင်းသားဘာသာသင် မူလတန်း၊ အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင် အလယ်တန်းတို့နှင့် အဆင့်ချင်း မတူစေကာမူ ခေတ်ပညာ သဘောကား ပါသလောက်ပါလေသည်။ ထိုပညာတတ်မြောက်လျှင် အောက်တန်းလခစား အလုပ်ကိုလည်း မှန်းနိုင်လေသည်။

ထို့ကြောင့် ကျေးရွာရှိ ကျောင်းသားမိဘအချို့သည် မိမိတို့ သားသမီးများအတွက် ထိုပညာကို လိုလားခဲ့လေသည်။ ဘုန်းကြီးများကလည်း ဆွမ်းဒကာ ဒကာမများ၏ အလိုဆန္ဒအတိုင်း မိမိတို့၏ ဘုန်းကြီးကျောင်းတွင် လောကဓာတ်ကျောင်းပညာ သင်ပေးနိုင်ရန် အားထုတ်ခဲ့ကြသည်။ အား

ထုတ်ရန် ပံ့ပိုးပေးနေသော အကြောင်းတစ်ခုကလည်း ရှိလေသေးသည်။ ထိုအကြောင်းသည် အခြားမဟုတ်၊ အောင်ချက်ဦးရေအလိုက် ဆိုင်ရာ ကျောင်းဆရာကို အစိုးရက ငွေကြေးချီးမြှင့်လေသောကြောင့်တည်း။

နိဗ္ဗာန်ရွာရှိ လောကဓာတ်ကျောင်းသည် အဆောင်ကိုးဆောင်ရှိ၍ ရွှေပိန်းချတိုင်ကြီးများဖြင့် ခန့်ထည်လှသောကျောင်းဖြစ်လေသည်။ ကျောင်းထိုင်ပုဂ္ဂိုလ်မှာ ဦးသာသန ဖြစ်လေသည်။ ထိုဆရာတော်သည် မိမိကျောင်းအဆောက်အအုံကြီးသလောက် ကျောင်းသားများများနှင့် စာမေးပွဲအောင်ချက် ကောင်းချင်သူဖြစ်လေသည်။ ထို့ကြောင့် စာပြရန် ဦးပဥ္စင်း သုံးလေးပါးထားပေးခဲ့ရာ ကျောင်းသားများအဖို့ ကျောင်းတက် အားရှိစရာပင်။ ကျောင်းတက်သူများတွင်လည်း ရွာမပိုင်းမှ ဦးဖေ၊ ဒေါ်ဒေါင်းတို့၏ သားမောင်ဖိုးကျားသည် တစ်ဦးအပါအဝင်ဖြစ်လေသည်။

ဦးဖေမှာ လယ်သမား။ ရွာအနီး ဘုရားကုန်းတွင် နှစ်တုံးထွန်လယ်လုပ်သူဖြစ်လေသည်။ သူ့တွင် သားသမီးလေးယောက် ထွန်းကားခဲ့ရာ မောင်ဖိုးကျားသည် ၁၈၉၁ ခုဖွား၊ တတိယမြောက်ဖြစ်လေသည်။ သို့သော် ငယ်စဉ်ကတည်းကပင် သူသည် သူ့အစ်ကို သူ့အစ်မများနှင့်မတူ။ ပညာရှာလို၊ စူးစမ်းနားလည်လိုသော အရိပ်အရောင်များ ပြခဲ့သည်။ ထိုအကြောင်းကို နောက်လူများသည် ယုံတမ်းဆန်ဆန် ပြောဆိုနေကြတုန်းပင် ဖြစ်လေသည်။

ပြောဆိုနေကြပုံသည် ဤသို့ဖြစ်လေသည်။ ညညတွင် မောင်ဖိုးကျားတို့ ကလေးတတွေသည် လူကြီးများအနားကပ်၍ ပုံဝတ္ထု နားထောင်လေ့ရှိသည်။

တစ်ညတွင် အိမ်သို့ အလည်လာသော ဘကြီးတော်တစ်ဦးက သူတို့အား နေမိမင်းကြီး ဝတ္ထုကို ပြောပြလေသည်။ မောင်ဖိုးကျားလည်း နေမိမင်းကြီး တာဝတိံသာနတ်ပြည်သို့ အလည်ရောက်ခဲ့ပုံ၊ နတ်ပြည်တွင် နတ်ဘုံနတ်နန်းတွေ ပြောင်ပြောင်လက်လက်ရှိပုံ၊ တဖန် နေမိမင်းကြီး ငရဲပြည်သို့ ရောက်ခဲ့ပုံ၊ ငရဲပြည်တွင် ငရဲသူငရဲသားများ အော်ဟစ်ဒုက္ခခံစားနေကြပုံတို့ကို စူးစူးစိုက်စိုက်နားထောင်လေသည်။ နားထောင်ရင်း သိချင်ဇောဖြင့် ငရဲပြည်၏ တည်နေရာကို မေးသည်တွင် 'ငရဲပြည်ဆိုတာ မြေကြီးအောက်မှာ ရှိတာပေါ့ မောင်ကျားရယ်' ဟူသော အဖြေကို ရလေသည်။

နောက်တစ်နေ့နံနက်စောစောတွင် ဦးဖေ၏ အိမ်ခြံဝင်း ဟိုတစ်နေရာ သည်တစ်နေရာဆိုသလို မောင်ဖိုးကျား တူးဆွနေသည်ကို လူကြီးများက မြင်၍ အကြောင်းကို မေးမြန်းမိကြသည်။ ထိုအခါ မောင်ဖိုးကျားက

ဖြေသည်မှာ 'ဘဘကြီးက ငရဲပြည်ဟာ မြေကြီးထဲမှာ ရှိတယ်ဆိုလို့ ကျွန် တော် ရှာကြည့်တာပါ' ဟူ၍ ဖြစ်လေသည်။

သို့ဖြင့် ဦးဖေ၏စိတ်ထဲတွင် သားဖြစ်သူ မောင်ဖိုးကျားကို လောက ဓာတ်ကျောင်းထားရသော် ထွန်းထွန်းပေါက်ပေါက် ဖြစ်လိမ့်မည်ဟု ယုံကြည် မိဟန်ရှိလေသည်။ မောင်ဖိုးကျားသည်လည်း ကျောက်ဒိုးပစ်ကစားလိုက်၊ ကျောင်းတက်လိုက်၊ တဟ်ဖန် ကျောင်းတက်လိုက်၊ ဂျွမ်းထိုးကစားလိုက်နှင့် အချိန်တန်သောအခါ အစိုးရစစ်လေးတန်းကို လွယ်လွယ်နှင့် အောင်ခဲ့လေ သည်။

မောင်ဖိုးကျား အောင်ချက်ကောင်းသည်ကို ဦးသာသနက သတိ ပြုမိသည်။ မောင်ဖိုးကျားကို ကျောင်းဖွင့်ချိန်၌ ငါးတန်းတင်ပေးရင်း အောက် တန်းတွင် ဆရာတစ်ပိုင်းလုပ်ခိုင်းလေသည်။ ထိုအစီအမံမျိုးကိုလည်း ပညာ ရေးဌာနက အသိအမှတ်ပြု၍ အားပေးလေသည်။

ထို့နောက် မောင်ဖိုးကျား ငါးတန်းအောင်မြင်သောအခါ ခြောက် တန်း၌ ကျောင်းတက်ရင်း ဆရာတစ်ပိုင်း လုပ်ရပြန်သည်။ ဆရာတစ်ပိုင်း ဆက်လုပ်ရန်မှာ စနစ်တကျ သင်တန်းတက်ထားဖို့ ကောင်းသည်ဟု ကျောင်း ထိုင်ဆရာတော်က သဘောရလေသည်။ မောင်ဖိုးကျားနှင့် အဖော်တစ် ယောက်နှစ်ယောက်သည်လည်း ဟင်္သာတ ဗရဲချောင်တိုက်မှ ဦးဝိသုဒ္ဓက ဖွင့်လှစ်၍ထားသော တပည့်ဆရာသင်တန်းတွင် ကလေးများကို စာသင် နည်း၊ ကျောင်းအုပ်ချုပ်နည်းတို့ကို တ်ရောက်သင်ကြားရသေးသည်။

ဤတွင် မောင်ဖိုးကျားသည် နိဗ္ဗာန်ရွာကျောင်း၌ ခုနစ်တန်းစာ မေးပွဲကို ပြီးဆုံးအောင် မဖြေလိုက်ရပေ။ ကျောင်းစစ်လာသော ပညာအုပ်နှင့် အဆင်မပြေဖြစ်ခဲ့၍ သူ့မှာ ကျောင်းမှ ခွာရလေသည်။ သို့သော် မောင်ဖိုး ကျားအဖို့ ပညာရှာရန် လမ်းမပိတ်ပါ။

သူ စာသင်ကောင်းကြောင်းသတင်းသည် နိဗ္ဗာန်ရွာနှင့် မီးရထား လမ်း၊ မော်တော်ကားလမ်း တစ်ကြောတည်းဖြစ်သော အနီးအနားရွာများ တွင် ပြန့်နှံ့ခဲ့လေသည်။ အသုတ်ရွာသည်လည်း နိဗ္ဗာန်ရွာမှ မိုင်သုံးဆယ် ခန့်သာ ဝေးသည်။ အသုတ်ရွာလေးထပ်ကျောင်းမှ ဦးသုန္ဒရသည် ကျောင်း တွင် တပည့်ဆရာအဖြစ် လုပ်ကိုင်ရန် သူ့ကို လာခေါ်လေသည်။(လောက ဓာတ်ကျောင်းလုပ်ထားသော) လေးထပ်ကျောင်းတွင် ကျောင်းသားတစ်ရာ ကျော်ရှိနေသည် မဟုတ်လား။ ဆရာကောင်းလိုသလို ကျောင်းသားကောင်း လည်း လိုသည်မဟုတ်လား။

မောင်ဖိုးကျားသည် မိဘများ၏ ခွင့်ပြုချက်ဖြင့် ဦးသုန္ဒရ၏ လေးထပ်ကျောင်းသို့ ရောက်ရပြန်လေသည်။ ထိုကျောင်း၌ပင် တပည့်ဆရာလုပ်ရင်း မြန်မာခုနစ်တန်းနှင့် အောက်တန်းဆရာဖြစ်သင်တန်းကို ဖြေဆိုအောင်မြင်ခဲ့လေသည်။ ထို့ပြင် ကျောင်းပိတ်ရက်၌ အနားမနေဘဲ နတ်မော်ရွာဘက်သို့ သွား၍ နတ်မော်ဘုန်းကြီးထံမှ ဗေဒင်ပညာများကိုလည်း သင်ခဲ့လေသည်။

ဤသည် မောင်ဖိုးကျား လက်လှမ်းမီသမျှ သင်ယူဆည်းပူးခဲ့သောပညာများပင် ဖြစ်တော့သည်။ သို့သော် ထိုပညာများသည် သူ့အဖို့ အရာမရောက်လှသေးသည်ကို မောင်ဖိုးကျားသိသည်။ သူကျောင်းဆက်နေချင်လေသည်။ ကျောင်းဆက်နေရန်မှာလည်း မြို့ကျောင်းတက်မှ ဖြစ်လိမ့်မည်။ မြို့တွင် အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင် အထက်တန်းကျောင်း၊ အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင် အလယ်တန်းကျောင်း ရှိလေသည်။

ထိုကျောင်းမျိုးတွင် အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ပေးလေသည်။ ခုနစ်တန်းရောက်လျှင်(မြန်မာဘာသာမှတစ်ပါး)ပထဝီဝင်၊ သင်္ချာ၊ ရာဇဝင် စသည်ကို အင်္ဂလိပ်ဘာသာ သက်သက်ဖြင့်သာ သင်ရသည်။ (အင်္ဂလိပ်သွေးပါသော ကျောင်းသားများအတွက်မူ မူလတန်းမှစ၍ ဘယ်ဘာသာရပ်မဆို အင်္ဂလိပ်ဘာသာဖြင့်သာ သင်သောကျောင်း အတန်အသင့်ရှိသေးသည်)။ ထိုကျောင်းမျိုးမှ အထက်တန်း ပညာရပ်များ ပြီးဖဆုံးသော် ကောလိပ်ကျောင်းတွင် ဆက်၍နေနိုင်သည်။

အခြေအနေမှာကား ဦးဖေတို့ လင်မယားသည် မောင်ဖိုးကျားကို မြို့ကျောင်းပို့ရန် ငွေကြေးမတတ်နိုင် ဖြစ်လေသည်။ ရပ်ရွာအလိုက်ဆိုလျှင် သူတို့မှာ အဆင်းရဲချည်းမဟုတ်လှ။ ဦးဖေ၏ လယ်မှ ဝင်ငွေအပြင် ဒေါ်ဒေါင်းက မြေအိုးမြေခွက်လုပ်ရောင်းသဖြင့် ငွေပိုကလေး ရနေသည်။ သို့သော် မြို့ကျောင်း၌ သားဖြစ်သူကို ရေရှည်ထားဖို့ အရေးမှာ မလွယ်ကူသောအရေးဖြစ်သည်။ ရွာထဲမှ ဆွေမျိုးညာတိက ဝိုင်းထောက်မည်ဆိုသည့်တိုင်အောင် မလွယ်လှသေး။

ထိုအခါ ဦးသုန္ဒရသည် တပည့်အတွက် ဝင်၍ ပူပင်မိလေသည်။ ဆရာတော်သည် မောင်ဖိုးကျားကို ချစ်သည်။ မောင်ဖိုးကျား၏ အလိုဆန္ဒကို ဖြည့်ချင်သည်။ မြို့ကျောင်းသို့ မောင်ဖိုးကျားသွားနိုင်ရန် အခွင့်အရေးရှာလေသည်။ ဆရာတော်သည် အမေရိကန် နှစ်ခြင်းသာသနာပြုကျောင်းများတွင် အခွင့်အရေးကို မြင်လေသည်။

ပုသိမ်မြို့တွင် အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့မှ တည်ထောင်ထားသော အင်္ဂလိပ်နှင့် တိုင်းရင်းဘာသာသင်ကျောင်း နှစ်ကျောင်း ရှိလေသည်။ တစ်ကျောင်းသည် ခေါင်စောက်ကျောင်းဟု အရပ်က ခေါ်ကြသော ပိုးကရင် အလယ်တန်းကျောင်းဖြစ်၍ နောက်တစ်ကျောင်းသည် တိုင်တစ်ရာကျောင်းဟု အရပ်က ခေါ်ကြသော စကောကရင် အထက်တန်းကျောင်းဖြစ်လေသည်။ ခရစ်ယာန်ဘာသာဝင် ကရင်အများဆုံး နေကြသော ကျောင်းများပေတည်း။

ထိုကျောင်းနှစ်ကျောင်းသည် အစိုးရ အထောက်အပံ့လည်းရ၊ အသင်းရန်ပုံငွေလည်း အလုံအလောက်ရှိပြီး ဖြစ်လေသည်။ စကောကရင် ကျောင်းအဖို့ဆိုရလျှင် လွှစက်လို အပြင်အပ စီးပွားရေးလုပ်ငန်းများတွင် အစုရှယ်ယာ ထည့်ထားသဖြင့် ရန်ပုံငွေမှာ ပြည့်စုံနေသည်။ ကျောင်းတွင်လည်း တစ်ဆောင်ပြီးတစ်ဆောင် တိုးလျက်သာရှိလေသည်။ သို့ဖြင့် ထိုကျောင်းနှစ်ကျောင်းသည် ဆင်းရဲသော ကျောင်းသား၊ ကျောင်းသူများကို ကျောင်းစရိတ်၊ အဆောင်စရိတ်၊ စားစရိတ်လျှော့၍သော်လည်းကောင်း၊ စရိတ်လွှတ်၍သော်လည်းကောင်း လက်ခံနိုင်ကြသည်။

ဦးသုန္ဒရသည် မောင်ဖိုးကျားကို ခေါ်၍ ပိုးကရင်ကျောင်းအကြီးအကဲဖြစ်သူ ဒေါက်တာ ခရွန်းခိုက် (Dr.Cronkhite) နှင့် တွေ့ဆုံဆွေးနွေးလေသည်။ ဒေါက်တာခရွန်းခိုက်မှာ ကြင်နာတတ်သောပုဂ္ဂိုလ် ဖြစ်လေသည်။ လူငယ်လူရွယ်များကို ချစ်တတ်သည်။ ယခုမူ မောင်ဖိုးကျား၏ ပညာအခံသည် မဆိုးလှ။ မောင်ဖိုးကျားမှာလည်း အပြောအဆို ချောင်သည်။ ကိုယ်လုံးပြည့်ပြည့် မျက်နှာကျ ကရင်နှင့်တူ၍ လူရည်သန့်သည်။ ဒေါက်တာခရွန်းခိုက်သည် မောင်ဖိုးကျားကို ကျောင်းတွင် လက်ခံလိုက်လေသည်။

အခက်အခဲတစ်ခုဖြင့် ပါရှိပါ၏။ မောင်ဖိုးကျားအဖို့ အင်္ဂလိပ်စာစသင်ရမည်ဖြစ်ရာ လေးတန်းသို့ ပြန်ဆင်းရလေသည်။ အင်္ဂလိပ်စာကို သူအမီလိုက်ရလိမ့်မည်။ အခြားဘာသာရပ်များအတွက်မူ ပူပင်စရာမလို။ တတ်သလောက် တတ်ပြီးဖြစ်လေသည်။ သူသည် တစ်နှစ်လျှင် နှစ်တန်းတက်နိုင်အောင် စာကို ဖိ၍ကြိုးစားရလေသည်။ မကြိုးစားလျှင်လည်း သူ့အရွယ်အတန်ပင် ကြီးသွားပေလိမ့်မည်။ ထို့ပြင် သူ့ကို ဝိုင်းထောက်သည့် ဆွေမျိုးနှင့်ဘုန်းကြီး ဦးသုန္ဒရတို့ကို ကျေးဇူးကန်းရာ ကျတော့မည်။

သူသည် စာကြိုးစားရင်း ဒေါက်တာခရွန်းခိုက်၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြုစုသည်။ ကျောင်းခန်းတွင် အမှိုက်သရိုက်ရှင်းခြင်း၊ ကျောင်း

စားပွဲ၊ ကုလားထိုင်များကို ဆေးသုတ်ခြင်းစသော ဝေယျာဝစ္စများကိုလည်း ဆောင်ရွက်သည်။ ထို့ပြင် ကျောင်းပိတ်ရက်အချို့တွင် လေးထပ်ကျောင်း ပြန်၍ စာကူသင်ပေးလိုက်သေးသည်။

၁၉၁၅ ခုနှစ်တွင် အင်္ဂလိပ်နှင့်တိုင်းရင်းသားဘာသာခုနစ်တန်းကို မောင်ဖိုးကျားဖြေဆိုအောင်မြင်လေသည်။ ထိုအချိန်တွင် သူသည် ဒေါက်တာခရွန်းခိုက်၏ တပည့်ရင်းချာ ဖြစ်ခဲ့လေပြီ။ ဒေါက်တာခရွန်းခိုက်၏ စောင်မမှုဖြင့် သူသည် စကောကရင်ကျောင်းတွင် ဆက်၍နေနိုင်လာသည်။ ထို့ပြင် ပုသိမ်တလိုင်းချောင်ထဲမှ ဆွေတစ်စ မျိုးတစ်စ တော်သူများက သူ့ကို နည်းနည်းပါးပါး ထောက်သဖြင့် ပို၍အဆင်ပြေလာသည်။ သူသည် ထိုကျောင်းတွင် သုံးနှစ် ကျောင်းတက်ခဲ့လေသည်။ ကျောင်းတက်ရင်း သူ့အဖို့ ဆင်ခြင်စရာ၊ စဉ်းစားစရာများနှင့်လည်း ကြုံကြိုက်ခဲ့ရသည်။

ဖြစ်ပုံမှာ မောင်ဖိုးကျားသင်ရသော ဇနက္ကဇာတ်တော်ကြီးဝတ္ထုထဲတွင် မဟာဇနက္ကမင်းကြီးက တောထွက်ခါနီး နန်းပြသာဒ်များကို ချီးမွမ်းခန်းနှင့် စပ်ဆိုင်ရာ 'ငါ၏ နန်းတော်ပြသာဒ်တို့သည် မှန်ကင်းတုရင် စုလစ်အမွန်း ထုပိကာတို့ဖြင့် တန်ဆာဆင်အပ်သည်ဖြစ်၍ အလွန်တင့်တယ်၏' ဟူသော စာပိုဒ်ပါလေသည်။ ထိုစာပိုဒ်ပါ 'ထုပိကာ' ၏ အနက်ကို ဆရာကလည်း ကောင်းကောင်းမရှင်းတတ်။ ဆရာ့ကိုယ်စား ဖွင့်ဆိုထားသော စာအုပ်မျိုးလည်း မရှိ။ မောင်ဖိုးကျားသည် ရွှေမုဋ္ဌောဘုရားသို့သွား၊ တန်ဆောင်းပြသာဒ်များကို လူကြီးသူကြီးတချို့ကို ပြ၍ ထုပိကာ၏ အနက်နှင့် နေရာကို မေးရလေသည်။ အဖြေကို တစ်ရက်နှင့် သူမရ။ နှစ်ရက်ကြာလေတော့မှ ရလေသည်။

တဖန် အတန်းကိုင် ရာဇဝင်စာအုပ်ထဲတွင် မြန်မာဘုရင်များရိုင်းပြပုံ၊ ရက်စက်ပုံ၊ မြန်မာများ အသိဉာဏ်နည်းပုံ စသည်ဖြင့် ချိုးဖဲ့ရေးသားထားသော အချက်အလက်များ ဟိုတစ်ကွက် သည်တစ်ကွက် ပါနေလေသည်။ သူသည် ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းတစ်လျှောက် ထိုစာကိုပင်သင်နေရသည်။ ရေးသူမှာလည်း ပညာရေးဝန်ထမ်းမှ အင်္ဂလိပ်လူမျိုး ဂရေး (J.Gray)နှင့် ကောက် (S.W.Cooks)လို လူမျိုးဖြစ်လေရာ မြန်မာကျောင်းသားများအဖို့ အခံရခက်ဖွယ်ရာဖြစ်သည်။ အထူးသဖြင့် မောင်ဖိုးကျားမှာ မကျေမချမ်း ဖြစ်မိလေသည်။

သူသည် ရှေးက ကျောင်းပညာ သက်သက်ရာဖို့၊ အတန်းတက်ဖို့လောက်သာ ဂရုစိုက်ခဲ့သည်။ ယခုမူ စိတ်တစ်မျိုးဖြစ်လာလေတော့သည်။

သူသည် မြန်မာစာ မြန်မာမှုကို အဆစ်အပိုင်းကျကျ နားလည်ချင်လာသည်။ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်ဂုဏ်ယူချင်လာသည်။ မြန်မာ့ဂုဏ် ချိုးဖဲ့သူများကို ပြန်လှန်ချေပချင်လာသည်။ နောက်တစ်ဖန် သူသည် စာဖတ်၍ စိတ်သစ်တိုးလာသလို တစ်ဘက်၌လည်း ကိုယ်ထူကိုယ်ထ လုပ်လိုသောစိတ်ဆန္ဒသည် ပြင်းပြလာခဲ့သည်။

အမေရိကန်နိုင်ငံတွင် မိဘစရိတ်နှင့် ကျောင်းနေသူများမှာ ကျောင်းသားအချင်းချင်းတွင် မျက်နှာငယ်ကြသည်။ မိမိလုံ့လဖြင့် ကျောင်းနေသူများသာ အများ၏ အရိုသေခံရသည်ဟူ၍ ဒေါက်တာခရွှန်းခိုက် ပြောခဲ့ဖူးသည်ကို သူ သတိရနေသည်။ သူသည် ကျောင်းအားရက်များ၌ပင် ရွာသို့ ကြာကြာမပြန်။ ပွဲစားထံတွင် အကူလုပ်၍၊ သွားစိုက်ဆရာထံတွင် အကူလုပ်၍၊ ဆန်စက်တွင် ဂရို့ချိုး စာရေးလုပ်၍ ကိုယ့်အားကိုယ်ကိုးခဲ့လေသည်။

၁၉၁၈ ခုနှစ်တွင် သူသည် ဆယ်တန်းအောင်လေသည်။ သူ အသက် နှစ်ဆယ့်ခုနစ်နှစ် ရှိပြီ။ အတန်းတူကျောင်းသားတွေနှင့်စာလျှင် အသက် အတန်ပင်ကြီးနေသည်။ သို့သော် အပန်းမကြီးပါ။ သူ အာရုံရှိသော ပညာနောက်ကိုသာ လိုက်နေရမည်ဆိုလျှင် အရွယ်ကြီးသည် ငယ်သည်မှာ ပဓာနမဟုတ်ပါ။ သူသည် ဂျပ်ဆင်ကောလိပ်သို့ တန်း၍ ဝင်လေသည်။

❖

ရန်ကုန်မြို့၊ စိန်ဂျွန်းလမ်းရှိ စကြံတစ်ဘက်စီဖြင့် ဆက်ထားသော တိုက်နီတီတီ ဝါတာတာ သုံးတိုက်သည် ဂျပ်ဆင်ကောလိပ်ဖြစ်လေသည်။ ထိုကောလိပ်နှင့် ကော်မီရှင်နာလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)ရှိ ရန်ကုန်ကောလိပ်နှစ်ခုသည် ကာလကတ္တားတက္ကသိုလ် လက်အောက်ခံများဖြစ်လေသည်။

ထူးခြားချက်တစ်ခုမှာ ဂျပ်ဆင်ကောလိပ်သည် အမေရိကန် နှစ်ခြင်းသာသနာပြုအဖွဲ့၏ အအုပ်အချုပ်ခံဖြစ်လေ၍၊ ခရစ်ယာန်ဘာသာဝင်ကရင်အများဆုံးနေကြခြင်းဖြစ်ပေတည်း။ အနီးအနားတွင်လည်း စိန်ဂျွန်းကျောင်း၊ ကူရှင်ကျောင်းလို သာသနာပြုကျောင်းများ ဝိုင်းရံနေကြသည်။

ကိုဖိုးကျားသည် ဗုဒ္ဓဘာသာဝင် ဖြစ်လေသည်။ သို့သော် ကရင်ကျောင်းအဆက်ရှိ၍ ဂျပ်ဆင်ကောလိပ်သို့ ရောက်လာရသည်။ သို့သော် ကျောင်းသားများအလယ်တွင် ထူးခြားထင်ပေါ်နေလေသည်။ ထင်ပေါ်ရခြင်းအကြောင်းမှာလည်း အခြားမဟုတ်။ အများ ကျောင်းသားတွေထက် သူကအသက်ပိုကြီးသည်မှာ တစ်ချက်၊ မြန်မာ့ရိုးရာ သျှောင်ထုံးနှင့်ဖြစ်၍ ခေါင်းပေါင်းပေါင်းပြီးလျှင် ကျောင်းတက်ရသည်မှာ တစ်ချက်ဖြစ်သည်။ သို့ဖြင့် အင်္ဂလိပ်ဆံတောက်နှင့် ကရင်မြန်မာ ကျောင်းသားများထဲတွင် ကိုဖိုးကျားမှာ ကြောင်တက်တက်ဖြစ်စရာရှိလေသည်။ ဤသို့ကား မဖြစ်။

သူ့မှာ စကောကရင်ကျောင်းမှ အသိများလည်း ပါလာသည်။ သူကိုယ်တိုင်က ကျောင်းဝင်းထဲရှိ ဗူဂိဗီး (Bougain Ville) ဆောင်တွင် နေလေသဖြင့် အတူနေသူများမှတဆင့် အသိအကျွမ်း ပွားများရသည်။ တစ်ဖန် သူသည် နဂိုစရိုက်ကပင် လေအေးအေး စကားတပြောပြောနှင့် ဖော်ရွေသူဖြစ်ရာ ကျောင်းသားများမက ကောလိပ်ရှိ ကျောင်းသူများက လည်း သူ့ကို ခင်ကြ မင်ကြသည်။

သူသည် စာလိုက်ရသည်ကို ပျော်လေသည်။ သူယူသော ရာဇဝင်ဘာသာမှာ အနောက်တိုင်းရာဇဝင်ဖြစ်လေသည်။ နိုင်ခြားအမြင်နှင့်သင်သော ရာဇဝင်ပေတည်း။ ကိစ္စမရှိပါ။ သူက သူ့အဖို့ အကျိုးရှိအောင် ပြန်လည်အသုံးချတတ်ပါသည်။ လောဂျစ် (ယုတ္တိဗေဒ) မှာမူ အသစ်အဆန်းဖြစ်နေသည်။ သို့သော် မယူ၍မဖြစ်၊ မိမိစဉ်းစားဉာဏ်ကို တိုးတက်စေသည် မဟုတ်လား။ သူသင်ရသော အင်္ဂလိပ်စာတွင် ဂျိုးဆက် အက်ဒီဆင် (Joseph Addison) ၏ စာများ ပါလာသည်မှာ သူ့အဖို့ ကံကောင်း၏။ ထိုစာများကို သူဖတ်၍ အလွန်နှစ်ခြိုက်လေသည်။ စာက ရသ မကျတကျ။ သတင်းစာလေလည်းမက စာမျိုးဖြစ်၍ စိုပြည်လှသည်။ တစ်ခုသာရှိသည်။ သူကြိုက်သော မြန်မာစာကို ကောင်းကောင်းမသင်ရ။

ကောလိပ်ကျောင်းတွင် မြန်မာစာ၏ အခြေအနေသည် အလွန်သိမ်ငယ်လှပေသည်။ ပြဋ္ဌာန်းထားသော စာများမှာ ဦးပုညမေတ္တာစာ၊ ဦးသြဘာသ၏ ဝေသန္တရာဇာတ်တော်ကြီးဝတ္ထုတော်၊ မဲထီးဆရာတော်၏ မာလာလင်္ကာရဝတ္ထု စသည်တို့ဖြစ်သည်။ ထိုစာရင်းကို အပေါ်ယံကြည့်သော် မဆိုးလှပါလားဟု ပြောစရာပင်။

သို့သော် ထိုစာများကို စာမေးပွဲတွင် မေးလေသည်မဟုတ်။ စာမေးပွဲတွင် ကျောင်းသားကို စာစီစာကုံး ရေးခိုင်းလေသည်သာဖြစ်သည်။ ထိုစာများမှာလည်း ကျောင်းသားများ စာစီစာကုံးရေးရာတွင် အထောက်အကူရရန်သာ ပြဋ္ဌာန်းထားခြင်းဖြစ်လေသည်။ စာမေးပွဲတွင် မြန်မာစာစီစာကုံးကို ကျောင်းသားက ကောင်းကောင်းမရေးနိုင်လည်း ပူစရာမလို။ ဖြေသူတိုင်း အောင်ပါလေသည်။ တဖန် မြန်မာစာစီစာကုံးဘာသာကို မယူလိုလျှင်လည်း အပိုအင်္ဂလိပ်စာလို ဘာသာမျိုးကို လွှဲပြောင်းယူနိုင်ပေသေးသည်။

ဤအခြေအနေကို ကိုဖိုးကျားသည် မကျေနပ်။ သူသည် သူ့ထက် တစ်တန်းကြီးသော ကိုမြင့်၊ ကိုဖိုးလတ်တို့နှင့် သိကျွမ်းလာလေသည်။ သူတို့ကလည်း သူ့လို ယောင်နှင့်ဖြစ်၍ မြန်မာစာ လိုက်စားကြသည်။ သူတို့

သည် ရန်ကုန်မြို့ထဲမှ မြန်မာစာတတ် ပေတတ် အသိုင်းအဝင်းသို့ သူ့ကို ပို့ပေးလေသည်။

ထိုအသိုင်းအဝိုင်းတွင် ဆရာလွန်း၊ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီး၊ ဆရာစောတို့ရှိကြသည်။ ဆရာလွန်းမှာ သူရိယသတင်းစာတိုက်မှ စာပြင်ဖြစ်သည်။ မစ္စတာ မောင်မှိုင်း ကလောင်အမည်ဖြင့် သူရိယသတင်းစာထဲတွင် 'တစ်နည်းကွယ်ရောက်ကာ မွေ့ရချည်တော့၊ မြီးအရှယ် ဆံတောက်ကညာ တမေ့တို့ကိုလ၊ ခရီးသည် ရောက်ရာက မမေ့ပါဘူး၊ (မယ်တင့်ရယ်) နောက်တစ်ခါတွေ့ကာမှ ဆုံစို့ကွယ်. . .' စသော လေးချိုးကြီးများ ရေးဖွဲ့တတ်လေသည်။ 'မှာတော်ပုံ' ဝတ္ထုရေးဆရာလည်း ဖြစ်လေသည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးမှာ ပညာအလင်းမဂ္ဂဇင်း၊ ထို့နောက် ပညာအလင်းသတင်းစာတို့တွင် အယ်ဒီတာဖြစ်သည်။ ပါဠိသက္ကတ နိုင်နင်းသည်။ တရားစာအရေးကောင်းသည်။ သူရေးသော နီတိမဉ္ဇရီလို ကျမ်းများမှာ သာယာနာပျော်ဖွယ်ရှိလှပေသည်။

ဆရာစောမှာမူ ပါဠိရော၊ ရာဇဝင်ပါ ကျွမ်းကျင်သည်။ အထူးသဖြင့် သမဝါယမ မင်းကြီးဖြစ်သူဒန်း (C.W.Dunn) နှင့် လိုက်၍ အညာရွှေဘိုဘက်တွင် ရာဇဝင်ကို လက်တွေ့ လိုက်စားခဲ့သူဖြစ်သည်။ သူ့စာများမှာလည်း ဗဟုသုတဖြစ်ဖွယ်ပင်။

သည်လို ပုဂ္ဂိုလ်တွေထံ ဆည်းကပ်၍ ပညာယူရသည်မှာ ကိုဖိုးကျားအဖို့ အလွန်နေရာကျလေသည်။ သူသည် ကောလိပ်ကျောင်းတွင် ရည်းစားထားလား၊ မိန်းမ ပိုးပန်းလားနှင့် ကျောင်းသားသဘာဝအတိုင်းမနေ။ သူသည် မမောမပန်း ဗဟုသုတရှာလေသည်။ ဤတွင် အထက်တန်းကျောင်းတုန်းက အလေ့အတိုင်း တစ်ဖက်က ဝင်ငွေရအောင်ရှာဖို့လည်း မလစ်ဟင်း။ သူသည် လူမျိုးခြားတွေကို ကြိုကြား ကြိုကြား စာသင်ပေးသည်။

တစ်ဖန် ကျောင်းပိတ်ရက်များတွင်လည်း အတန်းထဲမှ သူငယ်ချင်းမမနှင့် မေမေခင်တို့ မိဘများရှိရာ ကျိုက်ထို၊ သထုံသို့ အလည်လိုက်ရင်း ကျိုက်ထီးရိုးတက်၊ ဆန္ဒန်ဂူဝင်နှင့် ကိုယ်တွေ့ ပညာယူလေသည်။ ပညာယူဖို့ရန်မှာ ခရီးဝေးသည် နီးသည် အကြောင်းမဟုတ်။ ရွှေဘိုတွင် ရှေးကလွှတ်တော်အဝေးရောက်စာရေးလုပ်ဖူးသော ဦးအောင်ကြီးရှိလေသည်။ ထိုပုဂ္ဂိုလ်သည် ရတု၊ ရကန်၊ အဲအန် အဆို မှုမှန် သိသူဖြစ်လေသည်။ မင်းတုန်းမင်း၊ သီပေါမင်းတို့ရှေ့တွင် ရတု၊ ရကန်၊ အဲအန်များကို ရွတ်ဖတ်ရသူ

ဖြစ်လေသည်။ ကိုဖိုးကျားသည် ရွှေဘိုသို့ အရောက်သွား၍ ဦးအောင်ကြီး ထံမှ ဆိုနည်းကို လက်ထက်သင်လေသေးသည်။

ရတု၊ ရကန်၊ အဲအန် ဆိုနည်းကဖြင့် ဟုတ်ပါပြီ။ သူ ရေးကြည့် ချင်သေးသည်။ ကိုဖိုးကျားသည် အရေးအစပ်ဘက်သို့ လှည့်ပြန်လေသည်။ ကောင်းသည် မကောင်းသည် အပထား၊ သူသည် နေ့စဉ်နှင့်အမျှ ကဗျာ ရေးစပ်နေရသည်ကို ကျေနပ်ခဲ့လေသည်။ မမနှင့် မေမေခင်တို့က အတန်း ထဲတွင် ကဗျာစပ်ခိုင်းလျှင်လည်း ခဏချက်ချင်း ရေးစပ်ပေးလိုက်သည်သာ ဖြစ်ပေသည်။ သို့သော် ဆောင်းပါအရေးကျင့်ရန်ကိုလည်းသူမမေ့ခဲ့။ ဤ တွင် သူ၏ စာရေးသားစီကုံးမှုကိစ္စသည် အဆောင်ခန်း၊ ကျောင်းခန်းလောက် နှင့် ပြီးဆုံးသည်မဟုတ်ပါ။ သူသည် ရက်ခြားထုတ် မြန်မာ့အလင်းသတင်း စာတွင် 'ကျား' ဟူ၍ လက်မှတ်ထိုး၍ ရံဖန်ရံခါ ဆောင်းပါးဝင်ရေးလေသည်။ ရေးရသည်မှာလည်း ပျော်စရာပင်ဖြစ်တော့သည်။

တစ်ခုရှိသည်မှာ မြန်မာ့အလင်းသတင်းစာတွင် စာအကြောင်း ပေ အကြောင်း ဆောင်းပါးများသာမဟုတ်၊ လူမှုရေးနှင့် နိုင်ငံရေးဆန်ဆန် ဆောင်းပါးများကိုလည်း ခေတ်နှင့်အညီ ထည့်ထည့်ပေးခဲ့လေသည်ဖြစ်၏။ ထိုအခါ ဆောင်းပါးရှင်ချင်း အခြေအတင် ငြင်းကြ၊ ဆင်ခြေထုတ်ကြ နှင့် အလွန်စိတ်ဝင်းစားစရာ ဖြစ်လေသည်။ ကိုဖိုးကျားသည်လည်း စာပေ ဝေါဟာရ ဆောင်းပါးသာ ဝင်းရေးလေသည်မဟုတ်၊ လူမှုရေးဆောင်းပါး တွေကိုလည်း ကြုံသလို ရေးခဲ့ပါလေသည်။ ပမာအားဖြင့်သော် ထိုသတင်း စာ၌ မိန်းမများ နောက်ပိတ်ဖိနပ် စီးသင့် မစီးသင့် ဟူသော ပြဿနာပေါ် ပေါက်ခဲ့ရာ သူသည် ရွှေဘိုဂျမ်းခင် အမည်ခံသူ ဆောင်းပါးရှင်နှင့် အချီအချ ရေးခဲ့လေသည်။

မြန်မာ့အလင်းသတင်းစာတိုက်သည် ကိုဖိုးကျားအဖို့ စာအရေး လေ့ကျင့်ရာ ဌာနဆိုလျှင်လည်း ဟုတ်၏။ နိုင်ငံရေး လေ့လာရာဌာနဆိုလျှင် လည်း ဟုတ်သည်။ မြန်မာ့အလင်းသတင်းစာသည် ဝိုင်အမ်ဘီအေ ဟူ၍ အင်္ဂလိပ်လို အမည်တွင်နေသော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း၏ လုပ် ငန်းများကို သူရိယသတင်းစာနည်းတူ ထောက်ခံနေသော သတင်းစာဖြစ် လေသည်။

မြန်မာ့အလင်း သတင်းစာပိုင်ရှင် ဦးမောင်မောင်ကြီးသည် ဝိုင် အမ်ဘီအေ အသင်းသားဖြစ်သည်း။ မြန်မာ့အလင်း သတင်းစာတွင် တိုက် အုပ်ဖြစ်လာသူ ဦးစိန်းသည်လည်း ဝိုင်အမ်ဘီအေအသင်းသားပင် ဖြစ်လေ

သည်။ ထို့အတူ သူရိယသတင်းစာကို ဦးဘဖေ၊ ဦးလှဖေတို့က စတင်တည်ထောင်ခဲ့လေသည်။

ထို ဦးဘဖေပင်လျှင် သူ့မိတ်ဆွေ ဦးမောင်ကြီး (နောင်အခါ အမ်၊အေ မောင်ကြီး) ဦးဘရင်တို့နှင့်အတူ ဝိုင်အမ်ဘီအေအသင်းကို ၁၉၀၆ ခုနှစ်က စတင်တည်ထောင်ခဲ့ပြန်သည်။ တည်ထောင်ရသော ရည်ရွယ်ချက်မှာ အမျိုးဘာသာ သာသနာ ပညာမြင့်တင်ရန်ဟူ၍ ဖြစ်လေသည်။ အသင်း၏ လုပ်ငန်းစဉ်များတွင်လည်း မြန်မာအချင်းချင်း ဝံသာနုရက္ခိတစိတ်ဖြင့် စောင့်ရှောက်ရေး၊ တိုင်းရင်းဖြစ် အဝတ်အထည်ကို အားပေးရေး၊ အရက်သေစာ ရှောင်ကြည်ရေး၊ အလှူအတန်းများတွင် ပကာသန ရှောင်ကြည်ရေး စသည်ဖြင့် ပါလေသည်။

ထိုအသင်းသည်လည်း ကိုဖိုးကျား ကောလိပ်တက်သည့် အချိန်ကာလတွင် အမြို့မြို့အရွာရွာများ၌ အဖွဲ့ခွဲများနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေခဲ့ပြီဖြစ်လေသည်။ ဟိုမြို့ သည်မြို့၌ အစည်းအဝေးလုပ်သည်ဆိုလျှင်လည်း အလံတွေ တလူလူလွှင့်၍ စည်စည်ကားကားနှင့် ကျင်းပလာနိုင်ခဲ့လေသည်။ အသင်း၌ာနချုပ်မှာလည်း ဆူးလေဘုရားလမ်းတွင် တည်ရှိလေရာ သူရိယသတင်းစာတိုက်နှင့် တစ်တိုက်တည်းအခန်းချင်းယှဉ်လျက် ဖြစ်လေသည်။

ကိုဖိုးကျားသည် ကောလိပ်ကျောင်းတက်ရင်း နားမျက်စိ ပို၍ပွင့်လာသည်။ လူမှုရေး၊ နိုင်ငံရေးတွင် ပို၍ စိတ်ဝင်စားလာမိလေသည်။ စိတ်မဝင်စား၍လည်း မဖြစ်တော့။ မြန်မာစာ၊ မြန်မာမှုရှင်သန်တိုးတက်ရန်မှာ နိုင်ငံရေးနှင့် ဆက်စပ်နေသည် မဟုတ်လား။ ထိုနိုင်ငံရေးသည်လည်း သူ့မျက်စိအောက်၌ပင် ကြီးထွားကျယ်ပြန့်လာလေသည်။

ဝိုင်အမ်ဘီအေ၏ လုပ်ငန်းသည် ၁၉၁၇ ခုနှစ်လောက်ကတည်းက နိုင်ငံရေးပုံပေါ်လာ၊ ပီသလာလေသည်။ ထိုနှစ်လယ်၌ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ကြီးဖြစ်သူ မွန်တေဂူက အိန္ဒိယနိုင်ငံလို လက်အောက်ခံနိုင်ငံများကို တစ်စတစ်စ တိုးတက်သော အုပ်ချုပ်ရေးပေးမည်ဟု ကတိပြုကာ အိန္ဒိယနိုင်ငံသို့ လာရောက်ပြီးလျှင် ပြည်သူ့ဆန္ဒကို စုံစမ်းခဲ့လေသည်။

ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယနှင့် အုပ်ချုပ်ရေးအရ ပူးတွဲလျက်ရှိလေသည်။ ဝိုင်အမ်ဘီအေလည်း လှုပ်ရှားလေသည်။ အထူးသဖြင့် ဦးဘဖေလို လူငယ်ပိုင်းက လှုပ်ရှားသည်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ ထိုလူငယ်ပိုင်းသည် မွန်တေဂူရှိရာ ကာလကတ္တားသို့ သွား၍ သူတို့၏

ဆန္ဒကို တင်ပြလိုလေသည်။ သူတို့၏ ဆန္ဒမှာလည်းအခြားမဟုတ်၊ မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ချင်သည်။

အိန္ဒိယနှင့် တွဲနေသမျှ ကာလပတ်လုံး မြန်မာနိုင်ငံရှိ အရောင်းအဝယ်နှင့် အစိုးရလခစား အလုပ်တချို့ကို ကုလားများ လက်ဝါးကြီးအုပ်နေမှုမှာ မလွတ်နိုင်သေးဟု ထင်လေသည်။ ထို့ပြင် လက်ရှိ ဗြူရိုကရက်အုပ်ချုပ်ရေးမှ တစ်ဆင့်တက်၍ အင်္ဂလိပ်အင်ပိုင်ရာ (လက်နက်နိုင်ငံတော်) အတွင်း၌ပင် ကိုယ်ပိုင်အုပ်ချုပ်ရေးရသည်အထိ တစ်စတစ်စ တိုးတက်သောအုပ်ချုပ်ရေးမျိုးကို လိုချင်သည်။

တစ်နည်းဆိုရသော် ပြည်သူတို့က မဲဆန္ဒဖြင့် ရွေးကောက်သောလွှတ်တော်နှင့် ထိုလွှတ်တော်ကို တာဝန်ခံရသော အစိုးရစနစ်သို့ ရှေ့ရှုမည့်အုပ်ချုပ်ရေးမျိုးကို လိုချင်သည်။ တစ်ဖန် မြန်မာနိုင်ငံနှင့် အဆင့်အတန်းမီတက္ကသိုလ်တစ်ခုကိုလည်း လိုချင်သည်။ ဤတွင် ဦးဘဖေတို့ လူငယ်များ၏ ဆန္ဒကို ဝိုင်အမ်ဘီအေမှ လူကြီးပိုင်းတချို့က သဘောမကျ။ သူတို့က အင်္ဂလိပ်အစိုးရ ငြိုငြင်မည်ကို ကြောက်သည်။ နောက်ဆုံး၌ ဦးဘဖေတို့ဘက်က အနိုင်ရခဲ့လေသည်။ ဦးဘဖေ၊ ဦးမေအောင်၊ ဦးစု စသော ဝိုင်အမ်ဘီအေ ကိုယ်စားလှယ်များသည်လည်း ကာလကတ္တားသို့ သွား၍ ဝိုင်အမ်ဘီအေဆန္ဒကို တင်ပြခဲ့လေသည်။

များမကြာမီကပင် အင်္ဂလိပ်အစိုးရသည် အုပ်ချုပ်ရေးစနစ်သစ်ကို ဆွေးနွေးရန်ဟု အိန္ဒိယကိုယ်စားလှယ်များအား လန်ဒန်သို့ ဖိတ်ခေါ်ခဲ့လေသည်။ ဤတွင် မြန်မာကိုယ်စားလှယ်တို့မှာ အဖိတ်မခံရဖြစ်လေသည်။ မြန်မာနိုင်ငံ ကိစ္စကို သီးခြားစဉ်းစားဖို့လိုသည်ဟု အင်္ဂလိပ်အစိုးရက ဆိုလေသည်။ သို့ဖြင့် မြန်မာနိုင်ငံ၏ ဒုတိယဘုရင်ခံ ကရက်ဒေါက်သည် မြန်မာနိုင်ငံအတွက် ကရက်ဒေါက်စကင်းခေါ် အုပ်ချုပ်ရေးစနစ်တစ်ခုကို ရေးဆွဲခဲ့လေသည်။ ထိုစနစ်သည် မြန်မာများအဖို့ မှန်းချက်နှင့် နှမ်းထွက် မကိုက်ဆိုသလို ဖြစ်တော့သည်။ မွန်တေဂူ၏ ကျေညာချက်ထက် များစွာ အဆင့်နိမ့်နေသည်ကို တွေ့ရသည်။

ထိုအခါ ဝိုင်အမ်ဘီအေသည် မခံမရပ်နိုင်ဖြစ်လေသည်။ မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာတို့သည်လည်း ကရက်ဒေါက်စကင်းကို ဝေဖန်ရေးသားကြလေသည်။ နိုင်ငံရေးဆရာတော် ဦးဥတ္တမသည်လည်း စင်မြင့်မှ အင်္ဂလိပ်ဆန့်ကျင်ရေးတရားကို ဟောလေသည်။ ထိုသို့နိုင်ငံရေး ဆန့်ကျင်ရေး ဖြစ်ပေါ်လာချိန်တွင် ဦးမေအောင်လို အသင်းသား

များသည် ဝိုင်အမ်ဘီအေမှ ခွဲထွက်ခဲ့ကြပြီဖြစ်လေသည်။ ပို၍ အရုပ်ဆိုးသည်မှာကား မင်းတိုင်ပင်(လွှတ်တော်)အမတ် ဦးဘတူ၊ ဦးဖိုးသာ၊ ဦးသင်းတို့ က အစိုးရ၏ ဆောင်ရွက်မှုကို သောင်းသောင်းဖြဖြ ထောက်ခံကြခြင်းဖြစ်လေသည်။

ဝိုင်အမ်ဘီအေသည်လည်း နိုင်ငံရေးရှေ့ တစ်လှမ်းတိုးရန် ပြင်ဆင်ရလေသည်။ အင်္ဂလန်သို့ ကိုယ်စားလှယ်လွှတ်၍ အရေးဆိုရန် တိုင်းပြည်၌ ရန်ပုံငွေ ကောက်ခံရလေသည်။ ထိုအတွက် မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာတို့ကလည်း လှုံ့ဆော်ပေးသည်။ ဤတွင် ဦးဘတူ၊ ဦးဖိုးသာ၊ ဦးသင်းတို့လို အစိုးရကို ထောက်ခံသူများဘက်တွင် 'ပညာ့အလင်း' သတင်းစာ ရှိလေသည်။

ထိုသတင်းစာမှ ပင်တိုင်ဆောင်းပါးရှင်ဖြစ်သော ပိုက်ဆံကြီးက 'ဘိလပ်သွား ကိုယ်စားလှယ်တွေအတွက် ငွေကြေး ကောက်ခံနေကြသဗျာ့။ ပိုက်ဆံကြီးလဲ စေတနာ၊သဒ္ဓါတရားထက်သန်တာနဲ့ ကွမ်းရာငါးမူးဖိုး ဝယ်စားခဲ့တယ်' စသည်ဖြင့် ပြက်ရယ်ပြုလေသည်။ ဘယ်လိုပင်ဖြစ်စေ ၁၉၁၉ ခုနှစ်၊ ဇူလိုင်လထဲတွင် ဝိုင်အမ်ဘီအေသည် ဦးဘဖေ၊ ဝတ်လုံဦးပု၊ ကျောင်းဆရာကြီး ဦးထွန်းရှိန်တို့ သုံးဦးကို ကိုယ်စားလှယ်ရွေး၍ အင်္ဂလန်သို့လွှတ်နိုင်လာသည်။

ကိုဖိုးကျားသည် ဝိုင်အမ်ဘီအေ၏ ခြေလှမ်းကို ကျောင်းခန်းမှ စောင့်ကြည့်နေသူဖြစ်သည်။ သို့စောင့်ကြည့်ရင်း ယခုလို အင်္ဂလန်သို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သည်ကို အလွန်အားရသည်။ အထူးသဖြင့် ပုသိမ်သား ဦးထွန်းရှိန်တစ်ယောက် ကိုယ်စားလှယ်တစ်ဦးအဖြစ် ပါခွင့်ရသည်ကိုသူ အလွန်ကျေနပ်မိလေသည်။ ဦးထွန်းရှိန်မှာ သူနှင့် အရွယ်ခြင်း မကွာလှ။ ဘီအေအောင်ပြီးနောက် မျိုးချစ်စိတ်ဖြင့်(မန္တလေးရှိ) ဗုဒ္ဓသာသနနုဂ္ဂဟကျောင်းတွင် ကျောင်းအုပ်ဆရာကြီး လုပ်နေသူပင် ဖြစ်တော့သည်။

ထိုအတော်အတွင်း စက်တင်ဘာလ ၁၁ ရက်ညဉ့် စိတ်မချမ်းသာစရာ ကိစ္စတစ်ခု ဖြစ်ခဲ့လေသည်။ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ ဆရာသင်သည် ပန်းဆိုးတန်းရှိ သတင်းစာတိုက်မှ အလုပ်ပြီး၍အပြန် ညကိုးနာရီအချိန်တွင် လူဆိုးငမိုး၏အသတ်ခံရသည်။ နောက်ကြောင်းကို ပြန်ပြောရဦးမည်။ ဆရာသင်သည် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ အိမ်ထောင်ရေးကိစ္စကို စောင်း၍ သတင်းစာတွင် အခန်းဆက်ဝတ္ထု ရေးခဲ့လေသည်။

ထိုအခါ ဆရာဦးမောင်ကြီးက မကျေနပ်ဘဲ ပညာ့အလင်းသတင်းစာတိုက်ပိုင်ရှင်ဖြစ်သူ ဦးတင်ကို တိုင်ကြားခဲ့သည်။ ဦးတင်မှာလည်း ဆရာဦးမောင်ကြီး၏ စာအုပ်များကို ထုတ်ဝေ၍ စီးပွားဖြစ်ထွန်းနေသူဖြစ်သည်။ သူသည် ဆရာဦးမောင်ကြီး၏ စိတ်ဒုက္ခကို ဖယ်ရှားချင်လေသည်။ သူ့တွင်လည်း အကာအကွယ်သဘောဖြင့် လူဆိုးငမိုးကို မွေးထားသည်။ သူသည် ငမိုးကို ခေါ်၍ ဆရာသင့်အား ဆုံးမခိုင်းလေသည်။ သို့ဖြင့် ဆရာသင်မှာ ငမိုး၏ လက်ချက်ဖြင့် အသက်ပျောက်ရသည့် (အခြေအနေ) အထိ ဖြစ်ခဲ့ရသည်။

ထိုအရေးသည် ဆရာသင်နှင့် ဆရာဦးမောင်ကြီးတို့၏ ကိုယ်ရေးကိုယ်တာဟု ဆိုသော် ဆိုနိုင်ပါ၏။ သို့သော် ဝိုင်အမ်ဘီအေနှင့် 'တူ၊သာ၊သင်း' တို့၏ ပဋိပက္ခအခံသည် ရှိနေခဲ့သည်ဖြစ်၍ နိုင်ငံရေးလုပ်ကြံမှုဟူ၍ တစ်တိုင်းပြည်လုံးက နာခဲ့ကြသည်။ ဆရာသင့်မိန်းမနှင့် ကလေးများအတွက် ရန်ပုံငွေကိုလည်း ထည့်ကြသည်။ ဆရာသင့်အလောင်းကိုလည်း သူရိယသတင်းစာတိုက်မှ ဦးလှဖေ စသော သတင်းစာသမားများက ဦးဆောင်ထမ်းကာ အသုဘလိုက်ပို့ခဲ့ကြသည်။ ဤတွင် ကိုဖိုးကျားသည် ကျောင်းခန်းအတွင်း မနေနိုင်တော့။ သူသည် အသုဘပို့ ပရိသတ်တစ်ဦး(ဖြစ်ရုံ)သာမက သုသာန်၌လည်း ဆရာသင်၏ ဂုဏ်ပုဒ်ကို ထ၍ ချီးကျူးစကားပြောသူဖြစ်လာခဲ့လေသည်။

ကိုဖိုးကျားသည် နိုင်ငံရေးတွင် ခြေတစ်ဘက် ဝင်လာခဲ့ပြီ ဖြစ်လေသည်။ ၁၉၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလထဲတွင် အင်္ဂလန်သွား မြန်မာကိုယ်စားလှယ်များသည် ရန်ကုန်သို့ ပြန်ရောက်လေသည်။ ထိုအခါ ဝိုင်အမ်ဘီအေက ကြီးမှူး၍ လူစုလူဝေးဖြင့် ဆူးလေဘုရားလမ်း သင်္ဘောဆိပ်တွင် ကြိုကြ၊ ကိုယ်စားလှယ်များကို ပန်းရထားဖြင့် တင်၍ သိမ်ကြီးဈေး ဈေးသူဈေးသားများနှင့် တွေ့ဆုံပေးကြ၊ ဘုရားခြေရင်း စတုဒိသာ ဇရပ်တွင် နှုတ်ခွန်းဆက်ကြ၊ ဘုရားရင်ပြင်တွင် ဧည့်ခံကြနှင့် ပွဲကြီးလမ်းကြီး လုပ်လေသည်။

ကိုဖိုးကျားသည်လည်း ကိုယ်စားလှယ်ကြီးများ ခရီးရောက်မဆိုက်ပင် 'မြားမြောင်ဗိုလ်ခြေ၊ မေတ္တာရေကြောင့်၊ အောင်ဇေယတု၊ မျိုးပေါင်းစုသည်၊ ရှိန်–ပု–ဘေလျှင်၊ မွန်းဖြင့် မင်္ဂလာမဆုံသော်ဝ်' စသည်ဖြင့် ရတုပိုဒ်စုံ ရေးသားဆက်သရလေသည်။ ထိုအချိန်အခါကို အမှတ်တရဖြစ်ရအောင်လည်း ရကန်နှင့် အိုင်ချင်းကို ရေးသားလေသေးသည်။ ထို့နောက် တစ်ဖန်ဦးထွန်းရှိန်သည် မေလထဲတွင် နိုင်ငံရေးတရားဟောရာက အပြင်းဖျား၍

ကွယ်လွန်ခဲ့သည့်အခါ ကိုဖိုးကျားသည် ပါဝင်ဆောင်ရွက်ရပြန်လေသည်။ ဦးထွန်းရှိန်၏ အသုဘတွင် အရှင် ဦးနာဂိန္ဒ၊ သာယာဝတီ ဦးပု၊ မန္တလေး ဦးစိန်ဘတို့က တရားဟော၍ဦးဖိုးကျားက တမ်းချင်းကဗျာ သုံးပုဒ်ကို ရွတ်ဖတ်ခဲ့လေသည်။

ထိုသို့ ကိုဖိုးကျားမှာ ကျောင်းရောက်လာကတည်းက သတင်းစာတွင် ရေးလိုက်၊ ပညာရှိတွေဆီ ချဉ်းကပ်လိုက်၊ နိုင်ငံရေးကိစ္စတွေ စိတ်ဝင်စားလိုက်နှင့် ဘေးလုပ်ငန်းများကို လုပ်နေသဖြင့် ကျောင်းကိစ္စတွင် ဟာနေလေမလားဟု မေးစရာရှိလေသည်။ မဟာပါ။ သူ အိုင်အေ (ဥပစာတန်း) အောင်စဉ်က ဒုတိယအဆင့်မှဖြစ်သည်။ အဆင့်ကောင်းကောင်းရသဖြင့် မြန်မာ့အလင်းသတင်းစာကပင် 'ကျားဆိုမှ ကျား' ဟူ၍ သူ့ကို ဂုဏ်တင်ဖော်ထုတ်ပေးခဲ့လေသည်။ ယခုလည်း ဘီအေအောက်တန်းတွင် ရာဇဝင်ဂုဏ်ထူးတန်းကို သူ တက်နေခဲ့သည်။

သူ၏ ရည်မှန်းချက်မှာ ရာဇဝင်ဂုဏ်ထူးနှင့် ဘီအေအောင်ပြီးနောက်၊ ဆရာဖြစ်လက်မှတ်ထပ်ယူကာ၊ ပညာရေးဌာနတွင် သူမျှော်မှန်းသည့်အတိုင်း ဆောင်ရွက်ရန်ပင် ဖြစ်လေသည်။ သို့သော် သူ့မှာ ဂုဏ်ထူးတန်းကို ပြီးအောင် မတက်လိုက်ရမီ ကော်လိပ်ကျောင်းကိစ္စက ရှုပ်လာလေတော့သည်။

❖

# [ ၃ ]

မြန်မာ့နိုင်ငံရေးတွင် ကောလိပ်ကျောင်းကိစ္စ ရုပ်လာပုံမှာ ဤသို့ ဖြစ်လေသည်။ မြန်မာခေါင်းဆောင်များသည် မြန်မာနိုင်ငံနှင့် ထိုက်ထိုက် တန်တန် သီခြားတက္ကသိုလ် လိုချင်လေသည်။ ထို့ကြောင့် ဝိုင်အမ်ဘီအေ သည် အစည်းအဝေးများ ကျင်းပကာ တောင်းဆိုခဲ့ဖူးသည်။ တဖန် အိန္ဒိယ သို့ အင်္ဂလိပ် အတွင်းဝန်ကြီး မွန်တေဂူ လာရောက်သဖြင့် ဦးဘဖေတို့တတွေ က သူ့ကို သွားရောက်တွေ့ဆုံသောအခါ၌လည်း သီးခြားတက္ကသိုလ် ရှိသင့် ကြောင်းဖြင့် တင်ပြခဲ့ဖူးလေသည်။

အင်္ဂလိပ်အစိုးရသည် မြန်မာ့ဇာတိမာန်၊ မြန်မာ့ဆန္ဒကို သဘော ပေါက်ခဲ့လေသည်။ ထို့ပြင်လည်း အုပ်ချုပ်ရေးတွင် တက္ကသိုလ်ပညာတတ် လိုသလောက် လိုနေသည်ကို သတိပြုမိလေသည်။ သို့သော် မိမိအလိုကျ ပညာတတ်မျိုးကိုသာ လိုချင်လေသည်။ ထို့ကြောင့် မြန်မာ့ဆန္ဒကိုလည်း လိုက်လျောသကဲ့သို့ ဖြစ်ရလေအောင် တက္ကသိုလ်စီမံကိန်းတစ်ခုကို ၁၉၁၈ ခုနှစ်တွင် စတင်ခဲ့လေသည်။ ထိုစီမံကိန်းကို ပညာမင်းကြီးဖြစ်သူ မတ်ဟန်း တားက ဦးဆောင်လေသည်။

ဤတွင် ဟန်းတား စီမံကိန်းသည် မြန်မာ့အကြိုက်နှင့် မတွေ့ခဲ့။ ခေါင်းဆောင်များကလည်း မကြိုက်၊ ကျောင်းသားများကလည်း မကြိုက်။ မကြိုက်ရခြင်းမှာ ထိုစီမံကိန်းသည် မြန်မာတို့ အထက်တန်းပညာ သင်ယူ

ရေးတွင် ချုပ်ချယ်ထားသည်ဟု သဘောရသောကြောင့်ဖြစ်လေသည်။ ကြည့်ပါတော့။ တက္ကသိုလ်ဟူ၍ ရန်ကုန်တစ်မြို့ထဲတွင်သာ ရှိရလိမ့်မည်။ ကျောင်းခွဲဟူ၍ အခြားနေရာဒေသများတွင် မထားရ။

တစ်ဖန် ဆယ်တန်းအောင်သည့် ကျောင်းသားသည် အင်္ဂလိပ်ဘာသာ၌ ထူးထူးချွန်ချွန် အမှတ်ရမှသာ တက္ကသိုလ်သို့ တန်း၍ ဝင်နိုင်မည်။ သို့မဟုတ်က ကြားတန်းတွင် နေရဦးမည်။ ကြားတန်းတွင် တစ်နှစ်နေ၍ အောင်သည့်တိုင် တက္ကသိုလ်သို့ ဝင်ခွင့်ရဖို့ မသေချာသေး။ တစ်ဖန် တက္ကသိုလ်တွင် နေ့ကျောင်းသားအဖြစ် လက်မခံ၊ အားလုံး ကျောင်းအိပ်ကျောင်းစားသာဖြစ်ရမည်။ ဤသည် တက္ကသိုလ် ပညာသင်ကြားရေးဆိုင်ရာ အဓိက စည်းကမ်းများပင်ဖြစ်ကြသည်။

ထိုစီမံကိန်းကို ၁၉၁၉ ခုနှစ် ကတည်းကပင် ဦးဘဖေ၊ ဦးထွန်းရှိန်၊ ဝတ်လုံ ဦးသိမ်းမောင်တို့တတွေက သတင်းစာထဲမှ ကန့်ကွက်ခဲ့ကြသည်။

သို့သော် အစိုးရက ဂရုမစိုက်၊ ၁၉၂၀ ပြည့်နှစ် ဇူလိုင်လတွင် ဥပဒေကြမ်းလုပ်၍ မတ်ဟန်းတားက ဥပဒေပြုလွှတ်တော်၌ တင်သွင်းရာ ဦးမေအောင်အပါအဝင် အစိုးရဘက်သား အမတ်များက ထောက်ခံကြလေသည်။ ထိုအခါ ဝိုင်အမ်ဘီအေသည် ဂျူဗလီဟောရုံ၌ မြို့လုံးကျွတ် အစည်းအဝေးကျင်းပကာ ဥပဒေကြမ်းကို ကန့်ကွက်လေသည်။ ထိုဥပဒေကြမ်းကိုလည်း 'ဟန့်တားဥပဒေ'ဟု သရော်တော်တော် ကင်ပွန်းတပ်သည့်အပြင် မတ်ဟန်းတားကိုလည်း မြန်မာနိုင်ငံ၌ မထားသင့်ကြောင်း အဆိုပြုလေသည်။

ဤတွင်လည်း အစိုးရက ဂရုမစိုက်။ ထိုဥပဒေကြမ်းလည်း ဒုတိယဘုရင်ခံ၏ အတည်ပြုချက်ရကာ ဒီဇင်ဘာလ တစ်ရက်နေ့တွင် တရားဝင်ဖြစ်ခဲ့လေသည်။ ဒီဇင်ဘာလ ခုနစ်ရက်နေ့တွင်မူ ဒုတိယဘုရင်ခံကိုယ်တိုင် တက္ကသိုလ်သစ်ကို အခမ်းအနားဖြင့် ဖွင့်ပေတော့မည်။ ထိုအခါ ဝံသာနုစိတ်ရှိသော ကောလိပ်ကျောင်းသားများအကြားတွင် မကျေနပ်စိတ်များ တိုးလာခဲ့လေသည်။

သို့ဖြင့် ကိုဘဦး၊ ကိုလှစိန်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုအောင်ဒင်အစရှိသော ရန်ကုန်ကောလိပ်ကျောင်းသား ဆယ့်တစ်ယောက်သည် ဒီဇင်ဘာလ သုံးရက်နေ့နံနက်တွင် ရွှေတိဂုံဘုရားရင်ပြင် စနေထောင့်ရှိ ညောင်ပင်ကြီးအောက်၌ ဆွေးနွေးတိုင်ပင်ကြလေသည်။ ဆွေးနွေးတိုင်ပင်၍ ကော

လိပ်ကျောင်းကို သပိတ်မှောက်ရန်နှင့် နောက်တစ်နေ့တွင် ဗဟန်းကြားတော ရလမ်းထဲရှိ ဦးအရိယကျောင်းတိုက်၌ ကောလိပ်ကျောင်းသားထု အစည်း အဝေးလုပ်ရန် သဘောတူလိုက်ကြလေသည်။

နောက်တစ်နေ့ အစည်းအဝေးသို့ ဂျပ်ဆင်ကောလိပ်ကျောင်းသား များပါ တက်ရောက်ကြလေရာ ကိုဖိုးကျားလည်း ပါဝင်ခဲ့လေသည်။ တက် ရောက်သူများက နှစ်ကျောင်းပေါင်း ခြောက်ရာလောက် ရှိကြသည်။ ရန်ကုန် ကောလိပ်မှ ကျောင်းသားကိုလှစိန်က သဘာပတိလုပ်သည်။ ထိုအစည်း အဝေး၌ ဆွေးနွေးကြရင်း အယူအဆနှစ်မျိုးထွက်လာခဲ့လေသည်။ ပထမ အယူအဆမှာ ကျောင်းကို သပိတ်မှောက်ပြီးမှ လိုရာကို တင်ပြရန် ဖြစ်လေ သည်။

ဒုတိယအယူအဆမှာမူ တက္ကသိုလ်အက်ဥပဒေကို ပြင်ဆင်ရန် တောင်းဆိုရမည်။ မအောင်မှ သပိတ်မှောက်ရမည်ဟူ၍ ဖြစ်လေသည်။ ပထမအယူအဆကို ခေါင်ဆောင်တင်ပြသူမှာ ရန်ကုန်ကောလိပ်ကျောင်း သား ကိုဘဖြစ်၍ ဒုတိယအယူအဆကို ခေါင်းဆောင်တင်ပြသူမှာ ဂျပ်ဆင် ကောလိပ်ကျောင်းသား ကိုဖိုးကျားဖြစ်လေသည်။

ကိုဖိုးကျားသည် တက္ကသိုလ်အက်ဥပဒေကို လိုလားသူမဟုတ်ပေ။ သို့သော် ဆင်ကန်းတောတိုး လုပ်မိပါက မိမိတို့ကျောင်းသားတတွေသာ နစ်နာကြမည်ကို ကြောက်လေသည်။ မိမိတို့ကျောင်းသားတွေမှာ မကြာမီ ဘီအေ ဘီအက်စီ အောင်ကြတော့မည်။ အောင်လျှင်အသီးသီး အသက အလုပ်ကိုယ်စီ နှင့် ဖြစ်ကြတော့မည်။ အချို့မှာမူ သူဌေးသူမီး၊ အရေးပိုင် သမီးရ၍ ဟန်ဟန်ပန် ပန်ဖြစ်ကြတော့မည်။

ထိုကဲ့သို့ အလားအလာတွေကို စွန့်၍ သပိတ်မှောက်ရန်မှာနည်း နည်းနောနော အရေးမဟုတ်စဉ်းစားချင့်ချိန်၍ လုပ်ရမည့်အရေးပေ။ ကိုယ့် အားကိုယ့်ပမာဏကိုလည်းကောင်း၊ တစ်ဖက်ကအား၊ တစ်ဖက်ကပမာဏ ကိုလည်းကောင်းတွက်၍ လုပ်ဆောင်မှ တန်ရာကျမည်။ ဤသို့ကိုဖိုးကျား ကသဘောရသည့်အတိုင်း ဆင်ခြေတက်လေသည်။ ‘ရွှေခါချဉ်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ၊ ခါးကမသန်’ ဆိုသော စာကလေးကိုလည်း ဆင်ခြေ တက်ရင်း ရွတ်ပြလေသည်။

ဤတွင် ကိုဘဦးနှင့် ကိုဖိုးကျားတို့နှစ်ဖက်စလုံးသည် မလျှော့နိုင် ဖြစ်နေသောကြောင့် သဘာပတိ ကိုလှစိန်က မဲဆန္ဒယူဖို့ စီစဉ်ရလေသည်။ မဲဆန္ဒမယူမီ၊ ရှုံးသောဘက်မှ နိုင်သောဘက်သို့ လိုက်ပါရန် ကတိကိုလည်း

တောင်းရလေသည်။ မဲဆန္ဒယူလိုက်သောအခါ ကိုဖိုးကျားတို့ဘက်မှ ခုနှစ်မဲဖြင့် ကပ်ရှုံးရလေသည်။ ကိစ္စမရှိပါ။ ကိုဖိုးကျားတို့တတွေကလည်း နိုင်ရာဘက်သို့ လိုက်ရန် အဆင့်သင့်ဖြစ်နေပါပြီ။

သို့ဖြင့် အစည်းအဝေးက ကိုဘဦးကို ဆော်ဩသူအဖြစ် ထား၍ ကိုဖိုးကျား၊ ကိုဖိုးလတ်၊ ကိုမြင့် အပါအဝင် ဂျပ်ဆင်ကောလိပ်ကျောင်းသားခေါင်းဦး၊ ကိုလူဖေသဝင်း၊ ကိုထွန်းဖေ၊ ကိုဘတင်၊ ကိုဖိုးကွန်းအပါအဝင် ရန်ကုန်ကောလိပ် ကျောင်းသားနှစ်ဆယ်၊ ပေါင်းနှစ်ဆယ့်ခေါက်ဦး ကော်မီတီကို ဖွဲ့လိုက်လေသည်။ ဒီဇင်ဘာလ ခုနှစ်ရက်နေ့၌ ရန်ကုန်တက္ကသိုလ်ကို ဒုတိယဘုရင်ခံက ဖွင့်လှစ်၍အပြီး ကောလိပ်ကျောင်းသားများက သပိတ်မှောက်ပြီဟု အော်ဟစ်ကာ စာအုပ်ကို ပိုက်ထွက်လာကြရန်ကိုလည်း ဆုံးဖြတ်လိုက်လေသည်။

ထိုဆုံးဖြတ်ချက်သည် တက္ကသိုလ် အာဏာပိုင်များထံသို့ ပေါက်ကြားသွားလေသည်။ ဤအတိုင်းဆိုလျှင် မဖြစ်တော့ပြီ။ အရေးပေါ် အစည်းအဝေးကို လုပ်ရတော့မည်။ ထိုအစည်းအဝေးကို ငါးရက်၊ တနင်္ဂနွေနေ့၊ နေ့လည်နှစ်နာရီအချိန်တွင် နှစ်ဆယ့်ခေါက်ဦး ကော်မီတီဝင် ကျောင်းသားများက အလုံသစ်စက်ဝင်းထဲမှ ကိုဘဦးအိမ်၌ လုပ်လိုက်ကြသည်။ထိုနေ့တွင် သပိတ်မှောက်ကြရန်လည်း ဆုံးဖြတ်လိုက်ကြသည်။ အစည်းအဝေးပြီးပြီးချင်း ကိုဖိုးကျားတို့ တတွေလည်း ဂျပ်ဆင်နှင့် ရန်ကုန်ကောလိပ်ရှိ ကျောင်းအိပ် ကျောင်းစားများကို ဗဟန်းရှိ ဦးအရိယကျောင်းတိုက်သို့ သွားရောက်ရန် လိုက်လံနှိုးဆော်ရလေသည်။

ထိုအခါ ကျောင်းအိပ်ကျောင်းစားများသည် ရွှေတိဂုံဘုရားလမ်းတစ်လျှောက် သွားနေသော ဓာတ်ရထားပေါ်သို့ တစ်သုတ်ပြီးတစ်သုတ် တက်ကြလေတော့သည်။ ညနေစောင်းလတ်သော် ဦးအရိယကျောင်းဝင်းအတွင်း၌ ကောလိပ်ကျောင်းသား သုံးရာခန့် စုမိကြလေပြီ။ မကြာမီ ရန်ကုန်ကောလိပ် ဆရာကြီးဦးဘနှင့် ဦးဘလှိုင်တို့ လိုက်လာ၍ ကျောင်းသားများကို စာမေးပွဲပြီးမှ သပိတ်မှောက်ရန် ချော့လေသည်။ မရ။

ညပိုင်း၌ တဖန် ရန်ကုန်ကောလိပ် ကျောင်းအုပ်ကြီးဖြစ်သူ မက်သယူဟန်းတားသည် မင်းတိုင်ပင်အမတ် ဦးမြင့်နှင့်အတူ ရောက်လာပြန်လေသည်။ မက်သယူးဟန်းတားသည် ကျောင်းသားတွေ၏ အကြည်ညိုကို ခံခဲ့ရသူဖြစ်ရာ သုပြောလျှင် ကျောင်းသားတွေ သူ့နောက်ပါလိမ့်မည်ဟု ထင်နေသည်။

သို့သော် ကျောင်းသားတွေက သူ့နောက်မပါ။ သူသာ လက်လျှော့၍ ပြန်သွားရသည်။

ထိုညတွင်ပင် နှစ်ဆယ့်ခြောက်ဦး ကော်မီတီသည် ကိုဘဦးကို ခေါင်းဆောင်တင်၍ သပိတ်မှောက်ကျောင်းသားများ ကောင်စီအသွင် သို့ ပြောင်းလေသည်။ သပိတ်မှောက်ကြောင်း မြို့မိမြို့ဘများ သိအောင်ဟုလည်း ရန်ကုန်အနောက်ပိုင်း အရှေ့ပိုင်းတို့တွင် ကနေသော အငြိမ့်စင်များမှ တစ်ဆင့် ကြေညာရလေသည်။ ထို့နောက် ကိုဘဦးနှင့် ကောင်စီဝင်တို့သည်လည်း တဖွဲဖွဲရောက်လာသော ကျောင်းသားများကို အားတက်အောင် ပြောဆိုဆွေးနွေးရလေသည်။

နောက်နေ့တွင် သပိတ်တားဖို့ အစီအစဉ်ကို ဆွဲရလေသည်။ သပိတ်မှောက်ကျောင်းသားတွေအတွက် နေရေးစားရေးကို တိုင်ပင်ရလေသည်။ ဘုန်းကြီးတွေကလည်း တော်ရှာကြပါပေသည်။ ညတွင်းချင်း အိပ်ရာခေါင်းအုံး ထုတ်ပေးကြလေသည်။ မြို့ထမှ လူကြီးသူကြီးများကလည်း စောင်၊ မွေ့ရာ ပို့ပေးကြလေသည်။

နောက်တစ်နေ့များတွင်မူ ဆေးရုံထောင့်၊ ဘုရားလမ်း၊ ဘူတာထောင့် စသည်တို့မှ သပိတ်မှောက်ကျောင်းသားများ နေ၍ သပိတ်တားကြပြန်သည်။ ထိုအခါ ကျောင်းတက်မည့် ကျောင်းသားများလည်း လိုက်လျောကာ သပိတ်စခန်းတွင် လာ၍ ပေါင်းကြလေသည်။ တစ်ဖန် သိမ်ကြီးဈေး၊ ကြည့်မြင်တိုင်ဈေးသို့ သပိတ်မှောက်ကျောင်းသားတွေ သွား၍ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် စသည်ဖြင့် အလှူခံရပြန်သည်။ ဈေးသူ ဈေးသားတွေကလည်း စေတနာရှိကြပါပေသည်။ အထူးသဖြင့် သိမ်ကြီးဈေး မြန်မာ့ဟိတကုမ္ပဏီအသင်းမှ ကွမ်းရွဲကြီး ဒေါ်ဒေါ်သိန်းသည် အလွန်စိတ်အားထက်သန်သည်။ သူကိုယ်တိုင် ဆော်အော၍ ဆန်အိတ်၊ ဆီပုံးစသည်ကို လက်တွန်းလှည်းပေါ် တင်ပေးလေသည်။

သပိတ်မှောက်၍ လေးငါးရက်အကြာတွင် သတင်းစာမှ တစ်ဆင့် တိုင်းပြည်က သိရအောင်ဟု သပိတ်မှောက်ကျောင်းသားများကောင်စီက

. . .ကျွန်တော်တို့ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာစွာ မသိရသေးသော ကိစ္စတစ်ခုကို စတင်၍ ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်း မှန်ကန်ကြောင်းကို ကောင်းမွန်ခိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တစ်တိုင်းတစ်ပြည်လုံး ကျွန်တွင်းက မည်သည့်အခါမှ မလွတ်မကင်းမည့် ဗြူရို

ကရက်တို့၏ သိပ္ပံကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့က ခုခံဖြိုဖျက်ခြင်းမှတစ်ပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏ ...

စသည်ဖြင့် ကြေညာချက် ထုတ်ပြန်လေသည်။ ကောင်စီ၏ ငွေထိန်းကိုမြင့် ကလည်း သပိတ်စခန်းကျောင်း၊ ဇရပ်များ၌ မိမိတို့မှာ ကောင်းစွာ နေထိုင်ကြရပါကြောင်း၊ စားရေးသောက်ရေး ပြည့်စုံပါကြောင်း၊ ကျန်းမာရေးအတွက် ပူပင်စရာ မလိုပါကြောင်း မိဘများကငွေပို့သည့်အခါ မိမိထံ လိပ်စာတပ်၍ ပို့ပါမည့်အကြောင်း စသည်ဖြင့် အကြောင်းကြားလေသည်။

တဖန် ကိုဖိုးကျားကလည်း 'ကျား'ဟူ၍ လက်မှတ်တိုထိုး၍အောက်ပါအတိုင်း –

. . .အရေးကြီးက သွေးနီးရာ ဆိုသကဲ့သို့ မိမိတို့၏ ကလေးများကိုတတ်နိုင်သမျှ ကြည့်ရှုရန် အချိန်ရောက်ပြီ၊ စောင်မရန်နည်းကား ယခုအမှုမှာ မည်သို့ဖြစ်မည်ကို မသိရသေး၊ တောင်းသည်ကို ရ,က ကျောင်းသို့ ပြန်ရန်ပင်ရှိသည်။ . . .အကယ် မရ,ကလည်း ကျောင်းမှ ထွက်ကြဖို့သာ ရှိတော့သည်။ သို့ ကျောင်းကထွက်ရလျှင်လည်း မြန်မာတို့တည်ထောင်သော ဟိုက်စကူး၊ ကောလိပ်ကျောင်းများ လိုအပ်တော့သည်။ ဤအရေးကားသာ၍ အရေးကြီး၏။ အမှုအောင်သည်ဖြစ်စေ၊ မအောင်သည်ဖြစ်စေ မြန်မာတို့ တည်ထောင်သော ကျောင်း၊ ကောလိပ်တို့ စင်စစ် လိုအပ်ကြောင်း ယခုထင်ရှားသည်။ လူကြီးမင်းတို့ စဉ်းစားအပ်သည်ကား အိန္ဒိယနိုင်ငံတွင် ကျောင်းသားများထွက်အောင် ခေါင်းဆောင်လူကြီးတို့ ငွေကုန်လူပန်းခံ၍ ဟောသည်တိုင်အောင် အနည်းငယ်သာ ရသေးသည်။ ယခု မြန်မာပြည်၌ကား လူကြီးများက တား၍ပင်မရချေ။ လူငယ်တွေက စည်းလုံးညီညွတ်၍ တစ်ပြိုင်တည်း ထွက်ကြပြီ။ဤအချက်မျိုး နောင် ဘယ်အခါမှာ ရဦးမည်လဲ။ သို့ကြောင့် ရ,ကား တတ်နိုင်သလောက် စောင်မကြည့်ရှု၍ ကျောင်းအမျိုးမျိုး တည်ထောင်ပေးကြပါမည့်အကြောင်း ကျောင်းသားတို့ ကိုယ်စားရိုသေစွာ ညွတ်တွား၍ ရှိခိုး အသနားတော်မြတ် ခံပါသည်။ မြန်မာပြည်ရှိ လူကြီးလူကောင်းအပေါင်းတို့ခင်ဗျား . . .'

ဟူ၍ မေတ္တာရပ်ပြန်လေသည်။

ကိုဖိုးကျား၏ မေတ္တာရပ်ခံချက်သည် နောက်ရက်၊ နောက်လများတွင် စဉ်းစားစရာ ဖြစ်လာလေသည်။ နောက်ရက်များတွင် သပိတ်စခန်း သို့

ကောလိပ်ကျောင်းသားများသာမက မြို့ထံမှ စိန်ပေါ်၊ စိန်ဂျွန်း၊ မက် သဒစ် စသော ယောကျ်ားကလေး အထက်တန်းကျောင်းများမှ ကျောင်းသား များကပါ သပိတ်မှောက်၍ ပူးပေါင်းလာကြရာ ကျောင်းသား ထောင့်ငါးရာ နှစ်ထောင်ခန့် ရှိနေလေပြီ။

(စိန်မေရီ၊ အေဘီအမ် စသော မိန်းကလေးကျောင်းများမှ ကျောင်းသူများမှာ သပိတ်မှောက်ရာတွင် ပါသော်လည်း သပိတ်စခန်းတွင် လာမနေ။) ထို့အတူ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ ပြည် စသည်ဖြင့် အမြို့မြို့ အရွာရွာမှ အင်္ဂလိပ်ကျောင်းသားများကလည်း သပိတ်လိုက်၍ မှောက်ခဲ့ကြလေပြီ။ သို့ဖြင့် တာဝန်သည် ကြီးလာ၏။ ကျောင်းသားကြီး၊ ကျောင်းသားငယ်များအတွက် ပညာသင်မပျက်ရအောင် အရေးတကြီးလုပ်ဆောင်ရန် လိုလာသည်။

သပိတ်မှောက်ကျောင်းသားများကောင်စီသည် တက္ကသိုလ် အက်ဥပဒေကို ပြုပြင်ပေးရန် ဆိုင်ရာ အာဏာပိုင်များထံသို့ တင်ပြ တောင်းဆိုလေသည်။ အကယ်၍ အာဏာပိုင်များမ မလိုက်လျောပါက သပိတ်မှောက်ကျောင်းသားတွေအဖို့ အမျိုးသားကျောင်း၊ အမျိုးသားကောလိပ်ကို ထူထောင်ရန်သာ ရှိတော့သည်။ ခက်ပါ၏။

တက္ကသိုလ် အာဏာပိုင်များက သပိတ်မှောက်ကောင်စီ၏ တောင်းဆိုလွှာကို ဘာမှ အကြောင်းမပြန်၊ ကျောင်းသားတွေကို ဒီဇင်ဘာလ နှစ်ဆယ့်သုံးရက်နေ့ နောက်ဆုံးထား၍ ကျောင်းပြန်တက်ရန်သာ ရာဇသံပေးလေသည်။ ကျောင်းသားတွေက မဖြုံ။ နယ်ကျောင်းကိုယ်စားလှယ်များပါသော သပိတ်မှောက်ကျောင်းသားများ အစည်းအဝေးတွင် ကျောင်းသားအမည်များ ဖော်ထုတ်ကြေညာလိုက်ကာ ကျောင်းစာရင်းမှ ထိုအမည်များကို ပယ်ထုတ်လိုက်ရန် စိန်ခေါ်လိုက်လေသည်။

ထိုအခါ အာဏာပိုင်များက၁၉၂၁ ခုနှစ်၊ ဇန်နဝန်ရီလ ၅ ရက်နေ့ကို နောက်ဆုံးထား၍ ကျောင်းတက်ရန် ဟူ၍ ရာဇသံထပ်ပေးပြန်သည်။ ထိုရာဇသံကို ပြန်ကြားသည့်သဘောဖြင့် ဇန်နဝါရီလ ၅ ရက်နေ့တွင်ပင် ကျောင်းသားထုက အစည်းအဝေး ကျင်းပပြီးလျှင် ရာသက်ပန် သပိတ်မှောက်ကြောင်း ဆုံးဖြတ်ချက် ချလိုက်ကြလေသည်။

ဤတွင် မြို့မိမြို့ဘတွေကလည်း ကျောင်းသားတွေကို တတ်နိုင်သည့်နည်းဖြင့် ကူညီခဲ့လေသည်။ ထိုအချိန်တွင် ဝိုင်အမ်ဘီအေသည် အလားတူ အသင်းတွေနှင့် စုပေါင်း၍ ဂျီစီဘီအေ ခေါ် မြန်မာအသင်းချုပ်ကြီးကို

တည်ထောင်ပြီး ဝတ်လုံဦးချစ်လှိုင်ကို ဥက္ကဋ္ဌတင်သည်။ သို့ဖြင့် ဆူးလေဘုရားလမ်းရှိ ထိုဂျီစီဘီအေက ကြီးမှူး၍ မြို့လုံးကျွတ် အစည်းအဝေးလုပ်ကာ အမျိုးသားကျောင်း(နေရှင်နယ်ကျောင်း)များ ထူထောင်ရန် စီစဉ်ပါလေသည်။

တစ်ဖန် ဂျီစီဘီအေမှ လူကြီးများသည် သပိတ်မှောက်ကျောင်းသားကြီးများနှင့် ပူးပေါင်း၍ အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့လိုက်ပြန်လေသည်။ ကောင်စီ၏ ဥက္ကဋ္ဌမှာ အခြားမဟုတ်၊ တရားလွှတ်တော် ရီဂျစ္စတြာအရာရှိ(မော်ကွန်းထိန်း)အလုပ်မှ ထွက်လာသော ဂျီစီဘီအေ အဖွဲ့ဝင် ဦးမောင်ကြီးဖြစ်၍ အတွင်းရေးမှူးမှာ မြေပိုင်ရှင် သူဌေး ဦးမောင်မောင်အုန်းခိုင်ဖြစ်လေသည်။ ဦးဘဖေ၊ ဝတ်လုံဦးကိုကို၊ ကိုဘဦး၊ ကိုစိုးဝင်း၊ ကိုဖိုးလတ်၊ ကိုမြင့်၊ ကိုဖိုးကျား စသူတို့မှာ အဖွဲ့ဝင်များ ဖြစ်လာကြလေသည်။

❖

[ ၄ ]

ကိုဖိုးကျားသည် သပိတ်မှောက်ကျောင်းသားများ ကောင်စီဝင်သာမက အမျိုးသားပညာရေး ကောင်စီဝင်လည်း ဖြစ်လေသည်။ ထို့ကြောင့် သူ့အဖို့ တာဝန်စုံလှပေသည်။ ပေးသမျှ တာဝန်ကိုကား မညည်းမငြူ သူထမ်းလေသည်။

ဗဟန်းသပိတ်စခန်းတွင် ကောလိပ်ကျောင်းသားမှ ခုနစ်တန်းကျောင်းသားအထိ တစ်ထောင်ကျော် နှစ်ထောင်နီးပါး ရှိခဲ့လေသည်။ ထိုကျောင်းသားများ အိပ်ဖို့အတွက် စောင်မှာ မပြည့်စုံ။ ကျောင်းသားတိုင်း စောင်ခြုံနိုင်အောင်ကလည်း နာရီပိုင်းနှင့် လုပ်ပေးမှ ဖြစ်လိမ့်မည်။ ကိုဖိုးကျားသည် ကျောင်းသားငယ် သုံးဆယ်အတွက် တာဝန်ယူ၍ ကျောင်းသားတစ်ဦးစီကို လေးနာရီကျ ခြုံနိုင်အောင် စောင့်ပေးရလေသည်။

နေ့ပိုင်းကျသည့်အခါမူ သိမ်ကြီးဈေး ဒေါ်ဒေါ်သိန်းတို့ထံ ဆန်၊ ဆား အလှူခံထွက်တန်ထွက်ရသေးသည်။ ထို့ပြင် ကျောင်းသားတွေ မပျင်းလည်း မပျင်းရအောင်၊ ပညာလည်း တိုးရအောင် ရာဇဝင်မှ ပုံပြင်ဝတ္ထုများကို ပြောပြရတတ်လေသည်။

ဤသည် လုပ်ရိုးလုပ်စဉ် ကိစ္စများပေ။ သို့သော် ကြုံကြား ကြုံကြား အလုပ်တွေကလည်း ဝင်ဝင်လာသေးတော့သည်။ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်ထဲတွင် အင်္ဂလိပ်လေဘာ (အလုပ်သမား) ပါတီမှ

အမတ်ဖြစ်သူ ဝက်ချဝုနှင့် သူ့မိန်းမသည် ရန်ကုန်သို့ ရောက်ရှိလာပြီးနောက် ရွှေတိဂုံဘုရားရင်ပြင်၌ ကျောင်းသားရော နိုင်ငံရေးခေါင်းဆောင်များကိုပါ တွေ့ဆုံစကားပြောခဲ့လေသည်။

ထိုအခါ ကိုဖိုးကျားမှာ စကားပြန်လုပ်ရသေသည်။ သူစကားပြန်ပုံကလည်း တော်ပါပေသည်။ ဝက်ချဝုက မြန်မာနိုင်ငံတွင် ပညာရေးစနစ်ခွဲခြားမှုရှိသည်ဟု သိရကြောင်း၊ ဥရောပသွေး ပါသူများကို သင်ပေးသော ပညာရေး၊ တိုင်းရင်းသားများသင်ပေးသော ပညာရေးဟူ၍ ပညာရေးခွဲခြားမှုမှာ မကောင်းကြောင်း စသည်ဖြင့် ပြောခဲ့လေသည်။ ကိုဖိုးကျားမှာ ဝက်ချဝု၏ စကားအသွားအလာကို ကြည့်၍ မြန်မာဆန်ဆန် 'သခင်ပညာ' 'ကျွန်ပညာ' စသည်ဖြင့် စကားလုံး ထွင်ခဲ့လေသည်။

သည်နောက် တစ်ဖန် တစ်နိုင်ငံလုံးမှ သပိတ်မှောက်ကျောင်းသားများ ပါဝင်၍ ရန်ကုန်၌ အစည်းအဝေးကြီး ကျင်းပသည့်အခါ ကိုဖိုးကျားတွင် နေရာချပေးရသော တာဝန်ရှိလာသည်။ သူသည် နယ်ကျောင်းများ၌ ဖြစ်ပျက်ပုံကို ရပ်သိရွာသိ သိနိုင်အောင်ဟူ၍လည်း ပြည် ကျောင်းသားသပိတ် ကိုယ်စားလှယ်များကို ကိုယ်တိုင်ကိုယ်ကျ ကြည့်မြင်တိုင်ဘက်သို့ ခေါ်ကာ မြို့မိမြို့ဘများနှင့် ဆက်သွယ်ပေးခဲ့ရသည်။ ဤသည်နောက် ကျောင်းသားတွေ၏ ပညာရေး မပျက်ရအောင်ဟု ၁၉၂၁ ခုနှစ်၊ မတ်လတွင် အမျိုးသား ပညာရေးကောင်စီက ကြပ်မတ်၍ ခုနစ်တန်း၊ ဆယ်တန်းစာမေးပွဲများလုပ်ပေးသောအခါ ကိုဖိုးကျားမှာ ပါဝင်ကူညီရပြန်သည်။

ယခုသော် အမျိုးသားကျောင်းအရေး ပေါ်လာပြီ။ အမျိုးသားပညာရေးကောင်စီသည် ကိုဖိုးလတ်ကို ကျောင်းအုပ်ခန့်၊ ကိုအေးသွယ်၊ ကိုစံထွား၊ ကိုစိန်တင် စသူများကို ကျောင်းဆရာများခန့်၍ ရန်ကုန်ဗဟန်းတွင် အမျိုးသားကျောင်းတစ်ခုကို စောစောစီးစီး စဖွင့်ခဲ့ပြီ။ ထို့နောက် နေရာပို၍အဆင်ပြေရအောင်ဟု လမ်းမတော် (ဂေါ့ဒွင်လမ်း) သရက်တော ကျောင်းတိုက်ထဲသို့ ပြောင်း၍ ဖွင့်ခဲ့လေသည်။ ပုဇွန်တောင်နှင့် ကြည့်မြင်တိုင်ဘက်တွင်လည်း ကျောင်းသားများအတွက် အမျိုးသားကျောင်းများထပ်မံဖွင့်ခဲ့၍ ၃၂ လမ်းနှင့် ကြည့်မြင်တိုင်ဘက်တွင် ကျောင်းူများအတွက် ကျောင်းဖွင့်ခဲ့ပြန်လေသည်။

သို့သော် အရေးကြီးသည်မှာ နယ် အမျိုးသားကျောင်းများကိစ္စဖြစ်လေသည်။ နယ်တွင်လည်း အမျိုးသားကျောင်းတွေ စနေပြီ။ စ၍ဖြစ်အောင်လည်း ကိုဖိုးကျား၊ ကိုဖိုးထွန်း၊ ကိုလူဖေဝင်းတို့တတွေက ကိုယ်နှင့်

နီးစပ်ရာ နယ်များတွင် ကျောင်းတွေ လိုက်ထောင်ပေးခဲ့ကြသည်။ ကျောင်းကော်မတီ ဖွဲ့ပေးခဲ့ကြသည်။

ကိုဖိုးကျားဆိုလျှင် ကြံခင်းဘက်သို့သွား၍ ကျောင်းထောင်ပြီးလျှင် ကျောင်းအုပ်လုပ်နေခဲ့သည်။ သို့သော် ဤမျှဖြင့် မလုံလောက်။ ကျောင်းတွေ မြဲဖို့ အရေးကြီးသည်။ အဆောက်အအုံ ဟုတ်ဟုတ်ငြားငြားရဖို့၊ ဆရာ လုံလောက်ဖို့၊ ရန်ပုံငွေရဖို့ ပြဿနာတွေရှိသည်။ ထို့အတွက် မြို့မိမြို့ဘများ စေတနာ သဒ္ဒါတရားပေါက်အောင် နှိုးဆော်ဖို့ လိုနေလေသည်။ အစိုးရကို အစိုးရ လခစားမိဘတွေ မကြောက်ဘဲ၊ အမျိုးသားကျောင်း အားပေးရအောင် နားချဖို့ လိုနေလေသည်။

ထိုအခါ အမျိုးသားပညာရေးကောင်စီသည် ကိုဖိုးကျား၏ အရည်အသွေးကို သဘောပေါက်လေသည်။ကိုဖိုးကျားကို တစ်နေရာထဲတွင် ကြာကြာမထားဘဲ နယ်လှည့်တရားဟောဆရာအဖြစ် သုံးလိုလေသည်။ ပရိသတ် နားရှင်းအောင်၊ စိတ်တက်ကြွလာအောင် စကားပြောနိုင်သူမှာ ကိုဖိုးကျားပင် မဟုတ်လား။ သို့ဖြင့် ကိုဖိုးကျားသည် ကြံခင်း၌ပင် ကြာကြာမနေလိုက်ရဘဲ နယ်အနှံ့ မြို့အနှံ့လျှောက်၍ သပိတ်တရား ဟောခဲ့ရလေသည်။ နယ်အနှံ့ လျှောက်သွားနေရသည်ကို အကြောင်းပြု၍ သူနှင့် သပိတ်မှောက်ဖက်ဖြစ်သော ကိုထွန်းဖေက 'ကိုဖိုးကျားမှာ တောထွက်နေရသည်သာ များ၏' စသည်ဖြင့် နောင်အခါတွင် မြန်မာ့နေ့စဉ်သတင်းစာ၌ ဖော်ထုတ် မှတ်တမ်းတင်ခဲ့လေသည်။

သည်လိုနှင့် ကိုဖိုးကျားသည် နယ်သွားလိုက်၊ ရန်ကုန်ဌာနချုပ်ကို ပြန်လိုက်နှင့် သွားချည် ပြန်ချည် ရှိခဲ့ရလေသည်။ သပိတ်မှောက် နှစ်ပတ်လည်သောအခါ ရန်ကုန်တွင် သူ ရှိရပြန်လေသည်။ အမျိုးသားပညာရေးအဖွဲ့ချုပ်က ရန်ကုန်တွင် အခမ်းအနားဖြစ်အောင် လုပ်ချင်သည။ အမျိုးသား ပညာရေးကိစ္စကို မျက်ခြည်မပြတ်ရအောင် အနည်းဆုံး ရန်ကုန်တွင် အထိမ်းအမှတ် ဖြစ်စေချင်သည်။

သို့ဖြင့် ကိုဖိုးကျားနှင့် ကိုစိုးဝင်းတို့သည် ထိုကိစ္စဖြစ်မြောက်အောင် စီမံပေးရသည်။ သူတို့သည် အမျိုးသား ကျောင်းသူ ကျောင်းသားများကို သရက်တောကျောင်းတိုက်၊ အမျိုးသားကျောင်းရှေ့တွင် စုဝေးစေသည်။ ထို့နောက် လှည်းဖြင့် တင်၍ အနောက်ပိုင်းတစ်ဝိုက်၊ သိမ်ကြီးဈေးတစ်ဝိုက် လှည့်လည်၊ မိဘများ၊ အရပ်သူ အရပ်သားများ၏ လက်မှ သပြေပန်းကို ခံယူ၊ ဘုရားပေါ်တက် နောက်ဆုံး၌ ဦးအရိယကျောင်းတွင် စုကြရသည်။

ထိုအခါ အမျိုးသားပညာရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကြီးနှင့် သပိတ်မှောက်ကျောင်းသားများကောင်စီဥက္ကဋ္ဌ ကိုဘဦးတို့က အားတက်ဖွယ်ရာ မိန့်ခွန်းကို ပြောလေသည်။

၁၉၂၂ ခု၊ နှစ်ပတ်လည်ဥ္စမူကား ကိုဖိုးကျားကိုယ်တိုင် ပါဝင်၍ တရားဟောရလေသည်။ တရားဟောဖို့အကြောင်းကလည်း ရှိလေသည်။ နယ်တွင်အမျိုးသားကျောင်းတွေ အစီအရီနှင့် ရှိလာကုန်ပြီ။ ရန်ကုန် ဗဟန်းတွင်လည်း အမျိုးသားကောလိပ် ဖြစ်ထွန်းလာပြီ။ ထို့ပြင် မန္တလေးတွင် ကျင်းပခဲ့သော ဂျီစီဘီအေ နဝမမြောက် အစည်းအဝေး (ရန်ကုန်တွင် ဆက်လက်ကျင်းပသော အစည်းအဝေးတို့)ကလည်း ထိုနေ့ထိုရက်ကို အမျိုးသားနေ့ဟု သတ်မှတ်ခဲ့ပြီးပြီ။

ထိုကိစ္စမှာလည်း ကိုဖိုးကျားတို့ တော်တော်လုံးပန်းလိုက်ရသော ကိစ္စဖြစ်ချေသည်။ အမျိုးသားနေ့အတွက် အချို့က ဆရာတော်ဦးဥတ္တမ ထောင်ကျသည့်နေ့ကို ကြိုက်သည်။ အချို့က အိန္ဒိယသို့ သီပေါမင်းပါသည့်နေ့ကို ကြိုက်သည်။

သို့သော် မန္တလေးအစည်းအဝေးသို့ တက်ရောက်ခဲ့သော ကိုမြင့်က ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ဆယ်ရက်နေ့သာလျှင် စိတ်အားတက်ဖွယ်ရာ နေ့ဖြစ်၍ ထိုနေ့ကို အမျိုးသားနေ့ဟူ၍ အသိအမှတ်ပြုရန် အဆိုတင်သွင်းခဲ့ရာ ဂျီစီဘီအေက နောက်ဆုံး၌ လက်ခံခဲ့လေသည်။

သို့ဖြင့် ၁၉၂၂ ခု နှစ်ပတ်လည်အခမ်းအနားတွင် ကိုဖိုးကျားမှာ စကားပြောရန် စိတ်အားထက်သန်နေလေသည်။ သူ့အလှည့်အရောက်တွင် ပြောခဲ့သည်မှာကား . . .

. . . လူလည်းစုံပြီဖြစ်လို့ အမျိုးသားကျောင်းအကြောင်း သိသွားအောင် ပြောပြပါ့မယ်။ ယနေ့အထိ အမျိုးသားကျောင်းများ ၉၄ ကျောင်းရှိပါပြီ။ အချို့ ဘက်တော်သားများက အမျိုးသားကျောင်းဟာ တာမရှည်၊ ပျက်စီးလိမ့်မယ်လို့ အမျိုးမျိုး ကဲ့ရဲ့ပြောဆိုကြပါတယ်။ အချို့ဘက်တော်သားများက နေရှင်နယ်ကျောင်းများမှာ ငွေမလောက်ဘူး၊ ကြာကြာမခံဘူးဟု ပြောကြပါတယ်။ သူတို့ပြောတာက အချို့မှန်ပါတယ်။ ငွေမလောက်သော်လည်း ဘယ်တော့မှ ပျက်မယ်မဟုတ်ပါ။ ကျွန်တော် ကျောင်းများကို လိုက်စစ်ဆေးခဲ့ရာမှာ စိတ်ပျက်လောက်အောင် တစ်ကျောင်းမှ မတွေ့ရပါ။ ကျွန်တော်တို့ ယခုအလုပ်လုပ်ခဲ့တာ ၂ နှစ်ရှိပါပြီ။ သည်အလုပ်ဟာ သူများ

မလုပ်နိုင်တဲ့အလုပ်ဖြစ်ပါတယ်။ ပြည်သူအများကလည်း သပိတ်မှောက်တဲ့ နေ့ကို အကောင်းဆုံးနေ့ဟု ဆိုကြပါတယ်။ အစိုးရများက နေရှင်နယ် ကျောင်းများဟာ ဘုန်းကြီးကျောင်းကြို ကျောင်းကြားမှာလေး ဘာလေးနဲ့ ကျွန်တော်တို့ စိတ်ပျက်အောင်ပြောသော်လည်း ကျွန်တော်တို့မှာ မှန်မှန်ကန် ကန် လုပ်ခဲ့တဲ့အတွက် စိတ်မပျက်ပါ။

စသည်ဖြင့် ဖြစ်လေသည်။

❖

[ ၅ ]

ကိုဖိုးကျား၏စကားသည် အားတက်ဖွယ်ပင်ဖြစ်တော့သည်။ နယ်နှင့် ရန်ကုန်တွင် အမျိုးသားကျောင်းတွေ ကိုးဆယ့်လေးကျောင်းရှိလာသည်မှာ နည်းနည်းနောနောအောင်မြင်မှုမဟုတ်၊ ဘုန်းကြီးကျောင်းလို ရရာနေရာမျိုးတွင် ကျောင်းဖွင့်ခဲ့သော်လည်း ကျောင်းသားတစ်သောင်းခြောက်ထောင်စာရင်းပေါက်နေသည်။ သပိတ်မှောက် ကျောင်းသားများကလည်း မြို့အသီးသီးတွင် အမျိုးသားကျောင်းဆရာ သွားလုပ်ခဲ့ကြသည်။

ပမာအားဖြင့် ကိုထွန်းဖေက ရွှေဘို၊ကိုဖိုးကွန်းက တောင်ငူ၊ ကိုဘခင်က မန္တလေး၊ ကိုလူဖေဝင်းက အင်ဂလူ စသည်နှင့် သပိတ်မှောက်ကျောင်းသားများပီပီ တာဝန်ကြေအောင် ကြိုးစားခဲ့ကြသည်။ အပြင်အပမှလည်း ဦးဘလွင်ဆိုသော ပုဂ္ဂိုလ်မျိုးက ပညာအုပ်အလုပ်မှ ထွက်၍ ပုဇွန်တောင်အမျိုးသားကျောင်းတွင် ကျောင်းအုပ်လာလုပ်သည်။

ထို့အတူ ဗဟန်းရှိ အမျိုးသားကောလိပ်တွင်လည်း သူရိယသတင်းစာတိုက်မှ အလုပ်ထွက်လာသော ဆရာလွန်းက မြန်မာရာဇဝင်နှင့် စာပေပါမောက္ခလုပ်သည်။ ဟသ်ာတမြို့ ပညာအုပ်အလုပ်မှ ထွက်လာသော ဦးဘချိုက လက်ထောက်မြန်မာစာဆရာ လုပ်သည်။ မြို့မိမြို့ဘများသည်လည်း အမျိုးသားကျောင်းများနှင့် အမျိုးသားကောလိပ်အတွက် မကြာခဏဆိုသလို ရန်ပုံငွေ ထောက်ပံ့နေခဲ့လေသည်။

ထိုသို့သော ဝံသာနုစိတ်ဓာတ်သည် တစ်နှစ်ကျော်ကျော် အရှိန်တက်ခဲ့လေသည်။သို့သော် သဒ္ဓါလွန်း ဆွမ်းတော်တော်ရပ် ဆိုသော မြန်မာစကားပုံသည် ရှိ၏။ အချိန်လင့်လာသော် ထိုစကားပုံနှင့်အညီ အခြေအနေပေါ်ပေါက်ခဲ့တော့သည်။ မြို့မိမြို့ဘတို့သည် စောစောက ရက်ရက်ရောရောသဒ္ဓါကြည်ဖြူစွာ ပေးကြကမ်းကြပါ၏။ နှစ်ချို့လာသောအခါ ထိုသဒ္ဓါစိတ်လျော့စရာအကြောင်း တွေ့လာကြလေသည်။

အမျိုးသားကျောင်းမှာ ကိုယ်ပိုင်အဆောက်အအုံကမရှိ၊ ကျောင်းဆရာမှာလည်း လခ မရတစ်ချက် ရတစ်ချက်နှင့် တစ်ဖက်က စာသင်ရ၊တစ်ဖက်က ကျောင်းရန်ပုံငွေရှာရနှင့် ကျောင်းစည်းကမ်းလည်း လျော့ရဲရဲဖြစ်လာရလေသည်။ ထိုအခါ နေရှင်နယ်ကျောင်း (အမျိုးသားကျောင်း) မှာနေချင်တိုင်းကျောင်းဟူ၍ အခေါ်ခံရလောက်အောင် ချို့ယွင်းလာလေသည်။အမျိုးသားကောလိပ်ကလည်း တစ်လ တစ်ထောင် ရှုံးနေခဲ့သည်။ ထိုအတွင်းနိုင်ငံရေး အကွဲအပြဲကိစ္စ ပေါ်လာလေရာ ပြည်သူပြည်သားတို့မှာ စိတ်ဓာတ်ကျကျလာလေသည်။

နိုင်ငံရေးတွင် ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် ကိုယ်စားလှယ်အဖွဲ့၏ဆောင်ရွက်ချက်သည် သိပ်အရာမရောက်ခဲ့ပေ။ သို့ဖြင့် ဂျီစီဘီအေသည်ဦးဘဖေ၊ ဦးပု၊ ဝတ်လုံဦးသိမ်းမောင်တို့ကို ထပ်မံရွေးချယ်၍ အင်္ဂလန်သို့ပြန်လွှတ်အရေးဆိုစေသည်။ ထိုအခါ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံအားအိန္ဒိယနှင့်တန်းတူ အုပ်ချုပ်ရေးကို ပေးပါမည်ဟု ကတိပြုခဲ့လေသည်။ ကတိအတိုင်း ဒိုင်အာခီအုပ်ချုပ်ရေးကိုလည်း ပေးခဲ့လေသည်။

ဒိုင်အာခီဆိုသည်မှာ အင်္ဂလိပ်နှင့် မြန်မာတို့ နှစ်ပိုင်းခွဲ၍ အုပ်ချုပ်သော စနစ်ဖြစ်လေသည်။ ထိုစနစ်အရ မြန်မာနိုင်ငံသည် သီးခြားဘုရင်ခံနှင့်ဖြစ်လာသည်။ ဥပဒေပြုလွှတ်တော်တွင် အမတ်ဦးရေ တစ်ရာ့သုံးဆယ်ရှိရာ ရှစ်ဆယ်မှာ ရွေးကောက်ခံရသော အမတ်များဖြစ်လေသည်။ ထိုအခါပြည်သူ့ဘက်မှ ပညာရေး၊ ကျန်းမာရေး၊ ဒေသန္တရအုပ်ချုပ်ရေး၊ သစ်တောရေး စသော အနည်းအပါးဌာနများကို အုပ်ချုပ်နိုင်၍ ငါးထောင်စားဝန်ကြီးချုပ်နှစ်ဦးကို ထားခွင့်ရသည်။ အင်္ဂလိပ်အစိုးရက ဘဏ္ဍာရေး၊ ပြည်ထဲရေးစသော အရေးကြီးသည့်ဌာနများကို အုပ်ချုပ်၍ ပြည်ထဲရေးနှင့် ဘဏ္ဍာရေးဝန်ကြီးချုပ် နှစ်ဦးထားလေသည်။ တစ်ခုရှိသည် လွှတ်တော်၌ ဘယ်ဥပဒေကို ပြဋ္ဌာန်းသည်ဖြစ်စေကာမူ ဘုရင်ခံသဘောတူမှ အတည်ဖြစ်နိုင်လေသည်။

ထိုအုပ်ချုပ်ရေးစနစ်ကို အကောင်အထည် ဖော်ရန်လည်း ၁၉၂၂ ခု နိုဝင်ဘာလထဲတွင် ရွေးကောက်ပွဲများ ကျင်းပရလေသည်။ ထိုအခါ ဦး ချစ်လှိုင် ဥက္ကဋ္ဌလုပ်နေသော ဂျီစီဘီအေက ဒိုင်အာခီသည် ပြည်သူတို့အား အာဏာတကယ်ပေးသော အုပ်ချုပ်ရေးမဟုတ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုသာ လိုချင်သည်ဆိုကာ ရွေးကောက်ပွဲကို မဝင်ဘဲ သပိတ်မှောက်လေသည်။ သပိတ်မှောက်သည်ကို မကြိုက်သော ဦးမောင်ကြီး၊ ဦးဘဖေ၊ ဦးမောင်မောင် အုန်းခိုင် အစရှိသောအသင်းသား နှစ်ဆယ့်တစ်ဦးသည် ဂျီစီဘီအေမှ ထွက်လာကာ ရွေးကောက်ပွဲဝင်ကြလေသည်။ လွှတ်တော်တွင်းဝင်၍ ပူးသတ်မည်ဟူ၍လည်း ကြေညာကြလေသည်။ ထိုသို့ဖြင့် နိုင်ငံရေးတွင် ကွဲပြားခဲ့လေရာ ပြည်သူပြည်သားတို့မှာ စိတ်အားပျက်လာလေသည်။ အမျိုးသား ပညာရေးကို အားပေးရန်ဆန္ဒလည်း နည်းပါးလာလေသည်။

၁၉၂၃ ခုနှစ်အစတွင် နှစ်ဆယ့်တစ်ဦးအဖွဲ့ဝင် ဦးမောင်ကြီးသည် ပညာရေးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ ထိုဦးမောင်ကြီးသည်လည်း အမျိုးသားပညာရေးကောင်စီတွင် ဥက္ကဋ္ဌပင် ဖြစ်နေခဲ့သည်။ ထို့ကြောင့် အမျိုးသားကျောင်းအချို့ ယိမ်းယိုင်လာသည်ကို ကိုယ်တိုင်သိသည်။ အမျိုးသားကျောင်းများ တည်တံ့အောင်လည်း နည်းလမ်းရှာပေးချင်လေသည်။ အမျိုးသား ပညာရေးကောင်စီဝင်အများကလည်း မိမိတို့လက်အောက်ခံ အမျိုးသားကျောင်းများ ပျက်စီးကုန်မည်ကို စိုးရိမ်ကြသည်။မိမိတို့ဘက်က သိပ်လျှော့မပေးရလျှင် အစိုးရအထောက်အပံ့ယူမည်ဟု စိတ်ကူးလေသည်။ အစိုးရထောက်ပံ့ငွေ ဆိုသည်မှာ အမှန်စင်စစ် တိုင်းပြည်ငွေပင်ဖြစ်သည်။ အစိုးရက ခေတ္တထိန်းသိမ်းထားခြင်းသာ ဖြစ်သည်ဟုလည်း ယုတ္တိရှာလေသည်။ သို့ဖြင့် အစိုးရနှင့် ကောင်စီတို့ နှစ်ဦးနှစ်ဘက် ဆွေးနွေးကာ သဘောတူစာချုပ်လိုက်ကြလေသည်။

စာချုပ်သဘောမှာ အမျိုးသားကျောင်းများကို အစိုးရ ပညာရေးဌာနက တိုက်ရိုက်မအုပ်ချုပ်ရ။ အမျိုးသားပညာရေးကောင်စီမှ တစ်ဆင့်သာလျှင် အုပ်ချုပ်ရမည်ဖြစ်သည်။ ကောင်စီက စိတ်ကြိုက်သင်ခန်းစာကို ရေးဆွဲပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ သို့သော် ထိုသင်ခန်းစာ၏ အဆင့်သည် အစိုးရကျောင်းများအတွက် ပြဋ္ဌာန်းထားသော သင်ခန်းစာအဆင့်ထက် မနိမ့်စေရ။ အမျိုးသားကျောင်း အလယ်တန်း၊ အထက်တန်းသမားများသည် အစိုးရ အလယ်တန်း၊ အထက်တန်းကို ဝင်ရောက်ဖြေဆိုခွင့်ရှိလေသည်။ အမျိုးသားကျောင်းများကို အမျိုးသားပညာဝန်များက တရားဝင် စစ်ဆေးမည်။ သို့ သော်

အစိုးရပညာဝန်များကလည်း စစ်ဆေးခွင့်ရှိသည်။ ထို့နောက်မူကား အစိုးရက အမျိုးသားပညာအတွက် ကျောင်းသားတစ်ယောက်လျှင် ၁၅ကျပ် နှုန်း ထောက်ပံ့မည်ဟူ၍ ဖြစ်လေသည်။

သို့ဖြင့် အမျိုးသားပညာရေးကောင်စီနှင့် အစိုးရတို့ သဘောတူ စာချုပ်လိုက်ကြသည်ကို အချို့ အမျိုးသားကျောင်း (ကော်မီတီ) များက မကျေနပ်။ အစိုးရထံ အမျိုးသားပညာရေးဘက်သားက ဒူးထောက်အညံ့ခံ လိုက်ကြသည်ဟု ယူဆလေသည်။ ယူဆရုံသာမက အမျိုးသားပညာရေး ကောင်စီ လက်အောက်မှ ခွဲထွက်ကြလေသည်။

ဝေးဝေးမကြည့်လေနှင့်။ သရက်တောကျောင်းတိုက်ရှိ အမျိုးသား ကျောင်းပင်လျှင် နှစ်ကျောင်းကွဲရသည်။ အမျိုးသားပညာရေးကောင်စီ လက် အောက်ခံ အမျိုးသားကျောင်း (နောင် မြို့မအမျိုး သားကျောင်း)မှာလည်း ဗိုလ်ကြက်လမ်း၊ စစ်တန်းလျားသို့ ပြောင်းပေးရသည်။ အမျိုးသားပညာရေး ကောင်စီအောက်မှ ခွဲထွက်သော ကျောင်းဦးရေမှာလည်း သုံးဆယ်လောက် ရှိသည်။ စပ်မိ၍ ဖော်ပြရမည်ဆိုသော် ထိုကျောင်းများသည် နောင်အခါ ငွေကြေးချို့တဲ့မှု ပြဿနာဆိုက်ကာ ပျက်စီးကုန်ကြလေသည်ဖြစ်၏။

ကိုဖိုးကျားသည် အမျိုးသားပညာရေးကောင်စီအောက်တွင် ဆက် လက် အမှုထမ်းလေသည်။ ဤတွင် သူ့မိတ်ဆွေ ကိုဖိုးလတ်၊ ကိုလှဖေဝင်း၊ ကိုအေး၊ ကိုစိန်တင် စသူများနှင့် မတူ။ ထိုသူများမှာ ရန်ကုန်တက္ကသိုလ် သို့ ပြန်ဝင်ကြတော့မည်။

ရန်ကုန်တက္ကသိုလ်သို့ သပိတ်မှောက်ကျောင်းသားများ ပြန်ဝင် နိုင်ရအောင်လည်း ဦးမောင်ကြီးက တက္ကသိုလ်အာဏာပိုင်များနှင့် စီစဉ်ထား သည်။ ကိုဖိုးကျားမှာမူ ရန်ကုန်တက္ကသိုလ်မှ ဘီအေဘွဲ့လည်း ပြန်မယူလို တော့ပြီ။ အစိုးရလခစားလည်း မမက်တော့ပြီ။ လခနည်းနည်းသာရသော အမျိုးသားပညာဝန်အလုပ်ပင် ဆက်လုပ်တော့မည်။

အကြောင်းကား ရှင်းပါ၏။ သူသည် အမျိုးသားကျောင်းတွေပေါ် တွင် သံယောဇဉ်ငြိတွယ်နေသည်။ ထိုကျောင်းများကို တည်တံ့အောင်သာ မက အစိုးရကျောင်းများနှင့်မတူ ကွဲပြားထူးခြားသော ကျောင်းဖြစ်လာ အောင် ပါဝင်ကူညီချင်သည်။ အမျိုးသားပညာရေးကောင်စီကလည်း အမျိုး သားကျောင်းများကို အစိုးရကျောင်းနှင့်မတူအောင် အစီအစဉ် ဆွဲနေသည်။

ထိုအစီအစဉ်တွင် ကျောင်းသားများကို တစ်နှစ်လျှင် နှစ်တန်း တက်စေဖို့ ပါသည်။ အတန်းတိုင်းတွင် ဗုဒ္ဓဘာသာသင်ခန်းစာ (သို့မဟုတ်

အခြားဘာသာရေးသင်ခန်းစာ) ထည့်သင်ဖို့ပါသည်။ ပြည်ရေးပြည်ရာ ပညာသင်ပေးဖို့ပါသည်။ မိန်းကလေးများအတွက် ဇာထိုး ပန်းထိုး စက်ချုပ်ပညာ သင်ပေးဖို့ပါသည်။ အင်္ဂလိပ်ဘာသာမှတစ်ပါး ဘာသာအရပ်ရပ်ကို အတန်းတိုင်းတွင် မြန်မာဘာသာဖြင့် သင်ကြားပေးဖို့ပါသည်။ မြန်မာဘာသာနှင့် မြန်မရာဇဝင်ကို အလေးပေးသင်ဖို့ပါသည်။ အတိုချုပ်ရသော် အသင်မွေးဝမ်းကျောင်းမှုနှင့် မြန်မာ့ယဉ်ကျေးမှု အခြေခံသော ပညာရေးအစီအစဉ်ပင် ဖြစ်တော့သည်။

ထိုအစီအစဉ်အရ အချို့ကျောင်းများတွင် လုပ်ငန်း စသလောက် စခဲ့ပြီ ဖြစ်လေသည်။သရက်တောကျောင်းတိုက်တွင် ထူထောင်ခဲ့သော အမျိုးသားကျောင်း၌ ကဗျာသာရ နိသျ ကျမ်းပြုဆရာ ဦးမင်းဟန်ကို ဆရာခန့်ခဲ့သည်။ အင်းစိန်အမျိုးသားကျောင်းတွင် ဇာထိုး၊ ပန်းထိုး၊ အပ်ချုပ် သင်ပေးသည်။ဆရာလွန်းလို ပုဂ္ဂိုလ်မျိုးကလည်း ကျောင်းတွင် သုံးနိုင်အောင် ကဗျာသာရတ္ထသင်္ဂြိုဟ်၊ မှန်နန်းရာဇဝင်ချုပ် စသော စာအုပ်မျိုးကို စတင်ထုတ်ဝေထားသည်။

သို့သော် အမျိုးသားကျောင်းလိုအင်ကို ဖြည့်နိုင်သော စာအုပ်အမျိုးအစားကား နည်းလှသေးသည် အောက်တန်းမှ အထက်တန်း အထိ စာပေဝေါဟာရဆိုင်ရာ၊ ရာဇဝင်ဆိုင်ရာ စာအုပ်အစားစား လိုနေသေးသည်။ ထိုအတွက် စာဘက်၌ 'ဇ'ရှိသော ကိုဖိုးကျားသည် အသုံးဝင်ရန် အကြောင်း ရှိလေသည်။

❖

[ ၆ ]

ယခုအခါ ဦးဖိုးကျားမှာ အမျိုးသား(တိုင်းရင်းသား) ပညာဝန် အဖြစ်ဖြင့် စာမေးပွဲစစ်ရ၊ နယ်သို့ ကျောင်းစစ်သွားရနှင့် အလုပ်တာဝန် အများအပြားရှိနေသည်။ သို့သော် ကျောင်းစစ်သွားရင်းလည်း အကြောင်း အားလျော်စွာ ဗဟုသုတ ရှာတတ်လေသည်ဖြစ်သည်။ ထားဝယ်သို့ ကျောင်း စစ်သွားရင်း မြို့မှ ခုနစ်မိုင်ဝေးသော ရှင်မုန်ထီးဘုရားသို့ သူရောက်သွား သည်။ ထိုအချိန်တွင် အဖွားကြီးတစ်ယောက် အသံကျယ်ကျယ်နှင့် ဆွမ်း ကပ်နေသည်ကို သူကြား၍ ဗဟုသုတ တိုးရပေသည်။

ကြားရပုံမှာ ညာဘက်ကတော့ ဒွန်မသားပါဘုရား၊ ရှေ့နားက ဟာက မုန့်လက်ကောက်ပါဘုရား စသည်ဖြင့် ခယားစေ့တွင်းကျ ပြောဆို ဆွမ်းကပ်ခြင်းဖြစ်လေသည်။ တစ်နေရာတွင်လည်း ကမ္ဘဋ္ဌာန်းဆရာတစ် ယောက်ကို တွေ့ကြုံဆွေးနွေးရ၍ ဆရာယောင်တို့၏ သဘောကို နားလည် ခဲ့ရသည်။ တစ်ဖန် စစ်တွေဘက်သို့ကျောင်းစစ်သွားရာမှ မြို့ဟောင်းကိုလည်း ရောက်ခဲ့ရသည်။ မြို့ဟောင်းတွင် ရှစ်သောင်းဘုရား၊ ဒုက္ခံသိမ် စသော ရခိုင်ယဉ်ကျေးမှုလက်ရာများကို ကြိုးကြိုးစားစား လေ့လာနိုင်ခဲ့သည်။

ရန်ကုန်တွင် ဦးဖိုးကျားရှိသည့်အခါတွင်လည်း ရုံးအလုပ်ဖြင့်သာ အချိန်ကုန်နေတတ်သည်မဟုတ်ချေ။ သူသည် စာတွေ့ကိုယ်တွေ့ ပညာရှာ ရန် ဘယ်အခါမှ မမေ့ခဲ့။ သူအားအားရှိလျှင် ဆရာလွန်းထံ သွားတတ်လေ

သည်။ ဆရာလွန်းမှာလည်း နည်းနည်းနောနော ပုဂ္ဂိုလ်မဟုတ်။ ကော်မီရှင်နာလမ်းရှိ ဘားနတ် ပိဋကတ်တိုက်မှ ပေပုရပိုက်တွေကို ဆရာလွန်းလောက် နှံ့နှံ့စပ်စပ် မွှေနှောက်ကိုင်တွယ်ခဲ့ဖူးသူဟူ၍ တစ်ရာတွင် တစ်ယောက်မရှိ။ ဆရာလွန်းကို ရှေ့ဟောင်းစာပေ၊ ရာဇဝင်နှင့် စပ်၍ ဘယ်နေရာကမေးမေး တမုဟုတ်ချင်း အကိုးအကား အပြည့်အစုံဖြင့် ဖြေနိုင်လေသည်သာ ဖြစ်သည်။

ထို့ကြောင့် ဦးဖိုးကျားက ဆရာလွန်းကို "Walking Dictionary" (သက်ရှိအဘိဓာန်) ဟူ၍ တင်စားပြောခဲ့လျှင်လည်း တင်စားထိုက်ပါပေသည်။ ဦးဖိုးကျားမှာလည်း ဆရာလွန်းကို မှီခိုလဲလျောင်းရကျိုးနပ်သည်ဟု ဆိုရလိမ့်မည်။ ဆရာလွန်းနှုတ်မှ ကြားခဲ့ရသည့် ဗဟုသုတလည်း မနည်းလှပြီ။ ဆရာလွန်း ညွှန်ပြလိုက်သဖြင့် ဖတ်ခဲ့ရသော ရာဇဝင်ပုံပြင်ဝတ္ထုမှာလည်း အတော်အတန်ရှိပြီ။

ဦးဖိုးကျားသည် ကြားခဲ့သမျှ၊ ဖတ်ခဲ့သမျှပညာကို ပြန်လည်ဖြန့်ဖြူးချင်လေသည်။ စာအုပ်ထုတ်ချင်သည်။ ထိုစာအုပ်သည် အများပြည်သူတို့အတွက် အကျိုးရှိမည်ဆိုလျှင် သူ့အဖို့ ဆည်းပူးထားရကျိုးနပ်သည်ဟု ယူဆသည်။

တဖန် အမျိုးသားပညာဝန်ဖြစ်လာပြန်၍ ကျောင်းသားများအတွက် ချက်ချင်းလိုမည့် စာအုပ်မျိုးလည်း ရေးချင်သည်။ တစ်အုပ်တည်းက အများပြည်သူအတွက်လည်း အသုံးကျ၊ ကျောင်းသားနှင့်လည်း ဆီလျော်မည်ဆိုလျှင်မူကား၊ သူ့အဖို့ အလွန်ဝမ်းမြောက် ကျေးဇူးတင်စရာ ဖြစ်လိမ့်မည်။

တစ်ကြောင်းမှာလည်း သူသည် ပညာစုံအောင် စောင့်ပြီးမှ ကျမ်းတစ်စောင်ပေတစ်ဖွဲ့ ရေးထုတ်တတ်သည့် လူစားမဟုတ်။ သိသလောက်ရေး၊ ရေးရင်းနှင့် ပညာရှာတတ်သော အလေ့သည် သူ့တွင်ရှိသည်။ ထို့ကြောင့် အခြေအနေပေးလျှင် ပေးခြင်း စာအုပ်ရေးထုတ်ချင်လေသည်။

အမှန်ဆိုလျှင် ကောလိပ်ကျောင်းသားဘဝကတည်းက သူ စမ်း၍ စာအုပ်ရေးခဲ့ဖူးသည်။ ထိုစာအုပ်မှာလည်း နိုင်ငံရေးခေါင်းဆောင်ကြီး ဦးထွန်းရှိန် ကွယ်လွန်ခဲ့သည်ကို အကြောင်းပြု၍ အများသိရှိ အတုခိုးနိုင်ရန် ရေးခဲ့ခြင်းဖြစ်လေသည်။

သို့သော် သပိတ်အရေးနှင့် ကြုံကြိုက်နေသဖြင့် လည်းကောင်း၊ ငွေကြေးမပြည့်စုံသဖြင့်လည်းကောင်း ထိုစာမူသည် စာအုပ် မဖြစ်သေးဘဲ

ရှိလေသည်။ ထို့အတူ ရာဇဝင်ထဲမှ လေ့လာရသမျှ ဗဟုသုတနှင့် ကိုယ်တွေ့ ဗဟုသုတကိုရော၍ 'ပုသိမ်ရာဇဝင်' ကျမ်းငယ်တစ်ခုကိုလည်း သူ ပြုစုထားခဲ့ဖူးသည်။ ထိုကျမ်းငယ်လည်း စာအုပ်မဖြစ်သေး။

အခြေအနေကား ကောင်းလာပြီဟု ဆိုရတော့မည်။သူသည် ပညာဝန်အဖြစ် မှန်မှန် လခရနေသည်။ ထို့ပြင် ငွေကြေးစိုက်ထုတ်ပေးမည့်သူလည်း အဆင်သင့်ဖြစ်နေသည်။ နောက်ကြောင်းကို ပြန်ပြောရဦးမည်။ ကိုဖိုးကျားသည် သပိတ်မှောက်ခဲ့စဉ်က သိမ်ကြီးဈေးမှ ကွမ်းရွဲကြီး ဒေါ်ဒေါ်သိန်းနှင့် သိကျွမ်းခဲ့လေသည်။

ဒေါ်ဒေါ်သိန်းမှာ ဝံသာနုစိတ်ဓာတ်ရှိသူဖြစ်သည်။ သပိတ်မှောက်ကျောင်းသားတွေအတွက် ဆန်ဆီဆား လိုလေသေးမရှိရအောင် ကောက်ခံပေးခဲ့သည်။

ထို့နောက် ရန်ကုန် (မြို့မ) အမျိုးသားကျောင်းအတွက် ရန်ပုံငွေကိုလည်း နှစ်စဉ် ဝိုင်းဝန်းကူညီရှာပေးခဲ့ပြန်သည်။ သမီးမအေးကြည်ကိုလည်း စိန့်မေရီကျောင်းမှ နုတ်၍ အမျိုးသားပညာရေးကောင်စီ လက်အောက်ခံ အမျိုးသမီးကျောင်းတွင် ပြောင်းရွှေ့ထားခဲ့လေသည်။ ထို ဒေါ်ဒေါ်သိန်း၏ ယောကျ်ားမှာမူ ဦးမောင်ကလေးဆိုသူ လူအေးတစ်ယောက်ဖြစ်သည်။ ကုန်သည်လမ်းနှင့် လွှစ္စလမ်းထောင့်ရှိ မတ်ဆင့် (အင်္ဂလိပ်သွင်းကုန်နှင့် အာမခံ) ကုမ္ပဏီတွင် စာရေးလုပ်သည်။

သပိတ်မှောက်သည့် နှစ်များအတွင်း ဦးမောင်ကလေးနှင့် ဒေါ်ဒေါ်သိန်းတို့ လင်မယားသည် ကိုဖိုးကျားအကြောင်းကို ပို၍ သိခွင့်ရလေသည်။ ကိုဖိုးကျားမှာ ကရားမှ ရေသွန်သလို စကားပြောတတ်ပုံကို သဘောကျကြသည်။ ကိုဖိုးကျား အနေအထိုင်ရိုးသား၍ ခင်မင်လာကြသည်။ တစ်စတစ်စနှင့် အလုံရပ်ထဲရှိ သူတို့၏ အိမ်ခန်းသည် ကိုဖိုးကျား၏ စားအိမ်သောက်အိမ်ဖြစ်လာခဲ့လေသည်။

ထို့နောက် သူတို့သည် အလုပ်နှင့်နီးရာပန်းဆိုးတန်း အခန်းအမှတ် ၄၂ သို့ ပြောင်းရွှေ့ကြသောအခါ ကိုဖိုးကျားသည် အိမ်သားတစ်ဦးပမာ သူတို့နှင့်အတူ ပါသွားတော့သည်။ ကိုဖိုးကျားသည် ဦးမောင်ကလေးနှင့် ဒေါ်ဒေါ်သိန်းတို့၏ သားသမီးများနှင့် နေသားထိုင်သား ကျနေလေသည်။ အထူးသဖြင့် သမီးကြီးဖြစ်သူ မအေးကြည်က 'ဦးလေး၊ ဦးလေး' နှင့် ကိုဖိုးကျားကို ခင်မင်ရှာသည်။ကိုဖိုးကျားသည်လည်း ထိုအိမ်မှ သပိတ်ကိစ္စကို ဆောင်ရွက်ရင်း အမျိုးသားပညာဝန် ဦးဖိုးကျား ဖြစ်လာခဲ့လေသည်။

စာအုပ်ကိစ္စ ပြန်ဆက်ရဦးမည်။ ဦးမောင်ကလေး လင်မယားသည် ဦးဖိုးကျားစာအုပ်ထုတ်ဖို့ ငွေစိုက်ထုတ်ပေးမည် ဖြစ်လေသည်။ ဤတွင် ဦးဖိုးကျား၏ သူငယ်ချင်းဖြစ်သူ ဦးမြင့်ကလည်း ယောက္ခမငွေဖြင့် ရန်ကုန် ၅၁ လမ်းထဲတွင် 'အမျိုးသားစာပုံနှိပ်တိုက်' ဟူ၍ တည်ထောင်ထားသည်။ ကောင်းပါပေသည်။ အားလုံးအဆင်ပြေနေသည်။

၁၉၂၄ ခုနှစ်တွင် ဦးဖိုး ကျားသည် ပုသိမ်ရာဇဝင်နှင့် ဦးထွန်းရှိန်၏ အတ္ထုပ္ပတ္တိကို တစ်အုပ်တည်း ပူးပေါင်း၍ အုပ်ရေတစ်ထောင် ထုတ်ဝေလိုက်လေသည်။

ထိုစာအုပ်သည် စီစဉ်ပုံ၊ စကားသုံးနှုန်းပုံ၊ မြင်ပုံ ကြည့်ပုံ အကောင်းချည်းမဟုတ်လှ။ ဗဟုသုတကား ပါသလောက် ပါလေသည်။ ဘယ်လိုပင်ဖြစ်စေ၊ ဦးဖိုးကျားမှာ ကျမ်းပြုဆရာအဖြစ် အခြေတည်မိလေပြီ။ သူသည် သူ့စာမူကို စာအုပ်အဖြစ် ပထမဦးဆုံးမြင်ရသည်ကို ဝမ်းသာ၍မဆုံး ဖြစ်ရလေသည်။ သူစိတ်တက်ကြွလာသည်။ အရှိန်ရလာသည်။ သူသည် သုံးလေးနှစ်အတွင်း တစ်နှစ်တစ်အုပ် ဆက်တိုက်ထုတ်ဝေခဲ့လေသည်။

ဤသို့ စာအုပ်ထုတ်ဝေသည့်အကြားတွင် ဆောင်းပါးကိုလည်း ရံဖန်ရံခါ သူ ရေးပါလေသည်။ ဆရာလွန်း၏ သားမက် ကိုယောက သူ့ 'ဇေယျ' ဂျာနယ်အတွက် ဆောင်းပါး လာတောင်းလျှင်လည်း မဆိုင်းမတွ ရေးပေးလိုက်သည်သာဖြစ်သည်။ ရန်ကုန်မြို့မကျောင်းသားဟောင်း ကိုတင့်ဆွေတို့ မိသားစုပိုင် 'ကဝိမျက်မှန်' မဂ္ဂဇင်းထဲတွင်လည်း သူ မှန်မှန်ရေးသည်။ ဦးဖိုးကျား၏ ဝီရိယသည် အံ့သြလောက်ပေသည်။

ထားဦး။ ထိုအတောအတွင်း သူထုတ်ဝေခဲ့သည့် စာအုပ်တွေကို ကြည့်ကြဦးစို့။ ထိုစာအုပ်များမှာ မြန်မာရာဇဝင်တွင် ထင်ရှားကျော်ကြားသူများ၏ ကြောင်းရာထုပ္ပတ်ဖြစ်သော 'မြန်မာ့ဂုဏ်ရည်'၊ သပိတ်အရေးတော်ပုံအတွင်း ဦးဖိုးကျားနှင့် ကျောင်းသားအများ မှီခိုခဲ့ရသော 'ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ဘုရား ထေရုပ္ပတ္တိ'၊ မြန်မာစကားဟောင်းများ၏ အနက်ဖော်သော 'ပေါရာဏအဘိဓာန်' ပေါင်း သုံးအုပ်ဖြစ်ကြသည်။

ထိုသုံးအုပ်ကို စောစောက ထုတ်ခဲ့သော 'ပုသိမ်ရာဇဝင်နှင့် ဦးထွန်းရှိန်အတ္ထုပ္ပတ္တိ' ပါ ပေါင်းထည့်လိုက်လျှင် ပေါင်း လေးအုပ်ဖြစ်သည်။ ထိုလေးအုပ်အနက် 'မြန်မာ့ဂုဏ်ရည်'နှင့် 'ပေါရာဏအဘိဓာန်' နှစ်အုပ်သည် ကျောင်းသုံးဖြစ်သွားလေသည်။ ထိုအထဲမှ 'မြန်မာ့ဂုဏ်ရည်' အကြောင်းကို ရေးပြဖို့ လိုလိမ့်ဦးမည်။

ဦးဖိုးကျား၏ 'မြန်မာ့ဂုဏ်ရည်' နိဒါန်းတွင် . . .

. . . . . .ရှေးအတီးကာလက နှလုံးရည်၊ ပညာရည်၊ လက်ရုံးရည်တို့နှင့် ပြည့်စုံကြပေသော မြန်မာပြည်ဘွား တိုင်းရင်းသားတို့၏ အကြောင်းအရာကို တွေ့မြင်ဖတ်ရှုကြရာက နောင်လာနောက်သား ဤပြည်သားများမှာလည်း ၎င်းတို့တပဲ မလွဲသော ပုံစံယူ၍ မြင့်မြတ်သော အခြေသို့ ရောက်ရှိပြီးလျှင် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးများကို သည်ပိုးနိုင်ပါစေသောဟု မနောရှေ့ရှု စိတ်ထားပြုလျက် . . . . . .

စသည်ဖြင့် ရေးခဲ့လေသည်။

ဤတွင် နှလုံးရည်၊ ပညာရည်၊ လက်ရုံးရည်ဆိုသည်မှာ အဘယ်နည်း။ နှလုံးရည်ဆိုသည်မှာ ရိုးသားတည်ကြည်ခြင်း၊ သူတစ်ပါးအကျိုး၊ ကိုယ့်အကျိုး၊ လောကီ လောကုတ္တရာအကျိုးကို ဆောင်ရွက်ခြင်း၊ မှန်ရာကို ကြံဝံ့၊ ပြောဝံ့၊ ပြုဝံ့သော သတ္တိရှိခြင်း စသည်ဖြစ်သည်။ ပညာရည်ဆိုသည်မှာ စာပေကျမ်းဂန် တတ်မြောက်ခြင်း၊ နှုတ်မှု လက်မှု စက်မှု တတ်မြောက်ခြင်း စသည်ဖြစ်သည်။ လက်ရုံးရည်ဆိုသည်မှာ ကျန်းမာခြင်း၊ ဓားခုတ်လှံထိုး သေနတ်ပစ်ကျွမ်းကျင်ခြင်း စသည်ဖြစ်သည်။

ထိုအရည်သုံးပါးကို ပေစွမ်းနိုင်သော ပညာမျိုးသာလျှင် ပညာစစ်သည်။ ထိုပညာမျိုးမှာလည်း တိုင်းရေးပြည်ရေး၊ စီးပွားရေး၊ သာသနာရေးအလုံးစုံ၏ အခြေစင်စစ်ဟူ၍ ဦးဖိုးကျားက ယူဆလေသည်။ ထို့ကြောင့် ဦးဖိုးကျားက ဆိုလေ့ရှိသည်မှာ အစိုးရကျောင်းများ၌ သင်ပေးသောပညာသည် ကျောင်းသားအဖို့ မလုံလောက်၊ ပညာဆိုကာမတ္တသာ၊ နှလုံးရည်မှာကား ဝေလာဝေးဟူ၍ ဖြစ်လေသည်။

သို့ဖြင့် ဦးဖိုးကျားသည် (ကျောင်းသားအပါအဝင်) ရှင်လူအများအဖို့ အရည်သုံးပါး ပြည့်စုံသူတို့၏ နမူနာ ယူနိုင်စေရန် ရည်ရွယ်ချက်ဖြင့် 'မြန်မာ့ဂုဏ်ရည်' ကို ရေးခဲ့ခြင်းဖြစ်တော့သည်။ စာအုပ်ထဲတွင်လည်း ပျူစောထီး၊ ကျန်စစ်သား၊ အနန္တ သူရိယ၊ မိဖုရားစော၊ သူခိုးတက်ပြား၊ မဟာပညာကျော်၊ ဖိုးရာဇာ၊ အမတ်ဒိန်၊ လဂွန်းအိမ်၊ စကားတောင်စား၊ သာလွန်မင်း၊ မစာဗန္ဓုလ စသူတို့၏ အတ္ထုပ္ပတ္တိအတို ၁၃၇ ပုဒ် ပါလေသည်။ ထိုစာအုပ် ကျောင်းသုံးဖြစ်သွားပါကလည်း အတန်းလိုက် သင့်လျော်ရာ သင်ပေးနိုင်အောင် ခွဲခြားသတ်မှတ်ပေးထားလေသည်။

အမှန်စင်စစ် ထိုစာအုပ်ပါ ပုဂ္ဂိုလ်များအကြောင်းသည် ဦးကုလားရာဇဝင်ကြီး၊ မှန်နန်းရာဇဝင် စသည်တို့တွင် ပြီးပြွမ်းပါနေပါ၏။ ကဗျာ

လက်ာမှတ်စုထဲတွင် ခိုအောင်းနေပါ၏။ ဤသည်ကို ဦးဖိုးကျားက စာတစ်အုပ်ထဲတွင် စုစည်း၍ ရေးပေးခြင်းဖြစ်လေသည်။ ဦးဖိုးကျား၏ စာအရေးအသားမှာ ရှင်းလည်းရှင်း၊ ဖတ်လည်း ဖတ်ပျော်လေသဖြင့် ရှင်လူအများက နှစ်ခြိုက်လာကြလေသည်။ အမျိုးသားကျောင်းသုံးလည်း နှစ်စဥ်ဖြစ်ခဲ့သည်။ နောင်အခါ အစိုးရကျောင်းများကလည်း လိုက်၍သုံးခဲ့ပြန်လေသည်။

❖

[ ၇ ]

'မြန်မာ့ဂုဏ်ရည်' သည် နှစ်ဦးနှစ်ဘက် အကျိုးရှိစေသော စာအုပ်ဟု ဆိုရပေမည်။ စာအုပ်ဖတ်သူများအတွက် အကျိုးရှိသည်ကို အထူးပြောစရာမလို။ စာရေးသူ၊ စာအုပ်ထုတ်သူတို့မှာလည်း စီးပွားဖြစ်လေသည်။

သို့ဖြင့် ဦးမောင်ကလေးတို့ လင်မယားသည် ဦးဖိုးကျားနှင့် တိုင်ပင်၍ ကိုယ်ပိုင်အိမ် ကလေးဆောက်ရန် ပြင်ဆင်ကြလေသည်။ နောက်ထပ်ငွေကလေး စုဆောင်းမိပြန်လျှင် တစ်ပတ်ရစ်ပုံနှိပ်စက်တစ်လုံး ထပ်ဝယ်ရဦးမည်။

သူတို့သည် ကန်တော်ကလေးဘက် ကာလဘတ်လမ်း ကျောက်ထိုးဆေးရုံရှေ့တည့်တည့်တွင် မြေကွက်တစ်ခု ဈေးတည့်လေသည်။ ထိုမြေကွက်၏ ဘေးတွင်လည်း ဘောလုံးကွင်းရှိသည်။ နေရာကျလှပေ၏။ ရှင်းရှင်းလင်းလင်းရှိသည်။ ပုံနှိပ်စက်ထားမည်ဆိုလျှင်လည်း ကောင်းသည်။

ဦးမောင်ကလေးတို့ လင်မယားသည်လည်း၁၉၂၇ ခုနှစ်ထဲတွင် တိုက်ခံအိမ်ဆောက်လုပ်ပြီးသဖြင့် အိမ်ပြောင်းလေသည်။ ထိုအခါ ဦးဖိုးကျားမှာသူတို့အိမ်တွင် အရေးပါသောအိမ်သား ဖြစ်နေလေပြီ။ သူပင်လျှင် အိမ်ဆောက်လုပ်ရေးကိစ္စကို အစအဆုံး လိုက်၍ စီမံရလေသည်။ ပုံနှိပ်စက်တစ်ခုကိုလည်း ပဲခူးဘက်ရှိ မိတ်ဆွေတစ်ဦးထံတွင် တွေ့သဖြင့် ဝယ်ပြီး အိမ်အောက်ထပ်တွင် ထားလေသည်။

ဟန်ပြီ။ ကိုယ်ပိုင်ပုံနှိပ်စက်နှင့်ဆိုလျှင် အငှားလည်း ရိုက်နိုင်သည်။ ကိုယ်ရေးသည့်စာအုပ်ကိုလည်း ရိုက်နိုင်သည်။ ပုံနှိပ်တိုက်ကိုလည်း 'မြန်မာ့ဂုဏ်ရည်ပုံနှိပ်တိုက်'ဟု အမည်မှည့်လိုက်လေသည်။ ပုံနှိပ်လုပ်ငန်းကို ကြည့်ဖို့အတွက်မူ ဦးဖိုးကျားက သူနှင့် အသုတ်ရှာ လေးထပ်ကျောင်းတွင် စာအတူသင်ခဲ့ဖူးသော ဦးစိုးမောင်ကို ခေါ်ထားသည်။ ဦးစိုးမောင်က သင်ရိုးကျေသည်။ ရိုးသည်။ မကြာမီ ဦးစိုးမောင် ကြီးကြပ်၍ ဖိတ်စာ၊ ကြော်ငြာစာတွေကို စ,ရိုက်လေသည်။ ဦးဖိုးကျားရေးသည့် စာအုပ်တွေလည်း ထုတ်လေသည်။ ဦးမောင်ကလေးနှင့် ဒေါ်ဒေါ်သိန်းတို့ လင်မယားအဖို့ တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ကောင်းလာလေသည်။

ဤတွင် ဒေါ်ဒေါ်သိန်းသည် မိမိတို့၏ လုပ်ငန်းသစ်နှင့် ဦးဖိုးကျား၏ ရှေ့ရေးကို စဉ်းစားမိခဲ့လေသည်။ ဦးဖိုးကျားမှာ မိမိတို့နှင့် တစ်စီးပွားထလို ဖြစ်နေသော်လည်း တကယ်တန်းဆိုလျှင် သွေးသားထဲက မဟုတ်သေး။ ဦးဖိုးကျားမှာ လူတော်ဖြစ်သည်။ ဉာဏ်၊ ဝီရိယ လိုလေသေး မရှိသူဖြစ်သည်။ သူ့လိုလူမျိုးကို အရင်းအချာအဖြစ် သိမ်းပိုက်ထားရန် မကောင်းပေဘူးလား။

သမီးဖြစ်သူ မအေးကြည်မှာလည်း အရွယ်ရောက်ပြီ။ ဆယ်တန်းလည်း အောင်ပြီးပြီ။ ဦးဖိုးကျားနှင့် လက်ထပ်ပေးရသော် ပို၍သင့်မြတ်မည် မဟုတ်လား။ ဒေါ်ဒေါ်သိန်းသည် သမီးကို နားချလေသည်။ ဦးဖိုးကျား၏ သဘောကို မေးစမ်းလေသည်။ ဒေါ်ဒေါ်သိန်း၏ စကားကို မအေးကြည်က မပယ်။

ဦးဖိုးကျားမှာမူ မိဘများ ကွယ်လွန်ခဲ့ပြီဖြစ်သော်လည်း တောတွင် အဒေါ်သားချင်းများ ရှိနေသေး၏။ သူတို့ဆီသွား၍ အကြောင်းကြားရသေးသည်။ သူတို့ကလည်း ခေါင်းညိတ်လေသည်။ သို့ဖြင့် ၁၉၂၉ ခု မေလထဲတွင် ကာလဘတ်လမ်း အိမ်၌ပင် မင်္ဂလာပွဲကျင်းပ၍ ဦးဖိုးကျားနှင့် မအေးကြည်တို့ အကြင်လင်မယားဖြစ်ခဲ့ကြသည်။

ဦးဖိုးကျားမှာ ယခုလို အိမ်ထောင်သည် ဖြစ်လာခဲ့သော်လည်း အနေအထိုင်မှာ မထူးခြား။ အိမ်ထောင်မကျခင်ကနှင့် မကွာလှ။ မအေးကြည်ကလည်း နှုတ်ကျိုးနေသဖြင့် 'ဦးလေး' ဟူ၍သာ ဆက်၍ခေါ်သည်။ ဦးဖိုးကျားကလည်း ငယ်ငယ်တုန်းကတည်းက နေခဲ့သလို အလိုလိုက်မြဲလိုက်လေသည်။ သူတို့သည် အိမ်ခွဲ၍လည်း မနေ။ သူတို့၏ စားရေးသောက်ရေးကိုပင် ဒေါ်ဒေါ်သိန်းက လိုက်၍ စီမံရလေသည်။ ထို့ကြောင့် သူတို့အိမ်

ထောင်ရေးသည် အေးချမ်းလှပေသည်။ ဦးဖိုးကျားမှာလည်း သူ့ရုံးကိစ္စ စာကိစ္စကို ပို၍ အာရုံစိုက်နိုင်လေသည်။

ရုံးကိစ္စဆိုသည်မှာလည်း အမျိုးသားပညာရေး တည်တံ့ကြီးပွားရေးပင်ဖြစ်သည်။ ထိုအတွက် စိတ်ပင်ပန်းစရာလည်း ရှိ၏။ ဝမ်းသားစရာလည်း ရှိသည်။ အမျိုးသားပညာရေးသည် သပိတ်မှ ပေါက်ဖွားလာခဲ့သည့်အတိုင်း အစိုးရ၏ အဖိအနှိပ်နှင့် မကင်း။ ရံဖန်ရံခါ အမျိုးသားကျောင်းသို့ အစိုးရ ပညာဝန်များ လာရောက်စစ်ဆေးကာ သင်နည်းညွှန်သည်၊ ဆရာများတွင် အရည်ပြည့်သူ နည်းသည် စသည်ဖြင့် ဝေဖန်တတ်သည်။

တစ်ဖန် တစ်မြို့ထဲတွင် အမျိုးသားကျောင်းနှင့် အခြားသာသနာပြုကျောင်းတို့ အပြိုင်ဖြစ်နေခဲ့လျှင် အစိုးရက ထိုအမျိုးသားကျောင်းအတွက် ထောက်ပံ့ငွေဖြတ်ပစ်တတ်လေသည်။ တစ်ဖန်အစိုးရက အမျိုးသားပညာ ပညာရေးကောင်စီနှင့် သဘောတူခဲ့သည်ကို ပျက်ပြယ်ပြယ်လုပ်ကာ အမျိုးသား ကျောင်းသို့ စာရင်းစစ်ကို စေလွှတ်တတ်လေသည်။ထိုအခါ အမှားကို အမှန်ပြန်ရောက်အောင် ဦးဖိုးကျားမှာ ဦးထွန်းညို၊ ဦးစိုးဝင်း စသော အမျိုးသားပညာရေးကောင်စီ အရာရှိများနှင့်အတူ ဆောင်ရွက်ရလေသည်။ ကျောင်းတွေ၏ အုပ်ချုပ်ရေး၊ ငွေရေးကြေးရေး၊ စာသင်ရေးတို့ကိုလည်း ပို၍ ဂရုစိုက်ရသည်။

တစ်ဖက်တွင်လည်း ပြည်သူတွေကြား၌ အမျိုးသားစိတ်ဓာတ် အမြဲတန်း ရှင်သန်နေလေအောင်၊ အမျိုးသားကျောင်း အဆောက်အအုံရအောင်၊ ဝန်ထမ်းအချင်းချင်း ထထကြွကြွ ရှိလေရအောင် သူတို့မှာ နှိုးဆော်တိုက်တွန်းနေရသည်။ ကြည့်ပါ။ အမျိုးသားနေ့၏ အရေးကြီးပုံကို သတိပြုမိအောင် သတင်းစာ၊ မဂ္ဂဇင်းမှတစ်ဆင့် သူတို့ အမြဲစည်းရုံးရလေသည်။ ရန်ပုံငွေအတွက် ကျောင်းကပွဲတွေ နှစ်စဉ် လုပ်ပေးရလေသည်။ အမျိုးသားပညာရေးမဂ္ဂဇင်းကို စတင် ဖြန့်ချိရလေသည်။

ဤတွင် ဦးဖိုးကျားမှာ အမြဲတန်း စိတ်မောနေရသည်ကား မဟုတ်ပါ။ အမျိုးသားပညာရေး၊ အမျိုးသားကျောင်း အခြေအနေကောင်းလာလျှင် ကောင်းလာသလောက် ဝမ်းသာရပေသည်။နှစ်စဉ် အမျိုးသားနေ့တွင် အမျိုးသားကျောင်းတွေက ဦးစီးကျင်းပနေရာမှ တစ်စတစ်စနှင့် တက္ကသိုလ်ကျောင်းသားသမဂ္ဂလို အပြင်အသင်းအဖွဲ့တွေ ပါဝင်လာကြသည်။ ၁၉၃၄ ခုနှစ်၌ ဆိုလျှင် ဒိုင်အာခီ ပညာရေးဝန်ကြီးချုပ် ဒေါက်တာဘမော်က အမျိုးသားနေ့ကို အစိုးရအသိအမှတ်ပြု ကျောင်းပိတ်ရက်ဟူ၍ ကြေငြာပေးခဲ့ရ

သည်။ သို့ဖြင့် အမျိုးသားနေ့တွင် အစိုးရကျောင်းတွေမှာလည်း တရားဝင် ပါဝင်နိုင်လာလေတော့သည်။ ထို့အတူ အမျိုးသားကျောင်းအချို့မှာ ဘုန်းကြီး ကျောင်းတွေကို မှီခိုနေရခြင်းမှ လွတ်ကင်းကာ ကိုယ်ပိုင်အဆောက်အအုံနှင့် ဖြစ်လာသည်။

ရန်ကုန်မြို့မ အမျိုးသားကျောင်းဆိုလျှင် လမ်းမတော် (ဂေါ်ဒွင် လမ်း) နှင့် ဆင်မဆင်လမ်းကို ခွ၍ ကြီးကျယ်သော သုံးထပ်ကျောင်းကြီး ဖြစ်နေခဲ့ပြီ။ (ယခင်က ပုဇွန်တောင်ကျောင်းတွင် ကျောင်းအုပ်လုပ်ခဲ့၍ နောင် အခါ) ရန်ကုန်မြို့မကျောင်းတွင် ကျောင်းအုပ်လုပ်နေသော ဦးဘလွင်သည် လည်း အစိုးရကျောင်းတွေကို မော်၍ကြည့်ရဲလေပြီ။ ထို့အတူ အမျိုးသား ပညာရေးမဂ္ဂဇင်းကို ဦးဖိုးကျားနှင့် ဦးထွန်းညိုတို့က ဦးစီးထုတ်ဝေရာတွင် ပြည်မြို့ အမျိုးသားကျောင်း၌ ကျောင်းအုပ်လုပ်နေသော ဦးဘဦး၊ နယ်တွင် နယ်ပိုင်ဖြစ်နေသော ဦးဖိုးလတ်၊ တက္ကသိုလ်ကျောင်းတိုက်၌ ပါဠိကထိက လုပ်နေသော ဦးလူဖေဝင်းလို မိတ်ဆွေဟောင်းများအပြင် ပညာဝန်ထောက် ဦးဖိုးစိန်၊ တက္ကသိုလ် အရှေ့တိုင်း ဘာသာရပ် ပါမောက္ခ ဦးဖေမောင်တင်၊ ကြေးတိုင်မင်းကြီးဟောင်း ဖာနီဗယ် စသူများက ကူညီရေးသားပေးသဖြင့် ကျေနပ်ရပေသည်။

တစ်ခုရှိသည်။ အမျိုးသားပညာရေးကို ဦးဖိုးကျား ဆောင်ရွက် ရင်း ဝမ်းသာပျော်ရွှင်ရသည့်အထဲတွင် စာပေကိစ္စလည်း ပါလေသည်။ သူ စာရေး စာအုပ်ထုတ်နေသည်မှာ အမျိုးသားပညာရေးအတွက် အကူအညီ ဖြစ်အောင်၊ ပြည်သူတို့ အသိဉာဏ်တိုးအောင် သဘောလည်းပါ၏။ သူ့ ဝါသနာအလျောက်လည်း ဖြစ်လေသည်။ ပုံစံပြရမည်ဆိုလျှင် နောက်ထပ် သူရေးထုတ်သည့် ‘စလေဦးပုည အတ္ထုပ္ပတ္တိနှင့် ရေသည်ပြဇာတ်’ ‘ငါးရာ့ ငါးဆယ်ကောက်နုတ်ချက်များ၊ တစ်၊ နှစ်၊ သုံး’ ‘ကိုယ်တွေ့ ဝတ္ထု တစ်၊ နှစ်၊ သုံး၊ လေး’ စာအုပ်များနှင့် ရက်စွဲ အတိုရေးသင့်ကြောင်း ဆောင်းပါး၊ သဘင်လုပ်ငန်း၊ ခေတ်မီအောင် စကားအသုံးအနှုန်း၊ ဇာတ်လမ်းဇာတ်ကွက် ပြုပြင်သင့်ကြောင်း ဆောင်းပါး၊ မဲဇာတောင်ခြေရတုတွင် နေမချမ်း လူသာ ချမ်းကြောင်း အနက်ဖွင့်ဆောင်းပါး စသည်များ ဖြစ်ကြသည်။

ဤတွင် ‘စလေဦးပုည အတ္ထုပ္ပတ္တိနှင့် ရေသည်ပြဇာတ်’လို စာအုပ် မှာ အမျိုးသားကျောင်းသုံး ဖြစ်သွားပြန်လေ၍ ဦးဖိုးကျားကို မြန်မာ့အလင်း ဦးစိန်းက စောင်း၍ ဝေဖန်ခဲ့ဖူးလေသည်။ အခိပ္ပာယ်မှာ ဦးဖိုးကျားသည် အမျိုးသားပညာရေးကောင်စီ အမှုထမ်းလုပ်နေပြီး မိမိ၏စာအုပ်ကို ကျောင်း

သုံးပြဋ္ဌာန်းစေခဲ့ခြင်းမှာ မသင့်လျော်ဟူ၍ ဖြစ်သည်။ ဦးစိန်း၏ ဝေဖန်ချက်သည် မှန်သယောင်ယောင်ပင်။

သို့သော် ဦးဖိုးကျား၏ စာအချို့သည်လည်း ကျောင်းသားများနှင့် အထူးသင့်လျော်သည်မှာ ဘယ်လိုမှ မငြင်းနိုင်။ သည်ဟာကို ထားပါတော့။ ရှေ့ဆက်၍ ဆိုရလျှင် သူ့စာ၊ သူ့ဆောင်းပါးတွေကို အဝေးရောက် ဦးအောင်ကြီး၊ ပညာဝန်ထောက်ဦးဖိုးစိန်၊ (ယခင် အမျိုးသား ကောလိပ်ဆရာ) ယခု ဒီးဒုတ်ဂျာနယ်ပိုင်ရှင် ဦးဘချို စသော စာပေသမားများက စိတ်ပါလက်ပါ ပါဝင်ဆွေးနွေးကြသည်မှာ အားရစရာဖြစ်လေသည်။

အမှန်စင်စစ် ဦးဖိုးကျားမှာ စာသက်ရင့်လာလေလေ၊ မြန်မာစာ၊ မြန်မာမှုအကြောင်းကို ဝါသနာပါသူအချင်းချင်းနှင့် ငြင်းခုံဆွေးနွေး၍သော်လည်းကောင်း၊ အရေးအဖတ်ပြု၍သော်လည်းကောင်း အချိန်ကုန်ချင်လေဖြစ်သည်။ မြန်မာစာ မြန်မာမှုသဘောသကန်ကို ဆွေးနွေးရေးသားသည့်ကိစ္စကို မဆိုထားနှင့် ကိုယ့်အချင်းချင်း စာချိုးကလေးနှင့် အဆက်အသွယ်လုပ်ရသည်ကိုပင် သူ့အဖို့ အရသာတစ်မျိုးဖြစ်သည်။

မော်ပီမြို့တွင် ဆရာသိန်းဆိုသူ ရှေးဟောင်းရာဇဝင် ပုံပြင်ဝတ္ထုအစုအဆောင်းကောင်းသူတစ်ဦး ရှိလေသည်။ ထိုဆရာသိန်းသည် သူ့တူများ ရှင်ပြုပွဲသို့ ဦးဖိုးကျားကို ဖိတ်လေသည်။ ဦးဖိုးကျားမှာ မသွားနိုင်။ ထိုအခါ ဆရာသိန်းက ကဗျာကာရန်ဖြင့် စကားနာထိုးသည်။ ဦးဖိုးကျားကလည်း ဆရာသိန်း ကျေနပ်အောင် ကဗျာကာရန်ဖြင့် ချော့ရသည်။ သူချော့ပုံမှာ . . .

ဖိတ်စာငှ၊ ရပါ၏တပည့်မှာ။
သို့ကတဲ စာပွဲ မေးဖြေမှုကြောင့်
ယခုလို အလာဖင့်တယ် ရောက်ခွင့်မသာ။
လူမရောက်သော်လဲ၊ စိတ်ရောက်ဖြင့် အမှန်ပါ၊ သဒ္ဓါသာလိုရင်း။
မသင့်ချွတ်သူမို့၊ ခွင့်လွှတ်ရန် ကျွန်ကန်တော့ပါငဲ့
ပျောင်းပြော့ဝပ်စင်း။

ဟူ၍ ဖြစ်လေသည်။

ထို့အတူ မြို့မကျောင်း ညစာစားပွဲတစ်ခုတွင် ဦးဖိုးကျားနှင့် မြို့မကျောင်းဆရာလုပ်နေသူ ဦးတင့်ဆွေတို့ ဆုံမိ၍ လှိုင်ထိပ်ခေါင်တင်အကြောင်းကို စကားစပ်မိကြသည်။ ထိုညသည် မြောက်လေကလေး တသွေးသွေးနှင့် လသာသောညဖြစ်လေသည်။

ဦးဖိုးကျားသည်လည်း ကျောင်းဆင်ဝင် ဝရန် တာသို့ ဦးတင့်ဆွေကိုခေါ်၍ . . .

တိမ်မှောင်ဝေကင်း မြူမှေးရှင်း၊ မြူမှောင်ဝေကင်း တိမ်မှေးကင်း၊ စန္ဒာရောင်ဝင်း ထွန်းလင်းသန့်စင်ကြည်၊ မိုးမင်းလွင်လေပြီ။ မြောက်လေငယ်ပြန်ညှောင်း ဆောင်းလေရောက်ပြန်ပြီ။ သဇင်မွှေးကြူ ပေါ်ပြန်တော့မည်၊ ကြံစည်စိတ်ဝမ်းများ၊ အို . . . ကံဆိုးသည် . . . လျှောက်ထားလျှင်လေ၊ ကြာလေတော့မည် . . .၊ လျှောက်ချင်ပေါင် . . .

စသည်ဖြင့် ပတ်ပျိုးကလေးကို ဆိုပြလေသည်။

ထို့နောက် . . .

စာကို ကြည့်ရင် စာရေးသူရဲ့ စိတ်ထဲမှာ ဖြစ်ပုံပျက်ပုံကို သိနိုင်တယ် ကိုရင်တင့်ရဲ့၊ ဒီတေးကလေးကိုစပ်တော့ လှိုင်မင်းသမီးဟာ ကနောင်မင်းသားကို အသည်းစွဲချစ်တုန်းကိုး။ မိုးအကုန် ဆောင်းအဝင် အာကာသကြီးတစ်ခုလုံးမှာလဲ ဖြူစင်ပြီး တအေးအေး မြောက်လေသွေးတဲ့ တန်ဆောင်မုန်းလပြည့်နေ့ကြီးမှာ မှန်ရွှေပြတင်းက ရှုရင်း မျှော်ရင်း သူ စပ်ဆိုလိုက်တဲ့ ဒီသီချင်းကလေးဟာ ပထမတော့ နုနုယဉ်ယဉ်ကလေးပေါ့။ လကလဲ ထိန်နေအောင်သာ၊ လေပြေလေညှင်း ကလေးကလဲလာ၊ လွမ်းစရာ အခါကလေးဆိုတော့ သူ့စိတ်ထဲမှာ ကြည်နူးတာတွေ ပိုနေတာပေါ့။ သို့သော်လဲ စာကို စပ်ရင်း စပ်ရင်း ချစ်သူအပေါ် နာတဲ့စိတ်တွေဟာ တဖြည်းဖြည်းပေါ်လာပြီး အသံရော စကားလုံးရော ကြမ်းလာတာကို တွေ့သလား၊ အဲဒါဟာ စာရေးသူရဲ့ စိတ်ဟာ သူ့စိတ်ထဲမှာ အကွင်းကွင်း ပေါ်လာတတ်တယ်ဆိုတဲ့အကြောင်း ထင်ရှားစေတဲ့ ဥပမာတစ်ခုပဲ . . .

ဟူ၍ သူမြင်သည့်အတိုင်း ပြောခဲ့လေသည်။

ဦးဖိုးကျား ပြောပုံမှာ အသားပါလှ၏။ ငြင်ငြင်သာသာလည်း ရှိပေသည်။ သို့သော် အချို့သော အခါကာလ၌မူ သူသည် ဤမျှလောက်မငြင်သာ။ သူတစ်ပါး မလှန်နိုင်အောင် ချက်ကျကျနှင့် တည်တည်ခန့်ခန့်ကြီး ပြောဆိုတတ်လေသည်။ ထိုအခါ ကာလမျိုးသည် သီပေါမင်း ပါတော်မူအရေးနှင့်စပ်၍ သူတစ်ပါးရေးသားချက်ကို ပြန်လှန်ချေပသည့်အခါ ဖြစ်လေသည်။

၁၉၃၅ ခု၊ နိုဝင်ဘာလ ၂၉ ရက် ညနေပိုင်းတွင် မြန်မာပြည်သုတေသနအသင်းကြီးက ကြီးမှူး၍ ဆေးကောလိပ်ခန်းမ၌ ရာဇဝင်ဟောပြောပွဲ ကျင်းပလေသည်။ ထိုပွဲတွင် ပြည်ထဲရေးဝန်ကြီးချုပ်ဖြစ်သူ ဆာ

မောင်ဘက ဥက္ကဋ္ဌလုပ်၍ ဟမီလတန် ဆိုသူက 'မြန်မာပြည်ကြီး နောက်ဆုံးပါတော်မူခန်း' စာတမ်းကို ဖတ်လေသည်။

အမှန်မှာ ထိုစာတမ်းကို ဟမီလတန်က ကိုယ်စားဖတ်ခြင်းဖြစ်သည်။ စာတမ်းရေးသူမှာမူ မစ္စတာ နွိုက် (Noyce) ဆိုသူ ဖြစ်လေသည်။ သူသည် မြန်မာနိုင်ငံကို သိမ်းရာတွင် ပါသော ဗိုလ်မှူးကြီး စလေဒင်၏ အတွင်းလူယုံဖြစ်ခဲ့သည်ဟု ဆိုလေသည်။ ထို့ကြောင့် နန်းတွင်းရေးကို ခြေခြေမြစ်မြစ် သိသည်ဟု ယူဆစရာဖြစ်လေသည်။ သို့သော် ထိုစာတမ်းတွင် မမှန်ကန်သော အချက်များစွာ ပါလေသည်။

ဦးဖိုးကျားသည်လည်း ဘဝင်မကျ ဖြစ်လေသည်။ ပြန်လှန်ချေပရန်လည်း ဆုံးဖြတ်ခဲ့လေသည်။ ဤတွင် နွိုက်၏ စာတမ်းပါ အချက်အလက်ကို ချေရုံနှင့် မလုံလောက်သေး။ သူကျောင်းသားဘဝမှစ၍ ယခုအထိ အင်္ဂလိပ်များ မမှန်မကန် ရေးသားခဲ့သည့်အချက် အပုံပင်ရှိသည်။ ထိုအချက်များကိုပါ စုပေါင်း၍ ဖြေဆိုက ပို၍သင့်မည်ဟု ဦးဖိုးကျား သဘောရလေသည်။

ထိုအချက်များကို ကဏ္ဍပိုင်းလိုက်လျှင် (က) အင်္ဂလိပ်အရာရှိများနှင့် အင်္ဂလိပ် ကျေးကျွန်များကို မြန်မာမင်းအဆက်ဆက်က မတရားပြုခဲ့သဖြင့်လည်းကောင်း၊ ဆွေတော်မျိုးတော်များကို မြန်မာဘုရင်က သတ်ဖြတ်ခဲ့သဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံကို အင်္ဂလိပ်က သိမ်းယူသည်။ (ခ) ငမောက်ကျောက်နှင့် အခြားအဖိုးတန် ကျောက်များကို အင်္ဂလိပ်တို့မယူ။ (ဂ) သီပေါမင်းသည် သူပုန်မင်းဖြစ်သည်ဟူ၍ သုံးပိုင်းထွက်လာသည်။ ထိုသုံးပိုင်းကို အသေးစိတ် ရှင်းလင်းချေပသော စာတမ်းကို ဦးဖိုးကျား ရေးလေသည်။

သို့ဖြင့် ၁၉၃၆ ခု၊ ဖေဖော်ဝါရီလအစတွင် လူငယ်များကြီးပွားရေးအသင်းက ကြီးမှူး၍ အစိုးရ အထက်တန်းကျောင်း ခန်းမဆောင်၌ ဦးဖိုးကျား၏ စာတမ်းဖတ်ပွဲ၊ ရှင်းလင်းပွဲ ကျင်းပလေသည်။ ထိုအခမ်းအနားတွင် ဝတ်လုံဦးသိမ်းမောင်က သဘာပတိအဖြစ် ဆောင်ရွက်ရသည်။ လာရောက်နားထောင်သူများလည်း ခန်းလုံးပြည့်ဖြစ်လေသည်။ ထိုသူတို့သည် ဦးဖိုးကျား၏ ရှင်းလင်းချေပချက်ကို အလွန်အားရနှစ်သက်ကြလေသည်။

❖

[ ၈ ]

နိုက်၏ မတရားပြောဆိုချက်ကို ဦးဖိုးကျား ပြန်လှန်ချေပ၍ အရက်နှစ်ဆယ် အစိတ်သာ ရှိသေးသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဦးစီး၏ ဒုတိယအကြိမ် ကျောင်းသားသပိတ်သည် ပေါ်ခဲ့လေတော့သည်။ ထိုသပိတ်၌ ကူညီရန် တာဝန်သည်လည်း ဦးဖိုးကျားအပေါ်၌ ကျလာပြန်သည်။

ဖြစ်ပုံမှာ သမဂ္ဂဥက္ကဋ္ဌဖြစ်သူ ကိုနုသည် ကျောင်းအာဏာပိုင်များ၏ ချွတ်ယွင်းချက်များကို သမဂ္ဂစင်မြင့်မှနေ၍ ဖော်ထုတ်ဝေဖန်ခဲ့လေသည်။ ထို့ပြင် သမဂ္ဂစာစောင် 'အိုးဝေ' တွင်လည်း ကျောင်းအာဏာပိုင်တစ်ဦး၏ ကွတ္တိရတ်လိုက်တတ်သော ဝါသနာကို ပြောင်လှောင်သရော်သော စာတစ်စောင်ပါခဲ့လေသည်။ ဤသည်ကို အာဏာပိုင်များက မခံနိုင်။ ဥက္ကဋ္ဌကိုနုကို ကျောင်းထုတ်ပစ်သည်။ 'အိုးဝေ' အယ်ဒီတာ ကိုအောင်ဆန်းကို ကျောင်းထုတ်ပစ်ရန် အစီအစဉ်လုပ်နေသည်။

အာဏာပိုင်တို့၏ အပြုအမူသည် ကျောင်းသားထုတစ်ခုလုံးကို စော်ကားရာရောက်သည်ဟု ကျောင်းသူကျောင်းသားအများက ထင်ကြလေသည်။ သို့ဖြင့် တညီတညွတ်တည်း သပိတ်မှောက်ကြကာ ရွှေတိဂုံဘုရားရှိ ကျောင်းဇရပ်များတွင် သွားရောက်နေထိုင်ကြလေသည်။ ထို့နောက် သုံးလခန့်အကြာတွင် ကျောင်းအာဏာပိုင်ဘက်က ကျောင်းသားများ၏ တောင်း

ဆိုချက် တစ်စိတ်တစ်ပိုင်းကို လိုက်လျောသဖြင့် သူတို့ သပိတ်လှန်ခဲ့ကြသည်။

ဤတွင် သပိတ်ကို အကြောင်းပြု၍ အမျိုးသားတက္ကသိုလ်တစ်ခု တည်ထောင်ရန် အကြောင်းဖြစ်လာသည်။ တည်ထောင်ရန် အကြံပေးသူမှာ ဝတ်လုံဦးသိမ်းမောင် ပင်တည်း။ ထိုအကြံကို သူဌေးကြီးဦးသွင်၊ မြို့မကျောင်းအုပ်ကြီး ဦးဘလွင်၊ ဒီးဒုတ်ဦးဘချို၊ ဝတ်လုံဦးကျော်မြင့်၊ ကျောင်းသားခေါင်းဆောင်ကိုနု၊ ကိုအောင်ဆန်း အစရှိသော ပုဂ္ဂိုလ်များက လက်ခံကြလေသည်။ သူတို့က အမျိုးသားတက္ကသိုလ်တည်ထောင်ရန် အချိန်သင့်နေပြီဟု ယုံကြည်ခဲ့ကြသည်။

၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲလေတော့မည်။ ဒိုင်အာခီအုပ်ချုပ်ရေးနေရာတွင် ၉၁ ဌာန အုပ်ချုပ်ရေးရောက်တော့မည်။ ထိုအခြေအနေကို ရင်ဆိုင်နိုင်ရအောင် မြန်မာကျောင်းသားများသည် ဝိဇ္ဇာပညာများ၊ သိပ္ပံပညာများကို ကျယ်ကျယ်ပြန့်ပြန့် တတ်သိဖို့ လိုလာတော့မည်။ ဝိဇ္ဇာပညာ သိပ္ပံပညာများကို မြန်မာဘာသာဖြင့် ပို့ချလျှင် မြန်မြန်ထက်ထက် တတ်စရာလည်းရှိသည်။ ဤသို့ မြော်မြင်၍ ခေါင်းဆောင်များက အမျိုးသားတက္ကသိုလ်ကို တည်ထောင်ရန် ကြံရွယ်ကြခြင်း ဖြစ်လေသည်။

ထိုအခါ အမျိုးသားတက္ကသိုလ် ရန်ပုံငွေရှာရန် မြို့မကျောင်းတွင် အစည်းအဝေး လုပ်ရလေသည်။ အစည်းအဝေးသို့ ဦးဖိုးကျား အပါအဝင် မျိုးချစ်ပုဂ္ဂိုလ်အများ တက်ရောက်ကြသည်တွင် သူဌေး ဦးသွင်က နာယကလုပ်လေသည်။ သူကပင် ဦးဦးဖျားဖျားစ၍ ရန်ပုံငွေ တစ်ထောင် ထည့်ဝင်ကြောင်း ကြေငြာလိုက်လေသည်။

ဦးသွင်၏ အလှူငွေအတွက် အစည်းအဝေးတွင် ရောက်ရှိနေသော ကိုအောင်ဆန်းက မကျေနပ်။ အမျိုးသားတက္ကသိုလ် တည်တံ့ရန် ငွေသိန်းပေါင်းများစွာ လိုလိမ့်မည်။ သူဌေးကြီးတစ်ယောက်လုံးက ငွေတစ်ထောင်သာ ထည့်သည်မှာ ဆင့်ပါးစပ် နှမ်းပက်သလို ရှိသည်ဟု ကိုအောင်ဆန်းက သဘောရလေသည်။ သဘောရသည့်အတိုင်း တုံးတိတိ ထ၍ပြောရာ ပရိသတ်မှာ အံ့အားသင့်ပြီး ကြောင်နေကြသည်။ အစည်းအဝေးမှာ ရှေ့လည်း မတိုးနိုင်၊ နောက်လည်း မဆုတ်နိုင်၊ ထစ်တော့မည်ကဲ့သို့ ရှိလေသည်။ ဦးဖိုးကျားသည် ထိုအကျဉ်းအကြပ်မှ ရှောင်လိုလေသည်။ မြွေမသေ တုတ်မကျိုး နှစ်ဖက် အကျိုးရှိစေချင်လေသည်။

ထို့ကြောင့် ထိုင်နေရာမှ ထကာ . . .

'. . . အမျိုးသားတက္ကသိုလ် ဖြစ်မြောက်ရေးအတွက် ငွေသိန်းနဲ့ ချီပြီး လိုတယ်ဆိုတာလဲ မှန်ပါတယ်၊ သို့ပေမယ့် ဦးသွင်လို ပုဂ္ဂိုလ်ကြီးက ငွေတစ်ထောင် ထည့်တာကိုတော့ဖြင့် နည်းတယ်လို့ မဆိုနိုင်ပါဘူး။ ဘာ ကြောင့်လဲဆိုတော့ ယခုလောလောဆယ် သူ့စေတနာ သဒ္ဓါတရားအလျောက် ထည့်လိုက်ခြင်းသာဖြစ်ပါတယ်။ နောင်တက္ကသိုလ် တကယ်ဖြစ်မြောက်တဲ့ အခါ စေတနာတွေ ပိုလာပြီး နောက်ထပ် ထည့်လိမ့်ဦးမယ်လို့ မြော်လင့် နိုင်ပါသေးတယ်။ နောက်ပြီးတော့ ဒီလောက် အဖိုးတန်တဲ့ ပုဂ္ဂိုလ်ကြီးဟာ တက္ကသိုလ်ဖြစ်မြောက်ရေး အစည်းအဝေးကို အချိန်ကုန် လူပမ်းခံကာ လာ ပြီး နာယကအဖြစ် ဆောင်ရွက်တဲ့ တန်ဖိုးဟာလဲ မဆုံးဖြတ်နိုင်အောင် ကြီး မားလှပါပေတယ်'

ဟုကြားဝင်၍ ပြောလေသည်။ ထိုအခါမှ ဦးသွင်၊ ကိုအောင်ဆန်း နှင့် ကျန်ပရိသတ်တို့မှာ ပြုံးနိုင်ရယ်နိုင်လေတော့သည်။

ဩဂုတ်လအတွင်း၌ အမျိုးသားတက္ကသိုလ် ညနေသင်တန်းများ ကိုမြို့မကျောင်း၌ စတင် ဖွင့်လှစ်ခဲ့လေသည်။ ထိုသင်တန်းတွင် မြန်မာ့ အလင်း ဦးစိန်က သတင်းစာပညာ၊ သူရိယဦးလှဖေက ဘောဂဗေဒ၊ အင်္ဂလိပ်စာပေ ပညာရှင် ဒေါက်တာထင်အောင်က အင်္ဂလိပ်စာနှင့် နိုင်ငံရေး ရာဇဝင်၊ ပါမောက္ခဦးအောင်လှက သင်္ချာ၊ ဦးထွန်းညိုက ပထဝီဝင်၊ ဒီးဒုတ် ဦးဘချိုက ကိုးခန်းပျို့၊ ပညာဝန်ထောက်ဟောင်း ဦးဖိုးစိန်က မြန်မာသဒ္ဒါ စသည်ဖြင့် သင်ရန် တာဝန်ကျလေသည်။ ဦးဖိုးကျားမှာမူ ရာဇဝင် သုတေသီ ဦးသက်တင်နှင့် တွဲ၍ ရာဇဝင် ဘာသာကို ပို့ချရလေသည်။ ညနေ သင်တန်း များသည်လည်း ကြာကြာမခံခဲ့ပေ။ ရှေးက ဖွင့်ခဲ့သော အမျိုးသားကော လိပ်နည်းတူ ငွေကြေးချို့တဲ့မှု၊ အစိုးရ အသိအမှတ် မပြုမှုကြောင့် တစ်နှစ် မျှအကြာတွင် ပိတ်လိုက်ရလေသည်။

အမျိုးသားတက္ကသိုလ် ပိတ်လိုက်ရသည်မှာ အံ့ဩစရာမရှိပါ။ ထို တက္ကသိုလ်မျိုးအတွက် အခြေအနေက မပေးသေး။ အချို့အချို့သော လူမှု အဆောက်အအုံတို့မည်သည် တိုင်းပြည်လွတ်လပ်၍ ကိုယ့်အစိုးရနှင့် ကိုယ် ထူထောင်ပြီးမှသာ ဖြစ်ထွန်းတိုးပွားနိုင်လေသည်။ ယခုမူ မြန်မာတို့က အင်္ဂလိပ်ထံမှ အာဏာတစ်စိတ်တစ်ပိုင်းသာ ခွဲဝေရထားသည်ဖြစ်လေည်။ စိတ်ဆန္ဒရှိသည်က တစ်ဌာန၊ တကယ့်အခြေအနေက တစ်မျိုးဖြစ်လေသည်။ ထို့ကြောင့် ကိုယ်ပိုင်ရာ၊ ကိုယ်နိုင်ရာကို ဦးစွာ ဆုပ်ကိုင်ထားဖို့ လိုလေ သည်။ ထိုအချက်ကိုကား ဦးဖိုးကျား မျက်ခြေမပြတ်ခဲ့ပေ။ ထိုအချက်မှာ

လည်း အခြားမဟုတ်၊ အမျိုးသားကျောင်းများကို နိုင်နိုင်နင်းနင်း စည်းရုံးရေးနှင့် စာအုပ်စာတမ်း ပုံနှိပ်ထုတ်ဝေရေးပင်ဖြစ်သည်။

ကျောင်းကိစ္စကို ရှေ့တွင် ပြောတန်သရွေ့ ပြောခဲ့ပြီ။ စာအုပ်စာတမ်းထုတ်သည့် ကိစ္စကိုကား ဖြည့်စွက်၍ ပြောစရာတွေ ရှိလေသေးသည်။ ဦးဖိုးကျားတွင် ပုံနှိပ်တိုက်တစ်ခုရှိသည့်အတွက် အလွန် နေရာကျပေသည်။ ကိုယ်ပိုင်တိုက်ဖြစ်၍ အရှုံးအမြတ် သိပ်ကြီး တွက်နေစရာမလို။ ထုတ်ရဲသည်။ စာပေအနုပညာပဲဖြစ်စေ၊ လူမှုရေးဘာသာ သာသနာရေးပဲဖြစ်စေ၊ တိုင်းပြည်အနှံ့ သိကြားစေချင်သည် ဆိုပါစို့။ မြန်မြန်ရိုက်ထုတ်၍ ဖြစ်သည်။ သည်လိုနှင့် ဦးဖိုးကျားသည် သူဖတ်ခဲ့သော ပါတော်မူ စာတမ်းကိုပင ချဲ့ထွင်၍ စာအုပ်ငယ်အဖြစ် ဖြန့်ချိခဲ့သည်မဟုတ်လား။

ထို့ပြင် ကိုယ်ပိုင်စာပုံနှိပ်စက်ရှိသည့် ကျေးဇူးကြောင့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကိုယ်ရေးခဲ့သည့် စာတိုစာစတွေကိုလည်း စုစည်း၍ လုံးချင်းထုတ်ဝေရလွယ်သည်။ ကိုယ်တွေ့ဝတ္ထု တစ်၊ နှစ်၊ သုံး၊ လေး ကိုပင် ကြည့်ပါလေ။ ထိုဝတ္ထုများသည် မူလက တိုးတက်ရေးမဂ္ဂဇင်းတွင် လစဉ်ပါခဲ့သော စာများဖြစ်ကြသည်။ ဦးဖိုးကျားနှင့် ကောလိပ်ကျောင်းတုန်းက ရင်းနှီးခဲ့သော အက်ဒီဆင်၏စာများလို ဆောင်းပါးမက ဝတ္ထုမကျ စာများဖြစ်ကြသည်။

ထိုစာများတွင် အရက်သမားအကြောင်း၊ မာနခဲ ကောလိပ်ကျောင်းသားအကြောင်း၊ ကမ္ဘဋ္ဌာန်းဆရာယောင်အကြောင်း၊ ပကာသန အလှူအတန်းအကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာကျသော ဗိုလ်ဆန်မှုအကြောင်း စသည်ဖြင့် ပါသည်။ ကိုယ်ဒူးကိုယ်ချွန် ပညာရှာအပ်သည့် အကြောင်း၊ စိတ်ရင်းအမှန်ဖြင့် ဘုရားတရားကို ကြည်ညိုသင့်သည့်အကြောင်း၊ ရပ်ကျိုးရွာကျိုး စာဖတ်ခန်း စာကြည့်တိုက် ထူထောင်ကောင်းသည့်အကြောင်း၊ ညီညွတ်ချစ်ခင်သည့် အိမ်ထောင့်ကျေးဇူးအကြောင်း စသည်ဖြင့် ပါသည်။

တစ်ဖန် ထိုစာများအနက် 'အခမဲ့ ကူလီထမ်းခြင်းအကျိုး' လို စာသည် နိုင်ငံခြားပုံစံမှ မြန်မာမှုပြုထားခြင်းဖြစ်၍ 'မြို့အုပ်မင်း' လို စာသည် ကိုယ်တွေ့ကို အခြေခံထားခြင်းဖြစ်လေသည်။ နိုင်ငံခြားကို မှီးမှီး၊ ကိုယ်ပိုင်ပင်ဖြစ်ဖြစ်၊ အရေးဖြင့် မကြီးလှပါ။ ဦးဖိုးကျားတွင် စေတနာရှိ၏။ ဦးဖိုးကျားတွင် အမြင်ရှိ၏။ ထိုစေတနာ၊ ထိုအမြင်မှ တိုစိတိုစိနှင့် ဖတ်၍သွက်သော စာ၊ ရွှင်လန်းပေ့ါပါးသောစာ၊ ဟုတ်ပါပေကလားဟု အဆုံးတွင် ဘဝင်ကျစေရသော စာများအဖြစ်ဖြင့် တိုးတက်ရေးမဂ္ဂဇင်းတွင် ပုံသဏ္ဍာန်ပေါ်ကာ

လစဉ် မှန်မှန်ပါခဲ့လေသည်။ လူကြိုက်လည်း အလွန်များခဲ့သည်။ ဦးဖိုးကျား သည်လည်း နောင်သော် ထိုစာများအား စုစည်း၍ သူ့ပုံနှိပ်တိုက်မှ လုံးချင်း ထုတ်ဝေခဲ့ရာ တိုင်းပြည်အနှံ့ အကျိုးများပြန်လေသည်။

ပုံနှိပ်လုပ်ငန်းကို ဆက်၍ ပြောရဦးမည်။ မြန်မာ့ဂုဏ်ရည်ပုံနှိပ် တိုက်သည် ဦးဖိုးကျားရေးသည့် စာအုပ်များသာမဟုတ် ဟိတသိဒ္ဓကဝတ္ထု၊ ဓမ္မနီတိချိုးစသော ရှေးဂန္ထဝင်များကိုလည်း အခါကာလ အားလျော်စွာ ရိုက် နှိပ်ဖြန့်ချိလေသေးသည်။ သို့ဖြင့် ကိုယ်ပိုင်စာအုပ်များရော အခြားစာအုပ် များပါ တွင်တွင်ကျယ်ကျယ် ဖြန့်ခဲ့ရာ ပုံနှိပ်လုပ်ငန်းသည် အတော်ကလေး တက်ခဲ့သည်ဟု ဆိုရပေမည်။ ဦးဖိုးကျားတို့မှာလည်း စီးပွားရေးအဆင်ပြေခဲ့ လေသည်။

သို့သော် ဦးဖိုးကျားကို ပုံနှိပ်လုပ်ငန်း ဦးစီးတတ်သည်ဟူ၍ကား အထင်မကြီးပါလေနှင့်။ သူက ရုံးကိစ္စ၊ စာကိစ္စကိုသာ နားလည်သည်။ ရုံး ကိစ္စ စာကိစ္စနှင့်သာ အချိန်လည်း ကုန်တတ်သည်။ အမှန်စင်စစ် မင်ကျ မင်န သေသပ်၍ စာလုံးပေါင်းအမှားစင်အောင် ကြီးကြပ်သူမှာ ဦးစိုးမောင် ပင်ဖြစ်သည်။ ပုံနှိပ်တိုက် ငွေဝင် ငွေထွက် အဖိတ်အစင်မရှိအောင် ကြီးကြပ် ပေးသူမှာ မအေးကြည်ပင်ဖြစ်သည်။

မအေးကြည်ကလည်း သည်ဘက်၌ ကြည့်အားသည်။ သူ့မှာ သား သမီးဆို၍ သား ဇော်ဝင်း (ကျား) တစ်ယောက်သာ ရှိလေသည်။ ထိုကလေး ကလည်း ဒုက္ခမပေးတတ်ဖြစ်၍ သူ့မှာ အချိန်အားရလေသည်။ ဤတွင် သူတို့အိမ်အကြောင်းကို နည်းနည်းဆိုရလိမ့်မည်။ မအေးကြည်သည် အိမ် တွင် အားသလောက် အားလေသည်။ သို့သော် မီးဖိုချောင်ကိစ္စတွင်ကား ဝင်၍ လုပ်လေ့မရှိ။ ထိုအတွက် ဒေါ်ဒေါ်သိန်းကပင် စီမံပေးရလေသည်။ (မီးဖိုချောင်ကိစ္စတွင်) ဒေါ်ဒေါ်သိန်းကို ကူညီရသူတစ်ဦးလည်း ရှိခဲ့သည်။ ထိုသူမှာ မအေးမြင့် ဖြစ်လေသည်။ မအေးမြင့်၏ မိဘများသည် ဒေါ်ဒေါ် သိန်းတို့နှင့် ခင်မင်ရင်းစွဲဖြစ်ကြသည်။ မအေးမြင့်မှာလည်း မအေးကြည် နှင့် ငယ်သူငယ်ချင်း ဖြစ်ပြန်လေသည်။ သို့ဖြင့် မအေးမြင့်သည် ကာလ ဘတ်လမ်းအိမ်တွင် အမြဲတမ်းလိုလို လာနေလေသည်။

ဒေါ်ဒေါ်သိန်းနှင့် မအေးမြင့်တို့သည် ဦးဖိုးကျားကြိုက်တတ်သည့် ထမင်းဟင်းကို ချက်ပေးလေ့ရှိကြသည်။ ဦးဖိုးကျား၏ အကြိုက်ကလည်း ဆန်းဆန်းပြားပြား မဟုတ်ပါ။ မြန်မာ့ရိုးရာအစာ၊ ငယ်ငယ်က ကိုယ်နှင့် ရင်းနှီးခဲ့သည့် အစာသာဖြစ်သည်။ ထို့ကြောင့် ဦးဖိုးကျား၏ ထမင်းစားပွဲ

တွင် သူငယ်စာငှက်ပျောကို လှီး၍ ငါး၊ ပုဇွန်နှင့် ချက်ပေးသော ဟင်းပါ တတ်လေသည်။ ငါးမှာလည်း အသားတုံးကြီးနှင့်မဟုတ်။ တစ်ခါတစ်ရံ ပုသိမ်သားတွေမက်သော ပါစွန်သုပ်လည်း ရှိနေတတ်လေသည်။

မအေးကြည် ထမင်း ဟင်း ကောင်းကောင်းမချက်တတ်သည်ကို ဦးဖိုးကျားသည် စိတ်မခုပါ။ မအေးကြည်ကို သူ ငယ်ငယ်ကတည်းက သိလာသဖြင့် အလိုလိုက်ပြီးဖြစ်လေသည်။ အမှန်စင်စစ် မအေးကြည်သည် ပုံနှိပ်စက်ဘက်ကို ဂရုစိုက်၍ လုပ်သည်။ အားလျှင်ကား ဓာတ်စက်ဖွင့်၍ ပျော်ပျော်ပါးပါး နေတတ်သည်သာဖြစ်လေသည်။ သူ ပွဲလည်းကြိုက်သည်။ ဖိုးစိန်ပွဲ၊ ရွှေမန်းတင်မောင်ပွဲဆိုလျှင် ဦးဦးဖျားဖျား သွားကြည့်ချင်လေသည်။ ပွဲကြည့်ပြီးလျှင်လည်း ပွဲထဲက ဓာတ်စကား လူပြက်စကားတွေကို နောက်နေ့ အိမ်သားတွေကြားတွင် အားရပါးရ ပြောပြတတ်သည်မှာ သူ့ဝသီပင် ဖြစ်သည်။ ဦးဖိုးကျားမှာ ဓာတ်သဘင်ကို မြန်မာမှုတစ်ရပ်အဖြစ်ဖြင့် အလေး ထားပါ၏။ အမျိုးသားနေ့ နှစ်ပတ်လည်များတွင် မိတ်ဆွေအများကို အိမ်ကို ဖိတ်၊ မုန့်လုံးရေပေါ် ကျွေးရုံမျှမက၊ အိမ်ဘေးက ဘောလုံးကွင်းတွင် စင်ထိုး ပြီး စပယ်လှိုင့်ရုပ်သေးဖြင့် ဧည့်ခံတတ်သူလည်း ဖြစ်ပါ၏။ သို့သော် ပွဲ လမ်းအသွားအလာနည်းသည်။ စာအုပ်နှင့် အနေများသည်။

ဤသည်ကို မအေးကြည်က အနိုင်ကျင့်၍ သူ့ကို ပွဲသို့ လိုက်ပို့ ခိုင်းတတ်လေသည်။ မအေးကြည်လုပ်ပုံသည် တစ်ခါတစ်ရံ ရယ်စရာပင် ကောင်းသေးတော့သည်။ တစ်နေ့တွင် ဦးဖိုးကျားသည် ဖျားနေ၏။ ထိုည တွင် ပွဲကောင်းလည်း ရှိနေလေသည်။ ပွဲကြည့်ချင်နေသော မအေးကြည် သည် ဦးဖိုးကျားကို အဖျားကျအောင်ဟု ဆေးအတင်းတိုက်လေသည်။ ဦးဖိုး ကျား ဖျားလျက်နှင့် ပွဲလိုက်သည်ကို အမေမသိအောင်လည်း ကြံရလေ သည်။ အိမ်ကကားသံကို မကြားရအောင် ထုတ်မဖြစ်မည်။ မိုးချုပ်သော် သူတို့တတွေသည် ဂိုဒေါင်မှ ကားကို ဖြည်းဖြည်းချင်း တွန်းထုတ်စေပြီး အဝေးရောက်မှ စက်နှိုးရလေသည်။ သို့သော် ဦးဖိုးကျားမှာ နောက်တစ်နေ့ တွင် အဖျားဒီဂရီပိုတက်လာသဖြင့် ဒေါ်ဒေါ်သိန်းသည် အဖြစ်မှန်ကို သိသွား လေသည်။

မအေးကြည်ပွဲကြိုက်သလောက် အကအခုန်လည်း ဝါသနာကြီး လေသည်။ ထို့ကြောင့် မြို့မကျောင်းကပွဲများတွင် နှစ်စဉ်လိုလို ပါဝင် က တတ်လေသည်။ မြို့မကျောင်း ကပွဲဆိုသည်မှာလည်း ကျောင်းအုပ်ကြီး ဦးဘလွင်၏ လုံ့လဝီရိယကြောင့် ဂျူဗလီရုံတစ်ခုလုံး ပရိသတ်လျှံသွားရ

လောက်အောင် ခမ်းနားလှပေသည်။ ထိုပွဲမျိုးတွင် မြို့ထဲမှ လူကြီးလူကောင်းများ၊ ကတော်မယားများ၊ ကောလိပ်ကျောင်းသား ကျောင်းသူများက လက်မှတ်ဖိုးကို အစိတ် သုံးဆယ်ပေးဝယ်၍သော်လည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကျပွဲတွင် ပါဝင်၍သော်လည်းကောင်း ဝိုင်ဝန်းကူညီကြမြဲဖြစ်သည်။

ထို့ကြောင့် ဦးဖိုးကျား၏ သူငယ်ချင်းဟောင်းဖြစ်သူ တရားလွှတ်တော် လက်ထောက် ရီဂျစ္စတြီအရာရှိ (လက်ထောက်မော်ကွန်းထိန်း) ဒေါ်မေမေခင်ကလည်း မိန်းကလေးများကို ဇာတ်ကွက် ဇာတ်လမ်း သင်ပေးရင်း ကူတတ်သည်။ ဆရာဖြစ်သင် ကောလိပ်မှ ကျောင်းသူများကလည်း အိုးစည်ယိမ်းဖြင့် ဖြေဖျော်တတ်သည်။ ဦးဖေမောင်တင်ကလည်း အင်္ဂလိပ်လို တယောထိုးပေးတတ်သည်။ ဦးတင့်ဆွေကလည်း ရကန် ရွက်ပြတတ်သည်။ မအေးကြည်မှာလည်း ကျေးဖို ကျေးမ စုံတွဲအကမျိုးတွင် ပါဝင်ရတတ်သည်။ ထိုအခါ ဒေါ်ဒေါ်သိန်းနှင့် မအေးမြင့်တို့ကလည်း သူ့နေရာ၊ သူ့ကဏ္ဍမှ ပါကြရပြန်လေသည်။ မြို့မကျောင်းကပွဲနှင့်တွဲ၍ နိဗ္ဗာန်ဈေးကြီးသည် ဂျူဗလီတစ်ဝင်းလုံးတွင် ခင်းထားလျက်ရှိလေသည်။ ဆိုင်များလည်း အမျိုးစုံရှိနေသည်။ ဒေါ်ဒေါ်သိန်းတို့ကမူ စက္ကူပန်းလှလှကလေးတွေလည်း ရောင်းသည်။ လက်သုပ်စုံ လုပ်၍လည်း ရောင်းသည်။

ဦးဖိုးကျား၊ မအေးကြည်၊ ဒေါ်ဒေါ်သိန်းတို့၏ ဘဝသည် အဆင်ပြေပါပေသည်။

❖

## [ ၉ ]

ဦးဖိုးကျားတို့ အိမ်သည် အိမ်သား အချင်းချင်း ညီညွတ်အဆင်ပြေသော အိမ်ဖြစ်လေသည်။ ထို့ကြောင့် အိမ်သာသည်။ အိမ်သာလျှင် ဧည့်လာသည်ဆိုသော စကားအတိုင်း ဖြစ်နေလေသလား မသိ။ ထိုအိမ်သည် မြို့မကျောင်းဆရာများ၊ စာပေသမားများ၊ အနုပညာသည်များ ဝင်ထွက်ကွန်းခိုရာလည်း ဖြစ်တော့သည်။ ထို့ပြင် ထိုအိမ်ပင်လျှင် ဦးဖိုးကျားအဖို့ စိတ်ကူးသစ်၊ ဉာဏ်သစ်၊ စာအုပ်သစ် ပေါက်ဖွားရာလည်း ဖြစ်လေသည်။

အိမ်အောက်ထပ်တွင် ပုံနှိပ်စက်သည် အချိန်မှန်မှန် လည်ကာ ပုံနှိပ်စာရွက်ကို တစ်ဖောင်ပြီးတစ်ဖောင် ထုတ်လုပ်သည်။ အိမ်အပေါ်ထပ် ခေါင်းရင်းဘက်တွင်မူ ဦးဖိုးကျားသည် စာကြည့်စားပွဲ၌ ထိုင်ကာ စာပေမိတ်ဆွေတစ်ဦးဦးနှင့် စကားပြော၍သော်လည်းကောင်း၊ လျှောက်လွှာစာရွက်ရှည်ပေါ်တွင် စာရေး၍သော်လည်းကောင်း ရှိတတ်လေသည်။

ထိုစာကြည့်စားပွဲ သုံးဘက်တွင် စာအုပ်အပြည့် ထည့်ထားသော ဗီရိုများ ဝိုင်းရံနေလေသည်။ ဗီရိုတစ်ခု၏ ဘေးတွင်မူ သစ္စေးသရိုးကိုင် ရွှေချပလ္လင်ကလေးရှိ၍ ထိုပလ္လင်ပေါ်တွင် ပေထုပ်များ စီးလျက်သားဖြစ်သည်။ စာရေးစားပွဲပေါ် ကြည့်လိုက်ပါဦး။ စာရေးလျှောက်လွှာ စက္ကူ၊ စာအုပ်စသည်ဖြင့် မြင်ရလိမ့်မည်။ ဦးဖိုးကျားသည် စာအုပ်အထားအသို ဂရုစိုက်လေသည်။ သူ့ဗီရို၊ သူ့အကန့်အလိုက် ပိဋကတ်၊ ရာဇဝင်၊ ပျို့ကဗျာစာအုပ်များ

ကိုလည်းကောင်း၊ တိုးတက်ရေး၊ ကြီးပွားရေး၊ သူရိယ၊ ဆယ်သန်း၊ နဂါးနီ စသော မဂ္ဂဇင်း ဂျာနယ်များကိုလည်းကောင်း စီစဉ်ထားသည်။ စားပွဲမှာ လည်း စက္ကူ၊ မင် စသည်ဖြင့် သပ်သပ်ရပ်ရပ် ရှိရလေသည်။

မအေးကြည်သည် ဦးဖိုးကျား၏ စနစ်ကို သိလေသည်။ သူ့ဗီရို ကို အရမ်းမမွှေ။ သူ့စားပွဲကို ရှင်းရှင်းလင်းလင်းထားသည်။ စာအုပ်လိုချင် လျှင် ဦးဖိုးကျားထံမှ ကိုယ်တိုင် တောင်းယူ၍သာ ကြည့်လေသည်။ သို့ဖြင့် ဦးဖိုးကျားမှာ သူ့စာအုပ်နေရာ လွဲနေသည်၊ စာရေးရင်း ကိုးကားစရာ စာအုပ် ရှာမတွေ့ဟု ပြောစရာမရှိ။ စာကိုသာ အေးအေးရေးနိုင်လေသည်။ ဒေါ်ဒေါ် သိန်း၊ မအေးမြင့်တို့ကလည်း ဦးဖိုးကျားစာရေးရင်း စားရအောင်ဟု မြေပဲ ကြော် ဆီဆမ်း တစ်ပန်းကန်ကို ထည့်ပေးထားတတ်သည်။

ထိုနေရာသည် ဦးဖိုးကျား၏ ဘူမိနက်သန်ပေတည်း။ မြို့မ ကျောင်းဆရာ ဦးဟိန်းက သူ၏ 'အိုင်ရစ်အရေးတော်ပုံ' စာမူအတွက် ဥယျော ဇဉ် ရေးပေးပါဟု မေတ္တာရပ်၏။ ထိုနေရာမှစ၍ ဦးဖိုးကျားရေးပေးလိုက် သည်သာ ဖြစ်လေသည်။ မော်ပီဆရာသိန်းကြီးက ဦးဖိုးကျားထံသို့ တစ်နေ့ ကြိုတင်၍ လူလွှတ်လက်ဖက်ထုပ် ကမ်းသည်။ နောက်တစ်နေ့၌ ဆရာသိန်း ရောက်အလာတွင် ထိုနေရာမှ ဦးဖိုးကျားက ဝတ်ပြုဧည့်ခံစကားပြောသည်။ ထို့နောက် လိုအပ်သော ဝတ္ထုကြပစ္စည်းဖြင့် ကန်တော့လေသည်။ ဒဂုဏ်ပ ဦးဘတင်၊ ရွှေမန်းတင်မောင်တို့သည် ထိုနေရာတွင်ပင် ဦးဖိုးကျားနှင့် ဇာတ် သဘင်ကိစ္စကို ဆွေးနွေးတတ်ကြလေသည်။ မကြာမကြာလည်း ရှင် အာဒိစ္စဝံသကျောင်းတိုက်မှ ကိုရင်ကြီးခင် ရောက်လာ၍ ထိုနေရာတွင် နား နားနေနေထိုင်ကာ စာအကြောင်း မေးမြန်းတတ်လေသည်။ ဦးဖိုးကျားမှာ ကိစ္စကြီးသည် ငယ်သည် အကြောင်းမဟုတ်၊ ကိုရင်ကလေးကို လေးလေး စားစား ရှင်းပြပါပေသည်။

၁၉၃၇ ခုနှစ်၊ ၁၉၃၈ ခုနှစ်များတွင် စာအုပ်တော်တော်များများကို ထိုနေရာ၌ပင် ဦးဖိုးကျား ရေးသားခဲ့လေသည်။ နှစ်ဦး၌ ထုတ်ခဲ့သော စာအုပ် မှာ 'အလယ်တန်း ခေတ်မီမြန်မာရာဇဝင်အကျဉ်း' ဖြစ်လေသည်။ ထိုစာအုပ် ကို ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ထကြွရအောင် သင်ခန်းစာရအောင် ဦးဖိုးကျား ရေးခဲ့ခြင်းဖြစ်လေသည်။

သို့ဖြင့် 'အိမ်း ဤသို့ အောင်နိုင်လာစဉ်က တခမ်းတနား တမျှော် တခေါ်ကြီးဖြစ်၏။ အမောင်တို့ မှတ်ထားကြ၊ ဤကား မြန်မာက ယိုးဒယား ကို ပထမအကြိမ် ကြီးစွာ အောင်နိုင်ခြင်းတည်း' စသည်ဖြင့် အမျိုးသားရေး

သက်သက်ကို ပင်း၍ ရေးသည့်စာပိုဒ်များလည်း စာအုပ်တွင် ပါလေသည်။ ကျောင်းသားလူငယ်များ ကြိုက်သော ဒဏ္ဍာရီပုံပြင်များကို ရာဇဝင် အချက်အလက်များနှင့် ရောဖက်ပေးသည့် သဘောလည်းပါလေည်။ နောက်ထုတ်သည့် ရာဇဝင်စာအုပ်မှာမူ အသစ်မဟုတ် 'မြန်မာ့ဂုဏ်ရည်' ကို ချဲ့ထွင်၍ ထော်မဲပ၊ မောင်ဒီစသော ကရင်သူရဲကောင်း အတ္ထုပ္ပတ္တိများကို ဖြည့်ထည့်ခြင်း၊ ဝါကျစာပိုဒ်ကို ပြင်ဆင်တည်းဖြတ်ခြင်းသာ ဖြစ်လေသည်။

ထိုရာဇဝင် စာအုပ်များအပြင် ကိုးကွယ်မှုနှင့် စပ်ဆိုင်သော စာနှစ်အုပ်ကို ဦးဖိုးကျား ထုတ်လေသေးသည်။ ထိုစာနှစ်အုပ်သည် '၃၇ မင်း' နှင့် 'အလောင်းတော် ကဿပ' စာအုပ်များဖြစ်ကြသည်။

'၃၇ မင်း' စာအုပ်ကို ဦးဖိုးကျားရေးစဉ်က ကျမ်းစာအုပ်များကို ဖတ်ရုံသာမက ဆရာလွန်းနှင့်လည်း သွားရောက်ဆွေးနွေးရလေသည်။ စပ်မိ၍ ပြောရမည်ဆိုလျှင် ဆရာလွန်းနှင့် သွားရောက်ဆွေးနွေးရင်း ဆရာလွန်း၏ သားမက် ကိုယောနှင့်လည်း တွေ့ရှိ ဆွေးနွေးကြည့်လေသည်။ ကိုယော ဝတ္ထုအရေး ကျွမ်းကျင်သည်ကို ဦးဖိုးကျားက သိပြီးဖြစ်ပါ၏။ ကိုယော မြန်မာ့ယဉ်ကျေးမှု၌ နှံ့စပ်သော အဖြစ်ကိုကား ယခုလို ဆွေးနွေးကြည့်သည့်အခါမှသာ သိရလေသည်။

သို့ဖြင့် ကိုယောကို မြန်မာမှုဆိုင်ရာ စာတစ်အုပ်လောက်ရေးရန် ဦးဖိုးကျားက ဆော်သြလေသည်။ ထိုအခါ ကိုယောက ဗဟုသုတ မပြည့်သေးဖြစ်၍ ပြည့်စုံအောင် ဆည်းပူးနေရသေးသည်။ မရေးဝံ့သေးဟူ၍ ပြန်ပြောလေသည်။ ကိုယော၏ အဖြေကို ဦးဖိုးကျားက သဘောမတူ၊ သူက မှတ်ချက်ချလေသည်မှာ . . .

'ဗဟုသုတပြည့်စုံမှ ရေးမယ်ဆိုရင်တော့ ခင်ဗျား ဒီတစ်သက်မှာ စာအုပ်ရေးဖြစ်တော့မှာ မဟုတ်ဘူး၊ ဗဟုသုတဆိုတာ အင်မတန် ကျယ်ဝန်းတယ်။ လိုချင်သလောက် ပြည့်စုံအောင် ရှာရမယ်ဆိုရင် ဒီတစ်သက်မပြောနဲ့ နောက် သုံးလေးဘဝ ဆက်ရှာတောင် ပြည့်စုံအောင် ရမယ်မဟုတ်ဘူး။ ဒီတော့ ရသလောက် ရသလောက်ကို ပိုင်းပြီးတော့ ကိုယ်နိုင်သလောက် ရေးသွားပေါ့။ ဗဟုသုတရှာနေသလောက် ဖြန့်ဝေနိုင်ဖို့လဲ အရေးကြီးတယ်ဆိုတာ သတိပြုပါ။ ရှာရင်းပဲ ရေးသွားပါ၊ စောင့်မနေပါနဲ့'

ဟူ၍ဖြစ်လေသည်။

ဦးဖိုးကျား၏ '၃၇ မင်း' တွင် ဣန္ဒ၊ သောမ စသော ဗုဒ္ဓဘာသာ ကျမ်းစာလာ ၃၇ မင်း၊ ဓတရဋ္ဌ၊ ဝိရူဠှက စသော ပုဂံခေတ် ၃၇ မင်း၊

သိကြားမင်း၊ မဟာဂီရိနတ် စသော ရွှေစည်းခုံဘုရားတံတိုင်းအပြင်ရှိ ၃၇ မင်း စာရင်းများ ပါလေသည်။ အပြင် ၃၇ မင်း ဦးရေတွင်လည်း နတ်တစ်ဦးတစ်ဦး၏ အတ္တုပ္ပတ္တိကို ဆင်ယင်ထုံးဖွဲ့မှု၊ ကိုယ်လက်အနေအထား စသည်တို့ ပါပြန်သည်။

တစ်ဖန် အပြင် ၃၇ မင်း စာရင်းနှင့်စပ်၍ ဝန်ကြီး ပဒေသရာဇာ၏ စာရင်း၊ မြဝတီဝန်ကြီး ဦးစ၏ စာရင်း ၂ ခု ကွဲလွဲချက်များနှင့် ယခု ခေတ်တိုး နတ်စာရင်းများ ပါပြန်သည်။ '၃၇ မင်း' သည် မှတ်စုအဖြစ် အလွန်အသုံးဝင်သော စာအုပ်ပါပေတည်း။

'အလောင်းတော်ကဿပ' မှာမူ ဦးဖိုးကျား၏ ကျမ်းစာအုပ်များ အနက် အဆင့်အတန်းရှိသော စာအုပ်ဟု ဆိုရလိမ့်မည်။ သူသည် အထက်ချင်းတွင်းဘက်ရှိ အလောင်းတော်ကဿပ တည်နေရာသို့ သွားရောက်လေ့လာပြီးနောက် ကျမ်းဂန်များနှင့် ညှိနှိုင်း၍ ထိုစာကို ရေးခဲ့သည်။ ရည်ရွယ်ချက်မှာ အထက်ချင်းတွင်း ဒေသန္တရ ဗဟုသုတကိုလည်း ပြလိုသည်က တစ်ချက်၊ လက်ရှိရုပ်တုကို ဂေါတမဘုရားရှင်လက်ထက်မှ ရဟန္တာ ရှင်မဟာကဿပအလောင်းဟူ၍ အများယူဆနေကြသည်မှာ မမှန်၊ ထိုရုပ်တုသည် ပုဂံခေတ်၌ အသက်ထင်ရှားရှိခဲ့သော ပေါင်လောင်ရှင်ကဿပ၏ ရုပ်တုသာ ဖြစ်နိုင်သည်ဟု ဆင်ခြေထုတ်ပြလိုသည်က တစ်ချက်ဖြစ်လေသည်။ သေချာရအောင်လည်း ကျမ်းဂန်လာ ကဿပကိုးဦးကို အထောက်အထားနှင့် တစ်ဦးစီ တစ်ဦးစီ တင်ပြသည်။ ပုဂံခေတ်ရှင်ကဿပ အကြောင်းကိုလည်း ခိုင်ခိုင်လုံလုံ တင်ပြသည်။

သို့ဖြင့် ထိုစာအုပ်သည်လည်း အချက်အလက် အကိုးအကားတွေနှင့် လေးပင်ငြီးငွေ့စရာကြီး ဖြစ်နေမည်ဟု ထင်ရလေသည်။ မဟုတ်ပါ။ စာအုပ်တွင် ထိုးဇာတ် ရှိနေပါ၏။

ဦးဖိုးကျားသည် အလောင်းတော်ကဿပ တည်ရာ၌ မိမိကဲ့သို့ ဘုရားဖူးလာသော အညာသူအပျိုကြီး ရှင်မယ်ထိန်တို့ လူစုနှင့် တွေ့လေ ဟန်၊ ရှင်မယ်ထိန်မှာ ရှေးဟောင်းဗဟုသုတ ပြည့်စုံလေဟန်၊ သူတို့နှစ်ဦးသည် ရှင်မဟာကဿပအကြောင်း အခြေအတင် ပြောကြဟန်၊ ထိုအခါ လေးလေးနက်နက် ပြောသည့်အခါ ပြော၊ ရယ်စရာ စိတ်ကောက်စရာဖြစ်သည့်အခါ ဖြစ်လေဟန် အခန်းကဏ္ဍကိုလည်း လိုသလို ညှပ်ထားပါလေသည်။ ထိုအတွက် စာအုပ်မှာ လေးပင်မနေဘဲ ဖတ်၍ကောင်းနေလေသည်။

ပုံစံတစ်ခုကို ထုတ်၍ပြရလျှင် ပို၍ ထင်ရှားပေလိမ့်မည်။ ဦးဖိုးကျားသည် ပေါင်လောင် ရှင်ကဿပ၏ ရေးဘဝအကြောင်းကို ပြောပြလေသည်။ ပြောပုံမှာ . . .

အဲဒီတော့ ရှင်ကဿပက အော် ငါ့တစ်ဘဝတည်းမှာပင် ငါ့မိခင်ဟာ လူမိန်းမ၊ နွားမ၊ လူမိန်းမရယ်လို့ ၃ ကြိမ် ၃ ဖန် သေကြေပျက်စီးရတယ်။ အင်မတန် သံဝေဂရဖွယ်ကောင်းပါကလား။ ငါ့မိခင် ကျွတ်လွတ်ပြီးဖြစ်လေရာမှာ ချမ်းသာလေအောင် ငါ သိဟိုဠ်ကူးပြီး ဘုရားဖူးမျှော် ပူဇော်ကာ အမျှအတန်း ဝေမှပဲလို့ စိတ်ကူးပြီးတော့ သီဟိုဠ်ကို ကြွမလို့ တောလမ်းက လာခဲ့တော့ တောလမ်းမှာ ကျားနဲ့တွေ့သတဲ့။

'အမယ် ဘုရားရေ၊ ကျားမကိုက်ပါစေနဲ့တော်'

'အို ကိုက်မလို့ မဟုတ်ပါဘူး၊ ကျားက နိဗ္ဗာန်ကူးတို့ ပို့တဲ့သဘောနဲ့ ကျောကုန်းဖြင့် ခံလင့်တော့၊ ကျားကိုစီးပြီး ကြွခဲ့သတဲ့'

'အော် . . . အင်း၊ အတော်တန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်ပဲနော်၊ ကျုပ်ဖြင့် ကျားဆိုတော့ ထိတ်လန့်သွားတာပ'

ဟု ခပ်စောင်းစောင်းပြောသည်နှင့်

'ကျားဆိုပေမယ့် သူတော်ကောင်းကျားပါဗျ၊ ကျားက စိတ်သဘောလဲကောင်း၊ ချောလဲချော . . .'

'တော်ပါ၊ ဆိုင်သလောက်ကို ပြောပါ'

ဟု ငေါက်လိုက်၏။

ဟူ၍ဖြစ်လေသည်။ ဤနည်းနှင်နှင် စာအုပ်နေရာအနှံ့ ရွှင်မြူးစရာအခန်းတွေ လှိုင်လှိုင်ချည်း ပါနေခဲ့သည်။

ဦးဖိုးကျားသည် စာအုပ်တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်နေရသည်ကို နှစ်သိမ့်ဝမ်းသာနေခဲ့ပါ၏။ သို့သော် စာအုပ်များကို ရေးရင်း ကြောင့်ကြစရာကလေးများ တစ်စတစ်စ ရှိလာလေသည်။ မအေးကြည်သည် ၁၉၃၇ ခုနှစ် နောက်ပိုင်းတွင် လူမမာဖြစ်ခဲ့လေသည်။ သူ့တွင် မီးယပ်ရောဂါအခံလည်း ရှိနေသည်။ လည်ပင်းကြီးရောဂါလည်း ရလာသည်။ သူ့အရွယ်မှာလည်း သုံးဆယ့်နှစ်နှစ်သာ ရှိလေသေးသည်။

ဦးဖိုးကျားသည် မအေးကြည်ကို ဆေးရုံသို့ မပို့၊ မြင်းပြိုင်ကွင်းဘက်တွင်နေသော အသိဆရာဝန်တစ်ဦးကို အိမ်ခေါ်ကုလေသည်။ သူနာပြုဆရာမတစ်ဦးကိုလည်း ထားလေသည်။ သို့သော် လူမမာရှင်တို့၏ ဓမ္မတာအတိုင်း အိမ်သို့ အသုတ်ရှာ လေးထပ်ကျောင်း၌ အတူနေခဲ့ဖူးသော ဦးစန္ဒော

ကြွလာသည့်အခါ ဦးစန္ဒောထံမှ အကြံဉာဏ်တောင်းကြည့်သည်။ ဦးစန္ဒောက အအေးမခံရန် ပြောခဲ့လေသည်။

မအေးကြည်၏ ရောဂါသည် သက်သာလိုက်၊ ပြန်တိုးလိုက်နှင့် ရက်လ အတန်ကြာခဲ့လေသည်။ ထိုအတွင်း ရောဂါတိုးစရာအကြောင်း ပေါ်လာခဲ့သည်။ မအေးကြည်၏ ဖခင်ဖြစ်သူ ဦးမောင်ကလေးသည် အိမ်၌ ကွယ်လွန်ခဲ့လေသည်။ မအေးကြည်မှာလည်း တထိတ်လန့်လန့် ဖြစ်လာခဲ့တော့သည်။ တစ်နေ့တွင် ရေချိုးမှား အအေးပတ်သည့်ကိစ္စ ဝင်လာပါ၏။ သို့ဖြင့် ရောဂါတိုးလာပြီး ကုမရသည့် အခြေအနေထိ ရောက်လေသည်။ မအေးကြည်သည် ၁၉၃၉ ခု နှစ်ဦးတွင် ကွယ်လွန်ခဲ့လေသည်။ မအေးကြည်၏ အသုဘချမည့်နေ့တွင် ဦးဖိုးကျားသည် သားဖြစ်သူ ဇော်ဝင်း (ကျား) ကို ငေးစိုက်ကြည့်ကာ 'မင်း မမခေါ်ရမယ့်သူ မရှိတော့ဘူး' ဟု ပြောခဲ့လေသည်။ ထို့နောက် ဘာစကားကိုမျှ ထပ်မပြောတော့။

❖

မအေးကြည် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့ရသည်ကို ဦးဖိုးကျား နှမြောလှသည်။ ထို့ပြင် သားဖြစ်သူ ဇော်ဝင်း (ကျား) ကိုမြင်ရသည်အခါ လက်ပံတန်းကို သူကျောင်းစစ်သွားစဉ်က အဖြစ်အပျက်ကို သတိရမိလေသည်။

သူသည် တစ်နှစ်လောက်က လက်ပံတန်း အမျိုးသားကျောင်းသို့ ကျောင်းစစ်သွားခဲ့သည်။ ကျောင်းအုပ်ဆရာကြီးမှာလည်း သူနှင့် သပိတ်မှောက်ဖက်ဖြစ်သူ ဦးစံရွှေ ဖြစ်လေသည်။ ဦးစံရွှေက ဖိတ်ခေါ်လေ၍ မြို့အရှေ့ဘက်တောင်ခြေရှိ ကျွဲခြံရွာသို့ သူ အလည်ရောက်ခဲ့သည်။ ကြုံကြိုက်နေပြန်လေ၍ ထိုရွာပိုင် ဖိုးဝိုင်းအိမ်စုပါ အိမ်တစ်အိမ်မှ ရှင်ပြုပွဲသို့လည်း ရောက်ခဲ့သည်။

အလှူရှင်မှာ သနားစရာပင်တည်း အလှူလုပ်ရန် ငွေချေးငှားခဲ့ရသည်။ မယား၏ လက်စွပ်ကိုလည်း ပေါင်ထားရသည်။ အလှူလုပ်ချိန်၌မူ (အလှူရှင်၏မယား) ရှင်လောင်း၏ မိခင်ဖြစ်သူမှာ ကွယ်လွန်ခဲ့ပြီဖြစ်သည်။

သို့ဖြင့် ရှင်ပြုပွဲ တရားနာပြီး၍ ရေစက်အချတွင် သွားလေသူ၏ အမည်ကို ဖော်ထုတ်အမျှဝေရင်း အလှူရှင်မှာ မျက်ရည်ကျခဲ့ရလေသည်။ ဦးဖိုးကျားတို့တတွေလည်း စုတ်တသတ်သတ်ဖြစ်ကာ ကိုယ်တိုင် ဝိုင်းဝန်း

ကူညီခဲ့ကြသည်။ ယခုလည်း ဇော်ဝင်း (ကျား)မှာ ရှင်မပြုရသေးခင် မိတဆိုး ဖြစ်ခဲ့သည်။ ဦးဖိုးကျားသည် ထိုအဖြစ်ကို စဉ်းစားမိရင်း ဖိုးဝိုင်းအိမ်စုမှ ရှင်ပြုပွဲကို သတိတရရ ဖြစ်ခဲ့လေသည်။

ထို့အတူ ဒေါ်ဒေါ်သိန်းမှာလည်း သမီးဖြစ်သူ မအေးကြည် သေဆုံးခဲ့သည်ကို တော်တော်နှင့် မဖြေနိုင်ခဲ့။ အိမ်တွင် ဓာတ်စက်ဖွင့်သည်ကိုပင် နားထောင်၍မရ။ မအေးကြည် ဓာတ်စက်ဖွင့်ခဲ့သည်ကို မြင်မြင်လာ၍ ဓာတ်စက်ကို ပိတ်ခိုင်းရသည်။ ထို့အပြင် အတွေးတစ်မျိုးတစ်ဖုံ ပေါ်ကာ မအေးကြည်ကြိုက်တတ်သော ဆိတ်သားဟင်းဖြင့် ဆွမ်းတော်ကပ်တတ်လေသည်။ ဒေါ်ဒေါ်သိန်း၊ ဦးဖိုးကျား၊ ဒေါ်ဒေါ်သိန်း၏ သမီးငယ်ဖြစ်သူ မမြရီတို့တတွေသည် ညပိုင်းကျလျှင် စိတ်ပြေလက်ပျောက် နှစ်ဆယ့်တစ်ပေါက် ဖဲကစားကြရသည်။

သို့သော် ဦးဖိုးကျားသည် သူ့အလုပ်တာဝန်ကို သိပါသည်။ မအေးကြည်သည် အသက်ပြန်ရှင်မလာတော့ပြီဖြစ်၏။ သူ့မှာမူ လုပ်စရာတွေ အများပင်ရှိသည်။ သူသည် ရေးကလို ကျန်းမာရေး မခိုင်လှသည်ကိုပင် ဂရုမစိုက်။ ဗိုလ်အောင်ကျော်လမ်းရှိ အမျိုးသားပညာရေး ကောင်စီရုံးသို့ မှန်မှန်ရုံးတက်၍ မှန်မှန်အလုပ်လုပ်လေသည်။ ထို့ပြင် စာပေအနုပညာနှင့် စပ်၍ အစည်းအဝေးတက်ဖို့၊ ဧည့်ခံပွဲသွားဖို့၊ စကားပြောဖို့၊ သဘာသတိလုပ်ဖို့ ရှိလျှင်လည်း သူမပျက်ကွက်ခဲ့ပေ။ ခါတိုင်းလိုပင် ခေါင်းပေါင်းအုပ်ပေါင်းပေါင်း၊ မာစရိုက်လုံချည်နှင့် ပင်နီအပေါ် အင်္ကျီဝတ်ကာ သွားလာလေသည် သာဖြစ်သည်။

သို့ဖြင့် ၁၉၃၉ ခု၊ နှစ်ဦးတွင် ရန်ကုန်သို့ အင်္ဂလိပ် စာရေးဆရာကြီး အိပ်ဂျီဝဲ လာရောက်လည်ပတ်သည်ကို အကြောင်းပြု၍ ဒေါက်တာထင်အောင်၊ ညိုမြ၊ ဒဂုန်တာရာ၊ တက်တိုး၊ တက္ကသိုလ်ထင်ကြီး စသော တက္ကသိုလ် စာရေးဆရာများက မြမျိုးလွင်၊ သခ်ိ၊ မဟာဆွေ၊ ရန်အောင်၊ ခင်မျိုးချစ် စသော ပြင်ပစာရေးဆရာများနှင့် ပေါင်းကာ အင်းလျားကန်စောင်း၌ လက်ဖက်ရည်ပွဲကျင်းပသောအခါ ထိုပွဲသို့ ဦးဖိုးကျား တက်ခဲ့လေသည်။

မဟာဆွေရေးသည့် စစ်ထွက်သူ ဝတ္ထုကို ကျောင်းသုံးစာအုပ်အဖြစ် စဉ်းစားရန် အစည်းအဝေးသို့လည်း သူရောက်ခဲ့လေသည်။ တက္ကသိုလ်ကျောင်းတိုက် မြန်မာအသင်းကြီးက ကြီးမှူးကျင်းပသော စကားရည်လုပွဲ၌လည်း သူ သဘာပတိလုပ်ခဲ့လေသည်။ အသံလွှင့်ရုံမှ စာပေအကြောင်း

စကားပြော ပြောနေခဲ့သည်မှာလည်း မအေးကြည် မဆုံးခင်က အတိုင်း ဖြစ် သည်။ မအေးကြည် မဆုံးခင်နှစ်က 'မိန်းမမူ'စာအုပ်အကြောင်းကို . . .

ပြည်မြို့က ရွှေတာခြင်းစာအုပ်နှင့် တစ္ဆေပုံညွှန့်ပေါင်းကျမ်းထုတ် သူ ဦးခရေးသားသည့် မိန်းမမူ စာအုပ်ဟာ အင်မတန် သဘောကျစရာ ကောင်းပါတယ်။

မိန်းမမူ စာအုပ်ထဲမှာ ဘာတွေများပါသလဲလို့ဆိုသော် သူပဲ ကြံကြံ ဖန်ဖန်စဉ်းစားပြီး ရေးသားထားတာကတော့ အပျိုဖြန်း၊ အပျို စင်၊ အပျိုကြီး၊ အပျိုဟိုင်းတဲ့။ အဲသည် အပျိုတွေရဲ့ အသက်ပိုင်းနဲ့ ဖြစ်တတ်ပျက်တတ်တဲ့ သဘောသွား လေးမျိုးလေးစား ခွဲခြားထားပါတယ်။

စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောခဲ့သည်။ ပီမိုးနင်းအကြောင်း၊ မဟာ ယာန ဗုဒ္ဓဘာသာအကြောင်း စသည်ဖြင့် အသံလွှင့်ခဲ့လေသည်။

တစ်ဖန် ဦးဖိုးကျားမှာ မိတ်ဆွေသင်္ဂဟများကို စာနှင့် ပတ်သက်၍ ကူညီဖို့ ဝတ္တရားလည်း မလစ်ဟင်းခဲ့။ ဝန်ထောက်ဦးဖိုးလတ်က ရှေးကျေး လက်တော်ရွှာ ကဗျာများကို စုပေါင်း၍ စာအုပ်ထုတ်ဝေလို၏။ သူက လိုအပ် သော အကြံဉာဏ်ပေးခဲ့သည်။ သပိတ်မှောက်ဖက် ဦးစိန်တင်မှာ ရန်ကုန် တက္ကသိုလ်မှ မြန်မာစာ ဂုဏ်ထူး ပထမတန်းဖြင့် ဘီအေအောင်ခဲ့ပြီးနောက် အိုင်စီအက် အုပ်ချုပ်ရေးပိုင်းတွင် ရောက်နေ၏။ ထို့ပြင် သိပ္ပံမောင်ဝ၊ သိပ္ပံ ကျောင်းသား မောင်မြသွင် စသော ကလောင်အမည်များဖြင့် စာပေဆောင်း ပါး၊ ဝတ္ထုဆောင်းပါးများ ရေးနေခဲ့သည်။ ထိုဦးစိန်တင်သည် ရွှေဘိုသို့ အရေးပိုင်အဖြစ်ဖြင့် ပြောင်းရွှေ့လေသောအခါ အဝေးရောက် ဦးအောင်ကြီး နှင့် တွေ့ဆုံရန် သူ တိုက်တွန်းခဲ့လေသည်။

၁၉၄၀ ပြည့်နှစ်ထဲတွင် 'မြောက်ပိုင်း ဗုဒ္ဓဘာသာ မဟာယာနဂိုဏ်း' အမည်ဖြင့် စာအုပ်ကို ဦးဖိုးကျား ရေးထုတ်လေသည်။ ထိုစာအုပ်တွင် ဝေသာလီပြည်၌ ဒုတိယ သင်္ဂါယနာ တင်ချိန်ကစ၍ ဗုဒ္ဓဘာသာသည် ထေ ရာဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း ဟူ၍ ကွဲခဲ့ပုံ၊ ထိုမှ ဆယ့်ရှစ်ဂိုဏ်း ထပ်မံ ကွဲပြားကုန်ကြပုံကို တင်ပြလေသည်။ တဖန် ဂိုဏ်းဂဏ ကွဲပြားသမျှတွင် ထေရာဝါဒဂိုဏ်းကြီးတစ်ဂိုဏ်းသာလျှင် ဘုရားဟောမူရင်းနှင့် ထပ်တူဖြစ် ၍ အခြားဆယ့်ခုနစ်ဂိုဏ်းတို့မှာ အနည်းနှင့် အများ ချွတ်ယွင်းကြပုံကိုလည်း တင်ပြလေသည်။

တစ်ဖန် အေဒီ တစ်ရာစုနှစ်၊ ကန်နစ်သျှုကမင်း လက်ထက် သင်္ဂါ ယနာတင်ပွဲ၌ သံဃနာယကဖြစ်သူ သျှင်အသဃောသက၊ သာဝကယာန၊

ပစ္စေကဗုဒ္ဓယာန၊ ဗုဒ္ဓယာန ဟူ၍ အကျင့်သုံးပါးကို ခွဲပြခဲ့ရာ တစ်စတစ်စ နှင့် ဗုဒ္ဓယာန (ဘုရားလောင်းအကျင့်ဝါဒ) သာလျှင် အမြင့်မြတ်ဆုံးဟူ၍ ယူဆလာကြပုံ၊ ထိုဗုဒ္ဓယာနသည်ပင် မဟာယာနဂိုဏ်းဖြစ်လာခဲ့ပုံကို တင်ပြပြန်လေသည်။

တဖန် မဟာယန အယူအဆတွင် ဂေါတမဘုရားသည် လူ(မှဖြစ်သော) ဘုရားဟူသော အဖြစ်မှ ဓမ္မကာယတည်းဟူသော ပရမတ်ဘုရား အဖြစ်သို့ ပြောင်းလဲသွားခဲ့ပုံ၊ ထိုသို့သော မဟာယာနဂိုဏ်း အသီးသီးသည် လည်း တိဘက်၊ တရုတ်၊ ဂျပန်သို့ ပြန့်နှံ့ခဲ့ပုံတို့ကို အဆုံးတွင် တင်ပြခဲ့လေ သည်။ ထိုစာအုပ်သည် အချက်အလက်အရာ၌ မရှင်းလှ။ ထို့ပြင် ဗုဒ္ဓဘာသာဂိုဏ်း တစ်ဆယ့်ရှစ်ခုအနက် ထေရဝါဒသာလျှင် ဗုဒ္ဓဘုရားဟောနှင့် တစ်ထပ်တည်းဖြစ်၍ ကျန်ဂိုဏ်းများမှာ အမှားအယွင်းရှိသလောက် ရှိကြောင်းဖြင့် ဦးဖိုးကျားက ဆိုခဲ့သည်မှာလည်း ရဲလွန်းလှပေသည်။ ဘယ်လိုပင်ဖြစ်စေ မဟာယာနအကြောင်းကို မြန်မာလို ဖတ်လိုသူများအဖို့ ထိုစာအုပ်သည် နိဒါန်းပျိုးသည့်သဘော ရောက်နိုင်သည်ကား မုချဖြစ်လေ သည်။

အမှန်ဆိုလျှင် ဦးဖိုးကျား၏ စာများသည် သုတေသနချည်းသက်သက်မဟုတ်ချေ။ ဦးဖိုးကျား ကိုယ်တိုင်ကလည်း သုတေသီစစ်စစ် မဟုတ်ချေ။ သူသည် စာပေအနုပညာကို မြတ်နိုး၏။ ဝံသာနုဖြစ်၏။ သူသိသမျှကို အများပြည်သူတို့ထံ အရောက်ပို့လို၏။ သို့ဖြင့် သုတေသနကို အမှီပြု၍ အများဖတ်နိုင်အောင် စာတချို့ကို သူရေးသည်။ ကိုယ်တွေ့ကို အမှီပြု၍ အများဘဝင်ခိုက်အောင် စာတချို့ သူရေးသည်။ ပညာကို လက်တစ်ဆုံး မနိုက်ဟု စွပ်စွဲလိုသူက စွပ်စွဲပေစေ။ သူသည် ပညာရှာရင်းနှင့် ပညာပေး သွားလိုသူပေတည်း

ထို့ကြောင့်လည်း သူ့အဖို့ အမျိုးသားပညာရေးကောင်စီ၌ အမှုထမ်းရာက စာအုပ်စာတမ်းများ ရေးသားထုတ်ဝေနိုင်ခဲ့လေသည်ကိုပင် အလွန်ဝမ်းသာခဲ့ပြီဖြစ်သည်။ တစ်ရံခါ၌ တက္ကသိုလ်ထင်ကြီးက သူ့ထံလာ၍ အော့တိုဂရပ် မှတ်တမ်းစာအုပ်ထဲတွင် စာတိုတစ်ပုဒ်ရေးပေးရန် မေတ္တာရပ်ခံလေသည်။ ဦးဖိုးကျားသည်လည်း အောက်ပါအတိုင်း –

'စာရေးခြင်းဖြင့် တိုင်းပြည်နှင့်တကွ အများချမ်းသာအောင် ဆောင်ရွက်နိုင်သည်ဟု ကျွန်ုပ် မြဲမြံစွာ ယုံကြည်၏။ သို့ကြောင့်လည်း မိမိ

စွမ်းဆောင်သမျှ စာအုပ်ဆယ်အုပ်ခန့် ရေးထုတ်ခဲ့၏။ အသင့်အတန် အကျိုး ရှိသည်ကိုလည်း သိရ၏။ သို့ကြောင့် စာရေးအတတ် ဖွံ့ဖြိုးခြင်းကို အလိုရှိ၏'

ဖိုးကျား

၁.၂.၃၉

ဟူ၍ ရေးခဲ့လေသည်။ သူ့အဖို့ အမျိုးသား ပညာရေးရုံးကိစ္စနှင့် ထပ်တူထပ်မျှ အရေးကြီးသည်မှာ စာအုပ်ရေးဖို့ပင် ဖြစ်သည်။

ဤတွင် မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယာနဂိုဏ်း စာအုပ်နောက် ဦးဖိုးကျားသည် စာအုပ် ထပ်မထုတ်နိုင်တော့ချေ။ ခိုင်ခံ့ပြည့်စုံသော ရာဇဝင် စာတစ်အုပ်ကို ပြုစုရန် သူ့တွင် စိတ်ကူးရှိနေပါ၏။ အချက်အလက်များကို လည်း အပတ်တကုတ် စုဆောင်းနေခဲ့သည်။ ထိုအချက်အလက်များ စာ အဖြစ် မရောက်မီ စစ်က ဝင်၍ လာလေသည်။ ဒုတိယကမ္ဘာစစ်သည် ဦး ဖိုးကျား အပါအဝင် ပြည်သူများ၏ဘဝကို ဝင်ရောက်ဖျက်ဆီးလေတော့ သည်။

ဖြစ်ပုံမှာ အင်္ဂလိပ်နှင့် ဂျာမန်တို့သည် ၁၉၃၉ ခုနှစ်နှောင်းမှစ၍ ဥရောပတိုက်တွင် စစ်စဖြစ်ခဲ့ကြသည်။ ထိုစစ်တွင် အင်္ဂလိပ်ဘက်က ပြင် သစ်၊ အမေရိကန် စသူများသည်လည်းကောင်း၊ ဂျာမန်ဘက်က အီတလီ၊ ဂျပန် စသူများသည်လည်းကောင်း အသီးသီးပါလာခဲ့လေသည်။ သို့ဖြင့် ဂျပန်သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် (အမေရိကန် ရေတပ် စခန်းဖြစ်သော) ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ပြီး အင်္ဂလိပ်နှင့် အမေ ရိကန်တို့ကို စစ်ကြေညာခဲ့လေသည်။ ထို့နောက် စင်္ကာပူရေတပ်စခန်းကို ကာကွယ်ရန်ထားသော ပရင့်စော့ဝေးနှင့် ရီပဲ့အမည်ခံအင်္ဂလိပ်စစ်သင်္ဘော ကြီးများကိုလည်း နှစ်မြှုပ်ပစ်လိုက်ပြန်လေသည်။ တစ်ဖန် ဂျပန်ကြည်းတပ် သည် မြန်မာနိုင်ငံ တောင်ဘက်အစွန်းဖြစ်သော ဝိတိုရိယအငူကို သိမ်းပိုက် နိုင်ခဲ့ပြန်လေသည်။

ထိုအချိန်တွင် ဦးဖိုးကျားနှင့် အမျိုးသားကညာရေး ကောင်စီသည် အခက်အခဲတစ်ခုကို ရင်ဆိုင်နေရလေသည်။ ရွှေတောင်မြို့ရှိ အမျိုးသား အလယ်တန်းကျောင်းကို အစိုးရက အထောက်အပံ့ရပ်စဲမည် လုပ်နေ၏။ အစိုးရ၏ အယူအဆမှာ ရွှေတောင်မြို့သည် မြို့ငယ်ကလေးဖြစ်သည်။ ထို မြို့တွင် အစိုးရအထက်တန်းကျောင်းတစ်ခု ရှိပြီးဖြစ်၍ အလယ်တန်းမလို

ဟူ၍ ဖြစ်လေသည်။ ဦးဖိုးကျားသည် ထိုအရေးကို ကြိုတင်မြော်မြင်၍ အမျိုးသားကျောင်းများကို ဘယ်လို အခက်အခဲများအကြား၌ ထူထောင်ခဲ့ရပုံ ကို စောစောကပင် မြန်မာ့အလင်း သတင်းစာ၍ ရေးသားတင်ပြခဲ့ဖူးလေသည်။

ယခုအရေးကိစ္စမှာမူ နိမိတ်လက္ခဏာမကောင်း၊ သူတို့တတွေသည် အမျိုးသားပညာရေးအတွက် မနည်းကြိုးစားခဲ့ကြ၍ ကျောင်းငါးဆယ်လောက် တည်တံ့နေသည်။ ထိုကျောင်းတွေမှာလည်း ကိုယ်ပိုင်အဆောက်အအုံနှင့် ဖြစ်လာသည်။

ထိုကျောင်းတွေ၌ မြန်မာစာနှင့် အပိုမြန်မာစာ စသည်ကိုလည်း အဆင့်အတန်းမြင့်မြင့်ထား၍ သင်ပေးနေသည်။

ထို့ပြင် ၁၉၃၈ ခုနှစ်ကစ၍ ဦးဘလွင်၏အစွမ်းကြောင့် အမျိုးသားကျောင်းတွေမှာ ထောက်ပံ့ကြေးအဖြစ် ကျောင်းရသုံးငွေ အရှုံး သုံးပုံနှစ်ပုံ ရလာသည်။

ထိုအခြေအနေတွင် ရွှေတောင်မြို့ရှိ အမျိုးသားကျောင်းကို အစိုးရက မထောက်ပံ့တော့ဟူ၍ စီစဉ်နေသည်မှာ အရုပ်ဆိုးလှပေသည်။ ပို၍ခံပြင်းစရာဖြစ်နေသည်မှာကား ထိုကိစ္စနှင့်စပ်၍ တာဝန်ရှိနေသော လက်ရှိပညာရေး ဝန်ကြီးချုပ် ဦးဘရင်သည် ရေးက မိတ္ထီလာ အမျိုးသားကျောင်းတွင် နှစ်ပေါင်းများစွာ ကျောင်းအုပ်လုပ်ခဲ့ဖူးသူ ဖြစ်နေသောကြောင့်တည်း။

ဒီဇင်ဘာ ၉ ရက်နေ့တွင် ရွှေတောင် အမျိုးသားကျောင်း ကော်မီတီဝင်များသည် ရန်ကုန်သို့ရောက်လာ၍ ဦးဖိုးကျားနှင့် တွေ့လေသည်။ ဦးဖိုးကျားသည်လည်း သူတို့ကို ဦးဘရင်ထံ ခေါ်သွားရန် စီစဉ်လေသည်။ သို့သော် ဦးဘရင်မှာ ရုံးတွင်မရှိ၊ ဦးဖိုးကျားနှင့် ကော်မီတီဝင်များသည် ဦးဘရင်၏ အိမ်သို့ အရောက်သွားရလေသည်။ ဦးဖိုးကျားမှာလည်း ထိုအရေးနှင့်စပ်၍ အတော်ခံပြင်းနေခဲ့ဟန် ရှိလေသည်။ သူသည် ကျောင်းဆက်လက်တည်တံ့ရေးနှင့် စပ်၍ ဦးဘရင်ကို အတော်ပြောလေသည်။ ထိုအခါ ဦးဘရင်က တစ်ပတ်လျှော့ကာ ‘စစ်ဖြစ်ပြီပဲ၊ မပူပါနဲ့၊ ဒီကိစ္စကို တန်းလန်းထားလိုက်မယ်’ ဟု ပြောခဲ့လေသည်။ ဦးဖိုးကျားတို့သည်လည်း စိတ်နည်းနည်းအေးကာ ပြန်လာခဲ့ကြသည်။

နောက်ရက်များတွင်ကား စစ်အခြေအနေသည် ဆိုးဝါးလာလေသည်။ ဂျပန်ကြည်းတပ်သည် မြန်မာနိုင်ငံတွင်းသို့ ဝင်သထက် ဝင်လာလေသည်။

ဒီဇင်ဘာ ၂၃ ရက်နေ့တွင်လည်း ဂျပန်စစ်လေယာဉ်ပျံများသည် ရန်ကုန်ဆိပ်ကမ်း၊ မင်္ဂလာဒုံကွင်း စသော နေရာများကို ဗုံးကြဲတိုက်ခိုက်၍ လူအများ သေကြေပျက်စီးကြလေသည်။ တဖန် ဒီဇင်ဘာလ ၂၅ ရက်နေ့ တွင် ဂျပန် စစ်လေယာဉ်ပျံ လာ၍ ဗုံးကြဲတိုက်ခိုက်ပြန်ရာ ထိုအချိန်၌ လည်း လူအများ သေကြေကြလေသည်။

ဤတွင် ရုံးတွေလည်း ပြောင်းရွှေ့စ ပြုလာတော့သည်။ မြို့သူ မြို့သားတို့မှာလည်း မကြုံစဖူး၊ အလွန် ထိတ်လန့်ကြလေသည်။ သူတို့သည် သယ်နိုင်သမျှ ပစ္စည်းတို့ကို သယ်၍ ရန်ကုန်မြို့မှ တစ်စစ ခွာကြလေသည်။ ထိုအထဲတွင် ဦးဖိုးကျားတို့ အိမ်သားများ ပါဝင်ခဲ့လေသည်။ ဦးဖိုးကျားတို့ အိမ်သားများမှာ အခြားမဟုတ်၊ ဦးဖိုးကျား၊ ဒေါ်ဒေါ်သိန်း၊ မမြရီ၊ ဇော်ဝင်း (ကျား)၊ ကားမောင်းသူ ကိုဘတင်နှင့် ကိုဘတင်၏ မယားဖြစ်ကြသည်။ ဒီဇင်ဘာလ ၂၇ ရက်တွင် သူတို့ မော်တော်ကားထဲသို့ ထည့်နိုင်သမျှ ပစ္စည်း တို့ကို ထည့်၍ ဟင်္သာတဘက်သို့ ထွက်ခွာလာခဲ့ကြသည်။ မော်ပီအရောက် တွင် သူတို့သည် ခေတ္တနားကြလေသည်။

သို့သော် မော်ပီဆရာသိန်းနှင့် နန်းဦးကျောင်း ဆရာတော်တို့က စစ်ကြောင်းရှေ့မှ မသွားကြစေလိုကြောင်းဖြင့် ဦးဖိုးကျားတို့ကို တားလေ သည်။

ထို့ကြောင့် ဟင်္သာတဘက်သို့ မသွားတော့ဘဲ မော်ပီ သရက် တောလမ်းထဲတွင် အိမ်ငှား၍ နေကြရလေသည်။ ထိုအတွင်း ၁၉၄၂ ခုနှစ်၊ ဇန်နဝန်ရီလ ၁ ရက်နေ့တွင် မော်ပီဆရာသိန်းသည် ရုတ်တရက် ကွယ်လွန် ခဲ့လေရာ ဦးဖိုးကျားသည် ကိုယ်တိုင်ပါဝင်၍ ဆရာသိန်း၏ အသုဘကို ပို့ခဲ့ ရလေသည်။ ဤတွင် ဦးဖိုးကျားကိုယ်တိုင်ကလည်း မမာတော့ချေ။ သူ့တွင် ရန်ကုန်မှ ဆီးချိုရောဂါ ပါလာခဲ့လေသည်။ လူကလည်း အလွန်ချုံးကျနေ လေသည်။

တစ်နေ့တွင် သူသည် ဦးတင့်ဆွေတို့အိမ်သားတွေ မော်ပီရောက် လာကြောင်း သတင်းကို ကြားရလေသည်။ ဦးတင့်ဆွေမှာ သူ၏တပည့် လည်းဖြစ်သည်။ သူ့လို စာပေသမားလည်း ဖြစ်သည်။ ထို့ကြောင့် တွေ့လို စိတ် ပြင်းပြကာ ဦးတင့်ဆွေတည်းရာ စိုက်ပျိုးရေးဝန်ထောက် ဦးစောရွှေ အိမ်သို့ သားဇော်ဝင်း (ကျား) နှင့်အတူ သွားလေသည်။ ဦးတင့်ဆွေကို သူ တွေ့ရသည့်အခါ အလွန်လည်း ဝမ်းသာလေသည်။ 'ကိုရင် ဒီမှာ ရှိတယ် ကြားလို့ ကျုပ်လာတယ်' ဟု စကားစကာ သူ့ကျန်းမာရေးမကောင်းကြောင်း၊

'တပြေးစာ' ပစ္စည်းကလေးမျှသာ ထည့်၍ သူတို့ ရန်ကုန်က ထွက်ခဲ့ကြကြောင်း ပြောပြလေသည်။

သို့သော် ဦးဖိုးကျားသည် ဦးတင့်ဆွေလို သိဟောင်းကျွမ်းဟောင်းတွေနှင့်အတူ မော်ပီတွင် စကားကောင်း မနေနိုင်ပေ။ စစ်အခြေအနေက ဆိုးသထက် ဆိုးလာသည်။ မတ်လ ဒုတိယပတ်ထဲတွင် ရန်ကုန်မြို့သည် ဂျပန်လက်သို့ ကျလေသည်။ အင်္ဂလိပ်တပ်သည်လည်း မြေလှန်စနစ်ကို သုံး၍ စစ်နှင့် စပ်ဆိုင်သမျှ ပစ္စည်းအဆောက်အအုံများကို ဖျက်ဆီးကာ အထက်မြန်မာနိုင်ငံဘက်သို့ ဆုတ်ခွာလေသည်။ ထိုအခါ မော်ပီမြို့ခံများလည်း မြို့ထဲတွင် မနေရဲ။ မော်ပီမြို့တွင် ဝင်ခိုကြသူများလည်း အရပ်တစ်ပါး၌ စစ်ရှောင်ရန် ကြံစည်ကြရတော့သည်။

ဦးဖိုးကျားတို့အိမ်သားတွေလည်း အိမ်ရှင်များနှင့်အတူ မော်ပီအပိုင် ချောင်းဝရွာသို့ လှည်းဖြင့် ပြေးကြရသည်။ ချောင်းဝရွာတွင် စတည်းချ၍ သုံးရက်အကြာတွင် ဓားပြရန်က ဝင်လာလေသဖြင့် ထန်းတပင်ဘက်သို့ သမ္ဗန်ဖြင့် သွားရပြန်လေသည်။ ထန်းတပင်အရောက်တွင် မြို့ရိုးလမ်းမှ အသိအိမ်တစ်အိမ်၌ တည်းခိုကြရသည်။ ထိုအခါ ဦးဖိုးကျားမှာ အလွန်ပင်ပန်းလျက်ရှိလေပြီ။ သူ့ခြေသလုံးအိမ်တွင်လည်း အနာပေါက်ခဲ့လေသည်။ ထိုအနာကို ဆရာတစ်ဦးနှင့် ကုသရလေသည်။ ထိုဆရာကပင် ဆေးထည့်ပတ်တီးစည်းပေးပြီး ကိုးရက်ကြာမှ ဖြေရန် ပြောလေသည်။ ဦးဖိုးကျားမှာ ကိုးရက်ကြာ၍ ပတ်တီးကိုဖြေရာ အနာမှာ မပျောက်သည့်သာမက အတွင်းကလှိုက်၍ စားနေသည်ကို တွေ့ရလေသည်။ ဆရာလည်း ပြောင်းရပြန်လေသည်။ သို့သော် ဦးဖိုးကျားမှာ မသက်သာ။

လူအများ သက်ဦးဆံဖျား ပြေးလွှားနေကြသည့်အချိန်တွင် ဆရာကောင်း၊ ဆေးကောင်းတွေ့ရန် ခက်ခဲလှသည်။ ဦးဖိုးကျား သည်းခံရပေတော့မည်။ ထားပါတော့။ အရေးကြီးသည်မှာ ထိုစစ် မြန်မြန်ပြီးသွားဖို့ပင်ဖြစ်သည်။

စစ်တာရှည်နေပါက သူတို့တတွေ ကြိုးပမ်းခဲ့ကြသော အမျိုးသားပညာရေးသည် တန့်သွားလိမ့်မည်။ ထိုအဖြစ်ကို သူမခံနိုင်။ အမျိုးသားပညာရေးကို သူ ငယ်စဉ်ကတည်းက တွေ့ထိခဲ့ရသော လောကဓာတ်ကျောင်းပညာရေး၊ အင်္ဂလိပ်ကျောင်း ပညာရေးနှင့်မတူ ထူးခြားရလေအောင် မနည်းကြိုးစား၍ ပျိုးထောင်ထားရသည်။ စိတ်တိုင်းကျပင် မဖြစ်သေး။ ထိုအတွက် အထောက်အကူ ဖြစ်အောင်၊ အများပညာတိုးအောင်လည်း စာအုပ်စာတမ်း

များကို သူ ပြုစုထားရသည်။ ထိုအရာများသည် စစ်ကြောင့် အလကား မဖြစ်ပါစေနှင့်ဟု ဝေဒနာခံစားရင်း ဆုတောင်းရမည်ကဲ့သို့ ရှိလေသည်။

ဦးဖိုးကျားသည် ဒေါ်ဒေါ်သိန်းနှင့် (သူ့အပေါ် စေတနာထားကြသော) မြို့ခံ လူတချို့၏ အပြုအစုကို ခံ၍ ၁၉၄၂ ခု၊ ဧပြီလ ဆယ့်တစ်ရက်နေ့တွင် ကွယ်လွန်ပါတော့သည်။ မြို့ခံလူများလည်း ဦးဖိုးကျား၏ အသုဘကို တောထုံးစံ ငါးရက်ထားပြီးနောက် ဧပြီလ ဆယ့်ခြောက်ရက်နေ့တွင် ထန်းတပင်မြို့ထိပ် ဘုန်းကြီးကျောင်းအနီးရှိ သုသာန်၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့လေသည်။

❖

## [ ၁၁ ]

ဦးဖိုးကျားသည် စစ်ဘေးရှောင်ရင်း မြို့ငယ်ကလေးတစ်ခု၌ မထင်မရှား ကွယ်လွန်ခဲ့သကဲ့သို့ ရှိလေသည်။ ဤတွင် သူ့ကို ကြည်ညိုသူအများပင် ရှိကြသည်။ ထိုသူတို့တွင် အသုဘကို မီသူတို့ကလည်း အသုဘကို လိုက်ပို့ခဲ့ကြလေသည်။ အဝေးမှ သတင်းကြားကြသူများကလည်း ဝမ်းနည်းကြေကွဲ၍ သူ့ဂုဏ်ရည်ကို ပြန်ပြောင်း သတိရမိကြလေသည်။

ဦးဖိုးကျား၏ အသုဘချသောနေ့တွင် ထန်းတပင်မြို့ထိပ်သို့ လှေတစ်တစင်းလာကပ်လေသည်။ ထိုလှေသည် ဟင်္သာတမှ လာသော လှေဖြစ်သည်။ လှေထဲတွင်လည်း ဦးဖိုးကျားနှင့် သပိတ်မှောက်ဖက် ဦးမြင့်၊ နဂါးနီဂျာနယ် အယ်ဒီတာအဖွဲ့ဝင် တစ်ဦး၊ ဦးဖိုးကျား၏ စာကို မင်သူ ဦးကြီးမောင် (နောင်သော် ငွေဥဒေါင်း) ပေါင်း သုံးဦးပါကြသည်။ ထိုသူများသည် စစ်ဘေးရှောင်ရင်း သူတို့ရပ်ရွာဖြစ်သော ဟင်္သာတဘက်သို့ ခဏ ရောက်နေခဲ့ကြသည်။ ယခုမှု ရန်ကုန်သို့ ဂျပန်နှင့် ဘီအိုင်အေတပ်များ ရောက်ရှိကာ အုပ်ချုပ်ရေး အခြေချပြီဟူသော သတင်းကို သူတို့ ကြားခဲ့ကြသည်။ သို့ဖြင့် လှေတစ်စီးငှား၍ ရန်ကုန်သို့ ပြန်လာကြရာမှ ထန်းတပင်တွင် ဝင် ၍ နားကြခြင်းဖြစ်လေသည်။

ထိုအချိန်တွင် မိုးတစိမ့်စိမ့်ရွာနေ၏။ ထို့ပြင် ကြေးစည်သံတဝေဝေဖြင့် မြို့ထိပ်မှ အသုဘချသွားသော လူတန်းကို လှေပေါ်မှ သူတို့ လှမ်း

၍ မြင်ကြရလေသည်။ ဦးကြီးမောင်လည်း မဦးမချွတ်နှင့် ‘ယခုနေအခါမှာ အသုဘချတာမြင်ရတာ လွမ်းစရာပဲ။ ကြေးစည်တွေ ဘာတွေနဲ့ဆိုတော့ လူကြီးနဲ့တူပါရဲ့’ ဟု ပြောလိုက်မိလေသည်။ ထိုစကားကို ကမ်းပေါ်တွင် ရှိသော ဈေးသည်မတစ်ယောက်က ကြားသည်။

သို့ဖြင့် ဈေးသည်မက ‘သနားစရာပါတော်၊ ရန်ကုန်က စစ်ပြေး ဧည့်သည်ပါ၊ လူကြီးပါပဲ၊ အမျိုးသားပညာဝန် ဦးဖိုးကျားဆိုလား’ ဟု ပြန်ပြောလေသည်။ ဈေးသည်မ၏ စကားပင် မဆုံးတတ်သေး။ သူတို့သည် လှေပေါ်မှ ထကြလေပြီ။ နဂါးနီဂျာနယ် အယ်ဒီတာတ ထီးဆွဲ၍ ဦးမြင့်က ကောင်းဘွိုင်သက္ကလပ်ဦးထုပ်ကြီးဆောင်း၍ ဦးကြီးမောင်နှင့်အတူ လှေပေါ်မှ ခုန်ဆင်းကာ အသုဘကို အမီလိုက်၍ ပို့ခဲ့ကြလေသည်။

ဦးဖိုးကျားကွယ်လွန်ကြောင်း သတင်းသည် တဖြည်းဖြည်းနှင့် မိတ်ဆွေများ၊ စာပေသမားများ၊ စာဖတ်သူများထံသို့ ပြန့်နှံ့သွားခဲ့လေသည်။ ထိုအချိန်တွင် မြန်မာတစ်နိုင်ငံလုံးလိုလိုလည်း ဂျပန်နှင့် ဘီအိုင်အေ (နောက် ဘီဒီအေ) တပ်များလက်သို့ ကျခဲ့ပြီးဖြစ်လေသည်။ ရန်ကုန်တွင်လည်း အုပ်ချုပ်ရေး ပုံစံချနေသည်။ အလုပ်အကိုင်တွေလည်း ပြန်လည်ထူထောင်နေကြသည်။ မြို့ရွာအနှံ့အပြားတွင်လည်း ပြန်လည်စည်ပင်လာသလို ရှိလေသည်။ ဦးတင့်ဆွေသည်လည်း မန္တလေးရောက်ကာ တိုင်းချစ်သတင်းစာ၌ အယ်ဒီတာလုပ်နေ၏။ သူသည် ဦးဖိုးကျား ကွယ်လွန်ကြောင်းသတင်းကို ကြားလာရသည်။ သို့ဖြင့် ၁၉၄၂ ခု၊ ဩဂုတ်လ တစ်ရက်နေ့ထုတ် ‘တိုင်းချစ်’ သတင်းစာ၌ . . .

‘ကိုးဆယ့်ခြောက်ပါး ရောဂါဝေဒနာဖြင့် နောင်ကြီးကျား အနိစ္စရောက်ရရှာလေပြီ ဟူသော သတင်းကို ကြားရသောအခါ ကျွန်တော်၏ စိတ်ထဲတွင် မြင့်မိုရ်တောင်ကြီး ပြိုလေပြီဟု အောက်မေ့မိ၏။ ဝမ်းလည်းနည်း၏။ နှမြောလည်း နှမြော၏။ မြန်မာနိုင်ငံ ခေတ်သစ်ထူထောင်သောအခါကျမှ အမျိုးကောင်းသားတစ်ယောက် ပျက်စီးလေခြင်းဟု တောက်တခေါက်ခေါက်နေမိတော့၏ . . .။’ စသည်ဖြင့် ရေးသားခဲ့လေသည်။

ဦးတင့်ဆွေ၏နောက်တွင် အခြားစာရေးဆရာများကလည်း လိုက်လာကြသည်။ ရန်ကုန်တွင် စာရေးဆရာအသင်းကို ပြန်လည် စုစည်းထားလေသည်။ ထိုအသင်းတွင် သူရိယမဂ္ဂဇင်း အယ်ဒီတာဟောင်း ဦးသိန်းမောင်၊ ကြီးပွားရေးမဂ္ဂဇင်း အယ်ဒီတာဟောင်း ဦးလှ၊ ဂျာနယ်ကျော် အယ်ဒီတာဟောင်း ဦးချစ်မောင်၊ ဝတ္ထုရေးဆရာ ဇဝနတို့ ကြီးကြပ်လုပ်ဆောင်နေကြ

သည်။ သို့ဖြင့် စက်တင်ဘာလ ကိုးရက်နေ့တွင် ကျင်းပသော အစည်းအဝေး၌ ဦးဖိုးကျား ကွယ်လွန်၍ ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခဲ့ကြသည်။ စစ်ကြီးပြီးပြီးချင်း ဦးဖိုးကျား၏ ဂုဏ်သတင်းကို ဖော်ထုတ်မှတ်တမ်းတင်သူကား စာရေးဆရာ မဟာဆွေပင် ဖြစ်သည်။ သူသည် ၁၉၄၆ ခု နှစ်ဦး ထုတ် 'ဖဝန' ဂျာနယ်၌ 'စစ်အတွင်း ကွယ်လွန်သူ စာဆိုတော်ကြီးများ' ဟူ၍ ခေါင်းစဉ်တပ်၍ ဦးဖိုးကျားအကြောင်းကို ရေးခဲ့လေသည်။

ဤတွင် ဦးဖိုးကျား၏ ကျန်ရစ်သော ရုပ်ကလာပ်သည် ထန်းတပင်မြို့၌ ကြာရှည်စွာ မနေခဲ့ရပေ။ (ဦးဖိုးကျားနှင့် သပိတ်မှောက်ဖက်ဖြစ်ခဲ့၍) ၁၉၅၃ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဖြစ်နေသူ ဦးထွန်းဖေ၊ ဗမာ့ခေတ် သတင်းစာ အယ်ဒီတာ ဦးအုန်းခင်၊ စာရေးဆရာ ဦးရန်အောင်တို့နှင့် ပုသိမ် ခရိုင်အသင်းတို့ ပူးပေါင်းကမ္ဘကထပြု၍ ထန်းတပင် သုသာန်မှ ဦးဖိုးကျား၏ အရိုးကို တူးဖော်ခဲ့ကြသည်။ ထို့နောက် (အရိုးအိုးကို) ရန်ကုန်သို့ ယူဆောင်ကာ ထိုစဉ်က ကြံတောသုသာန်၌ ဂူသွင်း၍ အောက်ပါအတိုင်း ကမ္ပည်းထိုးခဲ့ကြပါသတည်း။

*စာရေးဆရာကြီး*
*အမျိုးသားပညာဝန်*
*ဦးဖိုးကျား*
*အသက် (၅၂) နှစ်*
*၁၉၄၂ ခု၊ ဧပြီလ ၁၁ ရက်နေ့*
*ကွယ်လွန်အနိစ္စရောက်သည်။*

❖

စာအုပ်စာရင်း

၁။ ငွေဥဒေါင်း၏ သီးခြားစာဝက်ဘာ၊ ၁၉၆၅။

၂။ ဇေယျ၏ ကျွန်တော်သိသော ဦးဖိုးကျား၊ (၁၉၆၇ ခုထုတ် စာတွေ့ ငါတွေ့ စာအုပ်တွင်ပါသည်။)

၃။ ဇော်ဝင်းကျား၏ ကျွန်တော်သိသော ကျွန်တော့်အဖေ ဦးဖိုးကျား ဆောင်းပါး (ဦးမောင်မောင်၏ ဦးဖိုးကျား၏ မှတ်စုများစာအုပ် တွင်ပါသည်)။

၄။ ဦးတင့်ဆွေ၏ နောင်ကြီးကျား ဆောင်းပါး၊ (ဦးလှ၏ သတင်းစာ များပြောပြတဲ့ စစ်အတွင်းမြန်မာပြည်၊ ပထမတွဲ စာအုပ်တွင်ပါ သည်။)

၅။ ဦးတင့်ဆွေ၏ သူတို့နှစ်ယောက်၊ (အမှတ် ၇၈၊ ငွေတာရီမဂ္ဂဇင်း တွင်ပါသည်)။

၆။ နိုင်ငံကျော် တိုင်းရင်းသား ပညာဝန်ဦးဖိုးကျားအကြောင်း ဆောင်း ပါး၊ (ကဝိမျက်မှန်မဂ္ဂဇင်း၊ ပထမတွဲ အမှတ် – ၁ တွင်ပါသည်)။

၇။ ပညာ့အလင်း သတင်းစာတိုက်ပိုင်ရှင် ဦးတင်၏ အမှုအကြောင်း။ (၃၀.၆.၁၉၂၄ ခုနှစ်နှင့် ၄.၇.၁၉၂၄ ခုနှစ်ထုတ် မြန်မာ့ရီဗျူးတွင် ပါသည်)။

၈။ ဦးပုကလေး၏ မြန်မာပြည်သတင်းစာလောက။ (ကိုယ်တွေ့ သတင်းစာပညာ စာအုပ်တွင်ပါသည်)။

၉။ ဦးဖိုးကျား၏ ကိုယ့်ကိုယ်ကို ကိုယ်အားကိုးပါ ဆောင်ပါး၊ (၁၉၃၅ ခုနှစ်၊ ဇူလိုင်လထုတ် ဆယ်သန်းဂျာနယ်တွင် ပါသည်)။
၁၀။ ဦးဖိုးကျား၏ ကျောင်းသားများနှင့် အလုပ်ဆောင်းပါး (ဆယ်သန်းဂျာနယ်၊ ဒုတိယတွဲ၊ အမှတ် ၂၆ တွင် ပါသည်)။
၁၁။ ဦးဖိုးကျား၏ သာသနာပြု ကိုယ်တော်ကလေး ဝတ္ထု၊ ဆောင်းပါး၊ (၁.၉.၁၉၃၄ ခုနှစ်ထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် ပါသည်။
၁၂။ ဦးဖိုးကျား၏ အမျိုးသားနေ့ဆောင်းပါး။ (၁.၁.၁၉၃၅ ခုနှစ်ထုတ် တိုးတက်ရေးမဂ္ဂဇင်းတွင် ပါသည်။
၁၃။ ဦးဖိုးကျားအကြောင်း ဆောင်းပါး။ (မြန်မာစွယ်စုံကျမ်း အတွဲ ၇ တွင် ပါသည်)။
၁၄။ ဦးဘလွင်၏ အတ္ထုပ္ပတ္တိ (၈.၈.၁၉၃၆ ခုနှစ်ထုတ် ဒီးဒုတ်ဂျာနယ်တွင်ပါသည်)။
၁၅။ မဟာဆွေ၏ ငမိုးနှင့် ဤကလောင်။ ၁၉၇၀။
၁၆။ မဟာဆွေ၏ စစ်အတွင်း ကွယ်လွန်သူ စာဆိုတော်ကြီးအများဆောင်းပါး။ (၁၉၄၆ ခု၊ ဖေဖော်ဝါရီလထုတ် ဇဝနဂျာနယ်တွင် ပါသည်)။
၁၇။ ဦးမောင်မောင်ခင်၏ အရေးကြီးတဲ့ ၁၉၂၀ ခုနှစ် ဆောင်းပါး။ (၂၅.၁၁.၆၆ ခုနှစ်ထုတ်၊ မြန်မာ့အလင်းသတင်းစာတွင် ပါသည်)။
၁၈။ သခင်ကိုယ်တော်မှိုင်း၏ ဘွိုင်းကောက်ဋီကာ၊ ၁၉၂၇။
၁၉။ ရန်အောင်၏ ရန်အောင့်စာ ရန်အောင့်ဘဝ။ ၁၉၆၈။
၂၀။ ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်း၊ ပထမတွဲ၊ ၁၉၆၁။။
၂၁။ လောကသာရမဂ္ဂဇင်း၊ ၁၅.၆.၁၉၂၀။
၂၂။ လမ်းစဉ်သတင်း၊ အတွဲ ၆၊ အမှတ်၂၂။
၂၃။ ဦးလှ၏ ကျွန်တောသတင်းထောက် ၁၉၇၁။
၂၄။ သပိတ်သံ ဆောင်းပါး။ (၁၉.၁၁.၁၉၃၅ ခုနှစ်ထုတ် မြန်မာ့နေ့စဉ်သတင်းစာတွင် ပါသည်)။
၂၅။ သိန်းဖေမြင့်၏ ဆရာလွန်း၏ အတ္ထုပ္ပတ္တိ၊ ၁၉၃၇။
၂၆။ သိပ္ပံမောင်ဝ၏ ယူနီဗာစီတီ ဘွိုင်းကောက် ဆောင်းပါး၊ (၁၉၆၆ ခုနှစ်ထုတ် ခေတ်ဆန်းစာပေ အထွေထွေစာအုပ်တွင်ပါသည်)။
၂၇။ အမျိုးသားနေ့ခေါ် မြန်မာအောင်ပွဲနေ့ကြီး၌ ကိုဖိုးကျားပြောဆိုချက်(၂၁.၁၁.၁၉၂၂ ခုနှစ်ထုတ်၊ ပညာအလင်းသတင်းစာတွင် ပါသည်)။

၂၈။ အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင်၊ ပြန်ကြား ရေးဝန်ကြီးဌာနထုတ်၊ ၁၉၇၀။
၂၉။ အမျိုးသားပညာဝန် ဦးဖိုးကျားဆောင်းပါး။ (စာဆိုတော် မဂ္ဂဇင်း အတွဲ ၁၊ အမှတ် – ၂ တွင်ပါသည်)။
၃၀။ ဦးဇကျော်၏ အမျိုးသားပညာရေး သမိုင်း၊ ၁၉၇၀။
၃၁။ အိုးဝေဂျာနယ်၊ အမှတ် ၅၅။
၃၂။ **BURMA (MYANMAR) GAZETTE. May 25th, 1918. Part IV**
၃၃။ **HLA SHEIN - NATIONAL DAY(In Working Peoples Daily, 7.12.1966)**
၃၄။ **HEWETT, H.P. and CLAGUE, J., Comp-Burma (Myanmar) Gazetteer. Bassein Distreet 1976.**
၃၅။ **PO, SAN C - Burma (Myanmar) and the Karens 1928.**
၃၆။ **TIPPING. L-Third Direct Method English Reader. 1948.**

❖ ❖ ❖

# ဒီးဒုတ်ဦးဘချို

Quality Publishing House

[ ၁ ]

ဒီးဒုတ် ဦးဘချိုသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ လုပ်ကြံခြင်းခံခဲ့ရစဉ်က အသက် ၅၄ နှစ်အရွယ်တွင် ရှိလေသေးသည်။ အရွယ် ကောင်း၊ ဉာဏ်ကောင်းချိန်ဖြစ်၍ သူ့အဖို့ ဖဆပလအဖွဲ့ချုပ်က ပေးသည့် တာဝန်ကို ဆက်လက်လုပ်မည်ဆိုလျှင်လည်း တိုင်းပြည်၌အကျိုးများဖွယ်ရှိ၏။ သို့မဟုတ် သတင်းစာ ဂျာနယ်အလုပ်ကို သူ လုံးလုံးလျားလျား ပြန်ကိုင်ရလျှင်လည်းကောင်း၊ ဂီတ စာပေစသော အနုသုခုမပညာများကို ပြန်လည်ပွားစည်းရလျှင်လည်းကောင်း ထိုဘက်၌လည်း အမြတ်ကောင်းစွာ ပေါ်ခဲ့လေမည်ပင်။

ဤတွင် မြန်မာနိုင်ငံလွတ်လပ်သည်ရှိသော် သူ့ကို တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် အဖြစ်ဆိုင်ရာတို့က ရည်ရွယ်ခဲ့သည်ဟု ဆိုစမှတ်ပြုကြသည်။ သို့သော် ဦးဘချိုအဖို့ သူပါဝင် လှုပ်ရှားခဲ့သော နိုင်ငံရေးသည် ခရီးအတန်ပေါက်ပြီ၊ ပေါက်၍ မြန်မာမှုကို လေးလေးပင်ပင် လိုက်စားချိန်တန်ပြီဟု တွေးမိခဲ့ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဇူလိုင်လ ၁၄ ရက် နေ့လယ်အချိန်တွင် ဗိုလ်ချုပ်နှင့်အတူ မင်းသုဝဏ်၊ မောင်ထင် (ဦးထင်ဖတ်) တို့သည် တိုင်းပြည်ပြုလွှတ်တော်ဝရံတာ၌ စကားစမြည် ပြောကြရင်း ဦးဘချိုက "ဆရာလည်း နိုင်ငံရေးကထွက်ပြီး ပညာရေးတို့၊ ယဉ်ကျေးမှုတို့ကို လိုက်စားချင်ပါတယ်" ဟု စပြီးလျှင် "သူတို့တတွေနဲ့ အာရှအရှေ့

တောင်ပိုင်းမှာ လှည့်ပြီး ယဉ်ကျေးမှု လေ့လာချင်ပါတယ်" ဟူ၍ မင်းသုဝဏ်နှင့် မောင်ထင်တို့ဘက်သို့ လက်ညိုးညွှန်လေသောကြောင့်တည်း။ မည်သို့ဖြစ်စေ၊ ဦးဘချို၏ သက်တမ်းတစ်လျှောက် ကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် သူသည် သတင်းစာ ဂျာနယ်ထုတ်ဝေရင်း၊ ဆေးဝါးဗေဒင်ပညာ၊ အနုသုခုမပညာ လိုက်စားရင်း ပြင်ပနိုင်ငံရေးနှင့် ထိတွေ့နေခဲ့သည်သာ ဖြစ်လေသည်။

ဦးဘချိုသည် ငယ်စဉ်ကပင် ဆေးဝါး၊ ဗေဒင်၊ ဂီတတို့နှင့် နီး စပ်၏။ ဘေးတော်သူ တစ်ဦးသည် မွန်မှူး မတ်မျိုးထဲက ဖြစ်၍ အုန်းမှုတ်တယောထိုးကောင်းဟူ၍ ပြောစဉ်ရှိသည်။ ဦးဘချို၏ အဖေဦးဘိုးစောကမူ တောင်သာ ဆရာမှည့်၏ နည်းနာအရ ဆေးကုသည်။ မြောင်းမြမြို့ ဘီ(B) လမ်း၌ 'မေခလာ' ဆေးတိုက်ဟူ၍ သီးသီးသန့်သန့် ဖွင့်ပြီးလျှင် လူနာကိုလည်း လက်ခံ၊ ဒူလာ ပါဒရက်ဆေး၊ ဒေဝက္ကဒ္ဓိ လျှာပွတ်ဆေး၊ သူငယ်နာ ပေါင်းချုပ်ဆေးစသည်ဖြင့်လည်း ဖော်စပ်ရောင်းချလေသည်။

ဤသို့သော ရိုးရာအရိပ်အာဝါသအောက်တွင် မိခိုဝမ်းကျောင်းဖို့ကား ဦးဘချိုအတွက် မဖြစ်ခဲ့၊ မြန်မာဆေးဆရာမည်သည် (အင်္ဂလိပ်စာ တတ်လခစားနှင့် စာသော်) ဂုဏ်မရှိ၊ လူထဲသူထဲမဝင်၊ ဝင်ငွေမမှန်ဖြစ်ရာ၊ ဦးဘိုးစာက သူ့ကို (ဆာ) မောင်ခင်၊ (ဆာ) ဂျေအေမောင်ကြီးတို့ နေခဲ့သော နာမည်ကျော်စိန်ပေါ ကျောင်းသာ ပို့လေသည်။ သူကလည်း စာတော်လေသောကြောင့်၊ ဆယ်တန်းကို ထူးထူးချွန်ချွန်အောင်ကာ အစိုးရ ထောက်ပံ့ကြေး(စကောလားရှစ်)ဖြင့် ကောလိပ်တွင် ဆက်နေသည်။ သို့သော် ဘီအေ အထက်တန်းအရောက်၊ မျက်စိရောဂါရသဖြင့်၊ ကျောင်းထွက်ရကာ ပေါင်းတည်အစိုးရကျောင်းတွင် အလုပ်ဝင်ရလေသည်။

ထို့နောက် ဟင်္သာတ အစိုးရကျောင်းတွင် ပါဠိဆရာမှ ပညာအုပ် ဖြစ်လာလေသည်။ ပညာအုပ်ဖြစ်လာသည့်အခါ၊ သူများ ပညာအုပ်များ နည်းတူ သင်ရိုးနိုင်ရုံ၊ ကျောင်းစစ်ရုံဖြင့် သူနေ၍မရ။ တေးကဗျာ လေ့ကျက်သည်။ မစ္စတာမောင်မှိုင်း မှာတော်ပုံဝတ္ထု ကဗျာသာရတ္ထသင်္ဂြိုဟ်၊ ဗိုလ်ဋီကာတို့ကို နှစ်နှစ်ခြိုက်ခြိုက်ဖတ်မိသည်။

ထိုမှတဆင့် သူ့နေရာ ဟင်္သာတ ဘရဲချောင်ကိုမှီ၍ "နောက်စွယ်ချောင်ကတောက်တဲ့မောင်" ကလောင်အမည်ဖြင့် သတင်းစာ ဂျာနယ်များ၌ စာစရေးတော့ရာ၊ ကလောင်ရှင် 'ကျား' (အမျိုးသား ပညာဝန် ဦးဖိုးကျား)၊ ကလောင်ရှင် 'ရွှေဘို ဂျမ်းခင်'၊မစ္စတာ မောင်မှိုင်းတို့မှာ သူနှင့်အပြန်အလှန်

ရေးဘော်ရေးဘက်များ ဖြစ်ခဲ့ကြသည်။ ထို့ပြင် သုစရိတယုဝအသင်းတွင် ပါဝင်၍၊ အရက်သေစာ ပိတ်ပင်ရေးကိစ္စများကို သူဆောင်ရွက်လေသည်။ ဆောင်ရွက်ရာက ရန်ကုန်မြို့မှ "မြန်မာမိန်းမများ၏ အသင်း" တွဲဖက် အတွင်းရေးမှူးဖြစ်သူ ဒေါ်လှမေနှင့်တွေ့ရှိကာ ၁၉၂၀ပြည့်နှစ်တွင် အိမ်ထောင်ကျလေသည်။

❖

အိမ်ထောင်ကျ၍ ခြောက်လမျှအကြာတွင် တိုင်းပြည်ကို သိမ့်သိမ့်ခါစေသော ကောလိပ်သပိတ်ပေါ်လာလေသည်။ ထိုအရေးကို အပေါ်ယံကြည့်လျှင် ၁၉၂၀ပြည့်နှစ် ယူနီဘာစီတီ အက်ဥပဒေပြဋ္ဌာန်းမှုနှင့်စပ်လျဉ်း ၍၊ ပညာရေးအာဏာပိုင်များကတစ်ဘက်၊ သပိတ်မှောက်ရန်ကုန်ကောလိပ်ကျောင်းသား၊ ဂျပ်ဆင်ကောလိပ်ကျောင်းသားများကတစ်ဘက်ဖြစ်သောပဋိပက္ခသာဟု ထင်စရာဖြစ်၏။ ဤသို့ကားမဟုတ်။ ဤသပိတ်ကြောင့်နိုင်ငံရေး အသိတိုးသည်။ ဤသပိတ်ကြောင့် နိုင်ငံတစ်ဝှမ်းလုံးကို မျိုးချစ်စိတ်ပျံ့နှံ့ထွင်းဖေါက်သည်။

ပြန်ပြောင်းကြည့်မည်ဆိုလျှင် လွန်ခဲ့သောအနှစ်နှစ်ဆယ်ကာလ က မြန်မာတို့သည် နိုင်ငံရေးစကားကို ကျယ်ကျယ်မျှ မပြောနိုင်၊ ဥပဒေပြုလွှတ်တော်သို့ ကိုယ်စားလှယ်အမတ် တစ်ယောက်တစ်လေမျှ မပို့နိုင်သည့်အခြေအနေ၌ နေခဲ့ရသည်။ စီးပွါးရေးလုပ်ငန်း အကြီးအသေးတို့၌လည်း၊ တရုတ်ကုလားတို့က လက်ဝါးကြီးအုပ်ချင်တိုင်းအုပ်နေသည်ကို ခံခဲ့ရသည်။

ဤတွင်နိုးကြားသော မြန်မာဝံသာနုများက မြန်မာပိုင်လက်ဖက်ရည်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ ကုန်စုံဆိုင်များ ထူထောင်ရေး၊ ကျေးရွာတိုင်းတွင်ရက်ကန်းစင်ထားရှိရေး၊ မြန်မာယောက်ျားများ မိန်မများ ပင်နီအင်္ကျီနှင့် ယောလုံချည်ဝတ်ဆင်ရေး၊ နိုင်ငံခြားကုန် ရှောင်ကြဉ်ရေး၊ အရက်သေစာ ပိတ်ပင်

ရေး သမဝါယမအသင်းများ ထူထောင်ရေး၊ အချင်းချင်း ရိုင်းပင်းရေး စသည့် ဖြင့် စီးပွားရေးတွင် ထထကြွကြွ လုပ်လာသည်။ ထိုနောက် တစ်စတစ်စနှင့် ရခိုင်ဆရာတော် ဦးဉတ္တမ ကိုယ်တော်က ဂျပန်ဥရောပနိုင်ငံများမှ နိုင်ငံရေး ဗဟုသုတ ဖြန့်ဖြူးသည်။

မြန်မာ့အလင်း သူရိယလို သတင်းစာများက တိုင်းပြည်အရေး ဆော်ဩသည်။ (ပထမ ကမ္ဘာစစ်ကြီးပြီးခါနီးတွင် ကြေညာလိုက်သော) အမေရိကန် သမ္မတ ဝီလဆင်၏ အချက်ဆယ့်လေးချက်လာ၊ လူမျိုးတိုင်း ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိသည်ဟူသော အချက်က မြန်မာတို့ကို သွေးထိုးပေးသည်။ ထိုမှတစ်ဖန် အမျိုးဘာသာ သာသနာ ပညာမြှင့်တင်ရန် ဆောင်ပုဒ်ဖြင့် ၁၉၀၆ ခုကတည်းက ဦးဘဖေ (ဘကြီးဘဖေ)၊ ဦးမောင်ကြီး (အမ်အေမောင်ကြီး)၊ ဦးဘရင် (ဒေါ်တာဘရင်) တို့ စတင်တည်ထောင်ခဲ့ သော ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာကလျာဏယုဝ) အသင်းကလည်း အမြို့မြို့ အရွာရွာတွင် ပြည်သူလူထု၏ ထောက်ခံမှုကို ရလာလေရကား၊ မြန်မာတို့၏ လှုပ်ရှားမှုသည် စီးပွားရေး အသွင်မှ နိုင်ငံရေးအသွင်သို့ ပြောင်းလေသည်။

သို့ဖြင့် ဘိလပ်အစိုးရက အိန္ဒိယနိုင်ငံကို အုပ်ချုပ်ရေးသစ်ပေးရန် စီမံသည့်အခါ (အိန္ဒိယ၏ ပြည်နယ်တစ်ခု ဖြစ်နေသော) မြန်မာပြည်ကို ချန်ထားလေသဖြင့်၊ မြန်မာတို့မှာ မခံနိုင်ဘဲ၊ အိန္ဒိယထက် အောက်တန်းမကျ သည့် အုပ်ချုပ်ရေးအတွက်၊ ကာလကတ္တားသို့ လည်းကောင်း၊ ဘိလပ်သို့ လည်းကောင်း၊ ဦးဘဖေ၊ ဝတ်လုံ ဦးပု၊ ဦးထွန်းရှိန်၊ ဝတ်လုံ ဦးသိမ်းမောင်၊ ဦးမေအောင် အစရှိသော ကိုယ်စားလှယ်များကို လွှတ်၍ အရေးဆိုသည်အထိ နိုင်ငံရေး အခြေတည်မိလေသည်။

ယခုသော် သပိတ်ကြီးပေါ်ခဲ့ပြီ။ အမြို့မြို့တွင်အရွာရွာရှိ အထက်တန်း ကျောင်းများကလည်း ရန်ကုန်နည်းလိုက်၍ သပိတ်မှောက်ခဲ့ကြပြီ၊ ကျွန် ပညာအစား သခင်ပညာ ထူထောင်ရန်သာ ရှိတော့၏။ နိုင်ငံရေးအရှိန်ရလာ သော ပြည်သူလူထုသည် ကျောင်းသားသပိတ်ကို အုတ်အုတ်သဲသဲ ကြိုဆို ကြလေသည်။ မကြာမီ ဝံသာနုမျိုးချစ်ခေါင်းဆောင်များနှင့် သပိတ်မှောက် ကျောင်းသားကြီးများ စုပေါင်းကာ၊ အမျိုးသားပညာရေးကောင်စီကို ထူထောင် လိုက်ကြလေသည်။

ထိုကောင်စီ၏ ဥက္ကဋ္ဌမှာလည်း တရားလွှတ်တော် (High court) ရှိ ဒုမှတ်ပုံတင်ဝန် (Deputy Registrar) ရာထူးမှ နုတ်ထွက်လာခဲ့သော အမ်အေဦးမောင်ကြီးတည်း။ အမ်အေဦးမောင်ကြီးနှင့် အဖွဲ့ဝင်များသည်

ရွှေတိဂုံဘုရားခြေရင်း၌ သပိတ်စခန်း လုပ်ထားကြသော ကျောင်းသားများ၏ နေရေးထိုင်ရေး၊ စားရေးသောက်ရေးအတွက် နေရာရှာရ၏။ ရံပုံငွေခံရ၏။ စာမေးပွဲအချိန်ရောက်သော် ခုနစ်တန်း၊ ဆယ်တန်း၊ ကောလိပ်တန်းအလိုက် စာမေးပွဲများ စီစဉ်ပေးရ၏။

အစိုးရနှင့် စင်ပြိုင် အမျိုးသားကျောင်းများကို မြို့ရွာအနှံ့ ထူထောင်ပေးရ၏။ ထို့နောက် အထက်တန်းပညာရေးထူထောင်ရန် ရွယ်ချက်ဖြင့် ၁၉၂၁ ခု ဩဂုတ်လတွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ ဝိဇ္ဇာပညာ၊ သိပ္ပံပညာဌာန အသင့်အတင့်ထားရှိသော အမျိုးသားကောလိပ်ကို ဖွင့်လှစ်လိုက်လေသည်။

❖

နယ်ရှိဦးဘချိုသည် နိုင်ငံနှင့်အမျှ ဖြစ်သော လူထုလှုပ်ရှားမှုတွင် စိတ်အားထက်သန်သည်ထက် ထက်သန်လာခဲ့ပြီး ကိုင်နေကျ ကဗျာလင်္ကာကိုပင် ခဏချပြီးလျှင် 'နှစ်ပါးကြည်' ဂျာနယ်၌ ဒီးဒုတ်၏ ပစ္စရလက္ခတ်ကျမ်း' ဟူသော အခန်းဖွင့်၍ 'အစိုးရနှင့် ဘိန်းဆိုင်' 'အစိုးရနှင့် အဆက်ဆံခြင်း၊ 'ရွာသားနှင့်ကင်း'၊ အမျိုးသားခေါင်းဆောင်များသို့' စသော ကဏ္ဍများကို ရေးနေခဲ့ပြီ။ ယခုလို ကျောင်းသားတွေ သပိတ်မှောက်လိုက်ကြပြီး အမျိုးသားကောလိပ်ဟူ၍ ထူထောင်လာသောအခါ ပင်ရင်းအလုပ်တွင် ဆက်နေရန် မဖြစ်တော့။ အလုပ်မှ သူတစ်ပါတည်း ထွက်ကာ အမျိုးသားကောလိပ်တွင် မြန်မာဆရာ ဝင်လုပ်လေသည်။

ဤသည် သူမြတ်နိုးသော စာပေမှတဆင့် ကျောင်းသားများကို မျိုးချစ်စိတ်သွင်းပေးရန် အခွင့်အခါတည်း၊ သူကောလိပ်နေစဉ်အခါက မြန်မာစာ သင်ရန်ဆရာသတ်သတ်ခန့်ထားသည်ဟူ၍ မရှိ။နည်းယူရန်သာ ပြဋ္ဌာန်းထားသော စာအုပ်လေးငါးအုပ်အတွက် မြန်မာလူမျိုးဖြစ်သူ ဆရာ တစ်ဦးဦးက အဓိပ္ပါယ်အနည်းငယ် လာရောက်ရှင်းပြသည်လောက်သာဖြစ်သည်။ မြန်မာစာစာမေးပွဲ၌လည်းကျောင်းသားတိုင်း အောင်လေသည် သာတည်း။

ယခုသော်–

'အစိုးရကောလိပ်သိပ္ပံ ကျောင်းကြီးများမှာကား မြန်မာစာပေ ပရိယတ္တိများကိုအားပေးခြင်း မပြုခဲ့သဖြင့် တိုင်းရင်းသားကောလိပ်ကျောင်းကြီးက မြန်မာဘာသာစာပေ ပရိယတ္တိများကို ထူးထူးချွန်ချွန် တတ်မြောက်နိုင်ကြစေရန် တသီးတခြား စီမံထားသည့်အကြောင်းကို အမျိုးသားကောလိပ်ကျောင်းအုပ်ကြီး ဖြစ်သူ ဝတ်လုံဦးပုက ကျောင်းဖွင့်ပွဲ အခမ်းအနား၌ မိန့်ဆိုခဲ့သည့်အတိုင်း မစ္စတာ မောင်မှိုင်းကလောင်အမည်ခံ ဆရာလွန်းက မြန်မာစာပေနှင့် ရာဇဝင်ပါမောက္ခအဖြစ် စာပို့ချသည်။ ဦးဘချို့မှာ သူ၏ မြန်မာစာလက်ထောက် ဖြစ်လေသည်။ ဆရာလွန်း၊ ဦးဘချို အပါအဝင် ဆရာများမှာ ရာထူးနှင့်မမျှအောင် လခအရနည်းသော်လည်း မမှုကြ။ အမျိုးသားစိတ် တက်တက်ကြွကြွနှင့် စာပေပို့ချသည်သာဖြစ်လေသည်။ ကျောင်းသားများကလည်း အားကြိုးမာန်တက် နာယူကြလေသည်။

သို့သော် အမျိုးသားကောလိပ်ကား 'ဟုမ်း' နှင့် 'ဒိုင်' အကွဲကြောင့် သက်ဆိုးမရှည်ခဲ့လေ။ ဖြစ်ပုံက ဘိလပ်အစိုးရက တိုင်းပြည်၏အလိုဆန္ဒကို တစ်စိတ်တစ်ဒေသလိုက်လျော သလိုလိုနှင့် ဒိုင်အာခီအုပ်ချုပ်ရေးကို ထိုးအပ်လေသည်။ ထိုအုပ်ချုပ်ရေးအရ အိန္ဒိယဗဟိုအစိုးရလက်တွင် ကာကွယ်ရေး နိုင်ငံခြားရေးစသော ဗဟိုဌာနများကိုလည်းကောင်း၊ မြန်မာပြည်နယ်အစိုးရလက်တွင် ဘဏ္ဍာရေး ပြည်ထဲရေးစသော သီးသန့်ဌာနများနှင့် ပညာရေး၊ သစ်တောရေးစသော လွှဲပြောင်းဌာနများကို လည်းကောင်း ထားမည်ဖြစ်လေသည်။ သီးသန့်ဌာနများကို မြန်မာပြည်နယ် ဘုရင်ခံနှင့် ဘုရင်ခံခန့် အတိုင်ပင်ခံ (ဝန်ကြီး) နှစ်ဦးက အုပ်ချုပ်ရမည်ဖြစ်၍ လွှဲပြောင်းဌာနများကိုမူကား ဥပဒေပြုလွှတ်တော်က တင်မြှောက်သော ဝန်ကြီးနှစ်ဦးက အုပ်ချုပ်ရမည် ဖြစ်လေသည်။ ထိုဝန်ကြီးနှစ်ဦး နေရာအပါအဝင် အမတ် ၈၀ နေရာအတွက်လည်း ဥပဒေပြုလွှတ်တော်သို့ ပြည်တွင်းရှိ အသင်းအဖွဲ့များ၊ လူမျိုးစုများက ရွေးကောက်တင်မြှောက်ရမည်ဖြစ်လေသည်။

ဤသည်ကို ဝိုင်အမ်ဘီအေနှင့် အလားတူ ဝံသာနုအသင်းများ စုစည်းခဲ့ပြီး နောက်ပေါ်ပေါက်လာသော ဂျီစီဘီအေ (မြန်မာအသင်းချုပ်ကြီး)၊ ဝါ၊ ဝတ်လုံဦးချစ်လှိုင် ဥက္ကဋ္ဌလုပ်သော ဂျီစီဘီအေက မလိုလား။ လိုလားသည်မှာ ကနေဒါကဲ့သို့သော တိုင်းပြည်များကိုပေးသည့် ဟုမ်းမရူး (Home Rule)ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးဖြစ်လေသည်။

ထို့ပြင် တိုင်းပြည်က ရွေးကောက်သော ဝန်ကြီးနှစ်ဦးမှာလည်း ဘုရင်ခံ၏ အာဏာကို မလွန်ဆန်နိုင် ဖြစ်သောကြောင့် ၁၉၂၂ ခုနှစ် နိုဝင်ဘာလ

တွင် ကျင်းပမည့် ရွေးကောက်ပွဲသို့ မဝင်ဟု ဂျီစီဘီအေက သပိတ်မှောက် လေသည်။

သပိတ်မှောက်သည်ကို မကျေနပ်ကြသော အမ်အေဦးမောင်ကြီး၊ ဝတ်လုံဦးပု၊ ဝတ်လုံဦးသိမ်းမောင် အပါအဝင် ပုဂ္ဂိုလ် နှစ်ဆယ့်တစ်ဦးက ဥပဒေပြုလွှတ်တော် အတွင်းသို့ ဝင်၍ပူးသတ်မည်ဆိုကာ ဂျီစီဘီအေမှ ခွဲထွက်ကြလေသည်။ ခွဲထွက်၍ ရွေးကောက်ပွဲဝင်ပြီးနောက် အမ်အေ ဦးမောင်ကြီးက ၅၀၀၀ိ စား ပညာရေးဝန်ကြီး ရာထူးကို လက်ခံလေသည်။ ထိုအခါ ဦမောင်ကြီး၏ ပညာရေးဌာနက (ငွေကြေးအမြဲတမ်းချို့တဲ့နေကြသော)အမျိုးသားကျောင်းများကို အစိုးရအထောက်အပံ့ ခံယူစေသည်တွင် အချို့ကျောင်းများကယူ၍ အချို့က မယူပဲရှိလေသည်။ အမျိုးသားကောလိပ်ကိုမူ လုံးဝ အထောက်အပံ့မပေးလေ။

အမျိုးသား ကောလိပ်ကျောင်းဆရာတို့မှာ လခ မရတစ်ချက် ရတစ်ချက် ဖြစ်လာလေသည်။ ဆရာအချို့လည်း အငတ်ဒဏ်မခံနိုင်၍ အလုပ်မှ အလျှိုအလျှို ထွက်ကုန်ကြတော့ရာ ဆရာလွန်း၊ ဓာတုဗေဒ ဆရာ ဦးစံညွန့်၊ ပါဠိဆရာ ဦးလူဖေဝင်း၊ သင်္ချာဆရာ ဘနာဂျီ၊ ဦးဘချိုတို့သာ ဖွဲကောင်းကောင်းနှင့် ကျန်ရစ်ကြလေသည်။ သားမယား တာဝန်ပိုများလာသော ဦးဘချိုသည် မူလနေရင်း ၅ဒလမ်းမှ ကျောင်းနှင့်နီးအောင် ဗဟန်း ရွာထဲသို့ ရွှေပြောင်းနေထိုင်ရ၏။ ထို့ပြင် စရိတ်ကာမိအောင် ‘ဦးဘချို၏ အသားလုကတ္တီပါရေ’ နှင့် ‘ပန်းမြိုင်လယ်’ ရေမွှေးကို ဖော်စပ်ရောင်းချရလေသည်။ (‘ငတ်ဖော်ငတ်ဖက် ပြတ်ဖော် ပြတ်ဖက် မောင်ဘချို’ ဟူ၍ သခင်ကိုယ်တော်မှိုင်းအမည်ခံ ဆရာလွန်းက နောင်အခါတွင် ရည်ညွှန်းခဲ့သည်မှာ ဤအကြောင်းကြောင့်ပင် ဖြစ်ဟန်တူပေသည်။) သို့သော် သူတို့တစ်တွေ ဘယ်လိုပင် ဝိုင်း၍ကျားကန် ကျားကန်၊ အမျိုးသား ကောလိပ်ကား မဟန်တော့ပါ။

“ × × × ချို့စရာ့ အခြေပလီဥာဏ်နှင့်၊
ငို့ဘတစ်တွေ အတည်မကြံတော့၊
ခံ မခံနှစ်တန်ကွဲရာမှ
တည်းည်း ရန်မစဲပြီဘု၊
ကြားချောင်ချောင် ငါးထောင်ပွဲပေမို့၊
ငနဲထိုထို မဟာကဝေတို့၊
အဆဲအဆို ဗလချာပွေလို့၊

ဆရာတွေမှာ အသပြာငွေမနိပ်တဲ့ ပြင်၊
စာပေကို တောင်တာရှေ မကြိတ်သာဘူး၊
လောဂျိတ် အရာမထင်တဲ့
ကောလိပ် မရဏာဝင်တော့ × × × ”

စသည်ဖြင့် ဦးဘချိုရေးခဲ့သည် လေးချိုးထဲကအတိုင်း ပျက်ကိန်းဆိုက်လေသည်။

ကောလိပ်အပျက်တွင် ဆရာများ တကွဲတပြား လွင့်ကြပြန်ရာ ထိုအထဲမှ ဆရာလွန်းက ဒဂုန်မဂ္ဂဇင်းတွင် ဝင်ရောက်နားလေသည်။ ဦးဘချိုမှာ 'မြန်မာ့ရီဗျူး' ဂျာနယ်တွင် အယ်ဒီတာချုပ် ဝင်ရောက်လုပ်ကိုင်ရတော့သည်။ ဤတွင် ပညာရေး သံယောဇဉ်မကုန်နိုင်သေးသည်နှင့် ဂျာနယ်မှ ခွင့်ခေါက်လယူကာ သရက်တောတိုက်ရှိ အစိုးရ အထောက်အပံ့မခံ အမျိုးသာကျောင်းတွင် ဆရာကြီးလုပ်ပြန်သည်။ ထိုကျောင်းလည်းပျက်သဖြင့် ဦးဘချိုမှာ 'မြန်မာ့ရီဗျူး' သို့ ပြန်မဝင်တော့ဘဲ၊ ၁၉၂၅ ခု၊ ဧပြီလတွင် 'ဒီးဒုတ်' သတင်းစာ (ဂျာနယ်) ကို တည်ထောင်ထုတ်ဝေလေတော့သည်။

❖

[ ၄ ]

ဒီးဒုတ်ဂျာနယ်ကို သူထုတ်ဝေခဲ့သည်မှာ ငွေကြေးပြည့်ပြည့်စုံစုံ ရှိလှ၍မဟုတ်။ မျက်စိရှေ့တွင်ဖြစ်ပျက်နေသည့် နိုင်ငံရေး လူမှုရေးတို့ကို စိစစ်ဝေဖန်လို၍ သူဝါသနာရှိသည့် စာပေဂီတို့ကို တင်ပြလို၍သာ သူစွဲလမ်း သည့် ဆေးဝါးဗေဒင်တို့ကို ဖြန့်ဖြူးလို၍သာ လမ်း ၅၀ တွင် အခန်းငှား၊ စက္ကူကို ပုံနှိပ်တိုက်အချင်းချင်းမှ ရုံဖန်ရုံခါချေးငှား၍ မဖြစ်မနေ ထုတ်ဝေခဲ့ခြင်းဖြစ်လေသည်။ ထို့နောက်မှ ဂျာနယ်ပရိတ်သတ်၏ အားပေးမှုကြောင့် မောင်ဂိုမာရီ (ဗိုလ်ချုပ်အောင်ဆန်း) လမ်း၊ တိုက်အမှတ် ရှစ်ဆယ့်လေးသို့ ပြောင်းရွှေ့ကာ အခြေချလာနိုင်ခြင်းဖြစ်လေသည်။ ဂျာနယ်ထဲတွင်လည်း မူလရည်ရွယ်ချက်အတိုင်း နိုင်ငံရေး၊ လူမှုရေးနှင့်ဆိုင်သော ခေါင်းကြီးနှင့် ဒီးဒုတ်၏ ပစ္စရလက္ခတ် ကျမ်းလို အခန်းများ၊ ကဗျာဂီတဆိုင်ရာ အခန်းများ၊ စာဖတ်သူ၏ အမေးနှင့် အယ်ဒီတာ၏ အဖြေဖြစ်သော 'ဒီးဒုတ်စာတိုက်' လိုအခန်း၊ ဗေဒင်နှင့်ဆိုင်သော ကဝါလမိုင်းအခန်းစသည်ဖြင့် ပါလာလေသည်။

သူကိုယ်တိုင် ဖော်စပ်သည့် မဟာသုမင်္ဂလကတိုးသွေးဆေး၊ နှင်းရူဆေး၊ ချောင်းဆိုးသလိပ်ဖြတ်လျက်ဆား၊ သက်စောင့်အစာကြေဆေး ကြော်ငြာလည်း တစ်စတစ်စနှင့် ပါလာလေသည်။ (ဂျာနယ်ကို 'ဒီးဒုတ်' အမည်ပေးခြင်းမှာ ဗေဒင်သဘောအရ ဟု ဆိုကြလေသည်။)

ဤသို့ဖြင့် ဂျာနယ်ကို အပတ်စဉ် ထုတ်ဝေနိုင်အောင် ကြိုးစာခဲ့ရာ၊ ၁၉၂၅ ခုနှစ်မကုန်မီ၊ နိုင်ငံအရေး ကိစ္စတစ်ခုနှင့် ဦးဘချို ရင်ဆိုင်ရလေသည်။ နိုဝင်ဘာလ နှစ်ဆယ့်လေးရက်နေ့တွင် ချာချီ (ကိုယ့်မင်းကိုယ်ချင်း) လမ်း၊ စံအိမ်နေ၊ မိဖုရားခေါင်ကြီး စုဖုရားလတ်သည် ကွယ်လွန်လေသည်။ မိဖုရားခေါင်ကြီးသည် လွတ်လပ်သော မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက်ဖြစ်လေသည်။ မိဖုရားခေါင်ကြီး၏ ဈာပနသည် တစ်မျိုးသားလုံးနှင့်ဆိုင်သော အရေးဟု ဦးဘချိုက ထင်လေသည်။ ထို့ကြောင့် မိဖုရားခေါင်ကြီးကွယ်လွန်သည်နှင့် မရှေးမနှောင်းသောကာလ၊ တစ်ခုသော ည ခုနှစ်နာရီအချိန်တွင် ဗန္ဓုလ၊ ဖေယျ၊ အင်ဒီပင်းဒင့်၊ သဟာယ၊ မြန်မာ့အလင်း၊ ပညာ့အလင်း၊ ငွေသော်တာစသော သတင်းစာဂျာနယ် ကိုယ်စားလှယ်များကို ဒီဒုတ်တိုက်သို့ ဖိတ်ခေါ်တိုင်ပင်လေသည်။

တိုင်ပင်ပြီးသည့်နောက်၊ မိဖုရားခေါင်ကြီး၏ အလောင်းကို မန္တလေးရှိ မင်းတုန်မင်း၏ သင်္ချိုင်းဂူအနီးတွင် မြှုပ်နှံရန်၊ မိဖုရားခေါင်ကြီး မလွန်မီက ဆန္ဒရှိခဲ့သည့်အတိုင်း ရတနာဂီရိ၌ သရဖူကိုမတင်ဘဲ ထားခဲ့ရသော သီပေါမင်းနှင့် စုဖုရားကလေးတို့၏ အလောင်းများကိုလည်း မြန်မာနိုင်ငံသို့ ဆောင်ယူစေကာ မိဖုရားခေါင်ကြီး နည်းတူမြှုပ်နှံရန်၊ အစိုးရက ဈာပနစရိတ်ကို လုံလုံလောက်လောက်ကူရန်၊ ညောင်ရွှေစော်ဘွားနှင့် ဝက်မစွတ်ဝန်ထောက်၊ ထို့ပြင်ဆွေတော်မျိုးတော်တို့က ဤအရေးကို ဖြစ်မြောက်အောင် အားထုတ်ကြရန်ဟူ၍ အစည်းအဝေးများကို ကျင်းပ၍လည်းကောင်း၊ သတင်းစာ ဂျာနယ်များထဲတွင် တည့်သွင်း၍သော်လည်းကောင်း၊ နှိုးဆော်စိုင်းပြင်းကြလေသည်။ သို့သော် သူတို့အရေးသည် မအောင်မြင်ခဲ့လေ။

မအောင်မြင်သည်မှာလည်း အဆန်းမဟုတ်ပါပေ။ အမျိုးသားစိတ်ပို၍ကြွလာမည်ကို ဘုရင်ခံက ကြောက်သည်။ ဒိုင်အာခီ ငွေစားနေကြသော မြန်မာဝန်ကြီးများကလည်း အမျိုးသားဘက်က လိုက်၍ မပြောရဲ။ ဦးဘချိုသည် ဒိုင်အာခီကိုသာ ဖိ၍တိုက်ရတော့သည်။ ခက်သည်မှာ မြန်မာနိုင်ငံရေးသမားများ အကွဲကွဲဖြစ်နေခြင်းပင်းတည်း။ (၁၉၂၂ ခုနှစ်) ပထမရွေးကောက်ပွဲတွင် မူလဂျီစီဘီအေမှ နှစ်ဆယ့်တစ်ဦး ခွဲထွက်သွားသည်။

ထို့နောက် ငွေရေးကြေးရေး အရှုပ်ထွေးကြောင့် ဦးချစ်လှိုင် ဦးစီးသည့် ဂျီစီဘီအေနှင့် ဦးစိုးသိမ်း ဦးစီးသည့် ဂျီစီဘီအေမှ ဟု ကွဲပြန်သည်။ တစ်ဖန် ဦးတုတ်ကြီး (ထိုနောက် ဦးပေါ်ထွန်း) ဦးစီးသည့် 'သရာဇ' အဖွဲ့က ဂျီစီဘီအေမှ ခွဲထွက်ကာ ၁၉၂၅ ခုနှစ် ဒုတိယရွေးကောက်ပွဲတွင်

ဝင်ပြန်လေသည်။ 'သရာဇ' က ၅၀၀ဝိ စား  ဝန်ကြီးရာထူးအတွက် အား မထုတ်၍သာ တော်ပေသေး၏။ လွှတ်တော်တွင် အုပ်ချုပ်ရေးကိစ္စများကို ဝေဖန်ဖော်ရ၍သာ ကျေးဇူးတင်ရပေသေး၏။ ဦးဘချိုသည် အဆိုးထဲမှ အကောင်းရှာကာ 'သရာဇ' လို ဒိုင်အာခီ ဆန့်ကျင်သည့် အဖွဲ့များကို ဂျာနယ် မှ အားပေးရလေသည်။

ဘယ်လိုပင်ဖြစ်စေ၊ ဂျာနယ်မှနေ၍ ဝေဖန်ရသည်ကို သူအားရ သည်။ သတင်းစာ ဂျာနယ်သမားမည်သည် မျက်နှာမရှိ လုံးခြုံမှုမရှိသည် မှန်၏။ သို့သော် တိုင်းပြည်အတွက် ရေးနိုင်၊ သားနိုင် လှုံ့ဆော်နိုင်သည့် အချက်မှာ သဘောကျစရာဖြစ်သည်။ ထို့ပြင် အလုပ်၏ လွတ်လပ်မှုမှာလည်း မြတ်နိုးစရာ ဖြစ်သည်။ သူသည် သူ့ဘဝကို ကျေနပ်မိပါသည်။ တကယ်
ဆိုလျှင် အထက်လူကြီး၏ အငြိုအငြင်မခံရဲသောအလုပ်၊ ဟန်တစ်လုံး ပန်တစ်လုံးနှင့် လူရိုသေအောင် နေရသောအလုပ်၊ အချိန်နှင့် ဇယားကြည့် လုပ်ရသော အလုပ်၊ ငွေကို စိစစ်တိုင်းထွာနေရသော အလုပ်မျိုးသည် သူနှင့်မတော်ပါ။

သူက ဒီးဒုတ်ဦးဘချိုဆိုသည့်အမည်၊ လူကြီး သူကြီးဆိုသည့် ဂုဏ် ပုဒ်နှင့်ဖြစ်၏။ သို့သော် ညည ရွှေတိဂုံဘုရားတက်၍ ဝတ်ပြုရင်းမျက်မှန်း တန်းမိနေသော ပန်သည်တွေနှင့် လူငယ်အကြိုက် ရယ်လား မောလားနေ ရန် ဝန်မလေးပါ။ သူက နှုတ်ခမ်းမွေးစစနှင့် ယောင်နှင့် မြန်မာဆန်ဆန် ဖြစ်၏။

သို့သော် ညနေစောင်းအချိန်တွင် တိုက်အောက်ဆင်း၍ ကျောင်း သားတုန်းက အလေ့အတိုင်း စကိတ် (SKATE) စီးရန် မရှက်ပါ။ သူက သာမန်အားဖြင့် ဂျာနယ်ကို အပတ်စဉ်ထွက်နိုင်အောင် ကြိုးစာ၏ သို့သော် 'ရွှေအိုးကြီးတေဆေး' ကြော်ငြာကိုဖိုးကို တစ်နှစ်နှစ်နှစ်စာယူပြီး သူ့မိန်းမကို စာရင်း ရှင်းမပြတတ်လောက်အောင် လွယ်လွယ်နှင့် သုံးမိတတ်ပါသေး သည်။ သူက နိုင်ငံရေး၊ လူမှုရေး ကိစ္စတွေနှင့် မအားသလောက် ရှိနေ၏။ သို့သော် ကိုယ်တိုင် စောင်းတီး၍ ဂီတပညာသည်တွေနှင့် ဆိုတီးမှုတ်ချိန်ကို ရအောင် ရှာတတ်ပါသေးသည်။

သူ့ဧည့်ခန်းကို ဝင်ကြည့်ပါလေ။ ဧည့်ခန်းနှင့် အလုပ်ခန်းသည် တစ်ခုတည်း ဖြစ်ပါလေသည်။ ထို့ကြောင့် ထိုအခန်းတွင် တစ်ဦးဦးက ပတ္တလားဖြစ်စေ၊ စောင်းဖြစ်စေ တီးနေလျှင် ဦးဘချိုနှင့် ထိုင်၍ စကာပြောနေသော နိုင်ငံရေးဘက်ကလား၊ ဂီတဘက်ကလား၊ သတင်းစာ

ဂျာနယ်ဘက်ကလား မသိ၊ ဧည့်သည်လည်းရှိပါလိမ့်မည်။ စကားပြောနေသည့်အကြား လမ်းပေါ်က ခါတ်ရထားသံ၊ မော်တော်ကားသံတွေက အမြဲမပြတ်ဝင်လာတတ်သည်။ ထိုစဉ်တွင် အိမ်အောက်ထပ် ပုံနှိပ်ခန်းမှ အလုပ်သမားတစ်ယောက်တက်လာ၍ စာဖောင်လိုကြောင်း သူ့ဆရာကို ပြောပေလိမ့်မည်။

ဦးဘချို ဘာလုပ်သည်ဟု ထင်ပါသနည်း။ သူက ထိုင်ရာမထ ဧည့်သည်နှင့်စကားအမျှင် မပြတ်အောင် ပြောရင်း၊ ရံဖန်ရံခါလည်း အနားတွင် ကြားနေရသော တီးလုံးတီးကွက်ကို ထောက်ပေးရင်း စာရွက်အောက်တွင် ဂျပ်ထူတစ်ခုခံလျက် လိုနေသော စာဖောင်အတွက် နာရီဝက် တစ်နာရီနှင့် အပြီးရေးပေးလိမ့်မည်။ ကဗျာလင်္ကာများဆိုလျှင် နှုတ်တိုက်ရသလို တောက်လျှောက် ရေးလိုက်သည်သာ ဖြစ်လေသည်။ 'ဒီးဒုတ်စာတိုက်' ခန်းသို့ပို့သည့် 'သိလိုသူ (ပျင်တပ်ရွာ)' မှ ...

"ရည်းစားနှင့်နှစ်ယောက်တည်း စကားပြောနေရာ မအေကြီးကမိ သဖြင့် သမီးကို ပါးဆွဲလိမ်ပြီး "နင်နော် တယ်" လို့ဆိုပြီး ရှေ့မဆက်တာ ဘာကြောင့်လဲဗျ" လို့ အမေမျိုးဆိုလျှင်

"ငါ့သမီးလည်း ငါငယ်ငယ်ကလိုပါကလားလို့ သတိရလို့ထင်ပါရဲ့ဗျာ"

စသည်ဖြင့် ရတ်ခြည်း အဖြေရေးပေးနိုင်ရလောက်အောင် ဉာဏ်ရွှင်လေသည်။

ဦးဘချိုက အလုပ်ကို အချိန်မရွေး၊ နေရာမရွေး လုပ်သည်။ အလုပ်လည်း စုံသည်။ အလုပ်မျိုးစုံ လုပ်နိုင်ရအောင်လည်း သူ့တွင် ဉာဏ်အား၊ ဝီရိယအား ရှိသည်။ မြန်မာရုပ်ရှင် ခေတ်သစ်ဆန်းစအချိန်တွင် သူပါဝင်ကူညီလို၏။ ထို့ကြောင့် ၁၉၂၉ ခုနှစ်တွင် 'မဟာဒုတ်' ရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးသည့် 'မြှားနတ်ရှင်' ကား၌ ဇာတ်လိုက်၏ အဖေအဖြစ် သရုပ်ဆောင်ခဲ့သည်။ ဘိလပ်မှ ဦးဘဉာဏ် ပြန်ရောက်လာပြီးနောက် မြန်မာပန်းချီကို စာဖြင့် နှုတ်ဖြင့် သိဒ္ဓိတင်ပေးရန်ကိစ္စ ရှိ၏။

ထို့ကြောင့် ၁၉၃၀ ပြည့်နှစ်တွင် သူကိုယ်တိုင် ကမ္မကထ လုပ်ကာ အစည်းအဝေးခေါ်၍ ဦးဘဉာဏ်ကို ပရိတ်သတ်ရှေ့သို့ ပွဲထုတ်ပေး၍ နှီးဆော်ရေးလုပ်ခဲ့သည်။ အင်းအိုင်ခလှဲ့ စသည်တို့၏ အာနိသင်ကို သူယုံ ကြည်၏။ ထို့ကြောင့် ၁၉၃၄ ခုနှစ်တွင် ဥတ္တရမသီရိ မထေရ်၏ စမကျမ်းအဖွင့် 'ကဗ္ဗာလင်္ကာရဝဏ္ဏနာ' ကျမ်းကို ထုတ်ဖြစ်အောင် ထုတ်ဝေခဲ့သည်။ ဂီတပညာ

တိုးပွားရေး၊ သီချင်းကြီး မူမှန်ဖြစ်ရေးသည် အထူးအရေးကြီး၏။ ထို့ကြောင့် ၁၉၃၅ ခုနှစ်တွင် သူကိုယ်တိုင်ကြပ်မတ်၍ စောင်းဆရာကျော်ကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပတ္တလား ဦးသိုက်ကို အတွင်းရေးမှူးအဖြစ်လည်းကောင်း တင်မြှောက်၍ 'ဂီတ သုတေသန' အသင်းကို ဖွဲ့စည်းစေခဲ့သည်။

ထို့ပြင် ဦးမောင်မောင်လတ်ကို စောင်းတီးစေ၍ ဒေါ်ဒေလီညွှန့်ကို အဆိုဆိုစေ၍ သူကိုယ်တိုင် ကွမ်းဘိုးထိမ်းကြီးပေမူ၊ ဘားနတ်ပေမူ၊ သံယုတ်ဆရာတော်၏ ပုရပိုက်တို့ဖြင့် တိုက်၍ သီချင်းကြီးပုဒ်ရေ ငါးရာခုနှစ်ဆယ့်နှစ်ပါသော (ဒေဝဣန္ဒာမူ) 'ဂီတဝိသောဓနီ' ကို ထပ်မံ တည်းဖြတ်ခဲ့သည်။ သူက ကာလသားကြိုက်စာမျိုးဖြင့် စိတ်ကူးကလေး ယဉ်လို၏။ ထို့ကြောင့် ၁၉၃၆ ခုနှစ်တွင် ဓားခုတ်ခန်းများများပါသော ရုပ်ပြောင်း ရုပ်လွှဲတွေ မြိုင်သော 'ဘွေသီတာ' ဝတ္ထုရှည်ကို ရေးခဲ့သည်။

❖

[ ၅ ]

မြန်မာမှု (အနုသုခုမ) အထွေထွေကို သူလုပ်ဆောင်ခံရသည်မှာ ခေတ်မီသည်ဖြစ်စေ၊ ရှေးဆန်သည်ဟုပဲ ဆိုဆို စိတ်လိုလက်ရမို့ လုပ်သမျှ သည် ဆုပ်ဆုပ်ခဲခဲ ရှိလေသည်။ သို့သော် အပြင်နိုင်ငံရေးကား သဘောတစ် မျိုးဖြစ်၏။ ဂျာနယ်မှ ဖြစ်သင့်ဖြစ်ထိုက်သည်ကို ရေးသားညွှန်ပြပါလည်း အရာမထင်ပဲ ရှိတတ်သည်။ အစိုးရက ပြည်သူကို တစ်စိတ်တစ်ဒေသ ကိုယ်စားပြုသယောင် ယောင်နှင့် တကယ်တော့ သူကြိုက်ရာ လုပ်သည်။ ထို့ပြင် မတိုင်မပင် အာဏာလက်လွှတ်ရှိတတ်သဖြင့်လည်း ပြည်သူက မခံနိုင်သည့် လက္ခဏာများ ဟိုတစ်နေရာ သည်တစ်နေရာဆိုသလို ပေါ်လာ တတ်လေသည်။ ထိုအခါ ဦးဘချိုမှာ ဂျာနယ်မှ အပြင်ထွက်၍ ကိုယ်ထိလက် ရောက် ပါဝင်တန်ပါဝင်ခဲ့ရသည်ဖြစ်တော့သည်။

ဤအဖြစ်မျိုးသည် ၁၉၃၆ ခုနှစ်အစတွင် တက္ကသိုလ် ကျောင်း သားသမဂ္ဂဥက္ကဋ္ဌ ကိုနု (သခင်နု) ကို (တက္ကသိုလ်ကျောင်းတိုက်) ကျောင်း အုပ်ကြီး ဒီဂျေစ်လော့က မတရားကျောင်း ထုတ်ပစ်ခြင်း၊ အိုးဝေမဂ္ဂဇင်း အယ်ဒီတာကိုအောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ကို ကျောင်းထုတ်ရန် ကြံရွယ်ခြင်းဟူသော အမှုတို့မှ ပေါက်ဖွားလာသော ကျောင်းသားသပိတ်ပင် ဖြစ်လေသည်။ ဦးဘချိုသည် ဝတ်လုံဦးကျော်မြင့်နှင့် တွဲဖက်၍ စောင့်ရှောက် ရေးကော်မတီ ဖွဲ့ပြီးလျှင် သပိတ်ကိစ္စ ပြီးဆုံးသည်အထိ ကျောင်းသားတို့၏

ကျန်းမာရေး၊ စားသောက်ရေး အစရှိသည်ကို ဆောင်ရွက်ပေးခဲ့ရလေသည်။

ဤသည် ပြည်သူလူထု တစ်စိတ်တစ်ပိုင်းက မကျေနပ်ချက်တည်း။ တစ်ပြည်လုံးအနေဖြင့် မကျေနပ်ချက်ကို ဆန့်၍ပြောရမည်ဆိုလျှင် ဒိုင်အာခီရွေးကောက်ပွဲ တတိယပတ် (၁၉၂၈ခုနှစ်) တါင် မဲပေးသူဦးရေမှာ နှစ်ဆယ့်ခုနှစ် ရာခိုင်နှုန်းသာလျှင် ရှိသည်။ ပြည်သူမကြိုက်မှန်းကို ဘိလပ်အစိုးရက သိသဖြင့်လည်း ဒိုင်အာခီသက်တမ်း ဆယ်နှစ်တွင် လက်ရှိအခြေအနေကို ထောက်၍ အုပ်ချုပ်ရေးသစ်ကို ပေးမည်ဟု ကတိရှိခဲ့သည်။

ထိုအခါ နှစ်ဆယ့်တစ်ဦးတို့နှင့်(အစိုးရဘက်တွင် အမြဲနေခဲ့သော) ဆာဂျေအေမောင်ကြီး၏ ရွှေတောင်ကြား အဖွဲ့တို့က အိန္ဒိယနှင့် ခွဲ၍ အုပ်ချုပ်ရေးသစ်ကို လိုချင်သည်။ (သပိတ်မျောက် ဂျီစီဘီအေ၏ နောက်ဆက်တွဲ) ဦးချစ်လှိုင်အဖွဲ့၊ ဒေါက်တာဘမော် အဖွဲ့တို့က အိန္ဒိယနှင့် ခွဲလိုက်လျှင် ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် တိုက်အား နည်းသွားမည်ကို စိုးရိမ်ကာ အိန္ဒိယနှင့် တွဲနေလိုသည်။ နောက်မှ ခွဲထွက်မည်ဟူသော စိတ်ရှိသည်။

ဦးဘချိုသည် တွဲရေးဘက် နေခဲ့လေသည်။ ၁၉၃၂ ခုနှစ် ခွဲရေးတွဲရေး ရွေးကောက်ပွဲအတွက် တွဲရေးနိုင်ရအောင်လည်း ဝတ်လုံဦးကျော်မြင့်၊ ဒေါက်တာ ဘမော်တို့နှင့် ပူးပေါင်းကာ (ဒီးဒုတ်ဂျာနယ်အပြင်) ‘မြန်မာ့ဖေယျာ’ သတင်းစာတို့ တပ်မံထုတ်ဝေခဲ့လေသည်။ ရွေးကောက်ပွဲတွင် တွဲရေးဘက်က မဲငါးသိန်းကျော်ဖြင့် အနိုင်ရခဲ့ပါ၏။ သို့သော် ဥပဒေပြုလွှတ်တော်တွင်း၌ တွဲရေးခေါင်းဆောင်များ၏ မပြတ်သားမှုကြောင့် နောက်ဆုံး ဘိလပ်အစိုးရက ခွဲရေးကိုပင် အနိုင်ပေးခဲ့လေသည်။ ၁၉၃၆ ခုနှစ် နောက်ပိုင်းတွင် ကိုးဆယ့်တစ်ဌာန အုပ်ချုပရေးခေါ် အုပ်ချုပ်ရေးသစ်အတွက် ရွေးကောက်ပွဲလည်း ပေါ်ခဲ့လေတော့သည်။

ဤတွင် ဦးဘချိုသည် ကျောင်းသားခေါင်းဆောင်ဟောင်းကိုနု၊ ဒီးဒုတ်ဂျာနယ်အဖွဲ့ဝင် ဦးဘခိုင်တို့နှင့်အတူ ဖေဘီယန် (ဆင်းရဲသားအကျိုးဆောင်) အဖွဲ့ကို တည်ထောင်ပြန်လေသည်။ တည်ထောင်ရခြင်းမှာ (တို့ဗမာအစည်းအရုံး လက်အောက်ခံ ကိုယ့်မင်းကိုယ်ချင်းအဖွဲ့ကဲ့သို့) ဥပဒေပြုလွှတ်တော်အတွင်း၌ ကိုးဆယ့်တစ်ဌာနအုပ်ချုပ်ရေးကို တိုက်ဖျက်နိုင်ရန်ဖြစ်လေသည်။ ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးသည် အပေါ်ယံကို ကြည့်လျှင် ဒိုင်အာခီထက်သာသည်ဟု ထင်ရသော်လည်း အမှတ်ဆိုလျှင် ပြည်သူ့ကိုယ်စားလှယ်များကို အာဏာတကယ်အပ်သော အုပ်ချုပ်ရေးမျိုးမဟုတ်ပေ။

အထက်လွှတ်တော်၊ အောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ထားသည် ကားမှတ်၏။ အမတ်ဦးရေကလည်းများ၊ ဝန်ကြီးဦးရေကလည်း ဆယ်ဦး ပင်ထားနိုင်သည်လည်း မှန်၏။ သို့သော် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ရာထူးကြီးများအရေး၊ တိုင်းရင်းသား လူနည်းစုများအရေး စသည်တို့သည် ဘုရင်ခံ၏လက်ထဲ၌ ရှိချေသည်။ ထို့ပြင် ဝန်ကြီးများ လုပ်ဆောင်သည့် ဌာနများပင် ဘုရင်ခံ၏ တစ်ချက်လွှတ်အာဏာကို မလွန်ဆန်နိုင်ရကား ဝန်ကြီး များ၏ အာဏာသည် အတုအယောင်မျှသာ ဖြစ်လေသည်။

ဤအုပ်ချုပ်ရေးကို အပြင်လမ်း၊ အတွင်းလမ်းက တိုက်ဖျက်ရန် နည်းလမ်းတစ်ခုကို စိတ်ကူးယဉ်သည်ပဲဆိုဆို ဦးဘချိုနှင့်တကွ အလားတူ စိတ်ရှိသော သတင်းစာ၊ ဂျာနယ် အယ်ဒီတာများက ရှာကြံခဲ့ကြသည်။ ရှာပုံမှာ သူတို့တစ်တွေက နိုင်ငံရေးအဖွဲ့ခေါင်းဆောင်များအား(ရေးက ဝန်ကြီးချုပ်ဟု ခေါ်သော) ဝန်ကြီးရာထူးများကို ငြင်းပယ်ဖို့ မေတ္တာရပ်ခံရန် ဖြစ်လေသည်။ ခေါင်းဆောင်များက ရာထူးလက်မခံ၍ အစိုးရအဖွဲ့ မဖွဲ့စည်း နိုင်လျှင် ဘုရင်ခံသည် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အက်ဥပဒေပုဒ်မ ၁၃၉ အရ သုံးနှစ်သာသူချည်း သက်သက် အုပ်စိုးနိုင်မည်။ သုံးနှစ်ကြာသောအခါ ဘိလပ်အစိုးရက အပြောင်းအလဲ လုပ်ရတော့မည်ဟု ဦးဘချိုတို့က တွက်လေ သည်။

သို့ဖြင့် သတင်းစာဂျာနယ်တိုက် ဆယ့်နှစ်ခုမှ ကိုယ်စားလှယ်များ သည် မြန်မာအလင်း သတင်းစာတိုက်၌ စည်းဝေးဆုံးဖြတ်ကြပြီးနောက် သူတို့၏ သတင်းစာဂျာနယ်များမှနေ၍ ‘ဝန်ကြီးချုပ် ရာထူးများကို ငြင်းပယ် နိုင်ကြလျှင် မြန်မာပြည်၏ အဆင့်အတန်းသည် အလွန်ဆုံး သုံးနှစ်အတွင်း ရှေ့ဇကန် တိုးတက်ရမည်။ သတင်းစာဂျာနယ် မဂ္ဂဇင်း အယ်ဒီတာများ၏ ကြေညာချက် စသည်ဖြင့် ထည့်သွင်းဖော်ပြကြလေသည်။ ထို့ပြင် ဦးဘချို၊ မြန်မာ့အလင်း ဦးချစ်မောင်၊ ဘားမားဂျာနယ် ဦးထွန်းသန်း၊ ရဲသတင်းစာ ဦးဘရှိန်၊ တို့ဗမာ သတင်းစဉ် သခင်တင်မောင်တို့ ပါဝင်သောအဖွဲ့ငယ်က နိုင်ငံခေါင်းဆောင်များ ထံသွားရောက်တွေ့ဆုံလေသည်။ ထိုအဖွဲ့ငယ်တွင် ပါဝင်သော ဦးဘရှိန် (မဟာဆွေ) က တွေ့ဆုံပုံကို ရေးပြလေသည်မှာ ဤသို့တည်း။

“ × × × ခေါင်းဆောင်တစ်ဦးစီ၏ အိမ်သို့သွားရောက် ထင်မြင် ချက် မေးမြန်းကြရာ၌ စကားအပြောဆုံးမှာ ဦးထွန်းသန်းနှင့် ဦးချစ်မောင် ဖြစ်၏။ ဦးဘချိုသည် နှစ်ဖက်ပြောချက်များကို သေချာစွာ စီးကရက်ဖွာရင်း

နားထောင်နေ၏။ သတင်းစာဆရာများဘက်မှ လိုနေဟာနေသော အကွက်များတွေ့သောအခါ ဝင်ရောက်ပြောဆိုတော့၏။ အလွန်လျှင် ထိရောက်လေသည်× × × ”

ထိရောက်သည်ကိုထား၊ ခေါင်းဆောင်ကြီးများ၏ အဖြေကားမည်သို့ရှိလေသနည်း။ (နှစ်ဆယ့်တစ်ဦးအဖွဲ့နှင့် အလားတူအဖွဲ့များ ပူးပေါင်း၍ ငါးပွင့်ဆိုင်အဖွဲ့ဝင်ဖြစ်လာသော) ဦးဘဖေနှင့် ဝတ်လုံ ဦးပုတို့က ရာထူးလက်ခံ၍ အုပ်ချုပ်ရေးတစ်စတစ်စ တိုးတက်အောင် လုပ်ဆောင်သွားမည်ဟုဖြေ၏။ (သပိတ်လှန်၍ ရွေးကောက်ပွဲ ဝင်ခဲ့သော) ဦးချစ်လှိုင်က ဦးပေါ်ထွန်းနှင့်တွေ့ဆုံပြီးမှ အဖြေပေးနိုင်မည်ဟု ဆို၏။ ဦးပေါ်ထွန်းက အဖွဲ့ နှင့် တိုင်ပင်ရဦးမည်ဟု အဖွဲ့ကို လှည့်ချ၏။ ဒေါက်တာဘမော်က သူများတတွေ ရာထူးမယူစတမ်းဆိုလျှင် သူထိပ်ဆုံးက လက်မှတ်ထိုးမည်ဟု အာမခံ၏။ ဝတ်လုံ ဦးသိမ်းမောင်ကိုကား အဖွဲ့ငယ်က နှစ်ကြိမ်တိုင် သွားရှာသော်လည်း မတွေ့ရ။

ဤသို့ ဦးဘချိုတို့တတွေက ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးကို ဖျက်ရန် ကြိုးစားခဲ့လေသော်လည်း ကိုးဆယ့်တစ်ဌာနကား မပျက်။ ၁၉၃၇ ခု ဧပြီလ တစ်ရက်နေ့တွင် အတည်ဖြစ်လာလေသည်။ ဒေါက်တာဘမော်လည်း အခြားအဖွဲ့များမှ လူများကို ဖဲ့ထုတ်၍ သူ့အဖွဲ့နှင့်ပေါင်းပြီးလျှင် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းအောင်မြင်သွားလေသည်။ ရှိပါစေတော့။ ကိုယ့်ခေါင်းဆောင်တွေ မညီညွတ်ကြ၍ ခံလိုက်ရလေသည်။ သို့သော် ထိုအုပ်ချုပ်ရေးသည် လူထု အကြိုက်နှင့် ဘယ်နည်းနှင့်မှ မတွေ့နိုင်။ ထိုအုပ်ချုပ်ရေး၏ အတွင်းသဘောအရ အနေးနှင့်အမြန် လူထုနှင့် အတိုက်အခံ ဖြစ်ရမည်သာ။ ဦးဘချိုသည် ရှေ့အလားအလာကို စောင့်မျှော်ကြည့်လေသည်။

ထိုနှစ်နောက်ပိုင်းတွင် ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံကို ရန်စ၍ စစ်ပြုလေသည်။ ဤသည်ကို ဖေဘီယန်ဆိုရှယ်လစ်ဖြစ်သော ဦးဘချိုမှာ မခံနိုင်ဖြစ်လေသည်။ သူသည် ဒေါက်တာဆွန်ယက်ဆင်၏ အမျိုးသားဝါဒ၊ ဒီမိုကရေစီဝါဒ၊ ဆိုရှယ်လစ်ဝါဒ အခြေခံသော ‘စန်းမင်းချူအီ’ ကျမ်းကို ဘာသာပြန်ခဲ့သူဖြစ်သည်။ ဒေါက်တာဆွန်ယက်ဆင်၏မူကိုသာ အပြည့်အဝ လက်ခံကျင့်သုံးမည်ဆိုလျှင် တရုတ်နိုင်ငံသည် သာယာဝပြောသော နိုင်ငံဖြစ်လာလိမ့်မည်ဟု ယုံကြည်သူဖြစ်သည်။ ယခုသော် ဂျပန်က လက်နက်အားကိုးဖြင့် သိမ်းပိုက်တိုက်ခိုက်နေချေပြီ။

ထို့ကြောင့် ဂျာနယ်မှနေ၍

" × × × တရုတ်ဂျပန်အရေးကို စဉ်းစားလိုက်မည်ဆိုပြန်လျှင်လည်း ဂျပန်၏နယ်ချဲ့လိုသော ဝါဒ၊ စီးပွားရေးချဲ့လိုသော ဝါဒ၊ လောဘတရား အရင်းခံနေသည်ကို တွေ့ရမဗျ။ ဂျပန်ဆင်းရဲသားတို့မှာ မည်သူမျှချစ်သူမယား၊ ချစ်သူရည်းစားနဲ့ခွဲပြီး အသေခံသွားလိုကြမည် မဟုတ်ဘူး။ စစ်ဖြစ်သမျှအကြောင်းရင်းကို ရှာလျှင် ဆင်းရဲသား စစ်တိုက်လို၍ တိုက်ရသော စစ် အင်မတန် ရှားလိမ့်မဗျ။ ခေရှင်များနှင့် အစိုးရအရာရှိကြီးများ၏ လောဘတရားများ ကြောင့်သာ စစ်ပွဲကြီးများနှင့် ဖြစ်ခဲ့ရသည်မှာ များသဗျာ"

စသည်ဖြင့် ရေးလည်းရေးခဲ့သည်။ ဂျပန်ကုန်များကို သပိတ်မှောက်ရန် လိုက်လံ၍လည်း ဟောပြောခဲ့သည်။ လူအချို့က သူ့ကို (တရုတ်အားထားသူ ဟူသော ပုဒ်၏ပြောင်းပြန်) "တရားအားထုတ်သူ" ဟူ၍သရော်ခဲ့ကြခြင်းမှာ ဤအကြောင်းကြောင့် ဖြစ်လေသည်။ သို့ဖြင့် ပြည်တွင်း၌ ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်ရန်နှင့် ပြည်ပ၌ ဖက်စစ်ကို တိုက်ဖျက်ရန်ကိစ္စသည် ဦးဘချို၏ နိုင်ငံရေးလမ်းစဉ် ဖြစ်လာခဲ့လေသည်။

ပြည်တွင်း၌ကား ဦးဘချို မြင်ခဲ့သည့်အတိုင်း အစိုးရနှင့် ပြည်သူတို့၏ တိုက်ပွဲအဆင့်ဆင့် ဖြစ်လာခဲ့တော့သည်။ ရှေးဦးစွာ အစိုးရက မထုတ်ဝေရသေးသော 'နဂါးနီသတင်း' (စာစဉ်) နှင့် ဗမာ့ခေါင်းဆောင်စာစောင်များအတွက် ကြိုတင်၍ အာမခံငွေတောင်းသည်။ ဦးဘချိုပါဝင်သော 'မြန်မာပြည်လုံးဆိုင်ရာ ပုံနှိပ်တိုက်အဖွဲ့' က မခံနိုင်၊ ပုံနှိပ်တိုက် အရေးတကြီး ဥပဒေကို ရုပ်စဲရန် တောင်းဆိုသည်။

ထိုနောက် ဦးရွှေဖီးရေးသော 'မော်လဝီ နှင့် ယောဂီရှင်းတမ်း' စာအုပ်ကို မာမကရဟန်းပျိုများက ကန့်ကွက်ပါလျက်နှင့် အစိုးရက အချိန်မီ မတားမိ၊ မတားမိ၍ မြန်မာမွတ်စလင် အဓိကရုဏ်း ဖြစ်လာခဲ့ရာ မြန်မာလူစုလူဝေးကို စစ်ပုလိပ်က သေနတ်နှင့်ပစ်၏။ မဆင်မခြင်ဖမ်း၏။ ဤသည်ကို လူထုက အော့နလုံးနာသည်ထက် နာလာသည်။ ထိုနောက်မှုကား '၁၃၀၀ ပြည့်အရေးတော်ပုံ' သည် အစိုးရနှင့် ပြည်သူတို့၏ တိုက်ပွဲကို အထွတ်အထိပ်ရောက်အောင် ဆောင်လေတော့သည်။ ဆောင်ပုံကား ဘီအိုစီအလုပ်ရှင်ကို မကျေနပ်၍ သပိတ်မှောက်ခဲ့ကြသော ရေနံမြေအလုပ်သမားတို့သည် အရေးကုန်ဆောင်ရွက်ရန်ဟု ရန်ကုန်သို့ချီအတက် အစိုးရက မကွေးမှဆီး၍ သပိတ်သမားများကို မြင်းနှင့်တိုက်၊ နံပတ်တုတ်နှင့်ရိုက်သည်။ တစ်ဖန် ဝင်ရောက်အားပေးသော သခင်ခေါင်းဆောင်များနှင့် တက္ကသိုလ်ကျောင်းသား ခေါင်းဆောင်နှစ်ဦးကို အစိုးရက ဖမ်းပြန်သည်တွင် ရန်ကုန်၌ ကျောင်းသားတို့၏

(အစိုးရပုဒ်မ ၁၄၄ ကိုချိုးဖောက်) ဆန္ဒပြပွဲ၊ အတွင်းဝန်ကြီးရုံးကိုဝိုင်းဝန်းပွဲဖြစ်ပြန်သည်။ ထိုပွဲမှ စစ်ပုလိပ်၏ လက်ချက်ဖြင့် ကျောင်းသူကျောင်းသား အချို့ဒဏ်ရာရ၏။ ကျောင်းသား မောင်အောင်ကျော် သေဆုံးရ၏။ ထို့ပြင် မန္တလေးမြို့၌လုပ်သော လူထုဆန္ဒပြပွဲမှ ပုဂ္ဂိုလ်ဆယ့်ခုနစ်ဦး သေဆုံးရ၏။

ဤတွင် အစိုးရ၏ အပြုအမူကို မခံမရပ်နိုင်အောင် ဖြစ် ကာ ပြည်သူလူထုသည် အမြို့မြို့ အရွာရွာတွင် ဆန္ဒပြပွဲများ လုပ်ခဲ့သည်။ လယ်သမားတပ်ကြီး ကလည်း ရေနံမြေသပိတ်သမား တို့နှင့် ပေါင်းရန် ရန်ကုန်သို့ ချီတက်ခဲ့သည်။ အစိုးရ စစ်ပုလိပ်၏ အသုံးမခံဟု ဆို၍ ရန်ကုန်ရှိ မြန်မာဘတ်စ်ကားသမားများကလည်း သပိတ်မှောက်ခဲ့ကြသည်။ ဤသည်တို့ကို အစိုးရက အကြမ်းဖက်၍ ရိုက်နှက်ခြင်း၊ ဖမ်းဆီးခြင်းဖြင့် တုံ့ပြန်လေသည်။ ကျောင်းသားတို့၏ အပြုအမူကို ထောက်ခံခဲ့သော ဦးဘချိုလည်း သခင်ထိပ်တင် ကိုယ်တော်ကြီး၊ သခင်နု၊ တက်ဘုန်းကြီး သိန်းဖေတို့နှင့်အတူ အင်းစိန်ထောင်သို့ ရောက်ခဲ့ရသေးသည်။

အရေးတော်ပုံ လူထုအားကို မခံနိုင်၍ ညွန့်ပေါင်းအစိုးရသည် ပြုတ်လေသည်။ သို့သော်ညွန့်ပေါင်းအစိုးရ နေရာသို့ ဦးပုအစိုးရဝင်လာကာ ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးကို အသက်ဆက် ပြန်၏။ ဦးပုအစိုးရ လက်ထက်၌ ဥရောပတွင် အင်္ဂလိပ်နှင့် ပြင်သစ်ကတစ်ဖက်၊ ဂျာမနီ (နှင့် အီတလီ) က တစ်ဖက် ဒုတိယကမ္ဘာစစ်ကြီး စလေသည်။

ထိုအခါ မြန်မာနိုင်ငံဘုရင်ခံက ပြည်သူတို့၏ သဘောတူညီချက် မရဘဲ မြန်မာနိုင်ငံသည် အင်္ဂလိပ်ဘက်က ရှိသည်ဟူ၍ ကြေညာလိုက်လေ သည်။ တစ်ဖက်ကလည်း ပြည်သူတို့ကို ချော့သည့် သဘောဖြင့် ဘိလပ် အစိုးရက မြန်မာနိုင်ငံကို တစ်စတစ်စ တိုးတက်သော အုပ်ချုပ်ရေးကို ပေး မည်ဟု ဘိလပ်အစိုးရကိုယ်စား ကြေညာလေသည်။ ဤသည်ကို သခင် ကိုယ်တော်မှိုင်း (ဆရာလွန်း) ကြီးမှူးသည့် တို့ဗမာအစည်းအရုံး၊ ဒေါက်တာ ဘမော်၏ ဆင်းရဲသားအဖွဲ့၊ စောဖေသာ၏ကရင်တောင်သူအဖွဲ့စုသည်တို့ ကလည်း လက်မခံနိုင်၊ ဦးဘချို၏ ဖေဘီယန်အဖွဲ့ကလည်း

"× × × ဘုရင်ခံ၏ ပြန်ကြားစာမှာ × × × လွတ်လပ်ရေးကို အချိန်ကာလ အပိုင်းအခြားမရှိသော အနာဂတ်ကို မျှော်လင့်နေကြတော့ဟု ဆိုရာ ရောက်နေပေရာ မြန်မာတစ်မျိုးလုံး၏ဆန္ဒကိုစော်ကားရာရောက်ရှိနေ သည်ဟု ကျွန်ုပ်တို့အဖွဲ့ကယူဆကြောင်း× × × "စသည်ဖြင့် သဘောထား ထုတ်ပြန်ခဲ့လေသည်။

အစိုးရ၏ အပြုအမူကား ရှင်းနေပြီ။ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူများ၊ တို့ဗမာ အစည်းအရုံးလို နိုင်ငံရေးအဖွဲ့များက '၁၃၀၀ ပြည့်အရေးတော်ပုံ မျိုးဖြင့် ကိုးဆယ့်တစ်ဌာန အုပ်ချုပ်ရေးကို တိုက်၍ မရမှန်းသိလာလေသည်။ နိုင်ငံရေးခေါင်းဆောင်အများစုကိုလည်း အားကိုး၍ မရမှန်းသိလာလေသည်။

ယခုသော် ဥရောပတွင် စစ်ဖြစ်ခဲ့ပြီ။ အင်္ဂလိပ်အခက်၊ ဗမာ့အချက်ပင် မဟုတ်ပါလား။ မျိုးချစ်အချို့က ပြည်ပအကူအညီကို ရှာကြံကြလေ သည်။ ထိုအခါ ဂျာမနီ၏ မဟာမိတ်ဖြစ်သော ဂျပန်ကို အားကိုးသူက အားကိုးလာကြသည်။ လွတ်လပ်ရေးပေးပါမည်ဟူသော ကတိကို ဘိလပ်အစိုးရထံမှ ဦးစွာတောင်းယူ၍ အင်္ဂလိပ်စစ်ကို ကူမည်ဟု စဉ်းစားသူက စဉ်းစားသည်။

ဦးဘချိုအဖို့မူ ပြည်ပအကူအညီယူရန် မကန့်ကွက်သော်လည်း ဂျပန်ကဲ့သို့ ဖက်ဆစ်အကူအညီကိုကား မလိုလားခဲ့။ မလိုလားရုံမက သေးဘဲ ၁၉၃၉ ခုနှစ် ကုန်ခါနီးတွင် တရုတ်နိုင်ငံသို့ မိတ်ဆက်အဖွဲ့ဝင်တစ်ဦးအဖြစ် မြို့မ ဦးဘလွင်၊ သခင်နုတို့နှင့်အတူ သွားရောက်ခဲ့သေးသည်။ တရုတ်နိုင်ငံ၌ရှိစဉ်ကလည်း လက်နက်အားကိုးဖြင့် တစ်နိုင်ငံက အခြားတစ်နိုင်ငံကို နိုင်ထက်စီးနင်း သိမ်းပိုက်ခြင်းကို သူစက်ဆုပ်ကြောင်း၊ မြန်မာများကို ဂျပန်က တစ်ပတ်ရိုက်ရန် ကြိုးစားအားထုတ်မှုတို့ကို သူကိုယ်တိုင် တတ်အားသရွေ့ ဖွင့်ထုတ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းပြောဆိုခဲ့လေသည်။

တရုတ်နိုင်ငံမှအပြန် ၁၉၄၀ ပြည့်နှစ်ဦးတွင် စာရေးဆရာ အသင်းကို သူဖွဲ့စည်းလေသည်။ ဤအသင်းမျိုးရှိထိုက်သည်မှာ ကြာလှပြီ။ စာရေးဆရာတွေ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် အရေးကြီးသည်။ တစ်ဖက်၌လည်း စာပေအရည်အသွေးတက်အောင် ကြိုးပမ်းကြရန် စာရေးဆရာတွင် တာဝန်ရှိသည်။

သို့ဖြင့် မဟာဆွေ၊ မြို့မမောင်၊ ဒဂုန်တာရာ၊ တက်ဘုန်းကြီး သိန်းဖေ၊ ပန်းဝတ်ရွှေ၊ သခါ၊ ဦးဘချိုတို့ ပါဝင်သော အဖွဲ့အစည်းတစ်ခုသည် ပထမဦးဆုံးအကြိမ် ပေါ်ပေါက်လာလေသည်။

ထိုနှစ်တွင်ပင် ဂီတအတွက် အလေးအနက်ထား၍ လုပ်ဆောင်ရန် အခွင့်အရေးလည်း ဦးဘချို၌ ရပြန်လေသည်။ ထိုအခွင့်အရေးသည် အခြား မဟုတ်။ မြန်မာနိုင်ငံ သုတေသနအသင်းကြီးက သီချင်းကြီးများကို အဆိုမှု

မှန်မှန်နှင့် ခတ်ပြားသွင်းရန် တက္ကသိုလ် စာကြည့်တိုက်မှူး ဦးခင်ဇော်အား တာဝန်ပေး၏။ ထိုအခါ ဦးခင်ဇော်က ဦးဘချိုကို ချဉ်းကပ်ရလေသည်။

ဦးဘချိုတွင် ဤကိစ္စဖြစ်မြောက်အောင် စည်းရုံးပေးနိုင်သည့် အရည်အချင်းရှိသည်။ ဒေါ်ဒေလီညွန့်သည် ဆွေမျိုးရင်းချာပမာ သူ့အိမ်တွင် မကြာခဏ လာနေတတ်သည်။ ဒေါ်စောမြအေးကြည်သည် ပန်းချီနှင့် တူရိယာဂီတကျောင်းတွင် ရှိနေကာ သူနှင့်အတူ 'ဂီတသုတေသနအဖွဲ့'တွင် ပညာနှီးနှောဖော်နှီးနှောဖက်ချင်း ဖြစ်သည်။ ထို့ပြင် အဲအိုင်လူတား စသည်တို့၌ ဆိုနည်းအမှန်သိသော ရွှေဘိုက အဝေးရောက်မင်း ဦးအောင်ကြီးသည် ဒေါ်စောမြအေးကြည်နှင့် ဦးဘချိုအပေါ် မေတ္တာအတော်ထားသည်။ သူသည် အသက်ရှစ်ဆယ်ရှစ်နှစ်ရှိပြီဖြစ်လည်း ရန်ကုန်ဆင်း၍ ကူညီရန် အဆင့်သင့် ဖြစ်လသည်။

သို့ဖြင့် ဦးဘချိုသည် ထိုပုဂ္ဂိုလ်ကြီးများ၏ အကူအညီ၊ ထို့ပြင် စောင်း ဦးအောင်လှ၊ စန္ဒယား ဆရာ မောင်၊ နရည်း ဆရာစိန်၊ နဲ့ ကိုငွေကိုင်၊ ပုံတောင် ကိုမောင်ကို၊ သီပေါ နရည်း တော်သားများ၏ အကူအညီဖြင့် ကြိုး၊ သီချင်းခံ၊ ဘွဲ့၊ ယိုးဒယား၊ ရကန်၊ ရတု၊ အန်ချင်း၊ အိုင်ချင်း၊ ဧချင်း၊ အဲချင်း၊ လူးတား၊ မော်ကွန်း၊ လေးချိုးကြီးများကို လည်းကောင်း၊ နရည်းသံ၊ မြောက်စည်သံ၊ ပုံကြီးသံတို့ကို လည်းကောင်း မှတ်တမ်းတင်စေခဲ့လေသည်။

❖

ဤသည်တို့၏ နောက်ပိုင်းတွင်ကား ဦးဘချိုမှာ အနုပညာတွေကို လည်း ထိထိရောက်ရောက် မလုပ်နိုင်၊ နိုင်ငံရေးကိစ္စတွေကိုလည်း သူ့ဂျာနယ်မှ စစ်စစ်ပေါက်ပေါက် မဝေဖန်နိုင်။ ဦးပု နောက်တက်သော ဂဠုန်ဦးစော၏ အစိုးရက ကြမ်းသည်။ သတင်းစာ ဂျာနယ်များကို ဆင်စာ (ဖြတ်တောက်) လုပ်လိုက်၊ ကာကွယ်ရေးပုဒ်မဖြင့် နိုင်ငံရေးသမားတွေကို ဖမ်းလိုက် ရှိနေချေသည်။ ဒေါက်တာ ဘမော်၊ သခင်စိုး၊ သခင်နု၊ သခင်ကျော်စိန် စသူများလည်း ထောင်ထဲတွင် ရောက်နေကြပြီ။ ထောင်အပြင်ရှိသူ နိုင်ငံရေးသမား လူလတ် လူငယ်များလည်း မြေအောက်လျှို့ဝှက်လုပ်ငန်း စနေကြပြီ။ သခင်အောင်ဆန်း၊ သခင်လှဖေ၊ သခင်ထွန်းအုပ် စသူများလည်း ဂျပန်ရောက်ကြပြီ။

ဤသို့ တိုင်းပြည်အခြေအနေ မငြိမ်မသက်ရှိနေစဉ် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ခုနစ်ရက်နေ့တွင် ဂျပန်သည် စစ်မကြေညာဘဲ အမေရိကန်ပိုင် ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်လေသည်။ မြန်မာနိုင်ငံအစိုးရလည်း ဂျပန်ကို စစ်ကြေညာ၍ အင်္ဂလိပ်၊ ကုလားစစ်တပ်များသာမက တရုတ်စစ်တပ်ကိုပါ နိုင်ငံတွင်းသို့ သွင်းလေသည်။ ဒီဇင်ဘာ နှစ်ဆယ့်သုံးရက်၊ နှစ်ဆယ့်ငါးရက်တွင် ဂျပန်တို့သည် ရန်ကုန်မြို့ကို ဗုံးကြဲတိုက်ခိုက်ကြပြန်လေသည်။ ထိုနှင့် မရှေးမနှောင်းအချိန်တွင် ဂျပန်ကြည်းတပ်မတော်သည် မြန်မာနိုင်ငံ

အတွင်းသို့ ဝင်လာတော့ရာ ဦးဘချိုသည် သားမယားကိုခေါ်၍ ပေပုရပိုက် ထုပ်ကို သယ်၍ ရန်ကုန်မှ ရှောင်ရလေသည်။

သူရှောင်သည့် နေရာမှာ သူ့မွေးရပ်မြောင်းမြလည်း မဟုတ်၊ စစ်လမ်းနှင့်ဝေးမည်ထင်ရသော စစ်ကိုင်းတောင်ရိုးလည်း မဟုတ်။ အဝေး ရောက်မင်း ဦးအောင်ကြီးရှိရာ ရွှေဘိုပင်ဖြစ်လေသည်။ ရွှေဘိုတွင် စစ်ရှောင် ရင်း ဂျပန်ဆန့်ကျင်ရေး စာရွက်စာတမ်းတို့ကို ရေးသားဖြန့်ချီလေသေးသည်။ ထို့ပြင် မန္တလေးထောင်၌ ရှိနေသော သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်း စသူ တို့ကို လည်းကောင်း၊ လျှို့ဝှက်လုပ်ငန်း လုပ်ရန် ရွှေဘိုဆိပ်ခွန်ဘက်သို့ ရောက်လာခဲ့သော တက်ဘုန်းကြီးသိန်းဖေကို လည်းကောင်း၊ တရုတ်နိုင်ငံ ဘက်သို့သွား၍ ထိုကမှ မြန်မာ့လွတ်လပ်ရေးအတွက် ထပ်မံ ကြံစည် နိုင်စေရန်၊ (ပြည်တွင်း၌ရှိနေသော) တရုတ်အစိုးရ ကိုယ်စားလှယ် ဂျင်န ရယ်ဝမ်းနှင့် ဆက်သွယ်ပေးသေးသည်။ စရိတ်ထောက်သေးသည်။ သို့သော် ဂျပန်အတက်ဦးသဖြင့် ထိုသူတို့မှာ တရုတ်စစ်တပ်နှင့် လိုက်ရန် မဖြစ်နိုင်ဘဲ ရှိလေသည်။

သူတို့အထဲမှ အချို့ကလည်း မြန်မာနိုင်ငံတွင်း၌ နေရစ်မည်ဟု စိတ်ပြောင်းသွားလေသည်။ ဤတွင် ဂျပန်ဆန့်ကျင်ရေးဘက်တွင် နာမည် ထွက်နေသော ဦးဘချိုအဖို့ ဂျပန်ဘေးရန်သည် နီးသည်ထက် နီးလာလေ သည်။ ကံအားလျော်စွာ ဒေါက်တာဘမော်၊ သခင်နု စသော ခေါင်းဆောင် များ ထောင်မှ လွတ်ခဲ့၍ ယာယီမြန်မာအစိုးရဖွဲ့ရန် ပြင်ဆင်နေခဲ့ပြီ။ ဗမာ့ လွတ်လပ်ရေး တပ်မတော်ဦးစီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာ(သခင် လှဖေ) စသူများလည်း မန္တလေးဘက်သို့ အုပ်ချုပ်ရေးအတွက် ရောက်နေခဲ့ ပြီ။ သခင်နုနှင့် ဗိုလ်လက်ျာစီစဉ်၍ ဦဘချို၏အသက်အန္တရာယ် လုံခြုံရေး အတွက် သခင်တင်ကို အပ်လေသည်။ ဦးဘချိုလည်း ရန်ကုန်သို့ ပြန်းခနဲ မဆင်းဘဲ ပဲခူးရှိ သခင်တင်၏ နေအိမ်၌ သုံးလေးလမျှ ခိုအောင်းနေရ၏။ ထို့နောက်အုပ်ချုပ်ရေး အထိုင်ကျလာသည်တွင်မှ တွံတေးသို့ ပြောင်းရွှေ့နေ ထိုင်လေသည်။

စစ်အတွင်း၌ ဦးဘချိုသည် ထင်ထင်ပေါ်ပေါ် မနေ၊ သို့သော် ရပ်ရေး ရွာရေး၌ ဝင်၍ပါတတ်ပါ၏။ ရန်ကုန်ဘက်သို့ ရံဖန်ရံခါ ကူး၍ ဝါဒဖြန့်ဖြူးရေး ဝန်ကြီးဖြစ်နေသော သခင်နုနှင့် ကရင်ဗမာ ချစ်ကြည်ရေး စသော တိုင်းရေးပြည်ရာကို ဆွေးနွေးတတ်ပါ၏။ (သခင်နုအောက်တွင် အလုပ်လုပ်နေကြသည့်) ဦးဉာဏ၊ မောင်ထင် စသူများနှင့် ဝိုင်းကောင်းလျှင်

အိုးစည်အကြောင်း ဗုံအကြောင်း၊ ထံတျာတေအကြောင်း ပြောဟော တတ်ပါ၏။

ထိုခေတ်ထုတ် 'စာရေးဆရာ' မဂ္ဂဇင်းတွင် 'မမြကလေးနှင့် ချစ်သမျှကို'၊ 'လှိုင်ထိပ်ခေါင်တင်နှင့် ရေယမုန်' စသော ဆောင်းပါးမျိုးကို ရေးတက်ပါ၏။ ထို့နောက် ၁၉၄၅ ခုနှစ် မတ်လတော်လှန်ရေးကြီး အပြီး ဂျပန်အဆုတ်တွင် ဖက်ဆစ်တိုက်ဖျက်ရေးပြည် သူ့ လွတ်လပ်ရေးအဖွဲ့ချုပ် (နောင်သော် ဖက်ဆစ်ဆန့်ကျင့်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်) သည် တိုင်းသိပြည်သိ ရပ်တည်လိုက်သောအခါ သူသည် ဗဟိုဦးစီးအဖွဲ့ဝင် ဆယ့် နှစ်ဦးတွင် တစ်ဦးအပါအဝင် ဖြစ်လာလေသည်။

ရှေးခေတ်က သူသည် ဝန်ကြီးရာထူးရရေး၌သာ လမ်းဆုံးနေခဲ့ သော မြန်မာနိုင်ငံရေးကို မကြိုက်ခဲ့။ ထို့ကြောင့် ဂျာနယ်ကိုသာ မှန်မှန်ထုတ် ဝေခဲ့၍ ပြင်ပနိုင်ငံရေးတွင် ကိုထိလက်ရောက်ပါချည် မပါချည် ရှိခဲ့ရသည်။ ယခုသော် ဖဆပလ အဖွဲ့ချုပ်သည် ဗမာ့တပ်မတော်၊ ပြည်သူ့ အရေးတော်ပုံပါတီ၊ ကွန်မြူနစ်ပါတီတို့ အခြေခံ၍ လူမျိုးကိုယ်စားလှယ်များ၊ အခြားအသင်းအဖွဲ့များမှ ခေါင်းဆောင်အများပါဝင်သော အမျိုးသားတပ် ပေါင်းစုကြီးဖြစ်နေပြီ။ တိုင်းပြည်အတွက် စေတနာသန့်သန့်နှင့် ကြိုးပမ်း မည့်အဖွဲ့အစည်းဖြစ်နေချေသည်။ သူပါ ဝိုင်းဝန်း၍ မြန်မာနိုင်ငံတွင်းသို့ ပြန်ဝင်ခဲ့သော အင်္ဂလိပ်စစ်အစိုးရကို တိုက်ထုတ်ဦးမှ မျက်နှာပန်းလှတော့ မည်။

သို့ဖြင့် ဖဆပလအဖွဲ့ချုပ်သည် နေသူရိန်ညီလာခံ၊ ထို့နောက် ရွှေတိဂုံပြည်လုံးကျွတ်ညီလာခံ၊ ထို့နောက် ဘိလပ်အစိုးရ စက္ကူဖြူ ကန့် ကွက်ပွဲတို့မှ အားယူ၍ စစ်အစိုးရရုပ်သိမ်းရေး၊ ဗမာ့တပ်မတော်တည်တံ့ ရေး၊ ယာယီအမျိုးသား အစိုးရဖွဲ့ရေး၊ တိုင်းပြည်ပြုလွှတ်တော်ခေါ်ရေး၊ လုံးဝလွတ်လပ်ရေးသို့ ချီတက်ရေးဟူသော ကြွေးကြော်သံအဆင့်ဆင့်ဖြင့် ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် ဆာပေါ်ထွန်းတို့၏ အစိုးရကို တိုက်ခဲ့ရာ ဦးဘချိုသည် ထိုတိုက်ပွဲမှန်သမျှတွင် သစ္စာရှိရှိပါခဲ့သည်သာဖြစ်လေသည်။

သူသည် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ ဦးကျော်ငြိမ်း။ တက်ဘုန်ကြီးသိန်းဖေ စသော လူငယ်နိုင်ငံရေးသမားတွေနှင့် ယခုလို အလုပ်လုပ်ရသည်ကို ကျေနပ်မိလေသည်။ ဗိုလ်ချုပ်တို့သည် နိုင်ငံရေး အမြင်နှင့် လမ်းစဉ်တွင် ပြတ်သားရဲဝံ့ကြပါပေသည်။ သူ့ဘက်က အမှား လုပ်မိသည့်တိုင်အောင် သူတို့တစ်တွေက သဘောထားကြီးကြီးနှင့် သည်းခံ

တတ်ကြသည်။ သူ့အမှားမှာလည်း နည်းနည်းနောနော မဟုတ်ပါပေ။ ရွှေတိဂုံ အလယ်ပစ္စယံ ညီလာခံအတွက် အဆိုတင် ကော်မတီထိုင်စဉ်က ဖဆပလအဖို့ ဘိလပ်မှ လုံးဝလွတ်လပ်ရေးတောင်းရင်း ဒိုမီနီယံ (ဟုမ်းမရူး) အုပ်ချုပ်ရေးအတွက်လည်း လမ်းဖွင့်ထားဖို့ သူတင်ခဲ့သော အမှားပင် ဖြစ်လေသည်။ လူငယ်နိုင်ငံရေးသမားတွေ၏ သတ္တိကြောင့် ဖဆပလလမ်းစဉ်ကို သူယုံယုံကြည်ကြည်နှင့် လိုက်ခဲ့သည်။ ပြန်လည်ထုတ်ဝေခဲ့ပြီးဖြစ်သော ဒီးဒုတ်ဂျာနယ်မှလည်း ထိုလမ်းစဉ်ကို ထောက်ခံ၍ လူထုကို စည်းရုံးပေးခဲ့လေသည်။

ဤတွင် ဂျာနယ်၌ နိုင်ငံရေးဆောင်းပါးကိုသာ သူကိုယ်တိုင် ရေး သည် မဟုတ်ပါလေ။ ဖဆပလ အလုပ်အကြားမှ ဝါသနာရှိရင်းစွဲ ရုပ်သေး ဂီတ ဇာတ်အကြောင်းတွေကိုလည်း အပတ်တကုပ် သူရေးသားဆွေးနွေး ပါသေးသည်။ ထိုပညာများကို အိမ်နီးနားချင်းနိုင်ငံများရှိ အလားတူ ပညာများနှင့် ညှိနှိုင်း၍ပင် ပြလိုက်နိုင်ပါသေးသည်။ မြန်မာရုပ်သေးကို တရုတ်ရုပ်သေးနှင့် သူယှဉ်သည်။ မြန်မာဂီတသံစဉ်ကို အိန္ဒိယဂီတသံစဉ်နှင့် တရုတ်ဂီတသံစဉ်တို့မှ တိုးပွားလာပုံ သူပြသည်။ မြန်မာအက လမ်းကြောင်းကို ယိုးဒယား အက၊ ကမ္ဘောဇအက၊ အင်ဒိုနီးရှား အကအထိ သူလိုက်သည်။

နိုင်ငံရေးကို ပြန်ကောက်ရသော် ၁၉၄၆ ခု–စက်တင်ဘာလတွင် ဖဆပလ အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် လခစားစာရေးစာချီ ရဲအဖွဲ့တို့ ပါဝင်သော အထွေထွေသပိတ်ကြီးဖြစ်လေသည်။ အစိုးရ၏ အုပ်ချုပ်ရေးစက်ယန္တရားလည်း ပျက်မည်ကဲ့သို့ရှိလေသည်။ ထိုအခါ ဆာဒေါ်မန်စမစ် နောက်တွင် ရာထူးဆက်ခံသော ဆာဟူးဘတ်ရန့်က ဗိုလ်ချုပ်အောင်ဆန်းနှင့် အပေါင်းပါ ခုနစ်ဦးကို ဖိတ်ခေါ်၍ (ဆယ့်တစ်ဦးပါသော) အမှုဆောင် ဝန်ကြီးအဖွဲ့တွင် သွတ်သွင်းရလေသည်။ ဖဆပလ အဖွဲ့ချုပ်ကား ကြားဖြတ် အစိုးရအဖွဲ့၏ အာဏာကို ရပြီ။ သို့သော် မြန်မာနိုင်ငံကို အာဏာအပြီးအပိုင် လွှဲပေးဖို့ ဘိလပ်အစိုးရနှင့် အရေးဆိုရဦးမည်ဖြစ်၏။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဘိလပ်သို့သွားရောက်၍ အက်တလီ အစိုးရနှင့် တွေ့ဆုံခဲ့လေသည်။ တွေ့ဆုံ၍ စိတ်ကျေနပ်ဖွယ်သဘော သူညီချက်များကို ရပြီးသည့်နောက် အောင်ဆန်းအက်တလီစာချုပ်ကို နှစ်ဦးနှစ်ဖက် ချုပ်ဆိုကြလေသည်။ ဤတွင် အဖွဲ့ဝင်ဖြစ်သော ဂဠုန်ဦးစောနှင့် သခင် ဗစိန်တို့က သဘောမတူ။ အစိုးရအဖွဲ့မှလည်း နုတ်ထွက်ကြလေသည်။ နိုင်ငံရေး

ခေါင်းဆောင်ဟောင်းအချို့နှင့် နိုင်ငံရေးအဖွဲ့အချို့ကလည်း ဖဆပလသည် ဗြိတိသျှ၏ လက်ကိုင်တုတ်ဖြစ်သွားပြီ စသည်ဖြင့် ဝေဖန်ခဲ့ကြသည်။ သို့သော် ဖဆပလ အဖွဲ့ချုပ်သည် သူ့လမ်းစဉ်ကို သူသိလေသည်။ ၁၉၄၇ ခု ဖေဖော်ဝါရီလ ဆယ့်နှစ်ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ တိုင်း ရင်းသား သွေးစည်းမှုကို လုပ်သည်။

ထိုနှင့် မရှေးမနှောင်းအချိန်တွင် ပြန်ကြားရေးဝန်ကြီး ဖြစ်လာသော ဦးဘချိုသည် ဖဆပလအဖွဲ့ချုပ်၏ တာဝန်ပေးချက်အရ ထီးလင်းမြို့ သို့ သွားရောက်၍ ချင်းဗမာသွေးစည်းရေးကို သုံးရက်တိုင်တိုင် ဆောင်ရွက် လေသည်။ တိုင်းရင်းသား စည်းလုံးမှုဖြင့် ပိုမိုအားပြည့်လာသော ဖဆပလ အဖွဲ့ချုပ်သည် ဧပြီလတွင် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲ များ ကျင်းပ၍လည်းကောင်း၊ မေလတွင် ဂျူဗလီရုံ၌ ပဏာမပြင်ဆင်မှု ညီလာခံလုပ်၍လည်းကောင်း၊ ပြည်ထောင်စု သမ္မတနိုင်ငံထူထောင်ရေး အတွက် စိုင်းပြင်းလေသည်။ ဂျူဗလီညီလာခံ၌ပင် ဘဏ္ဍာရေးဝန်ကြီးသခင် မြက အချုပ်အချာ အဏာပိုင် မြန်မာသမ္မတနိုင်ငံတော်ကြီး၏ အုပ်ချုပ်ရေး စည်းမျဉ်းအကြမ်းကို တင်ရာ ပြန်ကြားရေးဝန်ကြီး ဦးဘချိုက ထောက်ခံခဲ့ လေသည်။

ထိုမှတဆင့် ဇွန်လတွင် တိုင်းပြည်ပြုလွှတ်တော် အစည်းအဝေး ကျင်းပခဲ့ရာ ဦးဘချိုသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော အခြေခံ ဥပဒေ ရေးဆွဲရေး ကော်မတီတွင် ပါဝင်ခဲ့ရသည်။ မြန်မာမှုတို့ကို နားလည် ကျွမ်းကျင်သူဖြစ်သည်က တစ်ကြောင်း၊ ရာထူးအားဖြင့် ညီညွတ်သည်က တစ်ကြောင်းတို့ကြောင့် အလံ၊ သီချင်း၊ တံဆိပ် ကော်မတီတွင် သဘာပတိ အဖြစ်တာဝန်ပေးခြင်း ခံခဲ့ရသည်။ သို့သော် ဇူလိုင်လ ဆယ့်ကိုးရက်နေ့ နံနက်တွင် ဂဠုန်ဦးစော၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့သဖြင့် ထိုလုပ်ငန်းကို တစ်ပိုင်းတစ်စသာလျှင် လုပ်ဆောင်နိုင်ခဲ့လေသည်။

ဦးဘချို ကွယ်လွန်ခဲ့ပြီ။ မြန်မာနိုင်ငံ လွတ်လပ်ခဲ့ပြီ။ နိုင်ငံလွတ် လပ်ရေး၊ ဖက်စစ်ဆန့်ကျင်ရေးအတွက် သူသည် ဝံသာနုခေတ်မှ ဖဆပလ ခေတ်အထိ၊ တတ်နိုင်သရွေ့ ကြိုးပမ်းခဲ့လေသည်။

ထိုကြိုးပမ်းမှုနှင့် ယှဉ်၍လည်း စာပေဂီတစသည်ကို ကြိုးပမ်းခဲ့ပြန် သည်။ ထိုလုပ်ငန်းအစုစုတွင် အချို့ကို ခေတ်လူများက ဝေဖန်စရာ တွေ့ ကောင်းတွေ့လိမ့်မည်။ သို့သော် ယေဘုယျ သဘောဖြင့်ကား၊ ထိုလုပ်ငန်းတို့ သည် တိုင်းပြည်လွတ်လပ်ရေး၊ မြန်မာမှု အစစ်အမှန် ထွန်းကားရေး၊ ပြည်

www.burmeseclassic.com



ထောင်အချင်းချင်း ငြိမ်းချမ်းစွာ ဆက်ဆံနိုင်ရေးသို့ ရှေ့ရှုလေသည်ဟု ဆိုရ မည် ဖြစ်သည်။ ဤသို့ ရေးရှုနိုင်ခြင်းမှာလည်း သူ့သန္တာန်တွင် မြဲစွဲခဲ့သော ခံယူချက်ကြောင့်ဟု ဆိုရာသည်။ ထိုခံယူချက်သည်လည်း အခြားမဟုတ်။

*"...ဤစာကို ရေးသူကား စင်စစ်အားဖြင့် ဆိုရှယ်လစ်ဇင်း ခေါ် ဘုံဝါဒကို ယုံကြည်လိုလားသူတစ်ယောက်ဖြစ်၏။ မြန်မာပြည် ကျွန်ဘဝက လွတ်မြောက်လျှင် လွတ်မြောက်ခြင်း ဘုံဝါဒအရ၊ ခေတ်သစ် မြန်မာပြည်ကို တည်ထောင်လိုသူတစ်ယောက်ဖြစ်၏။ . . . လူမျိုးရေး တရားသည် ကျွန်ဘဝမှလွတ်အောင် တော်လှန်မှုကို ထောက်ပံ့သော အင်အား* ***(PROGRES-SIVE FORCE)*** *ဖြစ်နေခဲ့ပါလျှင် လူမျိုးရေးဝါဒကို လွတ်လပ်ရေးဆောင်ရွက်မှုတွင် အသုံးပြုကြရမည်ဖြစ်၏ . . ."*

*(ဤဆောင်းပါးအတွက် အကူအညီပေးကြသော ဒေါ်လှမေ၊ ဦးသိန်းဖေမြင့်၊ ဗန္ဓုလဦးဘိုးမင်း၊ ဆရာဇေယျ၊ သန်လျင်မြဦး၊ ဦးလေးမြိုင်၊ ဦးသော်ကောင်း၊ ဦးမောင်မောင်တို့ကို ကျေးဇူးတင်ပါသည်။)*

❖ ❖ ❖